
# မြနှောင်းညို

လှေခွက်ချည်းကျန် ဆန်ခဲ့ပါသည်



# မြှနှောင်းညို

## လှေခွက်ချည်းပဲ ဆန်ခဲ့ပါသည်

**ပုံနှိပ်မှတ်တမ်း**

**ပုံနှိပ်သူ**
ကိုကိုလေး(ယာယီ)၁၁၀၃၉
(ဖုန်းမြတ်ပုံနှိပ်တိုက်)
အမှတ်(၃၂/ဃ)၊ ဘိုးရာဇာလမ်း၊
(၁၄)ရပ်ကွက်၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**
ဒေါ်သင်းသင်းမွန်(သင်းစာပေ)(၀၄၂၃၂)
အမှတ်(၁၀)၊ ရတနာမြိုင်လမ်း၊
၁၂–ရပ်ကွက်၊ ကမာရွတ်မြို့နယ်

**မျက်နှာဖုံးဒီဇိုင်း**
လှထွဏ်းအောင်

**အတွင်းအပြင်အဆင်**
နွယ်နီမြင့်

**အကြိမ်**
၂၀၁၅ ခုနှစ်၊ မတ်လ
ပထမအကြိမ်

**အုပ်ရေ**
၅၀၀


**တန်ဖိုး**
၃၀၀၀ ကျပ်

**ဖြန့်ချိရေး**
ဘိုတောက်/ သိန်းဝင်း
၀၉–၂၅၄၁၁၁၈၃၉

**ဝတ်ရည်စာပေ**

# မြနှောင်းညို

## လှေခွက်ချည်းပဲ ဆန်ခဲ့ပါသည်



ဗိုလ်ကြီးတင်ဝင်းညို

# အပိုင်း(၁)

ဦးတင်ဝင်းညို၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ
ပြုစုသူ မြနှောင်းညို
သမိုင်းကြောင်းအချက်အလက်များရှာဖွေကူညီသူများ
ဒေါ်ခင်ဌေးမြို၊ ဒေါ်နီနီဝင်း၊ ဒေါ်ခင်အေးဝင်းညို၊
အငြိမ်းစား ဗိုလ်မှူးကြီးသီဟသူရစိုးသိမ်း၊
ဒေါ်တင်တင်ညို၊ ဦးမြတ်ထွန်း

အမှန်တရားသည် စွမ်းပကား Might is Right
သူသည်အမှန်တရားကိုဦးထိပ်ထား ယုံကြည်သည်။
အသိတရားနှင့်အုပ်ချုပ်သည်။
အဖိနှိပ်ပေးစနစ်ကိုမကျင့်သုံးပါ။

ဖေဖေ(ဦးတင်ဝင်းညို)၏ အနီးဆုံးမိသားစုဆင်းသက်မှု မှတ်တမ်း Family Tree အား ရှေးဦးစွာ တင်ပြလိုပါသည်။

တောင်ခွင်မင်းကြီး

ဦးကျော်သူ-ဒေါ်မလေး (ရဗိန်းမင်းသမီး)

ဒေါ်ရှု၊ဒေါ်ဘွားရင်၊ ဦးကြီးညို၊ ဒေါ်အေးဖြူ (ဦးမောင်) + ဒေါ်ထွေးဖြူ၊ ဦးသိုးတုတ်

ဒေါ်ညွန့် + ဒေါ်ရွှေမှုန်

(နန်းတွင်းသူ၏သမီး)

| | | |
|---|---|---|
| ဗိုလ်ဗိုးကွန်း(တစ်ဦးတည်းသောသား) | မောင်နှမ ၁၂ ယောက် | မောင်နှမ ၈ ယောက် |
| | (၁)ဦးမောင်မောင်ညို | |
| သားသမီး(၅)ယောက် | (၂)ဒေါ်ခင်ရ | ၁)ဦးတင် |
| | (၃)ဒေါ်ခင်မေ | ၂)ဦးညီပု |
| | (၄)သာစွန်းညို | ၃)သခင်သန်းထွန်း |
| | (၅)ဒေါ်ခင်မြင့် | ၄)ဦးညီလေး |
| | (၆)ဦးဗေမြင့် | ၅)ဦးကြည်မောင် |
| | (၇)မောင်မောင်ရီ | ၆)ဒေါ်သိန်း |
| ၁)ဦးခင်အေး | (၈)ဒေါ်ခင်သောင်းကြည်Gertie | ၇)ဒေါ်စိန်ညို |
| ၂)ဒေါ်ခင်မေအေး | (၉)ဒေါ်ခင်ခင်ကြီးGermane | ၈)ဒေါ်စိန်ချို |
| ၃)ဒေါ်ခင်မေသက် | (၁၀)ဒေါ်ခင်မမညို Lucy | |
| ၄) ရဲထွင် | (၁၁) ဦးတင်ဝင်းညို(အဖြူး)Allen | |
| ၅) ရဲဘော်လေး | (၁၂) ဦးခင်ကျော်ညို(အပါညို) | |

ဦးကြီးညိုသည် ကညွတ်ကွင်း ဇာတိဖြစ်သည်။ ရှမ်းပြည်တောင်ပိုင်း တောင်ကြီးမြို့တွင် မြို့မဝန်ထောက်ကြီးတာဝန်ကို ထမ်းရွက်ခဲ့သည်။ ကညွတ်ကွင်း သူ့ဒေါ်ညွန့်မှာ ရပ်ရွာကို ခွဲခွာကာ ရှမ်းပြည်သို့လိုက်ပြီး နေထိုင်အခြေချရန် မဖြစ်နိုင်သည့်အတွက် လမ်းခွဲခဲ့ကြသည်။ ဒေါ်ရွှေမှန်နှင့် လက်ထပ်ထိမ်းမြားကာ သားသမီး ၁၂ ယောက်ရရှိသည်။ ပထမဇနီးဒေါ်ညွန့်မှမွေးသော သူ့သား ဦး(ဗိုလ်)ဖိုးကွန်းသည် မွန္တလေးတက္ကသိုလ်တွင် ကျောင်းတက်ရင်း တောင်ကြီးသို့ ရံခါဖန်ခါ လာလည်လေ့ရှိပါသည်။ သူ့တူတော်စပ်သူ သခင်သန်းထွန်းကို သူက တောင်ကြီးတွင် ပညာသင်ကြားပေးပါသည်။

ဦးတင်ဝင်းညို၏ ဇနီးမှာ ဒေါ်ခင်ဌေးဖြူဖြစ်သည်။ တောင်ကြီးဇာတိ ဖြစ်သည်။ သူ့ဖခင်၏ အမည်သည် ဦးဖြူဖြစ်ပြီး ရာဇဝတ်အုပ်ဖြစ်သည်။ ဦးဖြူ၏ ပထမအိမ်ထောင်မှာ ဒေါ်နန်းပေါ၏အစ်မဖြစ်ပြီး သမီးဒေါ်တင်တင်ကို မွေးဖွားပြီးနောက် ကွယ်လွန်သွားခဲ့သည်။ မြေးဖြစ်သူကို စောင့်ရှောက်ချစ်ခင်စေလိုသော၊ ဖိတ်ချင်းဖိတ်ကိုယ့်အိတ်ထဲ ဖိတ်စေလိုသော ရှေးခေတ်လူကြီးမိဘများတို့၏ တွေးခေါ်မြော်မြင်မှုများဖြင့် သမီးအငယ် ဒေါ်နန်းပေါနှင့် လက်ဆက်စေခဲ့သည်။

ဦးဖြူနှင့် ဒေါ်နန်းပေါမှ သားသမီး ၁၀ ယောက်ထွန်းကားခဲ့သည်။ အကြီးဆုံးသားမှာ ဦးခင်မောင်ဖြူဖြစ်ပြီး စစ်ကြိုခေတ်က အရေးပိုင်ဖြစ်ခဲ့ပြီး စစ်ပြီးခေတ်တွင် တိုင်းမင်းကြီးဖြစ်ကာ ထိုမှအတွင်းဝန်ချုပ်ဖြစ်ခဲ့သည်။ မိသားစုဆင်းသက်မှု မှတ်တမ်းအရ သူတို့တွင် မောင်နှမ ၁၀ ယောက်ရှိပါသည်။ တစ်ယောက် အဖတ်မတင်ပါ။

ဦးဖြူ
( ဒေါ် ? ) ဒေါ်နန်းပေါ
သားသမီးများ
၁။ ဒေါ်တင်တင်
၂။ ဦးခင်မောင်ဖြူ
၃။ ဒေါ်ရင်ဖြူ

၄။ ဒေါ်သိန်းဖြူ

၅။ ဒေါ်ကြည်ကြည်

၆။ ဦးခင်မောင်လတ်

၇။ ဦးခင်မောင်လေး

၈။ ဒေါ်ခင်အေးဖြူ ( Aileen )

၉။ ဒေါ်ခင်ဌေးဖြူ ( Helen ခေါ် အထွေး)

၁၀။ ခင်မောင်လွင်(ကိုကို) တို့ဖြစ်ကြပါသည်။

ဦးဖြူ ဒေါ်နန်းပေါ်တို့၏သားအကြီးဆုံးဖြစ်သော (ကျွန်မတို့က ဦးကြီးပါပါဟု ခေါ်ကြပါသည်။ ကျွန်မတို့သည် ဘကြီးဟူသော အခေါ်အဝေါ်နှင့် မရင်းနှီးကြပါ။ ထို့ကြောင့် ဦးကြီး၏ သားသမီးတွေခေါ်သလို ဦးကြီးပါပါဟု လိုက်ခေါ်ကြပါသည်) ဦးခင်မောင်ဖြူနှင့် နှမ‌ဝှာဖြစ်သော ဒေါ်ခင်ဌေးဖြူ (ငယ်နာမည်အထွေး) ကျွန်မ၏ မိခင်တို့မှာ အသက်နှစ်ဆယ်လောက် ကွာဟပါသည်။ ဦးခင်မောင်ဖြူကို နိုင်ငံခြားတွင် ပညာတော်သင်ခွင့်ရစေရန် ဦးဖြူက ပင်စင်ထက်ဝက်ရောင်းရသည်ဟု လူကြီးတွေပြောသံကြားဖူးပါသည်။ ဦးဖြူ၏ကြီးမားသော အိမ်ထောင်ကြီး၏တာဝန်ကို ဦးခင်မောင်ဖြူက ဦးဖြူတစ်သက် ထမ်းရွက်ပေးသည်ဟုလည်း မိဘနှင့်သားသမီး မေတ္တာစဉ်ဆက်ကို ကျေနပ်လောက်ဖွယ် ကြားသိရပါသည်။ ဒေါ်ရင်ဖြူ ဒေါ်သိန်းဖြူ တို့မှာ ကျောင်းဆရာမကြီးများဖြစ်ကြပြီး ဒေါ်ခင်အေးဖြူ ကျွန်မ၏မိခင် ဒေါ်ခင်ဌေးဖြူ တို့သည်လည်း ဘဝ၏တစ်စိတ်တစ်ပိုင်း အတွင်းမှာတော့ ကျောင်းစာသင်ကြားပေးခဲ့ကြဖူးသည်ဟု မှတ်သားရပါသည်။

ဦးခင်မောင်ဖြူသည် အရေးပိုင်မင်းဖြစ်ခဲ့ရုံမက ခေတ်အလိုက်ရာထူးရ တာဝန်ထမ်းကာ အင်္ဂလိပ်အစိုးရလက်ထက်မှာရော၊ ဂျပန်အစိုးရလက်ထက်မှာပါ ပါဝင်ပတ်သက်လှုပ်ရှားခဲ့ပါသည်။

ကြားဖြတ်အစိုးရလက်ထက်တွင် သူသည်ပြည်ထဲရေးဝန်ကြီး ဖြစ်ခဲ့ပါ သည်။ ပင်စင်ယူပြီးနောက် သူကရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းနေစဉ် ကျွန်မ၏ ခင်ပွန်းသည် ပဲခူးဘုရားကြီးတွင် တိုက်နယ်ဆရာဝန်အဖြစ် တာဝန်ထမ်းနေခဲ့ပါသည်။

၁၉၇၂ ခုနှစ်တုန်းက ကျွန်မသည် ဆရာဝန်ဘွဲ့ ရရှိပါသည်။ အစိုးရဆရာဝန်အဖြစ် အလုပ်လျှောက်ထားခဲ့ရာ ဦးကြီးပါပါသည် ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းနေဆဲဖြစ်ပါသည်။ ဦးကြီးပါပါ၏ညီဖြစ်သော ဦးခင်မောင်လတ် (သူ၏ ဝဖိုင့်သော ခန္ဓာကိုယ်ကို ရည်ညွှန်းပြီး ကျွန်မတို့က ဦးကြီးဝဟု ခေါ်ပါသည်။) သည်ဦးခင်မောင်ဖြူ၏ဇနီး ဒေါ်ခင်ခင်တင် (ကြီးကြီးခင်)၏ညီမ၊ ဦးခင်မောင်ဖြူ၏ ခယ်မ ဒေါ်အေးအေးနှင့် (မောင်လယ်နှမလယ်) အိမ်ထောင်ကျကြပါသည်။ သူတို့ မောင်နှမတွေအနက် အငယ်ဆုံး၊ ဒေါ်ခင်ဌေးဖြူ၏မောင် ကျွန်မ၏ဦးလေး ခင်မောင်လွင် (ကိုကို)မှာ ဆယ်တန်းရောက်ပြီးခါမှ တီဘီရောဂါနှင့် ဆုံးပါးသွားခဲ့သည်ဟု သိရပါသည်။

ကျွန်မတို့ ခေတ်အမြင်အရ စားနိုင်သောက်နိုင်သော မိသားစုမှပေါက်ဖွားလာခဲ့ပါလျက်၊ ခေတ်ပညာအထိုက်အလျောက် တတ်မြောက်ထားသူလည်း ဖြစ်ပါလျက် ယခုခေတ်မှာ ကုသပျောက်ကင်းနိုင်သော တီဘီကူးစက်ဝေဒနာကြောင့် အသက်ဆုံးရှုံးသွားရသည်မှာ နမြောဖွယ်ပင်။ ထိုခေတ်တုန်းက စထရက်တိုမိုင်စင် Streptomycin ထိုးဆေးပေါ်ခါစ ကာလဖြစ်သည့်အတွက် ဆေး မည်မျှသုံးစွဲရမည်ဆိုသည်ကို လေ့လာစမ်းသပ်ဆဲသာရှိသေးပြီး တီဘီကုသ ပျောက်ကင်းသူတွေများသလို ဆေးသုံးစွဲသော အတိုင်းအဆ မမှန်ကန်မှုကြောင့် အသက်ဆုံးရှုံးရမှုတွေ ရှိဖူးသည်ကို ကျွန်မတို့ မေ့လျော့မသွားသင့်ပါ။

**ဦးတင်ဝင်းညိုမွေးဖွားလာခြင်းနှင့် ငယ်ဘဝမှတ်တမ်း**

ဦးတင်ဝင်းညိုသည် မြန်မာသက္ကရာဇ် ၁၂၇၉ ခုနှစ် နယုန်လဆန်း ၁ ရက်နေ့ အရှေ့တက်၌ တောင်ကြီးမြို့ မင်းကြီးလမ်း၊ ရေအေးကွင်း ရပ်ကွက်နေအိမ်တွင် မွေးဖွားခဲ့ပါသည်။ အချင်းစလွယ်သိုင်း မျက်နှာဖုံးစွပ်နှင့် မွေးဖွားသည်ဟု ဆိုပါသည်။ သူ့ငယ်နာမည်သည် အပြူးဖြစ်ရာ သူ၏ပြူးကျယ်သော မျက်လုံးများကြောင့် ထိုအမည်တွင်သည်ဟု ယူဆရပါသည်။

ဗိုလ်ဖိုးကွန်းအပါအဝင် မောင်နှမ ၁၃ ယောက်အနက် သူသည် နို့ညှာဖြစ်ပြီး သူ့အောက်ညီငယ်နှင့် အသက်တစ်နှစ်သာ ကွာပါသည်။ ကျွန်မစဉ်းစား

နိုင်သည်မှာ သူသည် နို့ညှာတို့ သဘာဝ နို့ဝေတ်ပါမည်။ လူလည်း သေးညှက်လိမ့်မည်ဟု ယူဆရပါသည်။ တင်ဝင်းညိုဆိုသည်မှာ သူ့နာမည်က တင်ဝင်းဖြစ်ပြီး ညိုက မိသားစုအမည်ဖြစ်ရာ ကျွန်မရေးသားသောသူ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိတွင် သူ့ကို တစ်ခါတစ်ရံ တင်ဝင်းဟု ရည်ညွှန်းပြီး တစ်ခါတစ်ရံလည်း ကျွန်မ၏ မွေးဖခင်အဖြစ် ဖေဖေဟု ရည်ညွှန်းထားပါသည်။

သူ့ကို ထိန်းကျောင်းသော ပြာတာဦးလေးသိမ်းကို တင်ဝင်းက အားထား ခင်တွယ်ပါသည်။ သူ့အသက် ၂ နှစ် ၃ နှစ်သားတုန်းက လက်ချောင်းတစ်ဖက်ကို ကွမ်းညှပ်ဖြင့် ညှပ်မိသောကြောင့် မေ့ဆေးပေးပြီး ခွဲစိတ်ကုသခြင်း ခံရပါသည်။ သူသတိလည်လာသောအခါ အနီးတွင် မိခင်ဒေါ်ရွှေမှန် ရှိပါလျက်သားနှင့် ဦးလေး သိမ်းဟု ယောင်ယမ်းတမ်းတသည်ဟု ဆိုပါသည်။ မိခင်က ရက်သလား စိတ်ဆိုး သလားမသိဘဲ ပြန်သွားခဲ့သည်ဟု ကြားဖူးရပါသည်။

ဖေဖေ့ဇာတာနာမည်မှာ မောင်မြင့်သိမ်းဖြစ်ပါသည်။ ကျွန်မတို့၏အဖွား ဒေါ်ရွှေမှန်၏စိုင်းပန်းလှ အမည်ရှိ ဆရာက ဇာတာဖွဲ့ပေးပါသည်။

ဖေဖေ့ညီ၏အမည်က ခင်ကျော်ညိုဖြစ်ပြီး ငယ်နာမည်မှာ အပါညိုဖြစ်ပါ သည်။ ဖေဖေသည် သူ့ညီကလေးကို အတော်ချစ်ပါသည်။ ထို့အတူ သူနှင့် ထက် အောက်အစ်မ ဒေါ်လှစီနှင့်လည်း အတော်ချစ်ခင်ရင်းနှီးကြပြီး မိုလ်ဖိုးကွန်။ သခင် သန်းထွန်းတို့၏ သဘောတရားရေးရာတွေကို လေ့လာဆွေးနွေးလေ့ရှိကြသည်ဟု ဆိုပါသည်။ ဖေဖေတို့သည် မောင်နှမများသည့်အားလျော်စွာ ထမင်းစားလျှင် ဟင်းကို ဝေပုံကျရရှိပါသည်။ အသားဟင်းဆိုလျှင် တစ်ယောက်တစ်တုံး။

ဦးလေးပါ(အပါညို)သည် အငယ်ဆုံးဖြစ်သည့်အတွက် အလိုလိုက်ခံရ ပါသည်။ သူ့ထမင်းပန်းကန် နှုတ်ခမ်းပတ်ပတ်လည်တွင် အသားတုံးတွေစီပြီး တင် ထားပေးပါသည်။ သူသည် ဖေဖေ့အား ဟင်းတုံးများကို လက်သိပ်ထိုးပေးလေ့ ရှိပါသည်။ (ကျွန်မ ဆေးတက္ကသိုလ်(၂)တက်နေစဉ်က ဦးလေးပါသည် အင်းတကော် ခြေမြန်တပ်ရင်း (၁၀၁) မှ ကားနှင့်လာကာ ဆေးကျောင်းရှေ့မှ ဖြတ်သွားခဲ့ရာ ကျွန်မကိုမြင်သောအခါ ကားပြန်ဆုတ်စေပြီး ဘာလိုသေးသလဲ တယ်ဒီ Teddy

ဟု မေးပါသည်။ ထိုစဉ်က ကျွန်မသည် ကျောင်းမပြီးမီ စောစောစီးစီး အိမ်ထောင်ကျပြီး ဗိုလ်ချုပ်တင့်ဆွေတို့အိမ်တွင် ခေတ္တမှီခိုနေထိုင်နေခဲ့ပါ၏။ ကျွန်မက ပူဆာသည်မှာ မက်စ်ဖက်တာ Maxfactor ဘူးကလေးဖြစ်ပါသည်။

အဲဒီခေတ်က ရှားပါးကုန်ပစ္စည်းဖြစ်သလို ဈေးကြီးပေးဖို့ ရှာဝယ်ဖို့ ကျောင်းသူ ကျွန်မမှာ ငွေပိုလည်း မရှိ အချိန်ပိုလည်း မရှိခဲ့ပါ။ ဦးလေးနှင့်တွေ့တုန်း ပူဆာလိုက်သော်လည်း သူသတိရမှာ မဟုတ်ပါဘူးဟု ထင်မှတ်ခဲ့ပါသည်။ သူ သတိရပါသည်။ နောက်တစ်နှစ်လောက် ကြာသွားမလား မသိသည့်တစ်နေ့တွင် ကျွန်မပူဆာဖူးသည့် ပေါင်ဒါဘူးကလေးကို ဦးလေးပါက လူကြုံနှင့်ထည့်ပေးလိုက်ပါသည်။ သူ့အစ်ကိုကို ချစ်သည့်အတွက် သူ့အစ်ကို၏သမီးကို ဂရုစိုက်ကြောင်း ပြောပြချင်တာပါ။ ( ဦးလေးပါ သည် ဖေဖေဆုံးပြီး ၂၀၀၆ ခုနှစ် ပြည်ထောင်စုနေ့မှာ ဆုံးပါးသွားခဲ့ပါသည်။)

သူတို့ ညီအစ်ကိုသည် စစ်ယူနီဖေါင်းကိုယ်စီနှင့် ယှဉ်တွဲလျှောက်လာသည် ကိုမြင်သောအခါ စစ်သားတွေက နှစ်သက်အားကျကြပါသည်။ အဲဒီခေတ်က နာမည်ကြီးခဲ့သော မင်းသားမြင့်အောင်၊ တင်ထွန်းတို့ ပါဝင်သရုပ်ဆောင်သည့် ညောင် ရမ်းညီနောင်ဇာတ်ကား၊ ကော်စီကန်ညီနောင် Corcican Brothers ဇာတ်ကား တို့နှင့် နှိုင်းယှဉ်ခံစားကြပါသည်။ ခုတော့ သူတို့နှစ်ယောက်စလုံး မရှိကြတော့ပါ။ အားလုံးသည် အစိုးမရနိုင်ဘဲ အနိစ္စ၊ အနတ္တ တရားတော်အရ မမြဲနိုင်ကြပါ။

ဖေဖေရှိစဉ်က သူနိုင်သလောက်ဝန်ကို ထမ်းသွားခဲ့သည်ဟု ကျွန်မ ရှုမြင် ပါသည်။ အများပြည်သူတို့ ဆင်းရဲချို့တဲ့ကြသည်ကို မရှုစိမ့်နိုင်ဘဲ အုပ်ချုပ်သူ လူတန်းစားတွေက ဗိမ်ခံကားနှစ်စီးသုံးစီးနှင့် ဇိမ်ကျနေမည့်အစား အများပြည်သူ အတွက် ဘတ်စ်ကားတွေ မှာယူတင်သွင်းဖို့ တင်ပြဖူးပါသည်။ ဂုဏ်ယူပါသည်။

ဖေဖေနှင့် နီးနီးကပ်ကပ်နေရဖူးသော၊ ဆရာသမားများ၊ တပည့်လက်သား များ၏ မှတ်ချက်များအရ သူသည် ပျော်ပျော်ရွှင်ရွှင်နေတတ်ပြီး အရွှတ်အနောက် သန်သည်ဟု သိထားရပါသည်။ သူ့ငယ်ဘဝတုန်းကလည်း သူတစ်ပါး ကသိ ကအောင့်ဖြစ်အောင် အတော်လုပ်တတ်ဟန်တူပါသည်။

ဖေဖေသည် စိန့်အင်းSt.Ann ကက်သလစ်ကျောင်းတွင် စတင်ပညာသင်ကြားရပါသည်။ သူ့ကျောင်းနာမည်မှာAllenNyo အယ်လင်ညိုဖြစ်ပါသည်။ ကျွန်မကြားဖူးသည့် ဖေဖေ့သူငယ်တန်းကျောင်းသားဘဝတုန်းက မေမေ၊ အခြားဘကြီး၊ ကြီးတော်တွေ၏ ပြောပြလေ့ရှိကြသည်အရ ဖေဖေသည်ချစ်စရာကောင်းသော ကလေးသူငယ်ဖြစ်သောကြောင့် အင်္ဂလိပ်မယ်သီလရှင်ကြီးတွေက ချစ်ကြပါသည်။ ဖေဖေ့ကိုတွေ့တိုင်း ရာထူးအကြီးဆုံး မယ်သီလရှင်ကြီး မာသာခရစ် စတင်း Mother Cristine ကသူ၏ ဂါဝန်ရှည်ကြီး၏အိတ်ထဲမှ လော်လီပေါ့ lollipop သကြားလုံးများကို ထုတ်ကျွေးလေ့ရှိပါသည်။ တစ်ခါတော့ အတန်းစစ်ဆေးနေသော မယ်သီလရှင်ကြီးက အလန့်တကြား အော်ဟစ်လိုက်ရာ၊ နံဘေးမှ ကျောင်းဆရာမများကလည်း ဘာဖြစ်သလဲ စူးစမ်းစစ်ဆေးကြနှင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြရပါသည်။ အဲဒီအခါမှာမှ AllenNyo ခေါ် တင်ဝင်းသည် မယ်သီလရှင်ကြီး၏ ဂါဝန်ရှည်ကို မ,ပြီး အောက်ထဲမှ ပြုံးပြုံးကလေးတိုးထွက်လာပါတော့သည်၊ အယ်လင် (ခေါ်) တင်ဝင်းက အပြုံးမပျက် ရှင်းပြသည်မှာ မာသာကြီးက လော်လီပေါ့ သကြားလုံးတွေ ထည့်ထားသောအိတ်ကို တွေ့ချင်သောကြောင့် ဖြစ်ပါသည်တဲ့။ ကျွန်မယူဆသည်မှာ သူကတစ်အိတ်လုံးလိုချင်တာလည်း ဖြစ်နိုင်ပါသည်။ မယ်သီလရှင်ကြီးမှာ ကျောင်းသူကျောင်းသားတွေကို နောက်နောင် ဂါဝန်အိတ်ထဲမှ လော်လီပေါ့ သကြားလုံးများ ထုတ်ကျွေးဖို့ ဝန်လေးသွားပါလိမ့်မည် ထင်ပါသည်။

သူ ရှစ်တန်းတုန်းက စာမေးပွဲတစ်ခု၌ သမိုင်းဘာသာရပ်ဖြေဆိုရာတွင် အလောင်းဘုရားမင်းကြီး၏ ယိုးဒယားသို့ စစ်ချီလမ်းကြောင်းကို ဖြေဆိုပါဆိုသော မေးခွန်းကို စာမကျက်ထားသောကြောင့် တစ်လုံးမှ မဖြေနိုင်ခဲ့ပါ။ သို့ရာတွင်သူသည် စာစစ်သူအား ဟာဒယရှင်ဆေး တိုက်ကျွေးလိုဟန်တူပါရဲ့ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ဆင်တပ်မြင်းတပ်တွေနှင့်တကွ ခြေလျင်စစ်သည်တွေ တန်းစီရုန်းဆင်းလာနေသည်ကို ပုံဆွဲပြီးအဖြေလွှာပေးအပ်ခဲ့ပါသတဲ့။

၁၉၄၁ ခုနှစ်ကုန်ဆုံးလုဆဲအချိန် ကိုးတန်းတွင် တင်ဝင်း ပညာသင်ကြားနိုက် ဒုတိယကမ္ဘာစစ်မီးကြီးသည် တဟုန်းဟုန်း တောက်လောင်လာတော့လျက်

ကျောင်းတွေအားလုံး အကာန့်အသတ်မရှိ ပိတ်ထားလိုက်ပါတော့သည်။ ဂျပန် ဝင်တော့မည်။ အင်္ဂလိပ်စစ်ရှုံးတော့မည်ဆိုသော အချိန်တွင် "ဖြူ" မိသားစုတွေက မိုင်းသောက်ဘက်သို့ စစ်ပြေးကြပြီး ဒေါ်ရွှေမှန်တို့ "ညို" မိသားစုတွေက အင်းလေးဘက်သို့ စစ်ပြေးကြပါသည်။ တင်ဝင်းတို့အစ်မ လှစီညိုတို့၊ သူငယ်ချင်းများဖြစ်ကြသော တင်စိုး၊ မေသောင်းဖေ စသူတို့သည် အချိန်တွေအလဟဿ ကုန်ဆုံးမသွားအောင် ဂျပန်စာသင်ကျောင်းတက်ကာ စာသင်ကြပါသည်။

သူသည် စာအတတ် မြန်သည်၊ စာတော်သည်၊ သွက်လက်သည်။ ဤတွင် ဂျပန်ဆရာတွေက သူ့ကို သဘောကျကာ စကားပြန်လုပ်ခိုင်းပါသည်။သူကပြင်းဆန်သောအခါတွင် ဆရာတွေ အမျက်ရှပါသည်။ သူ့အား စားပင် သောက်ပင်တွေကို ရေလောင်းပေါင်းသင်ခိုင်းပါသည်။ အပင်တွေကို စိုက်ပျိုးရသူတွေမှာ ဂျပန်တွေ ဖမ်းဆီးထားသော တရုတ်သုံ့ပန်းများဖြစ်သည်ဟု ဆိုပါသည်။

အပင်လောင်းရသည့် အရည်မှာ မစင်ရည်တွေ ဖြစ်ပါသည်။ ပေါင်းသင်သောအခါ လက်အိတ်မပါ၊ ဗလာလက်ချည်းသက်သက်ဖြစ်လေရာ သူသည် ရက်ရှည် ဆက်လက်ခံစားနိုင်စွမ်း မရှိတော့ဘဲ စကားပြန်လုပ်ပါတော့မည်ဟု အလျှော့ပေးလိုက်ရပါတော့သည်။ သူသည် အိမ်ကမသိလိုက်ဘဲ ဂျပန်ခေတ်မူလတန်းစစ်ကျောင်းမတက်ခင် ရိုးရိုးတပ်သား (ယောနင်း)အဖြစ် တပ်ထဲ ခိုးဝင်သွားပါသည်။ ထိုစဉ်က သူသည် အသက်ဆယ့်လေးနှစ်သာ ရှိပါသေးသည်။

သူ့ကိုရှာဖွေစုံစမ်းမေးမြန်းရင်း ဂျပန်တပ်ထဲသို့ သူ့အစ်ကိုဖေမြင့်လိုက်သွားရာ သူ့ကို ထမင်းပုံးကြီးနှစ်ပုံးကို မနိုင်မနင်းဆွဲပြီး ထွက်လာသည်ကို တွေ့ရပါသည်။ လူပလံကလေး သေးသေးညှက်ညှက်နှင့် မနိုင်ဝန်ကို ထမ်းနေရသည်ကို မြင်ရသော အစ်ကိုသည် စိတ်မကောင်းခြင်းကြီးစွာဖြစ်ပြီး သူ့ညီကို ပြန်ခေါ်ပါသည်။ ဖေဖေက မလိုက်ပါ။ နောက်တော့ ဗိုလ်သင်တန်းတက်နိုင်တာပဲဟု ချော့ခေါ် ပြန်တော့ ဗိုလ်ဖြစ်ချင်လို့ တပ်ထဲဝင်တာ မဟုတ်ဘူးဟု သူကပြန်ပြောသည်ဟု ဆိုပါသည်။

ဘကြီးဖေမြင့်လည်း ဘကြီးဗိုးကွန်းအား အကူအညီတောင်းကာ ကျွန်မတို့၏အဖေကို အတင်းအဓမ္မ အိမ်ပြန်ခေါ်သွားပြီး အိမ်အပေါ်ထပ် အခန်းထဲတွင်

သော့ခတ်ထားလိုက်ပါသည်။ သူစားဖို့ ထမင်းပို့ပေးပါသည်။ သူက ထမင်းပန်းကန်များကို ပြူတင်းပေါက်မှ ပစ်ချပါသည်။ သို့နှင့်ဘကြီး ဖေမြင့်လည်း ဒေါသဖြစ်ဖြစ်နှင့် သူ့ကို မူလတန်းစစ်ကျောင်းသို့ ပြန်ပို့လိုက်တော့သည်ဟု ဘကြီးဖေမြင့်က ပြန်ပြောသောကြောင့် ကျွန်မတို့ သိရှိရပါသည်။ (ဘကြီးဖေမြင့်လည်း ၂၀၁၀ ပြည့်နှစ်က ကွယ်လွန်သွားပါပြီ)။

ထိုခေတ်က ဂျပန်တွေသည် အိမ်ကြီးအိမ်ကောင်းတွေမှာ ရုံးဖွင့်ကြ နေထိုင်ကြနှင့် အနိုင်အထက် ပြုသမျှ တိုင်းသူပြည်သားတွေ ခံစားကြရပါသည်။ ဂျပန်တို့သည် တင်ဝင်းတို့ အိမ်ရှေ့ခန်းတွင် ရုံးခန်းဖွင့်ထားပြီး အောက်ထပ်ရှိ မြေတိုက်ထဲတွင် တင်ဝင်းနေရပါသည်။ သူတို့ အလိုမရှိလျှင် အပြင်မထွက်ရပါ။

တင်ဝင်းအတွက် အကျိုးများစေသည်က ဦးကြီးညို အနှစ်နှစ်အလလ စုဆောင်းထားသော အင်္ဂလိပ်-မြန်မာ စာအုပ်များပင်ဖြစ်ပါသည်။ သူ့အား မြေတိုက်တွင် အကျယ်ချုပ်ထားသည့်အတွက် ဖခင်ဖြစ်သူ၏ စာအုပ်များကိုသူ အများအပြား ဖတ်ရှုခွင့်ရပြီး ဗဟုသုတအထွေထွေ စုံလင်နှံ့စပ်ခွင့် ရရှိခဲ့ရပါသည်။ ဂျပန်တွေက မသင်္ကာသဖြင့် မျက်ခြည်မပြတ် စောင့်ကြပ်ထားသည့်ကြားမှပင် တင်ဝင်းသည် တော်လှန်ရေးတပ်သားများနှင့် အဆက်အသွယ် ရရှိထားပါသည်။

သူတို့သည် မတ်လလယ်လောက်ကတည်းက ကိုယ်ရောင်ဖျောက်လိုက်ပါပြီ။ အခြေအနေပေးသော တစ်ချိန်တွင် တော်လှန်ရေးရဲဘော်များနှင့်အတူ သူတောခို သွားခဲ့ပါတော့သည်။ (ကျန်လူတွေ၏အမည်ကို ကျွန်မ မသိပါ။ အကယ်၍ သိသူက ပြောပြမည်ဆိုပါလျှင် ဤကိုယ်ရေးရာဇဝင်တွင် ဖြည့်စွက်မှတ်တမ်း တင်ခွင့်ပြုစေချင်ပါသည်။)

တော်လှန်ရေးနေ့ဟု တကယ်တမ်း အသိအမှတ်ပြုသော မတ်လ ၂၇ ရက်နေ့တွင် သူတို့သည် ပဲခူးတိုင်းတောင်ပိုင်း ဥက္ကံပဲနွယ်ကုန်းတစ်ဝိုက် နေရာအနှံ့အပြားမှာ လှုပ်ရှားနေခဲ့ပြီးဖြစ်ပါသည်။ တော်လှန်ရေးအတွင်း ဖေဖေ၏ လျှို့ဝှက်အမည်မှာ နေမြင့် ဖြစ်ပါသည်။ သူသည် ခင်မောင်တူး၊ ရွှေမြ (သူတို့ထဲတွင် အငယ်ဆုံး)၊ နောင်တစ်ချိန်တွင် ဘဏ်အရာရှိကြီးတစ်ဦးဖြစ်လာပြီး မကြာသေးခင်

အချိန်ကမှ ခုံးပါးသွားခဲ့ပါသည်။) စသော နောင်အခါ သတင်းစာဆရာ၊ စာရေးဆရာ ဖြစ်လာသည့် သာဂဒိုးအပါအဝင် တော်လှန်ရေးအင်အားစုများနှင့် ဆုံတွေ့ခဲ့ပါသည်။ ပဲခူးရိုးမ တစ်ပိုက်မှာ ဝှက်ဖျားကူးစက်အဖြစ်များကြ အသေအပျောက် များကြပါသည်။ နေမြင့်(တင်ဝင်း)သည် ဝှက်ဖျားမိကာ ကယောင်ကတမ်းဖြစ် နေခဲ့ပါသည်။ ဥက္ကံမှ ဦးမောင်တာ ဒေါ်စိန်တို့က နေမြင့်သည် သူတို့၏သားဖြစ်သည်ဟု လိမ်ညာပြောကြပါသည်။ သို့တစ်စေ သူတို့က အသားညိုပြီး နေမြင့်က အသားဖြူသောကြောင့် မယုံကြည်ကြမှာ စိုးရိမ်ကာ ကောက်ရိုးပုံအောက်မှာ ကျင်းတူးပြီး ဝှက်ထားကြပါသည်။ ဆေးတပ်သားဟု ဆိုရမည့် တော်လှန်ရေး ရဲဘော်တစ်ဦးက နေမြင့် အဖျားကျစေရန် ဟူ၍ လက်မောင်းတွင် ဆေးထိုးပေးရာ နေမြင့်မှာ အနာရင်းပြီး သတိမရတစ်ချက် ရတစ်ချက် ဖြစ်နေပါတော့၏။

ဖက်ဆစ်တော်လှန်ရေးတပ်သားများသည် တစ်နေရာတည်းတွင် ရှေရှည် နေထိုင်ခြင်းဖြင့် ရန်သူတွေက သတင်းရပြီး ခြေရာခံမိမည်ဖြစ်လေရာ စစ်သားပီပီ ယတိပြတ်ဆုံးဖြတ်ပြီး တပ်စုနေရာ ရွှေ့ပြောင်းရပါတော့မည်။

တင်ဝင်း အသက်ပျောက်သည်အထိ စောင့်နေဖို့ မဖြစ်သလို ထားခဲ့ရမှာ လည်း မလုပ်ရက်နိုင်ဘဲ ချီတုံချတုံ ဖြစ်နေခဲ့ကြပါသည်။ သို့နှင့်ရဲဘော်တစ်ဦးကို နေမြင့်နှင့်အတူ ထားခဲ့မည်ဆုံးဖြတ်ကြပါသည်။ ရွှေမြက နေမြင့်နှင့်အတူ နေရစ်ခဲ့ပါ သည်။ ကျေးရွာသားများသည် တင်ဝင်းကို အသက်ရှင်လျှင် လမ်းမဆီသို့ လိုက်ပို့ ပေးမည်ဖြစ်ပြီး သေလျှင်လည်း မြှုပ်နှံသင်္ဂြိုလ်ပေးပါမည်ဟု ကတိကဝတ်ပြုကြ ပါသည်။

သေလျှင်မြှုပ်ပြီး၊ ရှင်လျှင် စောင့်ခေါ်ခဲ့ပါ မှာကြားခဲ့ကာ၊ ခရီးဆက်လက် ထွက်ခွာသွားကြပါ၏။ သေကံမရောက် သက်မပျောက်ဟု ဆိုရမလား မသိ၊ အံ့ဩ စရာကောင်းပုံမှာ ဦးမောင်တာတို့ထံသို့ ဝတ်ဖြူစင်ကြယ်နှင့် ဆေးဆရာကြီးတစ်ဦး ရောက်ရှိလာပါသည်။ ဒီလူငယ်သည် မသေထိုက်သေး၊ လုပ်စရာအလုပ်တွေ အများ ကြီးရှိသေးသည်ဟု မှတ်ချက်ချကာ သူတော်စင်ကြီးက ဆေးလုံးကလေး နှစ်လုံးပေး ပါသည်။ တစ်လုံးကိုသောက်ပြီး ကျန်တစ်လုံးကို အနာထဲထည့်ရမည်ဟု ပြောပါ

သည်။ ပထမခုံးနှင့် နောက်ခုံးခေးဖြစ်ပြီး ခေးတိုးလျှင် မနက်ဖြန်ထူထောင်လာမည်။ ခေးမတိုးလျှင်တော့ လူငယ်၏ ကုသိုလ်ကံကြမ္မာသာ ဖြစ်သည်ဟု ပြောသွားပါသည်။ နေမြင့်သည် အဖျားကျလာကာ၊ တစ်နေ့တခြား အနာလည်းကျက် လူလည်း ထူထူထောင်ထောင်ဖြစ်လာပါတော့သည်။

တစ်နေ့မှာ သူတို့တစ်တွေသည် စုစုဝေးဝေး ပျော်ပျော်ပါးပါး မုန့်ဖိုင်းတောင့်လုပ်စားနေကြပါသည်။ ထိုစဉ်သူတို့၏ ကင်းစောင့်ကလေး ပြေးလာပြီး ဂျပန်တွေဝင်လာသည်ဟု သတင်းပို့သဖြင့် ထုံးစံအတိုင်း နေမြင့်ကို ကောက်ရိုးပုံအောက်သို့ ပို့ထားခဲ့ပြီး အားလုံးထွက်ပြေး ပုန်းရှောင်နေကြရပါသည်။ အမှန်ကို နောက်မှသိလာရသည်မှာ ဝင်လာသူတွေသည်လည်း ဖက်ဆစ်ဂျပန်ကို နေမြင့်တို့ နည်းတူ တော်လှန်နေသော တပ်သားတွေဖြစ်ကြပါသည်။ ဒီတော့မှ နေမြင့်ကို လိုက်ရှာကြရပါသည်။ သို့စေကာမူ အနီးအနား ဘယ်မှာမှ မတွေ့တော့ပါ။ တိုင်းရေးပြည်ရေးတည်ငြိမ်သွားသောအခါ နေမြင့်ရှာပုံတော်ထွက်ကြပါသည်။ ရှမ်းပြည်အထိတောင် ရောက်ကြပါသည်။

အမည်ရင်းမသိ နေရပ်လိပ်စာ မသိသောကြောင့် ရှာမတွေ့ကြပါ။ စစ်ပြီးသည်အထိ ပျောက်ဆုံးနေသော အသားဖြူညည့်သားကို တမ်းတပြီး မုန့်ဖိုင်း တောင့်ကို ဘယ်သောအခါမှ လုပ်မစားကြတော့ပါ။ (သူတို့ဆီသို့ နေမြင့်ပြန်လာသောအချိန် (၁၉၆၅-၆၆)တွင် နေမြင့်သည် ဗိုလ်မှူး တင်ဝင်းညို(ခေါ်) ခလရ(၃၆) တပ်ရင်းမှူးအဖြစ် တွေ့မြင်ရပါသည်။ သူတို့ သက်ရှိထင်ရှားရှိနေသေးသရွေ့ အပြန်အလှန်သွားလည်ကြ၊ တိုင်ပင်ကြနှင့် မိတ်ဆွေရင်းချာများပီသစွာ သံယောဇဉ်တွယ်ငြိ သစ္စာရှိကြပါသည်။)

တောင်ကြီးမှ ထွက်ခွာသွားခဲ့သူ အများစုသည် တောင်ကြီးသို့ ပြန်ရောက်လာနိုင်ကြပါသည်။ သူတို့၏ အတွေ့အကြုံတွေကို ပြောပြဖလှယ်ကြရင်း စစ်ဒဏ်သားကောင်များအနေနှင့် ရင့်ကျက်လာခဲ့ကြပါတော့သည်။ တင်ဝင်းတို့၏ အစ်ကိုကြီး ဦးသာဒွန်းညို၏ နေအိမ်တွင် ပြည်သူ့ရဲဘော် ရုံးခန်းဖွင့်လိုက်ကြပါသည်။ အစ်ကိုကြီး (ဗိုလ်)ဖိုးကွန်းသည် ပြည်သူ့ရဲဘော် (အလံဖြူ) ဥက္ကဋ္ဌဖြစ်လာပါသည်။

ပြည်သူ့ရဲဘော်အဖွဲ့ဝင်ဘဝတုန်းက ဆင်နွှဲကြသောကပွဲတွင် တင်ဝင်းက မိန်းမလိုဝတ်ကာ ခြုံပုဝါကို ခေါင်းစည်းလျက် လည်ပင်းတွင် ချည်ထားပြီး အမျိုးသား တစ်ယောက်နှင့် တွဲကကြပါသည်။

"မယ်ဥမ္မာလုပ်ပို့မကိုင်ရယ်... ငါ့ကိုကြိုက်မလား ... ငါ့ကိုကြိုက်မလား မတော်ပေါင်နော် လင်ရှိမယားပါရှင့် ကျွန်မလင်ဟာလေ မုတ်ဆိတ်မွေးတွေနဲ့ ပန်ချာ ပီ... ပန်ချာပီ... "

ပရိသတ်တွေ တဟားဟားပွဲကျကြရုံမက တင်ဝင်းက သူ့အစ်မတွေထက် လှတယ်ဟော့ဟု ထိပ်ါးစောင်းချိတ်ကြသေးကြောင်း ကြားဖူးရပါ၏။ ရထားစီးပြီး ခရီးသွားရသော တစ်ခါမှာလည်း လက်မှတ်စစ်အပေါ် သူက အင်္ကျီစားသန်ဖူး ပြန်သည်မှာ သူ့ထံသို့ လက်မှတ်စစ်ရောက်ခါနီးတွင် သူက ထိုင်နေရာမှ ထပြီး ဝေးသည့်နေရာဘက်သို့ ထွက်ပြေးသည်။ သူတွင် လက်မှတ်မပါသောကြောင့် ထွက် ပြေးတာပဲဖြစ်မည်ဟု ယူဆရာဖြစ်နေလေရာ လက်မှတ်စစ်က သူ့ကိုလည်းတား၊ နောက်ကလည်း လိုက်ရတော့သည်။

တွဲဆုံးသောအခါ သူက နောက်တစ်တွဲသို့ ခုန်ကူးသည်။ လက်မှတ်စစ် သာမက အခြားခရီးသွားတွေလည်း ပါဝင်ကြောင့်ကြလျက် ကလေးတွေခမျာ ကျောင်းသားတွေဆိုတော့ ကျောင်းစာတစ်ဖက်နဲ့ လက် မှတ်မေ့ကျန်ရစ်တယ် ထင်ပါရဲ့ ပြောသူနှင့် လက်မှတ်ဝယ်ဖို့ အချိန်မမီလိုက်ဘူး လားမှ မသိတာဟု ရှေ့နေလိုက်သူနှင့် လက်မှတ်ကို မဝယ်တာဖြစ်မှာပါ။ လူငယ်တွေဟာ အတော်သိက္ခာကင်းမဲ့တာပဲဟု ကဲ့ရဲ့ပြစ်တင်သူနှင့်။ နှစ်တွဲသုံးတွဲ ကူးအပြီးမှာတော့ ရထားလည်း ရှေ့ဘူတာမှာ ရပ်၊ လက်မှတ်စစ်လည်း မောလေပြီ။ တင်ဝင်းလည်း မောပြီမို့ အမိခံလိုက်ပါတော့ သည်။ အဲဒီတော့မှ သူက အင်္ကျီအိတ်ကပ်ထဲမှ လက်မှတ်ကို ထုတ်ပေးသည်။ လက်မှတ်စစ်က စေ့စေ့စပ်စပ်ကြည့်ရှုသည်။ အမှန်အကန်ဖြစ်နေသည်ကို တွေ့ရ ပါသည်။ သူသည် ခဲရေးလိုစိတ်ကို မနည်းကြီး မျိုသိပ်ထားရသော မျက်နှာဖြင့် ဖေဖေ့ကို စိုက်ကြည့်ပြီးနောက် မူလရထားတွဲသို့ ပြန်တက်သွားလိုက်လေတော့သည် ဆိုပါသတည်း။

ကျွန်မတို့အဖွား ဒေါ်ရွှေမှန် စိတ်ဆိုးအောင် ဖေဖေ အကျီစားသန်ပုံ တစ်ခု ပြောပြချင်ပါသေးသည်။ အဖွားတွင် ဦးမင်းကျော်၊ ကိုးမြို့ရှင်၊ မြင်းဖြူရှင်တို့ကို နတ်တင်သော ခလေ့ရှိသည်ဟု ကြားဖူးပါသည်။ တစ်ခါတော့ ဦးမင်းကျော်အား အဖွားပူဇော်ပသထားသော အရက်ပုလင်းကို ဖေဖေက ယူသောက်ပြီး ရေနွေးကြမ်း (အခါးရည်) ပြန်ဖြည့်ထားရာ နတ်ဆရာသိသွားပြီး အဖွားကို တိုင်သဖြင့် အဖွားက စိတ်ဆိုးမာန်ဆိုး လိုက်ရိုက်လေရာ ဖေဖေ့မှာ ဖနောင့်နှင့် တင်ပါးတစ်သားတည်း ကျအောင် ပြေးခဲ့ရသည်ဆိုပါ၏။

စစ်ပြီးခေတ်ပြန်ဖွင့်သော ဘီအမ်အေကျောင်းတွင် မူလက မည်သည့် ကျောင်းမဆိုတက်ခဲ့ကြသော ကျောင်းသားများသည် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဝင်ရောက်ဖြေဆိုနိုင်ခွင့် ပေးလိုက်လေရာ ဖြေဆိုလိုသူများသည် လျှောက်လွှာတင်ကြ ပြင်ဆင်ကြနှင့် ထိုသူတို့အထဲတွင် တင်ဝင်းတို့သူငယ်ချင်းတစ်သိုက် ပါဝင်ကြသလို တစ်ချိန်မှာ ကျွန်မ၏မိခင်ဖြစ်လာမည့် ခင်ဌေးဖြူလည်း တက်တက်ကြွကြွ ရှိနေခဲ့ ပါသည်။ စစ်ကြောင့် ပညာရေးပျက်၊ ဘဝရည်မှန်းချက်တွေပါ ပျက်ကြရသော လူငယ် တို့ခမျာများသည် စဉ်းစားစရာ တည်ဆောက်စရာတွေ ပြန်လည်ပြည့်နှက်လာကြ ပြန်လေ၏။

အဲဒါတောင်မှပဲ တင်ဝင်းသည် ညက သူငယ်ချင်းတွေနှင့် ဖဲရိုက်ရင်း၊ သောက်စားရင်း အိပ်ရာဝင်နောက်ကျခဲ့ရာ မနက်ကျတော့လည်း အတူစာမေးပွဲ ဖြေဆိုမည့် အစ်မလူစီက နှိုးမှနိုးလေတော့၏။ စောင့်ခေါ် ရိုးထုံးစံလည်း မရှိဘဲ ကိုယ့်ဟာသာ အဆင်ပြေသလို သွားလာလှုပ်ရှားလေ့ ရှိကြသည်မို့ အစ်မသည် မောင်ကို စောင့်တော့မခေါ်နိုင်။

ဒီတော့လျှင် စာမေးပွဲခန်းသို့ တင်ဝင်းသည် နောက်ကျပြီး ရောက်ရှိလာခဲ့၏။ အခြားကျောင်းသားတွေက စတင်ဖြေဆိုနေကြပြီမို့ အခန်းစောင့်ဆရာတွေသည် သူ့ကို ဝင်ခွင့် ပြုသင့်၊ မပြုသင့် ဝေခွဲမရ ဖြစ်နေခဲ့ကြလေသည်။ တင်ဝင်းကို ကူညီသူမှာ နောင်အခါ စာရေးဆရာသော်တာဆွေ ဖြစ်လာမည့် ကိုကြင်ဆွေ၏ ယောက္ခမလောင်း (မေ၏ဖခင်)ကျောင်းအုပ်ဆရာကြီး ဦးတုတ်ဖြစ်လေသည်။

သူသည်ကား သမက်လောင်းနှင့်လည်းကောင်း၊ တင်ဝင်းနှင့်လည်းကောင်း၊ ပုလင်းတူဖူးဆို့တွေ ဖြစ်ကြလေရာ အတိုင်းထက်အလွန် ခင်မင်ယုံကြည်ကြလေသည်။ သူအာမခံပြီး စာမေးပွဲဖြေဆိုခွင့်ပေးလိုက်သော တင်ဝင်းမှာ ကွန်ပါဘူး မပါ၊ ရေးစရာဘောလ်ပင် မပါ၊ ပေတံ၊ ခဲတံလည်း မပါသဖြင့် ဦးတုတ်ကပဲ ရှာဖွေထားရမ်းပေးလိုက်ရသေးသည်။ ကံကောင်းချင်တော့၊ အဆင်ပြေချင်တော့ တင်ဝင်း ဆယ်တန်းအောင်လေ၏။

ရန်ကုန်တက္ကသိုလ် ပြန်ဖွင့်နေပြီမို့ တင်ဝင်းသည် တက္ကသိုလ်ကျောင်းသား ဖြစ်ခွင့်ကြုံခဲ့ပြန်လေ၏။ သို့ရာတွင် ဥပစာ(က)သို့ တက်ရောက်ရင်း ဘွဲ့ရတစ်ယောက်ဖြစ်လာဖို့ အခွင့်အရေးသည် သူ့ထံ ရောက်မလာခဲ့၊ ကျောင်းဖွင့်ပြီး မကြာမီ မတ်လထဲတွင် ရှမ်းပြည်ကျောင်းသား သပိတ်မှောက်မည်ဖြစ်သောကြောင့် ရှမ်းပြည်နယ်မှ ကျောင်းသားများ အားလုံးပြန်လာရန် ဆင့်ခေါ်သည်နှင့် တင်ဝင်းသည် တောင်ကြီးသို့ ပြန်ခဲ့လေသည်။

ကျောင်းသားများကို ပြန်လာဖို့ အမိန့်ထုတ်ပြန်သော်လည်း တင်ဝင်းသည် အချိန်မီ မသွားနိုင်ဘဲ ပြည်သူ့ရဲဘော်တပ်ဖွဲ့တွင် တာဝန်ယူနေခဲ့သည်။ (ဗိုလ်)ဖိုးကွန်း ဦးဆောင်သော ပြည်သူ့ရဲဘော် အဖွဲ့အစည်းကို သူ့ညီ၊ တင်ဝင်း၏အစ်ကို၊ (ဦး)သာဒွန်းညို၏ နေအိမ်အောက်ထပ်တွင် ဆိုင်းဘုတ်တင်လိုက်ကြ၏။

ထိုအချိန်အတွင်းမှာပင် ဖေဖေသည် ကျွန်မ၏မိခင် ခင်ဌေးဖြူနှင့် အိမ်ထောင်ကျလေ၏။ ဝင်ငွေလစာ ပုံမှန်မရှိသော သူတို့ဇနီးမောင်နှံသည် တင်ဝင်း၏ အစ်ကို(ဦး)သာဒွန်းညို၏ အိမ်အောက်ထပ်တွင် တစ်ခန်းရရှိ နေထိုင်ကြသည်။ မေမေ ကိုယ်ဝန်ရင့်လာသောအခါ အလုပ်ထွက်ပြီး ဖေဖေက မေမေ့နေရာတွင် ကျောင်းဆရာအလုပ် ရရှိခဲ့သည်။ ဖေဖေ၏ ကိုယ်ရေးရာဇဝင်တွင် ကျောင်းဆရာ လုပ်သက်တစ်နှစ်ကြာခဲ့ကြောင်း ပါဝင်မှုပြည့်စုံမည် ဖြစ်လေသည်။ ၁၉၄၇ ခုနှစ်တွင် ကျွန်မ၏ အစ်မ ဝင်းဝင်းကို မွေးဖွားသည်။ ၁၉၄၇ ခုနှစ်တွင် ပဒေသရာဇ် တော်လှန်ရေးနှင့် ဆက်သွယ်၍ ပုဒ်မ(၅)နှင့်အဖမ်းခံရသည်။

၁၉၄၉ ခုနှစ်တွင် ဖေဖေက တပ်ထဲဝင်ပါသည်။ နှစ်ကုန်ခါနီးတွင် ကျွန်မကို

စပ်စုံထွန်းဆေးရုံတွင် မွေးဖွားခဲ့ပါသည်။ မေမေ့အစ်မကြီး ဒေါ်ရင်မြှုကဆေးရုံတွင် ညအိပ်စောင့်ပေးသည်ဟု ဆိုပါသည်။ ထိုအချိန်က တောင်ကြီးမြို့တွင် ကရင်ဝင်နေသောကြောင့် တဒိုင်းဒိုင်း ပစ်ခတ်နေခဲ့ရာ မွေးလူနာ မေမေ့မှာ ခုတင်ပေါ်မှာပဲ လဲလျောင်းနေရပြီး ကျွန်မကို ကြီးမေ(ဒေါ်ရင်မြှု)က ပိုက်ထွေးကာ ခုတင်အောက်မှာ ပုန်းအောင်းနေခဲ့သည်ဟု ဆိုပါသည်။ (ခုတော့ ဒေါ်ရင်မြှုလည်း မရှိတော့ပါ။ ဆုံးပါးသွားသည်မှာ အနှစ် နှစ်ဆယ်ကျော်ခဲ့ပါပြီ။)

ကျွန်မကို မွေးချိန်တုန်းက ဖေဖေသည် အိမ်ပြန်မလာရတာ သုံးလေးလ ကြာပြီဖြစ်ပြီး သူပြန်လာသောအခါ အနီးထွေးထားသော ကျွန်မကိုကြည့်ကာ မျောက်ကလေးနဲ့ တူတယ်ဟု မှတ်ချက်ချသည်ဟုဆိုပါသည်။

*

## အပိုင်း ၂

### တပ်မတော်သားဘဝ

၁၉၅၀ ပြည့်နှစ်တွင် ဖေဖေသည် အင်္ဂလန် ဘုရင့်စစ်တက္ကသိုလ် (SANDHURST ROYAL MILITARY ACADAMY) သို့ စစ်သင်တန်း တက်ရန် သွားရောက်ရသဖြင့် မေမေသည် ကျွန်မနှင့် ဝင်းဝင်း၊ ကလေးနှစ်ယောက် နှင့်အတူ လေယဉ်ပျံနှင့် ရန်ကုန်သို့ဆင်းလာပြီး ဖေဖေ့အား သင်္ဘောဆိပ်သို့ လိုက်ပို့ပါသည်။ ဖေဖေသည် အင်္ဂလန်သို့ ထွက်ခွာသွားခဲ့ပါသည်။ ဖေဖေသည် ကားမောင်းသင်ရာတွင် အာရုံစူစည်းမှုအားနည်းသည်ဆိုသော မှတ်ချက်ဖြင့် ကား မောင်းခွင့်လိုင်စင် မရရှိခဲ့ပါ။

၁၉၅၂ ခုနှစ်တွင် မြန်မာပြည်သို့ ပြန်ရောက်လာပါသည်။ ပြန်တမ်းဝင် အရာရှိ **Gazetted Officer** ဖြစ်လာခဲ့ပါသည်။ ဒုဗိုလ်ရာထူးဖြင့် လေ့ကျင့်ရေး တပ်ရင်း(၁) **FirstBragade** မင်္ဂလာဒုံတွင် တာဝန်ပေးအပ်ခြင်း ခံရပြီးနောက် ဖေဖေက ကျွန်မတို့သားအမိတစ်တွေအားလုံး လေယာဉ်ဖြင့် လာရောက်ခေါ်ယူ ခဲ့ပါသည်။ ကျွန်မတို့နှင့်အတူ မစန်းဆိုသော ပအိုဝ်းမကလေးလည်း ပါလာခဲ့ပါသည်။

တပ်တွင်နေထိုင်ဆဲ ကျွန်မ၏ အစ်မဝင်းဝင်းသည် အပြင်းဖျားကာ စစ်ဆေး ရုံတွင် သွားရောက်ပြသသော်လည်း အသက်မကယ်နိုင်ဘဲ ဆုံးပါးသွားခဲ့ပါသည်။

တပ်တွင်းတိုက်(၉)လုံး နေအိမ်တွင် နီနီ(ဝင်း)ကို မွေးဖွားပါသည်။ ကျွန်မအား တပ်တွင်းကျောင်းမှာ ကျောင်းပျော်ထားပါသည်။ ကျွန်မတို့အိမ်တွင် ဖေဖေ့သူငယ်ချင်း ဦးတင်စိုးလာနေပါသည်။ သူက ဖေဖေနှင့်အတူ အရက်သောက်လေ့ ရှိပါသည်။ ဖေဖေ အရက်အသောက်များတာကို မေမေ မနှစ်သက်ပါ။ နောက်တော့ ဦးတင်စိုး အလုပ်ရသွားပြီး အိမ်ခွဲသွားပါသည်။ ဖေဖေသည် အရာရှိရိပ်သာတွင်လည်း အခြားအရာရှိများနှင့်အတူ ဘီလီယက်ထိုး၊ အရက်သောက်ရင်း အိမ်အပြန်နောက်ကျတတ်ပါသည်။ သူက သဘောကောင်းသည့်အတွက် ရိပ်သာမှစာရင်းတင်လျှင် သူ့ပဲ လက်မှတ်ထိုးလိုက်ရလေ့ရှိသည်ဟု ဆိုပါသည်။ ဖေဖေသည် သူ့သူငယ်ချင်းတွေ သူ့တပည့်တွေ အဆင်ပြေအောင် အိတ်သွန်ဖာမှောက် ကူညီလေ့ရှိပါသည်။ လခထုတ်လာလျှင် အိမ်စရိတ်လုံလောက်အောင်မကျန်သည့်အတွက် မေမေ စိတ်ညစ်ရပါသည်။ နီနီအသက် ၁၀ လ အရွယ်တွင် မေမေသည် တီဘီသံသယရှိသောကြောင့် ဆေးရုံတက်ရပါသည်။

ထိုအချိန်တွင် ၁၉၅၄ ခုနှစ်၌ ဖေဖေသည် တပ်မဟာ(၉) ထောက်လှမ်းရေး ကျိုင်းတုံတပ်သို့ ပြောင်းရွှေ့မိန့် ကျလာပါသည်။ မေမေက တောင်ကြီးမြို့ရှိ အစ်မထံသို့ ခေတ္တအနားယူရန်ပြန်သွားခဲ့ရာ ကျွန်မနှင့်နီနီလည်း ပါသွားကြပါသည်။ ကျွန်မတို့မိသားစုသည် မရှေးမနှောင်းမှာပင် ကျိုင်းတုံသို့ လိုက်ပါသွားကြပါတော့သည်။ ထိုစဉ်က တပ်မဟာ(၉)ထောက်လှမ်းရေး ကျိုင်းတုံတပ်တွင် တပ်မင်းမှာ ဗိုလ်မှူးကြီးလှမော် ဖြစ်ပါသည်။ ဗိုလ်မှူးတင့်ဆွေသည် ကျိုင်းတုံတွင်ရှိနေပါသည်။ ကျွန်မတို့က အန်ကယ်တင့်ဆွေ အန်တီစန်းဟု ခေါ်ကြပါသည်။

ဗိုလ်မှူးတင့်ဆွေမှာ ယခုအခါ ဗိုလ်မှူးချုပ်တင့်ဆွေအဖြစ် အနားယူသွားပါပြီ။ တင့်ဆွေ(ဖျာပုံ)ဆိုသော ကလောင်အမည်နှင့် စာပေရေးသားလျက် ရှိနေပါသည်။ သူတို့မောင်နှံသည် ကျွန်မတို့မိသားစုအား ခင်မင်စောင့်ရှောက်လေ့ရှိပါသည်။ သူတို့တွင် သားသမီးမရှိကြသော ကြောင့် နီနီ့ကို အလွန်ချစ်ပြီး သူတို့နေအိမ်သို့ ညအိပ်ခေါ်သွားလေ့ရှိရာ ကျွန်မလည်း အဖော်လိုက်သွားရလေ့ရှိပါသည်။ ယခုအခါ အန်တီစန်း ကွယ်လွန်သွားပြီ ဖြစ်စေကာမူ အန်ကယ်ကား ကျွန်မတို့ကို ဆိုးတူကောင်းဖက်

အကြံဉာဏ်ပေးလေ့ရှိခဲ့ဖြစ်ပြီး မေမေဆုံးစဉ်ကလည်း ရေဝေးသို့ အသုဘလိုက်ပို့ပေးခဲ့ပါသည်။

၁၉၅၄ ခုနှစ်ပိုင်းအချိန်တုန်းက မော်စီတုံးဦးဆောင်သော တရုတ်နီတပ်များက တိုက်ထုတ်လိုက်သော ကူမင်တန်တရုတ်ဖြူတပ်များသည် မြန်မာနိုင်ငံသို့ ကျူးကျော်ဝင်ရောက်လာကြပါသည်။ တပ်မဟာ(၉)ကို တပ်ရင်းသုံးရင်းဖြင့် ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံသည် တရုတ်ဖြူများအား ရန်ကြီးအောင်စစ်ဆင်ရေးဖြင့် နယ်စပ်အထိ တိုက်ထုတ်ခဲ့ကြပါသည်။ ရန်ကြီးအောင်စစ်ဆင်ရေးအား အဲဒီမတိုင်မီက ဘဘစစ်ဆင်ရေးဟု ခေါ်ဆိုခဲ့ကြောင်း ကျွန်မကြားဖူးခဲ့ပါသည်။

ထိုစဉ်က ကျိုင်းတုံတွင် ကျွန်မတို့နေရသောအိမ်သည် ရွံ့နှင့် ကောက်ရိုးမံထားရာ မိုးကြီးသောအခါ ရေစိမ့်ပြီး ကျွန်မနှင့်ညီမလေးနီနီ နေမကောင်းဖြစ်ကြပါသည်။ သို့နှင့် ရွှေ့ပြောင်းနေရန်တပ်မှ နောက်ထပ် အိမ်တစ်အိမ်ထားရမ်းပေးပါသည်။ ယင်းအိမ်တွင် ညီမအငယ် မစုးစုး (ခင်အေးဝင်းညို) အားမွေးဖွားခဲ့ပါသည်။

အဲဒီအိမ်နှင့်ကပ်လျက် နေထိုင်ရှူးသည်မှာ ချောမောလှပသော မေဘယ်လ်၊ အဲလစ်နှင့် မအေးကြည်ခေါ် ပန်းသေးညီအစ်မများ ဖြစ်ကြပါသည်။ မအေးကြည်မှာ ကျွန်မနှင့်ရွယ်တူဖြစ်ပြီး ကျွန်မ၏ သူငယ်ချင်းလည်း ဖြစ်ပါသည်။ ကျိုင်းတုံတွင် ဖေဖေ့အစ်မ ဂျာမိန်ညို၏ ခင်ပွန်းဗိုလ်မှူး မောင်မောင် (အဘမောင်)လည်း တာဝန်ကျရောက်ရှိနေပါသည်။ နောက်တော့အဘမောင်သည် ဗိုလ်မှူးကြီးဖြစ်လာခဲ့ပြီး အလုပ်သမားရေးဝန်ကြီးဘဝတုန်းက အလုပ်သမားတစ်ယောက် ဆန်အိတ်ထမ်းသည်ကို ကူညီပေးမပေးရာမှ ခါးဆစ်လွဲသွားလိုက်သည်မှာ သေသည်အထိ အကောင်းပကတိပြန်မဖြစ်တော့ပါ။ သူသည် သံအမတ်အဖြစ် ဂျပန်နိုင်ငံသို့ သွားရောက်ရပါသေးသည်၊ ယခုကွယ်လွန်သွားခဲ့ပါပြီ။ သူတို့၏ သားသမီးများမှာ မဒွေးမ၊ ကိုဖိုးလုံး၊ မပြုံးတို့ ဖြစ်ကြပါသည်။ မှတ်ပုံတင် အမည်တွေက မဒွေးမသည် မျိုးသီတာ၊ ဖိုးလုံးက အောင်ဇေယျနှင့် မပြုံးမှာ ပြုံးမောင်မောင်တို့ ဖြစ်ကြပါသည်။ မဒွေးမသည် ကျွန်မထက်အသက် ၁၀ ရက်ငယ်ပါသည်။ ကျိုင်းတုံတွင် ဦးကြီးမြင့်နှင့် တွေ့ဖူးကြရပါသည်။ သူသည် ကျွန်မတို့နှင့် ဆွေမျိုးတော်သည် ထင်မိပါသည်။ သူ့ကို

အဖိုးဦးကြီးညိုက လွိုင်မွေတွင် တာဝန်ချထားခဲ့ဖူးသည်ဟု ကြားဖူးရပါသည်။ သူ့သားစိုင်းစိုင်းနှင့် တစ်ခါတစ်ရံ ဆုံတွေ့တတ်ကြပါ၏။ ကျိုင်းတုံနေစဉ်က လက်ဆောင်တံပိုး လာဘ်ထိုးပေးကမ်းသည်ကို သတိထားရှောင်ကြဉ်ရန်၊ လက်မခံရန် ဖေဖေက သတိပေးသည်ဟု မေမေက ပြောပြဖူးပါသည်။ မေမေသည် ဘယ်နေရာမှာမှ လက်ဆောင်ပဏ္ဏာ မက်မောလက်ခံတတ်သူမျိုး မဟုတ်ပါ။ ၁၉၅၅ ခုနှစ်တွင် ဖေဖေသည် မိတ္ထီလာမြို့ တပ်မဟာ(၁၁)သို့ ပြောင်းရွှေ့ပြီး ထောက်လှမ်းရေးအရာရှိ Intelligent Officer တာဝန်ဖြင့်အမှုထမ်း ရပါသည်။

အသက်ခုနှစ်နှစ်အရွယ် မသိတတ်သေးသော ကျွန်မသည် ခရီးသွားရတာကို ပျော်မွေ့နေခဲ့ပါသည်။ မေမေကတော့ ပစ္စည်းတွေကို သေတ္တာကြီးငယ်နှင့် ထုပ်ပိုးသိမ်းဆည်းရတာ၊ ကလေးသုံးယောက်၏ ကျန်းမာရေးကို ဂရုစိုက်ရတာတွေနှင့် တာဝန်ပိကာ ပင်ပန်းနေခဲ့ပါသည်။

၁၉၅၇ ခုနှစ်တွင် မောင်အငယ်ဆုံးကလေးကို မွေးဖွားပါသည်။ ကျွန်မတို့ ညီအစ်မသုံးယောက်နှင့် နှိုင်းစာလျှင် မောင်လေးသည် စိတ်သဘောထား အပြည့်ဝဆုံးနှင့် သည်းခံနိုင်ဆုံး မာနအနည်းဆုံး ဖြစ်ပါသည်။

အဲဒီမောင်လေး၏ စစ်တက္ကသိုလ်တက်ခွင့်ကို စစ်ရာထူးခန့်ချုပ် ဗိုလ်မှူးကြီး မောင်မောင်က ထောက်ခံပေးခဲ့ပါသည်။ အပတ်စဉ် ၂၀ တွင် တက်ရောက်ခဲ့ပါသည်။ တက္ကသိုလ်ဗိုလ်သင်တန်းမှဆင်းပြီးဒုဗိုလ်အဖြစ် သုံးနှစ်သာ တိုင်းပြည်တာဝန်ထမ်းဆောင်လိုက်ရပါသည်။ မြန်မာပြည်ကွန်မြူနစ်နှင့် ကချင်သောင်းကျန်းသူများတို့ ပူးပေါင်းကာ အင်အားကောင်းနေခိုက်ဖြစ်ရကား ကျွန်မ၏မောင်လေးသည် ကချင်ပြည်နယ် မန်စီမြို့အနီးတွင် အသက်ပေးသွားရရှာပါသည်။ ကျွန်မတို့မိသားစုအတွက် အသည်းကြွေ၊ နှလုံးအက်မျှ ကြေကွဲရလျက် ဖြေသိမ့်မရနိုင်သော ဆုံးရှုံးမှုကြီးပင် ဖြစ်ပါတော့သည်။

သူမွေးဖွားလာပြီး တစ်သားအရွယ်တွင် မိသားစုတိုင်းနည်းတူ ကူးစက်ကာ ကျွန်မတို့မောင်နှမအားလုံးပဲ သီတာ(ရေကျောက်)ပေါက်ကြပါသည်။ မောင်လေးလည်း ရေကျောက်ပေါက်ပါသည်။

ကျွန်မတို့တစ်တွေ တစ်ပတ်အတွင်း အလျဉ်းပျောက်ကင်းသွားသော်လည်း မောင်လေးက မပျောက်ကင်းဘဲ တော်နေနည်းနည်း။ တော်နေနည်းနည်း ရေကြည်အဖုအပိမ့်ကလေးတွေ ထွက်ထွက်နေတတ်ပါသည်။ မောင်လေး၏ ခြေလက်တွေကို နူးညံ့ပါးလျားသောအဝတ်များဖြင့် ရစ်ပတ်ထားရပါသည်။ ဖေဖေနှင့်တကွ မိသားစုအားလုံး စိတ်မကောင်းဖြစ်ရ ဝမ်းနည်းရနှင့် နှစ်နှစ်ကြာခဲ့ရပါ၏။

သူ့အနာစက်တွေသည် မိတ္ထီလာမှစခဲ့သည်မှာ ညောင်လေးပင်မှာနေခိုက် ရေထမ်းပို့ပေးနေကျ အဒေါ်ကြီးတစ်ယောက်က မီးကွင်းဂမုန်းကို မီးကင်ပြီးထွက်လာသောအရည်ဖြင့် သုတ်လိမ်းပါဆိုတာကို မေမေက စမ်းသပ်ရင်း အလျဉ်းပျောက်ကင်းသွားခဲ့ပါတော့သည်။

ဆေးပညာတတ်မြောက်လာသော အခါမှာမှ အဲဒါကို Steven Johnson Syndrome ဟုခေါ်သည်ဟု နားလည်လာရပါသည်။ အသက်မရှည်ရှာသည့် မောင်လေးဇော်ထွန်းညို့အကြောင်းကို ရပ်နားထားပြီး နောက်တစ်ကြိမ် သက်ဆိုင်လိုအပ်လာမှ ပြောပြပါတော့မည်။ မိတ္ထီလာမြို့တွင် ဖေဖေသည် ၁၉၅၈ ခုနှစ်တိုင် တာဝန်ထမ်းရွက်ရပါသည်။ တပ်သည် မိတ္ထီလာကန်စောင်းတွင်ရှိပြီး နေအိမ်တွေက တစ်ထပ်တိုက်နှစ်ခန်းတွဲ တိုက်နီကလေးတွေဖြစ်ပါသည်။ ကန်၏ဟိုမှာဘက်တွင် ရွှေမြင်တင်စေတီ မြင့်မြင့်မားမား ဝင်းပသပ္ပာယ်နေသည်ကို လှမ်းမြင်မြော်ဖူးနိုင်ပါသည်။ တပ်မဟာ ၁၁ တပ်မင်းမှာ ဗိုလ်မှူးကြီးခွန်နောင်ဖြစ်ပါသည်။ သူ၏နေအိမ်မှာ မိတ္ထီလာကန်စောင်းတွင်ရှိပြီး နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးဖြစ်ပါသည်။ ဗိုလ်မှူး လန်စလော့ (Lanslot) နှင့်ဗိုလ်မှူး လှမောင်(ချစ်စနိုးအမည်အာပြလှမောင်)နှင့် ဇနီး ဒေါ်ခင်သန်းဝင်း(ချစ်စနိုးအမည် အပု)တို့၏ နေအိမ်များမှာ တိုက်ပုကလေးတွေဖြစ်ပြီး ကျွန်မတို့နှင့် ဗိုလ်ကြီးသန်းလွင်၊ ဒေါ်သစ်သစ်တို့က နှစ်ခန်းတွဲတိုက်အိမ်တွင် နေထိုင်ရပါသည်။ သင်္ကြန်တွင် တပ်မဟာ ၁၁ မှ စိမ်းလဲ့ဝါ အလှပြကားထွက်ပြီး ဗိုလ်ကြီးသန်းလွင်က ဦးဆောင်ကာ ပြိုင်ပွဲဝင်ခဲ့သည်ကို မှတ်မိပါသည်။ စိမ်းလဲ့ဝါလာရင် ဆီးကြိုလှည့်ခင်၊ အေးမြအောင် လောင်းပါရွှေရေစင်၊ မောင်ရင်းနှမလို မေတ္တာစိတ်ထားချင်၊ ဖေပုံတုပုံတု ပုံတု။ သီချင်းတစ်ပိုင်းတစ်စကို ကျွန်မမှတ်မိနေပါသည်။

သုံးရက်အလှုပြဖျော်ဖြေရာမှာ နှစ်ရက်တိတိ အလှမယ်ကလေးက ထဘီအစိမ်းကလေးဝတ်သော်လည်း နောက်ဆုံးနေ့မှာမှ အနီရောင်ပြောင်းဝတ်လိုက်သည့်အတွက် စိမ်းလဲ့နီဖြစ်သွားပြီဆိုသော မှတ်ချက်ဖြင့်ဒုတိယသာရပါတော့သည်။

စောစောက စာစကိုပြန်ကောက်ရပါလျှင်၊ ကမ်းစပ်မှတက်သွားကြသော်တမျှော်လောက်မှာ သစ်သားပျဉ်ထောင်သွပ်မိုး လုံးချင်းအိမ်များရှိကြပြီး၊ ဗိုလ်ကြီးစည်သူ၊ ဒေါ်ခင်သန်းနှင့် သူတို့သားများဖြစ်ကြသော တင်မောင်စီ၊ ခင်မောင်စီတို့နေထိုင်ကြောင်း မှတ်မိပါသည်။ တကွေ့ပုန်းတက်သွားလျှင် ကစားကွင်းပြင်ကြီးရှိပြီးမြေပြင်သည် ထိုမှပြန်နိမ့်လာကာ ကန်မျက်နှာပြင်က ဆီးကြိုနေပါသည်။ ထိုနေရာတစ်ဝိုက်တွင် အိမ်ထောင်သည် တန်းလျားတွေရှိပါသည်။ တပ်မှအိမ်ထောင်သည်များကျောင်းသူကျောင်းသားများသည် စျေးသွား၊ ကျောင်းသွားကြလျှင် တပ်မှပေးသောဖယ်ရီကိုစီးပြီး၊ ပေါက်ချောင်းရေကာတာနှင့်တံတားကို ဖြတ်သန်းသွားကြရပါသည်။ ရေကာတာရေလျှံသောကြောင့် ရေကျော်ခုနစ်ပေါက်မှ ရေလွှဲပေါက်တွေ ဖွင့်ချရသည်ကိုလည်း သတိရမိပါသည်။

ကျွန်မကတော့ မိတ္ထီလာနေပူကျဲမှာလည်း ပျော်ပါသည်။ ဖေဖေသည် မိတ္ထီလာတွင် နေရခဲ့ပါသည်။ ဖေဖေရှိလျှင် သားအဖနှစ်ယောက် ငါးများထွက်လေ့ရှိကြသည်။ အင်မတန်ဆော့ကစားမက်သော ကျွန်မကို မေမေက ခြေငြိမ်စေရန် ဖေဖေ့လက်ထဲ ဝကွက်အပ်ထားတာဖြစ်နိုင်ပါသည်။ ခရီးထွက်နေရတာကများသော ဖေဖေသည် ကျွန်မသိသလောက်တော့ ညောင်လေးပင်၊ ပဲခူးဘက်သို့ အသွားများပါသည်။ မိတ္ထီလာတွင် နေထိုင်ကြတုန်း ထူးခြားသည့်ဖြစ်စဉ်တစ်ခုကတော့ ဖေဖေ့ညီ၊ ကျွန်မတို့ဦးလေး ဗိုလ်ကြီးခင်ကျော်ညိုသည် မိတ္ထီလာသူ ဒေါ်အုန်းသင်နှင့်မင်္ဂလာဆောင်ပါသည်။ သူတို့မှ သန်းထွန်းညို၊ ဝင်းဦးညို၊ ကျော်စွာညိုနှင့် ဥမ္မာညိုတို့ကိုမွေးဖွားပါသည်။

ပါတီစုံရွေးကောက်ပွဲတွေ လုပ်တော့မှာမို့ လမ်းဘေးတွေမှာ ဆိုင်းဘုတ်တွေ တင်ကြပါသည်။ ကျွန်မတို့ကျောင်းကားသည် ဒေါ့ဂျ်ဖြစ်သည်ဟု ထင်ပါသည်။ ကားဖြတ်သန်းသွားရာ လမ်းတစ်လျှောက်မှာ ပမညတ ပေါင်းမုန့်ညာတုတ်၊ ဖဆပလ



၁၉၅၀ ပြည့်နှစ် အင်္ဂလန်ဘုရင့်စစ်တက္ကသိုလ်နှင့် စင်သင်တန်း
(SANDHURST ROYAL MILITARY ACADAMY)
တက်ရောက်စဉ်

ဖင်ဆေးပုလင်း စသည်ဖြင့် တစ်ကားလုံး ကြွက်ကြွက်ညံအောင် အော်ဟစ်သွား ကြမြဲဖြစ်ပါသည်။

၁၉၅၉ တွင် ဖေဖေသည် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ လက်အောက်ရှိ တပ်မဟာ(၁၁) ညောင်လေးပင်သို့ စစ်ဦးစီး (တတိယ)အဖြစ် ပြောင်းရွှေ့ရပါသည်။ ဗိုလ်မှူးကြီးလှမော်က တပ်ရင်းမှူး ဖြစ်ပါသည်။ ဒုတပ်ရင်းမှူးမှာ ဗိုလ်မှူးဟန်သိန်း၊ အိုက်တင်ဟန်ဖြစ်ပါသည်။ သူတို့သည် ရခိုင်လူမျိုးတွေဖြစ်ကြပါသည်။ သူတို့သားသမီး တွေအသက်ရကာ လူကြီးတွေဖြစ်လာကြသည်အထိ ကျွန်မတို့ဆက်လက် ခင်မင် နေခဲ့ကြပါသည်။

ဖေဖေက ထောက်လှမ်းရေးကိုင်ရသောကြောင့် ထင်ပါသည်၊ အိမ်မှာ ဝါယာလက်စက်တွေ အမြဲလိုလိုရှိနေပြီး ဖေဖေ၏လျှို့ဝှက်အမည် တောက်တဲ့၊ ဝက်ဝံညောင်ကို မကြာမကြာ ကြားနေရပါသည်။ ညောင်လေးပင်တွင် ဖေဖေ တာဝန်ကျနေခိုက် ပါတီစုံရွေးကောက်ပွဲ ကျင်းပပါသည်။ နိုင်ငံနှင့်အဝှမ်း စစ်တပ်က ဦးဘဆွေ၊ ဦးကျော်ငြိမ်းတို့ဦးဆောင်သော တည်မြဲပါတီကို အားပေးပြီး လူထုအများ စုက ဦးနုနှင့် ဦးတင်တို့ ဦးဆောင်သော သန့်ရှင်းပါတီကို အားပေးပါသည်။ ရွေး ကောက်ပွဲအချိန်အတွင်း ကျွန်မတို့အိမ်မှာလည်း အရာရှိတွေ၊ အကြပ်တပ်သား တွေ ဥဒဟို သွားလာဝင်ထွက် ရှုပ်ယှက်ခတ်နေကြပါသည်။ ရွေးကောက်ပွဲပြီး ဆုံးသောအခါ လူထုကမျှော်လင့်ထားသည့်အတိုင်း သန့်ရှင်းက အပြတ်အသတ် အနိုင်ရပါသည်။ တည်မြဲရှုံးပါသည်။

တပ်မတော်သားအရာရှိကြီးများ အရေးယူခံရပြီး ယူနီဖောင်းချွတ် လူဝတ် လဲခဲ့ကြရပါသည်။ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်ရွှေအား သံအမတ်အဖြစ် ဩစတြေးလျသို့ စေလွှတ်လိုက်ပါသည်။

လူကြီးတွေ လူဝတ်လဲသောအခါ ဖေဖေတို့လည်း မချိတင်ကဲနှင့် တပ်မှ ထွက်စာတင်မည် ကြံရွယ်ကြပါသည်။ ဖေဖေ့အား မင်းငယ်သေးတယ်၊ မထွက်ပါနဲ့၊ တိုင်းပြည်အတွက် အလုပ်လုပ်စရာတွေ အများကြီးရှိသေးတယ်၊ မင်းမှာလည်း ကလေးတွေနဲ့ မိသားစုတာဝန်ကြီးပါတယ်ဟု ဗိုလ်မှူးကြီးအောင်ရွှေကလား။ ဗိုလ်

မှူးကြီးအောင်ရွှေသည် ယခုခါ အမျိုးသားဒီမိုကရေစီအဖွဲ့ နာယကတစ်ဦး ဖြစ်ပါသည်။ ဗိုလ်မှူးကြီး လှမော်ကလား မသိပြောခဲ့သည်ကို ကျွန်မ ကြားလိုက်ပါသေးသည်။

စစ်သားနှင့် အပြောင်းအရွှေဆိုတာကလည်း ထုံးတမ်းစဉ်လာတစ်ခုဖြစ်ပါ၏။ မရှေးမနှောင်းမှာပင် ဖေဖေသည် ၁၉၆၀ ပြည့်နှစ် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ မင်္ဂလာဒုံတပ်မြို့သို့ ပြောင်းရွှေ့ရပါသည်။ မင်္ဂလာဒုံတွင် နှစ်ကြိမ်နေထိုင်ရခြင်း ဖြစ်ပါသည်။ ကျွန်မက ဆေးတက္ကသိုလ်(၂) မင်္ဂလာဒုံရောက်ရှိရပြန်တာမို့ ကျွန်မအတွက် သုံးကြိမ်နေထိုင်ရသည်ဟု ပြောနိုင်ပါသည်။

ကျွန်မတို့သည် မင်္ဂလာဒုံတပ်မြို့ ကော်နီဟမ်လမ်းရှိ တိုက်ပုကလေး တစ်ခုတွင် နေထိုင်ရပါသည်။ ထိုမှ တည့်တည့်သွားလျှင် မင်္ဂလာဒုံဈေးသို့ရောက်ပါသည်။ နောက်တစ်ကြိမ် မင်္ဂလာဒုံဓာတ်ဆီဆိုင်အနီးသို့ အိမ်ပြောင်းရွှေ့ရပြန်ပါသည်။ အိမ်နီးချင်း ဗိုလ်ကြီးမောင်မောင်လှိုင်နှင့် အန်တီငြိမ်းတို့မှာ နောင်အခါ ဗိုလ်ချုပ်ဖြစ်လာမည့် ဗိုလ်မှူးကြီးတင့်ဆွေ၏ ဆွေမျိုးများ ဖြစ်ကြပါသည်။ ဗိုလ်ကြီးခင်အောင်၊ ဒေါ်လှကြွေ (အန်တီကြွေ) တို့နှင့်လည်း အသိမိတ်ဆွေဖြစ်လာကြပါသည်။

ဗိုလ်ကြီးထွန်းရှိန်၊ ဗိုလ်ကြီးထွန်းလွင်၊ ဗိုလ်ကြီးစိုင်းဟတ်၊ ဗိုလ်ကြီး ချစ်ဆွေ (နောက်ပိုင်းဗိုလ်ချုပ်)တို့သည် တစ်တပ်တည်း အတူနေများ ဖြစ်ကြပါသည်။ သူတို့အပြင် အာဂျလာဟု ဖေဖေတို့က အမည်ပေးထားကြသော အသားမည်းမည်း ထောင်ထောင်မောင်းမောင်း ဗိုလ်ကြီးတင်မြင့်လည်း ရှိပါသေးသည်။ အဲဒီမတိုင်ခင် ကလေးတုန်းက အာဖရိကန်ကျောင်းသား အာဂျလာဆိုသူသည် မြန်မာနိုင်ငံသို့ ရောက်ရှိလာဖူးပြီး ကျွန်မတို့တိုင်းပြည်တွင် အာဖရိကန်လူမျိုးတွေ့ရခဲ့သောကြောင့် ကျွန်မတို့လူမျိုးတွေ အံ့ဩထူးဆန်းခဲ့ကြသည်နှင့် ဆက်စပ်မည် ထင်ပါသည်။

ထိုအချိန်တွေအတွင်း ကျွန်မသတိထားမိသည်မှာ ဖေဖေသည် မော်လမြိုင်ဘက်သို့ ခရီးထွက်ရတာက များခဲ့ပါသည်။ ၁၉၆၁ ခုနှစ်တွင် မော်လမြိုင်မြို့ အရှေ့တောင်တိုင်းစစ်ဌာနချုပ်သို့ ပြောင်းရွှေ့ရပြန်ပါသည်။

ဗိုလ်ကြီးခင်အောင်(နောက်တော့ ဗိုလ်မှူး)နှင့် ဖေဖေတို့က မော်လမြိုင်သို့ အရင်သွားရောက်နှင့်ကာ၊ မိသားစုများက မော်လမြိုင်သို့ သင်္ဘောနှင့်ပြောင်းကြရပါသည်။ အန်တီကြွေနှင့် ရေးဟောင်းနှောင်းဖြစ်ပြောကြရင်း သင်္ဘောအိပ်စင်ပေါ်မှ ကျွန်မ၏ညီမ ရှူးရှူး (ခင်အေးဝင်းညို)ပြုတ်ကျသည့်အကြောင်းကို အန်တီကြွေက သတိရပြောပြရယ်မောပါသည်။ မေမေသည် အန်တီဒေါ်လှကြွေနှင့် အဖော်ရပါသည်။ သူက မော်လမြိုင်သူဖြစ်သောကြောင့် တပ်ထဲလိုက်မနေဘဲ မြို့ထဲရှိ မိဘနေအိမ်မှာပဲ နေထိုင်သည်ဟု သိရပါသည်။

ကျွန်မတို့မိသားစုကတော့ မော်လမြိုင်ရောက်ခါစက ကျိုက်သန်လန်ဘုရားလမ်းနှစ်ထပ်အိမ်တွင် နေကြရပါသည်။ ကျွန်မတို့က အောက်ထပ်အိမ်၊ အပေါ်ထပ်က ဗိုလ်ကြီးချစ်ဆွေ၊ ဒေါ်မြင့်မြင့်ခင်မိသားစု နေထိုင်ကြပါသည် (နောင်သောအခါ သူသည် အရှေ့တောင်တိုင်းတိုင်းမှူးအဖြစ် မော်လမြိုင်သို့ ပြန်လည် တာဝန်ကျခဲ့ပါသည်။) နောက်တစ်အိမ်ပြောင်းကြရတာက တောင်ကုန်းပေါ်မှ နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးဖြစ်ပြီး ဗိုလ်ကြီးညွန့်တင်တို့မိသားစုက အပေါ်ထပ် ကျွန်မတို့က အောက်ထပ်မှာ နေကြပါသည်။

များမကြာမီမှာ ကျွန်မတို့မိသားစုသည် ကန်သုံးဆင့်ရှိ ဗိုလ်မှူးနပဟီးမီးယားအိမ်သို့ ရွှေ့ကြပြန်ပါသည်။ ဤအိမ်သည်ကျိုက်သန်လန်ဘုရား လမ်းနေအိမ်နည်းတူ အောက်ထပ်သည်အလယ်တွင်ရေကာန်ရှိလျက် တိုက်ခန်းတွေရံထားပါသည်။ ကုလားအိမ်တွေဖြစ်သည်ဟု ပြောကြပါသည်။ မြေထပ်လည်းရှိပြီး နံဘေးတွင် သံဇကာကွက်တွေ ကာရံထားပေးပါသည်။

ထိုအိမ်မှတဖန် မော်လမြိုင်မှ မုဒုံသွားသောလမ်းရှိ ရွှေနတ်တောင်တွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တပ်စခန်းနေအိမ်များအား ဆောက်လုပ်ရာတွင် ဒုဗိုလ်မှူးကြီး မောင်တင်၊ ဗိုလ်မှူးညိမ်းတို့က ဦးဆောင်စီစဉ်ပေးကြပြီး တိုက်သစ်ကလေးများပြီးစီးသည်နှင့် ပြောင်းရွှေ့နေထိုင်ကြပါသည်။

ရွှေနတ်တောင်တွင် တပ်စခန်းအသစ် တည်ဆောက်ပြီးစီးသွားသောအခါတွင် တပ်မိသားစုများပြောင်းရွှေ့ သွားကြရပြန်ပါတော့သည်။ အရှေ့တောင်တိုင်းစစ်

ဗွာနချုပ်တိုင်းမှူးမှာ ဗိုလ်မှူးကြီးသောင်းကြည်ဖြစ်ပါသည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တွင် သူ့ကို တွဲဖက်ကြီးဟု လူသိများပါသည်။ တွဲဖက် အထွေထွေအတွင်းရေးမှူး ဖြစ်ပါသည်။

စစ်ဦးစီးဗိုလ်မှူးကြီးမှာ ဗိုလ်မှူးကြီးလှဘုန်းဖြစ်ပြီး သထုံရှေ့တန်း၌ ဗိုလ်မှူးကြီး သူရဖေအောင်၊ ဗိုလ်မှူးကြီးကျော်ထင်၊ ဗိုလ်မှူးကြီးခင်ဇော်မံတို့ အသီးသီး တာဝန်ယူကြပါသည်။ ဗိုလ်မှူးကြီး ခင်ဇော်မံနှင့် အရှေ့တောင်တိုင်းမှာ ခဲ့တွေ့ အလုပ်တွဲလုပ်ရဖူးသလို နောင်အနောက်တောင်တိုင်းမှာ လည်ပြန်တွေ့ကြရပြန်ပါ၏။

ဂျူဒီလိုင်းမှုံမှာ ကျွန်မနှင့်အတန်းတူ အရွယ်တူဖြစ်ပါသည်။ အယ်ဂျယ်လင်းမှုံမှာ ကျွန်မထက်ငယ်ရွယ်ပြီး နောင်သောအခါ ဆရာဝန်ဖြစ်လာပါသည်။ ထိုစဉ်က စစ်ဦးစီးပထမတန်းကျိဝမ်းက ဒုတိယ ဗိုလ်မှူးကြီးလှရွှေ၊ စစ်ဦးစီးဒုတိယ တန်းကျိတူးက ဗိုလ်မှူးတင့်ဆန်းနှင့် ဖေဖေ ဗိုလ်မှူးတင်ဝင်းညိုတို့ ဖြစ်ကြပါသည်။

ဖေဖေတို့ ခရီးထွက်ကြသောအခါ လုံခြုံရေးမကောင်းသဖြင့် သတိကြီးစွာထားကြရကာ မသက်သာလျှင် ကားပေါ်မှဆင်း၍ ကားလမ်းကို ရှင်းပြီး စိတ်ချလုံခြုံပါမှ ခရီးဆက်ကြရသည်ဟု ကြားဖူးနားဝရှိနေပါသည်။ မော်လမြိုင်ရေးလမ်းက အန္တရာယ်များသည်ဟု ဆိုကြပါသည်။ မော်လမြိုင် ကြာအင်းဆိပ်ကြီးသင်္ဘောမှာ မကြာခဏချောင်းအပစ်ခံရပါသည်။ ကျိုက်သန်လန် ဘုရားလမ်းနေအိမ်တုန်းက မပုံးဆိုသောရဲမေမှာ ခင်ပွန်းသည် ကိုမောင်သန်း ပြန်မလာလျှင် တမျှော်မျှော်ဖြစ်နေတတ်ပြီး ကြာအင်းဆိပ်ကြီးတွင် တာဝန်အရ လနှင့်ချီပြီး နေရသောကြောင့် အိမ်ထောင်အသစ်ထူထောင်သွားမှာ စိတ်ပူပန်နေတတ်ပါသည်။

ကိုမောင်သန်းပြန်လာလျှင် မပုံးအပေါ် စွဲလမ်းချစ်ခင်အောင် အလှအပပြုပြင်ရမည်ဟု အပျိုပေါက်ဖြစ်လာသော ကျွန်မက တတ်သိသလောက်နှင့် ဆရာလုပ်ပါသည်။ မပုံးကလည်း ကျွန်မ၏ အာဘော်ကို လက်ခံကျင့်သုံးပါသည်။ ဖေဖေတို့ကတော့ ကျွန်မ၏ ရွှေဉာဏ်တော်အတွက် ရယ်ချင်ပြုံးချင်ဖြစ်ကြရဟန်တူပါ၏။

ကော့ကရိတ်၊ မြဝတီကားလမ်းသည် သောင်းကျန်းသူတွေ ကျက်စားသောကြောင့် ဖေဖေတို့အတွက် အန္တရာယ်များသော နေရာဖြစ်သည်။ စူကာလီ၊ ဗိုလ်တဲ

နေရာတော်တော်များများကို လမ်းရှင်းပြီးမှ သွားရလေ့ရှိကြောင်း လူကြီးတွေအချင်းချင်း ပြောကြသည်ကို နားစွန်နားဖျား ကြားရတတ်ပါသည်။

လစဉ် စစ်သည်များအား လစာငွေပေးရန်အတွက် ဖေဖေက သထုံ စသောနေရာများသို့ ပိုက်ဆံငွေကြေးတွေ လုံခြုံစိတ်ချရစေရန် ဟယ်လီကော့ပတာရဟတ်ယာဉ်နှင့်သွားရသည်ဟု အန်တီကြွေက ပြောပြပါသည်။ ထိုနှစ်တွေမှာ ကေအင်ဒီအိုကရင်သောင်းကျန်းသူများ အလင်းဝင်လာခဲ့ကြသဖြင့် အတော်ကြီးလှုပ်လှုပ်ရှားရှားဖြစ်ခဲ့ပါသည်။ ဗိုလ်လင်းထင်သည် ထင်ရှားကျော်ကြားသော အလှမယ်ရုပ်ရှင်မင်းသမီးနော်လွီဇာဘင်ဆင်နှင့် လက်ထပ်လိုက်ပါသည်။ သူသည်ငယ်ရွယ်သေးသော သူပုန်ဗိုလ်ဖြစ်ကာ အရမ်းကို မြာစွံသည်ဟုကြားဖူးပါသည်။ သူတို့မှာ အာဏာလည်းရှိသေနတ်လည်းရှိလေတော့ ထင်တိုင်းကြဲနိုင်ကြသည်မှာ မဆန်းကြယ်သော လောကနိယာမတွေပဲဟု ကျွန်မက ကောက်ချက်ချမိပါသည်။ မကြာမတင်မှာဘဲ ဗိုလ်လင်းထင်သည်ဓားပြတိုက်၊ လူသတ်တောခိုဖို့ စီစဉ်နေသည် သတင်းရသည့်အတွက်ဆွေးနွေးစကားပြောဆိုရန် သူနေသောအိမ်မှ ဂျစ်ကားနှင့်သွားအခေါ်မှာ သူကလက်နက်နှင့် ခုခံပစ်ခတ်သဖြင့် သေနတ်ဒဏ်ရာရပြီး သေဆုံးသည်ဟု ကြားသိရပါသည်။ ဒါတွေဟာ နိုင်ငံရေးပါသည်ဟု ကျွန်မတွေးထင်မိပါသည်။ နိုင်ငံရေးဆိုသည်မှာ အမြဲတည်ချည်းမဟုတ်ဘဲ ဆွမ်းဆန်ထဲ ကြွက်ချေးသလဲ ရောနေတတ်သည်ဟု လူပိန်းတွေး တွေးမိပါ၏။

၁၉၆၅ ခုနှစ်၊ ဇွန်လ ဒုတိယပတ်တွင် ဖေဖေသည် ရောဝတီတိုင်း ပုသိမ်မြို့နယ် ကျုံပျော်မြို့ ခြေလျင်တပ်ရင်း (၃၆)သို့ ပြောင်းရွှေ့ရပါသည်။ ကျွန်မမှာဆယ်တန်းကျောင်းသူဖြစ်နေပါပြီ။ ကျုံပျော်မြို့ အထက်တန်းကျောင်းတွင် ဝိဇ္ဇာဘာသာတွဲသာ သင်ကြားပေးနိုင်ပြီး သိပ္ပံတွဲမရှိပါ။ တပည့်ဖြစ်သူ ကျွန်မ၏ ပညာရေးအတွက် ကြောင့်ကြပူပန်သော အမှတ်(၆) အထက်တန်းကျောင်း ကျောင်းအုပ်ကြီးဦးအောင်ကြွယ်နှင့် ဆရာကတော် ဒေါ်ငြိမ်းရွှေတို့က ကျွန်မအား သူတို့နေအိမ်မှာနေပြီး ကျောင်းတက်ဖို့ စီစဉ်ပေးကြပါသည်။ ကျွန်မ စားရေးသောက်ရေးအတွက်ကျောင်းဝင်းထဲနေထိုင်သော ဆရာမဒေါ်ကြွေ (ခင်ပွန်းဦးမြတ်တင်)က ချက်ပြုတ်

ကျွေးမွေးပါသည်။ သူတို့၏သမီးမှာ ကျွန်မ၏အတန်းဖော် သူငယ်ချင်းဖြစ်ပါသည်။ သူက ကျွန်မနှင့်အတူ ကျောင်းအုပ်ကြီး၏ နေအိမ်တွင် နေထိုင်ပါသည်။ ထူးဘူ၊ အက်စတာဂျစ်ပတူးတို့သည်လည်း မိဝေးဖဝေး ဖြစ်နေကြသော ဆယ်တန်းကျောင်းသူများဖြစ်ကြသဖြင့် ကျွန်မလည်း အဖော်ရသည်ဟု ဆရာကြီးတို့က အိမ်မှာ လက်ခံထားခဲ့ပါသည်။ စုစုပေါင်းကျောင်းသူလေးယောက်သည် ဆရာကြီးတို့မောင်နှံသာ အေးဆေးစွာနေထိုင်သော နေအိမ်တွင် အမှိုက်ရှုပ် အလုပ်များစေခဲ့ပါ၏။

ဖေဖေသည် ကျုံပျော်သို့မိသားစုနှင့်အတူ ပြောင်းရွှေ့ခဲ့ပါသည်။ အပြောင်းအရွှေ့တွေထဲမှာ အဲဒီတစ်ကြိမ်သာလျှင် ဖေဖေနှင့်မိသားစု အတူပြောင်းရွှေ့ဖူးသည်ဟု မေမေက ပြောပြပါသည်။ မော်လမြိုင်မှသည် ရန်ကုန်၊ ထိုမှသည် လက်ပံတန်းအထိ အမြန်ရထားစီးရပါသည်။ သာရဝေါအထိ လော်ကယ်ရထား တအိအိ စီးကြရပြန်ပါသည်။ သာရဝေါမှသည် ဟသာၤတမြို့သို့ ဇက်နှင့်ကူး ထိုမှတဖန် ရေကြည်မြို့အထိ တရွေ့ရွေ့ ရထားစီးသွားကြရပါသည်။ ရေကြည်ရောက်တော့ ခလရ (၃၆)မှ တာဝန်ရှိသောအရာရှိ အရာခံဗိုလ်၊ အကြပ်တပ်သားများက သူတို့၏ တပ်ရင်းမှူးအသစ်အား လာရောက်ကြိုဆိုကြပါသည်။

ကျွန်မသည် ဆယ်တန်းလူရည်ချွန်အဖြစ် အရွေးချယ်ခံထားရသောကြောင့် ဆယ်တန်းဖြေပြီးသောအခါ ကျုံပျော်မရောက်နိုင်သေးဘဲ၊ ရန်ကုန်တွင် စုဝေးကြသည့် အခြားလူရည်ချွန်များနှင့်အတူ အင်းလေးခေါ်တိုင်သို့ သွားရောက်ခဲ့ရပါသည်။ အဲဒီကမှ ရန်ကုန်ပြန်ရောက်၊ ရန်ကုန်မှတဖန် ကျုံပျော်သို့ ရောက် ရပါသည်။ ဆယ်တန်းအောင်ပြီးနောက် အစိုးရမူလတန်းကျောင်းတွင် လုပ်အားပေးကြရပါသည်။ ထိုစဉ်က ခလရ (၃၆)မှ ဗိုလ်ကြီးကျော်စိန်သည် ဟသာၤတသားဖြစ်ပြီး သူ၏သားကြီး ကိုဌေးဦးသည်လည်း ကျွန်မတို့ဆယ်တန်းအောင်ပြီး လုပ်အားပေးကြသော ကျောင်းသားများထဲတွင် ပါဝင်ခဲ့ကြောင်းဖြင့် စကားစပ်ဟပ်မိခိုက် ပြောပြချင်ပါသည်။ ၁၉၇၇ ခုနှစ်တွင် သူသည် ဗိုလ်ကြီးဘဝဖြင့် ကျွန်မ၏ညီမ နီနီဝင်းနှင့် လက်ထပ်ထိမ်းမြားခဲ့သည့်အကြောင်းကို ဖေဖေ့အား ဖမ်းဆီးထားပြီးသည့် အချိန်များအကြောင်းထဲတွင် အကျယ်တဝင့်ပြန်လည်ပြီး ဇာတ်ကြောင်းပြန်ဦးမည်ဖြစ်ပါသည်။

ကိုဌေးဦးသည် အနောက်တောင်တိုင်း စစ်ဌာနချုပ်တွင် တိုင်းမှူးဖြစ်ခဲ့ပြီး ယခုအခါ ပြည်ထောင်စုကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီတွင် ဒုဥက္ကဋ္ဌ ဖြစ်နေပါသည်။ ကျွန်မ၏ အကြောင်းကို ကြားဖြတ်ပြောရပါဦးမည်။ ၁၉၆၆ ခုနှစ်တွင် ကျွန်မသည် ဆေးတက္က သိုလ်(၂)သို့ ရောက်ခဲ့ပါသည်။ ၁၉၆၇ ခုနှစ်တွင် ကျွန်မက အိမ်ထောင်ကျသွား ခဲ့တာကြောင့် ပြန်စဉ်းစားကြည့်သောအခါ ကျွန်မ၏ ကျုံပျော်မှာ နေခဲ့ရချိန်က နည်းပါးခဲ့ရပါသည်။

ဟိုခေတ်တုန်းက ရာထူးရာခံမြင့်သူတွေရော တပည့်လက်သားတွေပါ တပ် မတော်သားများသည် ကိုယ့်နာမည်ဖြူစင်သန့်ရှင်းအောင် ဂုဏ်သရေသိက္ခာထိန်းသိမ်း ကြပါသည်ဟု အလျဉ်းသင့်သဖြင့် ပြောချင်ပါသည်။ ဗိုလ်မှူးကြီးဟန်သိန်းမှာကုန်သွယ် ရေးဝန်ကြီးဖြစ်လာသည့်တိုင် သားသားနားနားဝတ်ဆင်စရာ ပုဆိုးမရှိသောကြောင့် အန်တီဒေါ်တင်ဟန်က ကျုံပျော်မြို့တွင် တပ်ရင်းမှူးဖြစ်နေသော ဖေဖေ့ထံသို့ ပုဆိုး နှစ်ထည်လောက်ရောင်းချပေးပါဟု လူကြုံနှင့် မှာယူတောင်းဆိုဖူးပါသည်။

မေမေကကျတော့ တိုင်းမှူးဗိုလ်မှူးကြီးစံကြည်အား အပ်ချုပ်စက်တစ်လုံး ရောင်းချပေးပါရန် လျှောက်လွှာတင်ဖူးပါသည်။ ကျွန်မ မှတ်မိနေသည်မှာ ဆင်းဂါး အပ်ချုပ်စက်တစ်လုံးလျှင် သုံးလေးရာကျပ်လောက် ကျသင့်သည် ထင်ပါသည်။ ရိုးသားစွာဆင်းရဲခြင်း၏ အကြောင်းကိုပြောရင်း တစ်လက်စတည်းပြောလိုက်ချင် သည်မှာ ဖေဖေတို့ခေတ်တုန်းက တပ်မက်မှုကို သစ္စာရှိစွာ မျိုသိပ်ခြင်း အကြောင်း တစ်ခု ပြောချင်လွန်းသောကြောင့် ပြောခွင့်ပြုစေချင်ပါသည်။

ဖေဖေစည်းရုံးရေးဌာနမှူးအဖြစ် တာဝန်ထမ်းဆောင်စဉ်ကာလတုန်းကဖြစ် ပါသည်။ ကျွန်မ မှန်းဆကြည့်သည်မှာ ၁၉၇၄ ခုနှစ်လောက်ဖြစ်မည် ထင်ပါသည်။ ရုံးပိတ်ရက်တစ်နေ့တွင် ရုရှားသံအမတ်ကြီးက ဖေဖေ့အားအိမ်တွင် လာတွေ့ပါ သည်။ သူကဖေဖေ့အား ခင်မင်မှုအထိမ်းအမှတ်အဖြစ် တိုင်ကပ်နာရီကလေးတစ်ခု လက်ဆောင်ပေးပါသည်။ သံအမတ်ကြီးပြန်သွားသောအခါ ကျွန်မတို့က အထုပ်ဖြေပြီး တိုင်ကပ်နာရီကို ဝိုင်းကြည့်ကြပါသည်။ နာရီကလေးက သေးသေးငယ်ငယ်နှင့် သားနားခံ့ထည်ပါသည်။

လွန်ခဲ့သော နှစ်ပေါင်းသုံးလေးဆယ်တုန်းက ခုခေတ်လို လူသုံးကုန်ပစ္စည်းတွေ ဖုံးပေါလအောမရှိပါ။ စူပါမတ်စ်ကက်တွေ၊ ရှော့ပင်းစင်တာတွေဆိုတာ လုံးဝမရှိ။ ဗိုလ်ချုပ်ဈေး၊ လေဟာပြင်ဈေး၊ စိန်ဂွမ်းဈေးတို့မှာသာ အရောင်းအဝယ်ရှိခဲ့ကြသော ကာလပါ။ ဒီတော့ အဲဒီတိုင်ကပ်နာရီကလေးသည် တန်ဖိုးရှိပါသည်။ ဈေးမှ ဝယ်နိုင်သည်ထားဦးတော့ ရှရှားသံအမတ်ကြီး၏ လက်ဆောင်ဆိုသည်မှာ ငွေကြေးပမာဏတစ်ခုဖြင့် တန်ဖိုးဖြတ်၍ မရနိုင်ပါ။

ဖေဖေသည် နာရီကလေးကို တစိမ့်စိမ့်ကြည့်ကာ နှစ်သက်နေခဲ့ကြောင်း ကျွန်မ သတိရနေပါသည်။ ဘယ်လောက်မှတန်တာမှ မဟုတ်တာ ဖေဖေရယ်။ ဖေဖေ့စာကြည့်ခန်းမှာ ချိတ်ထားလိုက်ရမလား။ သမီးချိတ်ပေးမယ် ဖေဖေက ခေါင်းခါပါသည်။ ပြန်ထုပ်လိုက်သမီးဟု သူကပြောပါသည်။ ကျွန်မချိတ်ပေးမှာကို သူစိတ်တိုင်းမကျသောကြောင့် ဖြစ်လိမ့်မည် ထင်မှတ်ခဲ့ပါသည်။ နောက်တော့ အဲဒီနာရီကို အထုပ်လိုက်ဖြစ်စေ၊ တိုင်တို့ နံရံတို့တွင် ချိတ်ထားလျက်ဖြစ်စေ၊ အိမ်မှာ မတွေ့ရတော့ပါ။

မေမေ့ကို မေးကြည့်တော့မှ နောက်နေ့ရုံးသွားသောအခါ သူက အဲဒီအထုပ်ကလေးအား သူ့ရုံးကားမောင်းသူ ဦးဟုတ်ပုံ့လက်သို့အပ်ကာ ရုံးသို့ယူဆောင်သွားစေသည်ဟု သိရပါသည်။ ဦးဟုတ်ပုံ့က ရုံးရောက်လျှင် ဖေဖေ့ လက်ဆွဲအိတ်၊ စာရွက်စာတမ်းတွေကို ပါတီဌာနချုပ် ရုံးခန်းအရောက်ပို့နေကျ ဖြစ်ပါသည်။ အလိုရမ္မက်နည်းပါးသော ချုပ်တည်းနိုင်စွမ်းကြီးသော ဖေဖေက ကြံ့ကြံ့ခံနှစ်သက်နေသော နာရီကလေးဖြစ်သောကြောင့် ကျွန်မကလည်း သတိတရဖြစ်နေခဲ့ပါသည်။ ဦးဟုတ်ပုံ့အား ကျွန်မက စပ်စပ်စုစု မေးကြည့်သောအခါ ဦးဟုတ်ပုံ့က ကြည့်လာပြီးနောက်၊ စည်းရုံးရေးဌာနမှူးရုံးခန်း၏ နံရံတွင် ဖေဖေ့တပည့်တွေက ချိတ်ပေးထားပြီဟု ပြောပြပါသည်။

"ဘယ်နံရံမှာ ချိတ်သလဲ ဦးဟုတ်ပုံ့ ဖေဖေမြင်ရတဲ့ နေရာဆိုရင် ကောင်းမှာပဲလို့ မတယ်ဒီက ခံစားကြည့်မိနေလို့"

ဦးဟုတ်ပုံ့က ရယ်ပါသည်။

"သူထိုင်တဲ့နေရာနဲ့ ရေ့တည့်တည့်ပဲ မတယ်ဒီရဲ့"

ဟုလည်း ပြောပြပါ၏။ ကျွန်မတို့သည် ဥစ္စာငွေကြေးကြွယ်ဝသော မိသားစု မဟုတ်ပါ။ စေတနာနှင့်မေတ္တာတွေက အလျှံပယ်ပြည့်စုံပါသည်။ ကိုယ်ကျင့်သိက္ခာနှင့် ရိုးသားမှုကို ရှေ့တန်းတင်သည်ဟု လက်မထောင် အာမခံပါသည်။ ဖေဖေသည် တပည့်လက်သားမည်သူ့ကိုမဆို ခင်ဗျား၊ ကျွန်တော်နှင့် ယဉ်ယဉ်ကျေးကျေး နိမ့်နိမ့်ချချ စကားပြောပါသည်။ သူသည် အလိုရမ္မက်နည်းပါးပြီး ချုပ်တည်းနိုင်စွမ်း ကြီးလွန်းပါသည်။ ဒေါသချုပ်တည်းရာမှာ စံတင်လောက်သည်၊ စာနာမှုရှိသည်ဟု သူ့လုပ်ဖော်ကိုင်ဖက်များနှင့်တကွ လက်အောက်ငယ်သားတွေက ပြောကြပါသည်။ တစ်ခါတစ်ရံ တွေးမိပါသည်။ အရင်တုန်းကထက် ပိုမိုလောဘတက်စွာ ရမ္မက်ကြီးစွာနှင့် ပြည်သူလူထုကို မငဲ့ကွက်တမ်း တစ်နိုင်ငံလုံးရှိရှိသမျှ ကျောက်သံပတ္တမြားတွေ၊ သယံဇာတတွေ၊ ရေမြေသစ်တောတွေ အကုန်လုံး အပိုင်သိမ်းဆည်းကြသည့် စစ်အာဏာရှင်များနှင့် သူတို့၏ လက်ပါးစေခိုင်းများအလယ်မှာ ခုခေတ်လိုများ ရှိနေမည်ဆိုပါလျှင် ဖေဖေသည် လှေခွက်ချည်းဆန်ပါဦးမလား။ အလံထူထားပါဦးမလား။ ဖေဖေသည် လှေခွက်ချည်းဆန်မည့်သူ၊ အလံမလှဲမည့်သူဟု မျက်ကန်းတစ္ဆေမကြောက်သော မျက်စိမြင်သောကြောင့်လည်း တစ္ဆေမကြောက်သော ကျွန်မကတော့ ယုံကြည်မြဲ ယုံကြည်ဆဲဖြစ်ပါသည်။ ခလရ (၃၆) ကျုံပျော် အကြောင်းဆက်ကြပါဦးမည်။

ကျုံပျော်မြို့မှ တပ်ရင်းမှူးနှင့် မိသားစုကို လာရောက်ကြိုဆိုကာ ကားလမ်းဖြင့် ဂျစ်ကားတွေ ဒေါ့ဂျစ်တွေစီးပြီး တပ်သို့ ရောက်ရှိလာကြပါသည်။ တပ်သို့ရောက်သည်နှင့် စောင့်မျှော်နေကြသောတပ်အင်အားစုအားလုံးက ကြိုဆို နှုတ်ဆက်ဂါရဝပြု ကြပါသည်။ ကျုံပျော်တပ်၏ ရာဇဝင်ကိုပြန်ပြောရပါမူ တပ်သည် ယူစီအေတပ် **UCA Union Conserity Army** ဖြစ်ခဲ့ပါသည်။ အသွင်ပြောင်း ပြည်စောင့်ရဲတပ် (ပြည်ထောင်စုစစ်ရဲတပ်ရင်း) ဟု ခေါ်ဆိုခဲ့ပါသည်။ ကျုံပျော်သည် အမည်းရောင်နယ်မြေ ဖြစ်ပါသည်။ ဗိုလ်မှူးကြီးဟန်သိန်းသည် ကျုံပျော်တပ်ရင်းမှူးအဖြစ် တာဝန်ထမ်းဆောင်ရှုးပါသည်။

သူနောက်ရောက်ရှိခဲ့သော တပ်ရင်းမှူး ဗိုလ်မှူးဇော်မင်းသည် ချုံခိုအတိုက် ခံရပြီး ကျဆုံးခဲ့ပါသည်။ ဖေဖေ့မတိုင်မီက တပ်ရင်းမှူးမှာ ဗိုလ်ကြီးသိန်းတန် ဘီစီ ၆၀၀၀ ဖြစ်ပါသည်။ သူက ကျွန်မ၏ဖခင် ဗိုလ်မှူးတင်ဝင်းညို ဘီစီ ၆၁၂၃ အား တပ်လွှဲပြောင်းပေးကာ ဖေဖေက လက်ခံယူပါသည်။ တပ်ရင်းမှူး မိန့်ခွန်းမှာ တိုတို တုတ်တုတ်ပင်ဖြစ်ပါသည်။

**စစ်သည်တွေက သစ္စာရှိရှိ တာဝန်ထမ်းဆောင်ကြပါ။ ကျွန်တော်က အသိတရားနှင့် အုပ်ချုပ်ပါမည်။ အမိန့်ပေးစနစ်ကို မကျင့်သုံးပါ။**

ခလရ (၃၆) ၏ဖွဲ့စည်းပုံအရ တူးအိုင်စီ ဒုတပ်ရင်းမှူးမှာ ဗိုလ်မှူးအေးချို ဖြစ်ပါသည်။ သူသည် ပိန်ပိန်ရှည်ရှည်ကြီးဖြစ်ရကား သူ့ဇနီးဒေါ်လှညွန့်သည် အရှိ ထက်ပိုပြီး ပုသလို ဝသလို ထင်မှတ်ရပါသည်။ သူ့သားသမီးများမှာ တူးတူးတာတာ၊ ကောင်းကောင်းနှင့် လှလှမြင့်တို့ဖြစ်ကြပါသည်။ မေမေနှင့်အန်တီ ဒေါ်လှညွန့်သည် အထက်တန်းကျောင်းအားကစားရုံတွင် ကြက်တောင်ရိုက်လေ့ရှိကြသည်ကို ကျွန်မ မှတ်မိပါသည်။ ဗိုလ်မှူးအေးချို ပြောင်းသွားသောအခါ အသစ်ရောက်လာသော တူး အိုင်စီမှာ ဗိုလ်မှူးမြတ်သင်းဖြစ်ပါသည်။ နောင်သောအခါ သူသည်ဒုတိယ ဗိုလ် ချုပ်ကြီးအဆင့်အထိ ရာထူးတိုးမြင့်ခဲ့ပါသည်။ ဗိုလ်မှူးမြတ်သင်း၏ဇနီး အန်တီ ဒေါ်မေညွန့်ရီသည် တော်တော်ချောမောလှပသူ ဖြစ်ပါသည်။ သူ့ကို ကျွန်မ သတိရ တတ်တာက သူသည် အတော်အသန့်ကြိုက်ပြီး လက်တွေမကြာခဏ ဆေး တတ်ပါသည်။ သူတို့တွင် ကလေးသုံးယောက် ရှိကြပါသည်။ ကိုစန်းဝင်း၊ သမီးက မပုံ့ကြည်၊ အငယ်ဆုံးက ကိုသက်ခွေဟု ခေါ်ပါသည်။ တပ်ရေးဗိုလ်ကြီးမှာ ဗိုလ်ကြီး လအုန်းယော်ဖြစ်ပါသည်။ လက်ထောက်ဗိုလ်ကြီးလှမြင့်သည် စည်းစနစ်ကျသူ ဖြစ်သည်ဟု လူသိများပါသည်။ တပ်ထောက်ဗိုလ်ကြီး ကိုကိုလေးသည် နောက်ပိုင်း မှာ ဒုဗိုလ်မှူးကြီးဖြစ်ပြီးနောက် အငြိမ်းစားယူပါသည်။ သူ့ဇနီး ဒေါ်သန်းသန်းမြင့်၊ သမီးတင်လေးမွန်၊ ခင်လေးမွန်၊ တူဖြစ်သူ ထွန်းဝင်းတို့သည် မိသားစုမိတ်ဆွေအဖြစ် အနှစ်နှစ်အလလ ခင်မင်ရင်းနှီးလာခဲ့ကြကာ ၂၀၁၃ ခုနှစ်လည်ပိုင်းတုန်းက အန်တီမြင့် ကွယ်လွန်သွားခဲ့သည့်တိုင် ကျွန်မတို့သည် အဆက်အသွယ် မပြတ်ခဲ့ကြပါ။

အဲဒီ မိသားစုမိတ်ခွေများသည် ဖေဖေ့ကို ထိန်းသိမ်းထားချိန်မှစပြီး ထောင်ချလိုက်ကာ နောက်ဆုံးထောင်မှ တရားရှင်လွှတ်လိုက်သည်အထိ အဆက်အသွယ်ပြတ်ကြရသည်ကိုတော့ ပွင့်လင်းမြင်သာလာသော၊ စာနှင့်ပေနှင့် မထုတ်ပြန်သော နားလည်မှု၊ ကျူးငုတ်မကျန်အောင် ဖြတ်ခြင်းဆိုတာတွေကို သိလာကြလေပါ။ တပ်ခွဲ(၁)တွင် ဗိုလ်ကြီးစံလှ ရှိနေခဲ့ပါသည်။

တပ်ခွဲ(၂)ကို ဗိုလ်ကြီးကျော်စိန် အုပ်ချုပ်ပါသည်။ ဒီနှစ် ၂၀၁၃ ထဲမှာ သူကွယ်လွန်သွားပါပြီ။ သူ့အသုဘကိုတော့ ကျွန်မသွားမပို့ဖြစ်ခဲ့ပါ။ သူ့ဇနီးဒေါ်လှလှသည် ပြီးခဲ့သောလေးငါးနှစ်က ကွယ်လွန်သွားပြီဖြစ်ပြီး ကျွန်မက ဟသ်ာတသို့သွားကာ အသုဘပို့ဖြစ်ခဲ့ပါသည်။ သူတို့တွင် သားသမီးသုံးယောက် ရှိပါသည်။ နောင်အခါ စစ်ဗိုလ်ဖြစ်လာပြီး ကျွန်မ၏မတ်ဖြစ်လာမည့် သူတို့၏ သားကြီးကိုဌေးဦး၊ သားလတ်အောင်ခိုင်သန်း(ခိုင်ခိုင်) နောင်အခါ ဗိုလ်ကြီးဖြစ်လာပြီး အငြိမ်းစားယူသွားလျက် ပုဂ္ဂလိကလုပ်ငန်းတစ်ခုတွင် ပါဝင်ဆောင်ရွက်နေကာ ကျန်းမာရေးချို့ယွင်းနေပါသည်။ သမီးငယ်ဘောဘီက ယခုအခါ ဟသ်ာတမြို့တွင် အထက်တန်းပြဆရာမ ဖြစ်နေပါသည်။ သူ့ကို သူ့အသက် သုံးလေးနှစ်တုန်းက ထဘီဝတ်၊ ပုသိမ်ထီးကလေးဆောင်းကာ သူ့မိခင်ကို လက်တွဲပြီး ခလရ(၃၆) တပ်တွင်းမြေနီလမ်းမှာ လျှောက်လှမ်းလာနေသည်မှာ ကျွန်မ အမြဲမှတ်မိနေသော ပုံရိပ်ဖြစ်ပါသည်။

တပ်ရေးဗိုလ်ကြီး လအုန်းယောက်တို့၏သမီးများမှာ ခွန်ဂျင်းနှင့် လုတောင်ဖြစ်ပြီး စုံစုံ၏သူငယ်ချင်းတွေ ဖြစ်ကြပါသည်။ သူတို့ကစားတတ်သော သက်မဲ့ကျောက်ရုပ်ကြွင်းကို ကျွန်မတို့ မေမေတို့က မလှမ်းမကမ်းမှ လှမ်းကြည့်ရယ်မောကြရပါသည်။

ဗိုလ်ကြီးသန်းထွန်းသည် ခလရ(၃၆)တွင် ဒေါ်ဌေးဌေးသန်းနှင့် အိမ်ထောင်ကျခဲ့ပါသည်။ ယခုအခါ သူတို့၏သား အောင်ကျော်ထွန်းသည်ပင် ဗိုလ်မှူးဖြစ်နေပါပြီ။ ဗိုလ်နေဝင်းဆိုသူမှာ ခလရ(၃၆)သို့ ပထမဆုံးအနေနှင့် တာဝန်ပေးအပ်ခံရသော ဒုဗိုလ်ကလေး ဖြစ်ပါသည်။ ကျွန်မမှတ်မိသည်မှာ သူ့ကိုဖေဖေနှင့်တကွ သက်ကြီးအရာရှိများက မျက်စိစပါးမွေး စူးကြပါသည်။

သူသည် ခေတ်လူငယ်ပီပီ ဆံပင်ရှည်ရှည်၊ စစ်ဘောင်းဘီကို ကျပ်နိုင်သမျှ ကျပ်အောင် သီထားချုပ်ထားပါသည်။ ကျွန်မတို့၏ဂျစ်ကားကို မောင်းသော ရဲဘော်ညွန့်ရွှေ၏ဇနီး ဒေါ်ခင်လှက သူ့ဘောင်းဘီတွေကို သီပေးရသဖြင့် ညည်းညူပါသည်။

"မင်းဆံပင်ကို စစ်သားလို စကစ်ညှပ်ပါ။ ဘောင်းဘီတွေကို သာမန်အတိုင်းထား"

ဆိုပြီး ဖေဖေက ပြောသည်ဟု မေမေက ကျွန်မတို့အား ပြန်ပြောပြသည်။ ဗိုလ်နေဝင်း၏ ဘောင်းဘီတွေကို သီထားတာတွေ ပြန်ဖြုတ်ပေးရပြန်တော့ ဒေါ်ခင်လှ၏ ညည်းတွားသံကို ကျွန်မတို့နားထဲ ဒက်ထိကြားခဲ့ရပါ၏။ သူသည် နောင်အခါ ဗိုလ်မှူးအထိ ရာထူးတိုးမြှင့်ခဲ့ပါသည်။ ရန်သူ့ကျည်ဆံထိပြီး ကျဆုံးသွားခဲ့တာ ကိုလည်း ကျွန်မတို့က အဝေးမှ ကြားသိခဲ့ရပါသည်။

ကျွန်မ အမှတ်တရရှိနေသေးသူက အာရ်အက်စ်အမ်ကြီး ဦးကျော်သူဖြစ်ပါသည်။ သူနှင့် ဇနီးဒေါ်ခင်လှိုင်တို့၏ သမီးခင်မေနီနှင့် ကျွန်မတို့ရင်းနှီး ကျွမ်းဝင်ကြပါသည်။ ခုတော့ သူဘယ်ရောက်နေသလဲ ကျွန်မတို့ မသိတော့ပါ။ ဦးမြတ်ထွန်းသည် ဖေဖေ့တပ်သို့ ၁၉၆၆ ခုနှစ်က လားရှိုးမှ ပြောင်းမိန့်ကျပြီး ရောက်ရှိလာသော တပ်ကြပ်တစ်ဦး ဖြစ်ပါသည်။ သူတွင် ဇနီးနှင့် သားသမီးခုနစ်ယောက် ပါလာပါသည်။ ရန်ကုန်အထိ ရထားစီး၊ ထိုမှတဖန် လက်ပံတန်း၊ သာရဝေါ၊ ဟသ်္သတ အဆင့်ဆင့်ရထားပြောင်းကာ နောက်ဆုံးမှာ ရေကြည်ရောက်ရှိပါသည်။ သူသည် ရှေးခေတ်ပညာအရည်အချင်းရှိပြီး တွေးခေါ်ကြံဆမှု ကောင်းသည်ဟု ကျွန်မက ယူဆပါသည်။ အငြိမ်းစား ဒုဗိုလ်မှူးကြီးကိုကိုလေး၏ဇနီး ဒေါ်သန်းသန်းမြင့်၏ ရက်လည်သို့ ကျွန်မသွားခဲ့ရာမှ ဦးမြတ်ထွန်းနှင့် ပြန်လည်ဆုံတွေ့ရပြီးနောက် ဖေဖေ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ ရေးသားမည်ဆိုပါက သူသိသလောက် ပြောပြကူညီမည်ဟု သူကိုယ်တိုင်က လိုလားစွာ ဆန္ဒထုတ်ဖော်ခဲ့သောကြောင့်လည်း ဦးတင်ဝင်းညို၏ **"ကိုယ်ရေးအတ္ထုပ္ပတ္တိ"** အား စတင်ရေးသားဖြစ်ခဲ့သည့်အတွက် ဦးမြတ်ထွန်းကို ကျေးဇူးတင်ပါသည်။ အကယ်၍ ဖေဖေ့ ကိုယ်ရေးအတ္ထုပ္ပတ္တိအား ကျွန်မရေးသားမည်ဆိုပါက ပုံနှိပ်ထုတ်ဝေပေးပါမည်ဟု ဝိတောက်ပွင့်သစ်မဂ္ဂဇင်း အယ်ဒီတာချုပ်

ကဗျာဆရာ မောင်စိမ်းနီက အားထည့်ပေးသည့်အတွက်လည်း အလွန်ကျေးဇူး တင်ရပါသည်။ ရဲဘော်မောင်မြင့်သည် အိမ်မဲမြို့နယ်၊ ခလရ(၆၃)သို့ ပြောင်းရွှေ့အမှု ထမ်းခဲ့ပြီးနောက် အင်းစိန်မြို့နယ်၊ အောင်ဆန်းသို့တိုင် ပြောင်းရွှေ့လိုက်ပါလာခဲ့ပါသည်။ ဤကား ခလရ(၃၆)နှင့် ပတ်သက်သော အသိအကျွမ်း မှတ်တမ်းဖြစ်ပါသည်။

ကွာတား (အချုပ်)ကျသော ရဲဘော်သည် ရိက္ခာမရဘဲ သူ့ကို ကျွေးမွေးဖို့ ချက်ပြုတ်သည့်အထဲ ပါသွားပါသည်။ ထိုကြောင့် သူ့တွင်မိသားစုရှိပါက မိသားစု ဒုက္ခရောက်ကြပါသည်။ မိသားစုပြဿနာ ဖြေရှင်းပေးရန်အတွက် အချုပ်ကျရက် တစ်ပတ်ဖြစ်စေ၊ နှစ်ပတ်ဖြစ်စေ၊ ကြာသလောက် ရိက္ခာထုတ်ပေးဖို့ ဖေဖေက တပ်ထောက်မိုလ်ကြီးအား ပြောကြားပါသည်။

စစ်ဆင်ရေးမလိုက်ရသော စစ်သားသည် မိသားစုစားဝတ်နေရေး မပြေ လည်ပါ။ ထိုကြောင့် ဝက်မျိုးကောင်းမျိုးသန့်ရှာကာ မိသားစုတိုင်း တစ်ကောင်စီ မွေးနိုင်ပြီး ဝက်ဖိုးကို အရစ်ကျပေးချေစေပါသည်။ တစ်နေ့တွင် တပ်ရင်းမှူးအစည်း အဝေး၌ တိုင်းမှူးဗိုလ်မှူးကြီးစံကြည်က "ခလရ(၃၆)တပ်ကို စစ်တဲ့အခါမှာ ကရင် ရွာကြီးဖြစ်နေတာ တွေ့ရတယ်" ဟု အလိုမကျစွာ မှတ်ချက်ချပါသည်။ ဆက်လက် ဝက်မွေးကြသည်ကို ထောက်ချင့်လျှင် တိုင်းမှူးသည်လည်း စစ်သည်မိသားစုများ အပေါ် စာနာတတ်သည်ဟု ကောက်ချက်ချနိုင်ပါသည် "တိုင်းမှူးဖြစ်စေချင်တဲ့အ တိုင်း စစ်သည်တွေနဲ့ မိသားစုစားဝတ်နေရေး အဆင်ပြေအောင် အကောင်အထည် ဖော်ထားပါတယ်" ဟု ဖေဖေက ဆက်ပြောပါသည်။ တိုင်းမှူးက မျက်လုံးကြီးပြူးပြီး ကြည့်သည်ဟု ဆိုပါသည်။

"မိသားစု စိတ်ချမ်းသာမှ ရဲဘော်စစ်တိုက်နိုင်မှာမို့ပါ"

တပ်ရင်းမှူး နေအိမ်သည်ကချောင်းနံဘေးမှာ မေးတင်နေပါသည်၊ မြေစိုက် သစ်သားအိမ်ဖြစ်ပြီး အိပ်ခန်းသုံးခန်း၊ ထမင်းစားခန်း၊ ဧည့်ခန်းတို့ ရှိပါသည်။ ဖေဖေက အိမ်မှ လျှောက်လာပြီး ရုံးခန်းတွင် ရုံးထိုင်ပါသည်။ အလုပ်စားပွဲပေါ်တွင် စာရွက် စာတမ်းတွေတစ်ထပ်ကြီး စောင့်ဆိုင်းနေပါသည်။ ရန်သူ့သတင်းကို ဦးစားပေး ကြည့်ရှုပါသည်။ ထိုအချိန်က ရေဝတီတိုင်းသည် ကွန်မြူနစ်၊ ကေအင်ဒီအို၊ ရောင်စုံ

သူပုန်များကြောင့် မအေးချမ်းသော အညိုရောင်၊ အမည်းရောင်နယ်မြေများ ဖြစ်ခဲ့ပါသည်။ လက်နက်ခဲယမ်းမီးကျောက် တောင်းစာတွေတက်လာလျှင် ဂိုကွန်ထရိုးလ် G Control စစ်ဦးစီးကြီးကြပ်ကာန့်သတ်ပစ္စည်းအနေနှင့် လက်မှတ်ရေးထိုးပါသည်။

အိမ်ရှေ့အဝင်တံခါးဝအနီးမှ ညှော်ခန်းဆောင်သည့် နေအိမ်သည် တသွင်သွင်စီးနေသော ကချောင်းကို မြင်တွေ့နေရပါသည်။ ကချောင်း၏ ဟိုမှာဘက်ကမ်းတွင် ကင်းဘုတ်တစ်ခု ရှိပါသည်။ နေအိမ်နှင့် မလှမ်းမကမ်းတွင် ကင်းဘုတ်တစ်ခု ရှိပါသည်။

စပ်ဟပ်မိတုန်း ပြောပြရလျှင် မှတ်မှတ်ရရ ဆယ်တန်းအောင်စာရင်း ထွက်သည့်နေ့က မကြားဝံ့ ရင်မဆိုင်ဝံ့သော ကျွန်မသည် ကင်းဘုတ်ထဲမှာ သွားပုန်းနေကာ သမီးနာမည်ပါရင် နားတောင်ပြီး သမီးကိုလာပြောခိုင်းနော် မေမေဟု မှာကြားထားပါသည်။ နေ့ခင်းဖြစ်သည်ဟု ထင်ပါသည်။ ကျွန်မတို့ခေတ်က အောင်စာရင်းကို ရေဒီယိုမှကြေညာမြဲ ဖြစ်ပါသည်။

သတ္တိပြ ပုန်းအောင်းနေသော ကျွန်မအား ညီမနီနီက မမရေ အောင်တယ် မမရေနှင့် တကြော်ကြော်အော်ခေါ်ရင်း အိမ်ရှေ့တံခါးမှ ထွက်ကာ ကျွန်မရှိနေသော ကင်းဘုတ်ဆီသို့ လျှောက်လာခဲ့ပါသည်။ ဓာတုဗေဒ ဂုဏ်ထူးရတယ်ဟု နီနီက ဝမ်းမြောက်ဝမ်းသာ သတင်းပေးပို့ပါသည်။

ဟင်···ဒါပဲလားဟု ကျွန်မက ရေရွတ်ရင်း ကင်းဘုတ်ထဲမှထွက်လာပါသည်။ သူ့ခမျာ အမောတကော အပြေးလာပြောသည်ကို ကျွန်မက ဟက်ဟက်ပက်ပက် မကြိုဆိုသည့်အတွက် စိတ်ပျက်အားလျော့သွားပုံလည်း ရပါ၏။ ကျွန်မကို စောင့်မခေါ်ဘဲ အိမ်ဘက်ပြန်လှည့်သွားပါတော့သည်။

ဟုတ်ပါဘူးဟယ်၊ ငါက ဒီထက်များ ဒီပိုရမလားလို့ပါဟု ရယ်ကျဲကျဲ လျှောချရင်း ကျွန်မက နီနီ့နောက်မှ ခပ်သုတ်သုတ် လိုက်လာရပါတော့သည်။ ကင်းဘုတ်များနှင့်၊ ကျွန်မနှင့်၊ ဆယ်တန်းစာမေးပွဲ အောင်စာရင်းအကြောင်းတွေမှ တဖန် ခလရ(၃၆) တပ်ရင်းသို့ ပြန်သွားသင့်ကြပါပြီ။

တပ်အပြင်မှာ ဆန်စက်နှင့်ကပ်နေသဖြင့် ကင်းထားရပါသည်။ တပ်မှ ရေကြည်သို့သွားလျှင် တပ်စိတ်တစ်စိတ် ထည့်ပေးရပါသည်။ ငါးသိုင်းချောင်းသို့

သွားလျှင် တပ်စိတ်နှစ်စိတ် ကျောင်းကုန်းသို့သွားပြီဆိုလျှင် တပ်စုတစ်စု။ ကျောင်းကုန်းမှာ တပ်ခွဲတစ်ခွဲထားပါသည်။ အသုတ်မှာ တပ်ခွဲတစ်ခွဲ၊ ရေကြည်မှာ တပ်ခွဲတစ်ခွဲ။ စစ်ဆင်ရေးထွက်လျှင် တပ်ခွဲနှစ်ခွဲထွက်ပြီး တပ်ခွဲသုံးခွဲက လုံခြုံရေးတာဝန်ယူရပါ သည်။ အင်္ဂလိပ်ချမှတ်ခဲ့ပြီး မြန်မာတပ်မတော်မှ ဆက်လက်အသုံးပြုနေသော စစ်ဆင် စစ်တက် အတတ်နည်းပရိယာယ်နှင့် နည်းဗျူဟာများအရ ဆက်ဆံညှိနှိုင်းခြင်း Mission ကုန်သွယ်ခြင်း Merchandize စစ်ရေးစစ်ရာ Military ကို ကျင့်သုံးပါသည်။ နိုင်ငံရေးအခြေအနေမှာ အင်္ဂလိပ်အုပ်ချုပ်မှု နောက်ဆုံးသက်တမ်း ပင် ဖြစ်ပါသည်။

ဖေဖေသည် စစ်ရေးအပြင် နိုင်ငံရေးမျက်နှာစာကိုလည်း တိုင်းမှူးကိုယ်တိုင်တိုက်ရိုက်တာဝန်ပေးချက်အရ ကျုံပျော်အပြင် အသုတ်၊ ငါးသိုင်းချောင်းတို့ကိုလည်း ပူးတွဲတာဝန်ယူခဲ့ရပါသည်။ ဖေဖေသည် ကွင်းဆင်းလေ့လာသော စနစ်ကို ကျင့်သုံးပါသည်။

သူ၏ ဂျာကင်အောက်ဆုံးအိတ်တွင် ဘီစကွတ်နှင့် သကြားလုံးများကို အပြည့်ထည့်ထားပြီး ရွာတွေသို့ သူလာမည်ဟု ကြိုတင်သတင်းပို့ထားလေ့ မရှိတတ်ပါ။ သူရောက်လျှင် ကလေးတွေအား ဘီစကွတ်နှင့် သကြားလုံးများပေးပါသည်။ ပြီးမှ ရွာလူအဝင်အထွက်ကို ကလေးတွေအား မေးမြန်းသုံးသပ်တတ်ပါသည်။

"ကလေးတွေက မလိမ်တတ်ဘူး"

ဒါက ဖေဖေ လက်သုံးစကားနှင့် ယုံကြည်ချက်ဖြစ်ပါသည်။ ဖေဖေသည် ထိုခေတ်က နာမည်ကြီး လူသိများသော သောင်းကျန်းသူသန်းရှိန်နှင့် တွေ့ဆုံဖူးသလားဆိုတာ ကျွန်မမသိသော်လည်း သူ့ဖြတ်သန်းသွားလာခိုက် သန်းရှိန်ကတော့ တွေ့မြင်လိုက်တာတွေ ရှိမှာသေချာပါသည်။ ဘာကြောင့် သူမပစ်ခတ်ခဲ့သလဲဆိုတာကလည်း ရှင်းပါသည်။

ဖေဖေက သန်းရှိန်၏နေအိမ်တွင် နားနေကာ ရေနွေးကြမ်းသောက်လေ့ရှိပြီး သန်းရှိန်၏မိခင်က ပဲကြီးလှော်၊ မြေပဲဆားလှော်ရှိတာနှင့် ဧည့်ဝတ်ပြုလေ့



ဆရာစံ၊ သခင်ဘိုးလှကြီး မော်ကွန်းရုပ်တုတွင်
ဦးတင်ဝင်းညိုအား ဒုတိယလိုင်း လက်ျာအစွန်၌

ရှိသည်ဟု သိရပါသည်။ ထွေရာလေးပါး စကားစမြည်ပြောဆိုကြရင်း သူတို့သည် အတိုင်းအတာတစ်ခုအထိ ခင်မင်မှု ရှိကောင်းရှိခဲ့နိုင်ပါသည်။ သန်းရှိန်၏မိခင် လို အပ်သည်ကို ဖေဖေက သူ့အလေ့အထအတိုင်း ကူညီမှာကတော့ သေချာပါသည်။ လိုရင်းကို ရှင်းရှင်းပြောရလျှင် ဖေဖေသည် ချုံခိုတိုက်ခိုက်ခြင်း မခံခဲ့ရပါ။ ပုသိမ်တိုင်းတွင် ကရင်သူပုန်များစွာရှိကြပါသည်။

နို့တစ်လုံးစိန် (အချို့ကလည်း အမည်အမှန်သည် နော်တလုံးစိန် ဖြစ်သည်ဟု ပြောကြပါသည်။) မြပုခက်တို့သည် နာမည်ကြီးသူပုန်များ ဖြစ်ကြပါသည်။ တစ်ကြိမ်တွင် နို့တစ်လုံးစိန်နှင့် အဖွဲ့သည် ကုန်ကားကြီးနှင့် ဝင်လာကာ ငါးသိုင်းချောင်းအား စီးနင်းပါသည်။ ထို့နောက် ချောင်းကို ဖြတ်ပြေးသွားကြပါသည်။

ဖေဖေက စစ်ဂျစ်ကားနှင့် နောက်မှလိုက်ပြီး ကိုယ်တစ်ပိုင်းထွက်ကာ သေနတ်နှင့်ပစ်သည်ဟု မြို့ခံတွေက ပြောပြကြပါသည်။ မြေမှာဝပ်နေသော ကရင်မကြီးက "ဟဲ့… ဗိုလ်မှူးထိမယ် ထိမယ်ဟု အော်ဟစ်သတိပေးရသည်" ဟု ဆိုပါသည်။ အင်း… သူအော်မှပဲ ကျွန်တော် စစ်ဗိုလ်ဆိုတာသိပြီး ကျည်ဆံထိတော့မှာပဲဟု ဖေဖေက ရယ်ပွဲဖွဲ့ခဲ့သည်ဟု ဆိုပါသည်။

မြပုခက်သည် ခြေတစ်ဖက်ပြတ်နေကာ နှစ်ယောက်ထမ်းသော ပုခက်ထဲမှ သေနတ်ပစ်သည်ဟု ကြားဖူးပါသည်။ ခြုံငုံပြောလျှင် မြစ်ဝကျွန်းပေါ်မှ ကရင်တွေသည် ဦးတင်ဝင်းညိုကို ချစ်ခင်သူကများပြီး ဗိုလ်မှူးရွှေဘဟု တင်စားခေါ်ဝေါ်လေ့ ရှိကြသည်ဟု ဆိုပါသည်။ အဲဒီခေတ်က ရွှေဘခေတ် ဖြစ်ပါ၏။

ရောဝတီတိုင်းအတွင်း သောင်းကျန်းသူများအား တပ်မတော်က အစာဖြတ်၊ ရေဖြတ်၊ အဆက်အသွယ်ဖြတ်၊ ခရီးလမ်းကြောင်းဖြတ်၊ ဖြတ်လေးဖြတ်နှင့် တိုက်စစ်ဆင်ခဲ့သောကြောင့် အများအပြားကျဆုံးသူနှင့် လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်သူနှင့် အထိုက်အလျောက် အေးချမ်းခဲ့ရာ ခလရ(၃၆)သည် တိုက်တိုင်းအောင်တပ်ဟု နာမည်ရခဲ့ပါသည်။

ဦးတင်ဝင်းညိုသည် လူအများအား အမှန်တရားကို သိစေချင်သည်။ ဒုက္ခမရောက်စေချင်ပါ။ လူအများအားကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်

ပြည့်စုံစေချင်သည်။ လူအများ၏ ဆန္ဒအားလုံး ပြည့်ဝစေချင်သည်။ လူတွေတွင် ကိုယ်ချင်းစာတရား ရှိစေချင်သည်။

၁။ ကိုယ်ကိုယ်တိုင်က အမှန်တရားကို ကျင့်သုံးမည်။

၂။ လိမ်လည်လှည့်ဖြားမှုကို လုံးဝလက်မခံပါ။

၃။ အလုပ်ကို မျက်စိရှေ့မှာ လုပ်ပြတာထက် မျက်ကွယ်မှာ သစ္စာရှိရှိ တာဝန်သိသိ လုပ်စေချင်သည်။

၄။ မည်သူ့ကိုမျှ ချုပ်ချယ်လိုစိတ်မရှိ။

၅။ လွတ်လပ်မှုကို အပြည့်အဝခံစားရစေချင်သည်။

၆။ လူအများကို အသိပညာ အတတ်ပညာ ရစေချင်သည်။

၇။ အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်သော အရည်အချင်း ရှိစေချင်သည်။

၁၉၇၀ ပြည့်နှစ်တွင် ဖေဖေသည် ပုသိမ်မြို့သို့ ဂျီဝမ်း G1 အဖြစ် ပြောင်းရွှေ့ရပါသည်။ ပုသိမ် နတ္တခတိုင်းမှူးမှာ ဗိုလ်မှူးကြီးစံကြည်၊ ဒုတိုင်းမှူးမှာ ဗိုလ်မှူးကြီး အောင်ဘွင့်ဖြစ်ပြီး နောက်တော့ ဗိုလ်မှူးကြီးခင်ဇာမုံ ပြောင်းရွှေ့လာပါသည်။

ကျုံပျော်သို့ တပ်ရင်း(၅၁)မှပြောင်းရွှေ့လာသော တပ်ရင်းမှူးမှာ ဗိုလ်မှူး ခင်လှ ဖြစ်ပါသည်။ ဧရာဝတီတိုင်းသည် အနက်ရောင်နယ်မြေ ဖြစ်နေပါသည်။ တပ်ထဲမှာသာလုံခြုံပြီး တပ်အပြင်ထွက်သည်နှင့် သောင်းကျန်းသူနယ်မြေဖြစ်နေ၏။ ဖေဖေသည် အရှေ့တောင်တိုင်းနှင့် ဧရာဝတီတစ်ခွင်တွင် စည်းရုံးရေးအနေနှင့် ပါတီကျောထောက်နောက်ခံ တောင့်တင်းနေခဲ့ပါပြီ။

ထိုအချိန်တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသည်လည်း အညွန့်ထိုးတက်ရန် အားယူနေပါ၏။ ၁၉၇၁ ခုနှစ်တွင် ကွန်မသည် ခင်ပွန်းဖြစ်သူ ဒေါက်တာ ဖေမြတ်ဝင်း တာဝန်ကျရာ ပဲခူးဘုရားကြီးမှ အနောက်တောင်တိုင်းရှိ ဖေဖေတို့ နေအိမ်သို့ပြန်ပြီး ပုသိမ်ဆေးရုံကြီးတွင် သမီးဦး မြတ်ခက်ညိုကို မွေးဖွားပါသည်။ ဖေဖေက မြေးချီပိုးပွေ့ပိုက်နေတာကိုကြည့်ပြီး သူသည်ကလေးချစ်တတ်သူ ဖြစ်ကြောင်းကို ကြည်နူးစွာဖြင့် ပိုမိုယုံကြည်မိပါ၏။

၁၉၇၂ ခုနှစ်တွင် ကျွန်မသည် ပဲခူးဘုရားကြီးတွင် ရှိနေပြီး မေမေ၊ ညီမများတို့နှင့် တယ်လီဖုန်း အဆက်အသွယ် မပြတ်လတ်အောင် နေထိုင်ခဲ့ပါသည်။ ဖေဖေ့ကို မဆလပါတီ အတွေ့တွေ့အတွင်းရေးမှူး ဦးစန်းယုကခေါ်သဖြင့် ရန်ကုန်သို့ အားချင်းသွားရသည်ဟု မေမေတို့ထံမှ ကျွန်မတစ်ဆင့် ကြားသိရပါသည်။

ယူနီဖောင်းချွတ်ကာ စစ်သားဘဝကို စွန့်လွှတ်ရမည်ကို ဖေဖေ ဘဝင်မကျသဖြင့် လနှင့်ချီပြီး အချိန်ဆွဲနေခဲ့ကြောင်းကို ကျွန်မတို့ ခံစားကြားသိနေခဲ့ပါသည်။ နောက်ဆုံးတော့ စစ်သားသည် အမိန့်ကို မလွန်ဆန်နိုင်ပါ။ ဖေဖေသည် ခေါင်းပေါင်းနှင့် တိုက်ပုံဆင်ယင်ကာ မကွေးဒေသပါတီကော်မတီဥက္ကဋ္ဌ ရာထူးကို လက်ခံရယူလိုက်ရပါတော့၏။

ထိုခေတ်တုန်းက တာဝန်နှင့်တစ်နေရာပြောင်းရွှေ့ပြီဆိုလျှင် အိမ်ထောင်စုပစ္စည်းတွေကို ဟောင်းတာစုတ်တာတွေပါမကျန် တတ်နိုင်သမျှ သယ်ယူရသည်မှာလည်း တာဝန်တစ်ခု ဖြစ်ခဲ့ပါသည်။ ပိုက်ဆံရှားပါးသောကာလဖြစ်ရကား အသစ်ဝယ်ယူဖို့ဆိုတာ စိတ်ကူးထဲမှာ မရှိနိုင်ကြပါ။ နီနီ၊ စုစု၊ မောင်လေး ဇော်ထွန်းညို၊ ရဲဘော်သက်ဖေနှင့် ဒေါ်ခင်လုတို့မှ မေမေတို့ကို ပေးထားသောကြောင့် မေမေ့ဝမ်းထဲမဝင်ရသည့်တိုင် ကျွန်မတို့ မောင်နှမတွေနှင့် အမူအကျင့် တစ်ပုံတည်း တူညီလှသော ခင်သက်ဝေ၊ သားသမီးတွေ တစ်ပုံတစ်မ ရှိနေသည့်အပြင်၊ ကျုံပျော်တွင် အတူနေထိုင်ကြရင်း သံယောဇဉ်တွယ်ကာ မကွေးသို့ အပြောင်းအရွှေ့တွင် မခွဲမခွာ လိုက်ပါလာခဲ့သော မခင်သန်းဝင်းတို့ဖြင့် မိသားစုအင်အားပြည့်ဖြိုးလာကြသည်ဟု ပြောရပါမည်။

ဖေဖေ့တပည့် ဦးလှသိန်းနှင့် ဦးလင်ကွန်းတို့သည် ကျုံပျော်မှ လိုက်လာကာ မကွေးမြို့တွင် မိသားစုအခြေကျသည်အထိ လိုက်လံပို့ဆောင်ခဲ့ပါ၏။

*



မကွေးတိုင်းဒေသပါတီ

## အပိုင်း(၃)

## မကွေးဒေသပါတီကော်မတီမှသည်

## မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုသို့

ယနေ့အငြိမ်းစားဗိုလ်မှူးကြီး သီဟသူရစိုးသိမ်းသည် ၁၉၇၀ ပြည့်နှစ်တန်းက အနောက်မြောက်တိုင်း စစ်ဌာနချုပ်တွင်ဒုတိုင်းမှူးအဖြစ် မကွေးမြို့ မင်းဘူးမြို့များတွင် စစ်ဗျူဟာရုံးဖွင့် အခြေစိုက်၍ အမှုထမ်းဆောင်ရွက်နေခဲ့ပါသည်။

၁၉၇၂ တွင် ဦးတင်ဝင်းညိုသည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ မကွေးဒေသပါတီကော်မတီဥက္ကဋ္ဌအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရပါသည်။ သူသည် စည်းရုံးရေးဆင်းရင်း ဂန့်ဂေါ၊ ဆော၊ ယောမြို့နယ်များသို့ အနှံ့အပြား ရောက်သွားလေ့ရှိပါသည်။ အဲဒီနေရာတွေကို အမည်းရောင်နယ်မြေဟု သတ်မှတ်ထားပါသည်။

သို့ရာတွင် ဦးတင်ဝင်းညို ဝင်ထွက်သွားလာနေသည်အတွက် ပြဿနာမဖြစ်ခဲ့ပါ။ ၁၉၇၄ ခုနှစ်တွင် နိုင်ငံအနှံ့အပြား မဲဆွယ်ပွဲ ကျင်းပစဉ်က ဦးတင်ဝင်းညိုမဲရ လေရာ အချိုကလည်း သူ့အား ကွန်မြူနစ်ဟု စွပ်စွဲချင်ကြပါသည်။

အမှန်တော့ သူသည် မျှတစွာ ပေါင်းသင်းဆက်ဆံရေး ကောင်းသောကြောင့် လူချစ်လူခင်များတာပဲ ဖြစ်မည်ဟု ယူဆပါသည်။ ဦးတင်ဝင်းညိုနှင့် လုပ်ဖော်ကိုင်ဖက်တစ်ဦးဖြစ်ခဲ့ပြီး နောင်သောအခါ ၁၉၉၂ နောက်ပိုင်းတွင် မဟောသီမဂ္ဂဇင်း၏ အုပ်ချုပ်ရေးမှူးအဖြစ် သိကျွမ်းခင်မင်လာရသည့် ဦးစိုးသိမ်းနှင့် သူ့သမီးငယ် ဉမ္မာစိုးသည် ယခုအခါ ကျွန်မနှင့် မနီးမဝေးနေရာတွေမှာ ရှိနေခဲ့ပါသည်။ မဟောသီမဂ္ဂဇင်းတွင် စာရေးရင်း ကျွန်မသည် တာဝန်ခံအယ်ဒီတာ ဝင်းသူရ၊ အမှုဆောင်အယ်ဒီတာ နေမင်းသိမ်းတို့နှင့်လည်း ခင်မင်ရင်းနှီးလာခဲ့ပါ သည်။ ၄၆ လမ်းထိပ်က Orient စားသောက်ဆိုင်မှာ သူတို့နှင့်အတူ လက်ဖက်ရည်သောက်မုန့်စားရင်း ကျွန်မ၏ စာပေရေးရာကိစ္စတွေမှာ သူတို့နှင့် တိုင်ပင်ဆောင်ရွက်ဖြစ်တတ်ပါ၏။ အနက်ကယ် ဦးစိုးသိမ်းအတွက်တော့ မဂ္ဂဇင်းတိုက်သို့ ပြန်သယ်သွားပေးကာ ဂါရဝပြုလေ့ရှိကြပါလေသည်။ ၁၉၇၂ ခုနှစ်ဆန်းတုန်းက ခင်ပွန်းဖြစ်သူ ဒေါက်တာဖေမြတ်ဝင်းသည် ပဲခူးခရိုင်ဘုရားကြီး တိုက်နယ်ဆေးခန်းမှ မွန်ပြည်နယ် သထုံမြို့သို့ ပြောင်းရွှေ့ရပါသည်။ ကျွန်မသည် သမီးဖြစ်သူ မြတ်ခက်ညို၊ ကူညီစောင့်ရှောက်သော မအုန်းကြည်တို့နှင့်အတူ ရေကန်ရပ်သထုံ မြို့သို့ ရောက်ရှိခဲ့ပါသည်။ ထိုအချိန်က ကျွန်မသည် မပြီးပြတ်သေးသော ဆေးကျောင်းသို့ ပြန်သွားကာ ပညာဆက်သင်မည်ဟု တာစူနေခဲ့ပါသည်။ သို့ရာတွင် ကျွန်မမှာ ဆေးကျောင်းဝင်ဖို့ ကြိုးပမ်းဆဲမှာပဲ သားဖြစ်သူ မင်းမင်းအား ကိုယ်ဝန်ရှိလာခဲ့ပြန်သည့်အတွက် အစီအစဉ် ပျက်ခဲ့ရပြန်ပါတော့သည်။

၁၉၇၃ ခုနှစ်တွင် မြတ်ထွန်းမင်းညို (ခေါ်) မင်းမင်းကို မွေးဖွားပါသည်။ မိခင်ဖြစ်သူက မကွေးမှ သထုံသို့ လာရောက်ကာ မြေးယောကျ်ားလေးကို ကြည့်ရှုပြုစုခဲ့ပါ၏။ ၁၉၇၄ ခုနှစ်ဆန်းတွင် သုံးနှစ်သမီး မြတ်ခက်ညို၊ ဆယ့်တစ်လသား မင်းမင်းတို့နှင့်အတူ မအုန်းကြည်၊ အေးအေးတို့အား အဖော်ပြုပြီး ကျွန်မသည် မကွေးမြို့သို့ လေယာဉ်ဖြင့် ရောက်ရှိခဲ့ပါသည်။ ကျွန်မသည် မင်းမင်းကို မကွေးတွင် နို့ဖြတ်ကာ သူတို့အဖေနှင့်အတူ သထုံတွင် ထားခဲ့ပြီး ဆေးကျောင်းပြန်တက်ရန် ရည်ရွယ်ခဲ့ပါသည်။ (ကျွန်မကြံစည်သလို ဖြစ်မလာခဲ့တဲ ၁၉၈၅ ခုနှစ်တွင် တတိယ

ကလေးကို မွေးဖွားဖြစ်ခဲ့သည့်အကြောင်းကို ဆက်လက် ဖတ်ရှုမြင်တွေ့ရပါလိမ့်ဦးမည်။)

ဖေဖေတို့ နေထိုင်သောနေရာမှာ ပြည်တော်သာ တိုက်ခန်းတွဲများအနက် တစ်ခုဖြစ်ခဲ့ပါသည်။ ၁၉၇၄ ခုနှစ်တွင် ဗိုလ်မှူးကြီးစိုးသိမ်းသည် လမ်းစဉ်ပါတီ ဗဟိုကော်မတီဌာနစုသို့ ပြောင်းရွှေ့၍ အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ ယူနီဖောင်းချွတ်ခဲ့ကာ မကွေးမြို့သို့ ရောက်ရှိလာခဲ့ပါသည်။ သူသည်လည်း တိုက်ပုံနှင့် ခေါင်းပေါင်းဝတ်ပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီအသွင်ပြောင်းကာ ဦးစိုးသိမ်းအဖြစ်ဖြင့် မကွေးတိုင်းဒေသ ပါတီကော်မီတီဥက္ကဋ္ဌရာထူးကို ရယူထမ်းဆောင်ရပါသည်။ သူတို့မိသားစုကို ကျွန်မတွေ့ခုံခဲ့ဖူးရပါ၏။

ဦးစိုးသိမ်း၏ဇနီး ဒေါ်တင်တင်ဦးသည် ရှမ်းလူမျိုး ဖြစ်ပါသည်။ ဦးစိုးသိမ်း၏ သားသမီးသုံးယောက်အနက် သမီးငယ်မာမာသည် ထိုစဉ်က ခုနစ်တန်းကျောင်းသူကလေးသာဖြစ်သောကြောင့် ကျွန်မ၏ညီမများဖြစ်ကြသော တက္ကသိုလ်ရောက်နေကြပြီ ဖြစ်သည့် နီနီ၊ စူးစူးတို့နှင့်စာလျှင် ငယ်ရွယ်ပါသည်။

ဗိုလ်မှူးစီဗင်ချူး၏သား ဖရက်ဒီမှာ နီနီတို့ စူးစူးတို့နှင့် ခင်မင်ပါသည်။ ဦးစိုးသိမ်း၏ဇနီးသည် အလွန် ချောမောသည့်အတွက် သူတို့တစ်တွေ မျက်တောင်မခတ်ငေးကြည့်ရသည်ဟု ဖရက်ဒီက ကျွန်မညီမများအား ပြောသည်ဆိုရာ မကွေးသို့ အလည်အပတ်ရောက်ရှိနေသော ကျွန်မမှာလည်း စူးစမ်းလေ့လာ ကြည့်ရှုဖြစ်ခဲ့ရပါသည်။ ချောမောကျက်သရေရှိသော အမျိုးသမီးကြီးတစ်ဦးပင် ဖြစ်ပါသည်။ ထိုစဉ်က မကွေးဒေသအတွင်းသို့ သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနမှ ဝန်ကြီးဦးသန်းစိန်သည် နှစ်ထပ်သဘော်ဖြင့် ဆန်တက်လာခဲ့ပါသည်။ ဤဦးသန်းစိန်သည် မိုက်ပူပူဗိုလ်ချုပ်ကြီးဖြစ်ပြီး ဦးတင်ဝင်းညို၊ ဦးစိုးသိမ်းတို့နှင့်အတူ မကွေးဒေသကောင်စီဥက္ကဋ္ဌ ဦးသိမ်းညွှန့်လည်း ပါဝင်လျက် တစ်မြို့ပြီးတစ်မြို့လိုက်ပါ သွားခဲ့ကြရာ သုံးရက်တိတိ ကြာမြင့်ခဲ့ကြသည်ဟု ကျွန်မမှတ်မိနေပါသည်။

၁၉၇၄ ခုနှစ်ရွေးကောက်ပွဲကို တစ်နိုင်ငံလုံးကျင်းပခဲ့ရာ ဦးတင်ဝင်းညိုသည် တောင်တွင်းကြီး မြို့နယ်မဲဆန္ဒနယ် ၁ မှ အရွေးခံပါသည်။ ထိုစဉ်က အဆိုတော်

မာမာအေး၏ ခင်ပွန်းဖြစ်ခဲ့ဖူးသော ဦးဇော်လင်းသည်လည်း တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ် ၂ မှ အရွေးခံသည်ဟု ကျွန်မ မှတ်မိပါသည်။

ကျွန်မတို့ သထုံမြို့ ရပ်ကွက်ရေကန်ရပ်တွင် မဲရုံတွေ ဖွင့်လှစ်ကြောင်း အမှတ်တရရှိပါသည်။ ကျွန်မသည် မဲပေးရမည့် သူတွေ၏ လုပ်ရည်ကိုင်ရည်ကို သေချာမသိကျွမ်းသောကြောင့် ထောက်ခံဖို့ အာသီသမရှိဘဲ ကန့်ကွက်မဲထည့် ခဲ့ပါသည်။ ကျွန်မနည်းတူ ကန့်ကွက်မဲထည့်သူတွေ ရှိခဲ့ကြောင်း သိနေပါသည်။ သို့သော်လည်းမဲတွေက ရာနှုန်းပြည့်နီးပါး ရရှိခဲ့သည်ဟုဆိုပါသည်။

ထိုအချိန်တုန်းက မြန်မာနိုင်ငံတွင် ဆန်ရှားပြီး ပြည်သူလူထု မငြိမ်မသက် ကြီးလန့်စာစား ဖြစ်နေကြပါသည်။ ဖေဖေ့အကြောင်းနှင့် မသက်ဆိုင်ဘူးဟု ဆိုနိုင် သော်လည်း ဖေဖေ့အကြောင်း မှတ်တမ်းတင်သူ ကျွန်မ၏ ခံစားချက်ကို နီးနွယ် တင်ပြချင်ပါသည်။ ထိုစဉ်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီးတင်ဦး (ယခုအန်အယ်လ်ဒီတင်ဦး) ထိန်းချုပ်ကွပ်ကဲပြီး တိုင်းပြည်ငြိမ်သက် အေးချမ်းမှု ရရှိသွားခဲ့ပါသည်။ သထုံမြို့တွင် ကျွန်မ မြင်တွေ့ကြားသိရသည်မှာ ဗိုလ်ချုပ်ကြီး တင်ဦးသက်တော်ရာကျော်ရှည်ပါစေဟု လူထုကစီတန်းလှည့်လည် ကြွေးကြော်ကြ ပါသည်။ ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံတွင်လည်း ဦးနေဝင်း၏ အလောင်းကို မီးရှို့ သောအခမ်းအနားတွေ ကျင်းပကြကြောင်းကို သတင်းစာတွေထဲမှာ ခေါင်းကြီးပိုင်းတွေ စာလုံးမည်းကြီးတွေနှင့် ဖော်ပြခဲ့ကြောင်း ကျွန်မ မှတ်မိနေပါသည်။

မကြာမီ ဗိုလ်ချုပ်ကြီးတင်ဦးအား ထိန်းသိမ်းကာ အလွဲသုံးစား လုပ်မှုနှင့် အရေးယူကြောင်း သတင်းစာတွေမှာ အကျယ်တဝင့်ပါလာပါတော့သည်။ နောက် ဆက်တွဲအနေဖြင့် သူ့ကို ထောင်ချလိုက်ပါတော့၏။ လူထုက ချစ်ခင်လေးစားပြီး အားကိုးအားထားပြုခြင်းခံရသော တိုင်းပြည်ခေါင်းဆောင်တို့သည် အပြစ်ညှွန်ပြပြီး ဘေးဖို့ခံရတတ်သည်ဟူ၍ ဆက်စပ်ခံစားရသော ကျွန်မ၏ အတွေးအမြင်တွေ ပွင့်လင်း ခဲ့ရပါတော့သည်။ ထိုအချိန်မှအစပြုကာ ကျွန်မသည် လူချစ်လူခင် ပေါ်များသော ဖေဖေ့အတွက် စိတ်ပူပန်တတ်လာပါသည်။ အထက်လူကြီးတွေ လုပ်ဖော်ကိုင်ဖက် တွေ၊ လက်အောက်ငယ်သား တပည့်လက်သားတွေက ချစ်ခင် နှစ်လိုတိုင်းလည်း

ရာထူးတွင် မတည်မြဲနိုင်ဘူးဆိုသော အစွဲအလမ်းသည် ကျွန်မအား ချဉ်းကပ် သတိ ပေးတတ်လာခဲ့ပါသည်။

"ပြည်ထောင်စုရိပ်သာ တိုက်ခန်းဟာ မင်းမနိုင်တိုက်ခန်းလိုပဲ အစိုးရအိမ်။ ကိုယ့်အပိုင်မဟုတ်ဘူး။ ဖေဖေ အလုပ်နားတဲ့အခါ နေစရာအိမ်မြေ လိုအပ်တယ်။ ဖေဖေ့မှာ ဘယ်လိုအစီအစဉ် လုပ်ထားမယ် ထင်သလဲ"

ဟု ကျွန်မက မေမေ့ကို မေးကြည့်ပါသည်။

"သူ့ကို နိုင်ငံတော်က နေစရာပေးလိမ့်မယ်လို့ ဖေဖေကပြောတယ် သမီး"

ဆိုသော အဖြေကိုသာ မေမေ့ထံမှ ရရှိခဲ့ပါသည်။ ဖေဖေတို့ မိသားစု နေစရာလိုအပ်သည်ဟု ကျွန်မက မေမေ့အား အခါမလပ် အကြံပေးပါသည်။ ကျွန်မ သည် ပြည်သူလူထုကြားတွင် နေထိုင်ရသည့်အတွက် မေမေတို့၏ စည်းဘောင်ကြားမှ အတွေးအခေါ်တွေနှင့် ကွာဟနေပါသည်။ သို့ရာတွင် သမီးကြီး ဖြစ်သော ကျွန်မအပေါ် မိတ်ဆွေသဖွယ်လည်း မေမေက အားထားယုံကြည်ပုံရပါသည်။ ကောင်းသားပဲ။ ဘယ်လိုတယ်မှာ အိမ်မြေဝယ်ရမလဲဆိုတာ ဖေဖေ့တပည့် ဦးရဲတင်ဝင်းတို့ကို မေမေ မေးမြန်းတိုင်ပင်ကြည့်ရမှာပေါ့ဟု မေမေက ပြောပါသည်။

မေမေသည် အနေအထိုင် အေးဆေးပြီး အပေါင်းအသင်း နည်းပါးပါသည်။ သူက အင်္ဂလိပ်ဝတ္ထုများ၊ သမိုင်းစာအုပ်များကို စွဲစွဲလမ်းလမ်း ဖတ်ရှုနေတတ်သူ ဖြစ်သည်ဟု လူသိများပါသည်။ ဖေဖေ့အလုပ်တွင် သူက စိတ်မဝင်စား မစွက်ဖက် ခဲ့သည့်အတွက် ဖေဖေ့စိတ်တိုင်းကျ စီစဉ်ဆောင်ရွက်နိုင်ခဲ့သလို တကယ်တမ်း နီးနီးကပ်ကပ် တိုင်ပင်ဆွေးနွေး ဖော်လည်း မရှိခဲ့ပါ။

တစ်နေ့သောအခါ မေမေတော့ မြေတွေ့ထားပြီသမီး။ လမ်းမကြီးနဲ့လည်း သိပ်မနီးလှဘူး။ မြေလည်း ကျယ်တယ်၊ ဆိတ်ငြိမ်ရပ်ကွက်ကလေးပဲဟု မေမေက ဖုန်းဆက်ပြောပြပါသည်။

ကျွန်မသည် သားအငယ်ဆုံး ပေါက်ပေါက်ကိုယ်ဝန်ကို ဗဟိုအမျိုးသမီး ဆေးရုံသို့ တစ်လတစ်ကြိမ်ပြရန် ရန်ကုန်ရောက်နေခဲ့ပါသည်။ ဒီတစ်လ ကိုယ်ဝန်လာပြလျှင် မေမေတို့မြေကို သွားကြည့်ကြမည်ဟု သားအမိ တိုင်ပင်

ဆွေးနွေး ဖြစ်ခဲ့ပါတော့သည်။

မေမေကြည့်ထားသည်ဆိုသော မြေကွက်နှင့် တစ်ပိုင်းတစ်ပြတ် ပြီးစီးနေသော ဆောက်လက်စနေအိမ်မှာ အောင်ဆန်းတပ်မြို့တွင် ဖြစ်သည်ဟု သိရပါသည်။ ထိုစဉ်က အောင်ဆန်းတပ်မြို့သည် အင်းစိန်မှ တမျှော်တခေါ် ဝေးလံစွာ လာရသည်ဟု ကျွန်မခံစားရပါသည်။ မေမေ့အိမ်မြေကို လိုက်လံကြည့်ရှုရသော အခါ မေမေကြည့်ထားသည်ဆိုသောမြေကွက်မှာ အောင်ဆန်းဈေးအလွန် ဓာတ်ဆီဆိုင်၏ ကျောဖက်ခြမ်းတွင် ရှိပါသည်။ ဘာကြောင့်များ ဤမျှဝေးလံခေါင်သီသော နေရာတွင် မြေဝယ်ဖို့ စိတ်ကူးရပါလိမ့်ဟု ကျွန်မမှာ နားမလည်နိုင်အောင် ဖြစ်ရပါသည်။

"မြေကျယ်ကျယ် လိုချင်တယ်။ လမ်းကနေလည်း သိပ်မဝေးမှ အတွင်းဘက် အေးအေးဆေးဆေးနေနိုင်တဲ့ နေရာမျိုး။ အစကတော့ ပါရမီမှာ ဝယ်နိုင်မလားပေါ့၊ ငွေမလိုက်နိုင်ဘူးလေ။ ဒါနဲ့ အင်းစိန်ရောက်လာတယ်၊ အဲဒီတော့လည်း မေမေ့လက်ထဲမှာရှိတဲ့ ငွေသုံးလေးသောင်းနဲ့ မြေမရနိုင်ဘူး ဖြစ်နေတာ။ အခု အောင်ဆန်းကျမှ မြေကွက်ကျယ်ကျယ်တွေ့ရတော့တယ်။ အဲဒါတောင် ဂရန်မပေါက်သေးလို့ လိုက်ရလျှောက်ရဦးမယ်။ ဖေဖေ့ပီအေ ဦးရဲတင်ဝင်းက မေးမြန်းစုံစမ်းပေးလိုက်ပေးတယ်"

ကျွန်မသည် မေမေနှင့်အတူ မြေဖိုးစုဆောင်းရှာဖွေခဲ့ရပါသည်။ စုဆောင်းထားသောရွှေကို ရောင်းချကြရသလို ဆရာဝန်ကတော်ကြီးဟု ရှိုးထုတ်ဝတ်ဆင်ထားသော စိန်နားကပ်စိန်လက်စွပ်တွေကို အမျိုးတော်စပ်သူတစ်ဦးက ပေါင်နှံပေးပါသည်။ မှတ်မှတ်ရရ ရွှေပေါင်စိန်ပေါင်ပါဝင်ရုံမက ငွေတစ်ရာကို လေးကျပ်တိုးပေးရပါသည်။ ကျွန်မက မေမေ့ထံမှ ငွေနှင့်မြေကို ဖလှယ်ခဲ့ပါသည်။ သို့မှသာလျှင် မေမေတို့အတွက် အတန်အသင့် အသက်ရှူချောင်သလို ကျွန်မတို့ကလေးသုံးယောက်အတွက် နေစရာမြေနှင့်အိမ်ကို မိဘများအနီးတွင် ကပ်လျက်ဝယ်ယူထားနိုင်ပါလိမ့်မည်။

ထိုခေတ်က ကျွန်မ၏မိဘများနှင့် ရာထူးအဆင့်မကွာဟလှသော အရာ



ဦးတင်ဝင်းညို့အဖမ်းမခံရမီ အောင်ဆန်းရပ်ကွက်နေအိမ်တွင်
မိသားစုနှင့်အတူ

ရိုကြီးအချို့သည် လစာငွေနှင့် လုံလောက်အောင်သုံးစွဲရင်း တော်တော် ရိုးသား နွမ်းပါးကြပါသည်။ သူတို့တစ်တွေ ရာထူးမှ ပြုတ်ကြ၊ တရားစွဲခံရ၊ ထောင်ကျကြ ဖြစ်ခဲ့သော နောက်ပိုင်း နှစ်သုံးလေးဆယ်အတွင်းမှာ ကျွန်မလေ့လာအကဲဖြတ် လာခဲ့ရပါသည်။

၁၉၇၅ခုနှစ်၊ နိုဝင်ဘာလတွင် ခင်ပွန်းဖြစ်သူ ဦးဖေမြတ်ဝင်းသည် သထုံ မြို့မှ မော်လမြိုင်ကျွန်းမြို့နယ် ကျိုက်ပိကျေးရွာ၊ တိုက်နယ်ဆေးရုံသို့ ပြောင်းရွှေ့ရ ပါသည်။ ကျွန်မနှင့် သားသမီး(၃)ယောက်သည်လည်း ကျိုက်ပိသို့ လိုက်ပါသွား ခဲ့ကြပါသည်။

သမီးကြီး မြတ်ခက်ညို့ကို ကိုယ်ဝန်ရှိစကတည်းက ကျွန်မတို့နှင့်အတူ နေထိုင်လာခဲ့သော မအုန်းကြည်မှာ အချိန်တန်အရွယ်ရောက်ကာ အိမ်ထောင်ပြု သွားပြီဖြစ်သောကြောင့် ကျိုက်ပိသို့ ပါမလာတော့ပါ။ ထိုစဉ်က သားအငယ်ဆုံး

မြတ်ထွန်းလင်းညို(ပေါက်ပေါက်)မှာ အသက်ကိုးလပဲ ရှိပါသေးသည်။ မော်လမြိုင်ကျွန်းမြို့သို့ သင်္ဘောဆိုက်ပြီး အဲဒီကမှ ပဲ့ထောင်နှင့် ကျိုက်ပိသွားကြရပါသည်။ ထိုစဉ်က ကျိုက်ပိသည် ငှက်ဖျားထူပြောသော ကျေးလက်ဖြစ်ပါသည်။ သွေးလွန်တုပ်ကွေးလည်း ဖြစ်ကြပါသည်။ ကျွန်မ၏ ကလေးသုံးယောက်စလုံး ငှက်ဖျားလည်းဖြစ်၊ သွေးလွန်တုပ်ကွေးလည်း ဖြစ်ကြပါသည်။ ၁၉၇၇ နှစ်လည်တွင် ဦးဖေမြတ်ဝင်းသည် ကျိုက်ပိတိုက်နယ်မှ မအူပင်ဆေးရုံကြီးသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရပါသည်။ ကျိုက်ပိမှ မိတ်ဆွေတွေက လိုက်ပို့ကြပြီး ကျွန်မတို့မိသားစုသည် မော်တော်ဖြင့် လိုက်ပါသွားခဲ့ကြပါတော့သည်။ ထိုမတိုင်မီက ဖေဖေ၏မိသားစုသည် မင်းမနိုင်တိုက်ခန်းတွင် နေထိုင်ခဲ့ကြပါသည်။ တက္ကသိုလ်တက်နေသော နီနီနှင့်စူးစူးသည် အဆောင်မှာနေကြပြီး ရုံခါဖန်ခါ တိုက်ခန်းသို့ပြန်လာခိုနားလေ့ ရှိကြပါသည်။ ဖေဖေနှင့်မေမေသည် ရန်ကုန်သို့ ကိစ္စရှိသောကြောင့် လာရောက်ရလျှင် မင်းမနိုင်တိုက်ခန်းမှာ တည်းခိုနေထိုင်ကြပါသည်။ ကျွန်မတို့သည်လည်း ရန်ကုန်သို့ ရောက်ရှိသည့်အခါတွေမှာ မင်းမနိုင် တိုက်ခန်းမှာပဲ တည်းခိုကြပါသည်။

၁၉၇၄ ဧပြီလ၊ ၅ ရက်တွင် ဖေဖေသည် မကွေးမှရန်ကုန်သို့ ပြောင်းရွှေ့ရပါသည်။ သူသည် “စည်းရုံးရေးဌာနမှူးကြီး” အဖြစ် ရန်ကုန်ကန္တာလမ်းမြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဌာနချုပ်၊ ကန္တာလမ်း၊ ရန်ကုန်မြို့၌ တာဝန်ထမ်းဆောင်ပါသည်။ ဖေဖေတို့သည် မကွေးမှရန်ကုန်သို့ ပြောင်းရွှေ့လာရသောအခါ မင်းမနိုင်တိုက်ခန်းကို ပြန်လည်အပ်နှံလိုက်ပါသည်။ သူတို့သည် ထပ်မံရရှိသော ပြည်ထောင်စုရိပ်သာ အမှတ် ၁၀ သို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြပါ၏။ ဖေဖေကတစ်လုံးတစ်ပါဒမျှမရေးသားခဲ့၊ မပြောကြားခဲ့လေသောကြောင့် သူ့အယူအဆနှင့်သူ့ယုံကြည်မှုတို့ကို ကျွန်မသေသေချာချာ ဂဃနဏမသိရှိခဲ့ပါ။ သူပြောဖူးသည့်တစ်ခွန်းတည်းသောစကားအရ ...

“ကျွန်ရစ်သူတွေ မထိပါးမနစ်နာရလေအောင် အဖေ သိထားသမျှ အားလုံးကို အဖေနဲ့အတူ မြေမြှုပ်သင်္ဂြိုလ်ပစ်လိုက်မယ်”

ကျွန်မဘက်မှ ပျက်ကွက်သမျှတွေကလည်း မိဘရင်ခွင်မှ အဓောတလျှင် ခွဲခွာခဲ့သောကြောင့် အငယ်တွေနည်းတူ မိဘနှင့် နီးနီးကပ်ကပ် နေထိုင်ခွင့်မရရှိခဲ့တဲ့ အသိတရားနည်းပါးခဲ့သည့်အတွက် တစ်ခါတစ်ရံ စိတ်မကောင်း ဖြစ်မိရတတ်ပါသည်။ ကျွန်မမှတ်မိသလောက် ပြန်လည်ဖော်ထုတ်ရပါလျှင် ဖေဖေတို့အလုပ်ခွင်၌ စည်းရုံးရေးရာဌာနကြီး၊ စီမံရေးရာဌာနကြီး၊ ပညာပေးရေးရာဌာနကြီး၊ ပါတီစည်းကမ်းထိန်းသိမ်းရေးရာဌာနကြီး ဟူ၍ ဌာနကြီးလေးခု ရှိပါသည်။

ဗဟိုအလုပ်အမှုဆောင်ပါတီ ကော်မတီဝင်များ ရွေးချယ်တင်မြှောက်စဉ်က ဖေဖေသည် အဆင့်(၁၀)ရရှိပါသည်။ ထိုစဉ်က ဝန်ကြီးတစ်ပါးဖြစ်သော ဦးအုန်းကျော်သည် သထုံမြို့သို့ အလည်အပတ်ရောက်ရှိလာရာ သူ့ဆွေမျိုးအသိုင်းအဝိုင်းတွေနှင့် တွေ့ဆုံခိုက် ကျွန်မတို့အား ဂုဏ်သရေရှိမိတ်ဆွေများအဖြစ် သူ့ဆွေမျိုးတွေကမိတ်ဆက်ပေးပါသည်။ သူက အပြုံးနှင့်အတူ ပြောလိုက်သောစကားတစ်ခွန်းမှာကျွန်မ၏နားထဲသို့ စူးရှစွာဝင်ရောက်သွားပြီး ယနေ့တိုင် စွဲမြဲနေခဲ့ပါသည်။ မင်းတို့အဖေက ချောတာကိုးကွ၊ မဲရတာပေါ့တဲ့။ ထိုမှတ်ချက်မှာ သရော်သံနှောကာလေးနက်မှု မပါရှိဘူးဟု ကျွန်မ ခံစားခဲ့မိပါ၏။

၁၉၇၄ ခုနှစ်အထိ ကျွန်မတို့မှာ သထုံမြို့ ရေကာန်ရပ်တွင် နေထိုင်ခဲဖြစ်ပါသည်။ ၁၉၇၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် သားအငယ်ဆုံး မြတ်ထွန်းလင်းညို(ပေါက်ပေါက်)အား မွေးဖွားရန် မိဘများ၏နေအိမ်ရန်ကုန်သို့ ရောက်ရှိခဲ့ပါသည်။ ပေါက်ပေါက်သုံးလသားအရွယ်တွင် ဦးဖေမြတ်ဝင်းသည် မော်လမြိုင်ကျွန်းမြို့နယ်ကျိုက်ပိတိုက်နယ်ဆေးရုံသို့ ပြောင်းရွှေ့ရာ ကျွန်မတို့မိသားစု လိုက်ပါသွားကြပါသည်။

၁၉၇၆ ခုနှစ်၊ ဇူလိုင်လ (၁)ရက်နေ့တွင် ဖေဖေသည် အတွင်းရေးမှူး(၃)ရာထူးဖြင့် တာဝန်ထမ်းဆောင်ရကြောင်း သိရပါသည်။ ၁၉၇၆ ခုနှစ်ကုန်တွင်ဖေဖေတို့မိသားစုသည် ပြည်တော်စုရိပ်သာတိုက်ခန်းကို ပြန်အပ်ခဲ့ပြီး အောင်ဆန်းကပ်မြို့ ကိုယ်ပိုင်အိမ်သို့ ပြောင်းရွှေ့နေထိုင်ပါသည်။

ထိုအချိန်တွေမှာ ကျွန်မသည် ကျိုက်ပိတွင် ကိုယ်ပိုင်မိသားစုကလေးနှင့်အတူ နေထိုင်လျက် ရှိနေပါသည်။ မော်လမြိုင်ကျွန်းမြို့မှ လမ်းစဉ်ပါတီဥက္ကဌ



ဦးတင်ဝင်းညို အဖမ်းမခံရမီ အောင်ဆန်းရပ်ကွက်နေအိမ်တွင် ကြက်ခြံဆောက်စဉ်

ဦးဝင်းစိန်သည် ဘာကြောင့်မိုလ်မှုးကြီးသည် သူ့သမီးနှင့်မြေးများ ဖြစ်ကြကုန်သော ကျွန်မတို့တစ်တွေကို ကျိုက်ပိလိုတောရွာမှာ နေစေရက်ပါလိမ့်ဟု တွေးမရဖြစ်နေခဲ့ဟန်ရှိပါသည်။ ကျွန်မကတော့ ဂဏ္ဍာနှင့်ဇာလီကို ငှုဇကာပုဏ္ဏားက ညှဉ်းပန်းရက်စက်နေသည်ကို ဝေဿန္တရာမင်းကြီးက မျက်ရည်ဖြိုင်ဖြိုင် ကျလျက်ကပဲ သည်းခံနေတော်မူရရှာသည့်အဖြစ်ကို မြင်ယောင်နားလည်နေခဲ့ပါလေ၏။

၁၉၇၇ နှစ်လည်တွင် ဦးဖေမြတ်ဝင်းသည် ကျိုက်ပိတိုက်နယ်မှ မအူပင်ဆေးရုံကြီးသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရရာ ကျွန်မတို့မိသားစုသည်လည်း မအူပင်သို့ လိုက်ပါသွားခဲ့ကြပါသည်။ မူလက မအူပင်မြို့နယ် တောဇလမ်းတွင် နေထိုင်ကြရပြီး တစ်နှစ်အကြာတွင် ဆေးရုံဝင်းအတွင်း၌ ဆရာဝန်နေအိမ်နှစ်ခုရှိသည့်အနက် အဝင်ဝ၏ ညာဘက်နေအိမ်သို့ ပြောင်းရွှေ့နေထိုင်ကြပါသည်။ ကျွန်မသည် မအူပင်မြို့တွင် အသိအကျွမ်းမရှိသလောက် အထီးကျန်သလိုရှိစေကာမူ ကလေးဘုစုခရု သုံးယောက်ကြားမှာ မအားလပ်နိုင်သည်အတွက် ပျင်းဖို့အချိန်မရှိခဲ့ပါ။ ထိုစဉ်က စကားပြောဖော်ရသူတွေမှာ မအူပင်ပြောင်းရွှေ့လာပြီး သိပ်မကြာမြင့်မီမှာမှ ကျွန်မနှင့်အမျိုးတော်စပ်သည်ဟု သိလာရသူ နန်းခင်လေးငယ်နှင့် သူ့ခင်ပွန်း မြို့နယ်ဆက်သွယ်ရေးတာဝန်ခံ ဦးကျော်ဝေတို့ ဖြစ်ပါသည်။

နန်းခင်လေးငယ်၏ အစ်ကိုကြီး ဦးမြင့်ဦးသည် မောင်လင်းယုန်(ရှမ်းပြည်)ဖြစ်သည်ဟု နန်းခင်လေးငယ်က မိတ်ဖွဲ့ပြောပြသောကြောင့် သိရှိလာရစေကာမူ သူ့ကို ကျွန်မ မတွေ့ဘူးသေးပါ။ ကျွန်မသည် စာရေးလိုသော ဝါသနာကြီးသည်ဟု သူတို့က ကြားဖူးထားသည်မှအပ တကယ်တော့ ဖြစ်ဖြစ်မြောက်မြောက် စာရေးဖြစ်သေးသူမဟုတ်ပါ။ ကျွန်မရေးဖူးသော ချစ်ကြိုးနှစ်စမဂ္ဂဇင်းဝတ္ထုရှည်မှာ ငွေတာရီမဂ္ဂဇင်းတွင် ၁၉၇၈ ခုနှစ် ဖေဖော်ဝါရီလတွင်မှ ဖော်ပြခံခဲ့ရသည်ဟု လအတန်ကြာမှ နောက်ကျစွာ သိရှိရပြီး ကျွန်မ၏စာမူကို ရွေးချယ်ပေးသော ဆရာမင်းယုဝေအား မြင်ဖူးလိုသော ဆန္ဒနှင့် သွားရောက်ကာ မဂ္ဂဇင်းတိုက်သို့လည်း ရောက်ဖူးသည်ရှိအောင် သွားရောက် ခဲ့ဖူးပါသည်။

(၂၀၁၄ ခုနှစ်၊ ဩဂုတ်လ၊ ၂၅ ရက်၊ တနင်္လာနေ့ ဒေါ်အောင်ဆန်းစုကြည်

နှင့် စာပေအနုပညာရှင်များ တွေ့ဆုံပွဲသို့ တက်ရောက်ကြစဉ်မှာ ဆရာကြီးမင်းယုဝေနှင့်တဖန် ပြန်လည်ဆုံတွေ့ခွင့် ရရှိခဲ့ပါသည်။) ထိုစဉ်က တူးတူးမြင့်သိန်းသည် မောင်လင်းယုန်(ရှမ်းပြည်)၏နှမ တစ်ယောက်ဖြစ်သည်ဟု နန်းငယ်၏ အပြောအရ ကျွန်မ သိနေခဲ့ပါသည်။

ကာတွန်းမြင့်သိန်း၏ ဇာတ်ကောင်စံရွှေမြင့်ကိုတော့ ကျွန်မ ရင်းနှီးကျွမ်းဝင်နေပါသည်။ (၁၉၈၁ ခုနှစ်လောက်တုန်းကကျမှ မောင်လင်းယုန်တို့ တူးတူးမြင့်သိန်းတို့ထက်အရင် သူတို့နှင့်မောင်နှမတော်စပ်သူ မောင်မောင်ကျော်ဝင်းအား ကျွန်မသိကျွမ်းရပါသည်။ သူက ကျွန်မ၏ "အသည်းပန်းမှာ ဆူးတွေနဲ့ရယ်" စာမူကို ပေဖူးလွှာမဂ္ဂဇင်းသို့ ယူသွားပြသပေးပါသည်။ ထိုစဉ်က ကျွန်မသည် လုံးချင်းစာအုပ် ထုတ်ချင်တာသာရှိပြီး မဂ္ဂဇင်းမှာ အခန်းဆက်ပါလာဖို့ဆိုတာ စိတ်မကူးတတ်ခဲ့ပါ။)

သူတို့နှင့်ကျွန်မသည် သွေးတော်စပ်သော်လည်း စတင်တွေ့ဆုံရင်းနှီးသူသည် နန်းငယ်ဖြစ်ကြောင်းဖြင့် ထပ်လောင်းအတည်ပြုလိုက်ရပါသည်။ ကျွန်မတို့မောင်နှံသည် နန်းငယ်တို့နှင့် တစ်ရက်ခြားနှစ်ရက်ခြားဆိုသလို ဆုံတွေ့ကြကာ ကြားသိရသောသတင်းတွေချင်း ဆွေးနွေးဖလှယ်ကြပါသည်။ ထွန်းလင်းကျော်ဆိုသော အုပ်စုနှင့်ပတ်သက်ပြီး ကျွန်မတို့သတင်းမှာ ဖတ်ရှုဖူးသလောက် ဖြစ်နိုင်ချေရှိသည်ကို ဆွေးနွေးတိုင်ပင်ကြရပါသည်။ ထွန်းလင်းဆိုသည်မှာ အတွင်းရေးမှူး(၁) ဦးထွန်းလင်း၊ ကျော်ဆိုသည်မှာ ဦးတင်အေးကျော်ဖြစ်မည်ဟု ကျွန်မတို့က မှန်းဆတွက်ချက်ကြပါ၏။ မန်းငွေအောင်တို့က နိုင်ငံတော်သစ္စာဖောက်မှုဖြင့် တရားစွဲဆိုခြင်းခံရသည့်အကြောင်း သတင်းစာတွေထဲမှာ အကျယ်တဝင့် ဖတ်ရှုနေကြရပါသည်။ ဝန်ကြီးများ၏ ကိုယ်ရေးအတွင်းရေးမှူးများသည် တိုင်းပြည် အခြေအနေမကောင်းသည့်အတွက် ထိန်းသိမ်းပေးရန် လိုအပ်ကြောင်းဖြင့် ဗိုလ်ချုပ် သောင်းတင်အား ဖွင့်ဟတိုင်ပင်ရာမှ အမှုပေါ်ပေါက်ပြီး နိုင်ငံတော်လုပ်ကြံမှုဖြင့် အနန်းကျော်မြင့်တို့အား ဖမ်းမိတာ၊ ထောင်ချထားတာ၊ ဖော်ကောင်ဆိုတာတွေကိုလည်း သတင်းစာတွေမှာ ဖတ်ရှုနေရပါသည်။ ပြည်ပြေးတွေးမြင့်တို့ သတင်းတွေလည်း စာလုံးမည်းကြီးတွေနှင့် ပါလာတတ်ပါသည်။

ကျွန်မသည် တစ်ပတ်တစ်ခါ၊ နှစ်ပတ်တစ်ခါလောက် ရန်ကုန်ဆင်းလာလေ့ရှိပါသည်။ ဆေးကျောင်းပြန်တက်ရနိုးနိုးနှင့် ကျောင်းသတင်း စနည်းနာရင်း တစ်ဖက်ကလည်း ဖေဖေတို့ တိုင်းရေးပြည်ရေး နိုင်ငံရေးတွေ လှုပ်လှုပ်ရှားရှား ရှိသည်ကိုနားစွင့်ပါသည်။ ကျွန်မသည် မအူပင်နှင့် ရန်ကုန် စုန်ချည်ဆန်ချည် ကူးသန်းရင်း ဖေဖေ့သတင်းကို နားစွင့်ပါသည်။ ကျွန်မ ရန်ကုန်သို့ ဆင်းလာတိုင်း သမီးဘာကြားသလဲဟု မေမေက မေးတတ်ပြီး မကြားပါဘူးဖေဖေဟု ကျွန်မက အဖြေပေးရလေ့ ရှိပါသည်။ သတင်းရနိုင်သိနိုင် လက်ဆင့်ကမ်းနိုင်သူ တစ်ဦးတစ်ယောက်မျှ ကျွန်မအနီးတွင် မရှိခဲ့ပါ။

ထိုစဉ်ကတည်းက ဖေဖေသည် စိတ်တွေဆောက်တည်ရာမရဘဲ ဖြစ်လာမည့် တစ်စုံတစ်ရာအား အသင့်ပြင်စောင့်စားနေခဲ့ခြင်း ဖြစ်သည်ဟု ကျွန်မတို့က နောက်ကြောင်းပြန်တွေးဆကြည့်မိပါသည်။ ကျွန်မ အောင်ဆန်းနေအိမ်သို့ရောက်တိုင်း သားသားနားနား သပ်သပ်ယပ်ယပ်ရှိသော အသက်လေးဆယ်ကျော်ပိုင်းခန့်ရှိမည် ခန့်မှန်းရသည့် တိုက်ပုံနှင့်အကျႌအနေ ဝတ်စားထားလေ့ရှိသူ ဦးလှမြင့်အမည်နှင့် လူတစ်ယောက်အား အိမ်ရှေ့ညှိခန်းတွင် ဖေဖေနှင့်စကားစမြည် ပြောဆိုနေကျသား တွေ့ရတတ်ပါသည်။

(ဖေဖေ့ကို ဖမ်းသွားပြီးသည့်နောက်၊ အဲဒီ ဦးလှမြင့်ဆိုသူသည် ကျွန်မတို့မိသားစုထံ တစ်ကြိမ်နှစ်ကြိမ် ရောက်လာသေးသော်လည်း အဲဒီနောက်ပိုင်း ထပ်မံတွေ့ဆုံရခြင်း လုံးဝမရှိတော့ပါ။ ဖေဖေ့အားထောင်မှ တရားရင်လွှတ်ပေးပြီးနောက်၊ နှစ်ပေါင်းများစွာကြာမှ ဖေဖေနှလုံးခုန်ရပ်တန့် ကွယ်လွန်သွားသည့်တိုင်၊ ကြောက်သန့်ပြီး မလာတော့တာလား။ သူလိုအပ်သောလုပ်ငန်း တာဝန်ပြီးဆုံးသွားသောကြောင့်လား။ ဘာမှ မသိနိုင်ခဲ့တော့ပါ။)

စူးစူးသည် ဗိုလ်မှူးကောဘသောင်း၏လက်ထက် ပုလဲနှင့်ငါးတွင် အလုပ်လုပ်နေပါသည်။ (သူသည် ဖေဖေ့ကို ထိန်းသိမ်းလိုက်ပြီးသည့်နောက် တစ်နေ့မှစပြီး အလုပ်မသွားတော့ပါ။) နီနီမှာ စောင်စက်ရုံတွင် အလုပ်လုပ်နေပါသည်။ ကိုဌေးဦးနှင့်လက်ထပ်ပြီးသောအခါလည်း ဆက်လက် အလုပ်လုပ်ကိုင်နေပါသေး



ဒု-မှူးကြီးတင်ဝင်းညို ခလရ(၃၆)ကျုံပျော် တက်ရောက်လေ့လာ အကြံပြုသြဝါဒပေးစဉ်

သည်။ မော်လမြိုင်သို့ ဂျိုသရီးရာထူးဖြင့် သူပြောင်းရွှေ့သွားရတော့မှသာ အလုပ်ထွက်ပြီး လိုက်ပါသွားခဲ့ပါသည်။ မော်လမြိုင်မှ သိမ်ဇရပ်၊ ထိုမှ တန့်ယန်းရှမ်းပြည်နယ်သို့ ပြောင်းရွှေ့ခဲ့သောအခါတွေမှာလည်း အဲဒီ နီနီဆိုသည့် ဦးတင်ဝင်းညို၏ ဇနီးသည် မူလတန်းပြဆရာမအဖြစ် တပ်တွင်း စာသင်ကျောင်းများတွင် အလုပ်လုပ်ကိုင်နေခဲ့ပါသည်။

ကျွန်မတို့၏မောင်လေး ဇော်ထွန်းညိုသည် မေမြို့တွင် စစ်တက္ကသိုလ်တက်နေပါသည်။ ထိုအချိန်တွေတုန်းက ဒေါက်တာလဲ့လဲ့ဝင်း [ဦးနေဝင်း (ဒေါက်တာ ဆောင်ကြီး-ဒေါ်ခင်မေသန်း)တို့၏သမီး] သည် ဆေးတက္ကသိုလ် ၂ ဆေးဝါးဗေဒဌာနတွင် သရုပ်ပြ ဆရာမအဖြစ် အလုပ်ဝင်နေပါသည်။ ကျွန်မတို့ ဆေးကျောင်း ရောက်စ ၁၉၆၇ ခုနှစ်တုန်းက လဲ့လဲ့ဝင်းသည် အခြားကျောင်းသူများနည်းတူ သီတာဆောင်တွင် နေပါသည်။ သူ့ သူငယ်ချင်းတွေအနက် ခင်အေးသက်ကို ကျွန်မမှတ်မိပါသည်။ မလေးလည်း ပါဝင်သည်ဟု ထင်ပါသည်။ အေးအေးဖော် ရွှေသောသူ့ကို ကျွန်မတို့ အတန်းဖော်တွေက ခင်မင်ကြပါသည်။

အဆောင်မှ လမ်းလျှောက်ထွက်ကြ မုန့်ဝယ်စားကြနှင့် လွတ်လပ်သော အနေအထိုင်ကို သူ့အစောင့်အရှောက် ထောက်လှန်းရေးတွေက စိတ်ပူပန်ကြပြီး မိသားစုထံသတင်းပေးပို့သည်ဟု တစ်ဆင့်စကား ကြားသိရပါသည်။ သူသည် မကြာမီ ဆေးတက္ကသိုလ်(၁)သို့ ပြောင်းရွှေ့သွားပါတော့သည်။ အဲဒီနောက်ပိုင်းမှာ သူ့ကို ဆေးဝါးဗေဒသို့ သွားရောက်တွေ့ဆုံခဲ့တာပဲရှိပါသည်။ သည်နောက်တော့ သူကွယ်လွန်သွားသည်အထိ ကျွန်မတို့သည် မတွေ့ဖြစ်ခဲ့ကြတော့ပါ။ (၂၀၁၃ ခုနှစ်ပိုင်းတွင် ဒေါက်တာညိုသန်းမူနှင့် ဆုံတွေ့ဖြစ်သည့်အခိုက် ဒေါက်တာလဲ့လဲ့ဝင်း၏ စိတ်ထား ကောင်းပုံ၊ အေးအေးရည်မွန်ပုံတို့ကို ပြန်ပြောင်းပြောဖြစ်ကြပါသည်။)

၁၉၇၇ နှစ်ဆန်းတွင် ကျောင်းတွေပြန်ဖွင့်သောအခါ ကျွန်မများ ဆေးတက် ခွင့်ရပြီလားဆိုတာ စနဲနာရန် ဆေးတက္ကသိုလ်(၂)ရုံးအဖွဲ့သို့ သွားပါသည်။ ဘာမှအ ကြောင်းမထူးသေးပါ။ သို့နှင့် ကျွန်မလည်း စောစောက ရေးသလို ဆေးဝါးဗေဒဌာနသို့ ဝင်ကာ ဒေါက်တာလဲ့လဲ့ဝင်းအား တွေ့ပါသည်။ ထိုအခါ သူသည် ရေးဟောင်း

နှောင်းဖြစ်များပြောရင်း အခင်မပျက် ရှိခဲ့ပါသည်။ ကျွန်မလည်း ကျောင်းပြန် တက်ခွင့်လျှောက်ထားကြောင်း သူ့အားပြောပြပါသည်။ ထိုအခါ သူက ကျွန်မ၏ အရေးကို ဒုဝန်ကြီးဦးကျော်ခင်အား မေးမြန်းပေးမည်ဟု ပြောခဲ့ပါသည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဆိုသော အမည်တပ်ကာ တစ်ပါတီစနစ် ဖြင့် တိုင်းပြည်က စိုးမိုးအုပ်ချုပ်နေသည်မှာ အတွင်းလိုက်စားကာ အချိန်မရွေး ယိမ်းယိုင်ပြိုကျမည့် အရိပ်အယောင်တွေ ထင်ဟပ်နေခဲ့ပါပြီ။ လွတ်လပ်ရေး ရပြီး ကာလတုန်းက တစ်နိုင်ငံလုံးအသည်းစွဲ ချစ်ခင်မြတ်နိုးခဲ့ကြသော စစ်တပ်သည် လူထုအပေါ် ရက်စက်နှိပ်ကွပ်သော စစ်အာဏာရှင် တစ်ဖြစ်လဲခဲ့ပြီမို့ အစိုးရ၏ အဖွဲ့အစည်းမှန်လျှင် လူထု၏ချစ်ခင်လေးစားမှုကို မရရှိတော့ပါ။ မည်သည့် အမည် ပဲတပ်တပ် လူထုကတော့ နလုံးနာကျင် ပြက်ရယ်ပြုမှာ အမှန်ပင် ဖြစ်ပါသည်။

**တတိယအကြိမ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ**

**ညီလာခံမတိုင်မီ + ညီလာခံကာလဒေသဥက္ကဋ္ဌများ**

၁။ ကချင်ပြည်နယ် ဦးဘလိုင်
၂။ ကရင်ပြည်နယ် ဦးဘအောင်
၃။ ကယားပြည်နယ် ဦးလှစိုး
၄။ ချင်းပြည်နယ် ဦးသိန်းအောင်
၅။ မွန်ပြည်နယ် ဦးချစ်ခိုင်
၆။ ရခိုင်ပြည်နယ် ဦးအောင်သာငံ
၇။ ရှမ်းပြည်နယ် ဦးခွန်သိန်း
၈။ စစ်ကိုင်းတိုင်း ဦးသိုးထိန်း
၉။ တနင်္သာရီတိုင်း ဦးကျော်
၁၀။ ပဲခူးတိုင်း ဦးဘိုနီ
၁၁။ မကွေးတိုင်း ဗိုလ်မှူးကြီးစိုးသိမ်း
၁၂။ မန္တလေးတိုင်း ဦးစံရှိန်
၁၃။ ရန်ကုန်တိုင်း ဦးသိန်းငွေ

၁၄။ ရောဝတီတိုင်း ဗိုလ်မှူးကြီးလှကြည်

(ရောဝတီတိုင်း ဗိုလ်မှူးကြီးလှကြည်၊ မကွေးတိုင်း ဗိုလ်မှူးကြီး စိုးသိမ်းတို့နှင့် တွေ့ဆုံမှုသည်ကို ကျွန်မရေးသားဖော်ပြပြီးပါပြီ။ ကရင်ပြည်နယ် ဦးဘအောင်နှင့်ဆုံတွေ့ကြသည့်အချိန်မှာ ၁၉၉၇ ခုနှစ်ဖြစ်ပြီး နေရာက ဂျိုဟန်နက်စ်ဘတ်မြို့တော်၊ တောင်အာဖရိကနိုင်ငံတွင် ဖြစ်ပါသည်။)

သူ့သမက် ဒေါက်တာသိန်းဝင်းမှာ မြန်မာနိုင်ငံတွင် ယုံကြည်ချက်ကြောင့် အကြိမ်ကြိမ်ဖမ်းဆီး ထိန်းသိမ်းအကျဉ်းချခံခဲ့ရသူဖြစ်ပါသည်။ သူသည် ဆေးတက္ကသိုလ်(၂) ကျောင်းဆင်းဖြစ်ပြီး မြောက်ဥက္ကလာပဆေးရုံကြီးတွင်အတူ တာဝန်ထမ်းရွက်ခဲ့ကြသော ကျွန်မ၏ခင်ပွန်းနှင့် ရင်းနှီးပါသည်။

ရှစ်လေးလုံးအရေးတော်ပုံတွင် အခြား မြောက်ဥက္ကလာပ ဆေးရုံဝန်ထမ်းများနှင့်အတူ လှုပ်ရှားခဲ့ကြပါသည်။ ၁၉၉၇ ခုနှစ် ကွန်ဂိုနိုင်ငံ၊ အာဖရိကတိုက်တွင် ပြည်တွင်းစစ်ဖြစ်နေသောအချိန်တုန်းက ကျွန်မတို့သည် တောင်အာဖရိကနိုင်ငံသို့ စစ်ပြေးခိုလှုံခဲ့ရမှုပါသည်။

ထိုအချိန်မှာ အဘိုး ဦးဘအောင်၊ အဖွားဒေါ်ခင်ရွှေ သူတို့၏သမီး သီဂီတို့နှင့် တွေ့ဆုံရပါသည်။ သူတို့နေအိမ်တွင် တည်းခိုနေထိုင်ခဲ့ရသည့် ကျေးဇူးတွေ အများအပြား တင်ရှိပါသည်။)

အထက်ဖော်ပြပါ မူလညီလာခံမတိုင်မီကာလ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် ဒေသဥက္ကဋ္ဌများ၊ တိုင်းနှင့်ပြည်နယ် ဥက္ကဋ္ဌများအတွင်းမဲ အရေအတွက် ရရှိမှုအရေအတွက် အပြောင်းအလဲများ ရှိခဲ့သည်ဟု သာမန် ပြည်သူပြည်သားတွေနားမှာ ပွက်ပွက်ညံကြားခဲ့ရပါသည်။ ကြားသိကြရသည်မှာ ရွေးကောက်ပွဲတွင် ဥက္ကဋ္ဌကြီး မဲနည်းသွားပြီး အဆင့်(၆)အထိ ကျဆင်းသွားသည်ဟု ဆိုပါသည်။ ဗဟိုဝန်ထမ်းတက္ကသိုလ်ကျောင်းအုပ်ကြီး ဦးကျော်စိုး(ဗိုလ်မှူးကြီး)က မဲအများဆုံးဖြင့် အဆင့်(၁)ဖြစ်သွားသည်ဟု ဆိုပါသည်။ ဗိုလ်ချုပ်ကြီးစန်းယုက အဆင့်(၂)၊ ဖေဖေက အဆင့်(၃) ဖြစ်ပါသည်တဲ့။ မဲစာရင်းကို ကြည့်ပြီးသကာလ ဥက္ကဋ္ဌကြီးသည် စိတ်ဆိုးမာန်ဆိုး ရှုံ့ရှုံ့ရှားရှား သရုပ်ပျက်ဖော်ပြပြီး ခန်းမတွင်းမှ ထွက်ခွာ

သွားခဲ့သည်ဆိုသည်မှာ အရပ်သတင်းစကားတွေ ဖြစ်ပါသည်။ မှောင်ချထားသော သတင်းတွေသည် ဟုတ်မှန်တာတွေများကြောင်းဖြင့် အများပြည်သူက ကြားသိနေကြ အံ့ခွနေခဲ့ပြီးသား ဖြစ်နေပါတော့သည်။ ဗိုလ်မှူးကြီး(မျက်မှန်)တင်ဦးမှာ အဖွဲ့ဝင်အဖြစ် ပါတီလုပ်ငန်း စစ်ဆေးရေးအဖွဲ့၌သာ ပါလာခဲ့ပြီး လက်စောင်းထက်စေသော မူလရာထူးမှ ပြုတ်ကျန်ရစ်ခဲ့ပါလေ၏။ အရပ်သတင်းအရ မျက်မှန်ကြီးမှာ လက်ငင်းချက်ချင်း ဥက္ကဋ္ဌကြီးထံ အပြေးသွားရောက် မျက်ရည်ကျသည် ဆိုပါ၏။ အဲဒီသတင်းမှန်တာ မမှန်တာထက် အတွင်းရေးမှူးအဖွဲ့ အထောင်းအထု ခံရသည်မှာတော့ တိုင်းသိပြည်သိ လှည်းနေလှေအောင်း မြင်းစောင်းမကျန် အားလုံး အသိပင်တည်။ တရားဝင်ဟု ထုတ်ပြန်သောသတင်းအား အောက်ပါအတိုင်း သိရှိခဲ့ရပါသည်။

**တတိယအကြိမ်မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီ ညီလာခံမှ ရွေးချယ်တင်မြှောက်လိုက်သော ပုဂ္ဂိုလ်များ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ (CEC ၁၅ ဦး)**

| | |
|---|---|
| ၁။ ဦးနေဝင်း | ဥက္ကဋ္ဌ |
| ၂။ ဗိုလ်ချုပ်ကြီးစန်းယု | အတွင်းရေးမှူး |
| ၃။ ဦးသောင်းကြည် | တွဲဖက် အတွင်းရေးမှူး |
| ၄။ ဦးကျော်စိုး | အဖွဲ့ဝင် |
| ၅။ ဒေါက်တာမောင်မောင် | ။ |
| ၆။ ဦးမောင်မောင်ခ | ။ |
| ၇။ ဗိုလ်ချုပ်ကျော်ထင် | ။ |
| ၈။ ဦးထွန်းလင်း | ။ |
| ၉။ ဗိုလ်မှူးချုပ်အေးကို | ။ |
| ၁၀။ ဗိုလ်မှူးချုပ်စောဖြူ | ။ |
| ၁၁။ ဦးဇော်ဝင်း | ။ |
| ၁၂။ ဦးသန်းစိန် | ။ |

၁၃။ ဦးကျော်ဇော ။
၁၄။ ဦးတင်ဝင်းညို ။
၁၅။ ဦးစံရှိန် ။

**အတွင်းရေးမှူးများအဖွဲ့ (၄)ဦး**

၁။ ဦးခင်မောင်မြ
၂။ ဦးသန်းလှိုင်
၃။ ဗိုလ်မှူးကြီးစိုးသိမ်း
၄။ ဦးတင်အေးကျော်

**ပါတီလုပ်ငန်းစစ်ဆေးရေးအဖွဲ့**

| | |
|---|---|
| ၁။ ဦးမင်းသိမ်း | ဥက္ကဋ္ဌ |
| ၂။ ဦးကြည်မောင် | အတွင်းရေးမှူး |
| ၃။ ဦးညွန့်သိန်း | အဖွဲ့ဝင် |
| ၄။ ဦးမောင်ညို | ။ |
| ၅။ ဦးအောင်ချိန် | ။ |
| ၆။ ဦးထိန်လင်း | အဖွဲ့ဝင် |
| ၇။ ဗိုလ်မှူးကြီးတင်ဦး | ။ |
| ၈။ ဗိုလ်မှူးကြီးစိန်လွင် | ။ |
| ၉။ ဦးကျားကြီး | ။ |

၂၅-၂-၇၇မှ၁-၃-၇၇အထိ တတိယအကြိမ် ပါတီညီလာခံကျင်းပခဲ့ပါသည်။ ညီလာခံနှင့်အတူ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီသည် လုံးလုံးလျားလျား လဲကျ ပျက်စီးသွားခဲ့ရပါတော့၏။ ညီလာခံနှင့်ပတ်သက်ပြီး နိုင်ငံရေးသတင်းအမျိုးမျိုး ထွက် ပေါ်ခဲ့ပါသည်။ ဖေဖေ့အတွက် ဆက်စပ်ဆိုးကျိုးတစ်ခုခု ဖြစ်လာနိုင်သည်ဟု ကျွန်မ ခံစားနေရပြီး ရတက်မအေး စိတ်ပူပန်နေသည်ဟု စိတ်ချင်းချိတ်ဆက်ပြီး ဖေဖေ သိရှိနေခဲ့ဟန် ရှိပါ၏။ မိသားစုထံမှကြားသိရသည်မှာ ဖေဖေက နတ်ထွက်စာ တင်သောအခါ တွဲဖက်ကြီးက လက်မခံပဲ ဆွဲဆုတ်ပစ်လိုက်သည်ဟု ဆိုပါသည်။

ခဏာစောင့်စေလိုသော သဘောဖြစ်ပါသည်။ အခြေအနေပြောင်းလာ ကောင်းလာလိမ့်မည်ဟု တွဲဖက်ကြီးက ယူဆဟန်တူပါ၏။

အိမ်တော်တွင် ညီလာခံမှ ရွေးချယ်တင်မြှောက်လိုက်သော ပုဂ္ဂိုလ်များဖြစ်ကြသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့ (CEC ၁၅ဦး)အား ဦးနေဝင်းက တွေ့ဆုံခဲ့ပါသည်။ ဥက္ကဋ္ဌကြီး မကျေနပ်သောကြောင့် အဖွဲ့ဝင်များ ဝစီပိတ်ငြိမ်သက်နေကြပါသည်။ အတွင်းရေးမှူးအဖွဲ့ဟာ ဝန်ထမ်းတွေပဲ၊ ခုတော့အာဏာသိမ်းမယ့်လုပ်ဆောင်မှုတွေ တွေ့ရတယ်ဟုပြောပါသည်။ ဦးထွန်းလင်းသည် မမှန်စကားကိုကြောက်ရွံ့ငုံ့ခံနေသောစရိုက် ရှိဟန်မတူပါ။ ကျွန်တော်တို့ဟာ အလုပ်ခန့်ထားတဲ့ဝန်ထမ်းတွေ မဟုတ်ပါဘူး ခင်ဗျာ။ ရွေးချယ်တင်မြှောက်ခံပါတီဝင်တွေပါဟု တုံ့ပြန်တင်ပြသည်ဟု ပြောဆိုသံတွေကို မကြာသေးခင်ကမှ တစ်ဆင့်စကားကြားသိရပါသည်။ ၁၉၇၇ ခုနှစ်၊ ၂၈ ရက်၊ ဖေဖော်ဝါရီလ ညီလာခံပြီးကတည်းက ဖေဖေ့အားပါတီ တာဝန်မပေးတော့ကြောင်းကိုလည်း မကြာသေးမီ ၂၀၁၃ ခုနှစ်ကျမှ ကျွန်မကြားသိရပါသည်။

ဖေဖေက နုတ်ထွက်စာတင်သည်ဆိုတာကိုတော့ ထိုစဉ် ၁၉၇၇ ခုနှစ်ကတည်းက ကျွန်မတို့ ကြားသိနေခဲ့ပြီးသားပါ။ အဖေအလုပ်မရှိလည်း ငြိမ်းချမ်းနေထိုင်ကြမည်၊ ရထားသည့်ဘွဲ့ကို အရင်းတည်ပြီး အလုပ်လုပ်ကြမည်ဟု သမီးတွေကအားမာန်မွေးကြပါသည်။ ကျွန်မသိသလောက်တော့ ဖေဖေ့အား တာဝန်မပေးတော့သည့်တိုင် အလုပ်လွှဲပေးခြင်းလား မဆိုနိုင်ဘဲ ဗဟိုဌာနချုပ်သို့ လအနည်းငယ်ခန့်သွားနေခဲ့ဖြစ်ပါသည်။ မသက်ဆိုင်တော့သောကြောင့်လည်း နုတ်ထွက်ခွင့်မရပါ။ သူတို့ခွင်ထဲဝင်မိသူသည် သူတို့က ဖြုတ်လျှင်ဖြုတ်၊ အသေထွက်လျှင်ထွက်၊ သူတို့က ဘဝဖျက်ဆီးမပစ်ပါဘဲနှင့်တော့ အရှင်ထွက်သွားခွင့် မရှိနိုင်ပါ။

မိသားစုမှာ လုည့်ဖျားရှုပ်ထွေးသော နိုင်ငံရေးအကြောင်းကို နားမလည်သောကြောင့် ဖေဖေသည် မိသားစုအား စိတ်မချမ်းမသာ မဖြစ်ကြရစေရန် တစ်စုံတစ်ရာ အသိမပေးခဲ့ဘဲ သူတစ်ကိုယ်တည်း ခါးစည်းခံခဲ့ကြောင်းဖြင့် နောက်မှသာသိရှိကြရပါတော့သည်။

ဖေဖေသည် ကျွန်မတို့ကို ယုံကြည်ဖွင့်ပြောလေ့ မရှိရုံမျှမက ဆွေးနွေး
လောက်သည်အထိ ပါးနပ်တတ်သိသည်ဟုပင် ယူဆဟန်မတူသောကြောင့် တစ်
ခါမှ ဖွင့်ဟတိုင်ပင်ဖူးသည် မဟုတ်ပါ။ ကျွန်မကိုကလည်း ဖေဖေနှင့် နီးနီးမနေဘဲ
ဆိုက်ပီမှာနေ၊ မအူပင်မှာနေနှင့်၊ ကိုယ်ရေးကိုယ်တာတွေကြားမှာ မအားမလပ်ရှိခဲ့
သဖြင့် အစစအရာရာ တိုင်ပင်ဆွေးနွေးနိုင်လောက်သည့် အခွင့်သို့ မရောက်နိုင်
ခဲ့ပါ။ သို့တစေ နိုင်ငံ့အရေး၊ တိုင်းပြည်၏အရေးကို စိတ်ဝင်စားသော ဝါသနာအထုံ
က ကျွန်မထံတွင် ကပ်ညှိပါဝင်နေပါသည်။ ကျွန်မ ကြားသိဖူးသည်တို့မှာ မတိ
ကျနိုင်ပါ။ ကြားရသမျှတွေသည်လည်း အများပြည်သူနှင့်မခြား။ မှန်တာလည်း ရှိ၊
မှားတာလည်းရှိ။ ရန်ကုန်နှင့်အနီးစပ်ဆုံးအဖြစ် သုံးလေးရက်တစ်ကြိမ် တယ်လီဖုန်း
ဆက်၊ နေထိုင်ကောင်းကြလား၊ ဘာထူးသေးလဲ။ ဤမျှထက် အတင်းအလျော့
သိပ်မရှိခဲ့ပါ။

ဦးဖေမြင့်ဝင်းမှာ ဆေးရုံဘဝန်တစ်ဖက်ကလည်းရှိ၊ ကလေးတွေကို လည်း
ကြည့်ရှုရဦးမှာမို့ မိသားစုအား ချက်ပြုတ်ကျွေးမွေးဖို့ အိမ်အကူ နေ့မှုထူးနှင့် ထားခဲ့ရပြီး
အိမ်ရှင်အပျိုကြီး သုံးယောက်အားလည်း အကျိုးအကြောင်း ပြောပြကာ
ကြည့်ရှုစောင့်ရှောက်ပေးဖို့ အပ်နှံခဲ့ရပါသည်။ ဒုတိယတန်း ကျောင်းသူဖြစ်သော
သမီး မြတ်ခက်ညိုအား ဆရာမဒေါ်သန်းလှက ဂရုစိုက် ကြည့်ရှုပေးခဲ့ပါသည်။

ပြည်သူအားလူလို မဆက်ဆံ၊ မည်သည့်အရာကိုမျှ အသိမပေးတမ်း။
သကန့်လန့်ကာနောက်မှာ ပြည်ဖုံးကားချပြီး အကျဉ်းချထားခဲ့သောကြောင့် အများ
ပြည်သူနှင့်တကွ၊ ယခု ၂၀၁၂ ၂၀၁၃ ၂၀၁၄ တွေမှာ ပွင့်လင်းမြင်သာသည့်
အုပ်ချုပ်ရေးတာဝန်ယူလျက် ဒီမိုကရေစီလမ်းဘက်သို့ လျှောက်လှမ်းနေပြီဟု
မျှော်လင့်ထင်မြင်နေသည့်တိုင်၊ ထိုအချိန်ကာလတုန်းကတော့ တိုင်းပြည်အား အမှောင်
ချထားခဲ့သည့်အတွက် မဆလအတွင်းစည်းသို့ လက်လှမ်းမမီသူတွေရော၊ အမှန်
တရားနှင့် အလှမ်းဝေးခဲ့ရသူတွေပါ၊ တိုင်းပြည်မှာဘာတွေ ဖြစ်ခဲ့ကြသလဲဆိုတာကို
သိခွင့်မရှိကြပါ။

ပြည်သူအား ကျွန်မသိသမျှ ဝေခွဲအသိပေးဝေချင်သော အလွှာတိုင်းအတွက်

မျှမျှတတရှိစေချင်သော အမုန်တရားကို အားပေးသော စာရေးဆရာတစ်ဦးဖြစ်သူ ကျွန်မတွင် တာဝန်ရှိသည်ဟု ယုံကြည်ပါသည်။ ၁၉၇၇ ခုနှစ် စက်တင်ဘာလတွင် အောင်ဆန်းတပ်မြို့နေ ညီမငယ် စုစုထံမှ တယ်လီဖုန်း ရရှိပါသည်။ ကျွန်မတို့၏ နေအိမ်သည် ကြေးနန်းရုံးနှင့် နီးကပ်သဖြင့် အပြေးအလွှား သွားရောက် စကား ပြောနိုင်ပါသည်။ ဆက်သွယ်သူ ညီမစုစုက ပြောပါသည်။

"မနေ့က ဖေဖေ့ကို ရုံးချုပ်ကနေ သူတို့လာခေါ်သွားကြတယ် မမ၊ မမ ရန်ကုန်ဆင်းလာနိုင်မလား။ ဒီရောက်မှ သေချာပြောပြမယ်နော်"

"သူတို့" ဆိုတာ အက်စ်ဘီတွေ ထောက်လှမ်းရေးတွေပဲဟု ကျွန်မ နား လည်ပါသည်။ ကျွန်မစိုးရိမ်ပူပန်နေသလို အကောင်အထည် ဖော်ကြပါပြီကောဟု ရင်ထဲမှာ ဆို့တက်သွားခဲ့ရပါသည်။

"မနက် လာခဲ့မယ်၊ နေ့ခင်းအိမ်ရောက်မယ် ညီမလေး"

သဘော်ဆိပ်သို့ ရောက်သောအခါ ကျွန်မအား အိမ်မှမည်သူမျှ လာမကြို နိုင်ကြပါ။ ထိုခေတ်က သုံးဘီးကားစီးခသည် ဆယ့်ငါးကျပ်လောက် ရှိမည်ထင်ပါ သည်။ လမ်းမကောင်းသော၊ ဝေးလံသော၊ အောင်ဆန်းတပ်မြို့သို့တိုင် ကားဆရာ က ရှောရှောရှူရှူ လိုက်ပို့ပေးပါသည်။

အောင်ဆန်းသို့ ရောက်သောအခါ အိပ်ခန်းထဲတွင် စိတ်ဆင်းရဲခြင်းကြီး စွာဖြင့် ငေးမှိုင်နေကြရှာသော နီနီ၊ စုစု၊ ခင်သက်ဝေတို့နှင့်အတူ မေမေ့ကို တွေ့ ရပါသည်။ ခရီးရောက်မဆိုက် စုဝေးဝိုင်းဖွဲ့ကြပြီးသောအခါမှ မိသားစုက ပြောပြ သည်မှာ ဖေဖေ့အား ပါတီဌာနချုပ်မှ ဆီဒင်အဖြူဆလွန်းကားကလေးဖြင့် လာခေါ် သွားကြသည်ဟု သိရပါသည်။

"မေးမြန်းစရာကလေးရှိလို့ ဗိုလ်မှူးကြီးကို ခဏခေါ်သွားပါတယ် ခင်ဗျာ၊ ဘာမှစိတ်မပူပါနဲ့၊ မကြာခင် ကျွန်တော်တို့ ပြန်ပို့ပေးပါ့မယ်"

ဟု အိမ်သို့ ဖုန်းဆက်သည်ဟု ဆိုပါ၏။ သူတို့ပြောသော "မကြာခင်" သည် ဘယ်ရောက်မှန်း ဘာဖြစ်နေမှန်း မသိရဘဲ မိသားစုပူပန်သောကရောက် လိုက်ကြရသည်မှာ "ငါးလတိုင်တိုင်" ကြာမြင့်ခဲ့ပါ၏။

၁၉၇၇ ခုနှစ်၊ အောက်တိုဘာလ (၁၀)ရက်တွင် ဘောင်ထရီလမ်းကုန်းမြင့်သာယာတွင် ထိန်းသိမ်းထားသော ဗဟိုလမ်းစဉ်ပါတီကော်မီတီဝင်များအား အိမ်ပြန်ပို့ပေးလိုက်သည်ဟု မကြာသေးခင်ကမှ ကျွန်မသည် နောက်ကြောင်းပြန် သိရှိရပါသည်။ ဖေဖေတို့ကိုမူ ဆက်လက်ထိန်းသိမ်းထားဆဲ ဖြစ်ခဲ့ပါသည်။

ဖေဖေ့ကို ဖမ်းဆီးသောနေ့ ၁၉၇၇ ခုနှစ်၊ စက်တင်ဘာလတွင် ၁၅၀၀ တားပြာကြီးနှင့် ဖေဖေက ရုံးသွားရာ ဦးသန်းစိန်က မောင်းပို့ပါသည်၊ ကားနှစ်စီးဆိုလျှင် ခတ်ဆီနှစ်ဆကုန်သည်ဟု ရှူးရှူးကိုပါ တစ်ပါတည်းခေါ်တင်သွားလေ့ရှိပါသည်။ ဖေဖေ့ကို ရုံးတွင်ထားခဲ့ပြီးနောက် ရှူးရှူးကို ပုလဲနှင့် ငါးသို့ ပို့ပါသည်၊ ရှူးရှူးအပြန်မှာတော့ ရှူးတစ်ယောက်တည်း အိမ်ပြန်လာခဲ့ရပါသည်။ ဦးသန်းစိန်က . . .

"ဗိုလ်မှူးကြီးကို ထောက်လှန်းရေးတွေက ရုံးကနေ လာဖမ်းသွားကြပြီ"

ဟုပြောပါသည်။ ထိုနေ့က အရပ်ဝတ်မာဇီနှင့် တိုက်ပုံနှင့် ထောက်လှမ်းရေးများသည် ရုံးခန်းသို့ လာရောက်ပြီး ဆီဒင်အဖြူကလေးနှင့် ခေါ်ယူသွားသည်ဟုဆိုပါ၏။ ညောင်တပင်လမ်းထိပ်တွင် ကားသည် အိမ်အထိ ဝင်ခွင့်မရပါ။

" ဗိုလ်မှူးကြီးရဲ့သမီးကို အိမ်ပို့မလို့ပါ"

ဟု ဦးသန်းစိန်က ပြောမှ ဝင်ခွင့်ပေးပါသည်။ အိမ်ပတ်လည်တွင် အစောင့်တွေ ချထားသည်ဟု သိရပါသည်။ ထိုစဉ်က နီနီသည် အိမ်မရောက်သေးပါ။ စောင်စက်ရုံမှာပဲ ရှိနေသေးသည်။ ဗိုလ်ကြီးဌေးဦးသည် အိမ်ရောက်ပြီးနောက် ဖေဖေ့ကို ဖမ်းထားပြီဖြစ်ကြောင်း အရင်သိနှင့်ကာ နီနီ့ကို ဆီဒင်အနီကလေးနှင့် သွားကြိုနေပါသည်။ အိမ်တွင် ထောက်လှန်းရေးမှ ဗိုလ်မှူးမောင်မောင်သွင်နှင့် အခြားအဆင့်များရောက်ရှိနေကာ ပစ္စည်းတွေ ရှာဖွေနေကြပါသည်။ မေမေ၊ မသန်းဝင်းနှင့် ခင်သက်ဝေတို့ကို ထမင်းစားခန်းတွင် ထိုင်ခိုင်းထားပါသည်။

ဖေဖေ့အားလည်း ဘယ်ရောက် ဘယ်ပို့ထားမှန်း မသိရ ရှင်သည် သေသည်ပင် မသိကြရသေးပါ။ ဖေဖေ့ကို ရေကြည်အိုင်မှာ အကျဉ်းချထားသည်။ ကုန်းမြင့်သာယာသို့ ခေါ်ယူလာလိမ့်မည်ဆိုသော ကောလာဟလများအရ ရှူးရှူးသည် ယာဉ်မောင်းဦးသန်းစိန်နှင့်အတူ ထီးရှည်တစ်လက်စီနှင့် ရုစ်မိုင်ကားဂိတ်အနီးတွင် စောင့်

မျှော်ရှုပါသည်။ ကြားသိကြရသည်မှာ ရွှေကောက်ပွဲတွင် ဥက္ကဋ္ဌကြီး မဲနည်းသွားပြီး အဆင့် ၆ အထိ ကျဆင်းသွားသည်ဟု ဆိုပါသည်။ ဗဟိုဝန်ထမ်းတက္ကသိုလ် ကျောင်းအုပ်ကြီး ဦးကျော်စိုး(ဗိုလ်မှူးကြီး)က မဲအများခုံးဖြင့် အဆင့် ၁ ဖြစ်သွားသည်ဟု ဆိုပါသည်။ ဗိုလ်ချုပ်ကြီးစန်းယုက အဆင့် ၂ ဖေဖေက အဆင့် ၃ ဖြစ်ပါသည်။

သတင်းစာတွေထဲမှာ မပါသော်လည်း တိုင်း (၇)ခု၊ ပြည်နယ်(၇)ခုအနက် ဦးနေဝင်း၏ညီ ဦးသိန်းငွေမှအပ အခြားသော ပါတီဥက္ကဋ္ဌများကို ခွဲစိတ်ထားသည် ဆိုသည့် နိုင်ငံ့အရေးအခင်းကြီးကတော့ ဖြစ်ပေါ်နေခဲ့ပါပြီ။ အခြားမည်သူတွေ ဘာဖြစ်သွားသည်မသိရစေကာမူ ဖေဖေ့ညီဖြစ်သူ အနောက်မြောက်တိုင်း တိုင်းမှူး ဗိုလ်မှူးကြီးခင်ကျော်ညိုအား ရာထူးမှ ရပ်နားလိုက်တာကတော့ အသေအချာဖြစ်ပါ၏။ မည်သူတွေက စလွှင့်သည် မသိရသော ကောလာဟလတွေကလည်း စိတ်ဆင်းရဲအောင် အမျိုးမျိုး လုပ်ဆောင်ကြပါသည်။

ဖေဖေ ရုက်လွှန်းလို့ သတ်သေသွားပြီ။ ဖေဖေ သွေးတိုးတက်ပြီး လေဖြတ်သွားပြီ။ ကျွန်မတို့မိသားစုမှာ အချင်းချင်း အားပေးကြရပါသည်။ ဖေဖေ့မှာ ရှက်စရာ မတရားမှု ကျူးလွန်ခဲ့တာတစ်ခုမှ မရှိဘဲနဲ့ သတ်သေစရာအကြောင်း လုံးဝမရှိဘူး။ ဖေဖေ့မှာ သွေးတိုးမရှိတော့ လေဖြတ်မှာ မဟုတ်ပါဘူး။ တွေ့ရသူ မည်သူကမျှ ဖေဖေဘယ်ရောက်နေမှန်း ထင်မြင်ချက် မပေးနိုင်ပါ။ အသိမိတ်ဆွေများ၊ တစ်ချိန်တုန်းက ခင်မင်ရင်းနှီးစွာ ဝင်ထွက်သွားလာခဲ့ကြသော သူများသည် လည်း ကြက်ပျောက်ငှက်ပျောက်။ အားငယ်စိတ်ဆင်းရဲနေသော ကျွန်မတို့ မိသားစုမှာ အပေါင်းအဖော်တွေက ဘာကြောင့်ဒီအထိ စိမ်းကားပစ်ပယ်နိုင်ကြကြောင်းကို နားမလည်နိုင်ခဲ့ပါ။

ဒီကြားထဲ လူကြုံမှတစ်ဆင့် အမှာစကားပါးတတ်သူ ရှိသေးပုံမှာ ရောင်းစရာ ရွှေငွေကျောက်သံပတ္တမြား ရှိခဲ့လျှင် ဝယ်ချင်ပါသည်တဲ့။ ရောင်းချင်းရောင်း။ ဈေးမှာပဲ သွားရောင်းမယ်၊ သမီးတို့ သွားရောင်းပေးမယ်။ သူတို့ကို မရောင်းပါနဲ့။ စိတ်နာလွန်းလို့ပါ။ အဲသလို ကျွန်မတို့ညီအစ်မတွေ နင့်နင့်သီးသီး ခံစားကြရပါ

သည်။ ရောင်းချင်းရောင်း၍ ဈေးမှာပဲ ရသည့်ဈေးနှင့် သွားရောင်းကြပါသည်။

ကျွန်မတို့ တွေ့ဖြစ်ကြသူတွေကလည်း မည်သူကမျှ ဖေဖေ ဘယ်ရောက်နေမှန်း ထင်မြင်ချက် မပေးနိုင်ပါ။ နောက်ဆုံးတော့ အတန်တန် စဉ်းစားပြီး ကျွန်မသည် ညီမအငယ်စူးစူးနှင့် တိုင်ပင်ပါသည်။

"မမတို့ အန်ကယ်သောင်းကြည်အိမ်ကို သွားကြရအောင်"

"သူတို့က အတွေ့ခံပါ့မလား"

"ဖေဖေ့ကို သူတို့က ချစ်တယ်။ အတွေ့ခံမှာပါ။ စူးစူးကကားကို မောင်းပေး၊ ဟိုကျတော့ မမက အခြေအနေ ကြည့်ပြောမယ်။ ဖေဖေ အသက်ရှင်နေသေးသလားဆိုတာ သိရရုံကလေးပါပဲ"

သူတို့နေအိမ်မှာ ဝင်ဒါမီယာပတ်ခ်အတွင်းမှာ ရှိပါသည်။ ယခုခေတ် အခေါ်အဝေါ်များအရ သံလွင်လမ်းတို့ ဇော်ဂျီလမ်းတို့ ဖြစ်နေကြပါပြီ။ သံလွင်လမ်းအနီး ဇော်ဂျီလမ်းဟု ခေါ်ဆိုရပါလိမ့်မည်။ ဂိတ်စောင့်နေသော ရဲသားနှစ်ယောက်က ကျွန်မတို့၏ကားကို ဂိတ်တွင် ရပ်စေကြပါသည်။

"ကျွန်မတို့က ဦးတင်ဝင်းညို့ရဲ့သမီးတွေပါ။ အန်ကယ်နဲ့ အန်တီတို့ကို တွေ့ချင်လို့ပါ"

သူတို့အိမ်ထဲသို့ တယ်လီဖုန်းဖြင့် အကြောင်းကြားပါသည်။ ဘယ်လို အကြောင်းပြန်မလဲဆိုတာကို ကျွန်မမှာ ရင်တထိတ်ထိတ် စောင့်ဆိုင်းနေရပါသည်။ စူးစူးသည်လည်း ကျွန်မနည်းတူ စိုးရိမ်ကြောင့်ကြနေပါလိမ့်မည်။ ရဲသားတစ်ယောက်က ဝင်းတံခါးဖွင့်ပေးတော့မှပင် ကျွန်မတို့ စိတ်အေးသွားကြရပါတော့၏။ အန်တီစိန်ကိုယ်တိုင် အိမ်တံခါးကို ဖွင့်ပေးပါသည်။ သူသည် စူးစူးကိုဖက်ပြီး မျက်ရည်စမ်းစမ်း ဖြစ်နေခဲ့ပါ၏။

၁၉၆၅-၆၆ ခန့် မော်လမြိုင်မှာတုန်းက သူတို့၏တစ်ဦးတည်းသောသမီး တူးတူးခေါ် ခင်လှဲ့လှဲ့ကြည်မှာ ကျွန်မနှင့် ကျောင်းချင်းမတူသော်လည်း ဆယ်တန်းကျောင်းသူချင်းတူကြပါသည်။ ကျောင်းအားလျှင် စက်ဘီးကိုယ်စီဖြင့် ဦးဇိနနှင့် ဦးခန္တီ တောင်ပေါ်ဘုရားများဆီသို့ လျှောက်စီးလည်ပတ်ကြဖူးပါသည်။

၁၉၇၇ ဝန်းကျင်မှာ တူးတူးရော ကျွန်မပါ အိမ်ထောင်ကျနေကြပါပြီ။ တူးတူးသည် စီးပွားရေးတက္ကသိုလ်မှ ဘွဲ့ရရှိပြီး နည်းပြဆရာမ ဖြစ်နေခဲ့ပါပြီ။ ဖေဖေ လွတ်မြောက်အောင် စီစဉ်ဆောင်ကြဉ်းပေးဖို့ ကျွန်မတို့သည် အကူအညီတောင်း လိမ့်မည်ဟု အန်ကယ်ဦးသောင်းကြည်တို့မောင်နှံက ယူဆထားခဲ့မည် ထင်ပါသည်။ ညှိမျှနက်ရှိုင်းနေသော နိုင်ငံ့အရေးအခင်းတွင် ဖေဖေ တစ်ယောက်တည်း လွတ်မြောက်ရေးအတွက် အန်ကယ်ဦးသောင်းကြည်အနေနှင့် ဘာယ်လိုမှ မတတ်နိုင်ကြောင်း ကျွန်မ သိနားလည်ထားပြီးပါပြီ။

"အင်းစိန်မြို့နယ်၊ အောင်ဆန်းတပ်မြို့မှာ ဖေဖေတို့ မေမေတို့ ဆောက်လက်စအိမ်ရှိပါတယ်။ အိမ်တစ်ဝက်အပြီးမှာ အစိုးရဆီ အပေါင်ထားပြီး ဆက်ဆောက်ပါတယ်။ အစိုးရက အရစ်ကျဆပ်ဖို့ ရောင်းပေးထားတဲ့ ဆီဒင်ကားတစ်စီးလည်း ဖေဖေတို့မိသားစုမှာ ရှိပါတယ်။ အခုရက်ပိုင်းအတွင်းတုန်းကတော့ ကားတွေကို အပြီးချေပြီး ရောင်းခွင့်ပြုကြောင်း သတင်းစာတွေထဲမှာ ပါလာပါတယ်"

ကျွန်မသည် ကြိုတင်စဉ်းစားထားသည့်အတိုင်း ဦးသောင်းကြည်အား တင်ပြပါသည်။ သူတို့မောင်နှံသည် အလေးအနက်နားထောင်ကြပါသည်။

"မေမေတို့မှာ ဝင်ငွေအတည်တကျ မရှိပါဘူး အန်ကယ်။ ဖေဖေ့လုပ်စာနဲ့ စားခဲ့ကြတာပါ။ ဖေဖေ့ကို ထိန်းသိမ်းပြီးတော့ စူးစူးလည်း အလုပ်ဆက်မသွားဘဲ ထွက်လိုက်ပါတယ်။ နီနီတစ်ယောက်ရဲ့ လစာငွေကလေးနဲ့ မေမေတို့ ရပ်တည်နေရပါတယ်"

"ဖေဖေပြန်လာရင် စီစဉ်တိုင်ပင်ကြဖို့ စောင့်နေကြရပါတယ်။ အိမ်ကြွေးကို ဆပ်စရာ တခြားနည်းလမ်း မရှိလို့ပါ။ ဖေဖေ ကြာဦးမယ်ဆိုရင်တော့ ကားကို ရောင်းပြီး အိမ်ကြွေးဆပ်လိုက်မှ ဖြစ်မှာမို့ အန်ကယ်တို့ကို လာပြီးအကြံတောင်းရတာပါ"

ဦးသောင်းကြည်သည် ဧည့်ခန်းထဲတွင် ရှေ့နောက် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်စဉ်းစားချိန်ဆနေပါသည်။ သူတို့တည်ခင်းထားသော ကော်ဖီမှာ စားပွဲပေါ်တွင် အေးစက်နေပါတော့သည်။

"သူတို့က အကြံ့ဦးသွားတယ်၊ အန်ကယ်တို့ ရှုံးနိမ့်သွားတယ်။ ခုနေခါမှာ ဘယ်လိုမှ မတတ်နိုင်တော့ဘူး။ သမီးတို့ရဲ့ကားကိုသာ ရောင်းလိုက်ပေတော့"

ဦးဉာဏ်ခန့်သည် တုန်လှုပ်ခြောက်ခြားဖွယ် ငြိမ်သက်သွားခဲ့ရပါသည်။ ဖေဖေ ကြာလိမ့်ဦးမည်ဆိုတာ အဓိပ္ပါယ်ပေါ်လွင်သွားခဲ့ပြီပဲ။ ညီမဖြစ်သူ စူးစူး၏ ငိုရှိုက်သံ သံ့သဲ့ထွက်ပေါ်လာသည်။ ကျွန်မတို့ ပြန်ဖို့သင့်ပြီဆိုတာ လက်ခံလိုက်ကြရပါတော့၏။ ပြန်လမ်းတွင် စကားတွေ အများကြီးပြောကာ ကားမောင်းသူ စူးစူးကို ဖြေသိမ့်လာ ပါ၏။

"ဖေဖေ့ကို ဖမ်းထားဦးမယ်ဆိုတာ သေချာသွားပြီ ညီမလေး။ အသေမသတ် လိုက်တာပဲတော်လှပြီ"

စူးစူး မငိုတော့ပါ။ ကားကိုသာ ဂရုတစိုက်မှန်မှန် မောင်းနေခဲ့ပါသည်။

"ဖြစ်နေတဲ့အခြေအနေကို မေမေနားလည်အောင် နားခံသာအောင် ပြောပြ ကြတာပေါ့။ ဖေဖေ့မိသားစုတော့ မကြာခင် ကားကို ရောင်းရမှာပဲဆိုပြီး ငွေထုပ် ပြင်ပြင် စောင့်နေတဲ့သူတွေကို အကြောင်းကြားလိုက်ကြတာပေါ့"

ဝင်းဒါမီယာနှင့်အောင်ဆန်းသည် ဆယ့်ငါးမိုင်လောက် ဝေးကွာပါသည်။ လမ်း လည်းကြမ်း။ မိုးတွင်းကာလမို့ ရွှံ့ဗွက်တွေနှင့် ချိုင့်ခွက်ကြီးတွေကို မနည်း ရှောင်ရှား မောင်းနှင်လာရပါ၏။

"မှန်တဲ့သူတွေ ကျကုန်ပြီဆိုတဲ့ ကာတွန်းကို မမ သတိရနေတယ်။ကာတွန်း ဆရာက သိပ်တွေးတတ်တယ်။ ရေးဆွဲတတ်တယ်သိလား။ နှစ်မျိုးတွေး နှစ်ဖက် မြင်ပေါ့။ တိုက်ပွဲမှာ သေနတ်မှန်တာလည်း ဖြစ်နိုင်တယ်။ အမှန်တရားဘက်က ရပ်တည်တာလည်း ဖြစ်နိုင်တယ်"

"မှန်တဲ့သူတွေ ကျကုန်ပြီနော်"

ဟု စူးစူးက ကြေကွဲစွာ ရေရွတ်လိုက်ရပါသည်။ အောင်ဆန်းဈေး၊ ဓာတ်ဆီ ဆိုင်တို့ကို ကျော်ဖြတ်ခဲ့ပြီး ညောင်တပင်လမ်းသို့ ချိုးကွေ့ဝင်ရောက်လာကြပါသည်။ တဆိတ်တော်သေးတာက ညဥ့်မှောင်မှောင်မိုးဖွဲဖွဲမှာ လမ်းရှင်းနေကာ လူသွားလူလာ နည်းပါးနေသေးသောကြောင့် ဖြစ်ပါ၏။

စူးစူးနှင့် သက်ဝေသည် သူတို့ဝါသနာရှိသော အချုပ်အလုပ်ဖြင့် အလုပ်

## အပိုင်း ၄

ဖေဖေတို့ကို ဆွဲစိချုပ်နှောင်ထားသော အချိန်ကာလအတွင်း ကျွန်မတို့မှာ သတင်းစာနှင့်အရပ်စကား ကောလာဟလတွေကိုသာ ဟုတ်နိုးမှန်နိုး မျက်စိဖွင့် နားစွင့်နေခဲ့ကြရတာပါ။ ၁၉၇၇ ခုနှစ်၊ စက်တင်ဘာလ (၁)ရက် ကြာသပတေး နေ့ထုတ် လုပ်သားပြည်သူ့နေ့စဉ် သတင်းစာတွင် ခေါင်းကြီးပိုင်းမှ လွှတ်တော် အင်္ဂမစည်းဝေး အောင်မြင်စွာ ပြီးစီးဆိုသောခေါင်းစဉ်ဖြင့် နောက်ဆုံးပုံမှန် စည်း ဝေးပွဲတွင် သမ္မတကြီး မိန့်ခွန်းပြောကြားသည်ကို အကျယ်တဝင့် ဖော်ပြခဲ့ပါသည်။

**လက်တွဲဖြုတ်ခဲ့ရသူများအတွက်ဝမ်းနည်း**
**တိုင်းပြည်ကာကွယ်ရေးမှာမွေးရာပါတာဝန်**
**လွှတ်တော်အစည်းဝေး၌ သမ္မတကြီးမိန့်ကြား**

၁၉၇၇ ခုနှစ်၊ ဩဂုတ်လ ၃၁ရက်နေ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် အင်္ဂမအစည်းအဝေးကို ယနေ့ မနက် (၁၀)နာရီက အလုံးလမ်း အထက်ပါခေါင်းစဉ် အောက်တွင် သမ္မတအိမ်တော်ဝင်းဗဟိုခန်းမတွင် ကျင်းပရာ နိုင်ငံတော်သမ္မတကြီး ဦးနေဝင်းမြွက်ကြားသော မိန့်ကြားသော မိန့်ခွန်းမှာ အောက်ပါအတိုင်းဖြစ်၏။

*"လွှတ်တော်သက်တမ်း လေးနှစ်ကာလအတွင်း တိုင်းပြည်အတွက် ရွတ်ရွတ်ချွံချွံ ဆောင်ရွက်ခဲ့ကြတဲ့ ဌမျိုးနဲ့ ရှေ့ကိုလည်း ရောက်ရာနေရာကျရာ*

ဘာဝန်တို့မှာ ဆက်လက်ထမ်းဆောင်ကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ထမ်းဆောင်
ရှိသဲ တိုက်တွန်းပါတယ်။ ဒီပထမလေးနှစ်အတွင်း ကိုယ်စားလှယ်တော်အချို့ကို
လုပ်ဖော်ကိုင်ဖက်အဖြစ်က လက်တွဲဖြုတ်ခဲ့ရတာများလည်း ရှိခဲ့ပါတယ်။ ထိုလက်
တွဲဖြုတ်ခဲ့ရသည်များအတွက် တိုင်းပြည်အတွက်လည်း စိတ်မကောင်းဖြစ်ရပါတယ်။
သက်ဆိုင်ရာပုဂ္ဂိုလ်တို့အတွက်လည်း ရင်ထုမနာဖြစ်ရပါတယ်။ လက်တွဲဖြုတ်လိုက်
ရတဲ့အတွက် တိုင်းပြည်အဖို့ ဆုံးရှုံးမှုရှိသလို သက်ဆိုင်ရာပုဂ္ဂိုလ်အဖို့လည်း ဘယ်သူ
မျှ မိမိမှုဆိုတဲ့ကိစ္စများကြောင့် အရေးယူဖယ်ရှားလက်တွဲအဖြုတ်ခံရခြင်းအတွက်
ထိုပုဂ္ဂိုလ်တို့အဖို့ နစ်နာမှုတစ်ရပ်ပင်ဖြစ်ပါတယ်။ လက်တွဲဖြုတ်ရတဲ့အထဲမှာ အနိစ္စ
ရောက်သွား၍ လက်တွဲဖြုတ်လိုက်ရသူနှင့် ၎င်း၏မိသားစုတို့အတွက် ဝမ်းနည်းမိပါ
တယ်။ မလုပ်သင့်မလုပ်ထိုက်တာ လုပ်မိ၍ လက်တွဲဖြုတ်ခံရသူတို့အဖို့တော့
တိုင်းပြည်မျက်နှာတစ်ခုတည်းကိုသာ ထောက်ထားပြီး တော့ စိတ်မချမ်းမသာနဲ့ပဲ
ဖြတ်ပြတ်အရေးယူ လက်တွဲဖြုတ်ခဲ့ရပါတယ်။ ဒီလွှတ်တော်ကာတစ်ဆင့် တိုင်းရင်း
သားအားလုံးတို့ကို မပျက်မကွက် မမေ့မလျော့ ဆောင်ရွက်ရမယ့် တာဝန်တစ်ခုကို
မှောင်းထိုးပြလိုပါတယ်။ ဒီတာဝန်ကတော့ မြန်မာပြည်ကို အန္တရာယ်အမျိုးမျိုးက
ကာကွယ်ဖို့ပဲဖြစ်ပါတယ်။ ဘယ်သူ့တိုက်တွန်းမှုကိုမှ စောင့်နေစရာ မလိုပါဘူး။ တော်
လှန်ရေးကောင်စီတက်တဲ့ နေ့ကစပြီး ဒီကနေ့အထိ တော်လှန်ရေးကောင်စီခေတ်၊
အမျိုးတပါတီခေတ်၊ ပြည်သူ့ပါတီ ခေတ်၊ ၎င်းတို့မှ ပေါက်ဖွားလာသည့် လက်ရှိ
လွှတ်တော်ခေတ်တို့ကို ပြန်ပြီး သုံးသပ်လိုက်မယ်ဆိုရင် အပေါင်းလက္ခဏာ၊ အနုတ်
လက္ခဏာ စသည်တို့ကို တွေ့ရပါလိမ့်မယ်။ အပေါင်းလက္ခဏာများမှ နမူနာအချို့
ပြရမယ်ဆိုရင်…

(၁)လယ်သမားများ အလုပ်သမားများကို စောင့်ရှောက်နိုင်ခဲ့ပါတယ်။
(၂)မှ(၆) အထိ အနုတ်လက္ခဏာ နမူနာများပြရမယ်ဆိုရင်…စီးပွားရေးကဏ္ဍမှာ
ကျေမလည်ဖြစ်ခြင်း၊ ကုန်ဈေးနှုန်းများ တက်ခြင်း၊ ကုန်ဈေးနှုန်းများ တက်သည့်
အထိကို ထိထိရောက်ရောက် ကုစားမပေးနိုင်သေးတဲ့ကိစ္စ စသည်တို့ဖြစ်ပြီး ဒီနေရာ
မှာ အလျှင်းသင့်လို့ ပြောရမယ်ဆိုရင် ကမ္ဘာ့စီးပွားရေးပြဿနာဂယက် မြန်မာပြည်ကို

ရိုက်ခတ်နေမှုဖြစ်ပါတယ်။ ကမ္ဘာ့ဈေးနှုန်းများရဲ့ မတည်ငြိမ်မှုဟာလည်း မြန်မာပြည်ကို ရိုက်ခတ်နေပါတယ်။ ကမ္ဘာ့ဈေးနှုန်း မတည်ငြိမ်မှုသာဓက တစ်ခုကို ပြပါမယ်။ ခဲမဖြူဟာ ၁၉၇၆ ခုနှစ်၊ ဧပြီလ (၉)ရက်နေ့မှာ တစ်တန်လျှင် စတာလင်ပေါင် (၃၈၆၅)မှ ၁၉၇၇ ခုနှစ်၊ ဩဂုတ်လ၊ (၂၄)ရက်နေ့တွင် စတာလင်ပေါင် (၆၅၉၀)မှ (၆၆၀၀) အထိ ဈေးပေါက်ခဲ့ပါတယ်။

နောက်ပြောလိုတာကတော့ အလုပ်လုပ်တဲ့အခါမှာ မြန်မာတို့ရဲ့ ဗီဇ အားနာတတ်တာကြောင့် လည်းကောင်း၊ ယုံလွယ်လွန်းအားကြီးပြီး နားလည်မှုနဲ့ ဆက်ဆံတတ်ကြ၍ လည်းကောင်း၊ ပေါ့ပေါ့ဆဆ လုပ်တတ်ကြတဲ့ ဗီဇများကြောင့်လည်းကောင်း၊ မနစ်နာသင့်တာ နစ်နာ၊ ပြဿနာ မပေါ်သင့်တာ ပြဿနာပေါ်တဲ့ကိစ္စများ ဖြစ်ပါတယ်။

၁၉၇၇ ခုနှစ်၊ စက်တင်ဘာလ၊ (၁)ရက်နေ့တုန်း ကတော့ ဒီသတင်းကို ဖတ်သာဖတ်ရ၊ ဖေဖေတို့ကို ငရဲမီးဖြင့် စိမ်တော့မည်ဟု နားမလည်နိုင်သေးပါ။ ၁၉၇၈ ခုနှစ်၊ ဖေဖော်ဝါရီလ၊ (၃)ရက်နေ့ကျတော့မှသာ ကျောချမ်းပြီမို့ ခါးပြမှန်း သိခဲ့ရတာပါ။

***“ကိုယ်စားလှယ်တော်အချို့ကို လုပ်ဖော်ကိုင်ဖက်အဖြစ်က လက်တွဲဖြုတ်ခဲ့ရတာများလည်း ရှိခဲ့ပါတယ်။ ထိုလက်တွဲ ဖြုတ်ခဲ့ရသည်များအတွက် တိုင်းပြည်အတွက်လည်း စိတ်မကောင်းဖြစ်ရပါတယ်။ သက်ဆိုင်ရာ ပုဂ္ဂိုလ်တို့အတွက်လည်း ရင်ထုမနာ ဖြစ်ရပါတယ်။ လက်တွဲဖြုတ်လိုက်ရတဲ့အတွက် တိုင်းပြည်အဖို့ ဆုံးရှုံးမှုရှိသလို သက်ဆိုင်ရာပုဂ္ဂိုလ်အဖို့လည်း ဘယ်သူမပြု မိမိမှုဆိုတဲ့ ကိစ္စများကြောင့် အရေးယူဖယ်ရှားလက်တွဲအဖြုတ်ခံရခြင်းအတွက် ထိုပုဂ္ဂိုလ်တို့အဖို့ နစ်နာမှုတစ်ရပ်ပင်ဖြစ်ပါတယ်။ လက်တွဲဖြုတ်ရတဲ့အထဲမှာ အနိစ္စရောက်သွား၍ လက်တွဲဖြုတ်လိုက်ရသူနှင့် ၎င်း၏မိသားစုတို့အတွက် ဝမ်းနည်းမိပါတယ်။ မလုပ်သင့်မလုပ်ထိုက်တာ လုပ်မိ၍ လက်တွဲဖြုတ်ခံရသူတို့အဖို့တော့ တိုင်းပြည်မျက်နှာတစ်ခုတည်းကိုသာ ထောက်ထားပြီးတော့ စိတ်မချမ်းမသာနဲ့ဘဲ ပြတ်ပြတ်အရေးယူ လက်တွဲဖြုတ်ခဲ့ရပါတယ်”***

ဆိုသောစကားများသည် လူကြားကောင်းအောင် ပျားရည်ဆမ်းသော အဆိပ်ဖြင့် ပက်ဖျန်းပြီး **ကျွန်မ၏ဖခင်ဦးတင်ဝင်းညိုနှင့်တကွ ဦးထွန်းလင်း၊ ဦးသန်းစိန်၊ ဦးတင်အေးကျော်၊ ဦးဇော်ဖေတို့အပေါ်တွင် သူတို့က ရက်စက်ကြမ်းကြုတ်စွာ ဖြုတ်ထုတ်ပစ်လျက် ဘဝတုံးဘဝဆုံးအောင် အကြံပက်စက်ကောလောက်မှ ဖောက်မနက်ခဲ့ကြပါကလားဟူ၍ တစိမ့်စိမ့်တွေးလေ တရေးရေး ရင်နင့်နာကျင်ကြရလေ ဖြစ်ရပါတော့၏။**

ထောက်လှမ်းရေးဆိုသူများသည် လူတွေကို မျှော်လင့်ချက်တွေပေးကာ စိတ်အားတက်ကြွလာအောင် ဖြားယောင်းသွေးဆောင်ပြီးခါမှ မြေအောက်တိုင် မြုပ်ဆင်းသွားအောင် ဖိနှိပ်နင်းချေတတ်သည်ဟု ဖတ်ဖူးကြားဖူးခဲ့ပါသည်။

၁၉၇၇ ခု နိုဝင်ဘာလ ၁၅ ရက် အင်္ဂါနေ့ထုတ် လုပ်သားပြည်သူ့နေ့စဉ် သတင်းစာခေါင်းကြီးပိုင်းတွင် အရေးပေါ် ပါတီညီလာခံ စတင်ကျင်းပခြင်းဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပါတီစည်းကမ်းဖောက်သည့်အဖွဲ့ တွေ့ရ၍ ညီလာခံခေါ်ယူရသည်ဟုသော ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မင်္ဂလာဒုံနိုင်ငံရေး တက္ကသိုလ်ဝင်းအတွင်းရှိ ညီလာခံ ခန်းမဆောင်၌ယနေ့စတင်ကျင်းပသော မြန်မာ့ဆိုရှယ်လစ်လမ်း စဉ်ပါတီ အရေးပေါ် ညီလာခံတွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဥက္ကဋ္ဌ ဦးနေဝင်းက မိန့်ခွန်းမြွက်ကြားခဲ့သည်မှာ အကျဉ်းအားဖြင့် အောက်ပါအတိုင်းဖြစ်ပါသည်။

"တိုင်းပြည်အကျိုးနဲ့ ပါတီအကျိုးယှဉ်လာတဲ့အခါ တိုင်းပြည်ရဲ့ အကျိုးကို ဦးစားပေးဆောင်ရွက်မယ်လို့ အဓိကအဓိဋ္ဌာန်အဖြစ် အတိအလင်းကြေငြာထားခဲ့တဲ့မူကြီးကို ဘေးဖယ်ကာပါတီစည်းကမ်းများကို ဖောက်ဖျက်သွားတဲ့ အဖွဲ့ တစ်ခုတွေ့ရှိလို့ ဒီအဖွဲ့ရဲ့ အန္တရာယ်မှကာကွယ်ဖို့ အခုလို အထူးညီလာခံကို ခေါ်ယူကျင်းပရခြင်း ဖြစ်ပါတယ်။ သူတို့ပြုခဲ့တဲ့အပြစ်များ အတိမ်အနက်အလျောက် ပါတီစည်းကမ်းများနဲ့လိုအပ်လာပါကအခြားဥပဒေများအရပါအရေးယူဆောင်ရွက်ပြီး ဖြစ်တဲ့ကိစ္စများနဲ့သလို ဆောင်ရွက်ဆဲကိစ္စများလည်း ရှိပါတယ်"

ဗိုလ်ချုပ်ကြီးစန်းယုက အရေးပေါ် ပါတီညီလာခံခေါ်ယူရခြင်းနှင့် ပတ်သက်၍ ဖွင့်လင်းတင်ပြချက်နှင့်ဗဟို ကော်မတီအသစ်ရွေးချယ်တင်မြှောက် ဖွဲ့စည်းရန်

အဆိုပြုချက်များကို တင်ပြပြီး ဗဟိုအဆင့်တွင် ခုပ်စုဖွဲ့ ၍ ညီညွတ်မှုပျက်ခဲ့ရ ကြောင်းနှင့် အရေးပေါ်ညီလာခံမှ ဘီလူးစည်းလူစည်းခွဲမည်ဆိုသော ခေါင်းကြီးပိုင်း အဆိုတင် သွင်းပါသည်။ ပြည်နယ်နှင့် တိုင်းဒေသပါတီကော်မတီအသီးသီးနှင့် တပ်မတော်ပါတီ ကော်မတီတို့မှ ညီလာခံကိုယ်စားလှယ် ၁၅ ဦးက ဆွေးနွေးထောက်ခံသွားကြပါသည်။(ဗိုလ်မှူးကြီး စန်းယု၊ ဗိုလ်မှူးကြီးသောင်းကြည် တို့သည်လည်း ဘီလူးစည်းထဲ ရောက်နေလေရော့သလား။ ကျွန်မတို့ မိသားစုမှာ အားကိုးရာမဲ့ခဲ့ပါသည်။)

၁၉၇၈ ခုနှစ်၊ ဇန်နဝါရီလကုန်ပိုင်း တစ်နေ့တွင် စသုံးလုံးမှ အရာရှိတစ်ဦး (ဗိုလ်မှူးစိုးမြင့်ဟု မှတ်မိနေသူ) ဒီအိမ်သို့ ရောက်ရှိလာသည်ဟု မိသားစုက ပြောပြပါသည်။

"ဗိုလ်မှူးကြီး တင်ဝင်းညိုကို ဇန်နဝါရီလ၊ (၂၆)ရက်နေ့မှာ အင်းစိန်ထောင် ကို လာရောက်တွေ့ခွင့်ဖို့ လာရောက်အကြောင်းကြားတာပါ"

နီနီနှင့် စူးစူးမှာ မေမေ သိပ်ပြီး မတုန်လှုပ် မချောက်ချားသွားအောင် ဝန်းရံထားရင်းက မင်တက်မိနေကြသည်ဟုဆိုပါသည်။

"ဗိုလ်မှူးကြီးမှာ ဘာအပြစ်မှ မတွေ့ဘူးလို့ သိထားကြပါတယ်။ အဲဒီတော့ သိပ်မကြာခင် ပြန်လာရတော့မှာပါ"

အဲဒီစစ်ဗိုလ်၏ အေးဆေးငြင်သာသောစကားများသည် စိတ်ရင်းအတိုင်း ဖြစ်စေချင်လှပါသည်။ ထောက်လှမ်းရေးပရိယာယ်တစ်ရပ်သာ ဆိုပါကလည်း မိသားစု မှာ ကျေနပ်ကွင်းမိခဲ့ကြပါသည်။ ဖေဖေပြန်လာရတော့မည်ဟု မျှော်လင့်အားတက်ခဲ့ ကြပါ၏။

"သူကြိုက်တတ်တဲ့ ငပိကြော်လေး ဘာလေး ယူသွားပေးလိုက်နိုင်ပါတယ်"

ဆိုသော သူ့စကားတွေသည် ဖေဖေ့အတွက်ရော မိသားစုအတွက်ပါ စေတနာအရင်းခံသည်ဟု ကျွန်မတို့ ယုံကြည်ထားခဲ့ကြပါသည်။

"မမ ရန်ကုန်လာခဲ့ပါနော်"

ဟု ညီမအငယ်က စိတ်အားတက်ကြွစွာ အကြောင်းကြားပါသည်။

"နက်ဖြန် မနက် သင်္ဘောနဲ့လိုက်လာမယ်"

ဟု ကျွန်မကလည်း စိတ်အားထက်သန်စွာ ကတိပေးခဲ့ပါသည်။ ထိုအချိန်ဖုန်းက ကျွန်မ၏ခင်ပွန်းသည် ဆေးရုံတွင် ဂျူတီဝင်နေရပါသည်။ ဖေဖေ့ကို တွေ့ရတော့မည်ဟု သူပြန်လာလျှင် သူ့ကို သတင်းပေးပြီး မနက်ဖြန် ကျွန်မ ရန်ကုန်ဆင်းမည့်အကြောင်းကိုလည်း ပြောပြရမည် စိတ်ကူးကာ တစ်ရက်ဝတ်ဆင်ရန် အဝတ်အစားတွေကို အိတ်ကလေးနှင့် ကမန်းကတန်းထည့်ပါသည်။

ထိုစဉ်က ကျွန်မတို့နှင့်အတူ နော်မူထူးဆိုသော ကရင်မလေးက နေထိုင်ကူညီပေးနေပါသည်။ အမေ နက်ဖြန်ရန်ကုန်သွားရမယ်၊ ညီမလေးနဲ့ မောင်လေးတွေကို ဂရုစိုက်နော်ဟု မှာကြားရင်း အိမ်ရှင်အမေကြီးတို့ အမေစီတို့ကို သတင်းပေးလိုက်ဦးမည် စိတ်ကူးနှင့် အိမ်ရှေ့သို့ ထွက်ခဲ့ပါသည်။

အဲဒီမှာပဲ ကျွန်မ ရန်ကုန်မသွားနိုင်စေသော အန္တရာယ်တစ်ခုက မမျှော်လင့်ဘဲ ရောက်ရှိလာခဲ့ပါတော့သည်။ အမေကြီးတို့ဘက်ခြမ်းသို့ ကူးသွားသော ကျွန်မ၏ညာဘက်ခြေထောက်သည် ဂွတ်ခနဲ ကျိုးသွားသော သုံးတစ်သစ်သားချောင်းနှင့် ကြဲကြဲခိုင်ခိုင် ကျန်နေသော သစ်သားချောင်းတို့ ကြားသို့ ကျွံကျသွားခဲ့ပါတော့၏။ နော်မူထူးကလည်းအော်၊ အမေကြီးကလည်း အော်၊ ဆူညံအော်ဟစ်သံများကြောင့် တစ်ဖက်အိမ်မှ နန့က အပြေးထွက်ကြည့်ပါတော့၏။ အမေစီတို့ ညီအစ်မလည်း အိမ်ထဲမှပြေးထွက်လာကြပါသည်။

ကျွန်မမှာ အရိုးဟက်တက်ငေါ်ပြီး သွေးတွေလိမ်းကျံနေသော ခြေထောက်ကို အမေတို့မြင်လျှင် ထိတ်လန့်သွားမှာ စိုးရိမ်သဖြင့် ထဘီအနားစဖြင့် အသာဖုံးထားလိုက်ရပါသည်။ အမေကြီးလား အမေစီလား ကျွန်မမမှတ်မိ တော့သော တစ်ယောက်သည်လည်း ကြမ်းကျိုးကို ငုံ့ကြည့်ရင်း တဖျစ်တောက်တောက်ရွတ်ပြီးနေရှာပါသည်။

"ဒီအိမ်ဆောက်တာ အနှစ်လေးဆယ်ရှိပြီ ဒီနေရာမှာ သံချက်မရှိမှန်း ခုမှပဲသိရတော့တယ်။ ကြမ်းက ခုမှ ကြဲကြဲဖန်ဖန် ထောင်တက်သွားပြီး ကျိုးသွားရတယ်လို့"

သွေးပူနေသဖြင့် ကျွန်မသည် မနာကျင်ပါ။ ထိုအချိန်တုန်းက ဆေးကျောင်းမှ ထွက်ထားသူသာဖြစ်ပြီး ကျွန်မသည် ဆရာဝန်မဟုတ်သေးပါ။ ဝါသနာအလျှောက် လေ့လာဖတ်ရှုရုံမှတစ်ပါး ဆေးစာမတတ်မြောက်ပါ။ သို့သော် ဤမျှပေါက်တက်ကွဲပြီး အရိုးဖွေးဖွေးပေါ်နေသည့် ဒဏ်ရာဒဏ်ချက်ကိုချုပ်ဖို့ လိုအပ်သည်ဆိုတာ နားလည်ပါသည်။

"နုနုရေ ဆိုက်ကားခေါ်ပါလား။ ပြီးတော့ ကျွန်မကို ဆေးရုံပို့ပေးဖို့ ပြောပါ"

နုနုက ချက်ချင်းပင် ဆိုက်ကားအခေါ် ထွက်သွားကာ မရှေးမနှောင်းပင် ဆိုက်ကားရောက်လာပါသည်။

"ကျွန်မကော ဆေးရုံလိုက်ခဲ့ရမလား မမညို"

ကျွန်မ ဖြစ်စေချင်နေသည်ကို နုနုက စတင်မေးမြန်းလိုက် သဖြင့် ကျွန်မက ကျေးဇူးတင်စွာ ခေါင်းညိတ်လိုက်ရပါတော့သည်။ ကျွန်မကို နုနုနှင့် ဆိုက်ကားဆရာ တို့က တွဲခေါ်ကာကျွန်မသည် ခြေတစ်ပေါင်ကျိုးနှင့် ဆိုက်ကားပေါ်သို့ တရွတ်ဆွဲလိုက်ပါတက်သွားရလျက် ဆေးရုံသို့ ရောက်ရှိသွားရပါတော့၏။ လက်ထောက်ဆေးရုံအုပ် ဒေါက်တာဖေမြတ်ဝင်း၏ဇနီး ခြေထောက်ကွဲရှဒဏ်ရာနှင့် ရောက်ရှိလာသည်ဟု ဆေးရုံဂိတ်ဝမှ စတင် သတင်းပို့ကြလျက် ကျွန်မအား ဒေါက်တာဖေမြတ်ဝင်းနှင့် ဒေါက်တာအောင်သန်းကျော်တို့က အရေးပေါ်ဌာနမှ စောင့်ကြိုနေကြပါသည်။ ဆရာ အောင်သန်းကျော်က ကျွန်မ၏ ဘယ်ခြေမျက်နှာပေါ် ရှိပေါက်တက်ကွဲနေသော ဒဏ်ရာကို အရေပြားအထိ သေသပ်စွာချုပ်လုပ်ပေးပါသည်။ ပတ်တီးစည်း၊ ဆေးထိုး၊ ဆေးတိုက် အားလုံးအဆင်ချောလျက် ဆိုက်ကားစီးကာ အိမ်ပြန်လာခဲ့ကြပါသည်။ (ဖေဖေ၏ ဤအတ္ထုပ္ပတ္တိကို ဖတ်ရှုမိလျှင် မအူပင်မှ မိတ်ဆွေများနှင့် ဒေါက်တာအောင်သန်းကျော် တို့၏ ကျေးဇူးကို ကျွန်မ တန်ဖိုးထား သတိရနေကြောင်း ပြောပေးကြစေချင်လှပါ သည်။)

အောင်ဆန်းအိမ်သို့ ဦးဖေမြတ်ဝင်းကပဲ အကြောင်းကြားပေးရပါသည်။

"မနက်ဖြန်ကျရင် မတယ်ဒီမလာနိုင်သေးဘူး စူးစူး။ တစ်ပတ် ဆယ်ရက် ကြာမှ လာနိုင်လိမ့်မယ်"



တိုင်းတရားစီရင်ရေးအဖွဲ့ အမှတ်(၆၃)တွင် တရားစွဲဆိုခြင်းခံရသော ဦးထွန်းလင်း၊ ဦးသန်းစိန်၊
ဦးတင်ဝင်းညို၊ ဦးဇော်ဖေနှင့် ဦးတင်အေးကျော်တို့အား တရားရုံးတွင် တွေ့ရစဉ်

ဟု သူက ကျွန်မကိုယ်စား ဖြစ်သမျှ ပြောပြပေးခဲ့ပါသည်။

"ဖေဖေ့ကို ကျန်းကျန်းမာမာ ပြန်တွေ့ရတယ်လို့ စူးစူးကပြောပြတယ်၊ မမ အနာသက်သာအောင် ဂရုစိုက်ပါတဲ့"

ကျွန်မအား နေ့စဉ် လာရောက်ကြည့်ရှုအားပေးသူမှာ နန်းငယ်နှင့် ကိုကျော်ဝေပဲဖြစ်ပါသည်။ ထိုနေ့မှ စကာဖေဖေနှင့်ပတ်သက်သမျှ သတင်းကို ဦးဖေမြတ်ဝင်း၊ စူးစူးတို့ထံမှ ကြားသိနေရုံနှင့်သာ ကျေနပ်နေရပါသည်။ ကောလာဟာလ အနည်းအကျဉ်းကို နန်းငယ်ထံမှ ကြားသိနေရင်း အချိန်တွေသည် တစ်လမက ကြာမြင့်ခဲ့ရပါ၏။

၁၉၇၈ ခုနှစ်၊ ဇန်နဝါရီလ၊ (၂၆)ရက်နေ့မှာ လာရောက်တွေ့ဆုံဖို့ အကြောင်းကြားပြီး တွေ့ဆုံခွင့်ပေးလိုက်ပြီးခါမှ ၁၉၇၈ ခုနှစ်၊ ဖေဖော်ဝါရီလ၊ (၃)ရက်နေ့ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာသည် မိသားစုတွေအား အဝိုက်ဖမ်းကာ အရိုက်ထိုးနက်လိုက်ဘိသကဲ့သို့ အသက်ပျောက်မတတ် ခံစားရစေခဲ့သော ရက်စက်လွန်းလှသည့် သတင်းကို သယ်ဆောင်ရောက်ရှိလာခဲ့ပါတော့၏။

နန်းငယ်တို့သည် လက်ထဲမှာ သတင်းစာကိုင်ပြီး ကျွန်မတို့ သိပြီးပြီလား မသိကြသေးလျှင် ဘယ်လိုပြောရပါ့နှင့် အားတုံ့အားနာ ခြေလှမ်းများလျက် ရှိနေခဲ့ကြပါသည်။

"သတင်းစာ ဖတ်ပြီးကြပြီလား"

"ဟင့်အင်း"

"ဒီနေ့ သတင်းစာထဲမှာ အန်ကယ်တို့ကို တရားစွဲတဲ့ သတင်းပါလာတယ် မညို၊ ခုတ်ပုံတွေလည်းပါတယ်"

သူတို့ယူလာသော သတင်းစာကိုသာ ဖတ်ရှုကြရပြီး ကျွန်မတို့ယူနေကျသတင်းစာမှာ အရောက်နောက်ကျနေသဖြင့် နောက်နေ့မှပဲ ရရှိခဲ့ပါသည်။ ၁၉၇၈ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၃ရက်နေ့ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ၊ စာမျက်နှာ(၅)တွင် **ဦးထွန်းလင်း၊ ဦးသန်းစိန်နှင့် ငါးဦးတရားစွဲ** ဆိုသော သတင်းပါ လာသည်ကို ရင်နင့်စွာ ဖတ်ရှုကြရပါသည်။

"မျှော်လင့်ချက်ပေးထားပြီးမှ တရားစွဲပစ်လိုက်တာဟာ အမ်အိုင်တို့ရဲ့ ဖရိယာယ်ပဲဆိုတာ ကြားဖူးဖတ်ဖူးနေလျက်နဲ့ပေမယ့် ကိုယ့်အလှည့်တော့ ရောက်မလာနိုင်ဘူး ထင်ထားခဲ့တတ်ကြတာပဲကိုးနော်"

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဗဟိုကော်မတီဌာနချုပ်တွင် တာဝန်များထမ်းဆောင်ခဲ့ကြသည့် ဦးထွန်းလင်း၊ ဦးသန်းစိန်၊ ဦးတင်ဝင်းညို၊ ဦးတင်အေးကျော်၊ ဦးဇော်ဖေ၊ ဦးကျော်အုန်းနှင့်ဦးရဲတင်ဝင်း တို့အားအထူးစုံစမ်းစစ်ဆေးရေးမှ ဦးစီးဖွဲ့မှူးဒုတိယညွှန်ကြားရေးမှူးဦးမောင်မောင်က အင်းစိန်အကျဉ်းစခန်းအနီးရှိ အဆောက်အအုံတွင် ရုံးထိုင်သည့် ရန်ကုန်တိုင်းတရားသူကြီးအဖွဲ့ ဥက္ကဋ္ဌဦးအုန်းမောင်၊ အဖွဲ့ဝင်များအဖြစ် ဦးမြတ်တိုးနှင့် ဦးမောင်မောင်ဝင်းတို့ပါဝင်သော ရန်ကုန်တိုင်းတရား စီရင်ရေးအဖွဲ့အမှတ်(၆၃)သို့ အမှု(၁၃)မှုယနေ့တရားစွဲဆိုရာ တရားစီရင်ရေး အဖွဲ့က ပြစ်မှုကြီးအမှတ်(၁/၇၈)၊ (၂/၇၈)၊ (၃/၇၈)၊ (၄/၇၈)၊ (၅/၇၈)၊ (၆/၇၈)၊ (၇/၇၈)၊ (၈/၇၈)၊ (၉/၇၈)၊ (၁၀/၇၈)၊ (၁၁/၇၈)၊ (၁၂/၇၈)၊ (၁၃/၇၈)အဖြစ် သတ်မှတ်ကာ လက်ခံထိုက်၏။

ထိုအခါကျမှ ပင်သတင်းစာထဲမှာ ဖေဖေနှင့်တကွ ဦးထွန်းလင်း ဦးသန်းစိန်တို့အား တရားစွဲဆိုခြင်းဆိုသည့် သတင်းစာကို သတင်းစာစာမျက်နှာ ၅ကော်လံပြည့်ဖော်ပြထားသည်ကိုဖတ်ရှုကြရပါသည်။ တိုင်းတရားစီရင်ရေးအဖွဲ့အမှတ် (၆၃) တွင်တရားစွဲဆိုခြင်း ခံရသောဦးထွန်းလင်း၊ ဦးသန်းစိန်၊ ဦးတင်ဝင်းညို၊ ဦးဇော်ဖေနှင့် ဦးတင်အေးကျော်တို့အား တရားရုံးတွင်တွေ့ရစဉ် ဆိုသောစာတန်းဖြင့် ဖော်ပြထားသည့် ဓာတ်ပုံတွင် ဖေဖေတို့သည် ဆံပင်တွေ သပ်သပ်ယပ်ယပ်ဖြီး သင်ထားကာ တိုက်ပုံနှင့် ပုဆိုးသစ်သစ်လွင်လွင်နှင့် မညှိုးနွမ်းမခက်ထန်သော ပုံမှန်တည်ငြိမ်သော မျက်နှာများဖြင့်ထိုင်နေကြပါသည်။ ဝိန်ကျပါးလျား ဖြစ်နေကြသည်ဟု ကျွန်မတို့ အားမိကြပြီးရင်မှာ မချိတင်ကဲဖြစ်ကြရပါသည်။ လူကို ထုထောင်းနှိပ်စက်ညှဉ်းပန်းသမျှ မပြုလုပ်သော်မှ စိတ်နှလုံးတွေကိုတော့ ဖိနှိပ်ညှဉ်းဆဲထားသည်ဟု တွေးသိနိုင်ပါသည်။

လူကို ဖိနှိပ်ညှဉ်းဆဲတတ်ကြသည်ဟုလည်း ကျွန်မတို့ကြားဖူးနေကျ ဖြစ်ပါ၏။ တိုင်းတရားစီရင်ရေးအဖွဲ့ အမှတ်(၆၃)တွင် တရားစွဲဆိုခြင်းခံရပြီး နိုင်ငံတော်သက်သေ

အဖြစ် စစ်ဆေးရန် သတ်မှတ်ခြင်းခံရသည့် ဦးကျော်အုန်းနှင့် ဦးရဲတင်ဝင်းတို့အား တရားရုံးတွင် တွေ့ရစဉ်။ ဆိုသော ဓာတ်ပုံအညွှန်းစာတန်းနှင့်အတူ ဦးကျော်အုန်းနှင့် ဦးရဲတင်ဝင်းတို့၏ ရုပ်ရည်သွင်ပြင်ကို သတင်းစာထဲမှာ တွေ့ရှိရပါသည်။ ကျွန်မတို့လူကြီးသူမတွေမဆိုထားနှင့်၊ သမီးခက်ခက်နှင့် သားကြီးမင်းမင်းသည်ပင်လျှင် တွေ့မြင်နေကျ ဦးရဲတင်ဝင်းကို မှတ်မိရုံမက ပိန်ကျသွားသည်ဟု သတိပြုမိကြပြီး စိတ်မကောင်းလည်းဖြစ်ကြရပါသည်။ သူသည် လက်ပိုက်ထားပြီး မာန်တင်းထားဟန်ရှိသော်လည်း မြင်တွေ့နေကျကဲ့သို့ မခံ့ညားနိုင်တာညှိုးလျော်စိတ်ကျနေတာ သိသာလှပါသည်။

(ဆက်စပ်မိတုန်း ပြောပြရလျှင် (၁၉၉၀-၉၁)ဝန်းကျင်တုန်းက မိုလ်ချုပ်စောမောင်လက်ထက်မှာ ဖေဖေ့အတွက် စစ်တပ်ပင်စင်တွေချပေးလိုက်သောကြောင့် စုစုကာစီအမ်အေ (တပ်မတော်စာရင်းရုံး)တွင် သွားရောက်လက်မှတ်ထိုး ထုတ်ယူခဲ့ပါသည်။ စုစု၏ လက်မောင်းကိုဖမ်းဆွဲပြီး "မစုမစု" ဟု ခေါ်သံကြား လိုက်ရသဖြင့် လှည့်ကြည့်လိုက်ရာ ဦးပြည်းပြောင် ကတုံး တုံးထားသော နွမ်းပါးပိန်ချုံးနေသူ တစ်ဦးကို တွေ့လိုက်ရသည်ဟုဆိုပါသည်။

"ကျွန်တော် ရဲတင်ဝင်းလေ မစု" စုစုမှာ မင်တက်မိနေရာမှ သတိဝင်လာပြီး စိတ်မကောင်း ဖြစ်ရပါသည်။

"မိုလ်မှူးကြီးကို တောင်းပန်ပေးပါ မစုရယ်၊ ကျွန်တော့်ကို ခွင့်လွှတ်ဖို့ ပြောပေးပါနော်"

ဟု ဦးရဲတင်ဝင်းက ပြောရင်း မျက်ရည်များစီးကျလာရှာပါသည်။

အဲဒီအကြောင်းကို စုစုက ဖေဖေ့ကိုပြောပြသောအခါ ဖေဖေသည် တပည့်အတွက် လွန်စွာစိတ်ထိခိုက်ရှာပါသည်၊ ရဲတင်ဝင်းတို့ဟာ နိုပ်စက်ညှဉ်းပန်း တာခံရလို့ အကြောက်တရားနဲ့ ဖေဖေတို့အပေါ်မှာ မဟုတ်တမ်းတရမ်းတွေ ထွက်ဆိုခဲ့ရတာပါ။ ဖေဖေနားလည်ပါတယ်။ အခုဘယ်လို စားသောက်နေထိုင်ရသလဲ မသိဘူး။ နောက်တစ်ခါတွေ့ရင် အိမ်ခေါ်ခဲ့ပါဟုပြောပါသည်။ တပ်မတော်စာရင်း ရုံးသို့ နောက်တစ်ခေါက် စုစုသွားရပြန်သောအခါ မျက်နှာသိတွေက ဦးရဲတင်ဝင်းခမျာ စိတ်မမှန်တော့ဘဲ ခုကောင်းလိုက် ခုထဖောက်လိုက် ရှိတတ်ကြောင်း ပြောပြပါသည်။

ဟိုလူပေး သည်လူကျွေးနှင့် စီအမ်အေဝန်းကျင်မှာသာ တဝဲလည်လည် ရှိနေတတ်သည်ဟု ပြောကြပါသည်။ ကံအားလျော်စွာ ဦးရဲတင်ဝင်းသည် အနီး အနားမှာ ရှိနေသောကြောင့် စူးစူးက အိမ်သို့ခေါ်ခဲ့ပါသည်။ ဖေဖေ့ကိုတွေ့သောအခါ သူ့ကြွေးလိုက်ပုံများမှာ တစ်မိသားလုံး များစွာစိတ်ထိခိုက်ကြရပါသည်။ နောက် တစ်ကြိမ် တွေ့သောအခါ သူ့ကိုတစ်စုံတစ်ယောက်က သက်န်းဆီးပေးထားသည် ကို တွေ့ရပါသည်။ သင်္ကန်းဝတ်နှင့်ပင် သူ့ကို အိမ်သို့ပင့်လာပြီး အိမ်ဦးခန်းတွင်ထားရာ သူမနေနိုင်သဖြင့် ခြံထဲတွင် တစ်ပါးကျောင်းအဖြစ် တဲထိုးပြီး နေစေခဲ့ပါ၏။ သို့ရာစေ သူက အဲဒီကျောင်းမှာလည်း ကြာကြာသီတင်းမသုံးနိုင်ဘဲ ရောက်တတ်ရာရာ ထွက် သွားတတ်ပြန်ပါသည်။ သူ့တွင် ပုလဲမြို့ထဲမှာ အိမ်မြေရှိသည်ဟု ပြောကြပါသည်။ ဒါလိုနှင့် သူ့ဘဝ လုံးပါးပါးသွားရရှာသည်မှာ တစ်နေ့သောအခါ သူသည် လမ်းဘေးတွင် အသက်ပျောက်နေသည့်အတွက် စည်ပင်ကပင် သင်္ဂြိုလ်ပေးလိုက်ရသည်ဟု ပြော ကြပါ၏။ ဘယ်တုံးက ဘယ်လိုကွယ်လွန်သွားမှန်းပင် ကျွန်မတို့ မသိလိုက်ရတော့ပါ)

ပြုသူအသစ် ဖြစ်သူအပေါင်းဆိုသည့် တရားသဘောသည် ဟုတ်မှန် လောက်ပါပေသည်။ မိဘအိမ်သို့ ရံဖန်ရံခါမှရောက်လာနိုင်သော ကျွန်မအနေနှင့် ဦးကျော်အုန်းကို တရင်းတနှီးမသိရှိခဲ့ပါ။ သူ၏ခေတ်ပုံတွင် မျက်လွှာချထားသော မျက်နှာမှာပိန်ချုံးကျနေကြောင်း သိသာပါသည်။ အကျဉ်းကျသူတွေအနက် အပြစ် ရှိသူနှင့် အပြစ်မရှိသူ ခွဲခြားနိုင်ခြင်း မရှိကြဘဲလိုချင်သော အဖြေမရမချင်း နေ့ အား ညမအား တရကြမ်းစစ်ချက်ယူလေ့ရှိသည်ဟု ကြားဖူးနေပါသည်။

သတင်းစာထဲပါလာပြီးနောက် ကျွန်မ၏ ခြေထောက်လည်း စမ်းထောက် နိုင်နေပြီဖြစ်သောကြောင့် ကျွန်မတို့သည် ကလေးတွေကိုပါ ခေါ်သွားပြီး မအူပင်မှ အောင်ဆန်းသို့ စင်းစင်းကြီး ရောက်သွားကြရပါတော့သည်။ မရွှင်မပျ စိတ်မချမ်း မြေ့သော မျက်နှာများဖြင့် မေမေတို့က တစ်ယောက်တစ်လှည့် နောက်ကြောင်း ပြန်ပြီး ပြောပြကြပါသည်။ ဖေဖေ့ကို မေမေ၊ နီနီ၊ စူးစူးတို့ ပထမဆုံး အကြိမ် သွား တွေ့ခွင့်ရရှိကြပုံကို နားထောင်ရင်း ဈေးဝယ်၊ သာရေးနာရေး၊ လူမှုရေး သွားလာကြ လျှင် သုံးစွဲဖို့ ပြန်ဝယ်ထားသော စကိုဒါကားကလေးကို စီးပြီးသွားခဲ့ကြပေလိမ့်

မည်ဟု အကြမ်းဖျင်း မှန်းဆကြည့်ဖြစ်ပါသည်။ သူတို့ဖာသာတော့ မမှတ်မိကြတော့ပါ။

လောကဓံ အလုအထောင်းသည် ဦးနှောက်မှတ်ဉာဏ်တွေကိုလည်း ဖျက်ယွင်းစေတတ်ပါပေသည်။ ထိုစဉ်က ခြေထောက်ဒဏ်ရာရနေသော ကျွန်မနှင့် မေမြို့တွင် ဗိုလ်သင်တန်းတက်နေသော မောင်လေး ဇော်ထွန်းညိုမှအပ၊ ကျန်မိသားစုအားလုံးပင် ဖေဖေ့ကို တွေ့ဆုံခွင့်ရခဲ့ကြပုံတွေကို ပြောပြကြပါသည်။ သူတို့ ပြောပြသမျှ ဲေးမောနားထောင်ရင်း ကျွန်မ မလိုက်ပါနိုင်ခဲ့စေကာမူ လိုက်ပါသွားရသည့်အလား ခံစားရင်ခုန်ခဲ့ရပါသည်။

"ဖေဖေတို့ကို ထောင်မကြီးကနေ တွဲဖက်ထောင်ဘက်ကို ကားနဲ့ခေါ်ထုတ်လာတယ်။ ထောင်ကအထွက်မှာ ဖေဖေတို့မျက်နှာတွေကို မြင်ရင် ဘယ်သူတွေဆိုတာ သိကုန်မှာစိုးလို့ ထင်ပါရဲ့ မျက်နှာကို မျက်နှာသုတ်ပုဝါတွေနဲ့ အုပ်ခိုင်းထားတယ်သိလား မမ။ အန်ကယ်ထွန်းလင်း၊ အန်ကယ်သန်းစိန်၊ အန်ကယ် တင်အေးကျော်နဲ့ အန်ကယ်ဇော်ဖေတို့ အားလုံးကို လှမ်းတွေ့ခဲ့ရတယ်။ လူကြီးတွေဟာ လန်းလန်းဆန်းဆန်း ဖြစ်နေကြပါတယ်၊ ကိုယ့်မိသားစုကိုယ် တွေ့ကြရတာကိုလည်း ဝမ်းသာနေကြတာပေါ့" ဟု သူတို့ ပြောပြကြပါသည်။

"အဲဒီတုန်းက ဖေဖေ့ကို ကျန်းကျန်းမာမာပြန်တွေ့ရတော့ ဝမ်းသာလိုက်တာလေ၊ ပိန်တော့ပိန်တယ်၊ ဆံပင်လည်း ညှပ်ထားတယ်။ ဖေဖေတို့ အပေါ်မှာ လူကြီးက အမြင်ရှင်းသွားပါပြီတဲ့။ မကြာခင် အိမ်ပြန်လာရတော့မှာပါလို့ ပြောတယ်။ လုံးဝစိတ်အေးချမ်းသာ ရှိသွားခဲ့ပုံရတယ်။ သူ့ကိုကြည့်ပြီး ညီမလေးတို့ အရမ်းသနားတယ်၊ ဖေဖေ အိမ်ပြန်လာရရင် တော်ပါပြီလို့ ညီမလေးတို့ ပြောနေမိခဲ့ကြတာ"

ညီမတွေခမျာ အသံတုန်ခိုက်နေကြပါသည်။ ငိုချင်နေပါလျက် မေမေ့ကို ငဲ့ကွက်ပြီး မျက်ရည်မကျအောင် မေးပင့်ထားရင်း မျက်တောင်တဖျတ်ဖျတ် ခတ်နေကြရှာပါသည်။

"ခုလို တရားစွဲပစ်လိုက်တော့ သူ့မှာ အရမ်းကို အံ့သြစိတ်ထိခိုက် သွားရှာမှာပဲ"

ညီမလေးပြောသော လူကြီးဆိုသည်မှာ ဦးနေဝင်းဖြစ်လိမ့်မည်ဟု ကျွန်မ ထင်လည်နေပါသည်။ အဲသလို တွေ့ဆုံခွင့်ပေးပြီးခါမှ ပြစ်ချက်တွေကို ဆီလို ပေါက်ရှာစွပ်စွဲပြီး လူကြီးတစ်ယောက်ချင်းစီအပေါ်မှာ ကာလိန်ချေငြမ်းဆင် စွဲချက် တင်လိုက်ပုံတွေကို ရင်နာစွာဖတ်ရှုခဲ့ရပါ၏။ ယနေ့ခေတ် လာဘ်ပေးလာဘ်ယူကြ သည့် ပမာဏနှင့်နှိုင်းယှဉ်ကြည့်ရက်စရာ လုံးဝမရှိခဲ့သည့် အဖြစ်များ။ တချို့က ကြည့်ကြသည်မှာ ရိုးသားလည်း အပြစ်ရှာအကျဉ်းထား ထောင်ချမည့်အတူတူ ရတုန်း မှိုက် ပြည်သူ့အတွက်မချန် တမလွန်ရေးကို မကြောက်တမ်း ဆွေစဉ် မျိုးဆက် မကုန်အောင် နှိုက်ပစ်လိုက်မည်ဆိုသော အကျင့်ဆိုးတွေ ပေါက် ကွဲထွက်လာ ကြသည်တဲ့၊ ဟုတ်ချင် ဟုတ်မှာပါပဲ။ နောက်ပိုင်းမှာတော့ ခေတ်ကြီးက ပြောင်းလဲ သွားခဲ့ပါပြီ၊ ရသာလျှင် ယူသာယူ နိုးသာနိုးဆိုသည်မှာ ရာထူးရာခံရှိသူ အတော်များ ၏ အလေ့အထဖြစ်သွားခဲ့လေပြီ။

**ဦးထွန်းလင်း**

ဦးထွန်းလင်းနှင့်ပတ်သက်၍ အမှု(၆)မှုခွဲပြီး လက်ခံရာတရားစွဲဆိုရာ တရား ရုံးရေးအဖွဲ့က အမှုအမှတ်(၁/၇၈)မှ(၆/၇၈) အထိသတ်မှတ်လက်ခံသည့်အနက် ပြစ်မှုကြီးအမှတ်(၁/၇၈)တွင် ဦးထွန်းလင်းသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်(မူကြမ်း) ရေးဆွဲရေးကော်မရှင်အတွင်းရေးမှူးနှင့်ဆောင်ငွေ တာဝန်ခံအဖြစ်ဆောင်ရွက်ခဲ့ပြီး ၁၉၇၂-ခုနှစ်ဘီဇင်ဘာလ မှ ၁၉၇၃ - ခုနှစ်ဒီဇင် ဘာလအတွင်း အစည်းအဝေးကျွေးမွေး စရိတ်ခွဲခေါင်းစဉ်ဖြင့် ငွေပေါင်း (၇၀၇၂၆ကျပ်) ကိုထုတ်ယူခဲ့သည့်ပြေစာ၄စောင်၏ ငွေပေါင်း(၅၇၇၂၆ကျပ်)ကို အမှန်ထုတ်ပေးခြင်းမရှိဘဲ ဌာနခွဲမှူး ဦးကျော်အုန်းနှင့် ပေါင်း၍ အမည်လိမ်၊ လက်မှတ်လိမ်များဖြင့် ထုတ်ယူသုံးစွဲခဲ့သည်ကို တွေ့ရှိ ရကြောင်း။

**ကိုယ်ကျိုးသုံး**

ပြစ်မှုကြီးအမှတ် (၂/၇၈) တွင် ပါတီငွေခေါင်းစဉ် အမှတ် (၁၃၂၅) ပါတီ၊ လှုပ်ရှားငွေ ၁၀၀၄၀/- လိမ်လည်၍ မိမိကိုယ်ကျိုးအတွက် အလွဲသုံးစား ကြောင်း စစ်ဆေးတွေ့ရှိသဖြင့် ဦးထွန်းလင်းအပေါ်တွင် အများနှင့်သက်ဆိုင် သော

ပစ္စည်းကာကွယ်ရေးဥပဒေပုဒ်မ - ၃ အရ အရေးယူရန် တိုင်ကြားအပ်ပါကြောင်း ဖော်ပြပါရှိ၏။

**ပူးပေါင်းအလွဲသုံး**

ယင်းသို့ လိမ်လည်ထုတ်ယူရာ၌ ကော်မရှင် အတွင်းရေးမှူးဆောင်ငွေတာဝန်ခံ ဦးထွန်းလင်းနှင့်ပူးပေါင်းအလွဲသုံးစားလုပ်ခဲ့ကြောင်းစစ်ဆေး သိရှိရသဖြင့် ဦးထွန်းလင်းနှင့် ဦးကျော်အုန်းတို့အား ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်ရေးဥပဒေပုဒ်မ - ၃ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၄ အရ အရေးယူပေးပါရန် တိုင်ကြားအပ်ပါကြောင်း ဖော်ပြပါရှိ၏။

**ပိုမိုထုတ်ယူ**

ပြစ်မှုကြီးအမှတ် (၄/၇၈) တွင် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်ဌာနခွဲမှူးအဖြစ် ဆောင်ရွက်ခဲ့သူ ဦးကျော်အုန်း နေထိုင်သော ရန်ကုန်မြို့ ယောက်လမ်း၊ တိုက်အမှတ် (၂၇)၊ အခန်းအမှတ် (၆/၇)ကို ရှာဖွေရာ ထိုစဉ်က ရိပ်သာမှူးလုပ်ခဲ့သူ ဦးထွန်းတင်၏ လစဉ်ကျွေးမွေးစရိတ် စာရင်းရှင်းတမ်းများတွေ့ရှိရသဖြင့် သိမ်းဆည်းပြီး စာရင်းစစ်အဖွဲ့နှင့် စစ်ဆေးခဲ့ရာတွင် ၁၉၇၃ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ငွေပေါင်း ၄၄၈၃၉/-၅ ပဲး ကို စာရင်းလိမ်ပြ၍ ပိုမိုထုတ်ယူထားကြောင်းကို တွေ့ရှိရကြောင်း။

ယင်းသို့ လိမ်လည်ထုတ်ယူရာ၌ ကော်မရှင်အတွင်းရေးမှူးဆောင်ငွေတာဝန်ခံဦးထွန်းလင်းနှင့်ပူးပေါင်း အလွဲသုံးစားခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ဦးထွန်းလင်းနှင့် ဦးကျော်အုန်းတို့အား ၁၉၆၃-ခုနှစ် အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ-၃ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၄ အရ တိုင်ကြား အပ်ပါကြောင်းဖော်ပြပါရှိ၏

**အိမ်ယူသုံး**

ပြစ်မှုကြီးအမှတ်(၅/၇၈)တွင် ဦးထွန်းလင်းသည် ပါတီရိပ်သာမှ ပါတီပိုင်ငွေဖြင့် ဝယ်ယူထားသည့် နို့ဆီ၊ သကြား ၁၃၃ ပိ/-ဖိုးကို ရိပ်သာမှူးဦးရဲတင်ဝင်းနှင့် ပူးပေါင်း၍ မိမိအိမ်သို့ ရယူသုံးစွဲခဲ့ကြောင်း စစ်ဆေးတွေ့ရှိရကြောင်း။

## ဓာတ်ဆီဖိုး

ပြစ်မှုကြီးအမှတ် (၅/၇၈)တွင် ဦးထွန်းလင်းသည် ၁၉၇၇-ခုနှစ် ဖေဖော်ဝါရီလအတွင်း မွန္တလေး၌ပြုလုပ်သည့် မိမိ၏သမီးမင်္ဂလာဆောင်ညစာစားပွဲသို့ ဧည့်သည်များအား စေလွှတ်ရာတွင် ပါတီဝန်ထမ်းများဖြစ်ကြသော ဦးမောင်လွင်၊ ဦးထွန်းမြင့်၊ ဦးခင်မောင်မြင့်တို့အား ပါတီတာဝန်ပြ၍ ပါတီပိုင်ကားနှစ်စီးနှင့်ပါတီပိုင် ငွေ၁၀၀၀/-ပေး၍လိုက်ပါစေခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသည့်အပြင် • • •ပါတီပိုင်ဓာတ်ဆီနှင့် ပါတီငွေဖြင့်ဝယ်သည့် ဓာတ်ဆီတန်ဖိုးစုစုပေါင်း ၆၆၃/-၂ဝါးကိုပါ ထုတ်ယူခဲ့ ကြောင်းကို တွေ့ရှိရကြောင်း။ သို့ဖြစ်ပါ၍ ဦးထွန်းလင်းနှင့် ဦးရဲတင်ဝင်းတို့အား ၁၉၆၃-ခုနှစ်အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃နှင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၄ အရ အရေးယူရန်တိုင်ကြားအပ်ပါကြောင်း ဖော်ပြပါရှိ၏။ (နောက်မှမြန်ကြားသိရသည်မှာ ဦးထွန်းလင်းသည် ဥက္ကဋ္ဌကြီးအိမ်တွင် အခြားဗဟိုကော်မီတီဝင်များနှင့်တွေ့ဆုံစဉ်က ငါတို့တစ်ခုခုဖြစ်ရင် အချင်းချင်းတွေပဲကွာ ညာညာတာတာလုပ်ကြပါဟု မှာကြားသည်ဟု ဆိုပါသည်။ အချင်းချင်းတွေ မကိုင်တွယ်နိုင်မထိကပ်နိုင်ကြသည့်အတွက် ရက်စက်မှုအပေါင်း သရဖူဆောင်းသူတွေ၏ လုပ်ရပ်တွေကို ဆက်တိုက်တွေ့မြင်ရပါချေမည်။ အဲဒီနောက်မှာတော့ ပါတီဗဟိုကော်မတီဝင်များအား ကုန်းမြင့်သာယာတွင် ထိန်းသိမ်းထားလိုက်တော့သည်ဆိုပါ၏)

## ဦးသန်းစိန်

ဦးသန်းစိန်နှင့်ပတ်သက်၍ အမှုနှစ်ခုခွဲပြီး တရားစွဲရာတွင် တရားစီရင်ရေးအဖွဲ့ကပြစ်မှုကြီးအမှတ် (၇/၇၈) နှင့် (၈/၇၈)အဖြစ် သတ်မှတ်လက်ခံသည့်အနက်ပြစ်မှုကြီးအမှတ် (၇/၇၈)တွင် ဦးသန်းစိန်သည်(၆-၁-၇၄)နေ့တွင် ပြုလုပ်သောမိမိ၏သမီးမင်္ဂလာဆောင်ပွဲတွင် ပါတီဌာနချုပ်ရိပ်သာမှ နို့ဆီ၊ သကြား၊ မုန့်၊ စီးကရက်စသည့် ပစ္စည်းများတန်ဖိုး ငွေ ၁၀၄၅/- ၅ဝါးဖိုး မိမိကိုယ်ကျိုး အတွက် ရယူသုံးစွဲခဲ့ကြောင်း စစ်ဆေးတွေ့ရှိရကြောင်း။ ထိုစဉ်က သိမ်းဆည်းထားသော သတင်းစာတွေမှာ နှစ်ပေါင်းသုံးဆယ်ငါးနှစ်အတွင်း ပျက်စီးခြစားတာနှင့်၊ ဖျောက်ဖျက်မြေမြှုပ်ပစ်တာနှင့် လက်ဝယ်မရှိတော့ပါ။

ကျွန်မသည် တက္ကသိုလ်စာကြည့်တိုက်၊ အမျိုးသားစာကြည့်တိုက် စသည်တို့မှ သတင်းစာ တွေရှာဖွေပြီးမိတ္တူတွေကူးရပါသည်။ သူတို့ခ်ီမှာပင်လျှင် စာရွက်တွေဆွေးမြည့်ကာ စုတ်ပြဲသွားမှာစိုးရသဖြင့် အထူးသတိထား ကိုင် တွယ်ရပါသည်။ ယခု အပြည့်အစုံတင်ပြနေလျှင် စာဖောင်များနေမှာ စိုးရသဖြင့် လိုရင်းကိုသာ ကောက်နုတ်တင်ပြရပါသည်။

ကျွန်မ၏ဖခင် ဦးတင်ဝင်းညိုအားစွဲချက်တင်ခြင်း ကိုစာဖတ်သူများ၊ သက်ဆိုင်သူများ၊ အားလုံးသိရှိကြစေလိုသည့်အတွက် မှတ်တမ်းတင်နေသူ ကျွန်မက အပြည့်အစုံကူးယူ ဖော်ပြအပ်ပါသည်။

**ဦးတင်ဝင်းညို**

ဦးတင်ဝင်းညိုနှင့်ပတ်သက်၍ အမှုနှစ်ခုခွဲပြီး တရားစွဲရာတွင် တရားစီရင်ရေးအဖွဲ့က ပြစ်မှုကြီးအမှတ်(၉/၇၈)ဖြင့်လည်းကောင်း၊ ပစ်မှုကြီးအမှတ် (၁၀/၇၈) ဖြင့်လည်းကောင်း၊ သတ်မှတ်လက်ခံသည့်အနက် ပြစ်မှုကြီးအမှတ် (၉/၇၈)တွင် ဦးတင်ဝင်းညိုသည်မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီဗဟိုကော်မတီဌာနချုပ်တွင် ရှိစဉ်က ဌာနချုပ်ဌာနခွဲ လက်အောက်ရှိ အဆောက်အအုံများအတွက် ပြင်ဆင်မွမ်းမံရန် သတ် မှတ်ထားသည့် အိမ်သုတ်ဆေးများ၊ သုံးထပ်သားလိုက်ကာများ၊ တောသစ်များ၊ ဘိလပ်မြေ နှင့်လာအိုးအစုံနှင့် မော်တာတလုံး၊ တန်ဖိုးငွေ ၂၁၅၇/၃၅ ပြားဖိုးကို ဌာနချုပ်ရုံး ဌာနခွဲမှူး ဦးစိုးလွင်မှတစ်ဆင့် ကိုယ်ကျိုးအတွက် ရယူသုံးစွဲခဲ့ကြောင်း စစ်ဆေးတွေ့ရှိရကြောင်း။

သို့ဖြစ်၍ ဦးတင်ဝင်းညိုသည် ပါတီပိုင်ငွေဖြင့် ဝယ်ထားသည့်ပစ္စည်း စုစုပေါင်း တန်ဖိုး၂၁၅၇/၃၅ပြားကို ကိုယ်ကျိုးအတွက်ရယူသုံးစွဲခဲ့သောကြောင့် ဦးတင်ဝင်းညို အပေါ် ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ အရေးယူရန် တိုင်ကြားအပ်ပါကြောင်း ဖော်ပြပါရှိ၏။

**နိဂုံးသို့သော်ကြား**

ပြစ်မှုကြီးအမှတ် (၉/၇၈)တွင် ဦးတင်ဝင်းညိုသည် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ် ဗဟိုကော်မတီဌာနချုပ်တွင်ရှိနေစဉ် ပါတီဗဟိုကော်မတီဌာနချုပ်ရှိ ရိပ်သာ

(၁)မှ ပါတီပိုင်ငွေဖြင့် ဝယ်ယူထားသည့် ပစ္စည်းများအနက်နို့ဆီတစ်သေတ္တာ၊ သကြား ၁၀ ပိဿာ၊ ဆန်တစ်အိတ်နှင့်ဒွယားအစီခံ စီးကရက်နှစ်ကာတွန်း တို့ကို၁၉၇၆-ခုနှစ် ဇန်နဝါရီလမှ ၁၉၇၆-ခုနှစ် ဒီဇင်ဘာလအထိ လစဉ်ရိုပ်သာ မှူးဦးရဲတင်ဝင်းမှ တစ်ဆင့်ကိုယ်ကျိုးအတွက်ရယူသုံးစွဲခဲ့ပြီး ယင်းသို့ဦးတင်ဝင်း ညီရယူသုံးစွဲခဲ့သည့် ပစ္စည်းတန်ဖိုး၅၀၃၀/ နှင့် ပတ်သက်၍ရိုပ်သာမှူး ဦးရဲတင်ဝင်းက စာရင်းလိမ်များ ပြုခဲ့ကြောင်းကို တွေ့ရှိရကြောင်း။

သို့ဖြစ်၍ ဦးတင်ဝင်းညီနှင့် ဦးရဲတင်ဝင်းတို့အား ၁၉၆၃ ခုနှစ် အများနှင့် သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ အရေး ယူရန်တိုင်ကြားအပ်ပါကြောင်း ဖော်ပြပါရှိ၏။ ဦးဇော်ဖေ၊ ဦးတင်အေးကျော်တို့အား လည်း ထိုနည်းတူတရားစွဲဆိုထားသည်ကို ဓာတ်ပုံများဖြင့် နေ့စဉ်ထုတ်သတင်း စာများတွင် ဖော်ပြထားပါတော့သည်။

သတင်းစာထဲတွင် တောသစ်များသာ ဆိုသော်လည်း စွဲချက်တင်သော အတွင် ဦးတင်ဝင်းညီသည် အိမ်ဝင်းအတွင်းမှအပြင် အိမ်သာတွင် တောသစ်ကို ထင်းအဖြစ် အသုံးပြုထားကြောင်း အသေးစိတ်ပါရှိပါသည်။ အဲဒီအိမ်သာကို ဓာတ်ပုံ ရိုက်ပြီးတင်ပြထားရာ အိမ်နှင့် ပေ ၁၀၀ လောက်ဝေးကွာပြီး အိမ်ဆောက်စဉ်က ပန်းရံသမားလက်သမားများ အသုံးပြုရန် အကြမ်းထည်တည်ဆောက်ထားခြင်း ဖြစ်နေခဲ့ပါသည်။ အိမ်ဆောက်လုပ်သောသစ်တွေသည် ပါတီပိုင်ပစ္စည်းများဖြစ်ပြီး အဖေ့တပည့် ဦးညာဏ်မြင့်က ထုတ်ပေးပါသည်ဟု သူတို့စွဲသော ရက်စွဲတွင် ဦးညာဏ်မြင့်က ပါတီရုံးတွင် မရှိပါ။ အဲဒီနေ့မှာ တောင်ငူသစ်ဆိုင်မှ ငွေပေးချေပြီး ထုတ်သော ငွေပေးပြေစာသည်မိသားစု လက်ထဲတွင် အထင်အရှား ရှိနေပါ သည်။

"သေချာသိမ်းထားနော်၊ သူတို့လက်ထဲ ယောင်မှားလို့ မထည့်မိစေနဲ့။ သူ တို့ မတရားလုပ်နေတာတွေကို ကိုယ့်ဘက်က တတ်နိုင်သလောက် သက်သေပြ ငြင်းဆိုကြရမယ်"

နောက်နေ့မှာ ထောက်လှမ်းရေးမှ တယ်လီဖုန်းဆက်ပြီး အကြောင်းကြား

ပါသည်။

"ဖေဖေ့ အမှုလိုက်ပေးရန်အတွက် အင်းစိန်ထောင်သို့ ရှေ့နေ ဦးဘိုးအောင်ကို ခေါ်ပြီး မိသားစုဝင်တစ်ယောက်လာခဲ့ပါ"

ဟု ပြောကြားပါသည်။ နီနီက အေးဆေးနူတ်နည်းသူ ဖြစ်ပါသည်။ မောင်ငယ်ဖြစ်သော ဇော်ထွန်းညိုက မေမြို့ စစ်တက္ကသိုလ်ကျောင်းသား ဖြစ်နေပါသည်။ အစ်မကြီးဖြစ်သော ကျွန်မကလည်း မအူပင်မှာ ရှိနေလေသောကြောင့် ဦးဘိုးအောင်အား သွားရောက်ပြီး ကြိုပို့ဖို့ စူးစူးကတာဝန်ယူရပါသည်။ ကျွန်မတို့၏ အဖေညီအစ်ကို အမေညီအစ်မတော်စပ်သောမောင်ဝမ်းကွဲ ရန်ကုန်စက်မှု တက္ကသိုလ် ကျောင်းသား ကျော်စွာညို (ကိုပုတု)က အဖော်လိုက်ပေးရပါသည်။

ဦးဘိုးအောင်မှာ စမ်းချောင်းမှာ နေထိုင်ပြီး သူ့အား သွားကြိုသောအခါမှ စတင် မြင်ဖူးကြရသည်ဟု သိရပါသည်။ ဦးဘိုးအောင်သည် အသားညိုညို အရပ် မြင့်မြင့်၊ မျက်မှန်ထူကြီးနှင့်ဖြစ်ပြီး...

"ဦးနာမည်ကို ဘကုန်းနဲ့ စာလုံးပေါင်းပါတယ်"

ဟု သူကပင် အသိပေးမိတ်ဆက်သည်ဟု ဆိုကြပါသည်။ အပူသယ် မိသားစုတွေသည် ဦးတင်အေးကျော်တို့ မိသားစုနေအိမ်တွင် တွေ့ဆုံတိုင်ပင် ကြမည်ဟု မအူပင်သို့ စူးစူးက ဖုန်းဆက်ပါသည်။ ထိုခေတ်က လက်ကိုင်ဖုန်းတွေ မပေါ်သေးပါ။ တယ်လီဖုန်းကို ချိတ်ဆက်ထောက်လှမ်း သတင်းယူနေကြချင်လည်း ယူပါစေတော့၊ အိမ်မှုကြိုးဖုန်းကို မဖြတ်လိုက်တာကဘဲ တော်လှနေပါပြီ။ နောက် နေ့မှာ ကျွန်မသည် ရန်ကုန်ဆင်းခဲ့ပါသည်။ ခရီးရောက်မဆိုက် ဦးလှသိန်းနှင့် စသုံးလုံးများသည် မေမေတို့အိမ်သို့ ရောက်ရှိလာကြပါသည်။ မော်တာလာယူသည် ဟု ဆိုပါသည်။ လာရှာသည်ဆိုသော အဓိပ္ပာယ်ပေါက်ပါသည်။ မရှိပါဘူးဟု မေမေ က ပျော့ပျောင်းစွာ အဖြေပေးပါသည်။ ကျွန်မကတော့ မခံချင်စိတ်တွေ တလိပ် လိပ်တက်ကာ ထိုသူတွေအနက် ကျွန်မ သိသူတစ်ယောက်တည်းသာ ပါသည့် ကိုလှသိန်းကိုပဲ စေ့စေ့ကြည့်ကာ နာနာကြည်းကြည်း ပြောမိပါသည်။

"မယူထားလို့ မရှိတာကို မမှန်ကန်ဘဲ စွပ်စွဲတယ်။ ကိုလှသိန်းတို့ အသိ

ထုံးပါ။ လူတွေဟာ မြေနိမ့်ရာ လှံစိုက်ချင်ကြတယ်"

ဦးလှသိန်း မျက်နှာအောက်ချကာ စကားတစ်ခွန်းမျှ မတုံ့ပြန်ခဲ့ပါ။ သူလည်း စိတ်ကိုယ်နှစ်ပါးထိခိုက်နေခဲ့မှာပဲဆိုတာ နောက်တော့လည်း ကျွန်မတို့နားလည်ခွင့်လွှတ်တတ်သွားပါသည်။ အကြောက်တရားဟု ဒေါ်အောင်ဆန်းစုကြည်ပြောသည့် အဖြစ်အပျက်များစွာတွင် ဒီအဖြစ်လည်း ပါဝင်နေခဲ့ပါ၏။

နောက်နေ့တွင် စီစဉ်ထားသည်နှင့်အညီ စွဲချက်တင်ခံရသော သူများ၏မိသားစုတွေချင်း ကြေကွဲပူလောင်စွာ ဆုံတွေ့ကြရပါတော့သည်။ အဲဒီတော့မှ ဦးတင်အေးကျော်၏ဇနီး ဒေါ်ခွေခွေအား စတင်တွေ့ဖူးပါသည်။ အသက်သုံးဆယ်ကျော်ပိုင်း နုပျိုလှပသော အမျိုးသမီးတစ်ဦးဖြစ်ပြီး ကလေးသုံးယောက်ရှိပါသည်။ ဦးထွန်းလင်း၏ဇနီး၊ ဦးဇော်ဖေ၏ဇနီး၊ ဦးသန်းစိန်၏သမီးဒေါက်တာ ညိုသန်းမူသည်တို့နှင့်လည်း အပြန်အလှန် မတရားစွပ်စွဲမှုများအကြောင်း ရင်ဖွင့်ကြရပါသည်။ ဦးဘိုးအောင်က ဖေဖေနှင့်ဦးတင်အေးကျော်တို့၏ အမှုများကို လိုက်ပေးပါမည်။ ဒေါ်မြင့်မြင့်ခင်ကဦးထွန်းလင်း နှင့် ဦးသန်းစိန်နှင့် ဦးဇော်ဖေတို့၏ အမှုများကို လိုက်ပါမည်။ ကျွန်မတို့မှာ ဦးဘိုးအောင်ကို တွေ့ဆုံဂါရဝပြုပြီးသည်နှင့် မဟုတ်မတရားစွဲချက်တင်ထားသည်များကို အသည်းနှင့်စွာနာကျင်စွာဖြင့် ရှေ့နေကြီးနားပူအောင်အလုအယက်ပြောပြတိုင်တည်ကြပါတော့သည်။ ဖေဖေလို ရိုးသားသူတစ်ဦးအပေါ်မဟုတ်မတရားစွပ်စွဲခြင်းကြောင့် မိသားစုနာကျင်စူးနစ်နေရသည့်တွင်၊ ညီမနီနီ၏အရေးကိစ္စကလည်း တရေးမှောင့်နေပါသည်။

သူ့အရေးကိစ္စမျိုးသည် အသည်းခိုက်မျှ နာကျည်းစေသော ဝေနာကို ပေးတတ်ပါ၏။ နီနီတို့ အသိုင်းအဝိုင်းတွင် တွေ့ကြုံဖူးကြသည်မှာ ဖခင်တွေရာ ထူးပြုတ်သွား၊ ထိန်းသိမ်းခံရသွားသောအခါ သူတို့နှင့် လူသိရှင်ကြားစေ့စပ်ကြောင်းလမ်းထားပြီးသော အရာရှိများသည် မဆိုင်းမငံ့ အဆက်အသွယ်ဖြတ်တောက်ပစ်ပြီး အခြားမိန်းမတစ်ယောက်ကို ဆိုင်းမပါ ဗုံမပါ ကောက်ယူသွားသော သာဓကတွေ ရှိတတ်ပါသည်။ နီနီနှင့် ကိုဌေးဦး၏ စေ့စပ်ကြောင်းလမ်းခြင်းက သတင်းစာထဲမှာပါထားပြီးနေပါပြီ။

တစ်ဖက်သူအတွက်လည်း အနှောင်အဖွဲ့ ဖြစ်မနေအောင်၊ အကာယ၍များ သူက အဆက်ဖြတ်သွားမည်ဆိုပါက ကိုယ့်မှာ ကြေကွဲအရှက်ရပြီး မကျန် ရစ်ရလေအောင်၊ နီနီကပဲ စပြီး အဆက်ဖြတ်ပါသည်။ နီနီ့လုပ်ရပ်ကို ကန့်ကွက်သင့်သည်ဟု ကျွန်မ မထင်မှတ်ခဲ့ပါ။

မောင်လေးကတော့ သဘောမတူပါ။ နီနီက စေ့စပ်ကြောင်းလမ်း ဖျက်သိမ်းမည်ဆိုပါလျှင် သူ့အသိုင်းအဝိုင်းက သူ့အပေါ် နိမ်စရာဖြစ်မည်ဟု သူက ထင်ပါသည်။ ထိုစဉ်က ဗိုလ်ကြီးဌေးဦးသည် ရှမ်းပြည်ဘက်တွင် ရှေ့တန်းရောက်နေပါသည်၊ သူက တပ်ရင်းမှူးထံသို့ အကျိုးအကြောင်းတင်ပြခွင့်တောင်းရာ တပ်ရင်းမှူးက ဗျူဟာမှူးထံသို့ သတင်းပို့ အစီရင်ခံပေးပါသည်။ ချက်ချင်းလို ပင်ခွင့်ရလာပြီး သူသည် အောင်ဆန်းတပ်မြို့သို့ ဆင်းချလာခဲ့ပါသည်။ တစ်လက်စတည်း မြစ်ငယ်တွင်ရှိနေသော သူ့မိဘများကိုလည်း သူတို့အားလာရောက် လက်ထပ်ပေးဖို့ သူက ဖုန်းဆက်အကြောင်းကြားခဲ့ပါသည်။ ခွင့်ယူလာသောရက်မှာ လက်ထပ်ကြရမှာမို့ နီနီ့တွင် သတို့သမီးအဝတ်အစား အဆင်သင့်ချုပ်လုပ်ပြီးသား ရှိမနေပါ။ စမ်းစမ်းတင့်တို့ သူငယ်ချင်းတစ်စုမှာ ညတွင်းချင်းအကျီချုပ်ကြရပါသည်။ အချို့ကလည်း အကျွေးအမွေးအတွက် ကျောက်ကျောကျိုကြ၊ လက်ဖက်ပွဲပြင်ကြ၊ အစ်မကြီး ကျွန်မမြနှောင်းညိုမှာလည်း သူတို့အတွက် ခြင်ထောင်ကို ညလုံးပေါက်ချုပ်ခဲ့ရပါသည်။

အိမ်မှာပဲ လက်ထပ်ထိမ်းမြားခဲ့သော သူတို့၏ မင်္ဂလာပွဲသည် နှစ်ဖက်မိသားစု ပျော်ရွှင်ရစေခဲ့ပါ၏။ သူတို့၏မင်္ဂလာ အမှတ်တရ ဓာတ်ပုံတွေကို ပြန်ကြည့်ကြတော့မှသတိပြု ရယ်မောကြရပုံမှာ ကျွန်မ၏သားတွေသည် သူတို့၏ ဖိနပ်တွေပေါ်တက်ရပ်ပြီး ပို့စ်ပေးနေကြသည်ကို သတို့သားနှင့် သတို့သမီး မနာမကျင် သတိမထားမိအောင် ပြုံးရယ်ကြည်နူးနေခဲ့ကြပါလေတော့သတည်း။ အခုမရှိရှာတော့ပြီဖြစ်သော အန်တီလုသည် အဲဒီတုန်းက သူ့သား မချောမခန့်မှာကိုပူပန်ကာ - -

"ကလေးရေ မောင်ဌေးဦး မျက်နှာကြီးက ပြောင်တင်းတင်းနဲ့ လုပ်ပါဦး" ဟု တိုင်တာမ်းရင်ဖွင့်သောကြောင့် - -

"ရတယ် အန်တီလု၊ တယ်ဒီ ပေါင်ဒါ ပုတ်ပေးလိုက်မယ်"

ဟု ကျွန်မက နှစ်သိမ့်သည်။ အရပ်မြင့်မားသော ကိုဌေးဦးအား ကျွန်မ
က ...

"ခဏလေး ငြိမ်ငြိမ်နေပေးနော်"

ဟု လည်းပြော၊ ခြေဖျားထောက်ကာ တို့ဖတ်တဖတ်ဖတ်လည်း ပေါင်ဒါရိုက်။
သူက မနှစ်သက်ဘဲ သုန်မှုန်ငြင်းဆန်နေပါသည်။ အစ်မကြီး ကျွန်မကတော့ မတ်
တော်မောင်ကြည့်ကောင်းအောင်ဆောင်ကြဉ်းပေးဖို့ တာဝန်ရှိသည် မဟုတ်ပေဘူး
လား။ စစ်တက္ကသိုလ်တက်နေသော ကျွန်မတို့၏ မောင်လေးသည် သူငယ်ချင်းများ
အလယ်တွင် မျက်နှာမငယ်ရတော့ပါ။ (အနာဂတ်ကို မြင်နိုင်စွမ်းမရှိသော ကျွန်မတို့
သည် လူထုက **ကြံ့ဖွတ်** ဟု ပြက်ရယ်ပြု ခေါ်ဝေါ်သမုတ်ကြသော ကြံ့ခိုင်ဖွံ့ဖြိုး
ရေးအဖွဲ့တွင် ကိုဌေးဦးသည် အထွေထွေအတွင်းရေးမှူး ဖြစ်လာလိမ့်မည်ဟု ထိုစဉ်က
မသိနိုင်ခဲ့ကြပါ။ တိုင်းမှူးဖြစ်လာ၊ ဗိုလ်ချုပ်ဖြစ်လာတော့မှ သူ့ကို ကျွန်မ၏မတ်အဖြစ်
သိကျွမ်းလာသူတွေက အကျူအညီ တောင်းခံချင်သောကြောင့်ဖြစ်စေ၊ ကြံ့ခိုင်ဖွံ့
ဖြိုးရေးအဖွဲ့၏ လုပ်ရပ်တစ်စုံတစ်ရာကို မကျေနပ်မနှစ်သက်သောကြောင့်ပဲဖြစ်စေ၊
ကျွန်မအား လာရောက်အပြစ်တင်ချင် ခနဲ့ချင်သူတွေ ရှိကြသေးသည်။ တကယ်
တော့ သူရာထူးရှိလည်း ကျွန်မ၏မတ်ပါပဲ၊ သူရာထူး မရှိတော့လည်း ကျွန်မ၏
မတ်ပါပဲ)

*

## အပိုင်း၅

၁၉၇၈-ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့တွင် ကျွန်မတို့၏ ဖခင်ဦးတင်ဝင်းညို ကို အင်းစိန်အကျဉ်းထောင်သို့ လာရောက်တွေ့ဆုံဖို့ မိသားစု အားအကြောင်းကြားကာ တွေ့ဆုံခွင့်ပေးခဲ့ပါသည်။

ပြီးခါမှ ဖေဖေ လွတ်မြောက်တော့မလို မိသားစုအပါအဝင် ဖေဖေ့ကို မျှော်လင့်ထင်မှားစေပြီးခါမှ၊ ၁၉၇၈ ခုနှစ် ဖေဖော်ဝါရီလ (၃)ရက်နေ့တွင် ဖေဖေတို့အား တရားမျှတမှုကင်းမဲ့စွာ စွဲချက်တင်လိုက်ပါတော့သည်။ ထိုအကြောင်းကို ၁၉၇၈-ခုနှစ် ဖေဖော်ဝါရီလ (၄)ရက်နေ့ထုတ် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတွင် အကျယ်တဝင့်ဖော်ပြခဲ့ပါသည်။ မိသားစုတွေမှာ အရိုက်ထိုးနှက်ခံလိုက်ဘိသကဲ့သို့ အသက်ပျောက်မတတ် နာကျင်ခံစားရစေခဲ့သော ရက်စက်လွန်းလှသည့် ထိုသတင်းဆိုးကြီးကို မျှော်လင့်မထားပါဘဲလျက် ကြားသိလက်ခံလိုက်ခဲ့ကြရပါတော့၏။

ထိုရက်တွေတုန်းက ကျွန်မမှာ ခြေထောက်ထိရှဒဏ်ရာရပြီး မထောက်နိုင်လောက်အောင် ပြင်းထန်သည့်အတွက် မတရားသော စွပ်စွဲချက်တွေနှင့် ဖေဖေ့ကို အမှုစတင်စစ်သော ဖေဖော်ဝါရီလ ၈ ရက်မှာ ရုံးမရောက်နိုင်ခဲ့ပါ။ မအူပင်မှနေပြီး အောင်ဆန်းအိမ်သို့ တယ်လီဖုန်းဖြင့်သာ အကျိုးအကြောင်း မေးမြန်းသိရှိနိုင်ခဲ့ရပါ

သည်။ တစ်လကြာမှ ခြေထောက်နင်းနိုင်ထောက်နိုင်လာသော ကျွန်မသည် ကလေး တွေကိုပါ ခေါ်သွားပြီး မအူပင်မှ အောင်ဆန်းသို့ ရောက်သွားကြရပါတော့၏။

ကျွန်မသည် မေမေ၊ နီနီ၊ စုစုတို့နှင့်အတူ၊ တစ်ခါတစ်ရံ ကျွန်မ၏ သားသမီး တွေလည်း ပါဝင်လျက်၊ ဖေဖေ့ကို ထောင်ဝင်စာသွားတွေ့လေ့ရှိပါသည်။ ထိုအခါမျိုး တွင် ဖေဖေသည် အလွန်ဝမ်းမြောက်ရွှင်လန်းနေတတ်ပါသည်။

ကလေးတွေအား အင်းစိန်ထောင်ဟု အသိမပေးဘဲ ဘိုးဘိုး၏ ရုံးဖြစ်သည် ဟု ကျွန်မတို့က ညာလှည့်ဖုံးကွယ်ထားကြပါသည်။ ထိုခေတ်တုန်းက ဗန္ဓုလား ဂုဏ်နောင်၊ ကျွန်စစ်သားသဘော်တို့သည် ရေတက်ရေကျအပေါ်မူတည် ပြီးရန်ကုန်မှ ထန်တက်လျှင် ညနေလေးနာရီမှာ ဆိပ်ကမ်းမှခွာကာ မအူပင်သို့ ညကိုးနာရီခွဲ ဝယ်နာရီမှာ ရောက်ရှိပါသည်။ မအူပင်မှ နံနက်ခြောက်နာရီထွက်ခွာလျှင် ရန်ကုန် သင်္ဘောဆိပ်သို့နေ့ခင်း၁၁နာရီ ၁၂ နာရီခန့်တွင် ဆိုက်ရောက်လေ့ရှိပါသည်။ ကျွန်မ၏ ကလေးတွေအား ကျွန်မတို့ကသိထားစေသည်မှာသူတို့၏ ဘိုးဘိုးသည်ရုံးသွားရသည်၊ ရုံးတက်ရသည်။ အဲဒီနေရာသည် ဘိုးဘိုး၏ရုံးဖြစ်သည်။ ကလေးတွေ စိတ်မကောင်း ဖြစ်နေမှာ စိုးသောကြောင့် ဝိုင်းဝန်းဖုံးဖိထားပေးပါဟု အိမ်နီးချင်းတွေကို ကျွန်မတို့က မှာကြားထားပါသည်။ အိမ်နီးချင်းတွေကတော့ ကလေးတွေ စိတ်မကောင်းဖြစ် စေလိုသောကြောင့်တော့ ဟုတ်မည်မထင်ပါ။ သို့သော်လည်း ဖေဖေ့ကို ကလေးတွေ သွားတွေ့ရသည့်နေရာသည် အင်းစိန်ထောင်မကြီးဖြစ်သည်ဟု ကလေးတွေက သိနေခဲ့ပါသည်။ အိမ်နီးချင်းတွေက မပြောလျှင် သူတို့ ဘယ်သိနိုင်ကြပါ့မလဲ။ အဆိုးအကောင်းမရွေး တစ်ခုခုဆို အခြားသောသူတွေ မသိလိုက်မှာကို ဝင်ပါ ကြောင့်ကြကာ ပြောကိုပြောလိုက်ချင်သည့် လူ့သဘောကိုက စိတ်ဆိုးရခက်၊ နား လည်ရခက် ရှိလှပါတော့သည်။ ထောင်ဝင်စာတွေ့ပြီး ပြန်သောအခါတွေမှာ ကျွန်မ၏ သားအငယ် ပေါက်ပေါက်သည် စကားမပီကလာနှင့် "ဘိုးဘိုးရုံးမှာနေနဲ့။ အိမ်မပြန် မယ်" ဟု ဖေဖေ့လက်ကို ဆွဲခေါ်လေ့ရှိသည်မှာ အနီရုံးဆိုတာကြီးသည် မနေ သင့်သောအရပ်ဟု ခံစားသိရှိနေသောကြောင့်သာ ဖြစ်ပါလိမ့်မည်။

ရန်ကုန် ကန္တာလမ်းမှ ဖေဖေတို့၏ မဆလရုံးချုပ်ကြီးသို့ ရံဖန်ရံခါ သူတို့ရောက်ဖူးခဲ့သောကြောင့် အင်းစိန်ထောင်သည် သူတို့အဖိုး၏ရုံးဆိုတာကို သူတို့မခံစားနိုင်ခဲ့ကြပါ။

ဖေဖေတို့အားရုံးတင် စစ်ဆေးနေသည်ဟု လုပ်သား ပြည်သူ့နေ့စဉ်သတင်းစာတွေမှာ နေ့စဉ်ရက်ဆက် ပါဝင်လာခဲ့ပါသည်။ ဖေဖေ့မိသားစု ကျွန်မတို့က ဖေဖေ့ရုံးချိန်းရက်တွေမှ သွားရောက်နားထောင်ခွင့် ရှိပါသည်။

"မျက်နှာ မညှိုးစေနဲ့နော်၊ တမင်တကာလည်း ခက်ထန်တင်းမာမထားနဲ့ ပုံမှန်ပဲနေကြရအောင်၊ မိသားစုကြောင့် ဖေဖေ စိတ်အားမငယ်စေရဘူး"

ဟု အချင်းချင်းအား တင်းဖေးမထားခဲ့ကြပါသည်။ ၁၉၇၈-ခုနှစ် ဖေဖော်ဝါရီလ (၄)ရက်နေ့ထုတ် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ စာမျက်နှာ(၅)ကော်လံ ၂ ၃ ၄ ၅ ၆ နှင့် ၇ တွင်… "ဦးထွန်းလင်း၊ ဦးသန်းစိန်နှင့် ငါးဦးတရားစွဲဆို" ဆိုသော ခေါင်းစဉ်ဖြင့်… "ဦးတင်ဝင်းညို၊ ဦးတင်အေးကျော်၊ ဦးဇော်ဖေတို့ ပါဝင်ခြင်း" ဟု-ဖော်ပြပါရှိလျက်(၃-၂-၁၉၇၈)က စတင်စစ်ဆေးပါသည်။ စာမျက်နှာ ၇ ကော်လံ (၁)သို့ ဆက်လက်ဖတ်ရှုကြရပါသည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မတီဌာနချုပ်တွင် တာဝန်များ ထမ်းဆောင်ခဲ့ကြသည့် ဦးထွန်းလင်း၊ ဦးသန်းစိန်၊ ဦးတင်ဝင်းညို၊ ဦးတင်အေးကျော်၊ ဦးဇော်ဖေ၊ ဦးကျော်အုန်းနှင့် ဦးရဲတင်ဝင်းတို့အား အထူးစုံစမ်းစစ် ဆေးရေးဦးစီးဌာနဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်က အင်းစိန်အကျဉ်းစခန်းအနီးရှိ အဆောက်အအုံတွင် ရုံးထိုင်သည့် ရန်ကုန်တိုင်းတရားသူကြီးအဖွဲ့ ဥက္ကဋ္ဌ ဦးအုန်းမောင်နှင့် အဖွဲ့ဝင်များအဖြစ် ဦးမြတ်တိုးနှင့် ဦးမောင်မောင်ဝင်းတို့ပါဝင်သော ရန်ကုန်တိုင်းတရားစီရင်ရေးအဖွဲ့အမှတ်(၆၃)သို့ အမှု ၁၃ မှုခွဲ၍ယနေ့ တရားစွဲဆိုရာ တရားစီရင်ရေးအဖွဲ့က ပြစ်မှုကြီးအမှတ်(၁/၇၈)(၂/၇၈)(၃/၇၈)(၄/၇၈)(၅/၇၈)(၆/၇၈)(၇/၇၈)(၈/၇၈)(၉/၇၈)(၁၀/၇၈)(၁၁/၇၈)(၁၂/၇၈)နှင့်(၁၃/၇၈) အဖြစ်သတ်မှတ်လက်ခံလိုက်၏။

**ဦးထွန်းလင်း**

ဦးထွန်းလင်းနှင့်ပတ်သက်၍ အမှုခြောက်မှုခွဲပြီး တရားစွဲဆိုရာတွင်တရား

စိုင်ရေးအဖွဲ့က အမှုအမှတ်(၁/၇၈)မှ(၆/၇၈)အထိ သတ်မှတ်လက်ခံသည့် အနက် တရားစွဲဆိုရာတွင် ပြစ်မှုကြီးအမှတ်(၁/၇၈)တွင် ဦးထွန်းလင်းသည် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် (မူကြမ်း)ရေးဆွဲရေး ကော်မရှင်အတွင်းရေးမှူးနှင့် ဆောင်ငွေတာဝန်ခံအဖြစ် ဆောင်ရွက်ခဲ့စဉ်က ၁၉၇၂-ခုနှစ် ဒီဇင်ဘာလမှ ၁၉၇၃-ခုနှစ် ဒီဇင်ဘာလအတွင်း အစည်းအဝေးကျွေးမွေးစရိတ်ခေါင်းစဉ်ဖြင့် ငွေပေါင်း(၇၀၇၂၆၇-၀၀ိ)ကို ထုတ်ယူခဲ့သည့်ပြေစာ ၁၈ စောင်အနက် ပြေစာ ၁၄ စောင်အတွက် ငွေပေါင်း (၇၇၂၆ ၇- ၀၀ိ)ကို အမှန်တကယ်ထုတ်ပေးခြင်းမရှိဘဲ ထိုစဉ်က ဌာနခွဲမှူးဦးကျော်အုန်းနှင့် ပူးပေါင်း၍ အမည်လိမ်လက်မှတ်လိမ်များဖြင့် ထုတ်ယူသုံးစွဲခဲ့သည်ကို တွေ့ရှိရကြောင်း။ ယင်းသို့လိမ်လည်ထုတ်ယူရာ၌ ကော်မရှင်အတွင်းရေးမှူးနှင့်ဆောင်ငွေတာဝန်ခံဦးထွန်းလင်းနှင့် ပူးပေါင်းအလွဲသုံးစားခဲ့ကြောင်း စစ်ဆေးသိရှိရသဖြင့် ဦးထွန်းလင်းနှင့် ဦးကျော်အုန်းတို့အား ၁၉၆၃ ခုနှစ်အများနှင့် သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၄ အရတိုင်ကြားအပ်ပါကြောင်း ဖော်ပြပါရှိ၏။

**ကိုယ်ကျိုးသုံး**

ပြစ်မှုကြီးအမှတ်(၂/၇၈)တွင် ဦးထွန်းလင်းသည် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုကော်မတီဌာနချုပ်တွင်ရှိစဉ်က ပါတီငွေစာရင်းခေါင်းစဉ် (၀၃၂၅)ဖြင့် ပြုထားသော ပါတီလှုပ်ရှားမှုရန်ပုံငွေမှ ငွေပေါင်း ၁၀၀၄၀ ကို ကချင်ပြည်နယ်ပါတီ ကော်မတီဥက္ကဋ္ဌနှင့် မိုင်းယမ်းမိုင်းယောင်း ပါတီယူနစ်အမည်များဖြင့် လိမ်လည်ထုတ်ယူပြီး မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားခဲ့ကြောင်း စစ်ဆေးသိရှိရသဖြင့် ဦးထွန်းလင်းအပေါ် ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၄ အရအရေးယူရန် တိုင်ကြားအပ်ပါကြောင်း ဖော်ပြပါရှိ၏။

ပြစ်မှုကြီးအမှတ်(၃/၇၈)တွင် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မရှင်ဌာနခွဲမှူးအဖြစ် ဆောင်ရွက်ခဲ့သူ ဦးကျော်အုန်း နေထိုင်သော ရန်ကုန်မြို့

ယောက်လမ်းတိုက် အမှတ် ၂၇၊ အခန်းအမှတ် ၆/၇ကို ရှာဖွေရာ ထိုစဉ်က ရိပ်သာမှူးလုပ်ခဲ့သူ ဦးထွန်းတင်၏ ၁၉၇၁ ခုနှစ်၊ ဒီဇင်ဘာလမှ ၁၉၇၄ ခု၊ ဇန်နဝါရီလ အထိ ကော်မရှင်ရုံး လစဉ် ကျွေးမွေးစရိတ်စာရင်းရှင်းတမ်းများ တွေ့ရှိရသဖြင့် သိမ်းဆည်းပြီး စာရင်းစစ်အဖွဲ့နှင့် စစ်ဆေးခဲ့ရာတွင် ၁၉၇၂ ခု ဇန်နဝါရီလမှဒီဇင်ဘာလ အထိ ငွေပေါင်း (၂၆၉၁ဒိ/၀၀း) ကို စာရင်းလိမ်ပြ၍ ပိုမိုထုတ်ယူထားကြောင်း တွေ့ရှိရကြောင်း။

**ပူးပေါင်းအလွဲသုံး**

ယင်းသို့လိမ်လည်ထုတ်ယူရာ၌ ကော်မရှင်အတွင်းရေးမှူး ဆောင်ငွေ တာဝန်ခံ ဦးထွန်းလင်းနှင့်ပူးပေါင်း အလွဲသုံးစားခဲ့ကြောင်း စစ်ဆေးသိရှိရသဖြင့် ဦးထွန်းလင်းနှင့် ဦးကျော်အုန်းတို့အား ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၄ အရ အရေးယူရန် တိုင်ကြားအပ်ပါကြောင်း ဖော်ပြပါရှိ၏။

**အိမ်ယူသုံး**

ပြစ်မှုကြီးအမှတ် (၅/၇၈)တွင် ဦးထွန်းလင်းသည် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုကော်မတီဌာနချုပ်တွင်ရှိစဉ်က ၁၉၇၃-ခုနှစ် မေလမှ ၁၉၇၄-ခုနှစ် ဧပြီလ အတွင်း ပါတီရိပ်သာမှ ပါတီပိုင်ငွေဖြင့် ဝယ်ထားသည့် နို့ဆီ၊ သကြား ၁၃၃၂ ပိ-ဖိုး ကို ရိပ်သာမှူး ဦးရဲတင်ဝင်းနှင့်ပူးပေါင်း၍ မိမိအိမ်သို့ ရယူသုံးစွဲခဲ့ကြောင်း စစ်ဆေးတွေ့ရှိရကြောင်း။ သို့ဖြစ်၍ ဦးထွန်းလင်းနှင့် ဦးရဲတင်ဝင်းတို့အား ၁၉၆၃-ခုနှစ် အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၄ အရ အရေးယူရန်တိုင်ကြားအပ်ပါကြောင်း ဖော်ပြပါရှိ၏။

**ဓာတ်ဆီဖိုး**

ပြစ်မှုကြီးအမှတ် (၆/၇၈)တွင် ဦးထွန်းလင်းသည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မတီဌာနချုပ်တွင်ရှိစဉ် ၁၉၇၇-ခုနှစ် ဖေဖော်ဝါရီလအတွင်း မန္တလေး၌ ပြုလုပ်သည့် မိမိ၏သမီးမင်္ဂလာဧည့်ခံပွဲသို့ ဇနီးအားစေလွှတ်ရာတွင် ပါတီဝန်ထမ်းများ

ခဲ့ကြသော ဦးမောင်လွင်၊ ဦးထွန်းမြင့်၊ ဦးခင်မောင်မြင့်တို့အား ပါတီပိုင်ငွေ ၁၀၀၀ိ/-
ပေး၍ လိုက်ပါစေခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသည့်အပြင် ပါတီပိုင်ဓာတ်ဆီနှင့် ပါတီ
ပိုင်ထွေဖြိုဆယ်သည့် ဓာတ်ဆီတန်ဖိုး စုစုပေါင်း ၆၆၃ိ/ ၂၀ံးကိုပါ ထုတ်ယူခဲ့ကြောင်းကို
တွေ့ရှိရကြောင်း။ သို့ဖြစ်ပါ၍ ဦးထွန်းလင်းသည် ပါတီဝန်ထမ်းများ၏ လုပ်အားခ၊
ပါတီပိုင်ငွေ၊ ပါတီပိုင်ဓာတ်ဆီတို့ကို ပါတီလုပ်ငန်းမဟုတ်ဘဲ ပါတီလုပ်ငန်း
နှင့်ကြောင်းမြို့မိမိကိုယ်ကိုးအတွက်အလွဲသုံးစားခဲ့ သောကြောင့်၁၉၆၃-ခုနှစ်အများနှင့်
ပတ်သက်သော ပစ္စည်းကာကွယ်စောင့် ရှောက်ရေး ဥပဒေပုဒ်မ ၃ပြစ်မှုဆိုင်ရာ
ဥပဒေပုဒ်မ၃၄ အရ အရေးယူရန်တိုင်ကြား အပ်ပါကြောင်းဖော်ပြပါရှိ၏။

(သည်နေရာတွင် သမိုင်းမှတ်တမ်းတင်သူကျွန်မသည် ဦးထွန်းလင်း မှာ
အတော်ချမ်းသာသည်ဟု ထင်မြင်ခဲ့ဖူးရန်အကြောင်းမှာ ရန်ကုန်မြို့ခုနစ်မိုင်ခွဲ လောက်
များဟောဘာရှိခဲ့ဖူးသောကုန်းမြင့်သာယာဟုလည်း ခေါ်ဆိုကြပြီး ထောက်လှမ်းရေး
တွကြီးရှိရာ နေရာတစ်ပိုက်ရှစ်မိုင်ဘက်မှသွားပါက ပြည်လမ်း၏ ညာဘက်ခြမ်းတွင်
မမဟုသိခဲ့ကြသော တိုက်အိမ်ကြီးတစ်ခု ရှိခဲ့ဖူးပါသည်။ အဲသည်မှာ ဦးထွန်းလင်း
နေထိုင်သည်ဟု သူများတွေက လက်ညှိုးညွှန်ပြခဲ့ဖူးပါသည်။ အဲသည် တိုက်ကြီး
ဝင်းကြီးကိုဦးထွန်းလင်းပိုင်ဆိုင်သည်ဟု ကျွန်မကထင်မှတ်ခဲ့တာပါ။ နှစ်ပေါင်း များစွာ
ကြာပြီးမှ ကျွန်မသိရှိလာရသည်က ဦးထွန်းလင်းသည် အဲသည်တိုက်ကြီး၏
အနောက်ဘက်မှာ တိုက်ပုကလေးနှင့်နေသွားခဲ့တာပါ။ သူတို့ ခေတ်က လူကြီးတွေ
သည် ခုခေတ်လိုများတော့လူထု၏ ချွေးနှင့်သွေးနှင့်ရင်းပြီး အသူရကာယ်ဘုံမှာလိုတိုက်
တာကြီးကျွန်ုဒိုမီနီယမ်ကြီးတွေနှင့်နေစိမ့်ခဲ့သူများ မဟုတ်ရှာကြပါကလား။)

**ဦးသန်းစိန်**

ဦးသန်းစိန်နှင့်ပတ်သက်၍ အမှုနှစ်မှုခွဲပြီးတရားစွဲရာတွင် တရားစီရင်
ရေးအဖွဲ့ကပြစ်မှုကြီး အမှတ်(၇/၇၈)နှင့်(၈/၇၈)အဖြစ် သတ်မှတ်လက်ခံသည့်
အနက်ပြစ်မှုကြီး အမှတ်(၇/၇၈)တွင်ဦးသန်းစိန်သည်မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်
ပါတီဗဟိုကော်မတီဌာနချုပ်တွင်ရှိစဉ်က ၆-၁-၇၄နေ့တွင်ပြုလုပ်သော မိမိ၏

သမီးမင်္ဂလာဆောင်ပွဲတွင် ပါတီဌာနချုပ်ရိပ်သာမှနို့ဆီ၊ သကြား၊ မုန့်၊ စီးကရက်စသည့်ပစ္စည်းများ၊ တန်ဖိုးငွေ ၁၀၄၅/၅၀ိ ဖိုးကို မိမိကိုယ်ကျိုးအတွက်ရယူသုံးစွဲခဲ့ကြောင်း စစ်ဆေးတွေ့ရှိရကြောင်း။ ယင်းကဲ့သို့တော်လှန်ရေးကောင်စီငွေစာရင်းခေါင်းစဉ်မှပါတီဌာနချုပ်သို့ ထုတ်ပေးထားသောငွေများဖြင့် ဝယ်ယူထားသည့် ပစ္စည်းများကိုမတရားရယူသုံးစွဲခဲ့သဖြင့်ဦးသန်းစိန်အား ၁၉၆၃- ခုနှစ် အများ နှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ၃ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ၃၄ အရအရေးယူရန်တိုင်ကြား အပ်ပါကြောင်းဖော်ပြပါရှိ၏။

**ဌာနပိုင်ကား**

ပြစ်မှုကြီးအမှတ် (ဂ/၇ဂ)တွင်ပါရှိသောတိုင်ကြားလျှောက် ထားချက်များမှာဦးသန်းစိန်သည် ပါတီဌာနချုပ်တွင်ရှိစဉ် ၁၉၇၅-ခုနှစ်ဧပြီလအတွင်း ပါတီဌာနချုပ်ပိုင်ကားတစ်စီးနှင့် ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီး ဌာနပိုင်ကားတစီးတို့ကိုပါတီ တာဝန်ထမ်းဆောင်ခြင်းမရှိဘဲ ပါတီတာဝန်ဆောင်ရွက်သည့်အနေဖြင့် ရယူ၍ရန်ကုန်မြို့မှ မွန္တလေးမြို့နှင့်မေမြို့များသို့ သွားရောက်ခဲ့ပြီး ကုန်ကျသော ဓာတ်ဆီဖိုးငွေ(၆၄ဂ/၆ဝိ)ကိုပါတီဌာနချုပ်အသုံးစရိတ်မှတောင်းခံရယူခဲ့ကြောင်းစစ်ဆေးတွေ့ရှိရကြောင်း။ ယင်းကဲ့သို့မော်တော်ယာဉ်နှစ်စီးနှင့်ပါတီဝန်ထမ်းသုံးဦး၏လုပ်အားကို မိမိကိုယ်ကျိုးအတွက် သုံးစွဲခဲ့ပြီးပါတီဌာနချုပ်ပိုင်ငွေများမှ ဓာတ်ဆီဖိုးများကိုပြန်လည် တောင်းခံခဲ့သဖြင့်ဦးသန်းစိန်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၈ အရအရေးယူရန် တိုင်ကြားအပ်ပါကြောင်းဖော်ပြပါရှိ၏။

(သည်နေရာတွင် သမိုင်းမှတ်တမ်းတင်နေသူ ကျွန်မသည်ကျွန်မသိထားကြားထားမှုသောဗဟိုပါတီဝင်များနှင့် ပါတီပိုင်ကားများအကြောင်းကို အနည်းငယ်ရင်ဖွင့်ပြောပြချင်ပါသည်။ ဖေဖေတို့က တိုင်းပြည်ဆင်းရဲနေချိန်တွင် ပါတီထိပ်သီးတွေသည်ပါတီပိုင်ကားများကို ရုံးသွားရုံးပြန်အတွက်သုံးရန် လိုအပ်သလိုအရေးအကြောင်းရှိလျှင်၊ ပုံစံအားဖြင့်သူတို့၏အထက်လူကြီးတွေက ဆွေးနွေးစရာ ကိစ္စ

ရှိလာခဲ့ပါဆိုသည်နှင့် တစ်ပြိုင်နက်မဆိုင်းမင့်သွားတွေဖို့ အဆင်သင့်ရှိမှာကား ထားရပါသည်။ မိသားစုအသုံးပြုစီးနင်းကြရာ၌ တစ်စီးထက်မပိုစေဘဲမျှတ၍ ကြရန်စည်းကမ်းထုတ်ထားကြပါသည်။ သာရေးနာရေးမှာတော့လူမှုရေးအရကား ပြိုင်းသုံးစွဲရသည့်အခါတွေရှိကြရပါသည်။ ပြီးတော့လည်းလစာမှ အပအပိုဝင်ငွေမ ရှိကြရသော စည်းကမ်းဥပဒေအတိုင်း နေထိုင်ကြသည့်ထိုခေတ်ကာအနေအစား ဆင်းရဲ သော်လည်းကျေနပ်တင်းတိမ်ခဲ့ကြသည့်လူကြီးတွေနှင့်သူတို့၏ မိသားစု တွေအတွက် သင့်မှသင့်တင့်မျှတသော နေထိုင်စရိတ်နှင့် စားသုံးစရိတ်တွေကို တော့တရား ဝင်ပေး ထိုက်ထိုက်တန်တန်သင့်သည်ဟုယူဆပါသည်။ ခုခေတ်မှာတိုင်းသူပြည်သား ဆင်းရဲနေသည်နှင့် အမှုရာထူးအာဏာရှိကြသော အခြားသောဘုံမှလာကြသလို ခြားနားလှသော လူကြီး ထိုသူတွေ၏ စကားအချို့ကိုကျွန်မတို့က နားစွန်နားဖျား ကြားမှူ တတ်တာ တွေထဲမှာ လက်ဆောင်ဆိုတာယူသင့်သည်" ဆိုတာမျိုးလည်း ပါတတ်ပါသည်။ လက်ဆောင် ပွဲတွေအများကြီးထဲက စားကောင်းသောက် ဖွယ်တွေ၏အောက်ထဲမှာ ရွှေဒင်္ဂါး နိမ်တွေပတ္တမြားတွေသိုသိုသိပ်သိပ် ပါလာသည့်အပေါ်မူတည်ပြီး အလုပ်ကိုစိတ် တိုင်းကျနေရာဖြစ်မှုလုပ်၊ ပါမစ်တွေကျလာ၊ နိုင်ငံခြားတွေသွားရ၊ မကျန်းမာသော ကြောင့် ဆေးကုသလျှင်လည်း နိုင်ငံခြားမှာ ကုသမှအသက်ရှင်တော့မလိုနှင့် ကံကုန် တော့လည်းသွားကြရတာပဲ မဟုတ်လား။ တစ်ချိန်တုန်းက ကျွန်မတို့၏ အာဇာ နည်ကြီးဗိုလ်ချုပ်အောင်ဆန်းသည် ဆင်းဆင်းရဲရဲ အချိန်မှာပဲ လုပ်ကြံခံသွားခဲ့ရ သည်အတွက် တိုင်းသူပြည်သားတွေမှာ လွမ်းဆွတ် မျက်ရည်ပင်လယ်ဝေခဲ့ရပါသည်။ သမိုင်းဆိုသည်မှာလိမ်ညာ၍ မရစကောင်းပါ။ ကျွန်မတို့၏ ဖခင်တွေဟာလူထုနှင့် အတူဆင်းရဲဒုက္ခခံခဲ့ကြတာကိုပဲ ကျွန်မတို့က ဂုဏ်ယူရစ်ကြရစေချင်ပါသည်။ လူထု မျက်ရည်ပေါက်ကြီးငယ်ကျပြီးအမိုး အကာပျောက်ကြရတာတွေဟာ ပြည်သူ အသစ်ဖြစ်သူအပေါင်း ဆိုတာကို ကျွန်မတို့ သတိချပ်ကြရပါလိမ့်မည်။)

ဖေဖေနှင့်အတူတစ်လှေတည်းစီး တစ်ခရီးတည်းသွားကြသူနှစ် ယောက်အပေါ်မှာ မတရားစွဲဆိုခဲ့ကြတာတွေကို ပြန်လည်တူးဖော်ပြပြီးပါပြီ။

ကျွန်ုပ်၏ဖခင် ဦးတင်ဝင်းညိုကို ဘယ်လိုစွပ်စွဲခဲ့ကြသလဲဆိုတာ ဆက်လက်တင်ဆွ မြခွင့်ပြုပါရန် အနူးအညွတ်ပန်ကြားလိုက်ပါသည်။

## ဦးတင်ဝင်းညို

ဦးတင်ဝင်းညိုနှင့်ပတ်သက်၍ အမှုနှစ်မှုခွဲပြီးတရားစွဲဆိုရာ တွင်တရားစီရင်ရေးအဖွဲ့က ပြစ်မှုကြီးအမှတ်(၉/၇၈)ဖြင့်လည်းကောင်း၊ ပြစ်မှုကြီးအမှတ် (၁၀/၇၈)ဖြင့်လည်းကောင်း၊ သတ်မှတ်လက်ခံသည့်အနက်ပြစ်မှုကြီး အမှတ် (၉/၇၈)တွင် ဦးတင်ဝင်းညိုသည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီဗဟိုကော်မတီ ဌာနချုပ်တွင်ရှိ စဉ်ကဌာနချုပ်ရုံးဌာနခွဲလက်အောက်ရှိ အဆောက်အအုံများအတွက် ပြင်ဆင်မွမ်းမံရန် သတ်မှတ်ထားသည့် အိမ်သုတ်ဆေးများ၊ သုံးထပ်သားလိုက်ကာများ၊ တောသစ်များ၊ မီလ္လာအိုးအစုံနှင့်မော်တာတစ်လုံး၊ တန်ဖိုးငွေ ၂၁၅၀/ ၃၅ပြား ဖိုးကို ဌာနချုပ်ရုံးဌာနခွဲမှူး ဦးစိုးလွင်မှတစ်ဆင့် ကိုယ်ကျိုးအတွက်ရယူသုံးစွဲခဲ့ကြောင်းစစ်ဆေးတွေ့ ရှိရကြောင်း သို့ဖြစ်၍ ဦးတင်ဝင်းညိုသည် ပါတီပိုင်ငွေဖြင့် ဝယ်ထားသည့် ပစ္စည်း စုစုပေါင်းတန်ဖိုး ၂၁၅၈/၃၅ပြားကို ကိုယ်ကျိုးအတွက် ရယူသုံးစွဲခဲ့သောကြောင့် ဦးတင်ဝင်းညိုအပေါ် ၁၉၆၃-ခုနှစ် အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၄ အရ အရေးယူရန် တိုင်ကြားအပ်ပါကြောင်း ဖော်ပြပါရှိ၏။

## နီ့ဆီသကြား

ပြစ်မှုကြီးအမှတ်(၁၀/၇၈)တွင် ဦးတင်ဝင်းညိုသည် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီဗဟိုကော်မတီဌာနချုပ်တွင် ရှိနေစဉ် ပါတီဗဟိုကော်မတီဌာနချုပ်ရှိ ရိပ်သာ(၁)မှ ပါတီပိုင်ငွေဖြင့် ဝယ်ယူထားသည့်ပစ္စည်းများအနက် နို့ဆီတစ်သေတ္တာ၊ သကြား ၁၀ ပိဿာ၊ ဆန်တစ်အိတ်နှင့် အစီခံစီးကရက်နှစ်ကာတွန်းတို့ကို ၁၉၇၆-ခုနှစ် ဇန်နဝါရီလမှ ၁၉၇၆ ဒီဇင်ဘာလအထိ လစဉ်ရိပ်သာမှူး ဦးရဲတင်ဝင်းမှ တစ်ဆင့် ကိုယ်ကျိုးအတွက် ရယူသုံးစွဲခဲ့ပြီး ယင်းသို့ဦးတင်ဝင်းညို ရယူသုံးစွဲခဲ့သည့် ပစ္စည်းတန်ဖိုး ၅၀၃၀/နှင့် ပတ်သက်၍ ရိပ်သာမှူး ဦးရဲတင်ဝင်းက စာရင်းလိမ်များ

ခြဲ့ကြောင်းကို တွေ့ရှိရကြောင်း။ သို့ဖြစ်၍ ဦးတင်ဝင်းညိုနှင့် ဦးရဲတင်ဝင်းတို့အား ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၄ အရ အရေးယူရန် တိုင်ကြားအပ်ပါကြောင်း ဖော်ပြပါရှိ၏။

## ဦးဇော်ဖေ

အလားတူ ဦးဇော်ဖေနှင့်ပတ်သက်၍ အမှုနှစ်မှုခွဲပြီး တရားစွဲဆိုရာတွင် တရားစီရင်ရေးအဖွဲ့က ပြစ်မှုကြီးအမှတ် (၁၁/၇၈)နှင့်(၁၂/၇၈)အဖြစ် သတ်မှတ်ထက်ခံသည့်အနက် ပြစ်မှုကြီးအမှတ်(၁၁/၇၈)တွင်ပါရှိသည့် တိုင်ကြားလျှောက်ထားချက်များမှာ ဦးဇော်ဖေသည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် (မူကြမ်း) ရေးဆွဲရေးကော်မရှင် အဖွဲ့ခွဲ(၂)အတွင်းရေးမှူး အဖြစ်ဆောင်ရွက်ခဲ့စဉ် ၁၉၇၁-ခုနှစ် နိုဝင်ဘာလမှ ၁၉၇၂-ခုနှစ် မေလအတွင်း၊ မိုးနဲမြို့ လွိုင်လင်မြို့ တောင်ကြီးမြို့များသို့ ခရီးထွက်ခဲ့ရာတွင် စားသောက်စရိတ်များကို စာရင်းလိမ်လည်ပြုလုပ်၍ မိုးနဲမြို့တွင် ငွေပေါင်း ၁၂၂၀/-ကို လည်းကောင်း၊ လွိုင်လင်မြို့တွင် ငွေပေါင်း ၁၀၂၀/-ကို လည်းကောင်း၊ တောင်ကြီးမြို့တွင် ငွေပေါင်း ၉၈၀/-ကို လည်းကောင်း၊ စုစုပေါင်း ၃၂၂၀ကို အမှန်စားသောက်ကုန်ကျခြင်းမရှိဘဲ လူဦးရေစာရင်း ပိုမိုပြသ တောင်းထုတ်ယူ၍ ကိုယ်ကျိုးသုံးစွဲခဲ့ကြောင်း စစ်ဆေးတွေ့ရှိရကြောင်း။ သို့ဖြစ်၍ ဦးဇော်ဖေသည် တော်လှန်ရေးကောင်စီမှ ငွေစာရင်းခေါင်းစဉ် သတ်မှတ်ထုတ်ပေးပြီး မိမိအား ယုံမှတ်အပ်နှံထားသည့် အစိုးရပိုင်ငွေကို ကိုယ်ကျိုးအတွက် အလွဲသုံးစားခဲ့သောကြောင့် ၁၉၆၃-ခုနှစ် အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၄ အရ အရေးယူရန် တိုင်ကြားအပ်ပါကြောင်း ဖော်ပြပါရှိ၏။

## စာရင်းပိုပြ

ပြစ်မှုကြီးအမှတ် (၁၂/၇၈)တွင် ဦးဇော်ဖေသည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်(မူကြမ်း)ရေးဆွဲရေး ကော်မရှင်အဖွဲ့ခွဲ(၂)အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့စဉ်ကလည်းကောင်း၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကြီးတင်ပြင်ဆင်မှုကော်မတီ

အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့စဉ်ကလည်းကောင်း၊ ၁၉၇၃-ခုနှစ် ဧပြီလမှ ၁၉၇၃-ခုနှစ် နိုဝင်ဘာလအတွင်း တောင်ပိုင်းရှမ်းပြည်၊ မိုးနဲ၊ လွိုင်လင်၊ တောင်ကြီး၊ ဖားအံ၊ မော်လမြိုင်နှင့် ထားဝယ်မြို့များသို့ သွားရောက်ခဲ့ရာတွင် စားသောက်ကုန်ကျစရိတ်များကို စာရင်းလိမ်လည်ပြုလုပ်၍ မိုးနဲမြို့တွင် ငွေပေါင်း ၁၃၀၀/-၊ လွိုင်လင်မြို့တွင် ၂၃၃၀/-၊ တောင်ကြီးနှင့် ကလောမြို့တွင် ငွေပေါင်း ၉၀၆°/၂၀ါး စုစုပေါင်း ၉၂၅၆°/-၂၀ါးကို လည်းကောင်း၊ ဖောင်ကြီးဗဟိုပြည်သူ့ဝန်ထမ်း သင်တန်းကျောင်း သင်တန်းသားများအတွက် ငွေပေါင်း ၂၇၉၅/- ၅၀ါးကို လည်းကောင်း၊ အမှန် စားသောက်ကုန်ကျခြင်းမရှိဘဲ လူဦးရေစာရင်းများ ပိုမိုပြ၍ ငွေပေါင်း ၁၂၀၅၁/-၇၀ါးကို မိမိကိုယ်ကျိုးအတွက် ထုတ်ယူသုံးစွဲခဲ့ကြောင်း၊ သို့ဖြစ်၍ ဦးဇော်ဖေသည် တော်လှန်ရေးကောင်စီမှ ငွေစာရင်းခေါင်းစဉ် သတ်မှတ်ထုတ်ပေးပြီး မိမိအား ယုံမှတ်အပ်နှံထားသည့် အစိုးရပိုင်ငွေကိုကိုယ်ကျိုးအတွက် အလွဲသုံးစားခဲ့သောကြောင့် ၁၉၆၃-ခုနှစ် အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၄ အရ အရေးယူရန် တိုင်ကြားအပ်ပါကြောင်း ဖော်ပြပါရှိ၏။

**ဦးတင်အေးကျော်**

ဦးတင်အေးကျော်နှင့်ပတ်သက်၍ အမှုတမှုဖြင့်တရားစွဲဆိုရာ တရားစီရင်ရေးအဖွဲ့က ပြစ်မှုကြီးအမှတ် (၁၃/၇၈)အဖြစ် သတ်မှတ်လက်ခံ၏။ ယင်းပြစ်မှုကြီးအမှတ်(၁၃/၇၈)တွင် ဖော်ပြထားရာ၌ ဦးတင်အေးကျော်သည် ကြို့တင် ပြင်ဆင်မှုကော်မတီ အဖွဲ့ခွဲ(၂) အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့စဉ် ၁၉၇၃-ခုနှစ် ဇူလိုင်လအတွင်းက ကလေးမြို့ မန္တလေးမြို့နှင့် မြစ်ကြီးနားမြို့များသို့ ကြို့တင်ပြင်ဆင်မှုကော်မတီအဖွဲ့ခွဲ(၂)အနေဖြင့် ကျွေးမွေးညှော်ခံ ကုန်ကျစရိတ်များ တောင်းခံရာ၌ လူဦးရေ ပိုမိုပြသ၍ စုစုပေါင်းငွေ ၆၁၈/ကို မိမိကိုယ်ကျိုးအတွက် ထုတ်ယူ သုံးစွဲခဲ့ကြောင်း စစ်ဆေးတွေ့ရှိရကြောင်း၊ သို့ဖြစ်၍ ဦးတင်အေးကျော်သည် အစိုးရ၏ ငွေများကို မိမိကိုယ်ကျိုးအတွက် သုံးစွဲခဲ့သဖြင့် ဦးတင်အေးကျော်အပေါ် ၁၉၆၃-ခုနှစ် အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃

အရ အရေးယူရန် တိုင်ကြားအပ်ပါကြောင်း ဖော်ပြပါရှိ၏။

ထိုနောက် တရားစီရင်ရေး အဖွဲ့ဥက္ကဋ္ဌက တရားစွဲဆိုခြင်းခံရသူများအား အကျိုးဆောင်များ ဌားရမ်းရေးအတွက် ရှင်းလင်းပြောကြားပြီး ဖေဖော်ဝါရီ(၈) ရက်နေ့တွင် ပြစ်မှုကြီးအမှတ်(၁)မှ(၄)အထိ လည်းကောင်း၊ ဖေဖော်ဝါရီ(၉)ရက်နေ့တွင် ပြစ်မှုကြီးအမှတ်(၅)နှင့်(၆)ကို လည်းကောင်း၊ ဖေဖော်ဝါရီ(၁၀)ရက်နေ့တွင် ပြစ်မှုကြီးအမှတ် (၁၁)(၁၂)နှင့် (၁၃)တို့ကို လည်းကောင်း၊ စစ်ဆေးရန် ချိန်းဆိုလိုက်၏။

## သက်သေ

ယင်းနောက် တရားလိုအကျိုးဆောင်က တရားခံများဖြစ်သည့် ဦးကျော်အုန်းနှင့် ဦးရဲတင်ဝင်းတို့အား နိုင်ငံတော်သက်သေအဖြစ် ပြုလုပ်လိုကြောင်း တရားစီရင်ရေးအဖွဲ့သို့ လျှောက်ထားရာ တရားစီရင်ရေးအဖွဲ့က ဥပဒေနှင့်အညီ မေးမြန်း၍ နိုင်ငံတော်သက်သေအဖြစ် စစ်ဆေးရန် သတ်မှတ်လိုက်၏။ (သမိုင်းမှတ်တမ်းတင်နေသော ကျွန်မသည် ၁၉၈၀-ပြည့်နှစ်လည်တွင်မှ ထောင်မှ တရားရှင်လွှတ်လာခဲ့သော ဦးတင်အေးကျော်အား ထိုအခါကျမှ စတင်တွေ့မြင်ခဲ့ဖူးလေရာ စုစုပေါင်းငွေ ၆၃၅/- အတွက် ထောင်ချထားခြင်းခံခဲ့ရသော မဆလပါတီဗဟိုကော်မတီဝင်ကြီးအား ကြင်နာ သနားမှုတွေ ထားရှိမိပါသည်။ ခုတော့သူလည်း ဘဝတစ်ပါးသို့ ပြောင်းရွှေ့သွား ပါပြီ။ သူ့အပေါ် အနိုင်ရသွားကြသည်ဟု ယူဆပါလျှင် မတရားအနိုင်ယူလိုက်သည်ကို တုံ့ပြန်တွန်းလှန်နိုင်ခြင်း မရှိခဲ့သည့်တိုင် သူ့ထမ်းသမျှတာဝန်ကို သစ္စာတည်စွာ ကြေပွန်ခဲ့သူတစ်ဦးဖြစ်သည်ဟု ယူဆမိတာမို့ သေချာတာကတော့ သူမရှိတော့သည့်အတွက် ကမ္ဘာမြေကြီး သယ်ပိုးထားရတာ သက်သာသွားလေစွဟု မည်သူကမျှ ပြောဆိုခြင်းရှိမှာ မဟုတ်ဘူးဟု ထင်မြင်မိပါသည်။) ဤတွင် ဖေဖေတို့အား သိက္ခာချအရှက်ခွဲကာ နိုင်ငံရေးနယ်ပယ်မှ လွင့်စဉ်သွားစေရန် ရည်ရွယ်သော တရားစွဲဆိုသည့်မှုခင်းသည် ပထမနေ့ ပြီးဆုံးသွားခဲ့ပါတော့သည်။ သတင်းစာကို ဖတ်ရှုကြသော လုပ်သားပြည်သူတို့က ထိုနေ့မှအစပြုကာ နို့ခွဲသီကြားအမှုဟု

ပြက်ရယ်မှုခေါ်ဆိုကြပါလေကုန်၏။ ၉-၂-၁၉၇၈ နေ့ထုတ် သတင်းစာတွေမှာ (မနေ့က ၈-၂-၁၉၇၈ နေ့တုန်းက) မသမာမှုနှင့် အလွဲသုံးစားမှုလိုပြုသက်သေများ စတင် စစ်ဆိုသောခေါင်းစဉ်ဖြင့် အကျယ်တဝင့်ဖတ်ရှုကြရပါသည်။ သမိုင်းမှတ်တမ်းတင်သူ စာရေးဆရာ မြနှောင်းညိုက အနီစစ်ဆေးချက်တွေကို လုပ်သားပြည်သူ့နေ့စဉ် သတင်းစာ စာမျက်နှာ ၅ ကော်လံ ၂ ၃ ၄ ၅ နှင့် ၆ တို့မှ ကူးယူတင်ပြပါသည်။ ဖြစ်ရပ်တွေကို ကြားသိစေလိုခြင်း အီးစာကြည့်တိုက်အမည်ဖြင့် ထိန်းသိမ်းသည် ဆိုသော်လည်း အများပြည်သူလက်လှမ်းမမီသေးခြင်းတို့ကြောင့် ဖတ်ရှုမှတ်သား သိမ်းဆည်းလိုသူတွေအတွက် အရံအသင့်ဖြစ်နိုင်စေလိုသော ဆန္ဒအရင်းခံဖြစ်ပါ၏။ တရားအမှန်ကို သိရှိပါမှ အမှန်တရားကို ထိုးထွင်းဆင်ခြင်နိုင်မည် ဖြစ်ပါသည်။ ရေးသားခွင့် ပုံနှိပ်ထုတ်ဝေခွင့်ရှိသော အာဏာရပုဂ္ဂိုလ်တို့၏ သတင်းစာတွင် တရား အမှန်ကို သိခွင့်မရှိသည့်တိုင် အမှန်တရားသည် ခံစားသိမြင်သော သူတို့၏စိတ်နှလုံး ကို ရိုက်ခတ်မှတ်တမ်းတင်ကြမည်သာ ဖြစ်ပါသည်။ မသမာမှုနှင့် အလွဲသုံးစားမှုများ ဖြင့် တရားစွဲဆိုခြင်းခံရသော ဦးထွန်းလင်း၊ ဦးသန်းစိန်၊ ဦးတင်ဝင်းညို၊ ဦးတင် အေးကျော်၊ ဦးဇော်ဖေ၊ ဦးကျော်အုန်း၊ ဦးရဲတင်ဝင်းတို့အနက် ဦးထွန်းလင်းနှင့် ပတ် သက်၍ တရားစွဲဆိုထားသောမှု ပြစ်မှုကြီးအမှတ် (၁/၇၈)ကို တိုင်းတရားစီရင်ရေး အဖွဲ့ အမှတ်(၆၃)က ထိုနေ့(၈-၂-၁၉၇၈)တွင် စတင်စစ်ဆေးခဲ့ပါသည်။

**လွှဲစာတင်**

ရှေ့ဦးစွာ ဦးထွန်းလင်းအတွက် လိုက်ပါမည့် အကျိုးဆောင်များက ကိုယ်စား လှယ်လွှဲစာများကို တရားစီရင်ရေးအဖွဲ့သို့ တင်သွင်းကြ၏။

**ပြောကြား**

ထို့နောက် တရားစီရင်ရေးအဖွဲ့က ပြောကြားရာတွင် ဤအမှုသည် အရေး ကြီးသောအမှုဖြစ်၍ တရားစီရင်ရေးအဖွဲ့အနေဖြင့် ဥပဒေများအရ လည်းကောင်း၊ တရားရုံးလက်စွဲများအရလည်းကောင်း၊ အမှုကိုနေ့စဉ် ရက်ဆက် စစ်ဆေးသွား မည်ဖြစ်ကြောင်း၊ သို့ပါ၍ တရားလိုတရားခံ အကျိုးဆောင်များအနေဖြင့် သတ်မှတ်

ထားသော ရုံးချိန်အတိုင်း နံနက် ၁၀ နာရီအရောက် လာကြရန်နှင့် အမှုနှင့်ပတ် သက်၍လည်း မှန်ကန်စွာ စီရင်ဆုံးဖြတ်ချက်ချနိုင်ရန် ဝိုင်းဝန်းကူညီကြစေလိုကြောင်း ပြောကြား၏။

**(သမိုင်းမှတ်တမ်းအဖြစ် ရေးသားတင်ပြနေခြင်းဖြစ်သည်နှင့်အညီ ၎င်းအမှုသည် အရေးကြီးသောအမှုဖြစ်သည်ဟု ပြောကြားသည်ကို လေ့လာ တော်မူသူတို့ သတိပြုစေချင်ပါသည်)**

**တာဝန်ပေး**

ယင်းနောက် အမှုနှင့်ပတ်သက်၍ တရားစွဲဆိုသူ တရားလိုပြသက်သေ (၁) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်ကို တင်စစ်ဆေးရာ- ဦးမောင်မောင်က ထွက်ဆိုရာတွင် လမ်းစဉ်ပါတီမှ ပုဂ္ဂိုလ်တချို့ မသမာမှုနှင့် အလွဲသုံးစားပြုနေမှုများရှိနေကြောင်း သတင်းရသဖြင့် မိမိအား ညွှန်ကြားရေးမှူးက ယင်းကိစ္စကို စစ်ဆေးရန် ၁၇-၉-၇၇က တာဝန်ပေးချက်အရ ထိုနေ့မှာပင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်ရုံး ရုံး အဖွဲ့ ဦးကျော်အုန်းအိမ်ကို ရှာဖွေစစ်ဆေး ရန်ဒုတိယညွှန်ကြားရေးမှူး ဦးတင်အေး ကို တာဝန်ပေးခဲ့ကြောင်း၊ ထိုနေ့မှာပင် ဦးမွန်တင်က မသက်ာဖွယ်ရာ စာရွက် စာတမ်းများကို စစ်ဆေးတွေ့ရှိရကြောင်းကို မိမိအားတင်ပြခဲ့ကြောင်း။

**ဖြောင့်ချက်**

ထို့နောက် ၂၀-၉-၇၇ ရက်တွင် ဦးကျော်အုန်းကို စစ်ဆေးခဲ့ပြီး ၂၂-၉-၇၇ ရက်တွင် ဖွဲ့စည်းပုံမူကြမ်းစာရင်းများ အားလုံးကို စာရင်းရုံးမှ ညွှန်ကြားရေးမှူး ဦးသန်း မှတ်ဆင့် စစ်ဆေးတာဝန်ပေးခဲ့ရာအဖွဲ့က မသက်ာဖွယ်ရာ စာရင်းအင်းနှင့် စာရွက် စာတမ်းတွေ့ရှိရကြောင်းကို သတင်းပို့ကြောင်း။ ဆက်လက်၍ ၄-၁၀-၇၇ ရက်တွင် ဦးကျော်အုန်းကို စစ်ဆေးရာ ဦးကျော်အုန်းက ဖြောင့်ချက်ပေးလိုကြောင်းပြော၍ ထိပ်ကမ်းတရားရုံးတွင် ဖြောင့်ချက်ယူ၏။ (မသက်ာဖွယ်ရာ စာရွက်စာတမ်းများကို စစ်ဆေးတွေ့ရှိရကြောင်းဆိုသော အရေးအသားမှာ နိုင်ငံတော် ပုန်ကန်မှုအတွက်

ရေးသားထားတော့သလိုနှင့် တကယ်တမ်းက ငွေစာရင်းတွေကို လိမ်လည်ရေးသွင်းထားခြင်းသာ ဖြစ်နေပါသည်။ သတင်းစာတွင် ဖော်ပြထားသော ဓာတ်ပုံမှာ "မသမာမှုနှင့် အလွဲသုံးစားမှုများဖြင့် တိုင်းတရားစီရင်ရေးအဖွဲ့ အမှတ်(၆၃)တွင် တရားစွဲဆိုခြင်းခံရသော ဦးထွန်းလင်း၏အမှုတွင် နိုင်ငံတော်သက်သေ ဦးကျော်အုန်းအား စစ်ဆေးစဉ် (သတင်းစဉ်)" ဆိုသော ပုံစာဖြင့် တွေ့ရှိရပါသည်။

ဦးကျော်အုန်း၏ မျက်နှာသည်ပိန်ချုံးလျက် ပါးစပ်သည် ငိုမလိုမဲ့ကျနေပါသည်။ သေမိန့်ကျထားသော တရားခံတစ်ယောက်လို ဖြစ်နေပါကလားဟု ကျွန်မစိတ်မကောင်းဖြစ်မိပါ၏။ သူ့ကို ကျွန်မ ရင်းရင်းနှီးနှီးမသိသောကြောင့် သူသည်လူရိုးလူကောင်းလား၊ လိမ်လည်ကောက်ကျစ်သူလားဆိုတာ သိမထားခဲ့ပါ။ သို့သော်လည်း သူပြောရမည့်စကားသည် အမှန်တရားမဟုတ်သောအခါ မည်သို့ဖြစ်စေသူစိတ်မချမ်းမသာ ဖြစ်နေမိမှာသေချာပါသည်)

ထို့နောက် သက်သေ ဦးနွဲ့လှိုင်၊ ဦးထွန်းရင်လော၊ ဦးကျော်မောင်၊ ဦးဘဖြူ၊ ဦးမှုလိန်။ ဦးဟာတ်စတိန်။ ဦးတော်မီဟာန်၊ ဦးစံပိုင်း၊ ဦးကျဉ၊ ဦးစောထွန်းဝေ၊ ဦးစောထွန်းရယ်၊ ဦးစင်ပြု၊ ဦးရှုဖဲ၊ ဦးဖရန်စစ်၊ ဦးဗီတာလဆန်ခေါင်း၊ ဦးဆိုင်းစံထွန်း၊ ဦးဆိုင်တောင်းနှင့် ဦးအောင်ကြီးတို့ကို စစ်ဆေးခဲ့ပုံများကို ထွက်ဆို၍ သက်သေခံစာရွက်စာတမ်းများကို တရားစီရင်ရေးအဖွဲ့က သက်သေခံပစ္စည်းများအဖြစ် လက်ခံ၏။

## အလွဲသုံးစား

ယင်းနောက် ဦးမောင်မောင်က ဆက်လက်ထွက်ဆိုရာတွင် ယခုအမှုနှင့်ပတ်သက်ပြီး ၂-၂-၇၈ ရက်နေ့အထိ မိမိစုံစမ်းစစ်ဆေးတွေ့ရှိခဲ့ရသော အချက်အလက်အထောက်အထားများအရ ဦးထွန်းလင်းနှင့် ဦးကျော်အုန်းတို့သည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းရေးဆွဲရေး ကော်မရှင်ရုံးအဖွဲ့၏ ငွေ ၇၀၇၂၆၇/-ကို ပြေစာပေါင်း ၁၈ စောင်ဖြင့် ထုတ်ယူခဲ့ရာ ယင်းပြေစာများမှ ဦးထွန်းရင်လောသို့ ထုတ်ပေးခဲ့သော ငွေ ၁၄၆၅၀/- ဦးစပ်ငွေသောင်းသို့ ငွေများမှ ၅၀၀၊ မိုင်းတုံ

မြို့နယ်သို့ ထုတ်ပေးသောပြေစာများမှ ငွေ ၂၀၀၀ိ/-၊ မိုင်းဆပ်မြို့နယ်သို့ ထုတ်ပေး သောပြေစာများမှ ငွေ ၂၀၀၀၊ မိုင်းယောင်းမြို့နယ်သို့ ထုတ်ပေးသော ပြေစာများမှ ငွေ ၁၅၃၈၅/-၊ မိုင်းယန်းမြို့နယ်သို့ ထုတ်ပေးသောပြေစာများမှ ငွေ ၆၅၅၀/-၊ ရှမ်းပြည်နယ်ကျိုင်းတုံ၊ လားရှိုး၊ တောင်ကြီးသို့သွားရာတွင် ညှိခံကျွေးမွေးစရိတ် ဆိုပြီး ထုတ်ယူသောငွေ ၂၅၆၇/-၊ စုစုပေါင်း ၅၇၇၂၆၇/-ကို မိမိကိုယ်ကျိုးအတွက် လိမ်လည်၍ အလွဲသုံးစားပြုထားကြောင်းကို တွေ့ရှိရကြောင်း။

**အရေးယူ**

ဦးထွန်းလင်းသည် ကော်မရှင်မှ ယုံမှတ်အပ်နှံထားခဲ့သော ငွေများကို ဦးကျော် ဇုန်နှင့်ပူးပေါင်းပြီး လိမ်လည်အလွဲသုံးစားပြုခဲ့သဖြင့် ၂-၂-၇၈ ရက်တွင် ကျောက် တံတားမြို့နယ်တွင် အရေးယူအမှုဖွင့်ခဲ့ပြီး ၃-၂-၇၈ တွင် ဤတရားစီရင်ရေးအဖွဲ့သို့ တရားစွဲဆိုတင်ပို့ခဲ့ကြောင်း စသည်ဖြင့် တင်ပြထွက်ဆိုသွား၏။

**ဖြေကြား**

ထိုနောက် ဦးမောင်မောင်က ဦးထွန်းလင်း၏အကျိုးဆောင် မေးမြန်းသော မြန်လှန်မေးခွန်းများကို လည်းကောင်း၊ တရားလိုအကျိုးဆောင်၏ ပြန်ရှင်းမေးခွန်း များကို လည်းကောင်း၊ ဖြေကြားထွက်ဆိုသွား၏။

**လိုပြသက်သေ(၂)**

ထို့နောက် လိုပြသက်သေ(၂) နိုင်ငံတော်သက်သေ ဦးကျော်ဇုန်းကို ဆက်လက်စစ်ဆေးရာ ဦးကျော်ဇုန်းက ၁၉၆၃ ခုနှစ်မှ အစပြုလျက် ပါတီတာဝန် အဆင့်ဆင့်ထမ်းဆောင်ခဲ့ပုံများကို ထွက်ဆိုပြီး ၁၉၆၇- ခုနှစ် ကုန်ခါနီးတွင် မိမိ ဦးထွန်းလင်းအား စတင်သိခဲ့ကြောင်း၊ ထိုအချိန်က မိမိမှာ ပါတီယူနစ်ဥက္ကဋ္ဌဖြစ်ပြီး ဦးထွန်းလင်းမှာ တိုင်းခွဲဒုတိယဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်နေကြောင်း။

**တာဝန်ယူ**

ထို့နောက် မိမိ အခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်ရုံးတွင်တာဝန် ထမ်းဆောင်ခဲ့ကြောင်း ကော်မရှင်တွင် အဖွဲ့ဝင်(၉၇)ဦးပါဝင်ကြောင်း၊ ဦးထွန်းလင်း

အနေဖြင့်ကော်မရှင် အဖွဲ့ခွဲတစ်ခုကိုတာဝန်ယူရပြီးယင်း ကော်မရှင်အဖွဲ့ခွဲက ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် ကယားပြည်နယ်ကို တာဝန်ယူရကြောင်း၊ နယ်မထွက်ရသည့်အခါ ကော်မရှင်ရုံးကို ၎င်းက ကြီးကြပ်ကြောင်း။

## ငွေစာရင်း

ကော်မရှင်လုပ်ငန်းမှာ နိုင်ငံအနှံ့သို့ ကော်မရှင်အဖွဲ့ခွဲများခွဲ၍ ဆန္ဒခံယူပွဲများ ပြုလုပ်ရသည်ဖြစ်ရာ ကုန်ကျစရိတ်ရှိလာမည်ဖြစ်သဖြင့် တော်လှန်ရေးကောင်စီ ရန်ပုံငွေအောက်မှ ကော်မရှင်ရုံးအတွက် သုံးစွဲခွင့်သတ်မှတ်ပေးထားကြောင်း၊ ဆောင်ငွေတာဝန်ခံအဖြစ် ဦးထွန်းလင်းကို တာဝန်ပေးထားကြောင်း၊ မိမိက တာဝန်အရ ငွေစာရင်းကို ပြုစုပေးရကြောင်း၊ ငွေစာရင်းကို ပြည်သူ့ဘဏ် အမှတ်(၃)တွင် ဖွင့်ကြောင်း၊ ကော်မရှင်အတွက် သုံးစွဲရန် ရန်ပုံငွေကို ပါတီစာရင်းဌာနက ခေါင်းစဉ်ခွဲခြားခုံ သတ်မှတ်ပေးကြောင်း၊ ၎င်းအရ ကော်မရှင်လုပ်ငန်းအတွက် သုံးစွဲ ရကြောင်း။

## ပြေစာ

အသုံးစရိတ်နှင့်ပတ်သက်ပြီး ကော်မရှင်ခွဲများ ခရီးထွက်ရန်ရှိပါက မိမိက ယင်းတို့ခရီးစဉ်ကို မှတ်ထားပြီး တောင်းခံသည့် ငွေလိုအပ်ချက်များကို ဦးထွန်းလင်းထံ တင်ပြကြောင်း၊ ယင်းက ချက်လက်မှတ်ပေါ်တွင် လိုအပ်ငွေအတွက် လက်မှတ်ရေးထိုးပေးကြောင်း၊ ကော်မရှင်ရန်ပုံငွေနှင့်ပတ်သက်၍ မိမိတွင် သုံးစွဲပိုင်ခွင့်မရှိကြောင်း၊ ဦးထွန်းလင်း ခိုင်းသည်ကို မိမိလုပ်ရကြောင်း၊ ဦးထွန်းလင်းထုတ်ယူသွားသောငွေများနှင့်ပတ်သက်၍ ၎င်းလုပ်လာသည့် ပြေစာအရ စာရင်းသွင်းရသလို ၎င်း၏ ညွှန်ကြားချက်အရ မိမိက လုပ်ပေးသော ပြေစာနှင့်လည်း စာရင်းသွင်းရကြောင်း။

## ဖြောင့်ချက်ပေးပုံ

မိမိကလုပ်ပေးရသော ပြေစာများမှာ မိုင်းယောင်း၊ မိုင်းယန်း၊ မိုင်းကတ်မှ မည်သူ့ကို မည်မျှပေးရသည်ဆိုသော ပြေစာမျိုး ပြုလုပ်ပေးခြင်းမျိုးဖြစ်ကြောင်း၊ ထိုပြေစာများနှင့်ပတ်သက်၍ ငွေလက်ခံရရှိသူ မည်သူက လက်မှတ်ရေးထိုးသည်ကို မိမိမသိကြောင်း၊ ပြေစာပြုစုပြီး ဦးထွန်းလင်းထံတင်ပြရာ ၎င်းက ပြေစာများကို

လက်မှတ်ထိုးပြီး ပြန်ချပေးကြောင်း၊ ထို့အပြင် ထုတ်ယူသွားသော ငွေများမှ ပြေစာ မြို့မတက်လာ၍ စာရင်းပြုစုရန် တင်ပြသည့်အခါ ဦးထွန်းလင်းက ကျွေးမွေးသည့်ခံ ဆိုက်များနှင့် ညှိနှိုင်းပြုစုရန် ညွှန်ကြားကြောင်း၊ ၎င်းပြေစာများပေါ်တွင် မိမိ လက်မှတ် ထိုးရသည်များ ရှိသကဲ့သို့ ရုံးမှုစာရေး မောင်နွဲ့လှိုင်စသည်တို့ကို ငွေရသူအဖြစ် လက်မှတ်ထိုးခိုင်းသည်လည်း ရှိကြောင်း ထွက်ဆိုပြီး ဆိပ်ကမ်းမြို့နယ်တရား စီရင် ရေးအဖွဲ့တွင် ၎င်း၏ဆန္ဒသဘောအရ ဖြောင့်ချက်ပေးခဲ့ပုံနှင့် တရားစီရင်ရေးအဖွဲ့မှ တင်ပြသောဖြောင့်ချက်မှာ ၎င်းပေးထားသောဖြောင့်ချက်ဖြစ်ကြောင်း ထွက်ဆိုသွား၏။

**ရက်ချိန်း**

ထို့နောက် တရားစီရင်ရေးအဖွဲ့က အမှုစစ်ဆေးခြင်းကို ရပ်နားလိုက်ပြီး မြို့မှုကြီးအမှတ်(၁/၇၈) (၂/၇၈) (၃/၇၈)နှင့် (၄/၇၈)တို့ကို ဆက်လက် စစ်ဆေး ရန်နှင့် တရားခံ၏အာမခံလျှောက်ထားချက်နှင့်ပတ်သက်၍ နှစ်ဖက်သော အကျိုး ဆောင်များက လျှောက်လဲချက်ပေးရန် ဖေဖော်ဝါရီ ၁၅ ရက်ကို ချိန်းဆိုလိုက်၏။

**အကျိုးဆောင်**

အဆိုပါအမှုနှင့်ပတ်သက်၍ တရားခံအကျိုးဆောင်များအဖြစ် ဗဟိုဥပဒေ ဥပဒေ ဝန်ထမ်းအဆင့်(၁) ဦးဘမောင်၊ အဆင့်(၃) ဦးတင်လှိုင်နှင့် ဦးမြသိမ်းတို့ က ဆောင်ရွက်ကြပြီး တရားခံအကျိုးဆောင်များအဖြစ် ဗဟိုတရားရုံးရှေ့နေ ဒေါ်မြင့်မြင့်ခင်နှင့် ဦးအုန်းမောင်တို့က လိုက်ပါဆောင်ရွက်ကြ၏။ (သတင်းစဉ်)

ထိုနေ့က သတင်းစာဖတ်ရင်း ကျွန်မအတွေးပေါက်ဖြစ်သည်မှာ ကျွန်မ ဖိတ်လုပ်အားပေးဖူးသော တက်ရောက်ဖူးသော အလှူအတန်းမင်္ဂလာဆောင် ကျွေးမွေးသည့်ခံပွဲတွေမှာ ကုန်ကျစရိတ်များ တောင်းခံရာ၌ လူဦးရေပိုပြသ၍ တကယ် ကျသင့်ငွေသည် လိုအပ်မနေဘဲ အိတ်မစိုက်ရအောင် စီစဉ်တတ်ပြီး ပိုလျှံလျှင် လုပ်အားပေး တွေကို ဝေပေးလိုက်တတ်ကြပါသည်။ ကျွန်မမှာ အစားအသောက် ပိုလျှံနေသည်တို့ကို သယ်ပြန်ရန် လက်တွန့်ရှက်နိုးသောကြောင့် သယ်ပြန်ခြင်း မရှိတတ်ပါ။ ထိုသို့စာရင်းပိုပြသည့် အလေ့အထသည် ကျေနပ်လျှင် ကျော်ဖြတ်

သွားပြီး မကျေနပ်လျှင် လက်ညှိုးထိုးစွဲချက်တင်စရာ ဖြစ်လာတတ်တာမျိုးပါကလား။

၁၉၇၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့ထုတ် လုပ်သားပြည်သူ့နေ့စဉ် သတင်းစာ စာမျက်နှာ(၅)ကော်လံ ၁ ၂ ၃ ၄ နှင့် ၅ တွင် စီးပွားရေးမသမာမှုနှင့် အလွဲသုံးစားမှု တရားလိုပြသက်သေများ စတင်စစ်ဆိုသောခေါင်းစဉ်ဖြင့် ဖော်ပြထားသည်ကို ကျွန်မတို့ ဖတ်ရှုကြရပြန်ပါသည်။ မသမာမှုနှင့်အလွဲသုံးစားမှုများဖြင့် တရားစွဲဆိုခြင်းခံရသော ဦးထွန်းလင်း၊ ဦးသန်းစိန်၊ ဦးတင်ဝင်းညို၊ ဦးတင်အေးကျော်၊ ဦးဇော်ဖေ၊ ဦးကျော်အုန်း၊ ဦးရဲတင်ဝင်းတို့အနက် ဦးထွန်းလင်းနှင့်ပတ်သက်၍ တရားစွဲဆိုထားသောအမှုခြောက်မှုမှ ပြစ်မှုကြီးအမှတ်(၁/၇၇)ကို တိုင်းတရားစီရင်ရေးအဖွဲ့ အမှတ်(၆၃)က ယနေ့စတင်စစ်ဆေး၏။

**လွှဲစာတင်**

ရှေ့ဦးစွာ ဦးထွန်းလင်းအတွက် လိုက်ပါမည့်အကျိုးဆောင်များက ကိုယ်စားလှယ်လွှဲစာများဖြင့် တရားစီရင်ရေးအဖွဲ့သို့တင်သွင်းကြ၏။

**ပြောကြား**

ထို့နောက် တရားစီရင်ရေးအဖွဲ့က ပြောကြားရာတွင် ဤအမှုသည် အရေးကြီးသော အမှုကြီးတစ်မှုဖြစ်၍ တရားစီရင်ရေးအဖွဲ့အနေဖြင့် ဥပဒေများအရလည်းကောင်း၊ တရားရုံးလက်စွဲများအရ လည်းကောင်း၊ အမှုကို နေ့စဉ်ရက်ဆက်စစ်ဆေးသွားမည်ဖြစ်ကြောင်း၊ သို့ပါ၍ တရားလို တရားခံ အကျိုးဆောင်များအနေဖြင့် သတ်မှတ်ထားသောရုံးချိန်အတိုင်း မနက်(၁၀)နာရီ အရောက်လာကြရန်နှင့် အမှုနှင့်ပတ်သက်၍လည်း မှန်ကန်စွာ စီရင်ဆုံးဖြတ်ချက်ချနိုင်ရန် ဝိုင်းဝန်းကူညီကြစေလိုကြောင်း ပြောကြား၏။

**တာဝန်ပေး**

ယင်းနောက် အမှုနှင့်ပတ်သက်၍ တရားစွဲဆိုသူ တရားလိုပြသက်သေ (၁) အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်ကို စတင်စစ်ဆေးရာ ဦးမောင်မောင်က ထွက်ဆိုရာတွင် လမ်းစဉ်ပါတီမှ ပုဂ္ဂိုလ်အချို့ မသမာမှုနှင့်အလွဲသုံးစားပြုနေမှုများရှိနေကြောင်း သတင်းဖြင့် မိမိအား ညွှန်ကြား

ရေးမှူးက ယင်းကိစ္စကို စစ်ဆေးရန် ၁၇-၉-၇၇ ရက်က တာဝန်ပေးချက်အရ ထို နေ့မှာပင် နိုင်ငံတော်ဖွံ့စည်းပုံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်ရုံး ရုံးအဖွဲ့မှူး ဦးကျော်အုန်းအိမ်ကို စစ်ဆေးရှာဖွေ၍ဒုတိယလက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အေး ကို တာဝန်ပေးခဲ့ကြောင်း၊ ထိုနေ့မှာပင် ဦးမွန်တင်က မသင်္ကာဖွယ်ရာ စာရွက် စာတမ်းများကို စစ်ဆေးတွေ့ရှိကြောင်းကို မိမိအား တင်ပြခဲ့ကြောင်း။

## ဖြောင့်ချက်

ထိုနောက် ၂၀-၉-၇၇ ရက်တွင် ဦးကျော်အုန်းကို စစ်ဆေးခဲ့ပြီး ၂၂-၉-၇၇ တွင် ဖွဲ့စည်းပုံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင် စာရင်းများအားလုံးကို စာရင်းရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းမှတစ်ဆင့် စစ်ဆေးရန် တာဝန်ပေးခဲ့ရာ စစ်ဆေး ရေးအဖွဲ့က မသင်္ကာဖွယ်ရာအချက်နှင့် စာရွက်စာတမ်းများကို တွေ့ရှိခဲ့ကြောင်းကို သတင်းပို့ကြောင်း။

ယင်းနှင့်ပတ်သက်၍ ၄-၁၀-၇၇ တွင် ဦးကျော်အုန်းကို စစ်ဆေးရာ ဦးကျော် အုန်းက ဖြောင့်ချက်ပေးလိုကြောင်းပြော၍ ဆိပ်ကမ်းရုံးတွင် ဖြောင့်ချက်ယူခဲ့ကြောင်း။

## သက်သေခံပစ္စည်း

ထိုနောက် သက်သေ ဦးနွဲ့လှိုင်၊ ဦးထွန်းရင်လော၊ ဦးကျော်မောင်၊ ဦးဘဖြူ၊ ဦးလှလိန်း၊ ဦးဟက်စတိန်း၊ ဦးတော်မီဟာန်၊ ဦးစိုင်းစံပိုင်း၊ ဦးကျဉ၊ ဦးစောထွန်းဖေ၊ ဦးစောဦးရယ်၊ ဦးစပ်ပြူး၊ ဦးရှူးဖဲ၊ ဦးဖရန်စစ်၊ ဦးပီတာလဆန်ခေါင်း၊ ဦးဆိုင်းစံထွန်း၊ ဦးဆိုင်းတောင်းနှင့် ဦးအောင်ကြီးတို့ကို စစ်ဆေးခဲ့ပုံများကို ထွက်ဆို၍ သက်သေခံ စာရွက်စာတမ်းများကို တရားစီရင်ရေးအဖွဲ့သို့ တင်သွင်းရာ တရားစီရင်ရေးအဖွဲ့က သက်သေခံပစ္စည်းများအဖြစ် လက်ခံ၏။

## အလွဲသုံးစား

ယင်းနောက် ဦးမောင်မောင်ကဆက်လက်ထွက်ဆိုရာတွင် ယခုအမှုနှင့် ပတ်သက်ပြီး ၂-၂-၇၈ ရက်အထိ မိမိစုံစမ်းစစ်ဆေးတွေ့ရှိခဲ့ရသော အချက်အလက် စာထောက်အထားများအရ ဦးထွန်းလင်းနှင့်ဦးကျော်အုန်းတို့သည် နိုင်ငံတော်ဖွဲ့ စည်းပုံ

အခြေခံပညာဦးစီး ကော်မရှင်ရုံးအဖွဲ့၏ငွေ ၇၇၇၂၆၇/-ကို ပြေစာပေါင်း ၁၈ စောင်ဖြင့် ထုတ်ယူခဲ့ရာ ယင်းပြေစာများမှ ဦးထွန်းရင်လေသို့ ထုတ်ပေးခဲ့သောငွေ ၁၄၆၅၀/-ဦးစပ်ငွေသောင်းသို့ထုတ်ပေးခဲ့သော ငွေများမှ ၅၀၀၀၊ ဦးစောထွန်းဖေပါ ခြောက်ဦးသို့ထုတ်ပေးငွေ၆၀၀၀/-မိုင်းတုံမြို့နယ်သို့ ထုတ်ပေးသောပြေစာများမှ ငွေ၂၀၀၀/-၊ မိုင်းယောင်းမြို့နယ်သို့ ထုတ်ပေးသော ပြေစာများမှ ငွေ ၁၅၃၇၅/-၊ မိုင်းယန်းမြို့နယ်သို့ ထုတ်ပေးသောငွေ ၈၀၈၅/-၊ မိုင်းခတ်မြို့နယ်သို့ ထုတ်ပေးသော ပြေစာများမှ ငွေ၆၅၅၀၊ ရှမ်းပြည်နယ်ကျိုင်းတုံ၊ လားရှိုး၊ တောင်ကြီးသို့သွားရာတွင် ညှိခံကျွေးမွေးစရိတ်အတွက်ဆိုပြီး ထုတ်ယူသော ငွေ၂၅၅၆၇/- စုစုပေါင်း ၅၇၇၂၆/- ကို မိမိကိုယ်ကျိုးအတွက် လိမ်လည်၍ အလွဲသုံးစားပြုထားကြောင်းကို တွေ့ရှိရကြောင်း။

**အရေးယူ**

ဦးထွန်းလင်းသည် ကော်မရှင်မှ ယုံမှတ်ပုံအပ်နှံထားခဲ့သော ငွေများကို ဦးကျော်အုန်းနှင့်ပူးပေါင်းပြီး လိမ်လည်အလွဲသုံးစားပြုခဲ့သဖြင့် ၂-၂-၇၈ ရက်တွင် ကျောက်တံတားမြို့နယ် ရဲစခန်းတွင်အရေးယူအမှုဖွင့်ခဲ့ကြောင်း။ ၃-၂-၇၈ ရက်တွင် ဤတရားစီရင်ရေးအဖွဲ့သို့ တရားစွဲဆိုတင်ပို့ခဲ့ကြောင်း စသည်ဖြင့် တင်ပြထွက်ဆိုသွား၏

**ဖြေကြား**

ထို့နောက် ဦးမောင်မောင်က ဦးထွန်းလင်း၏ အကျိုးဆောင်မေးမြန်းသော ပြန်လှန်မေးခွန်းများကို လည်းကောင်း၊ တရားလိုအကျိုးဆောင်မေးမြန်းသော ပြန်လှန်မေးခွန်းများကို လည်းကောင်း၊ ဖြေကြားထွက်ဆိုသွား၏။

**လိုပြသက်သေ(၂)**

ထို့နောက် လိုပြသက်သေ(၂) နိုင်ငံတော်သက်သေ ဦးကျော်အုန်းကို ဆက်လက်စစ်ဆေးရာ ဦးကျော်အုန်းက ၁၉၆၃-ခုနှစ် အစပြုလျက် လမ်းစဉ်ပါတီသို့ ဝင်ခဲ့ပုံမှ အစပြု၍ ပါတီတာဝန်အဆင့်ဆင့် ထမ်းဆောင်ခဲ့ပုံများကို ထွက်ဆိုပြီး ၁၉၆၇-ခုနှစ် ကုန်ခါနီးတွင် မိမိ ဦးထွန်းလင်းအား စတင်သိခဲ့ကြောင်း၊ ထိုအချိန်

က မိမိမှာ ပါတီယူနစ်ဥက္ကဋ္ဌဖြစ်ပြီး ဦးထွန်းလင်းမှာ တိုင်းခွဲဒုတိယဥက္ကဋ္ဌတာဝန်ကိုထမ်းဆောင်နေကြောင်း။

**တာဝန်ယူ**

ထို့နောက် မိမိအခြေခံဥပဒေမူကြမ်းရေးဆွဲရေး ကော်မရှင်ရုံးတွင် တာဝန်ထမ်းဆောင်ခဲ့ကြောင်း။ ကော်မရှင်တွင် အဖွဲ့ဝင်(၉၇)ဦး ပါဝင်ကြောင်း။ ဦးထွန်းလင်းအနေဖြင့် ကောင်မရှင်အဖွဲ့ခွဲတစ်ခုကို တာဝန်ယူရပြီးယင်းကော်မရှင် အဖွဲ့ခွဲကရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် ကယားပြည်နယ်ကို တာဝန်ယူရကြောင်း။ နယ်မထွက်ရသည့်အခါ ကော်မရှင်ရုံးကို ၎င်းက ကြီးကြပ်ကြောင်း။

**ငွေစာရင်း**

ကော်မရှင်လုပ်ငန်းမှာ နိုင်ငံအနှံ့သို့ ကော်မရှင်အဖွဲ့ခွဲများခွဲ၍ ဆန္ဒခံယူပွဲများပြုလုပ်ရသည့်ဖြစ်ရာ ကုန်ကျစရိတ်ရှိလာမည်ဖြစ်သဖြင့် တော်လှန်ရေးကောင်စီရန်ပုံငွေအောက်မှ ကော်မရှင်ရုံးအတွက် သုံးစွဲခွင့် သတ်မှတ်ပေးထားကြောင်း။ ခေတင်ငွေတာဝန်ခံအဖြစ် ဦးထွန်းလင်းကို တာဝန်ပေးထားကြောင်း။ မိမိက တာဝန်အရ ငွေစာရင်းကို ပြုစုပေးရကြောင်း။ ငွေစာရင်းကို ပြည်သူ့ဘဏ် အမှတ်(၃)တွင် ဖွင့်ကြောင်း။ ကော်မရှင်အတွက် သုံးစွဲရန် ရန်ပုံငွေကိုပါတီစာရင်းဌာနက ခေါင်းစဉ်ခြောက်ခုသတ်မှတ်ပေးကြောင်း။ ၎င်းအရ ကော်မရှင်လုပ်ငန်းအတွက် သုံးစွဲရကြောင်း။

**ပြေစာ**

အသုံးစရိတ်နှင့်ပတ်သက်ပြီး ကော်မရှင်အဖွဲ့ခွဲများ ခရီးထွက်ရန်ရှိပါက မိမိက ၎င်းတို့ခရီးစဉ်ကို မှတ်ထားပြီး တောင်းခံသည့် ငွေလိုအပ်ချက်များကို ဦးထွန်းလင်းထံတင်ပြကြောင်း။ ၎င်းကချက်လက်မှတ်ပေါ်တွင် လိုအပ်ငွေအတွက် လက်မှတ်ထိုးပေးကြောင်း။ ကော်မရှင်ရန်ပုံငွေနှင့်ပတ်သက်၍ မိမိတွင် သုံးစွဲပိုင်ခွင့်မရှိကြောင်း။ ဦးထွန်းလင်းခိုင်းသည့်ကို မိမိလုပ်ရကြောင်း။ ဦးထွန်းလင်း ထုတ်ယူသွားသော ငွေများနှင့်ပတ်သက်၍ ၎င်းလုပ်ယူလာသည့် ပြေစာအရ စာရင်းသွင်းရသလို ၎င်း၏ ညွှန်ကြားချက်အရ မိမိကလုပ်ပေးသော ပြေစာနှင့်လည်း စာရင်းသွင်းရကြောင်း။

## ဖြောင့်ချက်ပေးပုံ

မိမိကလုပ်ပေးရသောပြေစာများမှာ မိုင်းယောင်း၊ မိုင်းယန်း၊ မိုင်းကတ် မှမည်သူ့ကို မည်မျှပေးရသည်ဆိုသော ပြေစာများပြုလုပ်ပေးခြင်းမျိုးဖြစ်ကြောင်း၊ ထိုပြေစာများနှင့်ပတ်သက်၍ ငွေလက်ခံရရှိသူမည်သူက လက်မှတ်ရေးထိုးသည် ကိုမိမိမသိကြောင်း၊ ပြေစာပြုစုပြီး ဦးထွန်းလင်းထံတင်ပြရာငင်းကပြေစာများကို လက်မှတ်ထိုးပြီးပြန်ချပေးကြောင်း၊ ထို့အပြင်ထုတ်ယူသွားသောငွေများမှ ပြေစာ ပြန်မတက်လာ၍ စာရင်းပြုစုရန် တင်ပြသည့်အခါ ဦးထွန်းလင်းက ကျွေးမွေး ညှိခံစရိတ်များနှင့် ညှိနှိုင်းစာရင်းပြုလုပ်ရန် ညွှန်ကြားကြောင်း၊ ငင်းပြေစာများပေါ် တွင် မိမိလက်မှတ်ထိုးရသည်များရှိသကဲ့သို့ ရုံးမှစာရေးမောင်နွဲ့လှိုင်စသည်တို့ကို ငွေရ သူအဖြစ် လက်မှတ်ရေးထိုးခိုင်းသည်လည်းရှိကြောင်း ထွက်ဆိုပြီး ဆိပ်ကမ်းမြို့နယ် တရားစီရင်ရေးအဖွဲ့တွင် ငင်း၏ ဆန္ဒသဘောအရဖြောင့်ချက်ပေးခဲ့ပုံနှင့် တရားစီရင်ရေး အဖွဲ့မှတင်ပြသောဖြောင့်ချက်မှာ ငင်းပေးထားသောဖြောင့်ချက်ဖြစ်ကြောင်း ထွက် ဆိုသွား၏။

## ရက်ချိန်း

ထို့နောက်တရားစီရင်ရေးအဖွဲ့က အမှုစစ်ဆေးခြင်းကို ရပ်နားလိုက်ပြီးပြစ်မှု ကြီး အမှတ်(၁/၇၈)(၂/၇၈)(၃/၇၈)နှင့်(၄/၇၈)တို့ကို ဆက်လက်စစ်ဆေးရန်နှင့် တရားခံ၏ အာမခံလျှောက်ထားချက်နှင့်ပတ်သက်၍ နှစ်ဖက်သော အကျိုးဆောင်များ က လျှောက်လဲချက်ပေးရန် ဖေဖော်ဝါရီ ၁၅ ရက်ကို ချိန်းဆိုလိုက်၏။

## အကျိုးဆောင်

အဆိုပါအမှုနှင့်ပတ်သက်၍ တရားလိုအကျိုးဆောင်များအဖြစ် ဗဟိုဥပဒေရုံး ဥပဒေဝန်ထမ်းအဆင့်(၁) ဦးဘမောင်၊ အဆင့်(၃)ဦးတင်လှိုင်နှင့် ဦးမြသိမ်းတို့က ဆောင်ရွက်ကြပြီး တရားခံအကျိုးဆောင်များအဖြစ် ဗဟိုတရားရုံးရှေ့နေ ဒေါ်မြင့်မြင့်ခင် နှင့် ဦးအုန်းမောင်တို့က လိုက်ပါဆောင်ရွက်ကြ၏။ (သတင်းစဉ်)

**သက်သေ**

ယင်းနောက် တရားလိုအကျိုးဆောင်က တရားခံများဖြစ်သည့် ဦးကျော်အုန်း
း ဦးရဲတင်ဝင်းတို့အား နိုင်ငံတော်သက်သေအဖြစ် ပြုလုပ်လိုကြောင်း တရားစီရင်
ေးအဖွဲ့သို့ လျှောက်ထားရာ တရားစီရင်ရေးအဖွဲ့က ဥပဒေနှင့်အညီ မေးမြန်း၍
ိုင်ငံတော်သက်သေအဖြစ် စစ်ဆေးရန် သတ်မှတ်လိုက်၏။ (သတင်းစဉ်)

ဖေဖော်ဝါရီလ(၉)ရက်နေ့ ၁၉၇၈–ခုနှစ်တွင် မသမာမှုနှင့် အလွဲသုံးစား
များဖြင့် တရားစွဲဆိုခြင်းခံထားရသော ဦးထွန်းလင်းနှင့်ပတ်သက်သည့် ပြစ်မှု
ကြီးအမှတ်(၅/၇၈)နှင့် (၆/၇၈)တို့ကို လည်းကောင်း၊ ဦးတင်ဝင်းညိုနှင့်ပတ်သက်
သည့် ပြစ်မှုကြီးအမှတ်(၁၀/၇၇)ကိုလည်းကောင်း၊ ရန်ကုန်တိုင်းတရားစီရင်ရေး
အဖွဲ့အမှတ်(၆၃)က ယနေ့ဆက်လက်စစ်ဆေး၏။ တရားစီရင်ရေးအဖွဲ့က ဦးထွန်းလင်း
နှင့်ပတ်သက်သည့် ပြစ်မှုကြီးအမှတ်(၅/၇၇) ကို ဆက်လက်စစ်ဆေးရန်နှင့် ပြစ်မှုကြီး
အမှတ်(၆/၇၇)ကို တင်ပြရန်အတွက် လည်းကောင်း၊ ယင်းအမှုများနှင့် ပတ်သက်၍
အမခံလျှောက်ထားချက်အပေါ် နှစ်ဖက်သောအကျိုးဆောင်များက လျှောက်လဲ
ချက်ပေးရန်အတွက်လည်းကောင်း၊ ဖေဖော်ဝါရီ ၁၅ ရက်နေ့သို့ ချိန်းဆိုလိုက်၏။

**ဦးတင်ဝင်းညို**

ထို့နောက် ဦးတင်ဝင်းညိုနှင့်ပတ်သက်၍ တရားစွဲဆိုထားသော *ပြစ်မှုကြီး
အမှတ်(၉/၇၇)နှင့်(၁၀/၇၇)နှစ်မှုအနက်(၁၀/၇၇)*ကို စတင်စစ်ဆေးရာတွင် ရှေးဦးစွာ
တရားစီရင်ရေးအဖွဲ့သို့ ဦးတင်ဝင်းညိုအတွက် လိုက်ပါဆောင်ရွက်မည့် အကျိုးဆောင်
က ကိုယ်စားလှယ်လွှဲစာတင်သွင်း၏။ ၎င်းနောက်အမှုနှင့်ပတ်သက်၍ တရားစွဲဆိုသူ
တရားလိုပြသက်သေ(၁) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဦးမောင်မောင်ကို စစ်ဆေး
ရာ ဦးမောင်မောင်က ထွက်ဆိုရာတွင် ပါတီဌာနချုပ်မှပဂ္ဂိုလ် အချို့စီးပွားရေးမသမာ
မှုများရှိသည်ဟု သတင်းရထားသဖြင့် စုံစမ်းရန် ၁၇–၉–၇၇ရက်တွင် ညွှန်ကြားရေးမှူး
ချုပ်က မိမိအား တာဝန်ပေးချက်အရ ပါတီဌာနချုပ်ရှိပ်သာ ပစ္စည်းများကို လူကြီး
မင်း၏ အိမ်သို့ပို့ပေးရသည်ဟူသော သတင်းနှင့်ပတ်သက်၍ စစ်ဆေးရန် မိမိတို့

ဦးစိုးဌာနမှ အရာရှိများကို ရိပ်သာမှူး ဦးရဲတင်ဝင်း၊ ဌာနခွဲမှူး ဦးစိုးလွင်၊
လက်နှိပ်စက်စာရေးဦးစံတင်၊ ယာဉ်မောင်းဦးလှသိမ်း၊ ယာဉ်မောင်းဦးထွန်းမြင့်တို့ကို
စစ်ဆေးခဲ့ပုံများကို ထွက်ဆိုပြီး စစ်ဆေးတွေ့ရှိခဲ့ရသည့် သက်သေခံစာရွက်စာတမ်း
များနှင့် စာရင်းဇယားများကို တရားစီရင်ရေးအဖွဲ့သို့ တင်ပြရာ တရားစီရင်ရေးအဖွဲ့က
သက်သေခံပစ္စည်းများအဖြစ် လက်ခံလိုက်၏။ ဦးမောင်မောင်က ဆက်လက်ထွက်
ဆိုရာတွင် သက်သေခံအထောက်အထားများနှင့် စစ်ဆေးတွေ့ရှိချက်များအရ
ဦးတင်ဝင်းညိုသည် ၁-၁-၇၆ မှ ၃၁-၁၂-၇၆ အထိကာလအတွင်း ပါတီစားရိပ်သာ
ပိုင်ပစ္စည်းများဖြစ်သည့် နို့ဆီ၊ သကြား၊ ဆန်စသည့် ကုန်ပစ္စည်းများ ဦးရဲတင်ဝင်း
နှင့်ပူးပေါင်းပြီး မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြုခဲ့ကြောင်း ပေါ်လွင်သည့်အတွက်
၂-၂-၇၇ တွင် အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေ
ပုဒ်မ ၃ နှင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၄ တို့အရ ကျောက်တံတားမြို့နယ် ပြည်သူ့
ရဲစခန်းတွင် တိုင်ချက်ဖွင့်ခဲ့ပြီး ၃-၂-၇၈ နေ့တွင် ဤတရားစီရင်ရေးအဖွဲ့သို့ မိမိက
တရားစွဲတင်ပို့ခဲ့ကြောင်း။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသည် ၁-၄-၇၄ မှစပြီး နောက်ပိုင်းတွင်
နိုင်ငံတော်က နှစ်စဉ်ရန်ပုံငွေထောက်ပံ့ခဲ့ကြောင်း၊ ၎င်းနိုင်ငံတော်ထောက်ပံ့သော
ငွေနှင့်ပါတီဌာနချုပ် စားရိပ်သာအတွက် ကုန်ပစ္စည်းများဝယ်ယူထားခြင်းဖြစ်ကြောင်း၊
၎င်းပစ္စည်းများမှာ ပါတီဌာနချုပ်စည်းဝေးပွဲ၊ ဆွေးနွေးပွဲလုပ်သည့်အခါ ဧည့်ခံကျွေးမွေး
ရန်ဖြစ်ပြီး ဧည့်ခံကျွေးမွေးစရိတ်စာရင်းခေါင်းစဉ်အောက်မှ ဝယ်ယူထားခြင်းဖြစ်ကြောင်း
ထွက်ဆိုသွား၏။ ထို့နောက် ဦးမောင်မောင်က ဦးတင်ဝင်းညို၏ အကျိုးဆောင်
မေးမြန်းသော ပြန်လှန်မေးခွန်းများကို ဖြေကြားထွက်ဆိုသွား၏။ ၎င်းနောက် တရား
လိုပြသက်သေ(၂) နိုင်ငံတော်သက်သေ ဦးရဲတင်ဝင်းကို ဆက်လက်စစ်ဆေးရာ
ဦးရဲတင်ဝင်းက ထွက်ဆိုရာတွင် မိမိသည် ၁၉၆၃-ခုနှစ် အောက်တိုဘာလမှစ၍
ပါတီဌာနချုပ်ရိပ်သာမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြောင်း။ မိမိ၏တာဝန်မှာ
အရေးကြီးပုဂ္ဂိုလ်များ၏ လုံခြုံရေးအစည်းအဝေးများတွင် ကျွေးမွေးရန်တာဝန်ယူရ

ကြောင်း၊ စာနိုပ်သာအတွက် ပထမပိုင်းတွင် ဟိုတယ်မှပစ္စည်းများ ဝယ်ခဲ့သော်လည်း နောက်ပိုင်း၌ ကုန်သွယ်ရေးမှပစ္စည်းများ ဝယ်ယူပြီး မိမိတို့ကိုယ်တိုင်ချက်သည့်စနစ်ကို ကျင့်သုံးကြောင်း။

**အိမ်ပို့ပေး**

ဦးတင်ဝင်းညိုကို မိမိလွန်ခဲ့သော ငါးနှစ်မှစ၍ သိရှိခဲ့ကြောင်း။ ၎င်းသည် ကျေးတိုင်းဒေသပါတီကော်မတီမှ ပါတီဌာနချုပ်သို့ စည်းရုံးရေးဌာနမှူးအဖြစ် ပြောင်းရွှေ့လာခြင်းဖြစ်ကြောင်း။ မိမိအနေဖြင့် ဦးတင်ဝင်းညို၏ ကိုယ်ရေးအရာရှိ ထုံးနည်းများကိုပါ ဆောင်ရွက်ပေးခဲ့ရကြောင်း။ မိမိဌာနစိတ်မှူးဖြစ်လာသည့်အခါတွင် ဝယ်ယူသည့်ပစ္စည်းများအပေါ်၌ မိမိကိုယ်တိုင် ကောင်တာခိုင်းထိုးနိုင်ခွင့်ရှိကြောင်း။ စာနိုပ်သာအတွက် ကုန်သွယ်ရေးမှ ဝယ်ယူခဲ့သောပစ္စည်းများ၊ ဆီ၊ ဆန်၊ နို့ဆီ စသည့်ပစ္စည်းများကို ရိပ်သာမှူး မောင်စံတင်က ဦးတင်ဝင်းညိုအိမ်သို့ ပို့ပေးရကြောင်း။

**လစဉ်ပေးပို့**

ပစ္စည်းများပေးပို့ခဲ့ရာတွင် နှစ်ပိုင်းရှိကြောင်း၊ ပထမပိုင်းမှာ ကုန်သွယ်ရေးမှ ...းအနေဖြင့် ရသင့်ရထိုက်သော ပစ္စည်းများကို ပို့ပေးရခြင်းဖြစ်ပြီး ဒုတိယပိုင်းမှာ ...တီပိုင်ပစ္စည်းများကို သတ်သတ်ပို့ပေးခဲ့ရခြင်းဖြစ်ကြောင်း၊ ပါတီပိုင်ပစ္စည်းများကို ...တင်ဝင်းညို အတွင်းရေးမှူး(၃)ဖြစ်သည့်နေ့မှစပြီး ပို့ပေးခဲ့ရကြောင်း၊ ပစ္စည်းများ ...ပို့ရသည်မှာ ၁၉၇၇-ခုနှစ် စက်တင်ဘာလအထိဖြစ်ပြီး ပေးပို့သည့်ပစ္စည်းများမှာ ...တီရန်ပုံငွေဖြင့် ဝယ်ယူထားသောပစ္စည်းများဖြစ်ကြောင်း၊ မိမိသည် ၅-၁၀-၇၇ ...တွင် ဆိပ်ကမ်းမြို့နယ်တရားရုံး၌ ဖြောင့်ချက်ပေးခဲ့ကြောင်းနှင့် တရားစီရင်ရေး ...ဖွဲ့က ဖတ်ပြသောဖြောင့်ချက်မှာ မိမိပေးခဲ့သောဖြောင့်ချက်ဖြစ်ကြောင်း ထွက်ဆို ...သည်။

**ထိမ်လည်ပြ**

ဦးရဲတင်ဝင်းက ဆက်လက်ထွက်ဆိုရာတွင် ဦးတင်ဝင်းညို အတွင်းရေးမှူး ...) ဖြစ်စဉ်ကနှစ်ထွန်းပို့ပေးခဲ့ရသော်လည်း ဦးတင်ဝင်းညိုက မလောက်

ဘူးဟုပြောသည့်အတွက် နောက်သုံးကာတွန်းဖြည့်ပြီး ငါးကာတွန်းအထိ တိုးပို့ပေးခဲ့ရကြောင်း၊ ယင်းပစ္စည်းများပေးပို့ရာတွင် ညှော်ခံစရိတ်တွေ လိမ်လည်ပြီး ပေးပို့ရခြင်းဖြစ်ကြောင်း ထွက်ဆိုသွား၏။

## လက်ခံယူ

ဆက်လက်၍ တရားလိုပြသက်သေ(၃) ဦးစံတင်ကို စစ်ဆေးရာ ဦးစံတင်က ထွက်ဆိုရာတွင် ဦးရဲတင်ဝင်း၏ ခိုင်းစေချက်အရ ဦးထွန်းလင်းအိမ်သို့ နို့ဆီတစ်သေတ္တာနှင့် သကြား (၁၀)ပိဿာကို ရှစ်ကြိမ်ပို့ပေးခဲ့ရကြောင်း။ ထို့နောက် ဦးတင်ဝင်းညို စည်းရုံးရေးဌာနမှူး ဖြစ်လာသည့်အခါတွင် ဦးရဲတင်ဝင်း၏စေခိုင်းချက်အရ ဦးတင်ဝင်းညိုအိမ်သို့ နို့ဆီတစ်သေတ္တာ၊ သကြား ၁၀ ပိဿာ၊ ဆန်တစ်အိတ်နှင့် စီးကာရက်နှစ်ကာတွန်းကို လစဉ်ပို့ပေးရကြောင်း၊ ယင်းပစ္စည်းများ ပို့ပေးခဲ့ရာတွင် မိမိကိုယ်တိုင်ပို့ပေးခဲ့ကြောင်း၊ မိမိပစ္စည်းများသွားပို့ရာတွင် ဦးတင်ဝင်းညို မွေးစားထားသည့်သမီးက လက်ခံပြီး တစ်ခါတစ်ရံသမီးများက လက်ခံကြောင်း ထွက်ဆိုသွား၏။ ထို့နောက် တရားခံအကျိုးဆောင် ဦးဖိုးအောင်က တရားလိုသက်သေများဖြစ်သည့် ဦးရဲတင်ဝင်းနှင့် ဦးစံတင်တို့အား ပြန်လှန်မေးခွန်းမေးရန်အတွက် မိမိအမှုသည်နှင့် တိုင်ပင်ရန်လိုအပ်ကြောင်း စာရင်းအင်း အများအပြားပါနေ၍ ချက်ချင်းမေးရန်မဖြစ်သောကြောင့် နောက်တစ်ပတ်ရက်ချိန်းတွင်မှ မေးခွင့်ပြုရန် လျှောက်ထား၏။ တရားလိုအကျိုးဆောင်များကလည်း ယင်းလျှောက်ထားချက်အပေါ် ကန့်ကွက်ရန်မရှိသည့် တရားစီရင်ရေးအဖွဲ့က လက်ခံလိုက်၏။ ထို့နောက် တရားစီရင်ရေးအဖွဲ့က တရားစစ်ဆေးခြင်းကို ရပ်နားလိုက်ပြီး ဦးတင်ဝင်းညိုနှင့် ပတ်သက်သည့်အမှုများအနက် ပြစ်မှုကြီးအမှတ် (၉/၇၈)ကို တင်ပြရန်နှင့် (၁၀/၇၈)ကို ဆက်လက်စစ်ဆေးရန် ဖေဖော်ဝါရီ(၁၆)ရက်သို့ ချိန်းဆိုလိုက်၏ ဦးတင်ဝင်းညိုနှင့် ပတ်သက်သောအမှုတွင် တရားလိုအကျိုးဆောင်များအဖြစ် ဗဟိုဥပဒေရုံး ဥပဒေဝန်ထမ်းအဆင့်(၁) ဦးဘမောင်၊ အဆင့်(၃) ဦးမြညိမ်းနှင့် ဦးတင်လှိုင်တို့က ဆောင်ရွက်ကြပြီး ဦးတင်ဝင်းညိုအတွက် ဗဟိုတရားရုံးရှေ့နေ ဦးဘိုးအောင်က လိုက်ပါ

ဆောင်ရွက်၏။ (သတင်းစဉ်)

ထိုခေတ်အစိုးရက မမှန်မကန်မတရားသဖြင့် စွဲဆိုထားခြင်းခံရသော ဖေသည် တည်ငြိမ်အေးဆေးစွာပင် သူတို့အပေါ် မတရားသော အမှုအခင်းကို ဆိုင်ခဲ့ပါသည်။ ထိုနေ့က ကျွန်မတို့မိသားစုသည် စာနာထောက်ထားခြင်း ကင်း သွန်းသော ခါးသီးလှသည့်စကားများကြောင့် ဖေဖေ့ကိုယ်စားဝမ်းနည်း ဒေါသ ထွက်ရသော်လည်း မနိုင်သောကြောင့်သာ အရှုံးပေးခဲ့ကြရကာ ဟန်မပျက်အောင် မြိုသည်ရင်း နားထောင်ခဲ့ကြရပါ၏။

လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ၊ ဖေဖော်ဝါရီလ (၉)ရက်နေ့ ၁၉၇၈ခုနှစ်၊ မျက်နှာ၅၊ ကော်လံ(၃)(၄)(၅)(၆)နှင့် (၇)တွင်ရေးသားထားချက်အရ မသမာ နှင့် အလွဲသုံးစားမှုများဖြင့် စွဲဆိုထားခြင်းခံရသော ဦးတင်ဝင်းညိုနှင့်ပတ်သက်၍ များလိုပြသက်သေ (နိုင်ငံတော်သက်သေ) ဦးရဲတင်ဝင်း၏ ဖြောင့်ချက်မှာ အောက်ပါ တိုင်းဖြစ်ပါသည်။ "ကျွန်တော်သည် ဦးတင်ဝင်းညို အိမ်သို့ ပစ္စည်းများ ပေးပို့ခဲ့ရ သည်မှာ ၁၉၇၇ ခုနှစ် စက်တင်ဘာလအထိဖြစ်ပြီး ပေးပို့သည့်ပစ္စည်းများမှာ နို့ဆီ ဗ်သေတ္တာ၊ ဆန်(၁)အိတ်၊ သကြား ၁၀ ပိဿာ၊ ဒူးယားနှစ်ကာတွန်းတို့ဖြစ်ပါ သည် ယင်းပစ္စည်းများ လစဉ်ပို့ပေးခဲ့ရခြင်းဖြစ်ကြောင်း၊ ဦးတင်ဝင်းညိုအိမ်သို့ ပို့ပေးခဲ့ရ သောပစ္စည်းများမှာ ပါတီရန်ပုံငွေဖြင့် ဝယ်ယူထားသောပစ္စည်းများဖြစ်ကြောင်း။"

မိမိသည် ၅-၁၀-၇၇ ရက်တွင် ဆိပ်ကမ်းမြို့နယ်တရားရုံး၌ ဖြောင့်ချက် ပေးခဲ့ကြောင်းနှင့် တရားစီရင်ရေးအဖွဲ့က ဖတ်ပြသောဖြောင့်ချက်မှာ မိမိပေးခဲ့သော ဖြောင့်ချက်ဖြစ်ကြောင်း ထွက်ဆိုသွား၏။

**လိမ်လည်ပြ**

ဦးရဲတင်ဝင်းက ဆက်လက်ထွက်ဆိုရာတွင် ဦးတင်ဝင်းညို အတွင်းရေး (၃) ဖြစ်စဉ်ဒူးယားနှစ်ကာတွန်း ပို့ပေးခဲ့ရသော်လည်း ဦးတင်ဝင်းညိုက မ သက်တူးဟု ပြောသည့်အတွက် နောက် သုံးကာတွန်းဖြည့်ပြီး ငါးကာတွန်းအထိ ပို့ပေးခဲ့ရကြောင်း၊ ယင်းပစ္စည်းများပေးပို့ရာတွင် ညှော်ခံစရိတ်တွေ လိမ်လည်ပြပြီး

ပေးပို့ရခြင်းဖြစ်ကြောင်း ထွက်ဆိုသွား၏။

**လက်ခံယူ**

ဆက်လက်၍ တရားလိုပြသက်သေ(၃) ဦးစံတင်ကို စစ်ဆေးရာ ဦးစံတင်က ထွက်ဆိုရာတွင် ဦးရဲတင်ဝင်း၏ စေခိုင်းချက်အရ ဦးထွန်းလင်းအိမ်သို့ နို့ဆီတစ်သေတ္တာနှင့် သကြား(၁၀)ပိဿာကို ရစ်ကြိမ်ပို့ပေးခဲ့ရကြောင်း။ ထိုနောက် ဦးတင်ဝင်းညို စည်းရုံးရေးဌာနမှူးဖြစ်လာသည့်အခါတွင် ဦးရဲတင်ဝင်း၏ စေခိုင်းချက်အရ ဦးတင်ဝင်းညိုအိမ်သို့ နို့ဆီတစ်သေတ္တာ၊ သကြား ၁၀ ပိဿာ၊ ဆန်တစ်အိတ်နှင့်ဒူးယားနစ်ကာတွန်းကို လစဉ်ပို့ပေးခဲ့ရကြောင်း။ ယင်းပစ္စည်းများ သွားပို့ရာတွင် မိမိကိုယ်တိုင် ပို့ပေးခဲ့ကြောင်း၊ မိမိပစ္စည်းများ သွားပို့သောအခါ ဦးတင်ဝင်းညို၏ မွေးစားသမီးက လက်ခံပြီး တစ်ခါတစ်ရံ သမီးများက လက်ခံကြောင်း ထွက်ဆိုသွား၏။ ထိုနောက်တရားခံအကျိုးဆောင် ဦးဘိုးအောင်က တရားလိုပြသက်သေများဖြစ်ကြသည့် ဦးရဲတင်ဝင်းနှင့် ဦးစံတင်တို့အား ပြန်လှန်မေးခွန်းမေးရန်အတွက် မိမိအမှုသည်ပါဝင်ရန် လိုအပ်ကြောင်း၊ အများအပြား ပါနေသောကြောင့် ချက်ချင်းမေးရန် မဖြစ်သောကြောင့် နောက်တစ်ပတ်ရက်ချိန်းတွင် မေးခွန်းများ မေးခွင့်ပြုရန် တောင်းဆို၏။ တရားလိုအကျိုးဆောင်များက လျှောက်ထားချက်မှာ ကန့်ကွက်ရန်မရှိသည့်အတွက် တရားရုံးက လက်ခံလိုက်၏။ ထို့နောက် တရားစီရင်ရေးအဖွဲ့က တရားစစ်ဆေးခြင်းကို ရပ်နားလိုက်ပြီး ဦးတင်ဝင်းညိုနှင့်ပတ်သက်သည့် အမှုများအနက် အမှတ်(၉/၇၈)ကို တင်ပြရန်နှင့်(၁၀/၇၈)ကို ဆက်လက်စစ်ဆေးရန် ဖေဖော်ဝါရီ(၁၆)ရက်သို့ ချိန်းဆိုလိုက်၏။ ဦးတင်ဝင်းညိုနှင့်ပတ်သက်သောအမှုတွင် တရားလိုအကျိုးဆောင်များအဖြစ် ဗဟိုဥပဒေရုံးဥပဒေဝန်ထမ်းအဆင့်(၁) ဦးဘမောင်၊ အဆင့်(၃)ဦးမြညိမ်းနှင့် ဦးတင်လှိုင်တို့က ဆောင်ရွက်ကြပြီး ဦးတင်ဝင်းညိုအတွက် ဗဟိုတရားရုံးရှေ့နေ ဦးဘိုးအောင်က လိုက်ပါဆောင်ရွက်၏။ (သတင်းစဉ်)

၁၉၇၈ ဖေဖော်ဝါရီလ ရုံးချိန်းတွေတုန်းက တရားရုံးတွင် ကျွန်မလည်း ပါဝင်ကြားနာခဲ့ပါလျက်နှင့် အချို့မြင်ကွင်းတွေကို အတန်ငယ်မေ့လျော့နေပါပြီ။ တစ်သောကမှ

ပြီး မိတ္တူကူးယူလာသော သတင်းစာတွေကို ကွန်ပျူတာပြန်ရိုက်ရင်း မူလ စာလျှင် အလွန်ပိန်ကျနေသည့်တိုင် မာန်မလျှော့ချင်သေးသော အမူအရာ နေသေးသည့် ဦးရဲတင်ဝင်း၏ဓာတ်ပုံကို အပြန်ပြန်အလှန်လှန် ကြည့်မိပါသည်။ နေထုတ်သတင်းစာ၏ စာမျက်နှာ ၅ တစ်ခုတည်းမှာကိုပဲ ဖေဖေတို့ ဦးထွန်းလင်း ကို စွဲဆိုထားသော အမှုတွေအကြောင်း ပြွတ်သိပ်ပြီး ရေးပြထားသောကြောင့် လံ(၂)(၃)နှင့်(၄)(၅)(၆) အပေါ်ပိုင်းတို့မှ မသမာမှုနှင့် အလွဲသုံးစားမှု ဦးရဲတင် ၏ ဖြောင့်ချက်ကို အရင်ဖတ်ကြည့်ရပါသည်။ အဲဒီမှာ ဖေဖေ့အပေါ် ထားရှိသော မေတ္တာနှင့် သံယောဇဉ်ကိုတွေ့နိုင်ကြပါသည်။ ဦးနှောက်ပျက်လောက်အောင် ညှင်းပန်းနှိပ်စက်ခံထားရသည့်ကြားက လွတ်ထွက်လာသော သူ့စကားကလေးတွေ ကြောင့် ကျွန်မတို့ မိသားစုရင်နင့်ရပါသည်။ သံယောဇဉ် အငွေ့အသက်ပါနေကြောင်း သတင်းထည့်ခွင့်ပြုသူက မခံစားတတ်သောကြောင့် သတိမထားလိုက်မိတာ နိုင်သလို ဦးတင်ဝင်းညို့လို လူတစ်ယောက်အပေါ် သံယောဇဉ်ရှိသည်မှာ ရှိသင့် လိုက်လှပါသော်ကော ဆိုပြီး သတင်းစာဖတ်သူတွေလည်း သိစေချင်သောကြောင့် ထည့်ပေးလိုက်တာလည်း ဖြစ်နိုင်ပါသည်။ ဖတ်ကြည့်ခံစားကြည့်လိုက်ကြပါဦး။ တရားစီရင်ရေးအဖွဲ့(၆၃)တွင် စစ်ဆေးလျက်ရှိသော မသမာမှုနှင့် အလွဲသုံးစားမှု တ်သက်၍ နိုင်ငံတော်သက်သေ ဦးရဲတင်ဝင်း၏ ဖြောင့်ချက်မှာ အောက်ပါ တိုင်း ဖြစ်ပါသည်။

"ကျွန်တော်သည် ၁၉၅၂-ခုနှစ်တွင် တပ်မတော်သို့ ဝင်ရောက်ခဲ့ပါသည်။ တ်(၁)အခြေစိုက် ထောက်ပံ့ရေးတပ် မေမြို့၌ ဒုတပ်ကြပ်အဖြစ် ဝင်ရောက်ပြီး ဆိုင့်နောင်စစ်ဆင်ရေးတွင် ဝမ်ဆလာ-မိုင်းတုံ အပါအဝင် ရှမ်းပြည်တစ်ခွင်တွင် ဝန်ထမ်းဆောင်ခဲ့ရာ (၆)နှစ်ခန့်ကြာခဲ့ပါသည်။ ၁၉၅၆-ခုနှစ်တွင် တပ်ကြပ်ဖြစ်ပြီး ကြီးအောင်စစ်ဆင်ရေးတွင် ပါဝင်ခဲ့ရပါသည်။ ၁၉၆၃-ခုနှစ် အောက်တိုဘာလ ရက်နေ့မှစ၍ ပါတီဌာနချုပ်(ဆင်းဝစ်လမ်း)တွင် သက်သာချောင်ချိရေးဌာနစိတ်မှူး ဖြင့် တာဝန်ဆောင်ရွက်ခဲ့ရပါသည်။ ကျွန်တော်၏တာဝန်မှာ အရေးကြီးသော

ပုဂ္ဂိုလ်များ၏ လုံခြုံရေးနှင့် ကျွေးမွေးရေးတာဝန်ယူရပါသည်။ ထိုအချိန်မှစ၍ ယ အချင်းဖြစ်သည်အထိ ဖြစ်ပါသည်။ ၁၉၇၃-ခုနှစ်အခြေခံ နိုင်ငံရေးသင်တန်း အမှတ် စဉ်(၃၂)သို့ တက်ရောက်ခဲ့ရပြီးနောက် အရာရှိ/ငယ် ဖြစ်လာပါသည်။ ကျွန်တော် အရာရှိငယ်ဖြစ်လာပြီးနောက် ရုံးတာဝန်မှာ ထောက်ပံ့ဌာနစုမှူးတာဝန်နှင့် သက်သာ ချောင်ချိရေးဌာနစိတ်မှူး၏ တာဝန်များကိုလည်း ယူရပါသည်။ ၎င်းအပြင် ဗိုလ်မှူး ကြီးတင်ဝင်းညိုစည်းရုံးရေးဌာနမှူး၏ ကိုယ်ရေးအရာရှိတာဝန်ကိုလည်း လုပ်ကိုင် ရပါသည်။ တရားမဝင်အနေဖြင့် ကျွန်တော်သည် ဗိုလ်မှူးသန်းလှိုင်၊ ဗိုလ်မှူးကြီး စိုးသိန်း၊ ဗိုလ်မှူးကြီးသိန်းငွေ၊ ဗိုလ်မှူးစန်ရှိန်တို့၏ ကိုယ်ရေးကိစ္စများကို တာဝန် ယူရပါသည်။ ထို့အပြင် ဒေသဥက္ကဋ္ဌများလာသည့်အခါတွင်လည်း ၎င်းတို့ ကိုယ်ရေး ကိစ္စများကိုလည်း ဆောင်ရွက်ပေးရပါသည်။ ပုံစံအားဖြင့် လူသုံးကုန်နှင့် အိမ်မှု ကိစ္စများကိုလည်း ဆောင်ရွက်ပေးရပါသည်။ ဒေသဥက္ကဋ္ဌများဖြစ်သည့် ချင်းဒေသ ဦးသိန်းအောင်၊ ဧရာဝတီတိုင်းဗိုလ်မှူးကြီး မောင်ကျော်တို့၏ မိသားစုများ၏ လို အပ်ချက်များကို ဆောင်ရွက်ပေးရပါသည်။ အမြဲတေပါတီမှ ပြည်သူ့ပါတီသို့ကူး ပြောင်းလာပြီးနောက် ဗိုလ်မှူးကြီးထွန်းလင်းမှာ ပါတီဌာနချုပ်တွင် အတွင်းရေးမှူး(၁) ဖြစ်လာပြီး အတွင်းရေးမှူး(၂) ဦးကျော်ဇောဖြစ်ပြီး အတွင်းရေးမှူး (၃)ဦးသန်းစိန် ဖြစ်လာပါသည်။ ထိုစဉ်က ဦးတင်ဝင်းညိုမှာ စည်းရုံးရေးဌာနမှူး ဖြစ်လာပါသည်။ ဗိုလ်မှူးကြီးထွန်းလင်းက အတွင်းရေးမှူးဖြစ်လာပြီး တစ်လအကြာခန့်တွင် ကျွန်တော့်ကို ခေါ်ပြီး မင်းငါ့အိမ်ကို နို့ဆီတစ်သေတ္တာနှင့် သကြား (၁၀)ပိဿာ၊ ဆန်တစ်အိတ် လစဉ်ပို့ရန် ပြောပါသည်။

ကျွန်တော်က ဘယ်ကနို့ဆီပို့ရမလဲဟု ပြန်ပြောရာ မင်းပါးစပ်ပိတ်ထား ရိပ်သာပစ္စည်းထဲက ပို့လို့ပြောပါသည်။ (ဒီနေရာတွင် စာရေးဆရာမှတ်တမ်းတင် သူက ပါဝင်မှတ်ချက်ချလိုသည်မှာ ဦးထွန်းလင်းနှင့် ဦးရဲတင်ဝင်းတို့သည် အတိုင်း အတာတစ်ခုအထိ ခင်မင်ပွင့်လင်းဟန်ရှိပါသည်။ ထိုကြောင့်လည်း သူသိနေသား နှင့် ဘယ်ကနို့ဆီပို့ရမလဲတို့ သူတမင်မေးမှန်းသိပါလျက်နှင့် ဦးထွန်းလင်းက ရိပ်သာ

ဖွည်းထဲက ပို့တို့ အမေးအဖြေရှိခဲ့ကြတာ ဖြစ်ပါလိမ့်မည်။) ကျွန်တော့်အနေဖြင့် နိုင်ငံရေးအရစိတ်ထဲတွင် မခံချင်သော်လည်း ရာထူးမှာရိုးသာမှုအဆင့်သာဖြစ်ပြီး မြန်မပြောရဲတော့ပါ။

(ဒီနေရာတွင်လည်း ဦးရဲတင်ဝင်း၏ အပြောအဆိုအပေါ်မှာ သူ့အနေနှင့် အခြေအနေမှာတော့ ဒီလိုပဲ ဟန်ပန်လုပ်ပြီးပြောဆိုမည်ဟု ကျွန်မက သူ့နေရာမှဝင် ရောက်စဉ်းစားပေးပါသည်။ သူ့အထက်လူကြီးတွေက ဖမ်းဆီးချုပ်နှောင်ခံနေရပြီ သူ့အဖို့ ကျုးကြောက်တာရော ရှင်ကြီးကိုးတာရော၊ အလုံးစုံကပ်သင့်နေကာ အဲဒီအချိန်မှာ တော့ သူ့မှာအခြေအနေဆိုးနှင့် ကြုံခဲ့နေရမှာပဲလေ။) ၎င်းကိစ္စကို ဦးတင်ဝင်းညိုကို သွားပြောသည့်အခါ မင်းအမြန်ဆုံးစီစဉ်ပေးလိုက်ဟု ညွှန်ကြားပါသည်။ ထို့ကြောင့် ကျွန်တော်က ဆောင်ရွက်ပေးရပါသည်။ ထိုနောက်ဗှာနခွဲမှူး ဦးစိုးလွင်သို့ အခိုပါ ကို့ပြောပြသောအခါလည်း လုပ်ပေးရမှာပေါ့လို့ပြောသဖြင့် ကျွန်တော်သည် လစဉ် အဆိုပါပစ္စည်းများကို ဦးထွန်းလင်းအိမ်သို့ပို့ပေးရန် ကျွန်တော့်အောက်မှ မောင်စံတင်ကို ခိုင်းရပါသည်။ မောင်စံတင်က လစဉ်သွားပို့ပါသည်။ ဦးထွန်းလင်း၏သမီးအကြီး အိမ်ထောင်အေးနှံ့စေ့စပ်မင်္ဂလာပွဲတွင် လူ ၁၀၀ ခန့် ထမင်းကျွေးရန် ဟင်းချက်နိုင်းပါသည်။ ဟင်းလျာမှာ ကျပ် ၁၂၀၀ ဖိုးခန့် ချက်ပေးရသော်လည်း ၎င်းထံမှ မရဘဲရိုပ်သာငွေ ထဲမှ ပင်စာရင်းလိမ်ပြီးပြခဲ့ရပါသည်။ နောက် ၎င်းတို့မိသားစုစားသောက်ရန်အတွက် ကိစ်ပတ်လျှင်နှစ်ကြိမ်သုံးကြိမ်ခန့် လူလုချွန်ဆိုင်မှ ငါးရဥ် ညှပ်ခေါက်ဆွဲ၊ ကြက်သား ဟင်းများကိုလည်း ဝယ်ပေးရပါသည်။ ၎င်းပြင်ရုံးမှလည်း ချက်ပေးရပါသည်။ ဦးထွန်း လင်းထံ ရှမ်းပြည်မှလာသည့် ဧည့်သည် (ဒေါ်ကြူကြူမား)လာရောက်သည့်အခါ ငါးသလောက်ဥ ၆ ပိဿာ၊ ငါးသလောက် အကောင်လိုက် ၆ ပိဿာ၊ ပုစွန်ထုပ် ၁၀ ပိဿာတို့ဝယ်ပြီး ဦးထွန်းလင်း အိမ်သို့ပို့ပေးရပါသည်။ ထိုကုန်ကျငွေများကို လည်း သက်သာချောင်ချိရေးငွေထဲမှ စိုက်ပေးရပါသည်။ ထိုသို့ဆောင်ရွက်ပေးရသည် မှာ ဦးထွန်းလင်းဝန်ကြီးမဖြစ်မီ အချိန်အထိ အကြိမ်ပေါင်း ၃၀-၄၀ ခန့် ရှိမည်ဖြစ် ပါသည်။ ဦးထွန်းလင်းအိမ်သို့ နို့ဆီ၊ သကြား၊ ဆန်တို့ကို စိတ်အထင် (၃)နှစ်ခန့်

ဆက်တိုက်လစဉ်ပို့ခဲ့ရပါသည်။ (ဒါတွေကို ပြန်လည်ဖတ်ရှုရင်း ကွန်ပျူတာစာစီစာရိုက်လည်းလုပ်ရင်း တွေးမိသတိရမိသည်များလည်း ရှိခဲ့ပါသည်၊ အထူးသဖြင့် ဦးရဲတင်ဝင်းသည် ထောင်ထဲတွင် သေမတတ် ညှဉ်းပန်းနှိပ်စက်ခံရသည့်ကြားမှပင်လျှင် ဖေဖေ့အပေါ်မှာ သူ့ ချစ်ကြည်ညိုမှုစကားတစ်ခွန်း ထွက်ဖြစ်အောင် ပြောထွက်ရှာသေးသည်ဟု ရင်နင့်စာနာမိခဲ့ပါ၏။ အဲဒီစကားက - **ဦးတင်ဝင်းညိုမှာ ကျွန်တော့်အနေဖြင့် အကြည်ညိုဆုံးပုဂ္ဂိုလ်ဖြစ်ပါသည်။** သတင်းစာထဲမှာ အထင်ကရပါတာကြောင့်သာ ကျွန်မ မီးမောင်းထိုးပြီး တင်ပြနိုင်တာပါ။)

*

## အပိုင်း၆

**ဦးတင်ဝင်းညီမှာ ကျွန်တော့်အနေဖြင့် အကြည်ညိုဆုံး ပုဂ္ဂိုလ်ဖြစ်ပါသည်။** အဲဒီစကားသည်ကား လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ စာမျက်နှာ၅ ကော်လံ(၁)နှင့်(၂)ကော်လံပါ **ဦးရဲတင်ဝင်း၏ ရင်တွင်းဖြစ်မှတ်များမှ စကားတစ်ခွန်းဖြစ်ခဲ့ပါသည်။**

တစ်နေ့တွင် ဦးတင်ဝင်းညီက ဦးထွန်းလင်း အိမ်မှီဆီ သကြားဆန်ပို့သည့်ကိစ္စတာယ်လိုလဲ ပို့ရသေးသလားလို့ မေးပါသည်။ ကျွန်တော်က ဦးထွန်းလင်း နိုင်ငံတော်ကောင်စီဝင် ဖြစ်သွားသဖြင့် မပို့တော့ကြောင်း ပြန်ပြောလိုက်ပါသည်။ ထိုအခါဦး တင်ဝင်းညီက ဒီလိုဆို အဲဒီ(၃)မျိုးစလုံးကို ငါ့အိမ်ပို့ပေးပါလို့ ပြောပါသည်။ ၎င်းအပြင် ဒူးယားစီးကရက် (၅)ကာတွန်းပါပေးပါရန် ပြောသဖြင့် ဆက်လက်ပို့ပေးရပါသည်။ ထိုပစ္စည်းများ၏ တန်ဖိုးတစ်ပြားမှ မရပါ။ ပါတီပိုင် ငွေထဲမှပင် ကျခံနေရပါသည်။ သူတို့က ကြည့်ရှင်းလိုက်ပြောသဖြင့် ကျွန်တော်က ရိပ်သာငွေထဲမှ စာရင်းပြလိုက်ရပါသည်။

(ဒီနေရာမှာ စာရေးဆရာ ကလျာမှမဟုတ်တဲ့ ဦးတင်ဝင်းညီ၏သမီးကလျာမှ ပြောပါမည်။ ဖေဖေသည် သူ့ဝတ်ဖို့ သူစားဖို့ သူနေထိုင်ဖို့တောင် စိတ်မကူးအား

မပူပန်အားသူပါ။ စီးကရက်လာမပို့သည့်အခါ သူမျှော်ကောင်း မျှော်နိုင်ပါသည်။ ပါတီပိုင်ငွေထဲမှ ကြည့်ရှင်းလိုက်ဟု၍မူကား ဘယ်သောအခါမျှ ပြောမှာမဟုတ်။ သူ့သမီး၏ ဆရာဝန်အမြင်အရပြောရလျှင်တော့ စီးကရက်ဒါလောက် သောက်လွန်းတာတောင်မှ သူ အဆုတ်ကင်ဆာမဖြစ်တာ အံ့သြစရာကောင်းလှပါသည်။)

(သတင်းစာမှ ဖတ်ရှုရသည့် ဦးရဲခေါင်ဝင်း၏ ထွက်ဆိုချက်အရ ဦးတင်ဝင်းညိုထံမှ ဦးထွန်းလင်းဘက်သို့ လှည့်သွားသည်တို့ကို ကျွန်မဆက်လက်ကူးရေးတင်ပြပါမည်။) ကျွန်တော်ဦးထွန်းလင်း အကြောင်းဆက်ပြောလိုပါ သည်။ ဦးထွန်းလင်းသမီးအမာကြည် မင်္ဂလာဆောင်ကိစ္စတွင် ဒံပေါက်ထမင်း ကျွေးလိုကြောင်း ပြောပါသည်။ လူအင်အား ၁၅၀ ခန့် ကျွေးမွေးလိုကြောင်း ပြောပါသည်။ ထိုဒံပေါက်ကို ဦးထွန်းလင်းအိမ်မှာ ချက်ပြုတ်ရပါသည်။ ဒံပေါက်တန်ဖိုးငွေမှာ တစ်ထောင်ကျော်ကျသော်လည်း တစ်ပြားတစ်ချပ်မှ မရခဲ့ပါ။ (ဒါတွေကို ပြန်လည်ကူးရေးတင်ပြနေသည်မှာ မည်သူ့ကိုမျှ အပြစ်တင်စွပ်စွဲနေခြင်း မဟုတ်ပါ။ ယခုခေတ် ဟိုတယ်ကြီးတွေ၌ ခြိမ့်ခြိမ့်သဲ ဖိတ်ခေါ်ည့်ခံကျွေးမွေးကြသည့် ကုန်ကျစရိတ်တွေသည် ဘယ်နည်းနှင့်မျှ တရားဝင်လစာငွေကို အသုံးပြုကြခြင်း မဟုတ်ကြောင်း၊ တိုင်းပြည်၏ ဘဏ္ဍာငွေများသာဖြစ်ကြောင်း၊ မည်သူမည်မျှ တရားမဝင်သုံးစွဲကြကြောင်းကို တိုင်းသူပြည်သားတွေက ဦးနောက်နှင့် နလုံးသားနှင့် တရားမျှနှင့် နှိုင်းချင့်ဆင်ခြင်ကြည့်နိုင်ကြဖို့သာ ဖြစ်ပါသည်။)

ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲစဉ်နှင့် လွှတ်တော်အစည်းအဝေး အကြံများ ဦးထွန်းလင်းသွားရောက်ရှင်းသည့်အခါတွင် အဆောင့်တစ်ကိတ်၊ သစ်သီးကိတ်၊ စပျစ်သီး၊ တီးဘီစကွတ် အထုပ်၃၀၊ ချိုချဉ်အထုပ်၂၅၊ ပုစွန်ထုပ် ၁၂ ပိဿာ၊ ငါးသလောက်ဥ ၅ ပိဿာ၊ စပျစ်သီးမှာ၂ ပိဿာခန့် စသည်တို့ကို အခေါက်တိုင်း ဝယ်ပေးရပါသည်။ ထိုပစ္စည်းများ ကျသင့်ငွေများကိုလည်း တစ်ပြားမှမပေးပါ။ သက်သာချောင်ချိရေးငွေမှပင် စိုက်ထုတ်ဝယ်ပေးရခြင်း ဖြစ်ပါသည်။ ဦးချိန်တီ အစာကြေဆေး (၁၀)ပုလင်းလည်း ပါပါသည်။ ဦးထွန်းလင်း၊ ဦးသန်းစိန်၊ ဦးတင်အေး

ကွက်တို့မှာ အင်းတိုင်တွင် တစ်ဦးလျှင် မြေ ၄-၅ ဧကခန့် ဝယ်ထားပါသည်။ ထွန်းလင်းနှင့်မိသားစု အင်းတိုင်မြေကွက်ရှိရာသို့ တနင်္ဂနွေနေ့သွားတိုင်း မိသားစုများ မြင် ရဲအစောင့်များ၊ မြေအလုပ်သမားများ စားသောက်ရန် ထမင်းဟင်းချက်ပြုတ်ပေး ပါသည်။

ထို ကုန်ကျငွေများကို ကျွန်တော်သွားတောင်းသည့်အခါ သူ့ပေါင်ခြံကို ပြုပါသည်။ (ဒါကလည်း ဦးရဲတင်ဝင်းက ခါတိုင်းတောင်းလေ့မရှိပါဘဲ နောက် ခြင်သည့် သဘောနှင့်တောင်းလိုက်တာဖြစ်မည်ဟု ကျွန်မထင်ပါသည်။) ကြောင့်လည်း ဦးထွန်းလင်းက ကျီစယ်သည့်သဘောဖြင့် အဆင့်နိမ့် အပြုအမူ ကို ကျူးလွန်ခဲ့တာဖြစ်နိုင်ပါသည်။ စောစောက ကျွန်မကောက်ချက်ချခဲ့သလိုပင် ထွန်းလင်းနှင့် ဦးရဲတင်ဝင်းတို့သည် ဆရာတပည့်ချင်းပီပီ အတိုင်းအတာတစ်ခု ထိ ခင်မင်ပွင့်လင်းဟန် ရှိနိုင်ပါသည်။ ယခုခေတ် တိုင်းပြည်အုပ်ချုပ်နေသူ အချို့က **ထိလည်ပါးရိုက်တတ်သည်ဆိုသော** အောက်တန်းကျကျ အပြောအဆို အမူအ ရာတွေ ကျင့်သုံးတတ်သည့် အသိုင်းအဝိုင်းတွင် ကျင်လည်ခဲ့ဖူးတာကြောင့်လည်း ပါလိမ့်မည်။ ကျွန်မ ဘယ်လိုခံစားရသလဲဆိုတာ တစ်လက်စတည်း ဝေမျှလိုက် မည်။ ကျွန်မသည် ယခုခေတ် အာဏာရှင်တို့၏ မင်္ဂလာပွဲတွေ ပျော်ရွှင်ပွဲတွေကို အခါတစ်ရံ မလွှဲမရှောင်သာ ရောက်ရဖူးလေရာ ဟိုခေတ်က ၁၉၇၇-၇၈ တွေတုန်း က ဦးရဲတင်ဝင်းပြောသည့် အိမ်မှာညှော်ခံကျွေးမွေးသောပစ္စည်းတွေ၏ တန်ဖိုးနှင့် ထားသည် စီဒီနှာတွေချက်ထရီယမ်တွေ ကာရပိက်တွေနှင့်နှိုင်းယှဉ်လိုက်လျှင် နှင့်ရေ နန်းတော်နှင့်တဲပုတ်၊ သူတို့ဘာရေးဝင်ရသည့် လစာဝင်ငွေထက် အဆ ထောင်ပိုနေသည်ဟု ပြည်သူလူထုသိကို သိနေကြစရာချည်းဖြစ်နေပါတော့သည်။ လို အခန်းအနားမင်းပွဲသဘင်တွေသို့ မလွှဲမရှောင်သာ၊ သွားရောက်ရတိုင်း၊ င်းရဲမွဲတေ်နေသော ကျွန်မတို့၏ပြည်သူများကို မြင်ယောင်အားနာမိရပါတော့၏။ တို့အနက် တစ်ယောက်တစ်လေ နှစ်ယောက်နှစ်လေသည် ပြည်သူ့ဘဏ္ဍာတွေ ဖြင့် ဝတ်စားဆင်ယင် ထားကြရသည်ကို လိပ်ပြာမလုံဖြစ်မိနိုင်သည့်တိုင်သူတို့

အသိုင်းအဝိုင်းသောက်သော မိုးခါးရေပြည်သူ့ဘဏ္ဍာတွေကို မသောက်သုံးလျှ
သူတို့အချင်းချင်းတွေက အရှုးဟုစွပ်စွဲတာကို ခံယူနေရမှာမို့ နောင်ခါလာနောင်ခါ
ကိုယ့်ဖာသာငရဲအိုးထဲ ဇောက်ထိုးကျ လောင်ကျွမ်းနေလည်း မည်သူသိတာလိုက်
ဆိုကာ၊ သူတို့ကိုးကွယ်သော ဘုန်းကြီးတွေကလည်း ကိုယ့်ကုသိုလ်ကံအကျိုးပေ
သောကြောင့် ခုလိုစိန်စီသည့် အသုဘခေါင်းပင်အဆင်သင့်ရှိနေနိုင်သည်ဟု ဟော
ပြောပြီး အဆင်းတွန်းချမှန်းမသိသား ဆိုးဝါးနေကြရှာပါပေသည်။

ဤမျှနှင့် စာရေးသူ၏ခံစားချက်တွေကို ရပ်နားလိုက်ပြီး ဦးရဲတင်ဝင်း၏
ထွက်ချက်ကိုဆက်လက်ကူးယူတင်ပြလိုက်ပါမည်။)

ထိုသို့ကုန်ကျငွေမှာ တစ်ပတ်လျှင် ကျပ် ၂၀၀၊ ကျပ် ၃၀၀ခန့်ကုန်ပါ
သည်။ အနည်းဆုံးတစ်လ ၃ ကြိမ်ခန့် အင်းတိုင်သို့သွားပါသည်။ ထိုကုန်ကျငွေများ
ကိုလည်း ပါတီဌာနချုပ်ရှိ စားရိပ်သာငွေထဲကပင် စိုက်ထုတ်သုံးစွဲပေးခဲ့ရပါသည်။
ဦးထွန်းလင်းသား ၃ ဦး သင်္ကန်းဝတ်ရာ၌ ဘုန်းကြီးများဆွမ်းကပ်ရာတွင် ဆွမ်းဟင်းများကို
ကျွန်တော်၏သက်သာချောင်ချိရေးငွေထဲကပင် ချက်ပြုတ်ပေးရပါသည်။ တစ်ပြား
မရပါ။ အနီးစာမျက်နှာ ၅ ကော်လံ ၄ ၅ နှင့် ၆ တို့၏ အောက်ပိုင်း သုံးချိုးနှစ်ချိုးစီတွင်
မသမာမှုနှင့် အလွဲသုံးစားမှု ဦးကျော်အုန်း၏ ဖြောင့်ဆိုချက်ကို ဖော်ပြထားပါသည်။
တိုင်းတရားစီရင်ရေးအဖွဲ့ (၆၃)တွင် စစ်ဆေးလျက်ရှိသော မသမာမှုနှင့် အလွဲသုံးစား
မှုနှင့်ပတ်သက်၍ နိုင်ငံတော်သက်သေ ဦးကျော်အုန်း၏ဖြောင့်ချက်မှာ အောက်ပါ
အတိုင်းဖြစ်၏။ "ကျွန်တော်သည် စစ်ကိုင်းတိုင်း(ယခင်ရွှေဘိုခရိုင်) ဒီပဲယင်းမြို့နယ်
များရွာတွင် အဘဦးမြင့်၊ အမိဒေါ်ဆယ်ရီတို့မှ မွေးဖွားခဲ့ပါသည်။ ၁၉၃၇ ခုနှစ်တွင်
မန္တလေးစစ်ရဲတပ်ဖွဲ့သို့ ဝင်ရောက်ခဲ့ပါသည်။ ၁၉၄၅-ခုနှစ်တွင် အမှတ်(၁)ဗမာ
သေနတ်ကိုင်တပ်ရင်းတွင် တပ်ကြပ်ကြီး အဆင့်ဖြင့်လည်းကောင်း၊ ၁၉၄၆-ခုနှစ်တွင်
ဘီအီးအမ်အီး (B.E.M.E) တပ်တွင် တပ်ကြပ်ကြီးရင်ပြင်အဆင့်ဖြင့်ရင်း၊ ၁၉၄၉ခုနှစ်
အမှတ်(၂)ဗမာ့ သေနတ်ကိုင် တပ်ရင်းတပ်ခွဲလက်ထောက်အဖြစ်လည်းကောင်း
အမှုထမ်းခဲ့ပြီး ၁၉၅၁-ခုနှစ်တွင် ဗမာ့တပ်မတော် ဗိုလ်လောင်း သင်တန်းအမှတ်(၆)သို့

က်ရောက်ခဲ့ပါသည်။ ဗိုလ်လောင်းသင်တန်းမှဆင်းသောအခါ အမှတ်(၁၆) ခြေလျင်
ပ်ရင်းတွင်လည်းကောင်း၊ ၁၉၅၇ ခုနှစ်တွင် အမှတ်(၄) ခြေလျင်တပ်မဟာ
ချုပ်တွင် ဦးစီးဗိုလ်ကြီးအဖြစ်လည်းကောင်း၊ ၁၉၆၇ ခုနှစ်တွင် အမှတ်(၂) ခြေလျင်
ပ်မဟာဌာနချုပ် တောင်ငူတွင်လည်းကောင်း၊ ၁၉၆၁-ခုနှစ်တွင် အလယ်ပိုင်းတိုင်း
ဌာနချုပ် မင်္ဂလာဒုံတွင်လည်းကောင်း၊ တပ်မတော် တာဝန်များကို ဆက်တိုက်
န်းရွက်ခဲ့ပါသည်။

၁၉၆၂-ခုနှစ် မတ်လ(၁)ရက် တော်လှန်ရေးလုပ်သည့်ညတွင် ဗိုလ်ချုပ်
န်ဝင်း၊ ဗိုလ်မှူးကြီးသူရအောင်ဖေနှင့် ဗိုလ်မှူးကြီးလှဘုန်းတို့အနီးတွင် အလင်း
ပါက် အနီးကပ်တာဝန်များကို ထမ်းဆောင်ခဲ့ပါသည်။ ၁၉၆၃-ခုနှစ် ဇူလိုင်လ
)ရက်နေ့တွင် ဗဟိုနိုင်ငံရေးသိပ္ပံချော်တွင်းကုန်း၌ အမှတ်(၁)နည်းပြ သင်တန်းသို့
က်ရောက်ခဲ့ပါသည်။ ထိုသင်တန်းမှဆင်းပြီးနောက် ဗဟိုနိုင်ငံရေးသိပ္ပံကျောင်းတွင်
ည်းပြအဖြစ် တာဝန်ထမ်းဆောင်နေစဉ် ရန်ကုန်တိုင်းအတွင်း ပါတီယူနစ် ၁၅
ွင့်လှစ်ရန် ကေဒါလိုအပ်လာသည့်အတွက် ၁၉၆၄-ခုနှစ်တွင် မရမ်းကုန်းမြို့နယ်
ပါတီယူနစ်ဥက္ကဋ္ဌအဖြစ်၎င်း၊ ၁၉၆၆ ခုနှစ်တွင်လှိုင်မြို့နယ်ယူနစ်ဥက္ကဋ္ဌအဖြစ်၎င်း
ာဝန်များထမ်းဆောင်ခဲ့ပြီး ၁၉၆၈-ခုနှစ်တွင် ရန်ကုန်တိုင်းအမှတ်(၁၅)တိုင်း ရေးရာမှူး
အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ ထိုအချိန်က တိုင်းခွဲဒုဥက္ကဋ္ဌအဖြစ် ယခု
မှူးကြီးဦးထွန်းလင်းက တာဝန်ထမ်းဆောင်နေပါသည်။ ၁၉၇၁-ခုနှစ် ပြည်သူ့ပါတီ
အဖြစ် ကူးပြောင်းသည့်အခါ တိုင်းခွဲများဖျက်သိမ်းလိုက်သည့်အတွက် ၁၉၇၁-ခုနှစ်
က်တင်ဘာလတွင် ပါတီဌာနချုပ်သို့ ဌာနခွဲမှူးအဖြစ် တာဝန်ထမ်းဆောင်ရန်
ရောက်ရှိခဲ့ပါသည်။ ရောက်ရှိပြီးနောက် ၁၉၇၁ အောက်တိုဘာလ (၁)ရက်နေ့တွင်
နိုင်ငံတော်ဖွဲ့စည်းပုံရေးဆွဲရေးကော်မရှင်တွင် ဗိုလ်မှူးကြီးထွန်းလင်း အတွင်းရေးမှူး
(၁)မှ ခေါ်ယူ၍ ရုံးအဖွဲ့မှူးအဖွဲ့တာဝန်ပေးခဲ့ပါသည်။ ၁၉၇၄-ခု မတ်လ(၃၁)ရက်နေ့တွင်
ကော်မရှင်လုပ်ငန်းပြီးဆုံးသည့်အခါ ပါတီဌာနချုပ်သို့ စည်းရုံးရေးဌာနခွဲ(၉)ဌာနမှူး
အဖြစ် ဆက်လက်တာဝန်ယူဆောင်ရွက်ရပါသည်။ ၁၉၇၆-ခုမေလ (၁)ရက်နေ့တွင်

ဗဟိုပြည်သူ့အလုပ်အမှုဆောင်အဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရပါသည်။ ၁၉၇၇-ခုနှစ် ဩဂုတ်လ(၁၁)ရက်နေ့တွင် အလုပ်သမားအစည်းအရုံးအဖြစ် ပြန်လည်ဖွဲ့စည်းသောအခါ အလုပ်သမားအစည်းအရုံး ဗဟိုဦးစီးအဖွဲ့ဌာနချုပ်တွင် အလုပ်အမှုဆောင်ကော်မတီဝင်အဖြစ် ရွေးချယ်ခြင်းခံခဲ့ရရာ ယနေ့အထိပင် ဖြစ်ပါသည်။ ကျွန်တော်သည် ၁၉၃၇ ခုနှစ်မှ ယနေ့အထိ အနှစ်(၄၀)လုံးလုံး တပ်မတော်နှင့် ပါတီတာဝန်များကိုသာ ဆက်တိုက်ထမ်းရွက်ခဲ့သူဖြစ်ပါသည်။ (ဤနေရာ၌ စာရေးသရာတွေးခေါ်စဉ်းစားမိသည်မှာ ၁၉၇၁ ခုနှစ် အောက်တိုဘာလမှ ၁၉၇၄ ခု မတ်လအထိ စာရင်းများကို ပါတီစာရင်းစစ်များ လာရောက်စစ်ဆေးပြီးနောက် ငွေစာရင်းများနှင့်ပတ်သက်၍ ကန့်ကွက်ရန် မရှိကြောင်းပါတီစာရင်းစစ်က မှတ်ချက် ပေးခဲ့လျက် ပါတီဌာနချုပ်အအေးခန်းတွင် ထည့်သွင်းထားရှိခဲ့သည်မှာ အဖြစ်ရာ ချင်တော့မှ အနာအဆာရှာဖွေရင်းတွေ့မိတွေ့ရာ စာရင်းအတိုအစတွေကို တင်ပြခြင်းမှု သာဖြစ်ပါကလား)

(ထိုမှတစ်ဖန် ဆက်လက်သုံးသပ်မိပြန်တော့သည်မှာ ဦးကျော်အုန်းသည် တပ်မတော်တွင် ဗိုလ်ကြီးရာထူးအဆင့်အထိလည်း ရောက်ရှိတာဝန်ထမ်းခဲ့သည်။ ပျက်ပြုန်းသွားသော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီတွင်လည်း ဦးလည်မသုန် တာဝန်ထမ်းရွက်ခဲ့သည်။ သူသည်ရှေ့ဖြစ်ကို ကြိုတင်မမြင်စွမ်းသောကြောင့်သာလျှင် ကျွန်မ၏ ဘခင်တို့လိုဖြောင့်မှန်သော တစ်နည်းအားဖြင့် နိုင်ငံရေးလုပ် မစားတတ်သော ပုဂ္ဂိုလ်များ၏ လမ်းအတိုင်းလိုက်ခဲ့မိသောကြောင့် ဖြုတ်ထုတ်နှင်းချခြင်းကိုခံ လိုက်ရလေသည်ဟု ကျွန်မလည်း **ရင်ထုမနာဖြစ်ရပါသည်။ ၁-၉-၁၉၇၇** တုန်းက လက်တွဲဖြုတ်ခဲ့ရသူများအတွက် ဝမ်းနည်းသည်ဆိုသော မိန့်ခွန်းမှစကားတစ်ခွန်းကို ကောက်နှုတ်ပြီးကျွန်မလည်း ရင်ထုမနာဖြစ်ရပါသည်ဟု စာဖတ်ပရိသတ်ကြီးမတွေ့ မမြင်လိုက်မှာ စိုးရိမ်သောကြောင့် ထင်ထင်ရှားရှား နာကျင်စွာရေးပြလိုက်ရခြင်း ဖြစ်ပါ၏။ ဦးကျော်အုန်းသာ အသက်ထင်ရှားရှိနေသေးပါမူ သို့တည်းမဟုတ် သူ့ဆွေမျိုး ရင်းချာတွေများသာ ဤ အတ္ထုပ္ပတ္တိကို ဖတ်ဖြစ်ခဲ့ပါမူ သူသည်အမှန်သမားများဘက်မှ

ည်ခဲ့သူအဖြစ် ပြန်လည် ဖော်ထုတ်ခံရသည်အတွက် သူမတူအောင် ဂုဏ်ရှိလှ ည်ဟု အားပေးလိုက်ချင်လှပါ၏။) ၁၉၇၁ ခုနှစ် အောက်တိုဘာလတွင် ကျသည် နိုင်ငံတော်ဖွဲ့စည်းပုံ ရေးဆွဲရေးကော်မရှင်ရုံးတွင် တာဝန်ယူ ဆောင်ရွက် က ရုံးအဖွဲ့မှူးအဖြစ် တာဝန်ယူရပြီး ကျွန်တော်၏လက်အောက်တွင် ပါတီဝန်ထမ်း အ ၂၅ ယောက်နှင့် ဥပဒေဘွဲ့ရ လုပ်အားပေး ၇၅ ဦး အပါအဝင် စုစုပေါင်း တစ်ရာခန့် ပါဝင်ဆောင်ရွက်ရပါသည်။ ကော်မရှင်ရန်ပုံငွေကို ၁၉၇၁-ခုနှစ် အောက်တိုဘာလမှစပြီး ပြီးဆုံးသည်အထိအောင် ငွေတာဝန်ခံဖြစ်သော ဦးထွန်းလင်း ငွေစာရင်းလုပ်ငန်းများကို လုပ်ပေးခဲ့ရပါသည်။ ငွေစာရင်းတာဝန်ခံအဖြစ် ကိုင်ခဲ့သည့် ၂ နှစ်ခွဲအတွင်း ဦးထွန်းလင်းသည် ငွေတစ်သိန်းကျော်မျှ ကျွန်တော့် မှ အလီလီ ထုတ်ယူ၍ သုံးစွဲခဲ့ပါသည်။ ထုတ်ယူသုံးစွဲသည့်ငွေများမှာ တစ်ကြိမ်လျှင် ည်း ဆုံးသုံးထောင်နှင့် အများဆုံးနှစ်သောင်းအထိ ထုတ်ယူသုံးစွဲပါသည်။ ကျွန်တော့် နေဖြင့် ထုတ်ပေးသည့်အခါ ယာယီငွေအပ်ပြေစာပြုလုပ်၍သော ဦးထွန်းလင်း က်မှတ်ရေးထိုးပြီး ထုတ်ပေးခဲ့ပါသည်။ ဦးထွန်းလင်းမှသုံးစွဲပြီးသည့်အခါ ၎င်းပြု လာသော ငွေအသုံးစာရင်းပြေစာများဖြင့်လည်းကောင်း၊ ၎င်း၏ညွှန်ကြားချက်အရ ကျွန်တော် ပြေစာပြုလုပ်ပေးရသည်များလည်းရှိပါသည်။ ၎င်းပြေစာများဖြင့် ပယ်ငွေစာရင်း ို့ သွင်းခဲ့ရပါသည်။ တစ်ခါတစ်ရံတွင် ဦးထွန်းလင်း ထုတ်ယူထားသည့်ငွေမှာ ကြိမ် များနေသဖြင့် ကျွန်တော်က မှတ်ထားသည့် စာရင်းများကို တင်ပြသည့်အခါ ည့်ခံစာရင်းတွင် ပြပြီးစာရင်းရှင်းလိုက်ပါဟု ညွှန်ကြားခဲ့သဖြင့် ကျွန်တော်က ထိုငွေ များအတွက် ကျွန်တော်က ပြေစာပြုလုပ်ပြီး အမှန်ကုန်ကျသည်ထက် ပိုပြပြီး ရင်းသွင်းခဲ့ရပါသည်။ ပြေစာများ ပြုလုပ်ပြီး စာရင်းသွင်းခဲ့သည့်ငွေများမှာ ခြောက် သောင်းကျော်ဖြစ်ပြီး ထိုပြေစာများကို ဦးထွန်းလင်းက ပြုလုပ်ပေးခဲ့ပါသည်။ ဧည့်ခံ ရိတ်အနေဖြင့် ကျွန်တော်ညှိနှိုင်းစာရင်းပြုလုပ်ပေးခဲ့ရသည့် ငွေပေါင်းမှာ ခုနစ် သောင်းကျော်ဖြစ်ပါ၍ သည်နှစ်ရပ်ပေါင်းမှာ ငွေတစ်သိန်းနှင့် ခုနစ်သောင်းကျော် ရှိသည် ထင်ပါသည်။ အတိအကျမတင်ပြနိုင်ခြင်းမှာ ကျွန်တော့်တွင် မှတ်စုမှတ်တမ်း

များ အပြည့်အစုံမရှိတော့၍ ဖြစ်ပါသည်။ ကော်မရှင်ဆောင်တာဝန်ခံ ဦးထွန်းလင်း အား အနည်းဆုံး၃၀၀ဝိ/-မှ အများဆုံး၂၀၀၀ိ/- အထိ ထုတ်ပေးခဲ့ရပါသည်။ မည်သည့်အကြောင်းကိစ္စများအတွက် သုံးစွဲသည်ကို မသိရပါ။ ဦးထွန်းလင်းမှာ ကော်မရှင်ရန်ပုံငွေထုတ်ယူခြင်း၊ သုံးစွဲခြင်းနှင့်ပတ်သက်ပြီး အာဏာအရှိဆုံး ပုဂ္ဂိုလ် အဖြစ် ပါတီဌာနချုပ်မှ အသိအမှတ်ပြုထားသည့်စာ၊ ညွှန်ကြားချက်ရှိပါသည်။ ဤ ငွေများကို မှန်ကန်စွာသုံးစွဲသည် မသုံးစွဲသည်ကို ကျွန်တော့်အနေဖြင့် မသိနိုင်ပါ။ ကော်မရှင်အနေဖြင့်ညစာထမင်းစားပွဲများ ပြုလုပ်သည့် အခါများတွင်လည်းကောင်း၊ ဦးထွန်းလင်းမိသားစုအတွက် စားသောက်ဖွယ်ရာများကို၂၀ိ/-၃၀ိ/-ဖိုးခန့် ဝယ်ပြီးပေးပို့ ခဲ့ရပါသည်။ ဧည့်ခံပွဲအကြိမ်ပေါင်းမှာအကြီး (၉)ကြိမ် နှင့် အသေးထမင်းစားပွဲ(၅)ကြိမ်ခန့် ရှိခဲ့ပါသည်။ ကော်မရှင်လုပ်ငန်းများပြီးဆုံးပြီးနောက် ၁၉၇၄-ခုနှစ် မတ်လ(၃၁)ရက် နောက်ပိုင်း၌ ငွေစာရင်းချုပ်ကို ပါတီဌာနချုပ်သို့ ထုပ်ပိုးသယ်ဆောင်ယူလာခဲ့ကြပါသည်။ ကျွန်တော့်အနေဖြင့်စာရင်းအစစ်ခံရန် ၃/၄ ကြိမ်မျှ ဦးထွန်းလင်းသို့တင်ပြမှ အစစ်ခံရန် ကျွန်တော့်အား ညွှန်ကြားခဲ့ပါသည်။ ညွှန်ကြားသည့်အတိုင်းပါတီစာရင်းစစ်များ လာရောက်စစ်ဆေးပြီးနောက် ငွေစာရင်းများနှင့်ပတ်သက်၍ ကန့်ကွက်ရန်မရှိကြောင်း ပါတီစာရင်းစစ်က မှတ်ချက်ပေးခဲ့ပါသည်။ ၎င်းနောက်စစ်ဆေးပြီးသည့် စာရင်းအားလုံး ကို ထုပ်ပိုးပြီး ပါတီဌာနချုပ်အအေးခန်းတွင် ထည့်သွင်းထားရှိခဲ့သည်မှာ ယနေ့အထိ ဖြစ်ပါသည်။ (ဤနေရာ၌ စာရေးဆရာ တွေးခေါ်စဉ်းစားမိသည်မှာ ကော်မရှင်ရန်ပုံ ငွေကိစ္စများနှင့်ပတ်သက်၍ ဦးထွန်းလင်း စေခိုင်းသည့်အတိုင်း ကျွန်တော်လုပ်ကိုင် ပေးခဲ့ရပါသည်။ ထိုကဲ့သို့ လုပ်ကိုင်ပေးရခြင်းမှာ ကျွန်တော့်အတွက် အဆိုအဆဲ သက်သာမှု၊ မျက်နှာရလိုမှုတို့အတွက် လုပ်ကိုင်ပေးခဲ့ရခြင်း ဖြစ်ပါသည်။ ကျွန်တော် ကိုယ်ကျိုး မပါဝင်ခဲ့ပါ။ ဦးထွန်းလင်းအတွက် ကိုယ်ပိုင်အခွင့်အရေးများ ရနိုင်ဖွယ်ရှိ သည်ဟု ကျွန်တော် ထင်ပါသည်။ ဦးထွန်းလင်းအား ပါတီဌာနချုပ်မှ အားလုံးက ကြောက်နေရသူဖြစ်ပြီး ကျွန်တော်လည်း ကြောက်နေရသူဖြစ်ပါသည်။ ဤကဲ့သို့ ဦးထွန်းလင်း ကိုယ်ကျိုးအတွက် လုပ်နေသည်ဟု သံသယဖြစ်ဖွယ်တွေ့ရှိရသော်လည်း

းအထက်ပုဂ္ဂိုလ်များသို့ ကျွန်တော့်အနေဖြင့် မပြောရဲ၍ မပြောခဲ့ခြင်း ဖြစ်ပါသည်။ ကျွန်တော်လုပ်သက် အနှစ် ၄၀ အတွင်း ကျွန်တော်သည် မည်သည့်ဥပဒေစည်း ချိုးဖြင့်မှု အရေးယူ အပြစ်ပေးမခံခဲ့ရဘူးပါ။

(ဤတွင်သတင်းစာပါ ဦးကျော်အုန်း ဖြောင့်ဆိုချက်တစ်ရက်တာပြီးခဲ့ ပွားခဲ့ပါတော့သည်။ သမိုင်းမှတ်တမ်းတင်သူ ကျွန်မလည်း ကွန်ပျူတာစာရိုက်ရင်း အနှစ်သုံးဆယ်ကျော်တုန်းက လောလောလတ်လတ်အတိတ်ကို ပြန်လည် စဉ်းစား ရင်းသပ်နေမိပြန်ပါသည်။) ၁၉၇၈ ခုနှစ်တုန်းက ငွေကြေးတန်ဖိုးက ယနေ့ ၂၀၁၄ နှင့် နှိုင်းစာလျှင် အဆတစ်ရာသာသည်ပဲထားပါ။ သူတို့မိသားစု စားသောက်ရတာ အဆင်သောင်းသုံးသောင်းဖိုးထက် မပိုနိုင်။ ခုတော့ အဲသည်တုန်းက ပြောရက်လုပ် ရက်သည့် အာဏာရှင်စနစ်ဆိုးမှာ ပြည်သူတစ်ယောက်ကို ကားစင်တင်ပြီး သတ်ပစ် ထည့်နှယ် ရန်ရှင်းကြမ်းကြုတ်လှပါပေသည်။ မိမိတို့၏ကိုယ်ကျင့်သိက္ခာ၊ မိမိတို့၏ ယုံကြည်ချက်ဖြင့်စေလိုရာစေ အလုပ်ကိုတန်ဖိုးထားပြီးဦးလည်မသုန်ထမ်းရွက်လာ သူတို့အား ကျွန်မစာနာမိပါသည်။ ဘာမှခုခံချေပခွင့်မရှိကြလေသည့် ကျွန်မမမြင်ဘူး လိုက်သော(အန်ကယ်) ဦးထွန်းလင်းသည် ခုဆို ဘဝတစ်ပါးသို့ ပြောင်းရွှေ့သွား ခဲ့တာ ကြာပါပြီ။

သူနှင့်ည်းတူပင် ကျွန်မ မမြင်ဘူးလိုက်သော (အန်ကယ်)ဦးသန်းစိန်သည် လည်း ကျွန်မ၏ချစ်လှစွာသော ဖေဖေလူရိုးလူဖြောင့်ကြီး ဦးတင်ဝင်းညိုနည်းတူ ဘမလွန်ဘဝသို့ ကူးပြောင်းခဲ့ပါပြီ။ သူတို့တွေသည် ပြည်သူပိုင်နို့ဆီ၊ သကြား၊ ဖိုးကရက်ကို စားသုံးသည်ဟု “အဲသည်ခေတ်စစ်အာဏာရှင်များ”က စွပ်စွဲအကျဉ်း ချ ကျွန်းချခြင်းကို ခံယူခဲ့ကြရပါသည်။

သို့ဖြစ်ခဲ့ကြရသည့်တိုင် “အဲသည်ခေတ်စစ်အာဏာရှင်များ” ထံမှ အာဏာ ကို လက်လွှဲရရှိခဲ့သူ ဗိုလ်ချုပ်မှူးကြီး(ငြိမ်း)သန်းရွှေ ဗိုလ်တင်ဝင်းညိုဟာ လူကောင်း ပါကွာဟု မှတ်ချက်ချသည်ဟု တစ်ဆင့်စကား ပြန်ကြားဖူးခဲ့ရသည့်အတွက် ကျွန်မ တို့မှာ ငုံခံနေရရာမှ အတန်ငယ် အသက်ရှုပေါက်ကလေး ရှိရဖူးပါသည်။ ဖေဖေ

ရောဝတီတိုင်း၊ ကျုံပျော်-ပုသိမ်တို့တွင် စစ်ဆင်ရေးဝင်ခဲ့စဉ်က ဗိုလ်ချုပ်မှူးကြီး (ဟောင်း)မှာ ဗိုလ်မှူးအဆင့်သာရှိသေးလျက် အလုပ်တွဲလုပ်ခဲ့ကြဖူးသည်ဟု သိရပါသည်။

သူကိုယ်တိုင်သည် အခါမသင့် အခွင့်မသာခဲ့စဉ်တုန်းက မျက်နှာအောက်ချနေလာရသောကြောင့် သူ့အလှည့်ရောက်လာသောအခါ ပုံလုံတလှည့် ငါးပုံတလှည့် ကျင့်သုံးခဲ့သည်ဟု ကြားဖူးသုံးသပ်မိပါသည်။ သူ့အလှည့်ရောက်ခဲ့ပါ၏။ သူခံခဲ့ရာမှ လက်တုံ့ပြန်လက်စားချေခွင့်ရခဲ့ပါ၏။ တိုင်းပြည်သူတွေမှာမူကား တစ်မင်းတက်လည်း ဖွဲ့ကြွဲ နောက်တစ်မင်းတက်ပြန်လည်း ဖွဲ့ကြွဲ၊ အဆင်းရဲဆုံးတိုင်းပြည်၏ အမွဲတေ်ဆုံးဘဝများမှ နာလန်မထူနိုင်သေးဘဲ လူးလိမ့်ခံစားနေကြရဆဲပါဟု သူကြားအောင်ဟစ်ကြွေးချင်လှပါသည်။ **မည်သူကမျှ ကျွန်မကို ပြောပြနား ချစရာမလိုဘဲ အလိုအလျောက် ကျွန်မခံစားနေမိသည်မှာ သူကိုယ်တိုင်က စိတ်တုကြည်သာလို့လား ခွင့်ပြုသောကြောင့် ခေတ်ပြောင်းလဲခွင့်ရလာပြီး ကျွန်မတို့ပြည်သူတွေသည် ပွင့်လင်းမြင်သာဟန်ရှိသော ခေတ်သို့ ရောက် ရှိလာကြရပါသည်။**

အရင်စစ်အာဏာရှင်လက်ထက်မှသည် ယခုထက်တိုင် မချိမဆံ့ အဖိအနှိပ်ခံနေရဆဲ ဖြစ်သောကြောင့် နာကျင်ခံစားထားရသူတို့က လက်တုံ့ပြန်ကာ ဖြုတ်ထုတ်သတ်ကြမည့် အန္တရာယ်မှလွတ်ကင်းအောင် သူလည်း သူကိုသူ ကာကွယ်ထားမည်မှာ မဆန်းလှသောလောက ဓမ္မတာတစ်ခုပင်ဖြစ်ပါသည်။

**သို့ပါသော်လည်းသူ၏ နောက်ဆုံးအချိန်တွေမှာ တိုင်းပြည်အတွက် သူစဉ်းစားဖို့ လိုအပ်သလို သမိုင်းမှန်တွင် သူ့နာမည်ကို အဖတ်ဆည်ထားရစ်ခဲ့ဖို့ အလွန်အမင်း လိုအပ်လှပါသည်။ တည်းတည်းကလေး မီနိုင်လောက်သေးသည့် သည်အချိန်တွင် ပျက်စီးခဲ့ရသောဘဝတွေကို တတ်စွမ်းသမျှ ကူညီမြှင့်တင်ခဲ့ပါဟု မျှော်လင့်စွာ သတိပေးလိုက်ရပါတော့သည်။)**

အများပြည်သူနှင့် အုပ်ချုပ်သူတို့အတွက် နှစ်ဦးနှစ်ဖက်အလွန် အရေး

ငြိုးသောကိစ္စဖြစ်သည်ဟု ယူဆမိသော စာရေးဆရာဦး ဦးအရ လူသိရှင်ကြား ကြညာလိုက်ရပြီးသကာလ ဤနေရာမှစ၍ ဖေဖေ၏သမိုင်းမှန် အတ္ထုပ္ပတ္တိကို ပြန်လည်ဆက်လက်ရေးသားပါမည်။

"အဲသည်ခေတ်စစ်အာဏာရှင်များ" ထဲမှ ဖေဖေတို့ကို ဖြုတ်ချအောင် အားပေးခဲ့သော မျက်မှန်ကြီး၏ညီတော်စပ်သူက ဦးတင်ဝင်းညိုဟာ နိုင်ငံရေး လုပ်တတ်တဲ့ဟု ကရုဏာဒေါသောလား၊ ပြက်ရယ်ပြုတာလား မသိတဲ့ မှတ်ချက် သည်ဟု တစ်ဆင့်စကား ပြန်ကြားခဲ့ရဖူးပါသည်။ ပွင့်လင်းမြင်သာဟန်ရှိသော တ်သို့ ရောက်ရှိနေသော ကျွန်မက" မျက်မှန်ကြီး၏ ညီတော်စပ်သူကို "ဦးတင် ညိုသည် နိုင်ငံရေးလုပ်မစားတတ်သူ ဖြစ်ပါလိမ့်မည်၊ သူ့တွင် ပြည်သူလူထု ကို ရက်စက်တတ်သော အသည်းနှလုံးမရှိခဲ့တာတော့ သေချာပါသည်" ဟု အဲသည် တစ်ခွန်း" ပြောပြခွေးနွေးလိုက်ချင်လှပါတော့၏။

၁၉၇၈ ခုနှစ် ဖေဖော်ဝါရီလ (၁၀)ရက်နေ့တွင် မသမာမှုနှင့်အလွဲသုံးစားမှု ရားလိုပြသက်သေများစစ်ဆိုသော ခေါင်းစဉ်အောက်တွင် စီးပွားရေးမသမာမှုများ ် အလွဲသုံးစားမှုများဖြင့် တရားစွဲဆိုခြင်းခံရသော ဦးသန်းစိန်နှင့် ပတ်သက်သည့် ်မှုကြီးအမှတ်(၇/၇၈)နှင့် (၈/၇၈) ဦးဇော်ဖေနှင့်ပတ်သက်သည့် ပြစ်မှုကြီးအမှတ် ၁/၇၈)နှင့်(၁၂/၇၈) ဦးတင်အေးကျော်နှင့်ပတ်သက်သည့် ပြစ်မှုကြီးအမှတ် (၁၃/ ၈)တို့ကို ရန်ကုန်တိုင်း တရားစီရင်ရေးအမှတ်(၆၃)က စစ်ဆေးပါသည်။ ယင်းစစ် ဆေးချက်များသည်လည်း ဖေဖေ့အမှုနှင့် မသက်ဆိုင်သည့်အတွက် ကျွန်မတို့က တရားရုံးသို့ သွားရောက်နားထောင်ရန် မလိုအပ်ခဲ့ပါ။ သို့သော် အများပြည်သူ တ်ရှုကြရစေလိုသောဆန္ဒဖြင့် ကျွန်မက ၁၁-၂-၁၉၇၈ နေ့ထုတ် လုပ်သားပြည်သူ နေ့စဉ်သတင်းစာ စာမျက်နှာ ၅ ကော်လံ ၂ ၃ ၄ နှင့် ၅ တို့မှ ကူးယူတင်ပြအပ် ပါသည်။

အဆိုပါ အမှုများအနက် တရားစီရင်ရေးအဖွဲ့က ဦးသန်းစိန်နှင့်ပတ်သက် သော ပြစ်မှုကြီးအမှတ်(၇/၇၈)နှင့်(၈/၇၈)တို့ကို စစ်ဆေးရန် ဖေဖော်ဝါရီလ ၁၃

ရက်ကို လည်းကောင်း၊ ဦးတင်အေးကျော်နှင့်ပတ်သက်သည့် ပြစ်မှုကြီးအမှတ် (၁၃/ ၇၈)ကို စစ်ဆေးရန် ဖေဖော်ဝါရီလ (၁၄)ရက်နေ့ကို လည်းကောင်း ချိန်းဆိုလိုက်ပြီး ဦးဇော်ဖေနှင့် ပတ်သက်သော ပြစ်မှုကြီးအမှတ် (၁၁/၇၈)နှင့် (၁၂/၇၈)တို့ကို စစ်ဆေး၏။

## ဦးဇော်ဖေအမှု

ထိုသို့စစ်ဆေးရာတွင် ဦးဇော်ဖေနှင့်ပတ်သက်သော ပြစ်မှုကြီးအမှတ် (၁၁/ ၇၈)နှင့် (၁၂/၇၈)နှစ်မှုအနက်(၁၂/၇၈)ကို စတင်စစ်ဆေးရာအမှုများနှင့်ပတ်သက်၍ တရားစွဲဆိုသူတရားလိုပြသက်သေ(၁) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးမောင်မောင်က အစစ်ခံထွက်ဆိုရာတွင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီမှ ပုဂ္ဂိုလ်အချို့ စီးပွားရေးမသမာမှုများ ပြုလုပ်နေကြောင်း သတင်းရ၍ ညွှန်ကြားရေးမှူးချုပ်က မိမိအား ယင်းကိစ္စကို စုံစမ်းစစ်ဆေးရန် ၁၇-၉-၇၇ ရက်တွင် တာဝန်ပေးအပ်ခဲ့ကြောင်း၊ ယင်းတာဝန်ပေးအပ်ချက်အရ ဦးစီးဌာနမှ အရာရှိများအား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေးကော်မရှင်ရုံး-ရုံးအဖွဲ့ဝင်တစ်ဦး ဖြစ်သည့် ဦးဖုန်းသန့်၊ ဗဟိုစာရင်းရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းမောင်၊ သက်သေ ဦးနွဲ့လှိုင်၊ သက်သေ ဦးနီထွတ်၊ သက်သေ ဦးမောင်မောင်အေး၊ သက်သေ ဦးသန်းဝင်းနှင့် ဦးစံထွန်း၊ သက်သေ ဦးအုန်းစိန်၊ မိုးနဲ့ရလတ အတွင်းရေးမှူးဟောင်း ဦးဘသောင်း၊ လွှယ်လင် နလကဥက္ကဋ္ဌဟောင်း ဗိုလ်မှူးဖေသိန်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကြီးတင်ပြင်ဆင်မှု ကော်မတီရုံးစာရေး ဦးတင်ထွတ်၊ တောင်ကြီးအမှတ်(၂) ထောက်လှမ်းရေးတပ်မှ ဗိုလ်ကြီးစိုးဝင်းနှင့် တပ်ကြပ်ကြီးမြင့်ဆွေ၊ မော်လမြိုင်မြို့ရှိ အရှေ့တောင်တိုင်းစစ်ဌာနချုပ်ရှိ ရိပ်သာမှူး ဦးတင်အောင်၊ ထားဝယ်မြို့မှ သက်သေ ဦးသိန်းညွှန့်၊ ဦးအုန်းမြင့်၊ ဘားအံမြို့မှ သက်သေ ဦးသောမတ်စီနှင့် ဦးမောင်မောင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကြီးတင်ပြင်ဆင်မှုကော်မတီရုံး၊ ရုံးအဖွဲ့မှူးဟောင်း ဦးထွန်းငွေနှင့် ယင်းကော်မတီအတွင်းရေးမှူး ဦးဇော်ဖေတို့ကို စစ်ဆေးစေခဲ့ကြောင်း။

စီမံခန့်ခွဲပြီးအဖွဲ့ခွဲ (၂)အတွက် အသုံးစရိတ်ကို ဦးထွန်းလင်းကပင် ယင်းအဖွဲ့ခွဲ (၂) အတွင်းရေးမှူး ဦးဇော်ဖေကို ထုတ်ပေးခြင်းဖြစ်ကြောင်း၊ ကြို့တင် ပြင်ဆင်မှု ကော်မတီ၏ အသုံးစရိတ်တာဝန်ခံသည် ဦးဇော်ဖေဖြစ်ကြောင်း ထွက်ဆိုသွား၏။ ထို့နောက် ဦးမောင်မောင်က တရားခံ၏ အကျိုးဆောင်မေးမြန်းသော မေးခွန်းများနှင့် တရားလိုအကျိုးဆောင်၏ မေးမြန်းသော ဖြေရှင်းမေးခွန်းများကို ဖြေကြား ထွက်ဆို သွား၏။

**ဦးဖုန်းသန့်**

ထို့နောက် တရားလိုပြသက်သေ(၂)ပါတီဌာနချုပ်မှ လက်ထောက်စီစစ်ရေး မှူး ဦးဖုန်းသန့်ကို ဆက်လက်စစ်ဆေးရာ ဦးဖုန်းသန့်က မိမိသည် နိုင်ငံတော်ဖွဲ့စည်း ပုံ အခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်ရုံးတွင် အောက်တန်းစာရေးအဖြစ် အမှုထမ်းခဲ့စဉ်က ဦးဇော်ဖေ ခရီးထွက်သည့်အခါတွင် မိမိလိုက်ပါရကြောင်း၊ ခရီးထွက် သည့် အသုံးစရိတ်များကို ဘောင်ဝင်အောင် မိမိက လုပ်ပေးရကြောင်း၊ စာရင်းအင်းများ ဘောင်ဝင်ရန် မိမိကလုပ်ပေးရသည်ဆိုသည်မှာ ရုံးအဖွဲ့ အမှုထမ်းများနှင့် ကော်မရှင် အဖွဲ့ဝင်များ ခရီးထွက်သည့်အခါ တစ်ဦးလျှင် တစ်နေ့ငွေကျပ် ၁၀ ခွင့်ပြုထားသည့် အနက် အမှန်ရှိသည့် လူဦးရေထက် ကုန်ကျငွေများ ပိုမိုများပြားလာသည့်အခါ လူဦးရေကို တိုးပြခြင်းမျိုးဖြစ်ကြောင်း။

**အရက်ဖိုး**

ဦးဇော်ဖေက ခရီးထွက်သည့်အခါတွင် ရန်ကုန်မှစီးကရက်နှင့် အရက်များ ငွေကျပ် ၇၀၀ ဖိုးခန့် ဝယ်သွားကြောင်း၊ ယင်းအရက်ဖိုး၊ စီးကရက်ဖိုးများအတွက် လူတိုးပြီး စာရင်းပြရကြောင်း၊ ၁၉-၄-၇၇ ရက်က မိုးနဲ့တွင်ကော်မရှင်အဖွဲ့ဝင်များနှင့် ရုံးအဖွဲ့ဝင်များ တရားဝင် ၁၄ ဦးပါရှိ၍ ယင်းလူ ၁၄ဦး အတွက် ၁၄၀ သာ သုံးရမည်ဖြစ်သော်လည်း ငွေကျပ် ၄၁၀ သုံးထား၍ လူ ၄၀ ဟု စာရင်းပြခဲ့ရကြောင်း၊ ထို့အတူ လွိုင်လင်၊ တောင်ကြီးခရီးစဉ်မှာလည်းလူစာရင်းများ ပို၍ပြခဲ့ရကြောင်း၊ ထိုသို့မိုးနဲ့မြို့တွင် မိမိလူစာရင်းများတိုး၍ ပြခဲ့သော်လည်း အမှန်မှာ ကော်မရှင်

ပွဲဝင်များနှင့် ရုံးအဖွဲ့ဝင်များကို မိုးနဲမြို့နယ် လအကနှင့် ပါတီတို့က ညှိခံ
ကူးမွေးခြင်းဖြစ်ပြီး ကော်မရှင်အဖွဲ့ခွဲအနေနှင့် ကျခံသုံးစွဲခြင်းမရှိခဲ့ကြောင်း ထွက်
၍ သက်သေခံအဖြစ် တင်ပြထားသော စာရင်းဇယားများမှ ၎င်းကိုယ်တိုင်ပို၍
သခဲ့သော လူစာရင်း ငွေစာရင်းများကို ပြသထွက်ဆိုသွား၏။

## ရက်ချိန်း

ထို့နောက် တရားခံအကျိုးဆောင်က သက်သေကို ပြန်လှန်မေးခွန်းများ
မေးမြန်းပြီး တရားခံအကျိုးဆောင်ကပင် သက်သေအား မေးခွန်းများဆက်လက်
မေးမြန်းရန်နှင့် စာရင်းဇယားများကို စစ်ဆေးကြည့်ရှုရန် ရက်ချိန်းတောင်းရာ သက်
သေအား ပြန်လှန်မေးခွန်းများမေးရန်နှင့် အာမခံလျှောက်ထားချက်အပေါ် နှစ်ဖက်သော
အကျိုးဆောင်များ လျှောက်လဲချက်ပေးရန်အတွက် လည်းကောင်း၊ ပြစ်မှုကြီးအမှတ်
(၁၁/၇၈)ကို တင်ပြရန်အတွက်လည်းကောင်း၊ တရားစီရင်ရေးအဖွဲ့က ဖေဖော်ဝါရီလ
၇ ရက်သို့ချိန်းဆိုလိုက်၏။

## အကျိုးဆောင်

ဦးဇော်ဖေနှင့်ပတ်သက်၍ ပြစ်မှုကြီးအမှတ် (၁၂/၇၈)နှင့်(၁၁/၇၈)တို့
နှင့်ပတ်သက်၍ တရားလိုအကျိုးဆောင်များအဖြစ် ဗဟိုဥပဒေရုံး ဥပဒေဝန်ထမ်း
အဆင့်(၁) ဦးဘမောင်နှင့် အဆင့်(၃)များဖြစ်ကြသော ဦးမြသိမ်းနှင့် ဦးတင်လှိုင်
တို့က ဆောင်ရွက်ကြပြီး တရားခံအကျိုးဆောင်အဖြစ် ဗဟိုတရားရုံးရှေ့နေ ဒေါ်မြင့်
မြင့်ခင်နှင့် ဦးအုန်းမောင်တို့က တွဲဖက်ဆောင်ရွက်ကြ၏။ ဦးသန်းစိန်နှင့်ပတ်သက်
သည့် ပြစ်မှုကြီးအမှတ် (၇/၇၈)နှင့်(၈/၇၈)တို့တွင်လည်း ဦးဇော်ဖေအမှုတွင် လိုက်ပါ
ဆောင်ရွက်ကြသည့် အကျိုးဆောင်များကပင် ဆောင်ရွက်ကြ၏။

ဦးတင်အေးကျော်နှင့်ပတ်သက်သည့် ပြစ်မှုကြီးအမှတ် (၁၃/၇၈)တွင် တရား
လို အကျိုးဆောင်များအဖြစ် ဦးဘမောင်ခေါင်းဆောင်သော အကျိုးဆောင်များကပင်
ဆောင်ရွက်ကြပြီးဦးတင်အေးကျော်၏ အကျိုးဆောင်အဖြစ် ဗဟိုတရားရုံးရှေ့နေ
ဦးခင်မောင်ကြီးက လိုက်ပါဆောင်ရွက်၏။ (သတင်းစဉ်)

သတင်းစာဟောင်းများကို ပြန်လည်ကြည့်ရှုရင်းမှသာလျှင် ဖေဖေ့ အမှုတွဲတွေကို ဖေဖော်ဝါရီလ ၁၅ ရက်နေ့နှင့် ၁၆ ရက်နေ့မှာ စစ်မည်ဖြစ်ပြီး ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ဦးဇော်ဖေနှင့်ပတ်သက်သော အမှုများကို စစ်ဆေးမည်ဖြစ်ရာ တစ်ဆက်တည်းစစ်ဆေးနေခဲ့တာပါလားဟု ပြန်လည်သတိရလာပါသည်။ တရားဥပဒေမရှိခဲ့သောကြောင့် ခုခံဖြေရှင်းချေပနိုင်ခွင့်မရှိကြဘဲ မတရားသဖြင့် တစ်ဖက်သတ်ခံခဲ့ရသူတွေ၏ ကိုယ်စားသမိုင်းမှန်ကို ဤမျှနှစ်ပေါင်း ၃၆ နှစ် ကြာမြင့်ခဲ့ပြီဖြစ်သည့်အတွက် မေ့လျော့နေသမျှသော အမှန်တကယ်ဖြစ်ပျက်ခဲ့သည့် သတင်းဟောင်းတွေကို ရှင်းပြဖော်ပြခွင့်ရလာခိုက် တစ်ဖန်ပြန်လည် စုစည်းရှာဖွေပြီး သမိုင်းပေးတာဝန်အရ စာရေးဆရာကျွန်မက နောက်ကြောင်းပြန် မှတ်တမ်းတင်နေခြင်းဖြစ်ပါ၏။

ဦးသန်းစိန်နှင့်ပတ်သက်သော ပြစ်မှုကြီးအမှတ် (၇/၇၈)နှင့် (၈/၇၈) တို့ကို ဖေဖော်ဝါရီလ ၁၃ ရက်တွင် ဆက်လက်စစ်ဆေးခဲ့သည့်အတွက် ကျွန်မက ၁၉၇၈-ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်ထုတ် လုပ်သားပြည်သူ့နေ့စဉ် သတင်းစာဟောင်းစာမျက်နှာ ၅ ကော်လံ၂ ၃ ၄ နှင့် ၅ တို့တွင် ပြန်လည်ဖတ်ရှုကာ ဖေဖေတို့မတရားစွပ်စွဲခံခဲ့ရသော သမိုင်းကြောင်းကို ပြန်လည်တင်ပြလိုက်ပါသည်။ ကော်လံ ၂ တွင်ဖော်ပြထားသော တရားလိုပြသက်သေ (၃)ဦးလှသိန်းက တရားစီရင်ရေးအဖွဲ့(၆၃)တွင် အစစ်ခံထွက်ဆိုစဉ် (သတင်းစဉ်)ဆိုသော ဓာတ်ပုံကို ရှေးဦးစွာ ကြည့်မိပါသည်။ သူ့ကို ဦးရဲတင်ဝင်းထက်ပင် ပိုပြီး ကာလရှည်ကြာရင်းနှီးခင်မင်ဖူးပါသည်။ အမှုဖြစ်ကြကတည်းက သူတို့ကိုယ်တိုင် ကြောက်လန့်သောကြောင့်သော်လည်းကောင်း၊ မဆက်သွယ်ရန်သူတို့ကို ဖိအားပေးထားသောကြောင့်သော်လည်းကောင်း၊ ခုလောက်ကြာမြင့်ပြီးတာတောင်မှ ပေါ်မလာသည်ကတော့ သူတို့မတရား စွပ်စွဲခဲ့ရတာတွေကို အားနာသောကြောင့်သော်လည်းကောင်း၊ သေသည်ရှင်သည်မသိ၊ သူ့ကိုတစ်ခါမျှ မတွေ့ရတော့ပါ။ သူသည် အဲသည်ပုံထဲမှာကဲ့သို့ပင် ပိန်ပိန်ပါးပါးပင်ဖြစ်ပါသည်။ အတော်ကလေး အဗျင်းခံထားရဟန်တူသည်ဟု သူ့ကိုကျွန်မက

းများမိပါသည်။ ကျွန်မတို့ နားလည် ခွင့်လွှတ်ပါသည်ဟု ပြောကြားလိုက်ချင်မိပါ၏။ တင်းစာပါ စာလုံးများကို ဖတ်ရှု ပါသည်။

**ရက်ချိန်း**

ရှေ့ဦးစွာ တရားခံအတွက် အာမခံပေးရန်လျှောက်ထားချက်နှင့်ပတ်သက် အကျိုးဆောင်များက လျှောက်လဲချက်များပေးကြပြီး တရားစီရင်ရေးအဖွဲ့က အမိန့် မှတ်ရန် ဖေဖော်ဝါရီလ ၂၀ ရက် သို့ ချိန်းဆိုလိုက်၏။ **သက်သေခံပစ္စည်း** ထို့ ကပ်ပြစ်မှုကြီးအမှတ် (ဂ/၇ဂ) ကို စတင်စစ်ဆေးရာ အမှုနှင့်ပတ်သက်၍ တရားစွဲ ယုတရားလိုပြသက်သေ(၁) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး မောင်မောင် အစစ်ခံထွက်ဆိုရာတွင် ပါတီဌာနချုပ်မှ ပုဂ္ဂိုလ်အချို့၏ စီးပွားရေး ယာမှုများကိုစုံစမ်းဖော်ထုတ်ရန် မိမိအား ညွှန်ကြားရေးမှူးချုပ်က တာဝန်ပေးချက် ရ ဌာနအရာရှိများအားပါတီ ဌာနချုပ်မှဌာနခွဲမှူး ဦးစိုးလွင်၊ သက်သေများဖြစ် ည် ဦးလွယ်ကျူးမား၊ ဦးဘရင်၊ ဦးကျော်၊ ဦးစိုးတင့်၊ ဦးလှသိန်းနှင့် ဦးအေးတို့ကို စစ်ဆေးစေခဲ့ပုံနှင့်သက်သေခံ စာရွက်စာတမ်းစာရင်းဇယားများကို တရားစီရင် ရေးအဖွဲ့သို့တင်ပြရာ တရားစီရင်ရေးအဖွဲ့က သက်သေခံပစ္စည်းအဖြစ် လက်ခံ၏။

**ခရီးထွက်**

ဆက်လက်၍ ဦးမောင်မောင်က အစစ်ခံထွက်ဆိုရာတွင် ၁၅-၁၁-၇၇ ရက် ထိစုံစမ်းစစ်ဆေးချက်များအရ နိုင်ငံတော်ကောင်စီဝင် ဦးသန်းစိန်သည် နိုင်ငံ တော်ကောင်စီဝင် တစ်ဦးအနေဖြင့် စက်ပစ္စည်းပြုပြင်ရေးအဖွဲ့မှ ၎င်းအားယုံကြည် ပ်နှံသည့် နတ္တလင်းခရီးစဉ်တွင် ပေးအပ်ထားသော မာဇဒါကား(ဈ/၆၃၉)ကို တ္တလင်းမြို့နယ်ခရီးစဉ်အပြီး ပြန်မအပ်ဘဲမန္တလေးသို့ သွားရောက်ရန်အတွက် သုံးပြုစေခဲ့ကြောင်း၊ ထိုသို့အသုံးပြုရာတွင် မာဇဒါ(ဧ/၉၄၂၀) မော်တော်ကား တွက်ဟု အကြောင်းပြကာ(၀၉၆)ဓာတ်ဆီများ ထုတ်သုံးခဲ့အတွက် အသုံးပြုရန် အပ်ထားသော (အီးတူးဆောင်ဇင်) ကား(ဈ/၁၇၃၁) ကိုလည်းယူကာ မန္တလေးသို့ ယန်းဖြေခရီးထွက်ခဲ့ကြောင်း။

**တိုင်ချက်ဖွင့်**

ဤကဲ့သို့ ယုံမှတ်အပ်နှံထားသော ပစ္စည်းများကို မိမိ၏ ကိုယ်ရေးကိုယ်တာကိစ္စအတွက် အသုံးပြုသွားရောက်ခဲ့ပြီး ကုန်ကျသောဓာတ်ဆီဖိုးများကို ပါတီရန်ပုံငွေမှ ထုတ်ယူသုံးစွဲခဲ့ခြင်းတို့အတွက် ဦးသန်းစိန်အပေါ် ၂၂-၂-၇၈ ရက်ကပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၈ အရ ကျောက်တံတား ပြည်သူ့ရဲတပ်ဖွဲ့စခန်းတွင် တိုင်ချက်ဖွင့်ခဲ့ပြီး ၃-၂-၇၈ ရက်တွင် ဤတရားစီရင်ရေးအဖွဲ့တွင် တရားစွဲဆိုခဲ့ခြင်းဖြစ်ကြောင်း ထွက်ဆိုသွား၏။

**ဖြေကြား**

ထို့နောက်တရားလိုပြသက်သေ(၂) ဦးစိုးတင့်ကို စစ်ဆေးရာ ဦးစိုးတင့်က အစစ်ခံထွက်ဆိုရာတွင် ဦးသန်းစိန်ပါတီဌာနချုပ်တွင် အတွင်းရေးမှူး(၃)အဖြစ်တာဝန်များထမ်းဆောင်စဉ် မိမိသည်ဦးသန်းစိန်၏ကိုယ်ရေးအရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြောင်း။

**ခရီးထွက်ရာတွင်**

၁၉၇၅-ခုနှစ် ဧပြီလ သင်္ကြန်ရက်များတွင် ဦးသန်းစိန်မိသားစုနှင့် မန္တလေးသို့ကားဖြင့် ခရီးထွက်ရာတွင် ပါတီဌာနချုပ်မှ (အီးတူးသောင်ဇင်) ကားဖြင့် လည်းကောင်း၊ စက်ပစ္စည်းကြီးကြပ်ရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မာဇဒါဂျစ်ကားဖြင့်လည်းကောင်း ခရီးထွက်ခဲ့ကြောင်း။ ထိုသို့ကားများဖြင့် ခရီးထွက်ရာတွင် စက်ပစ္စည်းကြီးကြပ်ရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ထုတ်ယူခဲ့သောကားမှာ ကားသာရပြီး ဓာတ်ဆီနှင့်ယာဉ်မောင်းသူမပါသည့်အတွက် ဓာတ်ဆီကိုပါတီ ဌာနချုပ်မှ ထုတ်ယူရကြောင်း။

**ကျောက်မီးရှာ**

မိမိတို့ သင်္ကြန်အကြိုနေ့စထွက်ပြီး တောင်ငူအလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တွင် ညအိပ်ရပ်နားကြောင်း။ နောက်နေ့ နံနက် ၆ နာရီတွင် တောင်ငူမှ စထွက်ပြီး ထိုနေ့ ညနေ ၅ နာရီခန့်တွင် မန္တလေးသို့ရောက်ပြီး မန္တလေးနန်းတွင်း၌

ည်းခဲ့ကြောင်း။ မန္တလေးရောက်သည့် ညနေမှာပင် မန္တလေး-မေမြို့ ကားလမ်း
ဂုက်မိုးရွာတွင်ရှိသည့် ဦးသန်းစိန်၏ခြံကို မိသားစုဖြင့် သွားရောက်ကြောင်း၊
က်နေ့များတွင်လည်း ၎င်းခြံသို့ သွားရောက်ကြကြောင်း။

**ညောင်ဦးသို့**

သင်္ကြန်အတက်နေ့တွင် မိသားစုဖြင့် မေမြို့သို့ သွားကြကြောင်း။ နှစ်ဆန်း
ရက်နေ့တွင် မန္တလေး မှ မိတ္ထီလာသို့ထွက်ပြီး မိတ္ထီလာတပ်နယ်ရိပ်သာတွင်
အိပ်ကြကြောင်း၊ နှစ်ဆန်း၂ ရက်တွင် ပုပ္ပါးသို့ထွက်ပြီး ပုပ္ပါးမှတစ်ဆင့် ပုဂံ
ညောင်ဦးသို့ ဘုရားဖူးထွက်ခဲ့ကြောင်း။ ထို့နောက်ချောက်ကို ဖြတ်ပြီး မကွေးသို့သွား၍
ကွင်းတပ်မ (၈၈)တွင် ညအိပ်ကြောင်း၊ နောက်တစ်နေ့ နံနက်တွင် မကွေးမှထွက်ခဲ့
ရန်ကုန်သို့ညနေ ၆ နာရီကျော်ခန့်တွင် ရောက်ကြကြောင်း။

**ခတ်ဆီဖိုး**

ရန်ကုန်-မန္တလေးခရီးစဉ်တွင် အသုံးပြုသည့် စားစရိတ်နှင့်ခတ်ဆီဖိုးများ
ဂုက်စားစရိတ်ကို မိမိတို့အနေဖြင့် အကုန်အကျခံပြီး ခတ်ဆီဖိုးကို ပါတီဌာန
သို့ တင်ပြရာ ဌာနခွဲမှူး ဦးစိုးလွင်က ခတ်ဆီဖိုး ၄၉၄ ကျပ်ပြား ၈၀ ထုတ်
ကြောင်း။

**စပျစ်သီးတင်**

ခရီးသွားရာတွင် ဦးသန်းစိန်၊ ဇနီးနှင့်သားသုံးယောက်အပြင် သူ့သား၏
ယ်ချင်းများချွေးမနှင့် အိမ်ဖော်ကလေးမတစ်ဦး၊ ပါတီဌာနချုပ်မှယာဉ် မောင်း
ပြကြသည့် လွယ်ကူးမားနှင့် ဦးဘလေးတို့ အပါအဝင် ၁၈ ဦးရှိကြောင်း။
ဒေါ်ဂျစ်ကို မိမိနှင့်လွယ်ကူးမားတို့က တစ်လှည့်စီမောင်းပြီး (အီးတူးသောင်ဇင်)ကို
ဘလေးနှင့် ဦးသန်းစိန်၏သား မိုးရှမ်းတို့တစ်လှည့်စီမောင်းကြောင်း။ ရန်ကုန်မှ
လေးသို့ အသွားတွင် လည်းကောင်း။

မန္တလေး မှ ရန်ကုန် အပြန်တွင် လည်းကောင်း၊ ဦးသန်းစိန်အနေဖြင့်
တာဝန်များ ထမ်းဆောင်ခြင်းမရှိကြောင်း။ မန္တလေးမှအပြန်တွင် ရေနံချောင်း

ပါတီယူနစ်သို့ ဝင်ရောက်ခြင်းမှာ ဦးတင်ဝင်းညိုက စပျစ်သီးဝင်တင်ရန် မှာ၍ စပျစ်သီးဝင်တင်ခြင်းဖြစ်ကြောင်း။

**မာဇဒါကား**

မန္တလေးမသွားမီ တစ်ပတ်ခန့်အလိုတွင် ဦးသန်းစိန်၏ ညီဝမ်းကွဲတော်သူ ဦးစိန်ဝင်း၏ စေ့စပ်ပွဲသို့မန္တလေးသို့သွားမည့်ဂျစ်ကားနှင့် ဦးသန်းစိန်ကို ပေးထားသည့် မာဇဒါ(၉၂၉)ကားတို့ဖြင့် သွားခဲ့ကြကြောင်းများကို ထွက်ဆိုသွား၏။

**ဖြေကြား**

ထို့နောက်ဦးစိုးတင့်က တရားခံအကျိုးဆောင်၏ ပြန်လှန်မေးခွန်းများကို ဖြေကြားထွက်ဆိုသွား၏။

**စာရင်းပြ**

ဆက်လက်၍ တရားလိုပြသက်သေ(၃)ပါတီဌာနချုပ် မော်တော်ယာဉ်ဌာနမှ ယာဉ်ခန့်ခွဲရေး (ပ)ဦးလှသိန်းကိုစစ်ဆေးရာ ဦးလှသိန်းက ထွက်ဆိုရာတွင် (၁၂-၄-၇၅)တွင် ဌာနခွဲမှူး ဦးစိုးလွင်က မိမိအားခေါ်ပြီး ဦးသန်းစိန်မိသားစု မန္တလေး-မေမြို့ ခရီးစဉ်သွားရန် (အီးတူးဆောင်ဇင်)ကား တစ်စီးစီစဉ်ပေးရန် ပြော၍ ကားစီစဉ်ပေးပြီး(အီးတူးဆောင်ဇင်)အတွက် ဓာတ်ဆီ ၂၅ ဂါလံ နှင့် မာဇဒါဂျစ်ကားအတွက် ဓာတ်ဆီ ၁၆ ဂါလံထုတ်ပေးပြီး တာဝန်ပြလက်မှတ်ရေး၍ စာရင်းသွင်းခဲ့ကြောင်း။ မာဇဒါဂျစ်ကားမှာ မိမိတို့ဌာနမှ ကားမဟုတ်၍ ၎င်းကားအတွက် ထုတ်ပေးသည့် ဓာတ်ဆီ ၁၆ ဂါလံကို ဦးသန်းစိန်အတွက် ထုတ်ပေးထားသောကားဖြစ်သည့် မာဇဒါ ၁၈၀၀ ဧ/၉၄၂၀ ကား၏အသုံးစာရင်းပြ၍ ထုတ်ပေးရကြောင်းများကို ထွက်ဆိုသွား၏။

**ကားမောင်းပေး**

ဆက်လက်၍ တရားလိုပြသက်သေ ပါတီဌာနချုပ်မှ ယာဉ်ပြင်အခင်း(၂) ဦးဘလေးနှင့် တရားလိုပြသက်သေ(၄) ပါတီဌာနချုပ်မှ ယာဉ်မောင်း လွယ်ကူမားတို့ကို ဆက်လက်စစ်ဆေးရာ သက်သေများက ဦးသန်းစိန်၏ မိသားစုသွားသည့် ရန်ကုန်

မွှလေး-မေမြို့ခရီးစဉ်များတွင် ကားများလိုက်မောင်းပေးရပုံများကို ထွက်ဆိုသွား၏။

**ရက်ချိန်း**

ထို့နောက် တရားစီရင်ရေးအဖွဲ့က အမှုစစ်ဆေးခြင်းကို ရပ်နားလိုက်ပြီး အမှုကို ဖေဖော်ဝါရီ ၂၀ ရက်သို့ ချိန်းဆိုလိုက်၏။ ဦးတင်အေးကျော်နှင့်ပတ်သက် သည့် ပြစ်မှုကြီးအမှတ် (၁၃/၇၈)ကို စစ်ဆေးရန် ဖေဖော်ဝါရီလ ၁၄ ရက်နေ့ကို ချိန်းဆိုလိုက်သည့်အတွက် ကျွန်မက ထိုနှစ်ဖေဖော်ဝါရီလ ၁၅ ရက်နေ့ ထုတ်လုပ်သား ပြည်သူ့နေ့စဉ် သတင်းစာကို ရှာဖွေဖတ်ရှုကာ သမိုင်းကြောင်း ပြန်လည်တူးဖော် ပါသည်။ မသမာမှုနှင့်အလွဲသုံးစားမှုပြသက်သေများ ဆက်စစ်ဆိုသောခေါင်းစဉ်ဖြင့် စာမျက်နှာ ၅ ကော်လံ ၂ ၃ နှင့် ၄ တို့တွင် ရေးသားဖော်ပြထားသည်ကို ဖတ်ရှု ခဲ့ရပါသည်။ ရေးဦးစွာ အန်ကယ်ဦးတင်အေးကျော်နှင့်ပတ်သက်သည့် အမှုကို စစ်ဆေးရာတွင် တရားစွဲဆိုသူတရားလိုပြသက်သေ(၁) အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်က အစစ်ခံ ထွက်ဆိုသည်ကို ဖတ်ရှုရပါ၏။

ယခုခေတ်လို ကျောက်စိမ်းတွေ ဒေါ်လာတွေ ကျွန်းသစ်တွေ လယ်ယာမြေ တွေနှင့်ပတ်သက်သော စွဲချက်တွေတင်ရန် မရှိသေးသောရိုးသားသည့်ကာလ ဖြစ်သည့်အားလျော်စွာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကြိုတင်ပြင်ဆင်ရေးကော်မတီအဖွဲ့ခွဲ(၂) ခေါင်းဆောင်သူ ဦးတင်အေးကျော်မှာ (ခု ခေတ်ဆိုလျှင် သောင်းဂဏန်းဖြစ်နိုင်လောက်သော) ရာဂဏန်းမျှသော ငွေကြေးဖြင့် စွဲချက်အတင်ခံရခဲ့ရပါသည်။ ဒါတွေကိုပြန်လည် ကူးရေးတင်ပြနေသည်မှာ နောင် တစ်ချိန် ရှာဖွေမရနိုင်တော့ဘဲ မှတ်တမ်းမှတ်ရာ မကျန်ရစ်တော့မှာကို စိုးရိမ်သော ကြောင့်ဖြစ်ကြောင်း ထပ်မံဝန်ခံရပါမည်။ သတင်းစာပါစာသားများမှာ အောက်ပါ အတိုင်းဖြစ်ပါသည်။

**စုံစမ်းရန်**

ဦးမောင်မောင်က ထွက်ဆိုရာတွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟို

ကော်မတီဌာနချုပ်မှ ပုဂ္ဂိုလ်အချို့သည် စီးပွားရေးမသမာမှုများ ရှိနေကြကြောင်း သတင်းရရှိသည့်အတွက် ယင်းကို ကြီးကြပ်စုံစမ်းဖော်ထုတ်ရန် မိမိအားညွှန်ကြား ရေးမှူးချုပ်က ၁၉-၉-၇၇ ရက်မှာ တာဝန်ပေးခဲ့ကြောင်း၊ ၎င်းတာဝန်ပေးချက်အရ ၂၁-၉-၇၇ ရက်မှစ၍ ဗဟိုစာရင်းရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းမောင် ခေါင်းဆောင်သော စာရင်းစစ်အဖွဲ့အား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြည်လုံး ကျွတ်ဆန္ဒခံယူပွဲ ကြီးကြပ်ဆင်ရေးကော်မတီ၏စာရင်းကို စတင်စစ်ဆေးခဲ့ရာ (၂- ၁၁-၇၇) ရက်တွင် စာရင်းခေါင်းဆောင် ဦးသန်းမောင် ကော်မရှင်အဖွဲ့ ခွဲ(၂) မန္တလေး မြစ်ကြီးနားသို့ သွားသည့်ခရီးစဉ်နှင့်ပတ်သက်ပြီး သုံးစွဲထားသည့် မသင်္ကာဖွယ်ရာ အသုံးစရိတ်ပြေစာများကို မိမိအားပေးအပ်ကြောင်း၊ ထို့အပြင် မိမိ၏ ဦးစီးဌာနမှ အရာရှိများအား သက်သေများဖြစ်သည့် ဦးမောင်မောင်အေး၊ ဦးဇော်ဖေ၊ ဦးခင်ဦး၊ ဦးအောင်၊ ဦးလှသိန်း၊ ဦးသန်းထွန်း၊ ဦးချစ်မောင်၊ ဦးစိုးမြင့်၊ ဦးသိန်းကြည်၊ ဦးကြင်ငွေ ဦးတင်ငွေနှင့် တရားခံ ဦးတင်အေးကျော်တို့ကိုလည်းကောင်း၊ သက်သေ ဦးသန်းကို လည်းကောင်း၊ စစ်ဆေးခဲ့ကြောင်း။

**စာရင်းပိုပြ**

ထိုသို့ သက်သေများ၏ အစစ်ခံချက်နှင့် သက်သေခံစာရွက်စာတမ်း အထောက်အထားများအရ ကြီးကြပ်ဆင်မှု ကော်မတီအဖွဲ့ ခွဲ(၂)ခေါင်းဆောင် သူ ဦးတင်အေးကျော်သည် ၁၉၇၃ ခုနှစ် ဇူလိုင်လအတွင်းက ကလေး-မန္တလေး နှင့် မြစ်ကြီးနားခရီးစဉ်တွင် မိမိအဖွဲ့၌ မပါသောလူများကို စာရင်းပြ၍ ငွေပေါင်း ၆၃၅ ကျပ်ကို လိမ်လည်ထုတ်ယူပြီး ကိုယ်ကျိုးအတွက် သုံးစွဲခဲ့ကြောင်း တွေ့ရှိရ သဖြင့် ၂-၂-၇၈ ရက်တွင် ကျောက်တံတားမြို့နယ်ရဲတပ်ဖွဲ့၌ အရေးယူပေးပါရန် တိုင်ကြားအမှုဖွင့်ခဲ့ပြီး ၃-၂-၇၈ ရက်တွင် တရားစီရင်ရေးအဖွဲ့သို့ တရားစွဲခဲ့ကြောင်း။

**စရိတ်ထုတ်ယူ**

ဦးတင်အေးကျော် အလွဲသုံးစားလုပ်သော ငွေ ၆၃၅ ကျပ်သည် နိုင်ငံတော် ငွေနှင့် သက်ဆိုင်ကြောင်း၊ ကြီးကြပ်ဆင်မှုကော်မရှင် ရန်ပုံငွေအသုံးစရိတ်ကို

ကြိုးဘဏ္ဍာငွေမှလျာထားသတ်မှတ် သုံးစွဲခဲ့ခြင်းဖြစ်ကြောင်း၊ ကြိုတင်ပြင်ဆင်မှု ကော်မတီအတွင်းရေးမှူးမှာ ဦးဇော်ဖေဖြစ်ပြီး ဦးတင်အေးကျော်မှာ ကြိုတင်ပြင်ဆင် အဖွဲ့ခွဲ(၂)၏ အတွင်းရေးမှူးဖြစ်ကြောင်း၊ ကော်မရှင်အဖွဲ့ခွဲ(၂) ခရီးထွက်လျှင် ဦးတင်အေးကျော်အနေ ဖြင့်ကော်မရှင်ကြီး၏ အတွင်းရေးမှူး ဦးဇော်ဖေထံမှ အသုံး စရိတ်ကို ထုတ်ယူသွားပြီး ကော်မရှင်ခွဲအသုံးစရိတ်များကို ဦးတင်အေးကျော်က စီမံခန့်ခွဲရကြောင်း၊ ဦးမောင်မောင်က ထွက်ဆိုသွားပြီး သက်သေခံ စာရွက် စာတမ်းများ၊ စာရင်းဇယားများကို သက်သေခံအဖြစ် တရားစီရင်ရေးအဖွဲ့သို့ တင်ပြရာ တရားစီရင်ရေးအဖွဲ့က သက်သေခံပစ္စည်းများအဖြစ် လက်ခံ၏။ ထို့နောက် တရားခံ အကျိုးဆောင်က စာရင်းဇယားကို ကြည့်ရှုရန်နှင့် မိမိ၏တရားခံနှင့် တိုင်ပင်ဆွေးနွေးရန် အချိန်ပေးပါရန် လျှောက်ထားသဖြင့် တရားစီရင်ရေးအဖွဲ့က အချိန် ၁ နာရီ သတ် မှတ်ခွင့်ပြု၏။ ယင်းနောက် ဦးမောင်မောင်က တရားခံအကျိုးဆောင်၏ ပြန်လှန် မေးခွန်းများကိုလည်းကောင်း၊ တရားလိုအကျိုးဆောင်၏ ဖြေရှင်းမေးခွန်းများကို လည်းကောင်း၊ ဖြေကြားထွက်ဆိုသွား၏။

**လိုပြသက်သေ(၂)**

ထို့နောက်တရားလို ပြသက်သေ(၂) ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ အတွင်းရေးမှူးဦးမောင်မောင်အေးက အစစ်ခံထွက်ဆိုရာတွင် ၁၉၇၃ ခုနှစ် ဇူလိုင်လက ကြိုတင်ပြင်ဆင်မှုကော်မတီအဖွဲ့ခွဲ(၂) ကလေးနှင့် မြစ်ကြီးနား ခရီးထွက်ရာတွင် ခေါင်းအဖွဲ့ မိမိရုံးအဖွဲ့ဝင်တစ်ဦးအဖြစ် လိုက်ပါခဲ့ရကြောင်း၊ ခရီးထွက်ပြီး ရန်ကုန် သို့ရောက်သည့်အခါ အဖွဲ့ခွဲအတွင်းရေးမှူး ဦးတင်အေးကျော်၏ ညွှန်ကြားချက်အရ ခရီးစဉ်အတွက် အသုံးစရိတ်များကို ကုန်ကျငွေနှင့် ကာမိစေရန် လူစာရင်းများကို ပြင်ဆင်ပြုစုရကြောင်း၊ ကလေးခရီးစဉ်အတွက် အမှန်မှာ အဖွဲ့ဝင် (၆)ဦးသာပါ၍ လူ (၁၀)ဦး ပိုပြခဲ့ရကြောင်း၊ ဒေသခံပုဂ္ဂိုလ်ငါးဦးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ ရဲတပ်အားဦးစီးဌာနမှ ဌာနအစီအစဉ်နှင့်လိုက်ပါလာသည့် ပုဂ္ဂိုလ်ငါးဦးကို မိမိ၏ စာရင်းတွင် ပြထားခဲ့ခြင်းဖြစ်ကြောင်း၊ အမှန် ကလေးမြို့ခရီးစဉ်မှာ ဇူလိုင် ၁၈

ရက်မှ (၂၀)ရက်အထိ သုံးရက်သာဖြစ်၍ လူတစ်ဦးလျှင် (၁၀ိ/-)နှုန်း ဖြင့် လူခြောက်ယောက်အတွက် ငွေ(၁၈၀ိ/-)တောင်းခံရမည့် အစားငွေ(၃၀၀/-)ပို၍ တောင်းခံခဲ့ကြောင်း ထိုသို့ငွေများ ပိုကုန်ကျခြင်းမှာ အခြားသောပုဂ္ဂိုလ်များ အဖွဲ့ခွဲအတွင်းနေမှုနှင့်အတူ အရက်သေစာသောက်စားကြသည့်အတွက် ကုန်ကျခြင်းဖြစ်ကြောင်း ဦးတင်အေးကျော်နှင့်အတူ အရက်သေစာသောက်ကြသည့် ပုဂ္ဂိုလ်များကို မိမိ မမှတ်မိတော့ကြောင်း။

**ငွေပိုတောင်း၊**

ထို့အတူ ဇူလိုင်(၂၈)ရက်တွင်လည်း ကော်မရှင်အဖွဲ့ဝင် အချို့ကြိုတင်ခရီးထွက်သွားကြသည့်အတွက် နှစ်ဦးသာရှိတော့၍ ယင်းနှစ်ဦးအစား ရှစ်ဦးပြ၍ ငွေကျပ် (၆၀)ပိုတောင်းခဲ့ကြောင်း။ (၂၉)ရက်နေ့တွင် ကော်မရှင်အဖွဲ့ဝင်များ ရန်ကုန်မှ မြစ်ကြီးနားသို့ ခရီးထွက်ခဲ့ရာတွင်လည်း ကိုးယောက်အစား(၁၆)ယောက် စာရင်းပြ၍ ငွေကျပ်(၇၀)ပိုတောင်းခဲ့ကြောင်း။ ဇူလိုင်(၃၀)ရက်တွင် မိမိတို့ နေ့ဝက်သာနေ၍ လူကိုးဦးအတွက် (၅)ကျပ်နှုန်းဖြင့် (၄၅)ကျပ် တောင်းခံရမည့်အစား ငွေ(၃၅)ကျပ် ပို၍တောင်းခံခဲ့ကြောင်း။ ဇူလိုင်(၃၀)ရက်တွင် မြစ်ကြီး နားမှမန္တလေးသို့ လေယာဉ်ပျံဖြင့် ပြန်ခဲ့ရာတွင် မန္တလေးသို့ ညနေပိုင်း ပြန်ရောက်ကြကြောင်း။ မန္တလေးတွင်လည်း လူကိုးဦးအစား လူ(၁၆)ဦးပြ၍ ငွေ ၃၅ ကျပ် ပိုတောင်းခံခဲ့ကြောင်း။ ဇူလိုင်(၃၁)ရက်တွင် မန္တလေး၌ နေထိုင်စဉ် လူကိုးဦးအစား လူ(၃၆)ယောက်ပြ၍ ငွေကျပ် ၇၀ ပိုတောင်းခဲ့ကြောင်း။

**အရက်သောက်ခဲ့**

ဩဂုတ်လ (၁)ရက်နေ့တွင်လည်း လူကိုးဦးအတွက် နေ့ဝက်စရိတ် ၄၅ ကျပ် တောင်းရန်ဖြစ်သော်လည်း လူ ၁၆ ဦးပြ၍ ငွေ ၃၅ ကျပ် ပိုတောင်းခံခဲ့ပြီး ယင်းနေ့ ညနေပိုင်းတွင်လည်း လူပိုပြပြီး ငွေကျပ် ၃၀ ထပ်မံတောင်းခံခဲ့သဖြင့် ထိုနေ့တွင် စုစုပေါင်းငွေ ၆၅ ကျပ် ပိုတောင်းခဲ့ကြောင်း၊ ထိုသို့ငွေများ ပိုတောင်းခံခဲ့ခြင်းမှာလည်း အရက်သေစာသောက်စားခဲ့သည့်အတွက် ပိုမိုကုန်ကျငွေများ ကာမိ

ရန် အဖွဲ့ခွဲအတွင်းရေးမှူး၏ ညွှန်ကြားချက်အရ စာရင်းများလိမ်လည်ပြုစုရခြင်း ဖြစ်ကြောင်း။

ယင်းသို့ ငွေတောင်းခံလွှာများတွင် သက်ဆိုင်ရာ စားရိပ်သာများ၏ ငွေတောင်းခံလွှာများ တွဲမထားခြင်းမှာ ယင်းငွေတောင်းခံလွှာများကို မိမိမရရှိခဲ့၍ စာရင်းတွင် တွဲဖော်ပြနိုင်ခြင်း မရှိခဲ့ကြောင်းများကို ထွက်ဆိုသွား၏။ ထို့နောက် တရားလိုပြသက်သေက တရားခံအကျိုးဆောင်၏ ပြန်လှန်မေးခွန်းများကို ဖြေကြားထွက်ဆိုစဉ် အချိန်ကုန်ခဲ့သွားသဖြင့် အမှုကို ဖေဖော်ဝါရီလ(၂၁)ရက်တွင် ဆက်လက်စစ်ဆေးရန် ချိန်းဆိုလိုက်၏။

တစ်လက်စတည်းမှာပင် စီးပွားရေးမသမာမှုများနှင့် အလွဲသုံးစားမှုများဖြင့် တရားစွဲဆိုထားခြင်းခံရသော ဦးထွန်းလင်းနှင့်ပတ်သက်သည့် ပြစ်မှုကြီး အမှတ်(၁/၇၈) (၂/၇၈) (၃/၇၈) (၄/၇၈) (၅/၇၈) နှင့် (၆/၇၈) တို့ကို စစ်ဆေးရန်မူလ သတ်မှတ်ထားသော ဖေဖော်ဝါရီ (၁၅)ရက်အစား ဖေဖော်ဝါရီ (၂၂)ရက်သို့ ချိန်းဆိုလိုက်၏။ (သတင်းစဉ်)

သတင်းစာဟောင်းများကို ခေတ္တခဏချထားကာ အမှုများနှင့်ပတ်သက်ပြီး ထိုတင်အေးကျော်အစွဲခံရသော စီးပွားရေးမသမာမှုနှင့် အလွဲသုံးစားမှုအပေါ် ကျွန်မ သုံးသပ်ကြည့်မိပါသည်။ သူအလွဲသုံးစားလုပ်သည်ဆိုသော ငွေ ၆၃၅ ကျပ်သည် ယခုအမှုသာဆိုလျှင် အသာလက်တို့ပြီး ပြန်ဖြည့်လိုက်ဦးဟု သတိပေးလိုက်နိုင်သော ပမာဏမျှသာ ဖြစ်ပါသည်။ အဲဒီအမှုတွေနှင့် လုံးဝမသက်ဆိုင်သော ယခု ၂၀၁၀ ပြည့်နှစ်ပိုင်း (အဲဒီတုန်းကနှင့်ဆိုလျှင် နှစ်ပေါင်းသုံးဆယ်ကျော်ကာလ)မှာ ကျွန်မ ကြားသိဖူးသော အမှုတစ်ခုကို တွေးမိပါသည်။ အဲဒီပုဂ္ဂိုလ်သည် ကျွန်မအပေါ် မေတ္တာနည်းပါးသည်ကိုလည်း သိမှတ်ထားပါသည်။ သို့သော်လူတွေက လိုလျှင် လိုသလို မလိုလျှင်မလိုသလို ဖုံးဖိတာတ်၊ ဖော်ထုတ် တတ်သည်ဟု အမှန်တရား အကြောင်းကို ဆွေးနွေးချင်သောကြောင့် ဖြစ်ပါသည်။

ငွေတစ်သောင်းကျော် ကွာဟနေသည့်အတွက် သတိမပေး၊ ဖြေရှင်းခွင့်

မပြုတဲ့ သူ့ကို အလုပ်ဖြုတ်လိုက်သည်မှာကတော့ မတရားကြောင်း ကျွန်မ ဖော်ထုတ်ရပါလိမ့်မည်။ တစ်ရက်တစ်မနက် ကြိုပြောလိုက်ပါက ထိုမျှငွေကြေးပမာဏကို သူချက်ချင်း ပြန်ဖြည့်လိုက်နိုင်ပါသည်။ သူ့ကို အလုပ်ဖြုတ်ပစ်စရာ မလိုပါ။ သူ့ကို မလိုချင်လျှင် သတ်မှတ်ချိန်ထက်စောပြီး ပင်စင်ပေးလိုက်ခြင်းဖြင့် သူ့၏ သိက္ခာကို ချရန်မလိုတော့ပါ။ သို့သော် သူ့ကိုငွေကျွာမှုဖြင့် အလုပ်ဖြုတ်လိုက်ချင်သောကြောင့် ဖြုတ်ကို ဖြုတ်ပစ်လိုက်တာပါပဲ။

ဖေဖေအပါအဝင် မသမာမှုနှင့် အလွဲသုံးစားမှုများတွင် တရားလိုပြုသက်သေများသည် တရားစွဲလိုသောကြောင့် အမှုလုပ်ကိုလုပ်သည့်အခါ အမိန့်အာဏာကို မလွန်ဆန်သာသည့်အလျှောက် အမှုဆင်ထားသည့် ငွေ ၆၃၅ ကျပ်၊ မာတ်ဆီ၊ နို့ဆီသကြားစီးကရက်တို့ဖြင့် လက်ညှိုးထိုးယိုးစွပ်ခဲ့ကြရပါသည်။

ဖေဖေတို့ကို သိက္ခာလည်း ချပါသည်။ အလုပ်လည်း ဖြုတ်ပါသည်။ ထောင်လည်း ချပါသည်။ ထို့နောက် ၁၉၈၀ ပြည့်နှစ် မေလပိုင်းတွင် ဖေဖေတို့ကို တရားရှင်ပြန်လွှတ်ပေးပါသည်။ တရားရှင်ဆိုသည်မှာ အချိန်မရွေး ပြန်ဖမ်းဆီးချုပ်နှောင် ထောင်ချနိုင်သည်ဟု အကြမ်းဖျင်းနားလည်ထားပါသည်။ အခုတွေးမိခံစားမိသည်မှာ သူတို့၏တပည့်တွေ လုပ်ဖော်ကိုင်ဖက်တွေက သူတို့အပေါ် မဟုတ်တမ်းတရားတွေ ထုတ်ဖော်စွပ်စွဲကြသည်မှာ အကြောက်တရားကြောင့် ဖြစ်ကြရသည်ဟု ဖေဖေက သိသွားခဲ့ပါသည်။ ဦးထွန်းလင်း၊ ဦးသန်းစိန်၊ ဦးတင်အေးကျော်၊ ဦးဇော်ဖေတို့တွေကော သိမှသိသွားကြပါရဲ့လား။ တစ်နည်းနည်းဖြင့် သိခဲ့ကြလျှင် စိတ်ဖြေသာမည် ထင်ပါသည်။ ကလေးကလား စွဲဆိုချက်တွေမျှသာဖြစ်ကြောင်းကို အများပြည်သူ သိမြင်ကြပါသည်ဟု ကျွန်မပြောချင်လှပါရဲ့။

ကျွန်မ၏ခံစားချက်တွေကို တင်ရပ်နားပါဦးမည်။ သတင်းစာဟောင်းထဲမှ အစိုးရအာဏာဖြင့် စွပ်စွဲထုတ်ဝေခဲ့ပုံကို အများပြည်သူ ဖတ်ရှုဖြစ်အောင် ယခု ကျွန်မကူးယူရေးသားရဦးမည် ဖြစ်ပါသည်။

"၁၉၇၇ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်က စီးပွားရေး မသမာမှုနှင့် အလွဲ

ထားမှုများဖြင့် တရားစွဲဆိုထားခြင်းခံရသော ဦးတင်ဝင်းညွှန့်နှင့်ပတ်သက်သည့် မှုကြီးအမှတ် (၉/၇၇)နှင့် (၁၀/၇၇)တို့ အနက်ပြစ်မှုကြီးအမှတ် (၁၀/၇၇)ကို ကုန်တိုင်း တရားစီရင်ရေးအဖွဲ့အမှတ်(၆၃)တွင် ယနေ့ဆက်လက် စစ်ဆေး၏" ၍ ၁၉၇၈ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်ထုတ် လုပ်သားပြည်သူ့နေ့စဉ် သတင်း တွင် ပါလာပါသည်။ အစိုးရထုတ်ကြေးမုံ၊ မြန်မာ့အလင်းတို့မှာလည်း အသွင်တူ သေးတူပါရှိသည့်အားလျော်စွာ ကျွန်မက သတင်းစာတစ်စောင်မှသာ ကူးယူ ပြအပ်ပါသည်။

## မိမိဆန္ဒဖြင့်

ပြစ်မှုကြီးအမှတ်(၁၀/၇၈)ကို ဆက်လက်စစ်ဆေးရာတွင် တရားလိုပြသက် သေအမှတ်(၂) ဦးရဲတင်ဝင်းက ယခင်တစ်ပတ်ရုံးတွင် မပြီးပြတ်ခဲ့သည့် တရားခံ ကျိုးဆောင်၏ ပြန်လှန်မေးခွန်းများကို ဆက်လက် ဖြေကြားထွက်ဆိုရာ၌ တရား ဆိုပြုထားသည့်စာရင်းများအပေါ် အခြေခံဖြေကြားပြီးနောက် မိမိဆန္ဒဖြင့် နိုင်ငံတော် က်သေပြုလုပ်လိုကြောင်း ပြောသဖြင့် ဦးမောင်မောင်က တရားစီရင်ရေးအဖွဲ့သို့ င်ပြုပုံ၊ အမှုမှန်ပေါ်ပေါက်ရေးအတွက် မိမိဆန္ဒဖြင့် ဖြောင့်ချက်ပေးပုံ၊ စာရင်းများ ၍ မိမိကိုယ်ကျိုးအတွက် သုံးခဲ့ခြင်းပေါ်လာ၍ သူများအပေါ် ပုံလွှဲချသည်ဆိုခြင်းမှာ ဟုတ်ကြောင်းနှင့် စာရင်းများလိမ်ခဲ့သည်ကို မည်သူ့မှုမပြောခဲ့ပဲ ယခုအမှုပေါ်မှ တ်ပြောကြားခြင်းဖြစ်ကြောင်းကို ဖြေကြားထွက်ဆိုသွား၏။

## ကြောက်၍

တရားလိုအကျိုးဆောင်၏ မေးခွန်းများနှင့်ပတ်သက်၍ သက်သေဦးရဲတင်ဝင်း ဖြေကြားထွက်ဆိုရာတွင် မိမိစာရင်းများ လိမ်လည်ပြုစုခဲ့ရသည်များကို မည်သူ့ကို မှမပြောဘဲ ဖမ်းဆီးခံရမှုထုတ်ဖော်ပြောရခြင်းမှာ စာရင်းများကို လိမ်လည်ပြုလုပ်က

ဦးတင်ဝင်းညိုနှင့် ဦးထွန်းလင်းတို့မှာ ပါတီ၏ထိပ်ပိုင်း အာဏာရှိပုဂ္ဂိုလ်များဖြစ်သည့် အတွက် ၎င်းတို့ကိုကြောက်၍ ပြုစုခဲ့ခြင်းဖြစ်ကြောင်း ထွက်ဆိုသွား၏။

**စာရင်းများ**

ဦးရဲတင်ဝင်းကပင်ဆက်လက်၍ တရားစီရင်ရေးအဖွဲ့က မေးမြန်းသော မေးခွန်းများကို ဖြေကြားထွက်ဆိုရာတွင် စားရိပ်သာ(၁)၏ ၁၉၇၆-၇ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ အသုံးစာရင်းများတွင် စာရင်းစစ်အဖွဲ့က စစ်ဆေးတွေ့ရှိသော စာရင်းများအရှုဒီဇင်ဘာလတွင် ဆန်ခြောက်အိတ်ဟု ဖော်ပြထားပြီး မိမိက တရားစီရင်ရေးအဖွဲ့သို့ မိမိထွက်ဆိုရာတွင်ဒီဇင်ဘာလတွင် ဆန်ငါးအိတ်ဝယ် သည်ဟု ထွက်ဆိုရခြင်းမှာ မိမိသည်စာရင်းများကို တရားရုံးတွင် ၄၅ မိနစ်အတွင်း ကူးယူထွက်ချက်ရသည့်အတွက် စာရင်းကူးရာတွင် မှားယွင်းကူးမိခြင်းဖြစ်ကြောင်း စာရင်းစစ်အဖွဲ့က တင်ပြသောစာရင်းမှာ အမှန်ဖြစ်ကြောင်းနှင့် ဦးထွန်းလင်းနိုင်ငံ တော်ကောင်စီဝင်ဖြစ်သွားပြီးနောက် ဦးထွန်းလင်းနေရာသို့ ရောက်လာသော ဦးတင်ဝင်းညိုက မိမိအားပစ္စည်းများဆက်ပို့ရန် မပြောဘူးဆိုလျှင် မမှန်ကြောင်း ထွက်ဆိုသွား၏။

**ဦးစံတင်**

ထို့နောက် တရားလိုပြသက်သေအမှတ်(၃) စားရိပ်သာစာရေး ဦးစံတင် ကို ဆက်လက်စစ်ဆေးရာ ဦးစံတင်က တရားခံအကျိုးဆောင်မေးမြန်းသော ပြန်လှန် မေးခွန်းများကို ဖြေကြားထွက်ဆိုရာတွင် ဦးတင်ဝင်းညိုအိမ်သို့ ပစ္စည်းများအတွက် ဦးတင်ဝင်းညိုက ငွေပေးချေခြင်းမရှိပုံတို့အပြင် ဦးရဲတင်ဝင်းကိုလည်း ဦးတင်ဝင်းညို အနေဖြင့် ငွေပေးချေသည်များ မိမိ မတွေ့မမြင်ခဲ့ရပုံများကို ဖြေကြားထွက်ဆိုသွား၏။ ထို့နောက်တရားစီရင်ရေးအဖွဲ့က ဦးတင်ဝင်းညိုနှင့်ပတ်သက်သည့် အမှုကို ဆက် လက်စစ်ဆေးရန်ဖေဖော်ဝါရီလ ၂၃ ရက် မွန်းတည့် ၁၂ နာရီသို့ ချိန်းဆိုလိုက်၏။

(သတင်းစဉ်)

အဲဒီ ဖေဖော်ဝါရီလ ၂၃ ရက် မွန်းတည့် ၁၂ နာရီသို့ ချိန်းဆို စစ်ဆေး

ချက်မတိုင်မီ ဖေဖော်ဝါရီလ ၁၆ ရက် တရားရုံးစစ်ဆေးချက်အပြီး နောက်နေ့ ဖော်ဝါရီလ ၁၇ ရက်၊ ထို့နောက် ၁၈ ရက် သတင်းစာတွေမှာ မသမာမှုနှင့် ပွဲသုံးစားမှုလိုပြုသက်သေများ ဆက်စစ်ဆိုသောခေါင်းစဉ်ဖြင့် သတင်းတွေ က်တိုက်ပါလာခဲ့ပါသည်။ သို့နှင့် ဖေဖော်ဝါရီလ ၁၈ ရက် စာမျက်နှာ ၅ တွင် ပြီထားသည်ကို စောင့်ဖတ်ခဲ့ကြရပြန်ပါသည်။ တရားစွဲဆိုခြင်းခံရသော ဦးဇော်ဖေ တ်သက်သည့် ပြစ်မှုကြီးအမှတ်(၁၁/၇၈)နှင့် (၁၂/၇၈)တို့ကို တရားစီရင်ရေး ့အမှတ်(၆၃)က ယနေ့ဆက်လက်စစ်ဆေးရာတွင် ရှေးဦးစွာ တရားလိုအကျိုး တင်များက တရားခံအပေါ် အာမခံပေးသင့်မပေးသင့်နှင့်ပတ်သက်၍ ဥပဒေ ကြောင်းအချက်များ စီရင်ထုံးများကို ကိုးကား၍ လျှောက်လဲကြပါသည်။ ထို့နောက် ုံးစီရင်ရေးအဖွဲ့က ၎င်းအား အာမခံပေးသင့်မပေးသင့်နှင့်ပတ်သက်၍ အမိန့်ချ ်ရန် ဖေဖော်ဝါရီ ၂၄ ရက်ကို ချိန်းဆိုလိုက်၏။

**ဦးဖုန်းသန့်**

ထို့နောက် ပြစ်မှုကြီးအမှတ်(၁၁/၇၈)နှင့်ပတ်သက်၍ ယခင်ရုံးချိန်း ရက်က လှန်မေးခွန်းမေးမြန်းမှု မပြီးပြတ်ခဲ့သည့် တရားလိုပြုသက်သေ(၂) ပါတီဌာနချုပ်မှ ်ဆောက်စိစစ်ရေးမှူး ဦးဖုန်းသန့်ကို တရားခံအကျိုးဆောင်က ပြန်လှန်မေးခွန်း က်လက်မေးမြန်းရာ သက်သေဖြေကြားထွက်ဆိုသွားသည့် တရားလို အကျိုး တင်၏ မေးခွန်းများကိုလည်း ဖြေဆိုသွား၏။

**ဦးနီတွတ်**

ထို့နောက် တရားလိုပြုသက်သေ(၃) နိုင်ငံတော်ကောင်စီရုံးဌာနစိတ်မှူး ီတွတ်ကို ဆက်လက်စစ်ဆေးရာ ဦးနီတွတ်က အစစ်ခံထွက်ဆိုရာတွင် မိမိနိုင်ငံ ်ကောင်စီရုံး၌ တာဝန်များ မထမ်းဆောင်မီ ၁၉၇၂-ခုနှစ်တွင် နိုင်ငံတော်ဖွဲ့စည်းပုံ ခြေခံဥပဒေရေးဆွဲရေး ကော်မရှင်အဖွဲ့ခွဲရုံး၌ အောက်တန်းစာရေးအဖြစ်တာဝန် း ထမ်းဆောင်ခဲ့ကြောင်း၊ ကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူးမှာ ဦးဇော်ဖေဖြစ်ကြောင်း၊ ်မရှင်အဖွဲ့ခွဲ ခရီးထွက်သည့်အခါတွင် မိမိလိုက်ပါခဲ့ရာ ၁၉၇၃-ခုနှစ် ဧပြီလ

ငွန်လနှင့် နိဝင်ဘာလတို့တွင် လေးခေါက်လိုက်ပါခဲ့ရကြောင်း၊ ထိုသို့ခရီးထွက်... အသုံးစရိတ်ရှင်းတမ်းများကို မိမိနှင့် ဦးဖုန်းသန့်တို့ ပြုစုရကြောင်း၊ စာရင်းများပြုစု... တွင်လည်း ကော်မရှင်အဖွဲ့ခွဲ၏ တရားဝင်သုံးစွဲနိုင်သည့် လူဦးရေ၏ဘောင်ကို ကျေ... လွန်နေသည့်အတွက် အတွင်းရေးမှူးဦးဇော်ဖေ၏ စေခိုင်းချက်အရ စာရင်းအင်းမှ... ဘောင်ဝင်ရန် မိမိနှင့် ဦးဖုန်းသန့်တို့တွဲ၍ ပြုစုခဲ့ရကြောင်း၊ ဘောင်ဝင်ရန်စာရ... များပြုစုရာတွင် ကုန်ကျသည့်ငွေများ ကာမိစေရန် လုံခြုံရေး၊ ကျန်းမာရေးနှင့် ယာ... မောင်းများ၏ အမည်စာရင်းများကို ထည့်သွင်းပြခဲ့ကြောင်း။

### ကာမိစေရန်

ထိုသို့ငွေများကို ပိုတောင်းရခြင်းမှာ ရန်ကုန်မှဝယ်သွားသည့် အရက်မှ... စီးကရက်ဗိုးများနှင့် ခရီးတစ်လျှောက်တွင် ဝယ်စားသည့် အမြည်းဖိုးများစသည့်... ကုန်ကျစရိတ်များ ကာမိစေရန်ပြုစုခြင်းဖြစ်ကြောင်း၊ ငွေပိုများကာမိစေရန် စာရင်း... ပြုစုသည်မှာ မိမိနှင့် ဦးဖုန်းသန့်တို့၏ သဘောအရပြုစုတောင်းခံခြင်း မဟုတ်ဘဲ... အတွင်းရေးမှူး ဦးဇော်ဖေ၏ စေခိုင်းချက် အရသာစာရင်းများ ပြုစုတောင်းခံရခြင်း... ဖြစ်ကြောင်း စသည်ဖြင့် ဦးဖုန်းသန့်၏ထွက်ဆိုချက်များကို ထောက်ခံထွက်ဆို... သွားသည့်အပြင်၊ ဦးနီတွတ်က ဆက်လက်၍ တရားခံအကျိုးဆောင်၏မေးခွန်းမျာ... ကိုလည်း ဖြေကြားထွက်ဆိုသွား၏။

### ဦးတင်ထွဋ်

ထို့နောက် တရားလိုပြသက်သေ(၄) ရွေးချယ်တင်မြှောက်ပွဲကျင်းပရေး... ကော်မရှင်ရုံးဌာနစိတ်မှူး ဦးတင်ထွဋ်ကို ဆက်လက်စစ်ဆေးရာ ဦးတင်ထွဋ်က... ထွက်ဆိုရာတွင် မိမိသည်ကြိုတင်ပြင်ဆင်မှု ကော်မတီရုံးစီမံဌာနခွဲ(၄)တွင် ငွေထိန်း... တာဝန်ကို ထမ်းဆောင်ခဲ့ကြောင်း၊ ၁၅-၉-၇၃နှင့် ၁၆-၉-၇၃ရက်များတွင် ဖောင်ကြီး... သင်တန်းသားများအတွက် ကျွေးမွေးစရိတ်ရှင်းတမ်းကို မိမိပြုစုခဲ့ကြောင်း၊ ယင်းရက်... များအတွင်း ကျွေးမွေးစရိတ်နှင့်ပတ်သက်၍ ဦးဖုန်းသန့်ထံမှ ပြေစာများမရသည့်... အတွက် ဌာနခွဲမှူးက ပြောသည့်အတိုင်း မိမိပြုစုရခြင်းဖြစ်ကြောင်း၊ ထိုစဉ်က ဌာန...

မှုမှာ ဗိုလ်မှူးထွန်းငွေဖြစ်ကြောင်း။

**လူစာရင်းပြ**

၁၇-၉-၇၃ ရက်တွင် ကုန်ကျသောငွေ ၄၆၅ ကျပ် ပြား ၅၀ မှာ ဌာနခွဲမှူးတစ်ဆင့် ဦးဖုန်းသန့်ပေးသည့် အသုံးစရိတ်ငွေစာရင်းအရ မိမိက လူ ၁၂၅ ဦး ပြီး စာရင်းပြုစုထားခြင်းဖြစ်ကြောင်း၊ ကျန်ရက်များတွင်လည်း ဌာနခွဲမှူးမှတစ်ဆင့် ဖုန်းသန့်ပေးသော ကုန်ကျငွေပမာဏအရ မိမိက လူစာရင်းပြပြီး စာရင်းပြုလုပ်ကြောင်း။

ထိုစဉ်က ဖောင်ကြီးတွင် သင်တန်းပို့ချရန် ဦးစီးသွားသူမှာ ဦးဇော်ဖေဖြစ်ကြောင်း။ ထိုစာရင်းရှင်းတမ်းများအတွက် နောက်ပိုင်းတွင် ပြေစာများပေးမည်ဆိုသော်လည်း မိမိအနေဖြင့် ပြေစာများလက်ခံမရရှိခဲ့ကြောင်း။ ထိုစဉ်က ဦးဇော်ဖေမှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကော်မရှင်အတွင်းရေးမှူးဖြစ်ကြောင်း ထွက်ဆိုသွားသည့်အပြင် ဦးတင်ထွဋ်က တရားခံအကျိုးဆောင်၏ ပြန်လှန်မေးခွန်းများကို ဖြေကြားထွက်ဆို၏။

ယင်းနောက် တရားစီရင်ရေးအဖွဲ့က တရားစစ်ဆေးခြင်းကို ရပ်နားလိုက်ပြီး အမှုကြီးအမှတ်(၁၂/၇၈)နှင့်ပတ်သက်၍ တရားလိုပြသက်သေများကို ဆက်လက်စစ်ဆေးပေးရန် ဖေဖော်ဝါရီ ၂၄ ရက်ကို ချိန်းဆိုလိုက်၏။ (သတင်းစဉ်)

၁၉၇၈ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ဖေဖေ့အမှုချိန်း မဟုတ်သည့်တိုင် ဖေဖေနှင့်အမှုတွေတစ်တွဲတည်း စွဲဆိုစစ်ဆေးခံနေရသော ဦးသန်းစိန်နှင့် ပတ်သက်၍ ၂၁ ရက်နေ့ထုတ် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတွင် ဖော်ပြထားသည်ကို ယခုနှစ်ပေါင်း ၃၆ နှစ်အကြာ သမိုင်းမှတ်တမ်းပြုစုနိုင်ခါမှ ပြန်လည်ရှာဖွေတွေ့ရှိရပါသည်။

ဟိုတုန်းက ဖတ်ရှုလေ့လာခဲ့ဖူးသည်ဆိုသော်လည်း ကျွန်မ သေချာမမှတ်မိတော့ဘဲ ပိုးတဝါး ဖြစ်နေပါသည်။ ကျွန်မဖာသာ ကိုယ်ရေးကိုယ်တာ ဗာဟီရတွေများပြားရှုပ်ထွေးနေခဲ့သည်အတွက် ဖေဖေ့အမှုကိစ္စအတွက် လိုအပ်သလောက်

အချိန်မပေးဖြစ်ခဲ့သည့်အပြင်၊ လူမသိသူမသိ တိုးတိုးတိတ်တိတ် မေးမြန်းစုံစမ်းရ သည်ကလည်း တစ်မှောင့်ဖြစ်ခဲ့ရပါသည်။

ဦးသန့်စိန် စီးပွားရေးမသမာမှုနှင့် အလွဲသုံးစားမှုများဖြင့် တရားစွဲဆိုခြင်း ခံရသော ပြစ်မှုကြီးအမှတ်(၇/၇၈) နှင့်(၈/၇၈)ကို ရန်ကုန်တိုင်းတရားစီရင်ရေး အဖွဲ့အမှတ်(၆၃)က ယနေ့ဆက်လက်စစ်ဆေး၏ဟူ၍ စာမျက်နှာ ၅ ကော်လံ ၁ ၂ ၃ နှင့်၄ တို့တွင် ဖော်ပြထားပါသည်။ ကော်လံ ၂ အစပိုင်းတွင် ဖော်ပြထားသော ဦးသန့်စိန်၏ ဓာတ်ပုံမှာ ပင်ကိုနူညံ့သော-အသွင်အပြင်ရှိသူကို မတရားစွဲ ဆိုနေသမျှ မနိုင်၍ သည်းခံရလေသော မြန်မာနိုင်ငံသားတစ်ယောက်အပေါ် ကြင်နာ စိတ်တွေ ပွားများမိပါသည်။ ရေခွင့်ရကြခါမှပင် ရင်ဖွင့်ရေးသားနိုင်ကြသော ယနေ့ ခေတ်အခါတွင် ကျွန်မ၏ဖခင်တို့သာမက မတရားမှုကို ခါးစည်းပြီး ငုံခံရသူတွေ ဘယ်လောက်များ လေမလဲဆိုတာကို တွေးဆကြည့်ရင်း ကြက်သီးဖြန်းဖြန်း ထရပါတော့၏။

**ဦးကျော်မြင့်**

ပြစ်မှုကြီးအမှတ်(၇/၇၈) နှင့်(၈/၇၈)တို့ကို ဆက်လက်စစ်ဆေးရာတွင် တရားလိုပြသက်သေအမှတ် (၇)ဗဟို စက်ပစ္စည်းနှင့် စစ်ဆေးရေးဦးစီးဌာန တတိယ ညွှန်ကြားရေးမှူး ဦးကျော်မြင့်က အစစ်ခံထွက်ဆိုရာ၌ မိမိတို့ဌာနသည် လူကြီးများ ခရီးထွက်ရာတွင် သွားလာရန်အတွက် ၁၉၇၃ ခုနှစ်မှစ၍ ယာဉ်များကို တာဝန်ယူ ဆောင်ရွက်ပေးရကြောင်း၊ ဘယ်ဌာနကလူကြီး ဘယ်ကိုသွားမည်ဟု စာဖြင့်အကြောင်း ကြားလျှင် မိမိတို့ဌာနက ယာဉ်ပေးလိုက်ပြီး ယာဉ်မောင်းနှင့် ဓာတ်ဆီကို မိမိတို့ မပေးဘဲ မော်တော်ယာဉ်သုံးစွဲသည့်ဌာနက ပေးရကြောင်း။

**ဂျစ်ကားတောင်း**

နိုင်ငံတော်ကောင်စီဝင် ဦးသန်းစိန်ရန်ကုန်မှ နတ္တလင်းသို့ ခရီးသွားရန် ရှိ သည့်အတွက် မာစဒါဂျစ်ကားတောင်းသည့် နိုင်ငံတော်ကောင်စီရုံးမှ ၁၉၇၅ ခု ဧပြီ ၁ ရက်နေ့ ရက်စွဲပါစာအမှတ် ၁၇/၄-၂/ကစပ်ရှိသည့် စာတစ်စောင်ကို လို့ထွက်အဖြစ် ဖော်ပြပြီး ပေးပို့ရသည့်အတွက် ၂-၄-၇၅ရက် တွင်ဦးသန်းစိန်၏ ကိုယ်ရေးအရာရှိ

ကိုတင့်အား ပြေစာနှင့်အတူမာဒါဂျစ်ကားတစ်စီးထုတ်ပေး လိုက်ကြောင်းထွက်ဆို၍ နိုင်ငံတော်ကောင်စီရုံးမှ ကားထုတ်ပေးရန် အကြောင်းကြားသည့်စာ၊ ဦးသန်းစိန်အား ကားထုတ်ပေးသည့်ပြေစာများကို တင်ပြရာ တရားစီရင်ရေးအဖွဲ့က သက်သေခံအဖြစ်လက်ခံ၏။ ထို့နောက် ဦးကျော်မြင့် ကတရားခံတရားလိုအကျိုးဆောင်များ၏ပြန်လှန်မေးခွန်းများနှင့်ဖြေရှင်း မေးခွန်းများကိုဖြေကြား ထွက်ဆိုသွား၏။

**ဦးဘညို**

ဆက်လက်၍ တရားလိုပြသက်သေ(၇)ပါတီဌာနချုပ်စာရင်းစစ်ဌာန လက်ထောက်စာရင်းစစ်ချုပ် ဦးဘညိုကို စစ်ဆေးရာသက်သေက အစစ်ခံထွက်ဆိုရာ၌ -၁၁-၇၇ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ဦးအောင်မြင့် မိမိထံလာပြီး ဦးသန်းစိန် ခရီးထွက်ရာတွင် ကုန်ကျခဲ့သည့်ပြေစာများကို လာရောက်သိမ်းဆည်း၍ လွှဲအပ်ပေးခဲ့ရကြောင်း၊ သိမ်းသွားသည့်စာရွက်စာတမ်းများတွင် စာချုပ်စာရင်းများပါသည့် ဆောင်ငွေအသေးသုံး ၁၂၆ ရွက်နှင့် မူရင်းစာရွက် ၉ ရွက်ပါဝင်ကြောင်း၊ တရားစီရင်ရေးအဖွဲ့ရှေ့ရှိ သက်သေခံစာရွက်စာတမ်းများမှာ မိမိထံမှသိမ်းဆည်းသွားသည့် စာရွက်စာတမ်းများဖြစ်ပြီး ၎င်းတို့မှာ ခတ်ဆီဖိုးအတွက်အသုံးပြုသည့်ပြေစာများနှင့် ခတ်ဆီဝယ်ယူထားသည့် ပြေစာများဖြစ်ကြောင်း၊ ၎င်းပြေစာများအတွက် ငွေပေါင်း ၄၉၄ ကျပ် ပြား ၆၀ ထုတ်ပေးခဲ့ရကြောင်း ထွက်ဆိုသွားသည့်ပြင် ဆက်လက်၍ သက်သေ ဦးဘညိုက တရားခံတရားလိုအကျိုးဆောင်များ၏ ပြန်လှန်မေးခွန်းများနှင့် ဖြေရှင်းမေးခွန်းများကို ဖြေကြားထွက်ဆိုသွား၏။

**ဦးစိုးလွင်**

တရားလိုပြသက်သေ(၉) ပါတီဌာနချုပ်မှဌာနခွဲမှူး ဦးစိုးလွင်ကို ဆက်လက်စစ်ဆေးရာသက်သေက အစစ်ခံထွက်ဆိုရာတွင်ဦးသန်းစိန် မန္တလေးနှင့်မေမြို့သို့ခရီးထွက်ရန်စည်းရုံးရေးဌာနမှူး၏ ခွင့်ပြုချက်အရ အီး (၂၀၀၀)အမျိုးအစား မာဇဒါကားတစ်စီးကို ခတ်ဆီအပြည့်အစုံ ထည့်ပေးလိုက်သည့်အပြင် အခြားဌာနမှမာဒါဂျစ်ကားတစ်စီးအတွက်ကိုလည်း ဦးသန်းစိန်ခရီးထွက်ပြီး ပြန်ရောက်သည့်အခါ

ဦးသန်းစိန်၏ကိုယ်ရေးအရာရှိ ဦးစိုးတင့်က ၎င်းတို့ခရီးစဉ်တွင် ဝယ်သုံးရသည့် ဓာတ်ဆီပြေစာများလာပေးသည့်အတွက် မိမိကကျသင့်သောငွေများကို ထုတ်ပေး လိုက်ကြောင်းဖြင့် ထွက်ဆိုသွားသည့်အပြင် သက်သေက တရားခံအကျိုးဆောင်၏ ပြန်လှန်မေးခွန်းများကို ဖြေကြားထွက်ဆိုသွား၏။

(သည့်နေရာ၌ ကော်လံ ၃ အလယ်ပိုင်းတွင် ဖော်ပြထားသော ဦးစိုးလွင် ၏ ဓာတ်ပုံကို ကြည့်ရှုရင်း သူ့ကို ကျွန်မမတွေ့ဘူးလိုက်ရသော်လည်း သူနှင့် ကျွန်မတို့သည် သွယ်ဝိုက်ပတ်သက်ခဲ့ဖူးသည့်အကြောင်း သတိရမိပါသည်။ သူက ကျွန်မ၏မိခင်ထံမှ သွပ်တွေချေးငှားပြီးနောက် မကြာမီပြန်ပေးမည်ဟု ဆိုခဲ့ပါသည်။ ထိုသွပ်များမှာ အချပ် ၅၀ လောက်ရှိမည်ဖြစ်ပြီး ကျွန်မ၏ ပျဉ်ထောင်အိမ်ကို မိုး မည်ဟု ဝယ်ယူကာ မိခင်ထံမှာ အပ်နှံထားခဲ့ခြင်း ဖြစ်ပါသည်။ သူကဘယ် တော့ပြန်ပေးမှာလဲ အမေဟု ကျွန်မကမေးသောအခါ ပေးပါလိမ့်မယ်သမီးရယ်ဟု မေမေက ယုံကြည်အေးဆေးစွာ အာမခံခဲ့ပါသည်။ နောက်ပိုင်းမှာတော့ အမှုတွေ ဖြစ်လာ၊ သူတို့တွေ ဆွဲစိခံလိုက်ရနှင့်၊ တစ်နေ့ရနိုး မျှော်လင့်ခဲ့သေးသော်လည်း အထဲမှပြန်လွတ်လာသောအခါ သူမှာဦးနှောက်ထိခိုက်လာခဲ့သည်ကို ကြားလိုက်ရ သည့်အတွက် ကျွန်မစိတ်မှာ သွပ်မရှိခဲ့တော့ဘဲ သူကျန်းမာလာစေချင်သည့် ဆန္ဒ တွေသာ ရှိခဲ့ပါတော့၏။ သည်လောက်နှစ်တွေကြာခဲ့ပြီဆိုတော့လည်း သူရှိမှ ရှိ နေသေးပါလေရဲ့လားလည်း မသိတော့ပါ။ )

ထို့နောက် ဦးသန်းစိန်အပေါ် တရားစွဲဆိုထားသော ပြစ်မှုကြီးအမှတ်(၇/ ၇၈)နှင့်(၈/၇၈)တို့နှင့်ပတ်သက်၍ အမှုစစ်ဆေးနေစဉ်အတွင်း အချုပ်လွတ် ထုချေ ခွင့်ပြုရန် လျှောက်ထားချက်အပေါ် တရားစီရင်ရေးအဖွဲ့က အမိန့်ချမှတ်၏။

**အယူခံမှု**

ရှေးဦးစွာ ပြစ်မှုကြီးအမှတ်(၇/၇၈)နှင့်ပတ်သက်၍ အမိန့်ချမှတ်ရာတွင် ယခုအမှုမှာ ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ နှင့် စွဲဆိုထားခြင်းဖြစ်ပြီး ယင်းပုဒ်မဖြင့် ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါ

တစ်သက်တစ်ကျွန်းဒဏ်အထိ ပြစ်ဒဏ်ချမှတ်နိုင်သောအမှုဖြစ်သည်ကို တွေ့ရှိကြောင်း၊ ယင်းပုဒ်မဖြင့် စွဲဆိုထားသောအမှုမျိုးမှာ အာမခံချက်လွတ်ထုချော်ခွင့်မပေးသော အမှုမျိုးဖြစ်သည့်အပြင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၉၇ ကို လိုက်နာ အချုပ်လွတ်ထုချေခွင့် ပြုသင့်/မပြုသင့် ဆုံးဖြတ်ရမည်ဖြစ်ကြောင်း။

**ပလဝ်**

တရားခံဘက်မှ အကြောင်းအချက်များ တင်ပြရာတွင် တရားခံသည် နာကျန်းသူ (သို့မဟုတ်) ချည့်နဲ့နေသူဖြစ်ကြောင်း လုံးဝဖော်ပြမထားကြောင်း၊ ထို့ကြောင့် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၉၇ အရ တရားခံအားအချုပ်လွတ်ထုချေခွင့် ထံကပြုရန် ခွင့်ချက်သဘောဖော်ပြထားသော အကြောင်းအချက်များကို တရားဘက်မှ မတင်ပြနိုင်၍ တရားခံ၏လျှောက်လွှာကို ပလပ်လိုက်ကြောင်းဖြင့် အမိန့်မှတ်၏။ ဆက်လက်၍တရားစီရင်ရေးအဖွဲ့က ပြစ်မှုကြီးအမှတ်(၈/၇၈)နှင့် ပတ်သက် အချုပ်လွတ်ထုချေခွင့်လျှောက်ထားချက်အပေါ် အမိန့်ချမှတ်ရာတွင် တရားခံအား ငွေငါးထောင်ကျပ်တိတိတန် အာမခံသူနှစ်ဦးဖြင့် ယခုအမှုကို အချုပ်လွတ်ထုချေခွင့်ပေးလိုက်ကြောင်းဖြင့်အမိန့်ချမှတ်၏။

**စွဲချက်တင်**

ဆက်လက်၍ တရားစီရင်ရေးအဖွဲ့က ပြစ်မှုကြီးအမှတ်(၈/၇၈)နှင့်ပတ်သက်၍ စွဲချက်တင်ရာတွင် ၁၉၇၅ ခုနှစ် ဧပြီ ၁၂ ရက်မှ ၁၉၇၅ ခုနှစ် ဧပြီ ရက်အထိ ၁၃၃၇ ခုနှစ် တန်ခူးလဆန်း ၂ ရက်မှ ၁၃၃၇ ခုနှစ် တန်ခူးလဆန်း ၉ ရက်အထိ ကာလအတွင်း ဦးသန်းစိန်သည် ပါတီဌာနချုပ်ပိုင်ကား မာဇဒါအီး (၂၀၀၀) အမှတ် ၁၇၃၁ တစ်စီးနှင့် ဗဟိုစက်ပစ္စည်းစာရင်းစစ်ဆေးရေး ဦးစီးဌာနပိုင် မာဇဒါကျစ်ကားအမှတ် ၅၂/၆၃၉ တို့ကို ပါတီတာဝန်ထမ်းဆောင်ခြင်းမရှိဘဲ ပါတီတာဝန်ထမ်းဆောင်သည့်အနေဖြင့် ရယူ၍ ရန်ကုန်မှ မန္တလေးနှင့် မေမြို့သို့ သွားရောက်ခဲ့ခြင်းဖြင့် ယင်းမော်တော်ကားနှစ်စီးနှင့် ပါတီဝန်ထမ်းနှစ်ဦး၊ ပြည်သူ့ဝန်ထမ်းတစ်ဦး၏ လုပ်အားကို မိမိကိုယ်ကျိုးအတွက် သုံးစွဲခဲ့သည့်အပြင် ခရီးသွားလာရာ၌ ကုန်ကျသော

ခေတ်ဆီဖိုးငွေ ၆၄၃ ကျပ် ပြား ၆၀ ကို ပါတီဌာနချုပ်အသုံးစရိတ်အောက်မှ ပြန်လည်တောင်းခံထုတ်ယူအလွဲသုံးစားမှုကို ကျူးလွန်ခဲ့သောကြောင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ(၄၀၈)ဖြင့် စွဲချက်တင်လိုက်ကြောင်းနှင့် မည်သည့်အတွက်ကြောင့် အပြစ်မပေးထိုက်ကြောင်း ထုချေရန်ပြောကြားရာ ဦးသန်းစိန်က ၎င်းတွင် အပြစ်မရှိကြောင်း ထုချေရာတွင် မိမိပါတီတာဝန်ဖြင့်သွားခဲ့ခြင်းဖြစ်ပြီး ခေတ်ဆီဖိုးငွေများကိုလည်း မိမိထုတ်ယူခဲ့ခြင်းမရှိကြောင်းဖြင့် ထုချေ၏။

(ဤနေရာ၌ စာရေးဆရာ၏ခံစားချက်နှင့် ကိုယ်ချင်းစာနာချက်အရ မဟုတ်မမှန်သည်ကို အနိုင်အထက် ဖမ်းဆီးချုပ်နှောင်ထားပြီး အပြစ်မပေးထိုက်ကြောင်း ထုချေခိုင်းသည်ကို မခံမရပ်နိုင်အောင်နာကျင်ရပေ လိမ့်မည်ဟုစာနာ အောက်မေ့ပါ၏။)

ထို့နောက် တရားစီရင်ရေးအဖွဲ့က ပြန်ခေါ်သက်သေများ စစ်ဆေးရန် ဖေဖော်ဝါရီလ ၂၇ ရက်သို့ ချိန်းဆိုလိုက်၏။ ဆက်လက်၍ ဦးသန်းစိန်နှင့်ပတ်သက်သည့် ပြစ်မှုကြီးအမှတ်(၇/၇၈)ကို ဆက်လက်၍ စစ်ဆေးရာတရားလိုပြသက်သေ(၁) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်က အစစ်ခံထွက်ဆိုရာတွင် ပါတီဌာနချုပ်မှ ပုဂ္ဂိုလ်အချို့ စီးပွားရေးမသမာမှုများပြုနေကြောင်း သတင်းနှင့်ပတ်သက်ပြီး ကြီးကြပ်စုံစမ်းဖော်ထုတ်ရန် (၁၇-၉-၇၇)ရက်တွင် ညွှန်ကြားရေးမှူးချုပ်က မိမိကို တာဝန်ပေးချက်အရ ၂၁-၉-၇၇ ရက်တွင် ပါတီဌာနချုပ်ရိပ်သာမှ ထမင်းချက် ဦးချစ်သိန်းကို စစ်ဆေးခဲ့ပြီး ၂၂-၉-၇၇ ရက်တွင် ရိပ်သာမှစာရင်းများကို ဗဟိုစာရင်းရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမွန်ကျော်ခေါင်းဆောင်သည့် စာရင်းစစ်အဖွဲ့အား စစ်ဆေးစေခဲ့သည့်အပြင် ပါတီဌာနချုပ်ဆောင်ငွေဌာနမှ ဌာနစုမှူး ဦးလှဝင်းထံမှ ၁၉၇၄ ခု ဇန်နဝါရီလ ရိပ်သာစာရင်းများကို သိမ်းဆည်းခဲ့ကြောင်း။ ထို့နောက် သက်သေဦးစံတင်၊ သက်သေဦးရဲတင်ဝင်း၊ သက်သေဦးစန်း၊ သက်သေဦးစိုးတင့်တို့ကို စစ်ဆေးခဲ့ရာ သက်သေများ ထွက်ဆိုချက်များနှင့် စာရင်းစစ်အစီရင်ခံစာအရ ၁၉၇၄ ခု ဇန်နဝါရီ ၆ ရက်တွင် ပြုလုပ်သည့်

ဦးသန်းစိန်၏သမီးမင်္ဂလာဆောင်တွင် ပါတီဌာနချုပ်ရိပ်သာမှ နို့ဆီနှစ်သေတ္တာ၊ သကြား ၁၅ ပိဿာ။ လက်ဖက်ခြောက် ၅ ပေါင်၊ ကော်ဖီ ၃ ပေါင်၊ ပြည်သူ့မုန့်တိုက်မှ မုန့်ကျပ် ၄၀၀ ဖိုး၊ ဒူးယား ၁၀ လိပ်ဝင် ဗူးကာတွန်း ၄၀၊ စုစုပေါင်းငွေ ၁၀၄၅ ကျပ် ပြား ၅၀ တို့ကို ကိုယ်ကျိုးအတွက် အလွဲသုံးစားပြုခဲ့ကြောင်း စစ်ဆေးတွေ့ရှိရကြောင်း။

**ဖြေကြား**

ထို့ကြောင့် ၂-၂-၇၈ ရက်တွင် ဦးသန်းစိန်အပေါ် အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်သော အက်ဥပဒေပုဒ်မ ၃ အရ ကျောက်တံတားရုံးခန်းတွင် တိုင်ချက်ဖွင့်ခဲ့ပြီး ၃-၂-၇၈ ရက်တွင် ဤတရားစီရင်ရေးအဖွဲ့ တရားစွဲဆိုတင်ပို့ခဲ့ကြောင်း ထွက်ဆိုသွားပြီး တရားခံတရားလိုအကျိုးဆောင်များ၏ မေးခွန်းများကို ဖြေကြားထွက်ဆိုသွား၏။

**မုန့်မှာယူ**

ထို့နောက် တရားလိုပြသက်သေ(၂) ပါတီဌာနချုပ်ရိပ်သာမှူး ဦးစံတင်က စစ်ခံထွက်ဆိုရာတွင် ဦးသန်းစိန်၏သမီးမင်္ဂလာဆောင်အတွက် ၎င်းအနေဖြင့် ဦးရဲတင်ဝင်း၏စေခိုင်းချက်အရ ပြည်သူ့မုန့်တိုက်တွင် မုန့်ကျပ် ၄၀၀ ဖိုးအော်ဒါမှာခဲ့၊ နို့ဆီနှစ်သေတ္တာ၊ သကြား ၁၅ ပိဿာ၊ လက်ဖက်အချိုခြောက်ငါးပေါင်၊ ကော်ဖီမှုန့်သုံးပေါင်နှင့်ဒူးယားစီးကရက်များကို မောင်ချစ်သိန်းအား ပို့ခိုင်းခဲ့ပုံများနှင့် ၎င်းနှင့် ဦးရဲတင်ဝင်းကိုယ်တိုင်လည်း မင်္ဂလာဆောင်တွင် သွားရောက်ဧည့်ခံခဲ့ပုံများကို ထွက်ဆိုသွား၏။ ထို့နောက် တရားစီရင်ရေးအဖွဲ့က ယင်းအမှုကို ဆက်လက်စစ်ဆေးရန် ဖေဖော်ဝါရီ ၂၇ ရက်သို့ ချိန်းဆိုလိုက်၏။ (သတင်းစဉ်)

၁၉၇၈ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်တွင် ဖေဖေ၏အမှု မဟုတ်စေကာမူ ဖေ့၏မိတ်ဆွေ ဦးတင်အေးကျော်နှင့်ပတ်သက်သည့် ပြစ်မှုကြီးအမှတ်(/၇၈)ကို တိုင်းတရားစီရင်ရေးအဖွဲ့အမှတ်(၆၃)က ဆက်လက်စစ်ဆေးသည်ဆိုသော သတင်းကို လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ၊ စာမျက်နှာ ၅ ကော်လံ ၁ ၂ ၃ နှင့် ၄ တို့

တွင် ဖတ်ရှုရပါသည်။ အရင် ၃၆ နှစ်တုန်းက ထဲထဲဝင်ဝင် မဖတ်ရှုခဲ့နိုင်သည့် အတွက် ယခုမှပင် သတင်းစာကော်ပီတွေကို စုဆောင်းဖတ်ရှုရပါသည်။

ရှေးဦးစွာ ယခင်ရုံးချိန်းတစ်ဝက်က ပြန်လှန်မေးခွန်းများ မေးမြန်းမှု မပြီးပြတ်သည့် တရားလိုပြသက်သေ(၂) ဦးမောင်မောင်အေးကို တရားခံအကျိုးဆောင်က ပြန်လှန်မေးခွန်းများ ဆက်လက်မေးမြန်း၏။ ထို့နောက် ဦးမောင်မောင်အေးက တရားလို အကျိုးဆောင်၏ ဖြေရှင်းမေးခွန်းများကို ဖြေကြားထွက်ဆိုသွား၏။

**ဦးကျင်ငွေ**

ယင်းနောက် တရားလိုပြသက်သေ(၃) လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့ အင်အားဦးစီးဌာန္နဒုတိယညွှန်ကြားရေးမှူး ဦးကျင်ငွေကို ဆက်လက်စစ်ဆေး၍ ဦးကျင်ငွေက ထွက်ဆိုရာတွင် ၁၉၇၃ ခုနှစ် ဇူလိုင်လ ၂၇ ရက်နှင့် ၂၉ ရက်များ တွင် မြစ်ကြီးနား၌ ရွေးချယ်တင်မြှောက်ပွဲ ကြိုတင်ပြင်ဆင်ရေးကော်မရှင်အဖွဲ့ခွဲ (၂)က မိမိအား ညှိနှိုင်းကျွေးမွေးခဲ့ကြောင်း ဖြင့် ညှိခံကျွေးမွေးသည့်စာရင်းတွင် မိမိ၏အမည်ကို တင်ပြထားသည်မှာ မမှန်ကြောင်း၊ ထိုရက်များတွင် မိမိမြစ်ကြီးနား တွင် မရှိဘဲ ရန်ကုန်တွင်ရှိကြောင်း။ ထို့အပြင် ၁၉၇၃ ခုနှစ် ဇူလိုင် ၃၀ ရက်နှင့် ၃၁ ရက်များတွင်လည်း မိမိအား ရွေးချယ်တင်မြှောက်ပွဲ ကြိုတင်ပြင်ဆင်ရေးကော်မရှင် အဖွဲ့ခွဲ(၂)က မန္တလေးတွင် ညှိခံကျွေးမွေးရသည်ဆိုပြီး ကျွေးမွေးညှိခံသည့်စရိတ် စာရင်းတွင် မိမိအမည်ကို ဖော်ပြထားသည်မှာ မမှန်ကြောင်း။ ထိုရက်များတွင် မိမိ အား မိမိ၏ညွှန်ကြားရေးမှူးချုပ်ဌာနတွင်း ရာထူးတိုးမြှင့်ရေးကိစ္စရပ်များနှင့် ပတ်သက် ၍ လူတွေ့စစ်ဆေးရေးကိစ္စများနှင့်ပတ်သက်၍ လူတွေ့စစ်ဆေးရေးကိစ္စရပ်များ ဆောင် ရွက်ရန်ခေါ်သည့်အတွက် မန္တလေးနန်းတွင်း၌ ညွှန်ကြားရေးမှူးချုပ်အား မိမိသွား တွေ့ခဲ့ခြင်းသာဖြစ်ပြီး မိမိထမင်းစားရာတွင် အပြင်၌ ဝယ်စားခဲ့ကြောင်းများကို ထွက် ဆိုသွား၏။ ထို့နောက် သက်သေကတရားခံ တရားလိုအကျိုးဆောင်များ၏ မေးခွန်းများ ကို ဖြေကြားထွက်ဆိုသွား၏။

## ဦးသန်းညွန့်

ထို့နောက် တရားလိုပြသက်သေ(၄) အငြိမ်းစားလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးသန်းညွန့်က အစစ်ခံထွက်ဆိုရာ တွင်မိမိသည် ၁၉၇၃ ခုနှစ်က ရွေးချယ်တင်မြှောက်ပွဲ ကြိုတင်ပြင်ဆင်ရေးကော်မရှင် အဖွဲ့ခွဲတွင် အဖွဲ့ဝင်အဖြစ်ပါဝင်ခဲ့ပြီး ကလေးမြို့သို့ သွားရောက်ရာတွင် ကော်မရှင် အဖွဲ့ခွဲအဖြစ် ဆောင်ရွက်ခဲ့ကြောင်း။ ခရီးစဉ်တွင်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးတင်အေးကျော်နှင့်ရုံးအဖွဲ့ဝင်များကို ခေါ်လာခဲ့ကြောင်း၊ ထိုစဉ်က အမှတ်(၄၂) ခြေလျင်တပ်ရင်းအရာရှိ ရိပ်သာတွင် တည်းခိုခဲ့ပြီး မိမိအား သက်ဆိုင်ရာ တိုင်းတပ် မှ ကျွေးမွေးဧည့်ခံသည်ဟုထင်ကြောင်း၊ ကလေးခရီးစဉ်တွင် မိမိဌာနမှ အရာရှိများ ပါသော်လည်း ၎င်းတို့သည် ကော်မရှင်အဖွဲ့ခွဲလုပ်ငန်းနှင့် မသက်ဆိုင်ဘဲ မိမိတို့ ဌာနလုပ်ငန်းအတွက် ဌာနကုန်ကျစရိတ်ဖြင့် လိုက်ပါလာခဲ့ခြင်းဖြစ်ကြောင်း၊ ဒေသ ဆိုင်ရာပုဂ္ဂိုလ်များ မိမိတို့နှင့်အတူ ထမင်းလာစားသည် မစားသည်ကို မိမိမမှတ်မိ တော့ကြောင်း၊ ထိုစဉ်က ဦးတင်အေးကျော်နှင့်အတူ လူသုံးလေးဦး အရက်လာ သောက်သည်ကို တွေ့ရကြောင်း။

၁၉၇၃ ခု ဇူလိုင်လတွင် မြစ်ကြီးနား၊ မန္တလေးသို့ ခရီးသွားစဉ်က မိမိ အနေဖြင့် ကြိုတင်၍ ခရီးထွက်ခဲ့ကြောင်း။ ထိုစဉ်က မိမိတို့ဌာနမှ ဦးသန်းထွန်း၊ ဦးတင်ရွှေနှင့် ဦးဝင်းမောင်တို့ ပါဝင်ကြောင်း။ ၎င်းတို့ပါခြင်းမှာ ဌာနဆိုင်ရာလုပ်ငန်း များ ဆောင်ရွက်ရန်အတွက် ၎င်းတို့အသုံးစရိတ်နှင့် ၎င်းတို့လိုက်လာခြင်းဖြစ်ပြီး မိမိတို့ကော်မရှင်အဖွဲ့ဝင်များက တပ်မဟာ(၇)ရိပ်သာတွင် တည်းခို၍ မိမိ၏ ဌာနမှ အရာရှိများက တိုင်းရုံး၊ မြို့နယ်ရုံးနှင့် နန်းသီတာတို့တွင် တည်းခိုကြ၍ အပြင်တွင် ထမင်းစားသောက်ကြကြောင်း။

## မမှန်ကန်

ထို့နောက် မြစ်ကြီးနားမှ မန္တလေးသို့ လေယာဉ်ဖြင့်သွားရာတွင် မိမိဌာနမှ အရာရှိများမပါကြောင်း၊ ၎င်းတို့အနေဖြင့် ကြိုတင်သွားနှင့်ပြီးဖြစ်ကြောင်း၊ မန္တလေး

တွင် မိမိတို့ကော်မရှင်အဖွဲ့ဝင်များ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တွင် တည်းခိုပြီး မိမိ၏ဌာနမှ ပုဂ္ဂိုလ်များအပြင်တွင် တည်းခိုကြကြောင်းနှင့် တရားစီရင်ရေးအဖွဲ့သို့ သက်သေခံအဖြစ် တင်ပြထားသည့် ညှော့ခံကျွေးမွေးစရိတ်စာရင်းများတွင် မိမိတို့ ဌာနမှ ပုဂ္ဂိုလ်များ၏ အမည်စာရင်းများ ထည့်သွင်းဖော်ပြထားခြင်းမှာ မမှန်ကန်ကြောင်း ထွက်ဆိုသွား၏။

**ဦးသန်းထွန်း**

ထို့နောက် တရားလိုပြသက်သေ(၅) လူ့ဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွန်းက အစစ်ခံထွက်ဆိုရာတွင် ၂၈-၇-၇၃ ရက်တွင် ညွှန်ကြားရေးမှူးချုပ်နှင့်အတူ မိမိနှင့်တကွ ဦးစိုးမြင့်၊ ဦးတင်ရွှေ ညွှန်ကြားရေးမှူးချုပ်၏ ကိုယ်ရေးအရာရှိ ဦးခင်မောင်တို့ဌာနဆိုင်ရာ ရာထူးတိုးမြှင့်ပေး ရေးကိစ္စအတွက် မြစ်ကြီးနားကို လေယာဉ်ဖြင့် သွားရောက်ခဲ့ကြောင်း။ မိမိတို့ မြစ်ကြီးနားတွင် နန်းသီတာ၌ တည်းခိုပြီး မိမိတို့စရိတ်ဖြင့် စားသောက်ကြကြောင်း။ မိမိတို့အနေဖြင့် ကော်မရှင်အဖွဲ့ခွဲကျွေးမွေးသည်များကို သွားရောက် စားသောက်ခြင်း မရှိကြောင်း။ ထို့ကြောင့် မိမိတို့ဌာနဝန်ထမ်းများအား ကော်မရှင်အဖွဲ့ခွဲက ကျွေးမွေး ညှော့ခံရကြောင်းသက်သေခံစာရင်းတွင် ဖော်ပြပါရှိသည်မှာ မမှန်ကန်ကြောင်း။ ၎င်း စာရင်းမှာပင် ဖော်ပြပါရှိသည့် မိမိတို့ဌာနမှူး ဦးအောင်ကျော်နှင့် ဦးကြင်ငွေတို့မှာ လည်း မြစ်ကြီးနားတွင်မရှိကြောင်း။ မိမိတို့(၃၀-၇-၇၃)ရက်တွင် မန္တလေးသို့ ပြန် ခဲ့ပြီး မန္တလေးတွင် မိမိနှင့်အတူ ဦးအောင်ကျော်၊ ဦးကြင်ငွေနှင့် ဦးတင်ရွှေတို့ ဌာနဆိုင်ရာလုပ်ငန်းများ လုပ်ကြကြောင်း။

ထို့နောက် မန္တလေးမှ လားရှိုးသို့လည်းကောင်း၊ မကွေးသို့လည်းကောင်း၊ ဌာနဆိုင်ရာ ရာထူးတိုးမြှင့်ရေးကိစ္စများ ဆောင်ရွက်ရန် ခရီးထွက်ခဲ့ကြကြောင်းနှင့် ကော်မရှင်အဖွဲ့ခွဲ(၂)က ညှော့ခံကျွေးမွေးသည်များကို သွားရောက်စားသောက်ခြင်း မရှိခဲ့ကြောင်း ထွက်ဆိုသွားသည့်အပြင် နစ်ဖက်သောအကျိုးဆောင်များ၏ မေးခွန်း များကို ဖြေကြားထွက်ဆိုသွား၏။

**ဦးအောင်ကျော်**

စစ်ခံထွက်ဆိုရာတွင် မိမိနှင့်ဦးကြင်ငွေတို့အား ညွှန်ကြားရေးမှူးချုပ်က မန္တလေးသို့လာရန်ပြော၍ မိမိတို့ (၃၀-၇-၇၃) ရက်တွင် မန္တလေးသို့ သွားခဲ့ကြောင်း။ မန္တလေးရောက်သည့်အခါ မိမိတို့အစီအစဉ်ဖြင့် မိမိတို့ စားသောက်ကြကြောင်း၊ မန္တလေးမှတစ်ဆင့် လားရှိုးနှင့် မကွေးသို့သွားကြကြောင်း၊ ဇူလိုင်လ ၂၈ ရက်၊ ၂၉ ရက်နှင့် ၃၀ ရက်များတွင် မိမိမြစ်ကြီးနားဌာနရှိကြောင်း။ သက်သေခံကျွေးမွေးစရိတ်တွင် ဖော်ပြထားသည်မှာ မမှန်ကြောင်း၊ ထို့အတူ ဇူလိုင်လ (၃၀)ရက် (၃၁)ရက်နှင့် ဩဂုတ်လ (၁)ရက်တို့တွင် ကော်မရှင်အဖွဲ့က ကျွေးမွေးဧည့်ခံသူများ စာရင်းတွင် မိမိအမည်ပါဝင်သည်မှာ မမှန်ကြောင်းထွက်ဆိုသွား၏။

**ဦးတင်ရွှေ**

ယင်းနောက် တရားလိုပြသက်သေ(၇) လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဦးစီးဌာနမှအငြိမ်းစားဒုတိယလက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ရွှေက အစစ်ခံထွက်ဆိုရာတွင် ကလေးမြို့ ခရီးစဉ်သို့ ညွှန်ကြားရေးမှူးချုပ်နှင့်အတူ ခရီးထွက်ခဲ့ရာတွင် မိမိနှင့်တကွ ဦးခင်ဦး၊ ဦးခင်မောင်နှင့် ဦးမောင်လေးတို့ပါဝင်ကြောင်း။ ကလေးမြို့တွင် မိမိတို့တာဝန်ထဲတွင် တည်းခိုပြီး အပြင်တွင် မိမိတို့ဌာနဆိုင်ရာ အလုပ်များ လုပ်ဆောင်ကြ၍ အပြင်မှာပင် ထမင်းစားကြကြောင်း၊ သို့ရာတွင် ကော်မရှင်အဖွဲ့ခွဲ၏ ကျွေးမွေးဧည့်ခံစရိတ်တွင် မိမိတို့အမည်များ ဖော်ပြပါရှိ နေသည်မှာ မမှန်ကြောင်း၊ မိမိတို့မှာကော်မရှင် အဖွဲ့ခွဲလုပ်ငန်းနှင့်လည်း မသက်ဆိုင်ကြောင်း။ မိမိတို့မြစ်ကြီးနားဌာနရှိ နေ့စဉ်တွင်လည်း မိမိတို့စရိတ်ဖြင့် မိမိတို့တည်းခိုစားသောက်ကြကြောင်း၊ ၁၉၇၃ ခု ဇူလိုင်လ ၃၀ ရက်၊ ၃၁ ရက်နှင့် ဩဂုတ်လ ၁ ရက်တို့တွင် မိမိတို့အား ကော်မရှင်အဖွဲ့ခွဲက ကျွေးမွေးဧည့်ခံသည်ဆိုသည်မှာလည်း မဟုတ်ကြောင်းများကို ထွက်ဆိုသွား၏။

**ဦးလှရွှေ**

ယင်းနောက် တရားလိုပြသက်သေ(၈) အထွေထွေစုံစမ်းရေးဦးစီးဌာနမှ ဒုတိယလက်ထောက်ညွှန်ကြားရေးမှူး ဦးလှရွှေကအစစ်ခံထွက်ဆိုရာတွင် ၎င်းအနေ

ဖြင့်ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်၏ ညွှန်ကြားချက်အရ စာရင်းစစ်အဖွဲ့ခေါင်းဆောင် ဦးသန်းမောင်ထံမှ ကော်မရှင်အဖွဲ့ခွဲ(၂)၏ စာရင်းအင်းများကို လက်ခံခဲ့ပုံ၊ ဦးမောင်မောင်အေးကို စစ်ဆေးခဲ့ပုံ၊ ကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးဇော်ဖေကို စစ်ဆေးခဲ့ပုံများနှင့် ကျန်သက်သေများကို စစ်ဆေးခဲ့ပုံများကို ထွက်ဆိုသွားပြီး စစ်ဆေးချက်များကွဲဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်ထံ တင်ပြခဲ့ပုံများကို ထွက်ဆိုသွားသည့်အပြင် သက်သေက တရားခံအကျိုးဆောင်၏ပြန်လှန်မေးခွန်းများကို ဖြေကြားထွက်ဆိုသွား၏။ ထို့နောက် တရားစီရင်ရေးအဖွဲ့က ယင်းအမှုကို ဆက်လက်စစ်ဆေးရန် ဖေဖော်ဝါရီလ ၂၈ ရက်သို့ ချိန်းဆိုလိုက်၏။ (သတင်းစဉ်)

ဤတရားစွဲဆိုခြင်း၊ တရားလိုပြသက်သေများ၏ထွက်ချက်၊ တရားခံပြသက်သေများ၏ထွက်ချက် စသည့်ရှည်လျားသောစာကြောင်းများဖြင့် ပြည့်နှက်နေသည့် ဆောင်းပါးကို ပျင်းရိဖွယ်ကောင်းသည်ဟု ယူဆသူလည်း ရှိပါလိမ့်မည်။ အမှန်တရားနှင့် တရားမမှန်သည်တို့ကို ခွဲခြားသိရှိလိုသူတွေကတော့ လေ့လာသုံးသပ်ကြပါမည်။ ဤသို့သော စာရွက်စာတမ်းတွေကို သိမ်းဆည်းထားနိုင်သောနေရာနည်းပါးလှသည့်အတွက် ပျောက်ဆုံးသွားနိုင်ပါသည်။

သက်ဆိုင်သူများကတော့ အကြောက်တရားနှင့် ငုံ့ခံလာရသည့် နှစ်ပေါင်းသုံးဆယ်ကျော်မှ အတန်ငယ်ခေါင်းထောင်ကြည့်ခွင့်ရလာကြသောအခါ သတင်းစာဟောင်းတွေက ပြောပြသည်တို့ကို ပြန်လည်သုံးသပ်ကြပြီး မည်မျှအထိ မှန်ကန်ခဲ့ပြီး မည်မျှအထိ မှားယွင်းနေကြောင်း၊ မဟုတ်တမ်းတရမ်းတွေ ထွက်ဆိုခဲ့ရသည့်အတွက် မည်မျှစိတ်ဆင်းရဲပင်ပန်းခဲ့ရကြောင်းဖြင့် အချင်းချင်းပြန်ပြောနိုင်ကြပါလိမ့်မည်။ ဖေဖေတို့အား အမှုဆင်စွပ်စွဲပုံတို့ကို အပြည့်အစုံ တင်ပြလိုသောကြောင့် စာရေးသူက ၁၉၇၈ ခုနှစ် ဖေဖော်ဝါရီ (၂၂)ရက်တွင် တရားရုံးမှာ စစ်ဆေးခဲ့သည်တို့ကို အောက်ပါအတိုင်း ကူးယူဖော်ပြလိုက်ပါသည်။ စီးပွားရေး မသမာမှုများနှင့် အလွဲသုံးစားမှုများဖြင့် တရားစွဲဆိုခြင်းခံရသော ဦးထွန်းလင်းနှင့်ပတ်သက်သည့် ပြစ်မှုကြီးအမှတ် (၁/၇၈)မှ(၆/၇၈)ကို ရန်ကုန်တိုင်းတရားစီရင်ရေးအမှတ်(၆၃)က ယနေ့ဆက်လက်စစ်ဆေး၏။

**အာမခံ**

ရှေ့ဦးစွာ ဦးထွန်းလင်း၏ အာမခံလျှောက်ထားချက်နှင့်ပတ်သက်၍ အာမခံ သင့်မပေးသင့်ကို နစ်ဖက်သောအကျိုးဆောင်များက ဥပဒေများ၊ စီရင်ထုံးများ ကိုးကား၍ လျှောက်လဲကြ၏။ ထို့နောက် တရားစီရင်ရေးအဖွဲ့က အာမခံပေးသင့် ပေးသင့် လျှောက်ထားချက်များနှင့်ပတ်သက်၍ စီရင်ချက်ချမှတ်ရန် နောက် ပတ်ရုံးချိန်းရက်သို့ ချိန်းဆိုလိုက်၏။

**ပြေစာနှစ်မျိုး**

ထို့နောက် ယခင်ရုံးချိန်းရက်များက စစ်ဆေးမှု မပြီးပြတ်ခဲ့သည့် ပြစ်မှုကြီး မှတ်(၁/၇၈)မှ တရားလိုပြသက်သေ(၂) ပါတီဌာနချုပ်ဌာနခွဲမှူး ဦးကျော်အုန်းကို ဆက်လက်စစ်ဆေးရာတွင် ဦးထွန်းလင်းထုတ်ယူသည့် ငွေများနှင့်ပတ်သက်၍ ပြေစာများ ပြုလုပ်ပေးရာတွင် နှစ်မျိုးနှစ်စားပြုလုပ်ပေးရကြောင်း၊ ပထမတစ်မျိုးမှာ ငယ်သောပြေစာများကို စာရင်းပြုလုပ်ပေးရခြင်းမျိုးဖြစ်ပြီး ဒုတိယအမျိုးအစားမှာ ညွှန်ကြားသည့်အတိုင်း စာရင်းပြုလုပ်ပေးရခြင်းမျိုးဖြစ်ကြောင်း။

**လက်မှတ်ထိုး**

ဦးထွန်းလင်းခိုင်းသည့်အတိုင်း မိမိပြေစာများ ပြုလုပ်ပေးရခြင်းမှာ မိမိ င်းအားကြောက်၍ ပြုလုပ်ပေးရခြင်းဖြစ်ကြောင်း၊ လကုန်၍ ငွေစာရင်းများ ပိတ် သည့်အခါ ငွေလက်ခံသူလက်မှတ်မပါရှိသည့် ငွေပေးပြေစာများ လက်မှတ်ထိုးရန် ထွန်းလင်းထံ တင်ပြသည့်အခါများတွင် ဦးထွန်းလင်းက ဤပြေစာများပေါ်တွင် မိလက်မှတ်ရေးထိုးရမည်ဟု ပြော၍ မိမိလက်မှတ်ရေးထိုးခဲ့ကြောင်းများကို သက် သခံပြေစာများနှင့်တကွ ထွက်ဆိုသွား၏။

**ချိန်းဆို**

ထို့နောက် သက်သေကတရားခံ အကျိုးဆောင်၏ ပြန်လှန်မေးခွန်းများကို ဖြေကြားထွက်ဆိုနေစဉ် ရုံးချိန်ကုန်သွားသည့်အတွက် ယင်းအမှုကို ဆက်လက်စစ် ဆေးရန် မတ်လ ၈ ရက်ကို တရားစီရင်ရေးအဖွဲ့ကချိန်းဆိုလိုက်၏။ (သတင်းစဉ်)

အဲသည်နေ့တွေမှာ အမှုစစ်နေသည်ကို ကျွန်မတို့နှင့် တိုက်ရိုက်မသက်ဆိုင်ဘူးဟု ဆိုနိုင်စေကာမူ တစ်လေ့တည်းစီး တစ်ခရီးတည်းသွားနေကြရသူတွေချင်း ဖြစ်သော ကျွန်မတို့မှာ သတင်းစာစောင့်ဖတ်ခြင်းဖြင့် ဘာများထူးခြားလာလေမလဲဟု နေ့စဉ်မျှော်လင့်ခဲ့မိကြပါ၏။

ဖေဖေ့အမှုကို ဆက်စစ်မည့် ၁၉၇၈ ခုနှစ်၊ ဖေဖော်ဝါရီ ၂၃ ရက်သည်ကား လွှဲဖယ်တုံ့ဆိုင်းခြင်းဟု မဖြစ်နိုင်ဘဲ နာရီလက်တံတစ်စ ရွေ့လျားရောက်ရှိလာခဲ့ပါလေပြီ။ ကျွန်မတို့မိသားစုသည် တရားရုံးသို့ လာရောက်ပြီး အမှုစစ်ဆေးသည်ကို နားထောင်ကြရသလို နောက်တစ်နေ့ ဖေဖော်ဝါရီ ၂၄ ရက်နေ့တွင် သတင်းစာတွေမှာ မသမာမှုနှင့်အလွဲသုံးစားမှုလို့ ပြင်ပသက်သေများ ဆက်စစ်ဆိုသော ခေါင်းစဉ်ဖြင့်ပါလာသည်ကို ဖတ်ရှုကြရပြန်ပါ၏။

စီးပွားရေးမသမာမှုနှင့် အလွဲသုံးစားမှုများဖြင့် တရားစွဲဆိုခြင်းခံရသော ဦးတင်ဝင်းညိုနှင့်ပတ်သက်သည့် ပြစ်မှုကြီးအမှတ်(၉/၇၈)နှင့်(၁၀/၇၈)တို့အနက် ပြစ်မှုကြီးအမှတ် (၁၀/၇၈)အတွက် တရားလိုပြသက်သေ (၃)စားရိပ်သာ စာရေး ဦးစံတင်က ယခင်တစ်ပတ်ရုံးချိန်းက မပြီးပြတ်သေးသော တရားခံအကျိုးဆောင်၏ ပြန်လှန်မေးခွန်းများကို တိုင်းတရားစီရင်ရေး အဖွဲ့အမှတ်(၆၃)တွင် ယနေ့ဆက်လက် ဖြေကြားထွက်ဆိုသွား၏။

**ဆန်အိတ်ပို့**

ထို့နောက် တရားလိုပြသက်သေ(၄) ပါတီဌာနချုပ် မော်တော်ယာဉ်ဌာနမှ ယာဉ်ခန့်ခွဲရေး(ပ) ဦးလှသိန်းကို စစ်ဆေးရာတွင် ၎င်းသည်(၁၂-၇-၇၄) ရက်တွင် ပါတီဌာနချုပ်သို့ ရောက်ရှိခဲ့ကြောင်း၊ ဌာနခွဲမှူး ဦးစိုးလွင်အောက်တွင် တာဝန်ထမ်းဆောင်ရကြောင်း၊ ၁၉၇၆ ခု ဆယ်လပိုင်းက ဦးစံတင်၏စေခိုင်းချက်အရ ဦးတင်ဝင်းညိုအိမ်သို့ ဆန်အိတ်သွားပို့ခိုင်းသဖြင့် မော်တော်ယာဉ်မှာ ၈ျ/၁၇၃၁ ဖြင့်ပို့ခဲ့ကြောင်း၊ ထိုစဉ်က ယာဉ်မောင်းမှာ မောင်ထွန်းမြင့်ဖြစ်ကြောင်း၊ ပို့ပေးရသည့် ဆန်ဖိုးအတွက် ငွေမပေးကြောင်းထွက်ဆိုသွား၏။

ဆက်လက်၍ တရားလိုပြသက်သေ(၅) မောင်ထွန်းမြင့်ကအစစ်ခံထွက်ဆိုရာတွင် ၁၉၇၆ ခု ဆယ်လပိုင်း ညနေဘက်တွင် ဦးတင်ဝင်းညို အိမ်သို့ ဆန်ပို့ခဲ့ကြောင်း။ မော်တော်ယာဉ်မှာ ၈ျ/၁၇၃၁ ဖြစ်ကြောင်းနှင့် တရားခံ အကျိုးဆောင်၏ ပြန်လှန်မေးခွန်းများကိုပါ ဖြေကြားထွက်ဆိုသွား၏။

(ဤနေရာတွင် စာရေးဆရာ ကျွန်မကကြားဖြတ်၍ ပြောပြချင်ပြန်သည် သတင်းစာထဲတွင် ဖော်ပြထားသော ဦးလှသိန်း၏ဓာတ်ပုံကို ကြည့်ရင်း ယခုအခါ ဆယ့်ခြောက်နှစ်ကြာညောင်းခဲ့ပြီမို့ သူလည်း အသက်ထင်ရှားရှိနေသေးလျှင် တင်မှ အတော်အိုမင်းရင့်ရော်ရှာရော့မည်ဟု တွေးမိပါသည်။ ပြည်သူ့အသစ် ဖြစ်သူ ဆောင်းဆိုသည့် စကားသည်လည်း နားထဲ ဦးနှောက်ထဲသို့ တိုးဝင်နှိုးဆွပါသည်။ ချာတာကတော့ သူတို့သည်လည်း ပြည်သူ့မဟုတ်ခဲ့ကြပါ။ အပြစ်ခံရသူများသာ ပါသည်။ တစ်နေရာရာမှာများ ရှိနေဦးမည်ဆိုပါက ကျန်းမာပါစေဟု ကျွန်မက ခွန်းဆက်သ တောင်းဆုချွေလိုက်ချင်မိပါတော့သည်။)

**ဝယ်နိုင်း**

တရားလိုပြသက်သေ(၆) ပါတီဌာနချုပ်ရုံးဌာနခွဲမှူး ဦးစိုးလွင်က ဆက်လက်အစစ်ခံရာတွင် ၎င်းက ဌာနခွဲမှူးအနေဖြင့် ဆောင်ရွက်သည့် တာဝန်များကို ဆိုပြီး လက်အောက်ရှိထောက်ပံ့ဌာနစိတ်မှ ရိပ်သာဌာနရှိ ဦးရဲတင်ဝင်းကို သိရှိပုံ၊ ရဲတင်ဝင်း၏ တာဝန်များနှင့် တာဝန်အရမဟုတ်သော်လည်း လူကြီးများခိုင်းသည့်အခါ ၎င်းအနေဖြင့် အားလပ်ချိန်များတွင် ဆောင်ရွက်ပေးရပုံ၊ လူကြီးများက ၎င်းတို့အိမ်အတွက် ပစ္စည်းများ ဝယ်ခိုင်းပုံ၊ ရိပ်သာပစ္စည်းများကို ဦးရဲတင်ဝင်းက တာဝန်ခံ ကိုင်တွယ်ရပုံ တစ်နေ့သည်နေ့ပိုင်း မိမိဌာနချုပ် အဆောက်အအုံလုံခြုံမှု ကိစ္စ၊ သန့်ရှင်းရေးကိစ္စများကို လိုက်စစ်ဆေးရာတွင် ဦးရဲတင်ဝင်းထံရောက်ခဲ့စဉ် ၎င်းက ဦးထွန်းလင်းအိမ်၊ ဦးတင်ဝင်းညို အိမ်တို့ကိုဆန်၊ ဆီ၊ နို့ဆီ၊ သကြား၊ စီးကရက် ပို့ပေးရသည်ဟု ပြောခဲ့ပုံများကို ထွက်ဆိုသွား၏။ ဒီအမှုကို မတ်လ ၉ ရက်နေ့တွင် ဆက်လက် စစ်ဆေးရန် ချိန်းဆိုလိုက်ပါသည်။

ဂျာနယ်တစ်ခုတွင် (မှုခင်းဟုထင်ပါသည်) ထင်ထင်ရှားရှား ကွင်းကွင်း ကွက်ကွက် ပြက်ရယ်ပြုထားသော သရော်စာတစ်ကွက်ကာတွန်းမှာ ကျွန်မတို့ကို အားတက်စေခဲ့ပါသည်။ ကာတွန်းတွင်အရပ်ပုပုဝဝမျက်မှန်နက်နှင့် ပုဆိုးခါးတောင်း ကျိုက်ထားသောသူခိုးသည်ပြုံးပြုံးကြီးနှင့် ဗန်းတစ်ခုကို ကိုင်မထားရာ ဗန်းထဲတွင် နို့ဆီ၊ သကြား၊ စီးကရက်တွေ ရှိနေပါသည်။ အခြားသူခိုးတစ်ယောက်က ရွှေငွေ အသပြာတွေ ပါသောအထုပ်ကို ပခုံးပေါ်တင်ထားရင်း "ခိုးစရာ ရှားသလား၊ နို့ဆီ သကြားမှ ခိုးရတယ်လို့" ဟု ပြက်ရယ်ပြုနေပါသည်။

အနီးကာတွန်းကို ကျွန်မသည် ၁၉၉၂ လောက်အထိ လုံခြုံစွာသိမ်းဆည်း ထားနိုင်ခဲ့ဖူးပါသည်။ ကျွန်မကို ထောက်လှမ်းရေး(၆)မှ လာခေါ်မည်ဟု ဖုန်းဆက် လာသောအခါမှာမှ ကျွန်မမှာ "အကြောက်တရား" ဖိစီးကာ စုစည်းထိန်းသိမ်း ထားသော စာရွက်စာတမ်းအားလုံး မြေကြီးထဲ ကျင်းတူးပြီး သိုဝှက်သိမ်းဆည်း ထားရစ်ခဲ့ရပါသည်။ နောင်သောအခါ ပြန်မတူးဖော်ဖြစ်ခဲ့တဲ့ မေ့လျော့ပေါ့ဆမိသော ကြောင့် မိုးထဲတွင် ဆွေးမြည့်ပျက်စီးသွားခဲ့ရပါ၏။

ဒီသရော်စာ ကာတွန်းရုပ်ပြောင်မှာ ကျွန်မတို့မိသားစုကို အင်အားဖြည့်တင်း ပေးသော ကာတွန်းကလေးဖြစ်သောကြောင့် ကာတွန်းဆရာကို အထူးတလည် ကျေးဇူးဥပကာရတင်ရှိကြောင်း မှတ်တမ်းတင်ပါသည်။

ယခု ကျွန်မရေးသားမှတ်တမ်းတင်နေသည့် တမ်းတစာကို ကာတွန်း ဆရာဖြစ်စေ၊ ဖတ်ရှုသိမ်းဆည်းထားသူဖြစ်စေ၊ ဖတ်များဖတ်ရှုမိခဲ့ပါလျှင် ကျွန်မကို ကော်ပီကလေးပေးပါဟု လေးစားကျေးဇူးတင်စွာဖြင့် တောင်းခံပါရစေရှင်။

*

## အပိုင်း (၇)

နောက်နေ့ ဖေဖော်ဝါရီလ ၂၄ ရက်နေ့ ၁၉၇၈ တွင် စီးပွားရေးမသမာမှုများနှင့် အလွဲသုံးစားမှုများဖြင့် တရားစွဲဆိုခြင်းခံရသော ဦးဇော်ဖေနှင့်ပတ်သက်သည့် ပြစ်မှုကြီးအမှတ် (၁၁/၇၈)နှင့် (၁၂/၇၈)တို့အနက် ပြစ်မှုကြီးအမှတ် (၁၂/၇၈) ။ ရန်ကုန်တိုင်း တရားစီရင်ရေးအဖွဲ့ (၆၃)က ဆက်လက်စစ်ဆေး ကြားနာခဲ့သည်ကို ၂၅ ရက်နေ့ထုတ် သတင်းစာတွေမှာဖတ်ရှုရပါသည်။

**ဦးတင့်လွင်**

ယင်းအမှုနှင့်စပ်လျဉ်း၍ တရားလိုပြသက်သေ(၅) အငြိမ်းစား ဒုတိယပိုလ်မှူးကြီးဦးတင့်လွင် က အစစ်ခံရာတွင် မိမိသည် ၁၉၆ဂ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ ဖောင်ကြီးဗဟိုပြည်သူ့ဝန်ထမ်းကျောင်းအုပ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြောင်း၊ ၁၉၇၃-ခုနှစ် ယင်းသင်တန်းကျောင်းတွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း ပြည်သူ့ဆန္ဒခံယူပွဲနှင့် စပ်လျဉ်း၍ သင်တန်းဖွင့်ခဲ့ရာ သင်တန်းသား ၃၂၉ ဦး တက်ခဲ့ကြောင်း၊ ၎င်းသင်တန်းသို့ ကော်မရှင်မှပုဂ္ဂိုလ်များလည်း လာရောက်ပို့ချကြောင်း၊ ဦးဇော်ဖေဦးဆောင်လာကြောင်း၊ သင်တန်းအတွက် စားသောက်ကုန် ဗဟိုလုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မတီကပေးသည်ဟု သိရကြောင်း၊ သင်တန်းဆရာနှင့် သင်တန်းသားများကို သင်တန်းက ချက်ပြုတ်ကျွေးကြောင်း၊ ဧည့်သည်များအား အဖျော်ယာမကာ

တိုက်ကျွေးခြင်းမရှိကြောင်း၊ သက်သေခံ(၈) အဆက် ၁၅-၉-၇၃၂၉-၇၃ ရက်အထိ ကျွေးမွေးစရိတ်အတွက် ငွေတောင်းခံလွှာများမှာ မိမိတောင်းခံခြင်း မဟုတ်ကြောင်းဖြင့် ရုံးရှေ့ရှိ သက်သေခံစာရင်း စာရွက်များကို ထောက်ပြထွက်ဆိုသွား၏။

**ဦးမောင်မောင်အေး**

ထို့နောက် တရားလိုပြသက်သေအမှတ်(၆) အိုးအိမ်ဦးစီးဌာနညွှန်ကြား ရေးမှူး ဦးမောင်မောင်အေးက အစစ်ဆေးခံထွက်ဆိုရာတွင် မိမိသည်ဗဟိုလုံခြုံရေး နှင့်အုပ်ချုပ်မှုကော်မတီ၊ ကြိုတင်ပြင်ဆင်ရေးကော်မတီ၊ ဆောက်လုပ်ရေးလုပ်ငန်း အဖွဲ့ငယ်အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့ရကြောင်း၊ ယင်းလုပ်ငန်းများအတွက် (၂၉-၇-၇၃)ရက်တွင် လေယာဉ်ဖြင့် ဖားအံသို့ထွက်ခဲ့ကြောင်း၊ ဦးဇော်ဖေ အပါ အဝင်ပေါင်း ကိုးဦးဖြစ်ကြောင်း၊ ဘားအံပြည်နယ် အစည်းအဝေးခန်းမ၌ ကြို တင်ပြင်ဆင်ရေးကော်မတီအနေနှင့် ရှင်းလင်းပွဲလုပ်ကြောင်း၊ ဘားအံတွင် ညအိပ် ပြီး ပြည်နယ်စားရိပ်သာတွင် မိမိနှင့်အတူ ခုနစ်ဦးညစာစားကြောင်း၊ (၃၀-၇-၇၃) ရက်တွင် အစိုးရမော်တော်နှင့် မော်လမြိုင်သို့ ထွက်ခဲ့ကြကြောင်း၊ မော်လမြိုင်တွင် နံနက်စာ ဦးဇော်ဖေ အပါအဝင် မိမိတို့အတူစားကြပြီး မွန်းလွဲ (၁)နာရီခွဲတွင် မော်လမြိုင်တွင်ရှိသော ပါတီအစည်းအဝေးခန်းမ၌ တနင်္သာရီတိုင်း(၁)နှင့် ပတ်သက်၍ ရှင်းလင်းပွဲပြုလုပ်ကြောင်း။

အရှေ့တောင်တိုင်း စစ်ဌာနချုပ်တွင်တည်းပြီး ၎င်းမှာပဲညစာကို ဦးဇော်ဖေ အပါအဝင် မိမိတို့အတူတူစားခဲ့ကြကြောင်း၊ မွန်းလွဲပိုင်းတွင် ထားဝယ်သို့ လေယာဉ် ဖြင့် ခရီးဆက်ကြပြီး ညနေ(၄)နာရီ (၁၅)မိနစ်တွင် ထားဝယ်အထက်တန်းကျောင်း အမှတ်(၄)တွင် ရှင်းလင်းပွဲလုပ်ကြောင်း၊ ဟိန္ဒားဧည့်ရိပ်သာတွင် တည်းပြီး ၎င်း၌ပင် ညစာစားကြကြောင်း၊ နောက်တစ်နေ့ နံနက်စာလည်း ၎င်းတွင်ပင် စားကြောင်း၊ မွန်းလွဲ(၃)နာရီခွဲတွင် ထားဝယ်မှ လေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ မင်္ဂလာဒုံ လေဆိပ်သို့ ညနေပြန်ရောက်ကြောင်း၊ ထိုသို့ပြန်လာရာတွင်လည်း စထွက်စဉ်က လူဦးရေအတိုင်းပင်ဖြစ်ကြောင်း၊ သက်သေခံ(စ) အမှတ်စဉ်(၁၈)တွင် မိမိနာမည် တွေ့ကြောင်း၊ ထိုစာရင်းတွင် လူဦးရေ(၄၈)ဦးဟု ဖော်ပြထားကြောင်း၊ ခရီးထွက်သည်မှာ



<u>ပြစ်မှုနှစ်ရပ်အတွက် ထောင်ဒဏ် (၇)နှစ်ကျခံစေရန်</u>
အမိန့်ချမှတ်ခြင်းခံရသောမှ ဦးဇော်ဖေ

(၁၃)ဦးသာ ဖြစ်ကြောင်း၊ သက်သေခံအမှတ်စဉ်(၁၂)တွင်လည်း ထည့်ထားသည်မှာ မမှန်ကြောင်း၊ အမှန် ခရီးထွက်ခဲ့သည်မှာ(၁၃)ဦးသာဖြစ်ကြောင်း၊ ထိုစဉ်က ဦးဇော်ဖေသည် ကြိုတင်ပြင်ဆင်မှု ကော်မတီအတွင်းရေးမှူးဖြစ်ကြောင်းဖြင့် သက်သေက ရုံးရှေ့ရှိ သက်သေခံစာရွက်စာတမ်းများကို ထောက်ပြထွက်ဆိုသွား၏။

## ကိုနွဲ့လှိုင်

ထို့နောက် ပါတီဌာနချုပ်မှစာရေးကြီး ကိုနွဲ့လှိုင်တရားလိုပြ သက်သေအမှတ်(၇)က ဆက်လက်ထွက်ဆိုရာတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်းရေးဆွဲရေးအချိန်က ငွေစာရင်းဌာနမှာ လုပ်ကိုင်ကြောင်း၊ ၁၉၇၃ ခု ဇွန်လတွင် ကော်မရှင်အဖွဲ့ခွဲ(၂)နှင့် ရှမ်းပြည်နယ်တောင်ပိုင်းခရီးထွက်ခဲ့ကြောင်း၊ အဖွဲ့ခေါင်းဆောင်မှာ ဦးတင်အေးဖြစ်ကြောင်း၊ အတွင်းရေးမှူးမှာ ဦးဇော်ဖေဖြစ်ကြောင်း၊ ဇွန်လ(၁၁)ရက်တွင် ရန်ကုန်မှ လေယာဉ်ဖြင့် နမ့်ဆန်သို့ အဖွဲ့ဝင်(၁၂)ဦးနှင့် သွားခဲ့ကြကြောင်း၊ နမ့်ဆန်မှ လေးဦးကစောင့်နေရာ အဖွဲ့ဝင်ပေါင်း (၁၆)ဦးဖြစ်သွားကြောင်း၊ ၎င်းမှ မိုးနဲသို့ မော်တော်ယာဉ်ဖြင့်ထွက်ခဲ့ကြပြီး ညနေပိုင်းတွင် ၎င်း၌ပင်ရှင်းလင်းပွဲလုပ်ကြောင်း၊ (၂၂)ရက်တွင်လွယ်လင်ပြန်ခဲ့ရာ နံနက် (၉)နာရီတွင်ရောက်ကြောင်း၊ ထိုအဖွဲ့နှင့်ရုံးအဖွဲ့ အနေနှင့် လိုတာဆောင်ရွက်ပေးရန် လိုက်သွားရခြင်းဖြစ်ကြောင်း၊ သက်သေခံ(ရ) အမှတ်စဉ် (၁၂)တွင် ရေးထားသည့်လက်မှတ်မှာ ဦးဇော်ဖေလက်မှတ်ဖြစ်ကြောင်း၊ ကော်မရှင်အဖွဲ့ခွဲတွင်းရေးမှူးအဖြစ် လက်မှတ်ရေးထိုးထားခြင်းဖြစ်ကြောင်း၊ ၎င်းမှ တောင်ကြီးကို ကူးကြောင်း၊ နံနက်စာရေညစာပါ လွယ်လင်တွင်စားကြောင်း၊ ၎င်းတွင် ရှင်းလင်းပွဲမရှိကြောင်း၊ (၁၃)ရက်ညနေစာ တောင်ကြီးတွင်စားကြောင်း၊ (၁၄)ရက်တွင် တောင်ကြီးတွင်နားပြီး နံနက်စာညစာကို တိုင်းစားရိပ်သာမှာစားကြောင်း၊ (၁၅)ရက်တွင် တောင်ကြီး၌ ရှင်းလင်းပွဲပြုလုပ်ကြောင်း၊ ထိုစဉ်က စားသည့်လူ (၁၄)ဦး၊ (၁၅)ဦး ဖြစ်ကြောင်း၊ (၁၆)ရက်၊ (၁၇)ရက်တို့တွင် တောင်ကြီးတွင်ပင်နားကြောင်း၊ တိုင်းစားရိပ်သာတွင်ပင် စားကြကြောင်း၊ (၁၈)ရက်တွင် ကလောသို့သွားကြောင်း၊ ရှင်းလင်းပွဲလုပ်ပြီး တောင်ကြီးသို့ပြန်ခဲ့ကြောင်း၊ (၁၉)ရက်တွင် တောင်ကြီးမှ ဟဲဟိုးဆင်းပြီး လေယာဉ်ဖြင့် ရန်ကုန်ပြန်ခဲ့ကြကြောင်းများကို ထွက်ဆိုသွားပြီး နှစ်ဖက်

အကျိုးဆောင်များ၏ မေးခွန်းများကို ဖြေကြားထွက်ဆိုသွား၏။

**ဦးအုန်းသာ**

ထို့နောက် တရားလိုပြသက်သေ(၈) ဦးအုန်းသာ ပြည်သူ့လွှတ်တော်ရုံး အထက်တန်းစာရေးက အစစ်ခံထွက်ဆိုရာတွင် မိမိသည်ပါတီဌာနချုပ်တွင် တာဝန် ထမ်းစဉ် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်ရုံး၌ ဆက်သွယ်ရေး တာဝန်ယူရကြောင်း၊ ကော်မရှင်အဖွဲ့ခွဲ(၂) အတွင်းရေးမှူးမှာ ဦးဇော်ဖေဖြစ်ကြောင်း။ ကော်မရှင်အဖွဲ့ခွဲနှင့်အတူ ရှမ်းပြည်လေးခါက်ခရီးထွက်ခဲ့ကြောင်း၊ ခရီးထွက်သည့် အဖွဲ့တွင်(၁၈)ဦး(၂၀)ပတ်ဝန်းကျင်ခန့်ရှိကြောင်း၊ ဦးဇော်ဖေသည် အဖွဲ့ခွဲအတွင်းရေးမှူး ဖြစ်ကြောင်း၊ ထိုသို့ခရီးထွက်ခဲ့ရာတွင် ရောက်ရာမြို့ တည်းခိုသည့်နေရာက ကျွေးမွေး ကြောင်း၊ ရှင်းလင်းပွဲများကျင်းပခဲ့ပုံနှင့် ရန်ကုန်သို့ပြန်ခဲ့ပုံများအပြင် တရားခံအကျိုး ဆောင်၏ ပြန်လှန်မေးခွန်းများကိုပါ ဖြေကြားထွက်ဆိုသွား၏။

**ဦးသက်နိုင်၊ဦးလှရွှေ**

ဆက်လက်၍ တရားလိုပြသက်သေ(၉)နှင့်(၁၀)ဖြစ်ကြသော ဦးသက်နိုင်၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနမှ ဒုတိယလက်ထောက် ညွှန်ကြားရေးမှူးဦးလှရွှေ တို့က အမှုနှင့်စပ်လျဉ်း၍ ယင်းတို့၏ဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်၏ ညွှန်ကြားချက်အရ စစ်ဆေးခဲ့ပုံများကို ထွက်ဆိုသွား၏။ တရားစီရင်ရေးအဖွဲ့က ဦးဇော်ဖေ၏ အာမခံလျှောက်ထားသည့်ကိစ္စနှင့်ပတ်သက်၍ နှစ်ဖက်သောအကျိုး ဆောင်များ၏ လျှောက်လဲချက်များ။ ဥပဒေအကြောင်းအချက်များကို သုံးသပ် ဖော်ပြချက်များဖြင့် ပလပ်လိုက်ကြောင်း၊ ယင်းအမှုကို မတ်လ(၃)ရက်နေ့တွင် ဆက်လက်စစ်ဆေးရန် ချိန်းဆိုလိုက်၏။ သို့နှင့်တစ်ရက်တာ ကုန်ဆုံးခဲ့ကြရပြန် တော့သည်။

ဦးဇော်ဖေ၏ အာမခံလျှောက်ထားသည့်ကိစ္စနှင့်ပတ်သက်၍ နှစ်ဖက်သော အကျိုးဆောင်များ၏ လျှောက်လဲချက်များ။ ဥပဒေအကြောင်းအချက်များကို သုံးသပ် ဖော်ပြချက်များဖြင့် ပလပ်လိုက်သည်ဆိုသော သတင်းစာကို ဖတ်ရှုရင်း ကျွန်မသည် အမှုအစွဲခံရသူများကို မျှော်လင့်ချက်တွေမက်လုံးပေးပြီးလျှင် အာမခံမပေးဘဲ စိတ်

ဓာတ်ကျခဝင်းစေလိုက်မှာပဲ ဖြစ်သည်ဟု တစ်ဖက်သူတို့၏ ခြေလှမ်းကို မှန်းဆကြည့်မိပါတော့၏။

ဖေဖော်ဝါရီ (၂၇)ရက်နေ့တွင် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ၌ မသမာမှုနှင့် အလွဲသုံးစားမှုလိုပြ သက်သေများဆက်စစ်ဟူသော ခေါင်းစဉ်ဖြင့် စာမျက်နှာ (၅) ကော်လံ(၁၊၂၃)တို့တွင် ဦးသန်းစိန်နှင့်ပတ်သက်သည့် ပြစ်မှုကြီး အမှတ် (၇/၇၈) နှင့် (၈/၇၈)တို့ကို ရန်ကုန်တိုင်းတရားစီရင်ရေးအဖွဲ့ အမှတ်(၆၃)က ယနေ့စစ်ဆေး၏ဟူ၍ ဖတ်ရှုကြရပြန်ပါတော့သည်။ ထိုသို့စစ်ဆေးရာတွင်ပြစ်မှုကြီးအမှတ် (၇/၇၈)ကို ရှေးဦးစွာ စစ်ဆေးရာ တရားခံကတင်ပြခဲ့သော ပြန်ခေါ်သက်သေများဖြစ်ကြသည့် ဦးစိုးတင်၊ ဦးဘကလေး၊ ဦးစိုးလွင်နှင့် ဦးလွယ်ကူးမားတို့ကို စစ်ဆေးပြီးစီး၏။

**ဖြေကြား**

ပြစ်မှုကြီးအမှတ်(၇/၇၈)ကိုဆက်လက်စစ်ဆေးရာ ရှေးဦးစွာ ယခင်ရုံးချိန်းကမပြီးပြတ်သေးသည့် တရားခံအကျိုးဆောင်၏ ပြန်လှန်မေးခွန်းများကို တရားလိုပြသက်သေ(၂) ဦးစံတင်က ဆက်လက်ဖြေကြားထွက်ဆို၏။ထိုနောက်တရားလိုပြသက်သေ(၃) ပါတီဌာနချုပ် ရိပ်သာထမင်းချက် ဦးချစ်သိန်းကို ဆက်လက်စစ်ဆေးရာ ဦးချစ်သိန်းက ဦးစံတင်၏ စေခိုင်းချက်အရ ၁၉၇၄ ခုနှစ်က ဦးသန်းစိန်၏သမီး မင်္ဂလာဆောင်အတွက် နို့ဆီနှစ်သေတ္တာနှင့် သကြား ၁၅ ပိဿာခန့်ကို ကိုယ်တိုင်သွားရောက်ပို့ခဲ့ရပုံနှင့် လက်ဖက်ရည်ဖျော်ပေးခဲ့ရပုံများကို ထွက်ဆိုသွား၏။ (တရားလိုပြသက်သေ(၃)၏ ဓာတ်ပုံကို ရိုက်ကူးတင်ပြထားသည့်အတွက် ယခင်က မမြင်ဘူးခဲ့သော ဦးချစ်သိန်းကို ကျွန်မက လေ့လာကြည့်ရှုပါသည်၊ သူတို့အနေနှင့် လုပ်ဆောင်ခဲ့သည်တို့ကို ထွက်ဆိုရမှာပဲဖြစ်သည်ဟု နားလည်လက်ခံရပါ၏။)

**ထုတ်ယူ**

တရားလိုပြသက်သေ(၆)ပါတီဌာနချုပ် ရိပ်သာထမင်းချက် ကိုမောင်စန်းကို ဆက်လက်စစ်ဆေးရာ ကိုမောင်စန်းက ဦးသန်းစိန်၏သမီး မင်္ဂလာဆောင်အတွက် မောင်ချစ်သိန်းနှင့် မောင်သန်းစိန် နို့ဆီသကြား ထုတ်ယူသွားသည်ကို တွေ့ရပုံ၊



ပြစ်မှုမြောက်ရပ်အတွက် တသက် တကျွန်း၊ ပြစ်ဒဏ်အမိန့် ချမှတ်ခြင်း ခံရသော ဦးထွန်းလင်း။

(သတင်းစဉ်)

ဦးရဲတင်ဝင်း ပြောသဖြင့် ဦးသန်းစိန်၏ သမီးမင်္ဂလာဆောင်အတွက် ထုတ်ယူသွားခြင်း ဖြစ်ကြောင်း သိရပုံများကို ထွက်ဆိုသွား၏။

ထို့နောက် တရားလိုပြသက်သေ(၅) ဦးသန်းစိန်၏ ကိုယ်ရေးအရာရှိ ဟောင်း ဦးစိုးတင့်ကို စစ်ဆေးရာ ဦးစိုးတင့်က ဦးသန်းစိန်၏ သမီးမင်္ဂလာမဆောင်မီ ကာလ ခန့်တွင် မင်္ဂလာအတွက် ၎င်းအား ဦးသန်းစိန်က တာဝန်ပေးခဲ့ပုံ၊ ၎င်းနှင့် ဗိုလ်ကြီး စိုးမြင့်တို့က မင်္ဂလာဆောင်အတွက် မော်တော်ယာဉ်ကိစ္စ၊ ဖိတ်စာကိစ္စ၊ အထွေထွေ ကိစ္စများ ဆောင်ရွက်ရပုံ၊ ဦးရဲတင်ဝင်းက ကျွေးမွေးဧည့်ခံရေးကိစ္စကို တာဝန်ယူ ခဲ့ပုံနှင့် ဦးစိုးလွင်က စီမံခန့်ခွဲမှုအတွက် တာဝန်ယူခဲ့ပုံများကို ထွက်ဆိုသွား၏။

**စာရင်းလိမ်**

ဆက်လက်၍ တရားလိုပြသက်သေ(၆) ပါတီဌာနချုပ်ဌာနစိတ်မှူး ဦးရဲ တင်ဝင်းကို စစ်ဆေးရာ ဦးရဲတင်ဝင်းက ၁၉၇၄ ခု၊ ဇန်နဝါရီလတွင် ဦးသန်းစိန်က သမီးမင်္ဂလာဆောင်အတွက် ရိပ်သာမှ နို့ဆီနှစ်သေတ္တာ၊ စီးကရက် ကာတွန်း ၄ဝ၊ သကြား ၁၅ ပိဿာ၊ ကော်ဖီမှုန့် ၁၀ ပေါင်၊ လက်ဖက်ခြောက်ငါးပေါင်နှင့် မုန့်မှုန့်စုံ ကျပ် ၄၀၀ ဖိုးကို ပြည်သူ့မုန့်တိုက်မှ မှာပေးရန် ခေါ်ပြောသဖြင့် မိမိက ရိပ်သာမှူး မောင်စံတင်ကို ၎င်းကိစ္စအတွက် ဆောင်ရွက်ပေးရန် ညွှန်ကြားခဲ့ ကြောင်း၊ ပြည်သူ့မုန့်တိုက်က ဝယ်ပေးရသည့် မုန့်ဖိုးကုန်ကျငွေကို တင်ပြရာ ဦးသန်းစိန်က မိမိကို ဧည့်ခံစရိတ်ထဲမှ စာရင်းပြရန်ပြောသဖြင့် ရိပ်သာစာရင်းပြုစုရာတွင် လူ အင်အားကို တကယ်အစည်းအဝေးတက်သည့် လူအင်အားထက် ပိုပြပြီး စာရင်း လိမ်ပြခဲ့ရကြောင်းဖြင့် သက်သေခံစာရင်းဇယားများကို ထောက်ပြ၍ ထွက်ဆိုသွား၏။

ထို့နောက် သက်သေ ဦးရဲတင်ဝင်းက တရားခံအကျိုးဆောင်၏ ပြန်လှန်မေး ခွန်းများကို ဖြေကြားထွက်ဆိုစဉ် ရုံးချိန်ကုန်ဆုံးသွားသဖြင့် အမှုကို မတ်လ ၆ ရက်တွင် ဆက်လက်စစ်ဆေးရန် တရားစီရင်ရေးအဖွဲ့က ချိန်းဆိုလိုက်၏။ (သတင်းစဉ်)

မတ်လ ၆ ရက်နေ့ ၁၉၇၈ ကာလက ဦးဇော်ဖေ၏အမှုကို ဆက်လက် စစ်ဆေးရာ မတ်လ(၈) ရက်နေ့ ဦးထွန်းလင်းနှင့်ပတ်သက်သည့် စီးပွားရေးမသမာမှု များနှင့် အလွဲသုံးစားမှုများဖြင့် မတရားစွဲဆိုခြင်းခံခဲ့ရသောပြစ်မှုကြီးအမှတ် (၁/၇၈)

ကို တိုင်းတရားစီရင်ရေးအဖွဲ့(အမှတ်-၁) က ဆက်လက်စစ်ဆေးပါသည်။ သတင်းကို လည်းဖတ် ရိုက်ကူးတင်ပြထားသော တရားလိုပြသက်သေ(၅) ဦးဘဖြူ၏ ဓာတ်ပုံကို လည်း ကြည့်ရှုရပါသည်။ အမိန့်အရ ထွက်ဆိုပါ သက်သေခံပါဆိုသည့်အတိုင်း ဆောင်ရွက်ကြရတာပဲဟု ကျွန်မသဘောပေါက်နားလည်ပါ၏။

**အာမခံပယ်**

အမှုနှင့်စပ်လျဉ်းသည့် သက်သေများ စစ်ဆေးခြင်းမပြုမီ ဦးထွန်းလင်းက အချုပ်လွတ်ထုချေခွင့်ပြုရန် လျှောက်ထားချက်နှင့်ပတ်သက်၍ တိုင်းတရားစီရင် ရေးအမှတ်(၆၃)၏ ၂၈-၂-၇၈ ရက် နေ့စွဲပါ အမိန့်ကို ဖတ်ကြားပြ၏။ ယင်းအမိန့် တွင် ယခုအမှုမှာ ပြစ်မှုထင်ရှားစီရင်ခံရပါက တစ်သက်တစ်ကျွန်းဒဏ်အထိ ပြစ် ဒဏ်ချမှတ်နိုင်သော ပြစ်မှုဖြစ်ကြောင်း၊ ထိုသို့ချမှတ်နိုင်သည့် အမှုမျိုးတွင် အမျိုးသမီး သို့မဟုတ် နာမကျန်းသူ သို့မဟုတ် ချည့်နဲ့သူတရားခံများကို အချုပ်လွတ်ထု ချေခွင့် ပေးသင့်က ပေးနိုင်သော်လည်း အခြားတရားခံများကို အချုပ်လွတ်ထု ချေခွင့်မပေးရ ဟု ပြဋ္ဌာန်းထားကြောင်း၊ အမှုအမှတ်(၁/၇၈)တွင်သက်သေတစ် ယောက်ကိုသာ စစ်ဆေးပြီးခြင်း၊ အခြားအမှုများတွင်လည်းသက်သေများ လုံးဝမစစ်ဆေးရသေးခြင်း တို့ကြောင့် ယခုစွဲဆိုထားသောပြစ်မှုကို ကျူးလွန်ဖွယ်ရာရှိ/မရှိ သုံးသပ်ရန်မှာ စောလွန်းသေးသဖြင့် တရားလိုပြသက်သေအချို့ကို စစ်ဆေးပြီးမှသာ ဆုံးဖြတ်ချက်ချ ရမည်ဖြစ်ကြောင်း အမိန့်ချမှတ်လိုက်သည်ဟု ဖော်ပြထား၏။

(သည်နေရာတွင် ကာယကံရှင်တို့မှဆိုထားဘိ၊ ကျွန်မ စာရေးသူပင် လျှင် ဆန့်တင်ငံ့စိတ်စောအလိုမကျ ဖြစ်ရပါသည်။ အဆုံးသတ်ကို တရားမျှတမှု ရှိမှာမဟုတ်ကြောင်း သိနေပြီးသား ခံစားခဲ့ရပြီးသားဖြစ်လင့်ကစား၊ ထပ်မံခံစား ကြောင့်ကြရပြန်ပါတော့သည်)

ထို့နောက် ဦးထွန်းလင်းနှင့်ပတ်သက်သည့် ပြစ်မှုကြီးအမှတ်(၁/၇၈) နိုင်ငံတော်သက်သေ ဦးကျော်အုန်း က ယခင်တစ်ပတ်ရုံးချိန်းတွင် မပြီးပြတ် သေးသော တရားခံအကျိုးဆောင်၏ ပြန်လှန်မေးခွန်းများကို ဖြေကြားထွက်ဆိုသွား၏။

**ဦးနွဲ့လှိုင်**

ဆက်လက်၍ တရားလိုပြသက်သေ(၃) ပါတီဌာနချုပ်မှ စာရေးကြီး ဦးနွဲ့လှိုင် ကို စစ်ဆေးရာသက်သေက ၁၉၇၁ ခု ၁၀ လပိုင်းတွင် ကော်မရှင်ရုံး၌ ငွေစာရင်း ကိုင်ရန် တွဲဖက်တာဝန်ယူရကြောင်း၊ မိမိသည် အသုံးစရိတ်ပြေစာများကို မှန်ကန်ခြင်း ရှိ/မရှိ စစ်ဆေးရကြောင်း၊ ရုံးတော်တွင် တင်ပြထားသော သက်သေခံပြေစာများမှာ ဦးထွန်းလင်း ကော်မရှင်အဖွဲ့အနေနှင့် နယ်ခရီးထွက်သည့်အခါ ကုန်ကျသည့်စာရင်းကို ဦးကျော်အုန်းက ပြုစုပေးပါဆိုသဖြင့် မိမိ ပြုစုပေးရခြင်းဖြစ်ကြောင်း၊

ငွေပြေစာများကို ဦးထွန်းလင်းထပ်ဆင့် လက်မှတ်ထိုးထားသည့်အတွက် ၎င်းတို့ကိုကြည့်ပြီး ပြုစုပေးရခြင်းဖြစ်ပါကြောင်း၊ အမှန်ကုန်ကျခြင်း ရှိ/မရှိ မိမိ မသိကြောင်း၊ ကော်မရှင်ငွေစာရင်းတွင် ပါတီအမာခံကေဒါများကို စရိတ်ထုတ် ပေးရန် ရန်ပုံငွေမရှိကြောင်း ထွက်ဆိုသွား၏။

(ပါတီဌာနချုပ်မှဝန်ထမ်းများ၏အမည်တွေကို ထပ်ကာတလဲလဲမြင် တွေ့နေရသောကြောင့် သူတို့သည်လည်း မတရားစွပ်စွဲသောအမှုတွေမှာ အကြိမ်ကြိမ် ပါဝင်အစစ်ဆေးခံနေရကြသည်ဟု သတိထားမိနေပါသည်။)

**ဦးစိုင်းစံထွန်း**

ထို့နောက် တရားလိုပြသက်သေ (၄)ရှမ်းပြည်နယ်ဒေသပါတီ ကော်မတီ အတွင်းရေးမှူး ဦးစိုင်းစံထွန်းက အစစ်ခံထွက်ဆိုရာတွင် မိမိသည် လားရှိုးဒေသပါတီ ကော်မတီတွင် ၁၉၇၁ ခုနှစ်မှ ၁၉၇၇ ခု၊ ဧပြီလအထိရှိခဲ့ကြောင်း၊ ဦးထွန်းလင်း ကော်မရှင်ကိစ္စနှင့် တစ်ခါလာခဲ့ကြောင်း၊ ဦးထွန်းလင်းတို့ လားရှိုးရောက်ခဲ့စဉ် အခြားမြို့နယ်များ ဆင်းခဲ့ခြင်း မရှိကြောင်း ၎င်းအဖွဲ့က ဒေသပါတီကော်မတီနှင့် ပါတီယူနစ်ကော်မတီဝင်များကို ကျွေးမွေးခြင်း မရှိခဲ့ကြောင်းထွက်ဆိုသွား၏။

**ဦးဘဖြူ**

တရားလိုပြသက်သေ(၅)ရှမ်းပြည်နယ် ဒေသပါတီကော်မတီဝင် ဦးဘဖြူက အစစ်ဆေးခံထွက်ဆိုရာတွင် ဦးထွန်းလင်းတို့ ကော်မရှင်အဖွဲ့လာစဉ်က ၎င်းက ထပ်ဆင့်ရှင်းလင်းရေး အဖွဲ့ဝင်များကိုရှင်းပြသည်ကိုတွေ့ခဲ့ရကြောင်း၊ ရှင်းလင်းပွဲသို့



နိုင်ငံတော်သက်သေအဖြစ် စစ်ဆေးရန် သတ်မှတ်ခြင်းခံရသည့် ဦးကျော်အုန်းနှင့် ဦးရဲတင်ဝင်းတို့အား
တရားရုံးတွင် တွေ့ရစဉ်

မြို့နယ်ကော်မရှင်အဖွဲ့ ခွဲဝင်များအပါအဝင်(၂၀၀)ခန့် သယ်ခဲ့ကြောင်း၊ ဦးထွန်းလင်း တို့အဖွဲ့လာခဲ့စဉ်က ရှင်းလင်းပွဲတက်ရောက်သူများကို ၎င်းတို့အဖွဲ့က ကွေးမွေးခြင်း မရှိကြောင်းကိုထွက်ဆိုသွား၏။ ထို့နောက် ယင်းအမှုကိုမတ်လ(၁၅) ရက်တွင်ဆက် လက် စစ်ဆေးရန်တရားစီရင်ရေးအဖွဲ့ကချိန်းဆိုလိုက်၏။ (သတင်းစဉ်)

(သည်နေရာတွင်လည်း သတင်းစာက ဓာတ်ပုံဖော်ပြထားတော့မှပင် ဦးဘဖြူကို ကျွန်မတွေ့မြင်ဖူးရပြန်ပါသည်။ သူတို့သည်လည်း အစစ်ခံပါဆင့်ခေါ် သည်ကို လက်ခံထွက်ဆိုရသူများသာဖြစ်သည်ဟု ကျွန်မသဘောပေါက်ပါ၏။)

"နိုင်ငံသိသကြားအမှုများ"

ဟု လူထုက ပြက်ရယ်ပြုခေါ်တွင်သောအမှုတွေကို နေ့စဉ်ရက်ဆက် စစ်ဆေးနေခဲ့သည်မှာ ၁၄-၃-၁၉၇၈ တွင် ဦးတင်အေးကျော်နှင့်ပတ်သက်သည့် ပြစ်မှုကြီး အမှတ်(၁/၇၈)ကို ဆက်လက်စစ်ဆေးခဲ့ပါသည်။ (သူ့ကိုတရားရှင်ဖြင့် လွှတ်ပေးလိုက်ပြီးမှပင်ကျွန်မတွေ့ဖူးပါသည်။ ထောင်ထဲဆွဲစိအချုပ်အနှောင်ခံနေရ စဉ်တောက်လျှောက် သတင်းစာပါဓာတ်ပုံတွေထဲမှာသာတွေ့ဖူးလျက် အဲဒီနေ့ကိုယ် တိုင်သက်သေအဖြစ်အစစ်ခံနေသော ဓာတ်ပုံကိုကျွန်မလေ့လာရှုစမ်းကြည့် ရှုပါသည်။ သူ၏မျက်နှာမှာချောင်ကျနေသည်ဟု ကျွန်မယူဆမိပါသည်။ မတရားအမှုဆင်ထား သည်ကိုရင်ဆိုင် လျှောက်လဲရန်စိတ်လှုပ်ရှားရှုပ်ထွေးနေရှာမည်ဟု ကျွန်မမှာကိုယ်ချင်း စာနာရင်း စိတ်မကောင်းခြင်းများစွာဖြစ်မိပါ၏။)

**တာဝန်ယူပုံ**

ဦးတင်အေးကျော်က အစစ်ခံထွက်ဆိုရာတွင် ၎င်းအနေဖြင့် ၁၉၅၃ ခုနှစ်မှစ၍ တပ်မတော်တွင် ပြန်တမ်းဝင်အရာရှိအဖြစ် စတင်ဝင်ရောက်ပြီး တပ်မ တော်တွင် တာဝန်ထမ်းဆောင်ခဲ့ပုံ၊ ၁၉၆၃-ခုနှစ်မှစ၍ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီတွင် ဆက်လက်တာဝန်ထမ်းဆောင်ခဲ့ပုံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး ကော်မရှင်ဖွဲ့စည်းရာတွင် ၎င်းအား ကော်မရှင်အဖွဲ့ဝင်တစ်ဦးအဖြစ် တာဝန်ပေးခဲ့ပုံ များကိုထွက်ဆိုပြီး ဖွဲ့စည်းပုံအခြေခံဥပဒေမရေးဆွဲမီ ပြည်သူတို့၏ဆန္ဒ သဘော ထားခံယူရန် မိမိအားရခိုင်တိုင်းတွင် တာဝန်ပေးခြင်းခံရစဉ်က တရားလိုပြသက်သေ

ဦးမောင်မောင်အေးမှာ မိမိအဖွဲ့တွင် ဝန်ထမ်းတစ်ဦးအဖြစ် ပါဝင်ခဲ့ကြောင်း၊ ၎င်းအား မိမိက သက်ဆိုင်ရာများထံမှ ငွေထုတ်ငွေပေးချေမှုများကို တာဝန်ပေးထားကြောင်း၊ ထို့အတူပင် ဦးမောင်မောင်အေးအား ပထမမူကြမ်း၊ ဒုတိယမူကြမ်းနှင့် တတိယ မူကြမ်းများရေးဆွဲရာတွင်လည်း ငွေရေးကြေးရေးနှင့်ပတ်သက်၍ ၎င်းကိုပင်တာဝန် ပေးခဲ့ကြောင်း။

**အဖွဲ့ဝင်**

ထို့နောက် မိမိသည်ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင် တွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ကြိုတင်ပြင်ဆင်မှုကော်မတီတွင်လည်း အဖွဲ့ဝင် အဖြစ်လည်းကောင်း၊ တာဝန်ပေးအပ်ခြင်းခံရကြောင်း၊ ဦးသန်းညွှန့်သည် မိမိတို့ အဖွဲ့တွင် အဖွဲ့ဝင်တစ်ဦးအဖြစ်ပါဝင်ကြောင်း၊ မိမိတို့အဖွဲ့သည် ချင်းပြည်နယ် အတွက်ကလေးမြို့ ကချင်ပြည်နယ်အတွက် မြစ်ကြီးနားမြို့ ရှမ်းပြည်နယ် မြောက်ပိုင်းအတွက် လားရှိုးမြို့ စစ်ကိုင်းတိုင်းနှင့်မန္တလေးတိုင်းအတွက် မန္တလေးမြို့ မကွေးတိုင်းအတွက် မကွေးမြို့နှင့် ပဲခူးတိုင်းအတွက် စစ်တွေမြို့တို့ကို တာဝန်ကျကြောင်း။

မိမိတို့အဖွဲ့ မြစ်ကြီးနားသို့ ခရီးထွက်စဉ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဦးစီးဌာနမှ ဦးသန်းညွှန့် အပါအဝင်အဖွဲ့ဝင်(၆)ဦးနှင့် မိမိတို့အဖွဲ့မှ(၁၂)ဦး စုစုပေါင်း(၁၈)ဦး ဖြစ်ကြောင်း၊ ဦးသန်းညွှန့်က တရားစီရင်ရေးအဖွဲ့တွင် သက်သေ အဖြစ်အစစ် ခံထွက်ဆိုရာတွင် ၎င်းတို့အဖွဲ့ မြစ်ကြီးနားသို့ ခရီးထွက်စဉ် ၎င်းတို့ လုပ်ငန်းအတွက် ၎င်းတို့၏ အစီအစဉ်ဖြင့် သွားခဲ့သည်ဆိုသည်မှာ မမှန်ကြောင်း။

**စားရေးသောက်ရေး**

မိမိတို့ ခရီးထွက်ရာတွင်ဗဟိုလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီမှ သက်ဆိုင် ရာများသို့ စားသောက်ရေးအတွက် စီစဉ်ထားရန် ကြိုတင်အကြောင်းကြားထားပြီး ဖြစ်သည့်အတွက် ကျသင့်ငွေများကို ပေးချေရကြောင်း၊ မိမိတို့အဖွဲ့များနှင့် လာ ရောက်ဆွေးနွေးသည့်အခါများတွင်လည်း စားစရိတ်များကို စားရိပ်သာများက စားသူအမည်များကိုမှတ်ပြီး မိမိထံငွေတောင်းသည့်အခါ မိမိကပေးချေရကြောင်း၊ ညှိခံကျွေးမွေးစရိတ်များ မိမိထံမတောင်းသည့် အခါများလည်းရှိကြောင်း။

မိမိတို့မြစ်ကြီးနားတွင် ဆွေးနွေးပြီး လားရှိုးသို့လေယာဉ်ဖြင့် ထွက်ခွာရာ ရာသီဥတုမကောင်း၍ မန္တလေးသို့သွားရကြောင်း။ မန္တလေးမှတစ်ဆင့် လားရှိုးသွားရကြောင်း။ လားရှိုးတွင် ကုန်ကျစရိတ်များ မိမိထံမတောင်းဟု ထင်ရကြောင်း။ ညနေဘက်တွင် မန္တလေးသို့ပြန်ခဲ့ကြောင်း။ (၁-၈-၇၃)ရက်တွင် မန္တလေးမှ လေယာဉ်ဖြင့် ထွက်ခွာခဲ့ကြကြောင်း။

**စာရင်းပြ**

မြစ်ကြီးနားမှ မန္တလေးသို့ထွက်ခဲ့ရာတွင် ဦးသန်းညွှန့်နှင့်အဖွဲ့ဝင်များ မန္တလေးသို့လိုက်လာခဲ့ခြင်းမှာ မဲကြိုတင်ပြင်ဆင်ရေးအတွက် လိုက်လာခြင်း ဖြစ်ကြောင်း။ (၁၈-၇-၇၃)တွင်ကလေးမြို့ ခရီးထွက်စဉ်အပြန်တွင် လေဆိပ်၌ ဦးမောင်မောင်အေးက စာရင်းရှင်းသည့်အခါတိုင်း လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မတီ၊ မြို့နယ်လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မတီမှ ပုဂ္ဂိုလ်များအတွက်ပါ ရှင်းခဲ့ရကြောင်း ကိုမိမိအားပြောပြကြောင်း။ မိမိကယင်းကိစ္စနှင့်ပတ်သက်၍ ရန်ကုန်ရောက်သည့် အခါတွင် ငွေစာရင်းဌာနသို့တင်ပြရန်နှင့် ပြဿနာပေါ်လာပါက မိမိအိတ်ထဲက စိုက်ပေးမည်ဖြစ်ကြောင်း ကိုဦးမောင်မောင်အေးအားပြောပြခဲ့ကြောင်း။ ထို့ကြောင့် မိမိတို့ ကော်မရှင်အဖွဲ့ခွဲတွင်အဖွဲ့ဝင် (၁၁)ဦး ဖြစ်သော်လည်း (၁၆)ဦး စာရင်းပြ၍ တောင်းခံထားခြင်းဖြစ်ကြောင်း။

စာရင်းများကို ဦးမောင်မောင်အေးက မြို့ပြီးမိမိနှင့်တကွ ကြိုတင် ပြင်ဆင်မှု ကော်မတီအတွင်းရေးမှူး ဗိုလ်ကြီးဇော်ဖေနှင့် ဗိုလ်မှူးထွန်းငွေတို့ လက်မှတ်ရေးထိုး ထားကြောင်း။ မိမိအနေနှင့်စာရင်းတွင် ဖော်ပြထားသော လူဦးရေကိုသာစစ်ကြောင်း၊ ဦးမောင်မောင်အေးအနေဖြင့် စာရင်းများတင်ပြစဉ်ကလည်း လူဦးရေများနေကြောင်း တင်ပြခဲ့ခြင်းမရှိသည့်ပြင် မိမိအနေဖြင့်လည်း အသုံးစရိတ် များမည်သို့ပြုစုရမည် ကိုဦးမောင်မောင်အေးအား ညွှန်ကြားခဲ့ခြင်းလည်း မရှိကြောင်း။

**မနိုင်းခဲ့**

မိမိအနေဖြင့်လည်း လူဝင်မှုကြီးကြပ်ရေးမှ ပုဂ္ဂိုလ်များနှင့်သက်သေခံ ပုဂ္ဂိုလ်များ ကျွေးမွေးစရိတ်ကို စာရင်းတွင် ထည့်ပြရန်လည်း ဦးမောင်မောင်အေး

အားမခိုင်းခဲ့ကြောင်း၊ သို့ရာတွင်ဦးသန်းညွန့်နှင့်ပါလာသည့် လူဝင်မှုကြီးကြပ်ရေးမှ ပုဂ္ဂိုလ်များသည် မိမိတို့အဖွဲ့၏ လုပ်ငန်းနှင့်ဆက်စပ်ပြီး လိုက်လာခြင်းဖြစ်၍ ၎င်းတို့ အတွက် မိမိတို့ကကျခံရန် ဦးမောင်မောင်အေးအား မိမိကပြောထားကြောင်းမိမိတို့ သွားသည့်ခရီးစဉ်များနှင့် ပတ်သက်၍ငွေမည်မျှသုံးစွဲရမည်ဟု သတ်မှတ်ထားခြင်း မရှိ၍ခွင့်ပြုငွေထက် ပိုနေသည့်အတွက် ကာမိစေရန်စာရင်းပြုစုစရာ အကြောင်း မရှိကြောင်း။

ထို့ကြောင့်မိမိတို့သွားခဲ့သည့်ခရီးစဉ်များအတွက် ငွေ ၆၃၅ ကျပ် ပိုပြီး ကိုယ်ကျိုးအလွဲသုံးစားလုပ်သည်ဆိုလျှင် မမှန်ကြောင်းထွက်ဆိုသွား၏။ ထို့နောက် တရားစီရင်ရေးအဖွဲ့ကအမှုကို မတ်လ၊ ၂၁ ရက် တွင် ဆက်လက် စစ်ဆေးရန် ချိန်းဆိုလိုက်၏။

၁၉၇၈ ခုနှစ်၊ မတ်လ၊ ၁၈ ရက်တွင် ဦးဇော်ဖေသည် မတရားစွဲဆို ခြင်းခံထားရသည့်အတိုင်း စီးပွားရေးမသမာမှုနှင့် အလွဲသုံးစားမှုများဆိုသည်တို့နှင့် ပတ်သက်သည့် ပြစ်မှုကြီးအမှတ် (၁၁/၇၈) နှင့် (၁၂/၇၈)တို့ကို တိုင်းတရား စီရင်ရေးအဖွဲ့အမှတ်(၁၂) က ဆက်လက်စစ်ဆေးပါသည်။

**ဦးဖုန်းသန့်.**

ရှေ့ဦးစွာ ပြစ်မှုကြီးအမှတ် (၁၁/၇၈) တရားလိုပြသက်သေ(၄) ဦးဖုန်းသန့် က ယခင်တစ်ပတ်ရုံးချိန်းတွင် မပြီးပြတ်သေးသည့် တရားခံအကျိုးဆောင်၏ ပြန်လှန်မေးခွန်းများနှင့် တရားလိုအကျိုးဆောင်၏ ဖြေရှင်းမေးခွန်းများကို ဖြေကြားထွက်ဆိုသွား၏။

**ဗိုလ်မှူးကြီးသန်းညွန့်.**

ယင်းပြစ်မှုကြီးနှင့်စပ်လျဉ်း၍ပင် တရားလိုပြသက်သေ(၅) အငြိမ်းစား ဗိုလ်မှူးကြီးသန်းညွန့်က ဆက်လက်ထွက်ဆိုရာတွင် မိမိသည် ၁၉၇၁ ခုနှစ်၊ နိုဝင်ဘာလခန့်က အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ဒုတိယတိုင်းမှူးတာဝန်နှင့် တိုင်း လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌတာဝန်များ ထမ်းဆောင်နေချိန်ဖြစ်ကြောင်း၊ ထိုစဉ် ဦးဇော်ဖေ အတွင်းရေးမှူးအဖြစ်ပါဝင်သော ကော်မရှင်အဖွဲ့ ခွဲ(၂) မိုးနဲ့သို့

ရောက်ခဲ့ကြောင်း၊ ကော်မရှင်အဖွဲ့ ခွဲ(၂) အနီးကပ်လုံခြုံရေးတာဝန်ယူခဲ့ရကြောင်း၊ သက်သေခံ (က-၃)(ခ-၁၃)ပါ ကော်မရှင်အဖွဲ့က ကျွေးမွေးညှော်ခံရသည့် စာရင်းတွင် မိမိနှင့် မိမိ၏ကိုယ်ရေးအရာရှိ ဗိုလ်ကြီးခင်မောင်တို့ အမည်စာရင်းထည့်ထားသည်မှာ မမှန်ကြောင်းနှင့် နှစ်ဖက်သောအကျိုးဆောင်များ၏ မေးခွန်းများကို ဖြေကြားထွက်ဆိုသွား၏။

## ဗိုလ်ကြီးစိုးအောင်

ထို့နောက် တရားလိုပြသက်သေ(၆) ဗိုလ်ကြီးစိုးအောင်က အစစ်ခံထွက်ဆိုရာတွင် မိမိအရှေ့ပိုင်းတိုင်းတွင် ရှိနေစဉ် ဦးဇော်ဖေက အတွင်းရေးမှူးအဖြစ်ဆောင်ရွက်သောကော်မရှင်အဖွဲ့ ခွဲ(၂)သည် ၁၉၇၂ ခု မေလအတွင်း ရောက်ရှိခဲ့သဖြင့် လူကြီးများ၏လုံခြုံရေးတာဝန်ယူခဲ့ရကြောင်း (၁၆-၅-၁၉၇၂ ၊ ၁၇-၅-၁၉၇)တို့က မိုးနဲသို့ ကော်မရှင်အဖွဲ့ခွဲရောက်ခဲ့ရာ မြို့နယ်လုံခြုံရေးနှင့်အုပ်ချုပ်မှု ကော်မတီရုံးနှင့် တချို့စာသင်ကျောင်းတွင်တည်းကြကြောင်း၊ မိုးနဲ၊ လွိုင်လင် ခရီးစဉ်တွင် ကျွေးမွေးညှော်ခံရန်အတွက် သက်ဆိုင်ရာ ခရိုင်လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီ၊ မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီတို့က တာဝန်ယူခဲ့ကြရကြောင်း၊ သက်ဆိုင်သော (ဂ၃/၅/၇/၁၀၁၃)တို့တွင် ဖော်ပြထားသောစာရင်းတွင် မိမိအား ကော်မရှင်အဖွဲ့ ခွဲက ကျွေးမွေးညှော်ခံရသည်ဆိုခြင်းမှာ မဟုတ်ကြောင်း၊ မိမိကို သက်ဆိုင်ရာ ခ•လ•က၊ န•လ•ကနှင့် ပါတီတို့ကကျွေးမွေးခဲ့သည်ဟု သိရကြောင်း၊ တစ်ဖန်တောင်ကြီးတွင် (၂၀-၅-၇၂) (၂၁-၅-၇၂)ရက်တို့အတွက် ကော်မရှင်အဖွဲ့ မိမိအားကျွေးမွေးညှော်ခံရသည် စုဖော်ပြထားသည်မှာ မမှန်ကြောင်း၊

မိမိသည် တောင်ကြီးပင်လုံရိပ်သာတွင်နေသဖြင့် ယင်းရိပ်သာမှာပင်စားခဲ့ကြောင်းဖြင့်သက်သေခံ စာရွက်စာတမ်းများက ညွှန်းဆိုထွက်ဆိုသွား၏။ ထိုနေ့က သတင်းစာတွင် တရားလိုပြသက်သေ(၆) ဗိုလ်ကြီးစိုးအောင် တရားစီရင်ရေးအဖွဲ့(၁)တွင် အစစ်ခံထွက်ဆိုစဉ် ဓာတ်ပုံမှတ်တွဲဖော်ပြထားပါသည်။

## ကိုမြလှိုင်

တရားလိုပြသက်သေ(၇) ပါတီဌာနချုပ်ဌာနစိတ်မှူး ကိုမြလှိုင်က ဆက်လက်

အစစ်ခံထွက်ဆိုရာတွင် မိမိသည် ၁၉၇၁ ခုနှစ်၊ နိုဝင်ဘာလခန့်က ကော်မရှင်အဖွဲ့ခွဲ(၂)နှင့်အတူ ဦးထွန်းလင်း ကိုယ်ရေးကိုယ်တာကိစ္စများ ဆောင်ရွက်ပေးရန် ရှမ်းပြည်(တောင်ပိုင်း) လိုက်ပါသွားခဲ့ရကြောင်း၊ ထိုအဖွဲ့၏အတွင်းရေးမှူးမှာ ဦးဇော်ဖေဖြစ်ကြောင်း၊ ကော်မရှင်အဖွဲ့ခွဲ(၂)၏ ထိုခရီးစဉ်တွင် ကျွေးမွေးညှဉ့်ခံရေးကို သက်ဆိုင်ရာနိုင်လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မတီနှင့် ပါတီကတာဝန်ယူခဲ့သည်ဟု သိရကြောင်း၊

(၁၈-၅-၇၂) ၊ (၁၉-၅-၇၂) လွိုင်လင်ရောက်ခဲ့ရာတွင်လည်း တပ်တွင်တည်းခိုပြီး ကျွေးမွေးညှဉ့်ခံရေးကိုတပ်ကပဲ စီစဉ်ဆောင်ရွက်သည်ကိုတွေ့ခဲ့ရကြောင်း၊ (၂၀-၅-၇၂)မှ(၂၁-၅-၇၂)ရက်က တောင်ကြီးရောက်ခဲ့စဉ်ကလည်း အရှေ့ပိုင်း တိုင်းရိပ်သာ၌တည်းပြီး ရိပ်သာမှပင်စီစဉ် ကျွေးမွေးသည်ဟု သိခဲ့ရကြောင်း၊ (၂၂-၅-၇၂)(၂၃-၅-၇၂)ရက်က ကလော၊ သံလွင်ရိပ်သာ၌ တည်းခဲ့ကြောင်း၊ ထိုစဉ်ကလည်း တပ်ကပင် စီစဉ်ကျွေးမွေးခဲ့ကြောင်း၊ ကုန်ကျစရိတ်ကို တပ်ကတင်ပြသဖြင့် ကော်မရှင်က ပေးချေသလားဆိုသည်ကို မသိကြောင်း။

## ပြန်ခေါ်သက်သေများ

ထို့နောက် ဦးဇော်ဖေနှင့်ပတ်သက်သည့် ပြစ်မှုကြီးအမှတ်(၁၂/၇၈)ကို စစ်ဆေးပြီး တရားလိုပြသက်သေများဖြစ်ကြသော ကိုနွဲ့လှိုင်၊ ကိုတင်ထွတ်နှင့် ဗိုလ်မှူးထွန်းငွေတို့အား ပြန်ခေါ်သက်သေများအဖြစ် တရားစီရင်ရေးအဖွဲ့က စစ်ဆေးစဉ် ရုံးချိန်ကုန်ဆုံးသွားသဖြင့် ယင်းအမှုကို မတ်လ (၂၄) တွင် ဆက်လက်စစ်ဆေးရန် ချိန်းဆိုလိုက်၏။ (သတင်းစဉ်)

ထိုနေ့ သတင်းစာစာမျက်နှာ ၅ ကော်လံ ၃ တွင် အလုံပါတီယူနစ်ဥက္ကဋ္ဌဟောင်း တရားစွဲဆိုသော သတင်းနှစ်ပိုဒ်ပါလာသဖြင့် ဖတ်ရှုကြည့်ရာ အလုံမြို့နယ်ပါတီယူနစ် ဥက္ကဋ္ဌဟောင်းဆိုသူမှာ ဦးထွန်းလင်းဖြစ်လျက် အလုံမြို့နယ်ပါတီယူနစ်ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်စဉ်က ပါတီအရှိန်အဝါကို အလွဲသုံးစားပြုလုပ်ပြီး စီးပွားရေးမသမာမှုများ ပြုလုပ်ခဲ့ခြင်းများနှင့်ပတ်သက်၍ အထူးခုံစမ်းစစ်ဆေးရေးဦးစီးဌာနက ယနေ့ အလုံမြို့နယ်တရားသူကြီးအဖွဲ့တွင်လည်းကောင်း၊ မှော်ဘီမြို့နယ် တရားသူကြီးအဖွဲ့တွင်လည်းကောင်း အမှုသုံးမှုခွဲ၍

တရားစွဲတင်၏။

ယင်းအမှုများအနက် ပထမအမှုမှာ ငွေနှစ်သောင်းအလွဲသုံးစားမှု၊ ဒုတိယအမှုမှာ ပြည်သူပိုင်မှန် ၁၃ ချပ်နှင့် အလုပ်သမားနှစ်ဦး၏ လုပ်အားကို အလွဲသုံးစားမှုဖြစ်ပြီး တတိယအမှုမှာ လယ်မြေဆယ်ကေပေါ်တွင် အုတ်စက် တည်ဆောက်မှုတို့ ဖြစ်၏။

ကျွန်မသည်သတင်းတွင်ဖော်ပြထားသည့်တို့မှာအမှန်ဖြစ်သည်မဖြစ် သည်မဝေခွဲနိုင်ပါ။ သေချာတာက ကျွန်မ၏ဖခင်ကိုမတရားစွပ်စွဲတာချည်းသာရှိ နေသော ကြောင့်ဦးထွန်းလင်းကိုစွပ်စွဲထားသည့်တို့မှာလည်း မတရားလောက်ဘူး ဟုသာ သံသယဝင်နေခဲ့ပါတော့သည်။

ယင်း စာမျက်နှာ ၅ မှာပင် ပဲခူးဥက္ကဋ္ဌဟောင်းဦးဘိုနီ တရားစွဲဟု၍ ကော်လံ ၆ တွင် ဖော်ပြထားပြန်၏။ သူ့ကို ကျွန်မ တစ်ခါလား နှစ်ခါလား မသိတော့ဘဲ တွေ့မြင်ဖူးခဲ့ပါသည်။ ခပ်ဝဝ ဖိုင့်ဖိုင့်ဖြစ်သည်ဟု အမှတ်ထားမိခဲ့ပါသည်။ ပဲခူးမြို့ ကြည်တော်ကုန်း ၁ လမ်းနေ ဦးဘိုနီသည် မွန်ပြည်နယ် ဒေသပါတီကော်မတီ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်စဉ်ကလည်းကောင်း၊ ပဲခူးတိုင်းဒေသပါတီဥက္ကဋ္ဌအဖြစ် ဆောင်ရွက်စဉ်ကလည်းကောင်း၊ ကျူးလွန်ခဲ့သည့် အပြစ်များနှင့်စပ်လျဉ်း၍ အထူး စုံစမ်းစစ်ဆေး ရေးဦးစီးဌာနမှ စစ်ဆေးပြီးနောက် ဦးဘိုနီနှင့်အပေါင်းပါများအပေါ် အမှုလေးမှုခွဲ၍ ယနေ့ အင်းစိန်မြို့နယ် တရားရုံးတွင် တရားစွဲတင်ပို့၏။

ပထမအမှုမှာ သံဂဟေချောင်း ၁၀၀ ထုပ် အလွဲသုံးစားမှု၊ ဒုတိယ အမှုမှာ ၎င်း၏ဇနီး ဒေါ်အမာမှတစ်ဆင့် ငွေစပယ်ဆေးလိပ်ခုံပိုင်ရှင်ထံမှ ငွေကျပ် ၁၂၅၀၀ တန် စိန်လက်စွပ်တစ်ကွင်းယူမှု၊ တတိယအမှုမှာ ငွေခြောက်ထောင် လာဘ်ယူမှုနှင့် စတုတ္ထအမှုမှာ ဓာတ်ဆီ ၆၇၄ ဂါလန်၊ တန်ဖိုးငွေ ၂၄၉၃ ကျပ်၊ ပြား (၇၀)စာရင်းဖျောက်မှုတို့ဖြစ်၏။ (သတင်းစဉ်)

အဲသည်နေ့မှာ အတွေးအမြင်တစ်ရပ် ထင်းခနဲပေါ်လာတာက မဆလ ပါတီဝင်တွေသည် ဗဟိုကော်မတီဝင်မှသည် ဒေသတို့ မြို့နယ်တို့အထိ လိမ်ကြိတ် ခံနေရပါသည်ကော။

၁၅-၃-၁၉၇၈ တွင် ဦးထွန်းလင်း အမှုဆက်စစ်ဆေး မတရားစွဲဆိုခံနေရသော ဦးသန်းစိန်နှင့်ပတ်သက်သည့်အမှုများအနက် ပြစ်မှုကြီးအမှတ် (၇/၇၈)ကို တိုင်းတရားစီရင်ရေးအဖွဲ့ (၁)က မတ်လ (၂၀)ရက်နေ့က ဆက်လက် စစ်ဆေးကြောင်းဖြင့် မတ်လ ၂၁ ရက်နေ့ထုတ် သတင်းစာများတွင် ပါလာခဲ့ပါသည်။

## ပြန်ခေါ်သက်သေ

ရှေးဦးစွာတရားခံမှလျှောက်ထားခဲ့သောစစ်ဆေးပြီးတရားလိုပြသက်သေများဖြစ်ကြသည့်ဦးမောင်မောင်၊ ဦးစံတင်၊ ဦးမောင်စန်း၊ ဦးချစ်သိန်း၊ ဦးစိုးတင့်နှင့်ဦးရဲတင်ဝင်းတို့အား ပြန်ခေါ်သက်သေများအဖြစ် တိုင်းတရားစီရင်ရေးအဖွဲ့ (၁)ကစစ်ဆေး၏။

## ဦးလှဝင်း၊

ထို့နောက် ယင်းပြစ်မှုကြီးအမှတ် (၇/၇၈) တရားလိုပြသက်သေ အမှတ်(၉) ပါတီဌာနချုပ်ဌာနစုမှူးဦးလှဝင်းသည် ပါတီဌာနချုပ်တွင် ၁၉၇၅ မှ စ၍ တာဝန်ထမ်းဆောင်ခဲ့ကြောင်း၊ ယခု မိမိ ပြလိုသောသက်သေခံစာရင်းများမှာ မိမိဆောင်ငွေဌာနသို့ မရောက်ခင်က စာရင်းများဖြစ်ကြောင်း၊ ၎င်းစာရင်းကို ၂-၁၁-၇၇ ရက်က အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ဦးလှရွှေ ထိန်းသိမ်းသွားခဲ့ကြောင်းထွက်ဆိုသွား၏။

တရားလိုပြသက်သေအမှတ်(၉) ဦးလှဝင်း အစစ်ခံထွက်ဆိုနေသော ဓာတ်ပုံကိုလည်း သတင်းစာတွင် ဖော်ပြထားသောကြောင့် ကျွန်မတို့ မြင်ဖူးကြရပါသည်။

## ဦးလှရွှေ

ဆက်လက်၍ တရားလိုပြသက်သေ(၁၀) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဒု-လက်ထောက်ညွှန်ကြားရေးမှူး ဦးလှရွှေက အစစ်ခံထွက်ဆိုရာတွင် ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်၏ညွှန်ကြားချက်အရ ဦးချစ်သိန်း၊ ဦးသန်းလင်း၊ ဦးရဲတင်ဝင်း၊ ဦးမောင်စန်း၊ ဦးစိုးတင့်နှင့် တရားခံဦးသန်းစိန် အားစစ်ဆေးခဲ့သည့်နေ့ရက်များနှင့် ဦးမွန်ကျော်ထွန်းထံမှ ရရှိသည့် စာရင်းစစ်အစီရင်ခံစာ၊ ဦးလှဝင်းထံမှ သိမ်းဆည်းရရှိခဲ့သော ၁၉၇၄ ခု၊ ဇန်နဝါရီလအတွက် ရိုပ်သာ အသုံးစာရင်းများနှင့်

စစ်ချက်များ ကိုဦးမောင်မောင်သို့ လွှဲအပ်ခဲ့ပုံများကို ထွက်ဆိုသွား၏။

ထို့နောက်ယင်းအမှုကိုတင်ပြရန်နှင့်ပြစ်မှုကြီးအမှတ်(၈။၇၈)တရားခံနှင့် တရားခံပြသက်သေများကို စစ်ဆေးရန်ဧပြီ၃ရက်သို့တိုင်းတရားစီရင်ရေး အဖွဲ့ (၁)ကချိန်းဆိုလိုက်၏။ (သတင်းစဉ်)

အခြားသောပါတီဝင်များကိုများတရားစွဲဆိုထားဦးမလားဟုသတင်းစာ စာမျက်နှာ၅အနံ့လိုက်လံဝေ့ဝဲ ကြည့်မိပါသည်။ ကင်းရှင်းနေတော့မှ သက်ပြင်း ချခဲ့ရပါ၏။ မတ်လ(၂၂)ရက်နေ့တုန်းကဦးထွန်းလင်းနှင့် ပတ်သက်သည့် ပြစ်မှုကြီး အမှတ်(၂/၇၈)နှင့်(၁/၇၈)တို့ကို တိုင်းတရားစီရင်ရေးအဖွဲ့ (၁)က စစ်ဆေးခဲ့ရာ မတ်လ(၂၃) ရက်ထုတ် သတင်းစာတွေမှာ ဖတ်ရှုရပြန်ပါတော့သည်။

သူ့ကိုလူပုဂ္ဂိုလ်ပိုင်းအရမသိကျွမ်းဖူးခဲ့ပါ။ သို့ရာတွင်ယုံကြည်ချက် အတွက်ရာသက်လုံးလုပ်ကိုင်ခဲ့သူတစ်ဦးအဖြစ် ကျွန်မလေးစားပါသည်။ ဤသမိုင်း မှတ်တမ်းကိုရေးသားရန်ကုန်ကြမ်းစုဆောင်းရင်းရရှိသောအချက်အလက်များအနက် "သက်သက်ညှာညှာတော့လုပ်ကြပါဗျာ၊ အချင်းချင်းတွေပဲဟု သူပြောခဲ့သည့် စကားကို တစ်ဆင့်သိရှိရသည့်အတွက်လည်း ကျွန်မ စိတ်မကောင်း ဖြစ်ရပါ သည်။

သူတို့ကို(ဖေဖေတို့ကို) ဖြုတ်ထုတ်သိက္ခာချသူသည် အချင်းချင်း မဟုတ် သော တိုင်းပြည်အာဏာကိုရယူဖို့ ကြံစည်နေခဲ့သောသူသာဖြစ်သည်ဟု သမိုင်း မှတ်တမ်းများအရ ကြားသိရလာရပါသောကြောင့် တိုင်းပြည်အတွက် ဖေဖေတို့ အတွက်ရင်နာရပါသည်။ ပြီးခဲ့တာတွေကိုအသစ်လုပ်နေခြင်း မဟုတ်စေကာမူ သင်ခန်းစာယူခြင်းဖြင့် တိုင်းပြည်ကို ကယ်တင်နိုင်သော ကယ်တင်ချင်သော တိုင်းသူပြည်သားတွေအနက် ကျွန်မတို့လည်း တစ်တပ်တစ်အား ပါဝင်ကြရပါ လိမ့်မည်။

ဦးထွန်းလင်း၏အမှုကိုစစ်ဆေးရာတရားလိုပြ သက်သေ(၁) အထူး စုံစမ်းစစ်ဆေးရေးဦးစီးဌာနဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်က အစစ်ခံ ထွက်ဆိုသည်မှာမိမိသည်(၁၇-၉-၇၇)ရက်တွင်ဆိုင်ရာမှညွှန်ကြားချက် အရ မိမိကိုယ်တိုင်နှင့်ဌာနရှိအမှုထမ်းများဖြင့်သက်သေများနှင့်တရားခံဦးထွန်းလင်း တို့ကို

စစ်ဆေးခဲ့ကြောင်း။

သက်သေထွက်ချက်များဖြင့်စာရွက်စာတမ်း အထောက် အထားများအရ ဦးထွန်းလင်းသည် မိုင်းယောင်းပါတီယူနစ်ကို ထုတ်ပေးသည့် ရန်ပုံငွေ(ငါးထောင်ကျပ်)၊ မိုင်းယမ်းပါတီယူနစ်ကို ထုတ်ပေးသည့် ရန်ပုံငွေ(သုံးထောင့်လေးဆယ်ကျပ်)၊ ကချင်ပြည်နယ်ဒေသပါတီကော်မတီကို ထုတ်ပေးသည့် ငွေ(ငါးထောင်ကျပ်) ထဲမှငွေ (နှစ်ထောင်ကျပ်) စုစုပေါင်းငွေ(ငါးသောင်းလေးဆယ်ကျပ်)ကို အလွဲသုံးစား ပြုလုပ်ထားကြောင်းသိရှိရသဖြင့် ၎င်းအပေါ် အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ( )အရ ဤတရားရုံးသို့ ၃-၂-၇၈ ရက်တွင် တရားလိုအကျိုးဆောင်၏ ဖြေရှင်းမေးခွန်းများကိုပါ ဖြေကြားထွက်ဆိုသွား၏။

**ဦးစိုင်းထောင်**

ယင်းပြစ်မှုကြီးအမှတ်(၂/၇၈)တရားလိုပြသက်သေ(၂) ရှမ်းပြည်နယ်တရားသူကြီးအဖွဲ့ဝင် ဦးစိုင်းထောင်ကို ဆက်လက်စစ်ဆေးရာ သက်သေက ၁၉၇၀ ခုနှစ်မှ ၁၉၇၆-ခုနှစ်အထိ မိုင်းယောင်းမြို့နယ် ပါတီယူနစ်စည်းရုံးရေးမှူးနှင့် ယူနစ်ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ ယခုဒုတိယအကြိမ်ပြည်သူ့လွှတ်တော်နှင့်ပြည်သူ့ ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲတွင် ရှမ်းပြည်နယ် တရားသူကြီး အဖွဲ့ဝင်အဖြစ် ရွေးချယ်ခံရပုံများ။

ဦးထွန်းလင်းထံမှပါတီ လှူပ်ရှားမှုရန်ပုံငွေ တိုက်ရိုက်တစ်ခါမှမရခဲ့ပုံများ၊ သက်သေ(က-၁)ပါ(၃၁-၃-၇၅)ရက်တွင် မိုင်းယောင်းပါတီယူနစ်အတွက် ငွေ(ငါးထောင်)ထုတ်ပေးခဲ့သည်ကို မသိပုံ၊ ဥက္ကဋ္ဌကိုယ်စားဆိုပြီး လက်မှတ်ထိုးထားသူမှာလည်း မည်သူ့လက်မှတ်မှန်းမသိပုံ၊ အကယ်၍ ၎င်းငွေ(ငါးထောင်) ထုတ်ပေးထားသည်ဆိုလျှင် မိမိသိရန်တာဝန်ရှိပုံနှင့် သိရမည် ဖြစ်ကြောင်းများနှင့် နှစ်ဖက်အကျိုးဆောင်များ၏ မေးခွန်းများကို ဖြေကြားထွက်ဆိုသွား၏။

၎င်း ဦးစိုင်းထောင်ကပင် တရားလိုအကျိုးဆောင်၏ တင်ပြချက်နှင့်တရားစီရင်ရေး၏ ခွင့်ပြုချက်ဖြင့်ဦးထွန်းလင်းနှင့်ပတ်သက်သည့်ပြစ်မှုကြီးအမှတ်(၁/၇၈) တရားလိုပြ သက်သေ(၉)အဖြစ်ဆက်လက် အစစ်ခံထွက်ဆိုရာတွင် သက်သေ

ခံ(ဈ-၁)ပါ မိုင်းယောင်းမြို့နယ် ပါတီအမာခံကေဒါများအတွက် ငွေ (တစ်သောင်း တစ်ထောင်နှစ်ရာသုံးဆယ့်ငါးကျပ်)ထုတ်ပေးသည်ကို မသိကြောင်း၊ ၎င်းတွင် လက်မှတ်ရေးထိုးထားသော ဦးကျောက်လက္ခဏာဆိုသူမှာ မြန်မာစာ မတတ်ဘဲ ရှမ်းလူမျိုးဂုံစာတတ်သူဖြစ်ကြောင်း။

ဒေါ်အီလာကိုင်နှင့် ဦးအာယဆို သူတို့ရှိသော်လည်း ၎င်းတို့ငွေမရနိုင်ကြောင်း၊ သက်သေခံ(ဆ-၂) အရထုတ်ပေးခဲ့ သည် ဆိုသောငွေ(သုံးသောင်း သုံးထောင့်တစ်ရာ ငါးဆယ်)နှင့်ပတ်သက်၍ မိမိဘာမှမသိကြောင်း။ ရှင်းလင်းပွဲလုပ်ရာမှာ အထက်ကချ ထား သည့်မူအတိုင်းရှင်းလင်း၍ အဖွဲ့ဝင်များကရှင်းလင်းကြ ကြောင်း။ သက်သေခံ(၁-၂)(၁-၃)တို့ အရမိုင်းယောင်းမြို့နယ် ကျိုင်းကာရွာမှ ဗိုလ်လိုက်ခန်းကို ငွေတစ်ထောင် ထုတ်ပေးသည်ဆိုသည်ကိုလည်း မိမိမသိကြောင်း၊ သက်သေခံမှာပါသည့် လူ(၂၀)၏ နာမည်များမှာ ပအိုဝ်နှင့် ရှမ်းကြီးများသုံးသော အမည်များဖြစ်ကြောင်း၊ မိုင်းယောင်းမှာ လီရှမ်းသာရှိကြောင်း၊ သက်သေခံတွင် ဖော်ပြထားသော အမည်များမှာ လီရှမ်းများ အသုံးပြုသော အမည်များမဟုတ်ကြောင်း၊ သက်သေခံတွင်ပါရှိသော အမည်ထဲက ခွန်သော်ဒါဆိုသူမှာ အိမ်စောင့်အစိုးရ လက်ထက်က တောခိုသွားသူဖြစ်ကြောင်းနှင့် နှစ်ဖက်သောအကျိုးဆောင်များ၏ မေးခွန်းများကို ဖြေကြားထွက်ဆိုသွား၏။

**ဦးဖရန့်စစ်**

ထို့နောက် တရားလိုပြသက်သေ(၁၀)ဖရှူးဆိုးမြို့နယ် ပါတီယူနစ် ဥက္ကဋ္ဌ ဦးဖရန့်စစ်က ဦးထွန်းလင်းနှင့်ပတ်သက်သည့် ပြစ်မှုကြီးအမှတ်(၁/၇၈) အတွက်အစစ် ခံထွက်ဆိုရာတွင်ယခုမိမိအားပြသောခရီးစရိတ်ပုံစံ သက်သေခံ(-၉)ပေါ်ရှိ လက်မှတ်မှာ ဦးဖရန့်စစ်၏လက်မှတ်ဖြစ်ကြောင်း၊ သက်သေခံ(-၇) တွင်ပါရှိသည်မှာလည်း ၎င်း၏ လက်မှတ်ပင်ဖြစ်ကြောင်း၊ တစ်ခုနှင့်တစ်ခု နည်းနည်းကွာသည်ကိုတွေ့ရကြောင်း၊ သက်သေခံ(က)ပေါ်ရှိ တံဆိပ်ခေါင်းပေါ်တွင် ဆုရယ်လို့ထိုးထားသည့်လက်မှတ်မှာ ၎င်းလက်မှတ်မဟုတ်ကြောင်း။

၎င်းသည် သူပုန်သတ်သဖြင့်သေဆုံးသွားသည်မှာနှစ်နှစ်ခန့် ရှိသွားပြီဖြစ် ကြောင်း။ ၁၉၇၁-ခုနှစ်ကတည်းက ယူနစ်ကော်မတီဝင်အဖြစ်အတူတူလုပ်ခဲ့ဖူးပြီး

ပါတီ အစည်းအဝေးများတက်သည့်အခါမှ ၎င်းကလက်မှတ်ရေးထိုးသည်ကို မြင်ခဲ့ သူဖြစ်၍၎င်း၏ လက်မှတ်ကို မှတ်မိကြောင်းနှင့်တရားခံအကျိုးဆောင်၏ပြန်လှန် မေးခွန်းများကိုဖြေကြားထွက်ဆိုသွားသည်။ အမှုကိုဆက်လက်စစ်ဆေးရန်မတ် (၂၈)ရက်သို့ရွှေ့ဆိုင်းလိုက်၏။ (သတင်းစဉ်)

ထို့နောက် တစ်ဖန် မတ်လ (၂၄)ရက်နေ့၌ စီးပွားရေး မသမာမှုနှင့်အလွဲ သုံးစားမှုများဖြင့် တရားစွဲဆိုခြင်းခံနေရသော ဦးဇော်ဖေနှင့်ပတ်သက်သည့် ပြစ်မှုကြီး အမှတ်(၁၂/၇၈)နှင့်(၁၁/၇၈)တို့ကို တိုင်းတရားစီရင်ရေး အဖွဲ့(၁)က ဆက်လက် စစ်ဆေးပါသည်။

ယင်းအမှုများအနက် ယနေ့နံနက်ပိုင်းတွင် ပြစ်မှုကြီးအမှတ် (၁၂/၇၈) မှစစ်ဆေးပြီး တရားလိုပြသက်သေ(၂)ဦးဖုန်းသန်နှင့် တရားလိုပြ သက်သေ(၃) ဦးနီထွတ်တို့ကို တရားခံဘက်မှ လျှောက်ထားချက် အရပြန်ခေါ်သက်သေများ အဖြစ်တရားစီရင်ရေးအဖွဲ့ကစစ်ဆေး၏။

**ဦးနီထွတ်**

ထို့နောက် ပြစ်မှုကြီးအမှတ်(၁၁/၇၈)မှတရားလိုပြသက်သေ (၈)ဦးနီ ထွတ်ကို ဆက်လက်စစ်ဆေးရာ သက်သေကကော်မရှင်အဖွဲ့ ခွဲ(၂)ခရီး(၅)ခေါက် ထွက်ရာတွင် ပထမအခေါက်မှအပကျန်လေးခေါက်တို့တွင် လိုက်ပါခဲ့ကြောင်းထို အဖွဲ့ခွဲအတွင်းရေးမှူးမှာ ဦးဇော်ဖေဖြစ်ကြောင်း၊ မိမိသည်ရုံးအနေဖြင့် ကိုအုန်းသန်း၊ ကိုခင်ထွန်း၊ ကိုအုန်းဝေ၊ ကိုလှကြည်၊ ကိုစိုးဝင်း၊ ကိုကျော်စိုးတို့နှင့် အတူလိုက်ပါ ခဲ့ကြောင်း။

ယင်းကော်မရှင်အဖွဲ့ခွဲ(၂) မိုးနဲ၊ လွိုင်လင်၊ တောင်ကြီး၊ ကလောတို့ သို့ ၁၉၇၂-ခုနှစ် မေလအတွင်းက လိုက်ပါခဲ့ရရာမိုးနဲတွင် လူကြီးများက ရိပ်သာ(၂၀- ၅-၇၂)နှင့်(၂၁-၅-၇၂)ခရီးစဉ်တွင် လည်းကောင်း။ (၁၆-၅-၇၂)နှင့်(၁၇-၅-၇၂) နှစ်ရက်ကြာနေခဲ့ရာထိုခရီးစဉ်နှစ်ရက်အတွက်လူ(၅၀)ဦးပြုပြီးတစ်ရက်ငွေ(၅၀၀/) တောင်းခံခဲ့သည်မှာ အမှန်တကယ် ကုန်ကျခြင်းမဟုတ်ကြောင်း၊ တင်ပြထားသည့် အသည်စာရင်းများ၌ ပါရှိသူများအတွက်ကော်မရှင်က ကျွေးမွေးကုန်ကျခံခြင်း

မရှိကြောင်း။

လှိုင်လင် (၁၈-၅-၇၂)နှင့် (၁၉-၅-၇၂)နှစ်ရက်ခရီးစဉ်တွင် တပ်ဌပ်တည်းပြီး ကော်မရှင်အဖွဲ့ဝင်များနှင့်ဝန်ထမ်းများအား တပ်ကတာဝန်ယူ ချက်ပြုတ်ကျွေးမွေးခဲ့ပြီး ကုန်ကျစရိတ်ကိုလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီက ကျခံကြောင်း။

၎င်းကုန်ကျစရိတ်ကိုကော်မရှင် အဖွဲ့ခွဲက တပ်ကိုငွေပေးချေသည်ကို မတွေ့ရကြောင်း၊ သက်သေခံ(ခ/၆)၊(၁/၉) ပါလှိုင်လင်ခရီးစဉ်အတွက် ကော်မရှင်အဖွဲ့ခွဲကကျွေးမွေးညှော်ခံရသည်ဟု ဖော်ပြထားသည့် စာရင်းမှာမမှန်ကန်ကြောင်း၊ ထိုစာရင်းပါလူများကို ကော်မရှင်အနေဖြင့်ညှော်ခံကျွေးမွေးခြင်းလည်း မရှိကြောင်း၊ သက်သေခံ(ခ)ပါလူ(၅၁)ဦးဖော်ပြ၍တစ်နေ့(၅၀ဝိ/) ငွေတောင်းခံထားသည်မှာ မမှန်ကြောင်း၊ လှိုင်လင်တွင်ကော်မရှင်အဖွဲ့ခွဲကငွေလုံးဝမကုန်ကျခဲ့ကြောင်း။

## လူပိုပြခြင်းသာ

တောင်ကြီး(၂၀-၅-၇၂)နှင့်(၂၁-၅-၇၂)ခရီးစဉ်တွင်လည်းအရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်မှာ တည်းပြီးတပ်ရိပ်သာကပင် ကျွေးမွေးကြောင်း၊ ကော်မရှင်အဖွဲ့ခွဲနှင့် ရုံးအဖွဲ့ပေါင်း(၂၁)ဦးအတွက် ငွေအကုန်အကျခံနိုင်ခွင့်ရှိကြောင်း။ ၎င်း အတွက်ငွေပေးချေခဲ့ရကြောင်း။ ကျန်ပုဂ္ဂိုလ်များအတွက်ငွေပေးချေခြင်းမရှိကြောင်း၊ လူပိုပြထားခြင်းသာဖြစ်ကြောင်း။ သက်သေခံ(ခ)၌(၄၉)ဦးပြပြီး တစ်ယောက် (၁ဝိ/)နှုန်းနှင့်တစ်နေ့ငွေ(၄၉ဝိ/) တောင်းခံထားသည်မှ မမှန်ကြောင်း။ တောင်းခံ ခွင့်ရှိသည်မှာ (၂၁)ယောက်အတွက် (တစ်နေ့၁ဝိ/)သာဖြစ်ကြောင်း။

ကလောနှင့်(၂၂-၅-၇၂)နှင့်(၂၃-၅-၇၂)ခရီးစဉ်တွင်လည်း ကော်မရှင်အဖွဲ့ခွဲဝင်များနှင့် ရုံးအဖွဲ့ဝင်များစစ်ဦးစီးတက္ကသိုလ်အဟောင်း၌တည်းခဲ့ပြီးတပ်ကပင် ချက်ပြုတ် ကျွေးမွေးကြောင်း။ ထိုခရီးစဉ်တွင် ကော်မရှင်အဖွဲ့ခွဲဝင်များနှင့် ရုံးအဖွဲ့ဝင်(၂၁)ဦးအတွက် ကော်မရှင်အဖွဲ့ခွဲကငွေပေးချေခဲ့ရကြောင်း။

ကျန်လူများ အတွက်ငွေမပေးချေခဲ့ရကြောင်း။ ကလောခရီးစဉ်နှစ်ရက်အတွက် အမှန်တကယ် ကော်မရှင်အဖွဲ့ခွဲကပေးချေခဲ့သည်မှာပေါင်း(၂၁)ဦးအတွက်သာ ဖြစ်ကြောင်း။ ထိုအတွက် သက်သေခံတွင်ပါရှိသော (၄၈)ဦးအတွက်

တစ် ယောက်(၁၀ိ/)နှုန်းနှင့် တစ်နေ့ငွေ (၄၈ဝိ/) နှစ်ရက်အတွက် ထောင်းခံထားသည်မှာ မမှန်ကြောင်း။

**အရက်နှင့်အမြည်းဝယ်**

မိမိ ယခုလို လူတိုးပြီးပြရသည်မှာ ခရီးမထွက်မီ ရန်ကုန်မှအရက်၊ စီးကရက် ယ်သွားရပြီးလမ်းမှာလည်းလိုလျှင် အရက်၊အမြည်းဝယ်ရသည့် အတွက် ကုန်ကျ ရိတ်များကာမီအောင် အတွင်းရေးမှူးက ခိုင်းသည့်အတိုင်း စာရင်းပြရခြင်းဖြစ်ကြောင်း၊ ၎င်းစာရင်းများကို ရန်ကုန်ပြန်ရောက်မှ အတွင်းရေးမှူး၏ ခိုင်းစေချက်အရမိမိနှင့် ကိုဖုန်းသန့်တို့ ပြုလုပ်ခဲ့ရခြင်းဖြစ်ကြောင်း။ ၁၉၇၁ ခုနှစ် နိုဝင်ဘာလ ခရီးစဉ်တွင်မိမိ လိုက်ပါခြင်းမရှိသော်လည်း စာရင်းပြုစုရာတွင် မိမိပါဝင်ပြုစုပေးရကြောင်း၊ မိမိအားပြသော သက်သေခံ(က)(က-၁)မှ(က-၄) အထိစာရင်းများကို မိမိပြုစုခဲ့ရခြင်းဖြစ်ကြောင်း။ (၈-၁၁-၇၁)မိုးနဲခရီးစဉ်စာရင်းများ ကို အတွင်းရေးမှူးကိုတင်ပြခဲ့ရာ ၎င်းကသေချာစွာ စစ်ဆေးပြီးမှ လက်မှတ်ရေးထိုးခြင်းဖြစ်ကြောင်း၊ ငွေစာရင်းပြုစုရာတွင်အရက်၊ စီးကရက်အသုံးစရိတ်ကို တင်ပြလို့မရကြောင်း။

သက်သေခံ(ခ-၁)မှ(ခ-၁၅)အထိလူဦးရေ၊ လူအမည်များကို မိမိကိုဖုန်း သန့်နှင့်တိုင်ပင်ပြီး လုပ်ခြင်းဖြစ်ကြောင်း၊ စာရင်းပြုစုရာတွင်တကယ် ကုန်ကျ ငွေ၊ အရက်၊ စီးကရက်၊ အမြည်းဖိုး စာရင်းတွင်ပြမရသဖြင့် လူဦးရေတိုးပြီး စာရင်း ဘောင်ဝင်အောင်ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် နှစ်ဖက်အကျိုးဆောင်များ ၏မေးခွန်း များကိုပါ ဖြေကြားထွက်ဆိုသွား၏။

**ဦးလှကြည်**

ထို့နောက် ယင်းပြစ်မှုကြီးအမှတ်(၁၀/၇၈)တရားလိုပြသက်သေ (၉)ဦး လှကြည်ကို ဆက်လက်စစ်ဆေးရာ(၎င်းကတိုင်းတရားစီရင်ရေးအဖွဲ့(၁)တွင် အစစ်ခံနေ သောဓာတ်ပုံကို သတင်းစာမှူးတွဲဖော်ပြထားခဲ့ပါသည်။) ၎င်းက ဦးဇော်ဖေ အတွင်း ရေးမှူးအဖြစ်ပါဝင်သော ကော်မရှင်အဖွဲ့ခွဲ(၂)ခရီးစဉ်တိုင်းမှာ လိုက်ပါ ခဲ့ရကြောင်း၊ ခရီးစဉ်တွင်လူဦးရေ(၁၅)ယောက်မှ(၂၀)ခန့်ရှိကြောင်း။ မိုးနဲခရီးစဉ်တွင် ခရိုင်နှင့်မြို့နယ် လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီတို့က ကျွေးမွေးကြောင်း၊ လွိုင်လင် ခရီးစဉ်၌လည်း

တပ်ကာပင်ကျေးကြောင်း ကလောခရီးစဉ်တွင်လည်း တပ်ကာပင် ကျေးကြောင်းသက်သေခံတွင်ဖော်ပြထားသည့် ကော်မရှင်က ကျေးမွေးညှော်ခံရသည့်အတွက် ကုန်ကျစရိတ်ငွေများ ကော်မရှင်အဖွဲ့ခွဲကတောင်းခံထားသည်တို့မှာ မမှန်ကြောင်းနှင့် တရားခံအကျိုးဆောင်၏ ပြန်လှန်မေးခွန်းများဖြေကြားစဉ် ရှုံးချိန်ကုန်သွားသဖြင့် မတ်(၃၁)ရက်တွင် ဆက်လက်စစ်ဆေးရန် တရားစီရင်ရေး အဖွဲ့ကချိန်းဆိုလိုက်၏။ (သတင်းစဉ်)

ထိုနေ့ စစ်ဆေးချက်များသည် နောက်နေ့သတင်းစာတွေမှာ ပါလာမည်ဖြစ်ပါသော်လည်း ကျွန်မရှာဖွေတွေ့ရှိသမျှတို့အနက်ဧပြီရက်နေ့ထုတ်သောသတင်းစာမတွေ့သောကြောင့် ချန်လှပ်ခဲ့ရပါသည်။

သို့နှင့်ပင် ဦးသန်းစိန်သက်သေအဖြစ် အစစ်ခံသည်ကိုရှာဖွေရရှိသော ဧပြီလ(၄)ရက်နေ့ထုတ်သတင်းစာမှ ဖတ်ရှုရကြောင်း ဆက်လက်ရေးသားရပါတော့သည်။

ဦးသန်းစိန်ကဒင်းအပေါ် ပြစ်မှုကြီးအမှတ်(၈/၇၈)အရ စွဲချက်တင်ထားသည့်အမှုနှင့် စပ်လျဉ်း၍ကိုယ်တိုင်ကတိသစ္စာပြု၍ သက်သေအဖြစ် တိုင်းတရားစီရင်ရေးအဖွဲ့(၁)တွင် ထိုနေ့က အစစ်ခံထွက်ဆို၏။ (သူအစစ်ခံနေသည့် ဓာတ်ပုံကိုသတင်းစာတွင် ပူးတွဲဖော်ပြထားသည်ကိုကြည့်ကာ လူကြီးလူကောင်းတစ်ဦး၏ ရုပ်ရည်လက္ခဏာနှင့် ပြည့်စုံသူဖြစ်သည်ဟု မှတ်ချက်ချမိပါသည်။ သူ့ရှိစဉ်က သူ့ကိုမမြင်ဘူးခဲ့စေကာမူသူ၏ ကောင်းသတင်းကိုသာ ကြားဖူးခဲ့ပြီးကျွန်မ၏ ချစ်လှစွာသော မွေးသဖခင်နှင့်ဒုက္ခခံစားသွားရရှာသူချင်းဖြစ်သောကြောင့် စာနာသနားလှပါသည်။ သူငယ်စဉ်ကပညာ ဆည်းပူးသင်ကြားခဲ့သည်ဆိုသော ရခိုင်ပြည်နယ်အကြောင်းကို ခံစားတွေးတောရင်း ကျွန်မ မရောက်ဖူးသေးသည့်တိုင်၊ တစ်နေ့သောအခါ ရောက်ချင်ရောက်နိုင်သေးသည်ဟု မျှော်လင့်မိပါသည်။)

ဦးသန်းစိန်က အစစ်ခံထွက်ဆိုရာတွင် ၎င်းငယ်စဉ်မွေးဖွားရာဇာတိမှ မူလတန်းအလယ်တန်းပညာများသင်ကြားခဲ့ပုံ၊ ဇာတိဖြစ်သောမြို့ပေါင်းမြို့နယ်၊ မြောင်းဘွေကျေးရွာအထက်တန်းကျောင်းတွင်မြန်မာစာ ကိုးတန်းအောင်မြင်ခဲ့ပြီး ကျောက်ဖြူ

အထက်တန်းကျောင်းတွင်အင်္ဂလိပ်/မြန်မာ ခုနစ်တန်းတွင်ဒုတိယ ကမ္ဘာစစ်ကြီးဖြစ်လာ ခဲ့သဖြင့် ကျောင်းပိတ်ခဲ့ပုံ၊ ၁၉၄၁-ခုနှစ်မှစ၍ ဗမာ့လွတ်လပ်ရေးတပ်မတော်သို့ ဝင်ရောက်ခဲ့ပုံ၊ ဗမာ့ကာကွယ်ရေး တပ်မတော်အဖြစ် အသွင်ပြောင်းခဲ့ရာတွင်လည်း ဆက်လက်ပါဝင်ခဲ့ပုံ၊ ဖက်ဆစ်တော်လှန်ရေးမြေအောက် လှုပ်ရှားမှုများတွင်ပါဝင်ခဲ့ပုံ၊ ၁၉၄၅-၄၆ ခုနှစ် ကြားကာလရခိုင်တွင် နိုင်ငံရေးသဘောထားကွဲလွဲခဲ့သဖြင့် နိုင်ငံရေး ဆက် မလုပ်လိုတော့၍ ၁၉၄၇-ခုနှစ် တွင်ရန်ကုန်သို့ လာခဲ့ပြီးအလွတ်ပညာသင်ခဲ့ရာ ဖက်ထရစ်အောင်မြင်ခဲ့ပုံ၊ ၁၉၄၈-ခုနှစ်မှစ၍ ၁၉၅၄-ခုနှစ်အထိ ရောင်စုံသောင်းကျန်း သူများနှင့် တရုတ်ဖြူများအား တိုက်ခိုက်ရာတွင် ရန်ကြီးအောင်စစ်ဆင် ရေးပြီးခုံးသည် အထိပါဝင် တိုက်ခိုက်ခဲ့ပုံများကို အသေးစိတ်ထွက်ဆိုစဉ် ရုံးချိန်ကုန်ဆုံးသွားသဖြင့် ရုံးနားလိုက်ပြီး အမှုကို ပြီလ(၁၀)ရက်နေ့တွင် ဆက်လက်စစ်ဆေးရန် တိုင်းတရားစီ ရင်ရေးအဖွဲ့က ချိန်းဆိုလိုက်၏။ (သတင်းစဉ်)

နောက်နေ့(၅-၄-၁၉၇၈)မှာပင် ဦးတင်အေးကျော်နှင့် ပတ်သက်သည့် ပြစ်မှုကြီးအမှတ်(၁၃/၇၈)နှင့် ပတ်သက်၍ နှစ်ဖက်သော အကျိုးဆောင်များက အပြီးသတ်လျှောက်လဲချက်များကို တိုင်းတရားစီရင်ရေးအဖွဲ့(၁)တွင် ထိုနေ့က တင်ပြလျှောက်လဲကြ၏။

တိုင်းတရားစီရင်ရေးအဖွဲ့ကယင်းအမှုကို ထိုနေ့က စတင်ကြားနာရာတွင် တရားခံအကျိုးဆောင်က ပထမလျှောက်လဲချက်ပေးရာ၌ အမှုဖြစ်စဉ် ကလေး၊ မွှေလေး၊ မြစ်ကြီးနား ခရီးစဉ်သုံးခုအတွက် ငွေပေါင်း ခြောက်ရာသုံးဆယ့်ငါးကျပ် လိမ်လည်ထုတ်ယူခဲ့ပြီး ကိုယ်ကျိုးအတွက်သုံးစွဲခဲ့သည်ဟူသောစွဲချက်၊ တရား လိုပြသက်သေများ၏ထွက်ချက်၊ သက်သေခံ စာရွက်စာတမ်းများ၊ တရားခံဘက်မှ တင်ပြသောသက်သေများ၏ထွက်ချက်၊ စာရွက်စာတမ်းများ၊ ဥပဒေအကြောင်း အချက်များ၊ စီရင်ထုံးများကို ညွှန်းပြကိုးကားလျက် ၎င်း၏ အမှုသယ်အပေါ်တွင် စွဲချက်တင်ထားသည့်၁၉၆၃-ခုနှစ်အမျိုးနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်ရေး ဥပဒေပုဒ်မ(၃)အရ အကျုံးမဝင်မည်သို့မျှ ပတ်သက်ခြင်း မရှိကြောင်း၊ ဤအမှုတွင် တရားစွဲဆိုသည့်ဘက်မှ ခရီးသွားသော သူများကိုသာ တင်ပြနေပြီး တရားခံဘက်မှ

အမှန်ထမင်းစားရန်အတွက်စီစဉ်ထားရသူများနှင့် အမှန်ထမင်းစားရသောသူများအတွက် ငွေတောင်းခံရခြင်းကိုသာ ရှင်းလင်းတင်ပြ နေခြင်းဖြစ်ကြောင်း၊ ဒေသခံများပါ ဝင်ရောက်စားသောက်ကြသည်ကိုလည်း တရားခံလိုပြသက်သေ ဦးသန်းညွန့်က ဝန်ခံထွက်ဆိုခဲ့ပြီးဖြစ်ကြောင်း၊ အမှန်စားစရိတ်ကုန်ကျငွေများကို အမှန်ပေးခဲ့ရသောကြောင့် ငွေစာရင်းများကို လိမ်လည်တောင်းခံခြင်းမဟုတ်သဖြင့် ဦးတင်အေးကျော်သည်စွပ်စွဲထားသော ပြစ်မှုကို မကျူးလွန်ခဲ့ရကြောင်း၊ ၎င်းသည်ကြိုတင်ပြင်ဆင်ရေးအဖွဲ့ငယ်(၂) အလုပ်ကိစ္စများနှင့် လားရှိုး၊ မကွေး၊ စစ်တွေမြို့များခရီးစဉ်များ၌ တစ်စုံတစ်ရာငွေရေးကြေးရေး မသမာမှုများရှိခဲ့သည်ဟု စွပ်စွဲချက်များပေါ်ပေါက်ခြင်း မတွေ့ရကြောင်း၊ တရားရုံး သက်သေခံ(က)နှင့် (ခ/၅၄)ထမင်းစရိတ် တောင်းခံလွှာစာရင်းများတွင် ထမင်းစားသူများ၏ နာမည်များပါသည့်စာရင်းကို ထိုစဉ်ကပူးတွဲတင်ပြရိုးမှန်ပါက ယင်းသက် သေခံတို့တွင် လူနာမည်စာရင်းများပူးတွဲထားသည်ဟု ရေးသားထားမည်သာ ဖြစ်ကြောင်း၊ ထိုသို့မပါခြင်းမှာ ဦးတင်အေးကျော်၏ ထွက်ချက်ပါအတိုင်း လူနာမည်ပါသည့် စာရင်းမပါ၍ဖြစ်ကြောင်း၊ ထို့အတွက် လျှောက်ထားချက်များကို ထောက်ထားပြီး ဤအမှုတွင် ဦးတင်အေးကျော်အား တရားသေလွှတ်ပေးပါရန် လေးစားစွာလျှောက်ထားပါကြောင်းဖြင့် တင်ပြသွား၏။ (အဲသည်လျှောက်လဲချက်သည် ကျွန်မတို့အားမျှော်လင့်ချက်တွေပေးခဲ့ပါသည်။ ထိုခေတ်ကာလ တန်ကြေးအားဖြင့် ကျွန်မ၏ခင်ပွန်းဖြစ်သူမြို့နယ် လက်ထောက်ဆရာဝန်သည် သူ၏လုပ်သက် ဆယ်နှစ်အရ (၄၅၀-၂၅-၂၅)အားဖြင့် တစ်လလျှင်(၆၅၀/)ရရှိနေပါပြီ။ ဦးတင်အေးကျော်သည် ထိုမျှလောက်သော ငွေကလေးနှင့်တော့ သူတည်ဆောက်လာခဲ့သော နာမည်ကိုအနစ်မွန်းခံမည့် လူစားမျိုးမဟုတ်တာ သေချာလှပါသည်။ ယခုခေတ်လို လစာငွေနှင့်မတိုင်းဆနိုင်လောက်သော စည်းစိမ်တိုက်တာပကာသနတွေကြားမှာ မျက်နှာပြောင်နေနိုင်လွန်းသူတွေနှင့် မတူညီလွန်းသည့် လူစားမျိုးဖြစ်ပါသည်။ ယခုအခါသူမရှိတော့သော်လည်း ဖြူစင်သောသူ့နာမည်ကိုတော့ထားခဲ့ရစ်ပါသည်ဟု သူနှင့်သက်ဆိုင်သူများကြားသိစေရန် ကျွန်မကမှတ်တမ်းတင်ရင်းတိုင်တည် ဟစ်ကြွေးလိုက်ချင်လှပါ၏။) ထို့နောက်တရားလို အကျိုးဆောင်များ

ကအပိုင်းလိုက်ခွဲ၍ အမှုအကြောင်းအရာအကျဉ်းချုပ်၊ တရားလိုပြသက်သေများ၏ ထွက်ဆိုချက်နှစ်ဖက် သက်သေများ၏ထွက်ဆိုချက်ကိုသုံးသပ်တင်ပြချက်၊ ဥပဒေအကြောင်းဆိုင်ရာ သုံးသပ်တင်ပြချက်များကိုဖတ်ကြားတင်ပြလျက် တရားခံဦးတင်အေးကျော်သည် ကြိုတင်ပြင်ဆင်မှုကော်မရှင် အဖွဲ့ခွဲ(၂)အတွင်းရေးမှူးအနေဖြင့်ကြိုတင်ထုတ်ယူသော ငွေမှငွေပေါင်းခြောက်ရာသုံးဆယ့်ငါးကျပ်ကိုမရှိမဖြောင့် သောသဘောဖြင့်မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်ပြီးနောက် ယင်း အလွဲသုံးစားပြုလုပ်ခဲ့သည့်ငွေကိုကာမိစေရန် အသုံးစာရင်းကိုလိမ်လည်ပြုလုပ်စေပြီး သဘောတူအတည်ပြုခဲ့ကြောင်းပေါ်လွင်သဖြင့်၎င်းသည် အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ(၃)အရပြစ်မှုကျူးလွန်ခဲ့သည်မှာထင်ရှားကြောင်း၊ ထို့ပြင်၎င်းသည်ပါတီတွင်အရေးပါသောတာဝန်များကို ထမ်းဆောင်ရာ၌လမ်းစဉ်ပါတီနှင့် တိုင်းပြည်အပေါ်တွင်သစ္စာရှိစွာဝတ္တရားဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ သို့အတွက် ၎င်းအပေါ်တွင်ပြစ်မှုနှင့် သင့်လျော်သော အပြစ်ဒဏ်သတ်မှတ်သင့်ကြောင်း တင်ပြလျှောက်ထားသွားကြ၏။ ယင်းအမှုနှင့်ပတ်သက်၍ တိုင်းတရားစီရင်ရေး အဖွဲ့ကဧပြီ(၁၈)ရက်နေ့ သို့ချိန်းဆိုလိုက်၏။ (သတင်းစဉ်)

ထိုသတင်းစာကို ဖတ်ပြီးသောအခါ ကျွန်မနှင့်သူစိမ်းပြင်ပြင်ဖြစ်သော ဦးတင်အေးကျော်အတွက် စိတ်မချမ်းမသာဖြစ်နေမိပါသည်။ တစ်ကြိမ် နှစ်ကြိမ်တွေ့ဖူးခဲ့သော သူ့ဇနီး ဒေါ်ခွေခွေတော့ ဆောက်တည်ရာမရ ခံစားနေရရှာမှာပဲဟု မှိုင်ပေါင်းများစွာ ကွာဝေးသောနေရာမှနေပြီး ကိုယ်ချင်းစာကြင်နာနေမိပါသည်။

ဧပြီလ ၅ ရက်နေ့တွင် ဦးထွန်းလင်းနှင့်ပတ်သက်သည့် ပြစ်မှုကြီးအမှတ်(၁/၇၈)နှင့်(၂/၇၈)ကို တိုင်းတရားစီရင်ရေးအဖွဲ့ (၁)ဆက်လက်စစ်ဆေးရာ နောက်နေ့(၆-၄-၁၉၇၈)သတင်းစာများတွင် စုံစုံလင်လင် ပါဝင်လာခဲ့ပါသည်။ ပြစ်မှုကြီးအမှတ်(၂/၇၈)ကို တရားလိုပြသက်သေ(၇) ဦးမောင်လွင်က ယခင်တစ်ပတ်ရုံးချိန်းတွင် မပြီးပြတ်သေးသည့် တရားခံအကျိုးဆောင်၏ ပြန်လှန်မေးခွန်းများကို ဆက်လက်ဖြေကြားထွက်ဆို၏။

**ဦးဟုတ်စတီန်း**

ပြစ်မှုကြီးအမှတ်(၂/၇၈)ကိုတရားလိုပြသက်သေ(၅)အဖြစ် ဦးဟုတ်စတီန်းက အစစ်ခံထွက်ဆိုရာတွင်မိမိသည်(၁၀၇၄-၇၅)မှ ယခုအထိ မိုင်းယန်းမြို့နယ် ပါတီယူနစ်ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိကြောင်း၊ ဦးထွန်းလင်းထံမှ ပါတီလှူပ်ရှားမှု ရန်ပုံငွေရရှိဖူးခြင်း မရှိခဲ့ကြောင်း၊ ယင်းလှုပ်ရှားမှုအတွက် ငွေ (သုံးထောင်လေးဆယ်ကျပ်)ရရှိကြောင်း၊ မိုင်းယန်းပါတီဥက္ကဋ္ဌဆိုသူ လက်မှတ်ရေးထိုးထားသည်ကိုမိမိမသိကြောင်း၊ မည်သူ၏လက်မှတ်ဆိုသည်ကိုလည်း မသိကြောင်း၊ အခြားလူတစ်ဦးတစ်ယောက်အားလည်း မိမိကိုယ်စားလွှဲထားခြင်း မရှိကြောင်းနှင့် နှစ်ဖက်သောအကျိုးဆောင်များ၏ မေးမြန်းသည်တို့ကို ဖြေကြားသွား၏။

**လက်မှတ်မဟုတ်**

ဦးဟုတ်စတီန်းကပင်ဆက်လက်၍ ပြစ်မှုကြီးအမှတ်(၁/၇၈)တရားလိုပြသက်သေ(၁၃)အဖြစ်အစစ်ခံထွက်ဆိုရာတွင်နိုင်ငံတော် ဖွဲ့စည်းပုံဥပဒေ မူကြမ်းရေးဆွဲရေးကာလက မိမိမိုင်းယန်းတွင်ရှိကြောင်း၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအတွက် ငွေ(ငါးထောင်ရှစ်ရာရှစ်ဆယ့်ငါးကျပ်)ကို ရရှိသည်ဟုဆိုပြီး ဦးအေးမောင်၊ ဦးယာပါ၊ ဦးကျဖေ့တို့၏အမည်များဖြင့် လက်မှတ်ရေးထိုးသည်မှာ ၎င်းတို့၏လက်မှတ် မဟုတ်ကြောင်း၊ တစ်ဖန် (၅-၅-၇၃)မှ(၇-၆-၇၃) ရက်အထိ လားဟူကျေးရွာများ၌ မူကြမ်းရှင်းလင်းရေးကိစ္စများ ဆောင်ရွက်ရသည့်အတွက် ကုန်ကျစရိတ် တစ်ဦးကိုငွေ (လေးရာကျပ်)စီ လက်ခံရရှိသည်ဟု ဖော်ပြထားခြင်း နှင့်ပတ်သက်၍ မိမိဘာမှ မသိကြောင်း၊ ငွေရရှိကြောင်း လက်မှတ်ရေးထိုးသည်မှာ ဦးကျအာ၏ လက်မှတ်မဟုတ်ကြောင်း၊

တစ်ဖန် (၅-၅-၇၃) မှ (၇-၆-၇၃)ရက်အထိလားဟူ၍ ကျေးရွာများ၌ မူကြမ်းရှင်းလင်းရေးဆောင်ရွက်ရသည့်အတွက် ကုန်ကျစရိတ် တစ်ဦးကို ငွေ (လေးရာကျပ်)စီ လက်ခံရရှိသည်ဟု ဖော်ပြထားခြင်းနှင့် ပတ်သက်၍ မိမိဘာမှ မသိကြောင်း၊ လက်မှတ်ရေးထိုးသည်မှာ ဦးကျအာ၏ လက်မှတ်မဟုတ်ကြောင်း၊ ၎င်းသည် မြန်မာလိုမတတ်ကြောင်း၊ လားဟူ၍ လိုသာတတ်ကြောင်းနှင့် အကျိုး

ဆောင်များ၏ မေးခွန်းများကိုဖြေကြားသွား၏။

**ဦးတော်မီဟန်**

ထို့နောက်ပြစ်မှုကြီးအမှတ်(၁/၇၈)တရားလိုပြသက်သေ (၁၇)ဦးတော်မီဟန်က အစစ်ခံထွက်ဆိုရာတွင်မိမိသည် မိုင်းခတ်မြို့နယ် ပါတီယူနစ်ဥက္ကဋ္ဌအဖြစ် ၁၉၇၀-ခုနှစ်အထိ တာဝန်ထမ်းဆောင်လျက်ရှိကြောင်း၊ ၁၀-၁၁-၇၃ မှ ၅-၁၂-၇၃ ရက်ကာလအတွင်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ အောင်မြင်ရေး ဆောင်ရွက်ရန်အတွက် တစ်ဦးလျှင်ငွေ (ငါးရာသုံးဆယ့်ငါးကျပ်)ဆယ်ဦး အတွက်ငွေ (ငါးထောင်သုံးရာငါးဆယ်ကျပ်)ရသည်ဆိုပြီးဦးတာပါ၊ ဦးကျအွာ၊ ဦးဒါပီတို့က လက်မှတ်ရေးထိုးသည်ကိုယခုပြသောသက်သေခံတွင်တွေ့ရကြောင်း၊ ထိုလက်မှတ် များမှာ ၎င်းတို့လက်မှတ်လည်း မဟုတ်ကြောင်း၊ ၎င်းတို့အဆိုပါငွေရသည်ဟုလည်း မိမိမကြားကြောင်း။

ထိုငွေကိစ္စ မိမိက မေးခဲ့ရာတွင်လည်း ၎င်းတို့က မရဘူးဟု ပြန်ပြောကြောင်း၊ (၅-၅-၇၃)မှ(၇-၆-၇၃)ရက်အထိ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံမူကြမ်းကိစ္စကျေးရွာ များတွင်ဆောင်ရွက်ခဲ့ရသည့်အတွက် ကုန်ကျစရိတ်တစ်ဦးငွေ (လေးရာကျပ်) ခြောက်ယောက်အတွက် ငွေ(နှစ်ထောင့်လေးရာကျပ်)ရရှိသည်ဆိုပြီး မိုင်းခတ် မြို့နယ်မှဦးဖျားဆိုင်၊ ဦးနန်းဆိုင်၊ ဦးယားပန်၏ အမည်များကို ဖော်ပြထားခြင်းနှင့်စပ်လျဉ်း၍ ၎င်းတို့အား မိမိကရွေးချယ် သင်တန်းပေး တာဝန်ပေးထားသူများဖြစ်ကြောင်း။

သက်သေခံတွင်ပါရှိသည့်အတိုင်း ငွေရသည်ဆိုလျှင်လည်း မိမိကို တင်ပြမည်ဖြစ်ကြောင်း၊ အမှုနှင့်စပ်လျဉ်း၍ အထူးစုံစမ်းစစ်ဆေးရေး ကမိမိအား စစ်ဆေးပြီးနောက်၊ ၎င်းတို့အား မိမိက ပြန်မေးရာတွင်လည်း ၎င်းတို့က မရရှိကြောင်း၊ မိုင်းခတ်ကိုဦးထွန်းလင်း တစ်ခါမှမရောက်ဘူးကြောင်းနှင့် နစ်ဖက်သော အကျိုးဆောင်များ၏ မေးခွန်းများကိုပါဖြေကြား ထွက်ဆိုသွား၏။

**ဦးစိုင်းဖတ်**

ယင်းပြစ်မှုကြီးအမှတ် (၁/၇၈)တရားလိုပြသက်သေ (၁၅)ဦးစိုင်းဖတ်

ကထွက်ဆိုရာတွင်မိမိသည် ၁၉၇၈-ခုနှစ်မှာ မိုင်းဆတ်မြို့နယ်ပါတီ ယူနစ်ဥက္ကဋ္ဌ အဖြစ်တာဝန်ထမ်းဆောင်လျက်ရှိကြောင်း၊ မူကြမ်းရှင်းလင်းရေးအတွက် ဦးဝေလီကို ငွေ(ငါးရာ)ထုတ်ပေးသည်ဟု ဖော်ပြထားခြင်းနှင့် ပတ်သက်၍မိမိဘာမှမသိကြောင်း၊ ၎င်းကငွေရရှိကြောင်းလည်းမပြောပြဘူးကြောင်းနှင့် တရားခံအကျိုးဆောင်၏ ပြန်လှန်မေးခွန်းများတရားလို၏ ဖြေရှင်းမေးခွန်းများကိုပါ ဖြေကြားထွက်ဆိုသွား၏

**ဦးဝေလီ**

ဆက်လက်၍ တရားလိုပြသက်သေ(၁၆)ဦးဝေလီက အစစ်ခံထွက်ဆိုရာတွင် ၁၉၆၆-ခုနှစ်တွင် အခြေခံနိုင်ငံရေးသင်တန်းတက်ပြီးနောက် မိုင်းဆတ်ပါတီယူနစ်တွင်ရေးရာမှူး အဖြစ်တာဝန်ထမ်းဆောင်ခဲ့ကြောင်း၊ ၁၉၆၈-ခုနှစ်တွင် မိုင်းထိသဖြင့် လက်နှစ်ဖက်ပြတ်ခဲ့ပြီး ၁၉၆၉-ခုနှစ်တွင်တာဝန်မှ ရပ်စဲခံခဲ့ရကြောင်း၊ ဦးထွန်းလင်းပါဝင်သော မူကြမ်းရှင်းလင်းရေးအဖွဲ့လာစဉ်က မိမိသည်ထပ်ဆင့်ရှင်းလင်းရေး(ကျေးရွာ)အဖွဲ့ဝင်အဖြစ်နားထောင်ခဲ့ကြောင်း၊ ၎င်းကပါတီယူနစ်တွင်-၎င်းအိတ်ထဲမှ ငွေ နှစ်ဆယ့်ငါးကျပ်တန် ငါးရွက်ကိုကလေးများ မုန့်ဝယ်ကျွေးရန် ဆိုပြီးပေးဖူးကြောင်း၊ နောက်ထပ်ရရှိခြင်းမရှိကြောင်း၊ လက်ပြတ်နေသော်လည်း လက်မှတ်ရေးထိုးနိုင်ကြောင်း၊ ငွေ(ငါးရာ)ရရှိသည်ဆိုပြီး လက်မှတ်ရေးထိုး ထားသည်မှာ မိမိလက်မှတ်မဟုတ်ကြောင်း၊ ငွေလည်းမရရှိခဲ့ကြောင်း နှင့်အကျိုး ဆောင်များ၏ မေးခွန်းများကိုဖြေကြားထွက်ဆိုသွား၏။ အမှုကိုဧပြီလ (၁၁)ရက်နေ့တွင် ဆက်လက် စစ်ဆေးမည်ဖြစ်ကြောင်း တရားစီရင်ရေးအဖွဲ့ကချိန်းဆိုလိုက်၏။ (သတင်းစဉ်)

သို့နှင့် ဧပြီလ(၁၁)ရက်နေ့တွင် ဦးထွန်းလင်းနှင့်ပတ်သက်သည့်ပြစ်မှုကြီး အမှတ် (၂/၇၈)ကို တိုင်းတရားစီရင်ရေးအဖွဲ့ (၁)က ဆက်လက်စစ်ဆေးပါသည်။

**ဦးဘိုထွန်း**

ရှေ့ဦးစွာတရားလိုပြသက်သေအမှတ်(၆)ဦးဘိုထွန်းကအစစ်ခံ ထွက်ဆိုရာတွင်မိမိသည်ပါတီဌာနချုပ် ဌာနခွဲမှူးတာဝန်ကို ၁၉၇၄-ခု နှစ်က စတင်ထမ်းဆောင်ခဲ့ကြောင်း၊ ယင်းမတိုင်မီကတပ်မတော်(လေ)တွင် ဗိုလ်မှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြောင်း၊ ၁၉၇၅-ခုနှစ်ခန့်က ကချင်ပြည်နယ်သို့ ခရီးထွက်ရန်

အတွက်ကြိုတင်ငွေ(တစ်သောင်း)ကျော် ထုတ်ယူခဲ့ကြောင်း၊ ယင်းခရီးစဉ်၌ ဗန်းမော်ကို ဦးလှဝင်ခဲ့ရာ၎င်း၌ စားသောက်စရိတ်အတွက် ငွေ(တစ်ထောင် ခုနစ်ဆယ့်သုံး ကျပ်နှင့်ပြားငါးဆယ်) ကုန်ကြောင်း၊ မြစ်ကြီးနား ရောက်ခဲ့ရာတွင် ဦးပီတာလ ဆန်ဂေါင်ကိုပေးရန် ဗိုလ်ကြီးမောင်လွင်ကို မိမိကငွေ(ငါးထောင်) ထုတ်ပေးခဲ့ကြောင်း၊ ၎င်းက ဦးပီတာလဆန်ဂေါင်ငွေလက်ခံရကြောင်း လက်မှတ်ကိုထိုးထားသော မြေစာကိုပေးကြောင်း၊ မြစ်ကြီးနား စားသောက်စရိတ်ကိုတိုင်း စစ်ဌာနချုပ်က ညှိခံကျွေး မွေးပြီး၎င်းအတွက် ငွေပေးချေရခြင်းမရှိကြောင်း၊ ထိုခရီးစဉ်တွင် ဗန်းမော် စားသောက်စရိတ်အတွက် ငွေ(တစ်ထောင်ခုနစ်ဆယ့်သုံးကျပ် နှင့်ပြားငါးဆယ်) ပေးချေခဲ့ရကြောင်း၊ ကျန်ငွေ(ရှစ်ထောင်)ကျော်ကိုပါတီဌာနချုပ် သို့ပြန်အပ်ခဲ့ရကြောင်းနှင့် ပါတီဌာနချုပ်သို့ တင်ပြခဲ့သည့် စာရင်းရှင်းတမ်းကို သက်သေခံအဖြစ် ရုံးတော်သို့ တင်သွင်းကြောင်းဖြင့် ထွက်ဆိုသွားပြီးတရားခံ အကျိုးဆောင်၏ ပြန်လှန်မေးခွန်း ကိုပါဖြေကြား၏။ (ဦးဘိုထွန်းကတိုင်းတရားစီရင် ရေးအဖွဲ့(၁)တွင် အစစ်ခံထွက်ဆို- နေသော ဓာတ်ပုံကိုသတင်းစာက ပူးတွဲတင်ပြထားသည်ကိုမြင်တွေ့ရပါသည်။ ဓာတ်ပုံကျူးယူတာကပဲ မကောင်းတာလား၊ မဟုတ်မတရားတာတွေကို ထွက်ဆို နေရသည့်အဖြစ် သူ့ကိုကပဲစိတ် မသက်မသာ ဖြစ်နေတာလားမသိနိုင်ဘဲ သူ့မျက်နှာ ပုံပန်းမှာညှိုးနွမ်းနေကြောင်း မှတ်ချက်ချမိပါသည်)

**ဦးလှဝင်း**

တရားလိုပြသက်သေ(၇) ဦးလှဝင်းက ဆက်လက်အစစ်ခံထွက် ဆိုရာတွင် မိမိသည်ပါတီဌာနချုပ်ရုံးဌာနခွဲ၏ ဆောင်ငွေဌာနစုမှူးဖြစ်ကြောင်းနှင့် ဆောင်ငွေဌာနစု၏ လုပ်ထုံးလုပ်နည်းများနှင့်လုပ်ပိုင်ခွင့်များကို ရှင်းပြလျက် ဦးဘိုထွန်း ငွေ(တသောင်း) ထုတ်ယူသွားပုံ၊ ခရီးစဉ်တွင်ကုန်ကျသုံးစွဲခဲ့သောငွေ (တစ်သောင်း ခုနစ် တစ်ဆယ့် သုံးကျပ်နှင့်ပြားငါးဆယ်)ကို စာရင်းရှင်းတမ်းလုပ်၍ ရှင်းလင်းခဲ့ပုံ ပိုငွေ (ရှစ်ထောင်ခုနစ်ရာ နှစ်ဆယ့်ခြောက်နှင့်ပြားငါးဆယ်)ကို (၃-၁၂-၇၅)ရက် တွင်ပြန်အပ်ခဲ့ပုံ၊ ထိုနေ့တွင်ပင်ငွေ (ငါးထောင်)ထုတ်ခဲ့ပြီး ၎င်းငွေအတွက် (၃၁-၁၂-၇၅)ရက်တွင် ပြန်ရှင်းပုံများနှင့် ၎င်းကဲ့သို့ငွေထုတ်ခြင်း၊ စာရင်းရှင်းတမ်းပြုလုပ်ခြင်းတို့နှင့်ပတ်သက်၍ ကြိုတင်ငွေထုတ်

ပေးမှုစာအုပ်မှကောက်နုတ်ချက်ကို ရုံးတော်သို့တင်ပြ၏။ ဦးလှဝင်းက ဆက်လက်၍ စာရင်းရှင်းတမ်းကို ဦးစိုးလွင်က ရှင်းပြီး ပူးတွဲပြေစာတွင်ငွေ လက်ခံရရှိသူငါးယောက်၊ မိုင်းယောင်းပါတီယူနစ် ဥက္ကဋ္ဌကိုယ်စားဦးစိုးလွင်ကပင် လက်မှတ်ရေးထိုးထားပုံ၊ မိုင်းယန်းမြို့နယ်ပါတီယူနစ် ဥက္ကဋ္ဌကိုယ်စားလည်း ဦးစိုးလွင်ကပင် လက်မှတ်ရေးထိုးထားပုံများကိုတင်ပြလျက် ကြိုတင်ငွေထုတ်ပေးမိန့် စာအုပ်မှကောက်နုတ်ချက်ကို ရုံးတော်သို့တင်ပြပြီး တရားခံအကျိုးဆောင်၏ပြန်လှန်မေးခွန်းများကိုပါ ဖြေကြားသွား၏။

## ဦးစိုးလွင်

ထို့နောက်တရားလိုပြသက်သေ(၈) ဦးစိုးလွင်က အစစ်ခံထွက်ဆိုရာတွင် ၎င်းသည် ပါတီဗဟိုဌာနများ၏ လိုအပ်ငွေများကိုတင်ပြတောင်းခံပြီးဌာနများမှ တောင်းခံသောငွေများကိုထုတ်ပေးရပုံ၊ ၎င်းဌာနတွင်ရှိသော ငွေစာရင်းခေါင်းစဉ်များ ရှင်းပြပြီး ၎င်းမှတ်မိသမျှဦးထွန်းလင်းငွေနှစ်ခါထုတ်ခဲ့ဘူးပုံ ပထမတစ်ခါငွေ (ငါးထောင်)ကို ၎င်း၏ကိုယ်ရေးအရာရှိဗိုလ်ကြီးမောင်လွင်အမည်နှင့်လည်းကောင်း၊ ဒုတိယတစ်ခါငွေ(သုံးထောင်လေးဆယ်ကျပ်)ကိုဦးထွန်းလင်းကိုယ်တိုင် လည်းကောင်းထုတ်ယူခဲ့ပုံ၊ ယင်းထုတ်ယူခဲ့သောငွေများအတွက် ဦးထွန်းလင်း၏ ခိုင်းစေချက်အရမိမိကပင် မိုင်းယောင်းပါတီယူနစ်ဥက္ကဋ္ဌကို ထုတ်ပေးသည့် အနေမျိုးဖြင့်အဆိုပါဥက္ကဋ္ဌကိုယ်စားနှင့် မိုင်းယန်းမြို့နယ်ပါတီယူနစ်ဥက္ကဋ္ဌကိုယ်စား ငွေလက်ခံရရှိသူများနေရာတွင်မိမိကပင်လက်မှတ်ရေးထိုးပြီးပြေစာနှစ်ခုလုပ်ခဲ့ရပုံများနှင့်တရားခံအကျိုးဆောင်၏ပြန်လှန်မေးခွန်းများကိုပါဖြေကြားထွက်ဆိုသွား၏။

## ဦးစပ်ပြုး

ဆက်လက်၍ကယားပြည်နယ်တွင်နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရှင်းလင်းရန်တာဝန်ယူခဲ့ရသောဦးစပ်ပြုးက တရားလိုပြသက်သေ (၁၇) အဖြစ်ဦးထွန်းလင်းနှင့် ပတ်သက်သည့်ပြစ်မှုကြီးအမှတ်(၁။၇၈)အတွက် အစစ်ခံထွက်ဆိုရာတွင်၎င်းသည် ကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူးထံမှ ငွေလက်ခံရရှိခြင်းမရှိခဲ့ပုံ၊ သက်သေခံတွင်ရှိသောလက်မှတ်မှာလည်း၎င်း၏ လက်မှတ်မဟုတ်ပုံ၊ သက်သေခံတွင်ဖော်ပြထားသော လူခြောက်ဦးနှင့်အတူ ငွေရယူခြင်းလည်းမရှိပုံများကိုလည်း

ကောင်း၊ တရားလိုပြသက်သေ(၁၈) ဦးစောအုန်းရယ်ကလည်း ၎င်းနှင့်အတူ ခြောက်ဦး ကယားပြည်နယ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရှင်းလင်းရေး တာဝန် ယူခဲ့ရပုံ၊ ထိုသို့ဆောင်ရွက်ရသည့် အတွက်ငွေကြေးတစ်ပြားမှမရရှိခဲ့ပုံ၊ သက်သေခံ၌ ၎င်းနာမည် ဖော်ပြပြီး ငွေလက်ခံရရှိသူနေရာတွင် လက်မှတ်ရေးထိုးထားသည်မှာလည်း ၎င်း၏ လက်မှတ်မဟုတ်ပုံများကို အစစ်ခံထွက်ဆိုသွား၏။

**ဦးစုဖဲ**

ယင်းအမှုမှ တရားလိုပြသက်သေ(၁၉) ဦးစုဖဲကလည်း ကယားပြည်နယ်အရှေ့ဘက်တွင်ငြိမ်းချမ်းရေးအတွက်ဆောင်ရွက်ခဲ့ရပုံ၊ သက်သေခံတွင် ထိုးသောလက်မှတ်မှာ ၎င်း၏လက်မှတ်မဟုတ်ပုံ၊ ငွေထုတ်ပေးသည်ဆိုသော လူကိုလည်းမသိပုံ၊ ငွေလည်းမရရှိခဲ့ပုံများကိုထွက်ဆိုသွား၏။ အမှုကိုဧပြီ(၁၂)ရက် တွင် ဆက်လက်စစ်ဆေးရန်ချိန်းဆိုလိုက်၏။

(သတင်းစဉ်)

ဧပြီလ(၁၂)ရက်နေ့တွင် ဦးထွန်းလင်းနှင့်ပတ်သက်သည့် ပြစ်မှုကြီး အမှတ်(၁/၇၈)ကို တိုင်းတရားစီရင်ရေးအဖွဲ့ (၁)ဆက်လက်စစ်ဆေးသည်ကို ကျွန်မတို့ပြည်သူတွေက နောက်နေ့ထုတ်သတင်းစာမှာ ဖတ်ရှုရပါသည်။

**ဦးသန်းမောင်**

ရှေ့ဦးစွာ တရားလိုပြသက်သေ(၂၀)ဗဟိုစာရင်းရုံးလက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းမောင်က နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေး ကော်မရှင်ရုံး စာရင်းများစစ်ဆေးခဲ့ပုံ၊ စစ်ဆေးတွေ့ရှိချက်များအရမသင်္ကာဖွယ်ရာ ယခုရုံးတော်ရှိ သက်သေခံပြေစာစာရင်းများကိုအထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနသို့ လွှဲပေးခဲ့ပုံများကိုလည်းကောင်း၊ နှစ်ဖက်အကျိုးဆောင်များ၏ မေးခွန်းများကိုလည်းကောင်း ဖြေကြားထွက်ဆိုသွား၏။

**ဦးအောင်ကြီး**

တရားလိုပြသက်သေ(၂၁)ပါတီဌာနချုပ်ဘဏ္ဍာရေးဌာနခွဲနှင့် စာရွက်စာတမ်းများကိုမိမိဌာနနှင့်ဒုတိယညွှန်ကြားရေးမှူးချုပ်သို့ လွှဲအပ်ခဲ့ပုံများကို လည်းကောင်း၊

တရားလိုပြသက်သေ(၂၄)လက်ရေးပါရဂူ ဦးနီမင်းကသက်သေခံ (င-၄)တွင် **ကျဉ** ဟုထိုးထားသောလက်မှတ်၊ သက်သေခံ(ဏ)တွင် စောထွန်းဖေဟု ရေးထိုးထားသော လက်မှတ်၊ စောထူးရယ်ဟုထိုးထားသောလက်မှတ်၊ စပ်ပြူး ဟုထိုးထားသော လက်မှတ်၊ စုပဲဟုထိုးထားသော လက်မှတ်နှင့်ခုရယ်ဟုထိုးထားသော လက်မှတ်များ နှင့်စပ်လျဉ်း၍စစ်ဆေးပြီးထင်မြင်ချက်များပေးခဲ့ပုံများကို သက်သေခံစာရွက်စာ တမ်းများကို ညွှန်း၍လည်းကောင်း၊ ထွက်ဆိုသွား၏။ **(ဦးအောင်ကြီး အစစ်ခံထွက် ဆိုနေသော ဓာတ်ပုံကို သတင်းစာက ပူးတွဲတင်ပြထားပါသည်။)**

**ဦးလှဝင်း**

တရားလိုပြသက်သေ(၂၂) ပါဝင်ဌာနချုပ်စည်းရုံးရေးဌာနစိတ်မှူး ဦးလှဝင်း က ဆက်လက်အစစ်ခံထွက်ဆိုရာတွင် (၁၀-၁၂-၇၃)ရက်တွင် ပြည်တွင်းခရီးထွက်ရန် ဦးထွန်းလင်းနှင့် တပ်ကြပ်ကြီးမြလှိုင်တို့အတွက် ငွေ(ငါးရာ)စီထုတ်ပေးခဲ့ရပုံများကို ထွက်ဆိုသွား၏။

**ဦးအုန်းမြင့်**

တရားလိုပြသက်သေ(၂၃) စုံစမ်းစစ်ဆေးရေးဦးစီးဌာနမှူးဦးအုန်းမြင့်က သက်သေ ဦးစောထူးရယ်အား စစ်ဆေးပြီးလက်ရေးနမူနာများယူခဲ့ပုံ၊ သက်သေ ဦးစပ်ပြူး၊ ဦးစုဖဲနှင့်ဦးဖရန်စစ်တို့ကိုပါစစ်ဆေးခဲ့ပြီးသေဆုံးသွားသည့် ဦးစုရယ်၏ ခရီးစရိတ်ငွေတောင်းခံလွှာပုံစံကို သိမ်းဆည်းခဲ့ပုံ၊စစ်ဆေးတွေ့ရှိချက်များနှင့် စာရွက် စာတမ်းများကိုမိမိဌာနခွဲဒုတိယညွှန်ကြားရေးမှူးသို့လွှဲအပ်ခဲ့ ပုံများကိုသက်သေခံ စာရွက်စာတမ်းများကို ညွှန်း၍လည်းကောင်း ထွက်ဆိုသွား၏။

**ဦးအောင်မြင့်**

ထို့နောက် တရားလိုပြသက်သေ(၂၅) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ဒုလက်ထောက်ညွှန်ကြားရေးမှူးဦးအောင်မြင့်၊ တရားလိုပြသက်သေ(၂၆) လက် ထောက်ညွှန်ကြားရေးမှူး ဦးလှရွှေတို့ကလည်း တာဝန်ပေးချက်အရ သက်သေများ ကို စစ်ဆေးခဲ့ပြီး စစ်ဆေးတွေ့ရှိချက်များနှင့် သိမ်းဆည်းခဲ့သောစာရွက်စာတမ်းများ ကို မိမိတို့ဌာန ဒုတိယညွှန်ကြားရေးမှူးထံ လွှဲအပ်ခဲ့ပုံများကို အစစ်ခံ ထွက်ဆို

သွားကြ၏။ အမှုကို ဧပြီ(၁၈)ရက်တွင် ဆက်လက်စစ်ဆေးရန် ချိန်းဆိုလိုက်၏။
(သတင်းစဉ်)

ဧပြီလ ၁၃ ရက်နေ့တွင်ကျွန်မတို့မိသားစုသည် ဖေဖေ့အမှုစစ်ဆေးရာ တရားရုံးသို့ ရောက်ရှိနားထောင်ကြပါသည်။ နောက်နေ့ထုတ် သတင်းစာတွေမှာ ယသမာမှုနှင့်အလွဲသုံးစားမှု တရားလိုပြသက်သေများစစ်ဆိုသောခေါင်းစဉ်ဖြင့် ပါလာသည်ကိုပြန်လည်ဖတ်ရှုကြကာ သတင်းစာထဲပါတာတွေ၊ မပါတာတွေကို သတိရသလောက် ညှိနှိုင်းဆွေးနွေးကြပါ၏။ သတင်းစာ စာမျက်နှာ၅ ကော်လံ၅ နှင့် (၆)တွင် ဦးတင်ဝင်းညွှန့်နှင့်ပတ်သက်သည့်ပြစ်မှုကြီးအမှတ်(၉/၇၈)ကို တိုင်း တရားစီရင်ရေးအဖွဲ့(၁)က ဆက်လက်စစ်ဆေးပါသည်။ (သတင်းစာတွင် ဖော်ပြ ထားသော ဖေဖေ့မာတ်ပုံမှာ ပိန်လှီပါးလျားနေသည်မှအပ စိတ်ပင်ပန်းခြင်း၊ စိတ်တို တောင်းခြင်းစသည့် စိတ်တွင်းခံစားချက်ကိုမပြသပါ။ သူ့ကိုတရားလို ပြသက်သေ တွေက စွဲဆိုနေသည်တို့ကိုတော့ အာရုံစိုက်နားထောင်နေသည်ဟု ယူဆမိပါသည်)

ရှေးဦးစွာတရားလိုပြသက်သေ(၅) ဦးညာဏ်မြင့်က ယခင်တစ်ပတ် ရုံးချိန်းတွင် မပြီးပြတ်သေးသော တရားခံအကျိုးဆောင်၏ ပြန်လှန်မေးခွန်းနှင့် တရားလိုအကျိုးဆောင်၏ ဖြေရှင်းမေးခွန်းများကို ဖြေကြားထွက်ဆိုသွားပါသည်။

ထိုနောက် တရားလိုပြသက်သေ(၆) ဦးရဲတင်ဝင်းက ဦးတင်ဝင်းညွှန့်၏ လိုအပ်ချက်အရ ၎င်းဆောက်လုပ်နေသည့်အိမ်အတွက် မိလ္လာအိုး၊ သုတ်ဆေးနှင့် သုံးထပ်သားလိုက်ကာများကို ဗိုလ်ကြီးစိုးလွင်ထံ ဖုန်းဆက်တောင်းပြီး မောင်ညာဏ်မြင့် အားလွှတ်ခဲ့ပုံ မောင်ညာဏ်မြင့်က စောကညော်ထူးထံမှ ပစ္စည်းများရသဖြင့် ဦးတင်ဝင်း ညွှန့်အိမ်သို့ပို့ခဲ့ပုံကို ထွက်ဆိုသွားပါသည်။

တရားလိုပြသက်သေ(၇) ပါတီဌာနချုပ် ထောက်ပံ့ ဌာနစုပစ္စည်းထိန်းကို ဆက်လက်အစစ်ခံထွက်ဆိုရာတွင် ၁၉၇၅-ခုနှစ် ကုန် ၁၉၇၆-ခုနှစ် ဆန်းခန့်တွင် ဌာနခွဲမှူးဗိုလ်ကြီးစိုးလွင်က မော်တာတစ်လုံးတောင်းသဖြင့် ၎င်းဌာနစုရှိမော်တာ ငါးလုံးအနက်မှ အင်ဂျင်စ်ထရီရယ်အမျိုးအစား မြင်းနှစ်ကောင်အား မော်တာတစ်လုံး ကို ဗိုလ်ကြီးစိုးလွင်၏ရုံးခန်းသို့ပေးခဲ့ရပုံများနှင့် နှစ်ဖက်သောအကျိုးဆောင်များ၏

မေးခွန်းများကိုပါ ဖြေကြားထွက်ဆိုသွား၏။ အမှုကို ဧပြီလ ၂၀ ရက်တွင် ဆက်လက်စစ်ဆေးရန် ချိန်းဆိုလိုက်၏။ (သတင်းစဉ်)

ထိုနေ့တုန်းကလည်း ဦးစိုးလွင်သည် ကျွန်မ၏သွပ်အချပ် ၂၀ ခန့်မျှကိုပြန်မပေးသေးဘူးဆိုတာ ကျွန်မသတိရသည်။ ကလေးသုံးယောက်နေရန် အိမ်ကလေးဆောက်မည်ဟု ကျွန်မစုဆောင်းငွေကလေးနှင့် ဝယ်ခြမ်းထားသော ပစ္စည်းကလေးမို့နမြောပါသည်။ သို့စေကာမူ ကျွန်မပြန်လည်စုဆောင်းယူနိုင်သေးသည် ဟူသောအယူအဆဖြင့် ကျွန်မတည်တည်ငြိမ်ငြိမ်ရှိခဲ့ပါသည်။ အကာယ်၍များ သူသည် အမှုမှလွတ်မြောက်လာကြစေဦးတော့ ဤမျှဒုက္ခရောက်နေရသူထံမှ ကျွန်မဘာမှပြန်တောင်းတော့မှာ မဟုတ်ကြောင်း ကျွန်မကိုကျွန်မသေချာခဲ့ပါသည် (သူသည်အတော်ကလေး ဦးနောက်ပျက်လောက်အောင် အဖျင်းခံခဲ့ရသည်ဟု တစ်ဆင့်စကားကြားရပြီး ပြန်လည်လွတ်မြောက်လာသည့်အခါမှာလည်း သက်ဆိုး မရှည်ရှာတော့သည့်အတွက် စိတ်မကောင်းဖြစ်ရပါသည်)

ဧပြီလ (၁၆)ရက်နေ့တွင် ဦးသန်းစိန်နှင့်ပတ်သက်သည့် ပြစ်မှုကြီးအမှတ် (၈/၇၈)ကိုဆက်လက်စစ်ဆေးရာ နောက်နေ့သတင်းစာများ၌ စာမျက်နှာ ၅ ကော်လံ ၅ နှင့် ၆ တွင်ဖော်ပြထားသည်ကို ကျွန်မတို့စောင့်ဆိုင်းဖတ်ရှုကြရပါသည်။

ကျွန်မတို့၏ မျက်လုံးတွေ ကျိန်းစပ်စေသော မသမာမှုနှင့် အလွဲသုံးစားမှုဟု ထုံးစံအတိုင်း ခေါင်းစဉ်းတပ်ထားသည်ကို ခံပြင်းနာကျင်စွာ ဖတ်ရှုကြရပါသည်။ ဦးသန်းစိန်သည် ကိုယ်တိုင်သက်သေအဖြစ် ကတိသစ္စာပြု၍ ဆက်လက်ထွက်ဆိုပါသည်။ ၎င်း၏ကိုယ်ရေးရာဇဝင်နှင့် တပ်မတော်နှင့်ပါတီတွင် တာဝန်အဆင့်ဆင့်ထမ်းဆောင်ခဲ့ပုံများကိုလည်းကောင်း၊ ၁၉၇၅-ခုနှစ် ဧပြီ(၁၁)ရက်တွင် မိသားစုလိုက်ပါလျက် အထက်မြန်မာပြည် ခရီးထွက်မည့်အကြောင်း သက်ဆိုင်ရာတို့ထံ တင်ပြအမိန့်တောင်းခဲ့ပုံများ။

ခရီးထွက်ရာတွင် အသုံးပြုရန်အတွက် ကားနှစ်စီးစီစဉ်ရန် ၎င်း၏ ကိုယ်ရေးအရာရှိ ကိုစိုးတင့်ကို တာဝန်ပေးခဲ့ပုံများ၊ ထိုခရီးစဉ်တွင် တောင်ငူ၊ မိတ္ထီလာ၊ မန္တလေးမြို့ စသည်တို့သို့ ရောက်ခဲ့ပြီး မန္တလေးတွင် အနောက် မြောက်တိုင်းစစ်ဌာနချုပ်၌

တည်းခိုစားသောက်ခဲ့ပုံ၊ လမ်းခရီးစားစရိတ်များကို ရိပ်သာများတွင်ပင် ငွေရှင်းပေးခဲ့ပုံ၊ ရန်ကုန်သို့ပြန်လည်ရောက်ခဲ့ရာတွင် ၎င်း၏အိမ်၌ ကိုစိုးတင့်နှင့်ငွေစာရင်းရှင်းခဲ့ပုံ၊ ကိုစိုးတင့်စိုက်ထားရသည် ဆိုသောမာတ်ဆီဖိုး ငွေကျပ်ငါးရာ၊ စရိတ်ငွေကျပ်သုံးရာ၊ ပေါင်းရှစ်ရာကို ၎င်းက ကိုစိုးတင့်အားပေးထားပြီး ငွေကျပ်တစ်ထောင်မှရှင်းလင်းရာကျန်ငွေနှစ်ရာကို ကိုစိုးတင့်က၎င်းအားပြန်ပေးခဲ့ပုံ၊ ပါတီက စိုက်ထည့်ပေးလိုက်သည် ဆိုသော မာတ်ဆီကို ပါတီသို့ပြန်ပေးရန်ဆိုပြီး ငွေတစ်ရာ့ငါးဆယ်ခန့်ပြန် ပေးလိုက်ပုံ၊ ကိုစိုးတင့်က မာတ်ဆီဖိုးငွေများကို တောင်းခံထုတ်ယူပြီး ၎င်းအားပြန်ပေးသည်ဟုထွက်ဆိုသွားခြင်းမှာမမှန်ပုံများနှင့် သက်သေထွက်ဆိုချက်များ ကိုပြန်လည်ချေပခြင်းဆိုပြီး၎င်းတွင် အပြစ်မရှိပုံများကို ထွက်ဆိုသွား၏။

ယင်းသို့သက်သေအဖြစ် အစစ်ခံထွက်ဆိုနေစဉ်ပင် ရုံးချိန်ကုန်ဆုံးသွားသဖြင့် အမှုကိုဧပြီ(၂၄)ရက်တွင် ဆက်လက်စစ်ဆေးမည်ဖြစ်ကြောင်း တိုင်းတရား စီရင်ရေးအဖွဲ့ကချိန်းဆိုလိုက်၏။

(သတင်းစဉ်)

၁၉၇၈-ခုနှစ်ဧပြီလ(၁၈)ရက်နေ့တွင် ဦးထွန်းလင်းအားစွဲချက်တင် သောသတင်းသည် ဧပြီလ(၁၉)ရက်နေ့ထုတ် သတင်းစာများတွင်စာမျက်နှာ ၅ ကော်လံ ၅ ဥ်အပြည့်အစုံဖော်ပြပါဝင်လာခဲ့ပါသည်။

စီးပွားရေးမသမာမှုများနှင့်အလွဲသုံးစားမှုများကိုတိုင်းတရားစီရင်ရေး အဖွဲ့(၁)ကို ဆက်လက်စစ်ဆေးခဲ့ရာတွင် ရှေ့ဦးစွာဦးတင်အေးကျော်နှင့် ပတ်သက် သည့်ပြစ်မှုကြီးအမှတ်(၁၃/၇၈)နှင့်စပ်လျဉ်း၍ အမိန့်ချမှတ်ရေးအတွက်တင်ပြရန် အမှုကိုမေ(၂)ရက်သို့ချိန်းဆိုလိုက်၏။

ထို့နောက်ဦးထွန်းလင်းနှင့်ပတ်သက်သည့် ပြစ်မှုကြီးအမှတ် ၂/၇၈ အတွက် တရားခံအပေါ် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၅၄ ပါ ပြဋ္ဌာန်းချက်အရ ၁၉၆၃-ခုနှစ် အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ ဖြင့်စွဲချက်တင်ကြောင်း တရားစီရင်ရေးအဖွဲ့ကရှင်းပြ၏။ တရားခံက စွဲချက် ကိုနားလည်ကြောင်းနှင့်၎င်းတွင် အပြစ်မရှိကြောင်းထုချေပြီး တရားလိုပြသက်သေ ၅ ဦးအားပြန်ခေါ်စစ်မေး

လိုကြောင်းတင်ပြ၏။ အမှုကိုပြီ ၂၅ ရက်တွင် ဆက်လက်စစ်ဆေးရန်ချိန်းဆိုလိုက်၏။

**စွဲချက်တင်**

အခိုပ်ပြစ်မှုကြီးအမှတ် ၂/၇၈ အတွက်ဦးထွန်းလင်းအပေါ် တိုင်းတရားစီရင်ရေးအဖွဲ့(၁)ကတင်လိုက်သော စွဲချက်အမိန့်တွင် ဦးထွန်းလင်းသည် ၁၉၇၅ ခုနှစ်အတွင်းက ပါတီလှုပ်ရှားမှုရန်ပုံငွေမှ ငွေကျပ်ငါးထောင်ကို(၃၁-၃-၇၅) နေ့စွဲဖြင့် မိုင်းယောင်းပါတီယူနစ် အမည်ဖြင့်လည်းကောင်း၊ ငွေကျပ် သုံးထောင်လေးဆယ်ကို(၂၅-၇-၇၅)နေ့စွဲဖြင့်လည်းကောင်း၊ မိုင်းယမ်းပါတီယူနစ် အမည်ဖြင့်လည်းကောင်း၊ ငွေကျပ်နှစ်ထောင်ကို(၃-၁၂-၇၅)နေ့စွဲဖြင့် ကချင်ပြည်နယ် ဒေသပါတီအမည်ဖြင့်လည်းကောင်း၊ လိမ်လည်ထုတ်ယူပြီး မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်ခဲ့သောကြောင့် ၎င်းအပေါ်တွင် ၁၉၆၃-ခုနှစ် အများနှင့် သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ၃ဖြင့်စွဲ ချက်တင်လိုက်သည်ဟုဖော်ပြထား၏ ဆက်လက်စစ်ဆေးရန်ချိန်းဆိုလိုက်၏။

ဖော်ပြထားသော "တိုင်းတရားစီရင်ရေးအဖွဲ့(၁)၏စွဲချက်တင်ကြောင်း အမိန့် ကိုဦးထွန်းလင်းနားထောင်စဉ်" ဆိုသော သတင်းဓာတ်ပုံကိုကြည့်လိုက်၊ အထက်ပါ သတင်းကိုဖတ်ရှုလိုက်နှင့် ကျွန်မမှာရင်ထဲမကြည်လင်နိုင်အောင်ခံစားနေရပါတော့သည်။ ဦးထွန်းလင်း၏မျက်နှာမှာလည်း မဟုတ်တမ်းတရမ်းစွပ်စွဲနေသမျှကို မနိုင်၍သာ အရှုံးပေးလိုက်ရသူပီပီ မချိတရိရှိလှပါပေ၏။

ဆက်လက်၍ ဦးထွန်းလင်းနှင့်ပတ်သက်သည့် ပြစ်မှုကြီးအမှတ်(၁/၇၈) တရားလိုပြသက်သေ(၂၇)ဦးကျအွှအား ဆက်လက်စစ်ဆေးရာတွင် သက်သေက ၎င်းသည် ၁၉၇၃-ခုနှစ် မေလကစပြီး ကျိုင်းတုံတွင်နေခဲ့ကြောင်း၊ ထိုစဉ်က ပါတီမှ ၎င်းအား တာဝန်မပေးခဲ့ဘူးကြောင်း၊ သက်သေခံ(င/၄)ပေါ်ရှိ ကျအွှ ဟုထိုးထားသည့် လက်မှတ်မှာ ၎င်း၏ လက်မှတ်မဟုတ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်းရှင်းလင်းရေးအတွက် ငွေကျပ်တစ်ထောင်ပေးရသည်ဟု ရေးသားထားသည်မှာ မမှန်ကြောင်း၊ ၎င်းငွေကျပ်တစ်ထောင်လည်း မရရှိခဲ့ကြောင်းနှင့် တရားခံအကျိုးဆောင်၏

ပြန်လှန်မေးခွန်းများကိုပါ ပြန်လှန်ဖြေကြားထွက်ဆိုသွား၏။ ယင်းအမှုကို ဧပြီ ၂၅ ရက် တွင်ဆက်လက် စစ်ဆေးရန်ချိန်းဆိုလိုက်၏။ (သတင်းစဉ်)

နိုင်ငံတော်၏တစ်ခုတည်းသော ဦးဆောင်ပါတီကြီးဖြစ်သည်ဟု အဆိုရှိကြသည်နှင့်အညီ ဦးဆောင်ပါတီကေဒါများက ပေးအပ်သည့်တာဝန်အတိုင်း အဆင့်ဆင့်ထွက်ဆိုသွားကြပုံမှာ အံ့သြမကုန် အောင်အကြောက်တရားများဖြင့် ပြည့်စုံကြလှပါပေ၏။

ဧပြီလ (၁၉)ရက်နေ့တွင် ဆက်လက်စစ်ဆေးသွားသည်ကို ကျွန်မတို့က သတင်းစာမှ ဖတ်ရှုသိရှိကြရပြန်ပါ၏။ ဦးထွန်းလင်းနှင့်ပတ်သက်သည့် ပြစ်မှုကြီးအမှတ်(၃/၇၈)နှင့်(၄/၇၈)တို့ကို တိုင်းတရားစီရင်ရေးအဖွဲ့(၁)က စတင်စစ်ဆေးရာ ယင်းပြစ်မှုကြီးနှစ်ရပ်အတွက် တရားလိုပြသက်သေ(၁) အထူးစုံစမ်းထောက်လှမ်းရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်က စတင်အစစ်ခံထွက်ဆို၍ စုံစမ်းစစ်ဆေးတွေ့ရှိရသော စာရွက်စာတမ်း၊ သက်သေခံ အထောက်အထားများကို သက်သေခံများ အဖြစ်တင်သွင်း၏။

ပြစ်မှုကြီးအမှတ်(၃/၇၈)အတွက် သက်သေက ထွက်ဆိုရာတွင် ပါတီဌာနချုပ်တွင် စီးပွားရေးမသမာမှုနှင့် အလွဲသုံးစားမှုများရှိနေကြောင်း သတင်းအရဆိုင်ရာ၏ ညွှန်ကြားချက်ဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မရှင်ဆောင် ငွေတာဝန်ခံ ဦးထွန်းလင်းနှင့် ရုံးအဖွဲ့မှူး ဦးကျော်အုန်း၊ ကမ္ဘောဇရိပ်သာမှူး ဦးထွန်းတင်၊ ဦးစိုးလွင်တို့အားစစ်ဆေးခဲ့ပုံ၊ ရုံးအဖွဲ့မှူးအိမ်မှကမ္ဘောဇရိပ်သာ၌ ၁၉၇၂-ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ကုန်ကျသော အသုံးစရိတ်စာရင်းနှင့် စာရွက်စာတမ်းများကို သိမ်းဆည်းပြီးနောက် ဗဟိုစာရင်းရုံးလက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းမောင်ခေါင်းဆောင်သောစာရင်းစစ်အဖွဲ့အား စာရင်းများစစ်ဆေးခဲ့ပုံများနှင့်တကွ ကမ္ဘောဇရိပ်သာမှူးကတင်ပြသည့် ကုန်ကျငွေများထက် ပိုမိုစာရင်းလိမ်လည်ပြသ၍ ငွေစုစုပေါင်း (နှစ်သောင်းခြောက်ထောင်ကိုးရာတစ်ဆယ့် တစ်ကျပ်ကို ပိုမိုထုတ်ယူပြီး အလွဲသုံးစားပြုထားသည်ကို တွေ့ရှိရသဖြင့် ဦးထွန်းလင်းနှင့် ဦးကျော်အုန်းတို့အား ဤတရားစီရင်ရေးအဖွဲ့ (၁)သို့တင်ပို့ တရားစွဲဆိုခဲ့ပုံများကို အသေးစိတ်ထွက်ဆိုသွား၏။

ထို့နောက် နှစ်ဖက်သောအကျိုးဆောင်များ၏ မေးခွန်းများကိုပါ ပြန်လည်ဖြေကြားသွား၏။ ဦးမောင်မောင်က ပြစ်မှုကြီးအမှတ်(၄/၇၈)နှင့် စပ်လျဉ်း၍ ဆက်လက်အစစ်ခံထွက်ဆိုရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်ရုံးအဖွဲ့မှူးတာဝန်ယူခဲ့ရသော ဦးကျော်အုန်းအား စစ်ဆေးခဲ့ပြီးနောက် ၎င်းအိမ်မှသိမ်းဆည်းခဲ့သော စာရွက်စာတမ်းများအနက် ၁၉၇၃-ခုနှစ် ဇန်နဝါရီမှ ဒီဇင်ဘာအထိကမ္ဘောဇရိုင်သာမှူး ဦးထွန်းတင်က တင်ပြသောစာရင်းရှင်းတမ်းများမှာ မသင်္ကာဖွယ်ရာ တွေ့ရသဖြင့် ဗဟိုစာရင်းရုံးမှ စာရင်းစစ်အဖွဲ့အား စစ်ဆေးစေခဲ့ပုံ၊ ဦးကျော်အုန်းဖြောင့်ချက်ပေးခဲ့ပုံ၊ သက်သေဦးစိုးလွင်၊ ဦးအောင်ကြီးနှင့်ဦးစိန်မြင့်တို့အား စစ်ဆေးခဲ့ပုံများ၊ တရားခံဦးထွန်းလင်းနှင့်ရုံးအဖွဲ့မှူး ဦးကျော်အုန်းတို့အား ဤတရားရုံးသို့တင်ပို့ တရားစွဲဆိုခဲ့ရာ စုစုပေါင်းငွေ (လေးသောင်းလေးထောင်ရှစ်ရာသုံးဆယ့်ကိုးကျပ်နှင့် ပြားငါးဆယ်)ကို ပိုမို ထုတ်ယူအလွဲသုံးစားပြုလုပ်ထားသော ငွေများမှာ တော်လှန်ရေးကောင်စီက မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအတွက် လျာထားသတ်မှတ်ထားပြီးပါတီမှ ထိုငွေများကို ကော်မရှင်အတွက် ဘဏ်တွင်ဖွင့်ပေးထားသော ငွေစာရင်းထဲကငွေများဖြစ်ပုံများကို ထွက်ဆိုသွား၏။ အမှုကို ဧပြီ ၂၆ ရက်တွင် ဆက်လက်စစ်ဆေးရန် ချိန်းဆိုလိုက်၏။

သို့နှင့်ပင် ဦးထွန်းလင်း၏ အမှုစစ်ဆေးခြင်းများ အဆုံးသတ်မည့်ရက်ကို မျှော်ကိုးစောင့်စားနေရပြန်ပါတော့သည်။ ဒီကြားထဲ ဧပြီလ ၂၀ ရက် တွင် ဦးဇော်ဖေနှင့်ပတ်သက်သော ပြစ်မှုကြီးအမှတ်(၁၁/၇၈)နှင့်(၁၂/၇၈)တို့ကိုတိုင်း တရားစီရင်ရေးအဖွဲ့က ဆက်လက်စစ်ဆေးသည်ကို နောက်နေ့ထုတ်သတင်းစာတွေမှာ ပါလာပြန်ပါ၏။ ဦးဖုန်းသန့်၊ ကိုနီတွတ်၊ တပ်ကြပ်ကြီးမြလှိုင်တို့က ပြန်ခေါ်သက်သေများအဖြစ်အစစ်ခံထွက်ဆိုသွားကြ၏။

**အစစ်ခံ**

ပြစ်မှုကြီးအမှတ်(၁၂/၇၈) တရားလိုပြသက်သေ(၂၀) မိုးနဲ့မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဘသောင်းက အစစ်ခံထွက်ဆိုရာတွင် မိမိသည် ၁၉၇၃ခုနှစ် မြို့နယ်လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မတီ အတွင်းရေးမှူးတာဝန်

ထမ်းဆောင်စဉ် ဦးဇော်ဖေပါဝင်သော ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရှင်းလင်းရေးအဖွဲ့ သုံးကြိမ်လာရောက်ခဲ့ဖူးကြောင်း၊ ထိုစဉ်က ၎င်းကော်မရှင်အဖွဲ့တွင် လူဦးရေ ၂၀ ခန့်ပါဝင်ကြောင်း၊ ယင်းတို့၏ နေထိုင်စားသောက်ရေးတို့ကို မိမိတို့မြို့နယ်က စီစဉ်ပေးခဲ့ပြီး၊ ကုန်ကျစရိတ်များကိုလည်း မြို့နယ်မှ ကုန်ကျခံခဲ့ကြောင်း၊ ၎င်းကော်မရှင်မှ ငွေများကို တောင်းခံခြင်းမပြုခဲ့ကြောင်းနှင့် တရားခံအကျိုးဆောင်၏ ပြန်လှန်မေးခွန်းများကိုပါ ဖြေကြားထွက်ဆိုသွား၏။

**ဖြေကြား**

ယင်းအမှုအတွက်ပင် တရားလိုပြသက်သေ(၂၁)ပါတီ ဌာနချုပ်ဌာန စိတ်မှူး ဦးမြလှိုင်ကဆက်လက်၍ အစစ်ခံထွက်ဆိုရာတွင် ၎င်းသည် ၁၉၇၃-ခုနှစ်က မိုးနဲ၊ လွိုင်လင်၊ တောင်ကြီး၊ ကလောသို့ ဦးဇော်ဖေပါဝင်သော မူကြမ်း ရှင်းလင်း ရေးအဖွဲ့နှင့် လိုက်ပါခဲ့ဖူးကြောင်း၊ ထိုသို့လိုက်ပါခဲ့ရာတွင် ၎င်းတို့အား အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်နှင့် သံလွင်ရိပ်သာတို့တွင် တည်းခိုရန်နေရာချထားခဲ့ကြောင်း၊ တပ်က ကျွေးမွေးသည်ကို စားခဲ့ရကြောင်း၊ ကုန်ကျစရိတ်များကို ကော်မရှင်အဖွဲ့ကပေးချေခြင်း ရှိ/မရှိ မသိကြောင်းနှင့် တရားခံအကျိုးဆောင်၏ ပြန်လှန်မေးခွန်းများကိုပါ ဖြေကြား ထွက်ဆိုသွား၏။ (သူ့ဓာတ်ပုံကို ရိုက်ကူးဖော်ပြထားသည်ကို တွေ့ရှိရပါသည်။) အမှုကို ဧပြီလ(၂၈)ရက်တွင် ဆက်လက်စစ်ဆေးရန်ချိန်းဆိုလိုက်၏။

ယင်းသို့ဖြင့် ဆက်တိုက်စစ်ဆေးသွားမှာမို့ မြန်မြန်စစ်ဆေးပြီးသွားလျှင် အားလုံးအပြစ်မရှိကြောင်း ထင်ထင်ရှားရှားတွေ့ရှိကြပြီး မြန်မြန်အနားယူနိုင်ကြလိမ့်မည်ဟု ကျွန်မက ရိုးစင်းစွာထင်မှတ်နေခဲ့ပါသည်။ ဧပြီလ(၂၄)ရက်နေ့တွင် ဦးသန်းစိန်အား အမှုစစ်ဆေးပြန်ရာ ၂၅ ရက်နေ့ထုတ် သတင်းစာများတွင် ဖော်ပြထားပြန်ပါတော့သည်။ ဦးသန်းစိန်နှင့်ပတ်သက်သည့် ပြစ်မှုကြီးအမှတ်(၈/၇၈)ကို တိုင်းတရားစီရင်ရေးအဖွဲ့(၁)က ဆက်လက်စစ်ဆေးရာ ထိုသတင်းနှင့်အတူ တရားလိုပြသက်သေ(၂) အငြိမ်းစားသံအမတ်ကြီး ဦးညိုထွန်း အစစ်ခံနေသည့် ဓာတ်ပုံကို ဖော်ပြထားပါသည်။ ဦးသန်းစိန်က ကတိသစ္စာပြု၍ သက်သေအဖြစ် ဆက်လက်အစစ်ခံထွက်ဆိုရာတွင် ကိုစိုးတင့်အား ၎င်း၏ကိုယ်ရေးအရာရှိအဖြစ် ခန့်ထားခဲ့သည့်

အကြောင်းအချက်များ၊ အတူခရီးအတော်များများသွားခဲ့ဖူးပုံများ၊ ခရီးထွက်ရာ၌ ထူးခြားမှုရှိက ရန်ကုန်ပြန်အရောက်တွင် စာဖြင့်အစီရင်ခံရပုံနှင့် ထူးခြားမှုမရှိက နှုတ်နှင့်ပင် အစီရင်ခံရပုံများ၊ ယခုအမှုနှင့်ပတ်သက်၍ တာဝန်အရသွားခြင်းမဟုတ်၍ ခရီးသွားပြန်တမ်း မထုတ်ဘူးဟုဆိုလျှင် မထုတ်ဘဲ ကိုစိုးတင့်ကို ပြန်တမ်းထုတ်ရန်ကိစ္စ၊ မော်တော်ကားစီစဉ်ရန်ကိစ္စ၊ ခရီးသွားခွင့်တောင်းရန်ကိစ္စ တာဝန်ပေးခဲ့သော်လည်း ကိုစိုးတင့်က မလုပ်ခဲ့လို့ဖြစ်ကြောင်းနှင့် ရန်ကုန်-မန္တလေး ခရီးသွားခဲ့ရာတွင် မာဇဒါကျစ်/ ၆၃၉ ၊ အီး ၂၀၀၀ ၄/၁၇၃၁ တို့နှင့် ခရီးထွက်ခဲ့ပုံ မိသားစုအပြင် သားများ၏သူငယ်ချင်းအချို့ပါ လိုက်ခဲ့ပုံတို့ကို အစစ်ခံထွက်ဆိုသွား၏။ ထို့နောက် အငြိမ်းစားသံအမတ် ဦးညိုထွန်းက ဦးသန်းစိန် ယခင်က ငွေရေးကြေးရေးများကို ဖောက်လွဲဖောက်ပြန် လုပ်ခဲ့သည်ဟု မကြားခဲ့ဘူးကြောင်းနှင့် တရားစီရင်ရေးအဖွဲ့က မေးမြန်းသဖြင့် တော်လှန်ရေးကာလတွင် ဦးသန်းစိန်သည် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့သူ တစ်ယောက်အဖြစ်သိခဲ့သော်လည်း ၎င်းနှင့်အတူ တွဲဖက်တာဝန်ထမ်းဆောင်ခဲ့ဖူးခြင်း မရှိကြောင်းများကိုလည်းကောင်း၊ တရားလိုပြသက်သေ (၃၀) ကိုတုန်းကျော်က ဦးသန်းစိန်၏သား ကိုသန်းမြို့တင့်နှင့် သိကျွမ်းခဲ့ပုံ ရန်ကုန်-မန္တလေး ဦးသန်းစိန်၏ခရီးစဉ်တွင် မိမိသည် အပျော်ခရီးထွက်ဖို့ လိုက်ခဲ့သည်ဟုဆိုလျှင် မှန်ကြောင်းနှင့် နစ်ဖက်သောအကျိုးဆောင်များ၏ မေးခွန်းများကိုပါ ဖြေကြားထွက်ဆိုသွား၏။

အမှုကို မေ(၈)ရက်တွင် ဆက်လက်စစ်ဆေးရန် ချိန်းဆိုလိုက်လေရာ လူကြီးငါးယောက်ကို လှည့်ပတ်စစ်ဆေးရင်း ဖေဖော်ဝါရီလ ( )ရက်နေ့မှအစပြုကာ ယခု ဧပြီလကုန်ဆုံးလုပါပကောဟု ကျွန်မစိတ်မောမိပါတော့၏။ ဧပြီလ ၂၅ ရက်နေ့တွင် ဦးထွန်းလင်းနှင့် ပတ်သက်သည့် ပြစ်မှုကြီးအမှတ်(၁/၇၈)နှင့် (၂/၇၈)တို့ကို တိုင်းတရားစီရင်ရေး အဖွဲ့က ဆက်လက်စစ်ဆေးခဲ့ပါသည်။ ပြစ်မှုကြီး အမှတ်(၁/၇၈) တရားလိုပြ သက်သေ(၂၈)မိုင်းတုံမြို့နယ်ပါတီယူနစ် အတွင်းရေးမှူး ဦးမှုလိန်းကအစစ်ခံထွက်ဆိုရာတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲစဉ်က ၎င်းသည် မြို့နယ်ရှင်းလင်းရေးအဖွဲ့၌ တာဝန်ယူခဲ့ရပုံ၊ မိုင်းတုံမြို့နယ်တွင် ဦးစိုင်း

သန်းရွှေဆိုသူ ရှိလည်းမရှိ၊ ပါတီကတာဝန်ပေးဖူးခြင်းလည်း မရှိပုံနှင့် သက်သေခံ (င-၆)နှင့်(ည-၁)တို့အရ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရှင်းလင်းရေးအတွက် စိုးသန်းရွှေကို ငွေများထုတ်ပေးထားသည်ဆိုသော ပြေစာများ မမှန်ပုံတို့နှင့် ကြားခံအကျိုးဆောင်၏ ပြန်လှန်မေးခွန်းကိုပါ ဖြေကြားထွက်ဆိုသွား၏။ (ဦးမှုလိန်းထွက်ဆိုနေသော ဓာတ်ပုံကို သတင်းစာတွင် ဖော်ပြထားပါသည်) ထို့နောက်ပြစ်မှုကြီး (၂/၇၈)မှ စစ်ဆေးပြီး သက်သေများဖြစ်ကြသော ဦးစိုင်းကောင်းက ပြန်ခေါ်သက်သေအဖြစ် အစစ်ခံထွက်ဆိုရာတွင် သက်သေခံ(က-၁)၌ မိုင်းယောင်းမြို့နယ် ဥက္ကဋ္ဌကိုယ်စား ဆိုပြီး ငွေငါးထောင်အတွက် လက်မှတ်ရေးထိုးထားသည်ကို တွေ့ရကြောင်းနှင့် မိမိနယ်မှာ ပါတီလှုပ်ရှားမှုအတွက် သုံးမည်ဆိုလျှင် မိမိသိနိုင်ကြောင်းကိုလည်းကောင်း၊ ပြန်ခေါ်သက်သေ ဦးဟက်စတိန်းကလည်း မိုင်းယင်းမြို့နယ်သို့ ဗဟိုကော်မတီဌာနချုပ်က တာဝန်ပေးစေလွှတ်ထားသူများရှိသည်ဆိုလျှင် မိမိမသိကြောင်းကို လည်းကောင်း၊ ပြန်ခေါ်သက်သေ ဦးပီတာလ ဆန်ဂေါင်က ၎င်းအား ငွေငါးထောင်မရှိကြောင်း ပြေစာလက်မှတ်ရေးထိုးပြီး ငွေသုံးထောင်သာပေးခဲ့စဉ်က ဦးထွန်းလင်းနှင့် မိမိတို့အနားမှာ ဦးမောင်လွင်ရှိကြောင်းနှင့် ငွေနှစ်ထောင်ကို မည်သူမည်ဝါက အလွဲသုံးစားလုပ်သည်ဆိုသည်ကို မိမိမသိကြောင်းကိုလည်းကောင်း၊ ပြန်ခေါ်သက်သေ ဦးမောင်လွင်က မြစ်ကြီးနား၌ ငွေငါးထောင်ကို ဦးပီတာလဆန်ဂေါင်အား ရရှိသည်ဟု လက်မှတ်ရေးထိုးခိုင်းပြီး ငွေသုံးထောင်သာပေးလိုက်ပုံ၊ ကျန်ငွေနှစ်ထောင်ကို ၎င်းကပင် ဦးထွန်းလင်း၏ အိတ်ထဲပြန်ထည့်လိုက်ပြီး အစဉ်းပြန်ပို့ခဲ့ပုံများကိုလည်းကောင်း၊ ပြန်ခေါ်သက်သေ ဦးစိုးလွင်က မိုင်းယောင်းမြို့နယ် ပါတီယူနစ်ဥက္ကဋ္ဌကိုယ်စားဆိုပြီး ငွေငါးထောင်ရရှိကြောင်း မိမိလက်မှတ်ရေးထိုးခဲ့ကြောင်းနှင့် ထိုသို့ဆောင်ရွက်ရသည်မှာလည်း လချုပ်စာရင်းမတင်နိုင်သည့်အတွက် ငွေစာရင်းဌာနမှ မကြာခဏမေးပြီး စာနှင့်လည်း နှိုးဆော်သည့်အတွက် ဦးထွန်းလင်းအားတင်ပြပြီး သဘောတူညီချက်အရ မိမိလက်မှတ်ရေးထိုးခဲ့ရပုံများ၊ ထို့အတွက်သက်သေခံ(ခ-၁)ပါ ငွေသုံးထောင်လေးဆယ်ကျပ် ကိစ္စအတွက် ဦးထွန်းလင်းက ၎င်းမိုင်းယောင်းမှာငွေထုတ်ပေးခဲ့ရသည်ဆို၍ လူဆယ်ဦး၏အမည်၊ အမျိုးသားမှတ်ပုံတင်နံပါတ်များ စာရင်းတစ်စောင်

ပေးပြီး ငွေစာရင်းရှင်းရန် ဆောင်ရွက်နိုင်းခဲ့ပုံများကိုလည်းကောင်း၊ အသီးသီးထွက်ဆိုသွားကြ၏။

ထို့နောက်ပြစ်မှုကြီးအမှတ်(၂/၇၈)တရားလိုပြသက်သေ(၉)ပါတီဌာနချုပ်ဘဏ္ဍာရေးဌာနခွဲမှူး ဦးအောင်ကြီးက ဆက်လက်အစစ်ခံထွက်ဆိုပြီး တရားလိုပြသက်သေ(၁၀) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဒုတိယလက်ထောက်ညွှန်ကြားရေးမှူး ဦးလှရွှေက အမှုနှင့်စပ်လျဉ်းသည့် သက်သေများဖြစ်ကြသည့် ဦးဟက်စတိန်း၊ ဦးလှဝင်းတို့အား စစ်ဆေးခဲ့ပြီး သက်သေခံစာရွက်စာတမ်းများကို သိမ်းခဲ့ကာ မိမိဌာနဒုတိယညွှန်ကြားရေးမှူးထံသို့ စစ်ဆေးချက်များနှင့်တကွ ပေးအပ်ခဲ့ပုံများကို ထွက်ဆိုသွား၏။ ယင်းအမှုကို မေ ၂ ရက်တွင် ဆက်လက်စစ်ဆေးရန် ချိန်းဆိုလိုက်သည်ဟု သတင်းစဉ်က ဖော်ပြထားပါသည်။

ထိုနေ့မှာပင် ဦးထွန်းလင်းနှင့်ပတ်သက်သော ပြစ်မှုကြီးအမှတ်(၃/၇၈)ကို တိုင်းတရားစီရင်ရေးအဖွဲ့(၁)က ဆက်လက်စစ်ဆေးပါသည်။ နိုင်ငံတော်သက်သေ ဦးကျော်အုန်းက အစစ်ခံထွက်ဆိုရာတွင် ၁၉၇၁-ခုနှစ်အတွင်းက နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေမူကြမ်းရေးဆွဲရေးကော်မရှင်ရုံး ရုံးအဖွဲ့မှူးအဖြစ်ဆောင်ရွက်ခဲ့ရကြောင်း၊ ကော်မရှင်၏ ဆောင်ငွေတာဝန်ခံမှာ ဦးထွန်းလင်းဖြစ်ကြောင်း၊ ဦးထွန်းလင်းက ၎င်းကိုယ်စားစာရင်းများ ထိန်းသိမ်းပေးရန် အမိန့်ပေးခဲ့ကြောင်း၊ ကော်မရှင်အသုံးစရန်ငွေကို ဦးထွန်းလင်းက တော်လှန်ရေးကောင်စီသို့ တင်တောင်းကြောင်း၊ ခရီးစရိတ်ကုန်ကျငွေခန့်မှန်းခြေတွက်ပြီး ကော်မရှင်အဖွဲ့အတွင်းရေးမှူးများက တောင်းရကြောင်း၊ ၎င်းတို့ တင်ပြချက်ကို ဦးထွန်းလင်းထံတင်ပြရပြီး ၎င်းသဘောတူက ချက်လက်မှတ်ကိုတင်ပြရရာ ၎င်းကပင် ချက်လက်မှတ်ကို လက်မှတ်ထိုးပေးကြောင်း။ မိမိက ငွေများသွားထုတ်ရကြောင်း၊ အခြေခံဥပဒေမူကြမ်းအတွက် အကြံဉာဏ်သဘောထားများ နယ်အတွက်တောင်းသည့် အစည်းအဝေးများ လုပ်ရာ၌ မြို့နယ်အလိုက်ပါတီယူနစ်များက ကျွေးမွေးဧည့်ခံရေးကို တာဝန်ယူပြီး ကုန်ကျစရိတ်များကို ကော်မရှင်ရုံးသို့ တင်ပြတောင်းရကြောင်း၊ ၎င်းကိစ္စကိုလည်း ဦးထွန်းလင်းထံပင် တင်ပြရကြောင်း၊ ၎င်း၏ညွှန်ကြားချက်အတိုင်းပင် ဆောင်ရွက်ပေးရကြောင်း၊ ကော်မရှင်ရုံးအနေနှင့်

အစည်းအဝေးများလုပ်သည့်အခါ နယ်မှကော်မရှင်အဖွဲ့ဝင်များ ကျွေးမွေးစရိတ်သုံးရာ၌ တစ်ဦးလျှင် ကျွေးမွေးစရိတ်ငါးကျပ်၊ တစ်နေ့ တစ်ဆယ်ကျပ်နှုန်းသတ်မှတ်ကြောင်း။ ကမ္ဘောဇရိပ်သာမှူးမှာ ဦးထွန်းတင်ဖြစ်ပြီး ကော်မရှင်အဖွဲ့ဝင်များ ကျွေးမွေးစရိတ် ကုန်ကျငွေစာရင်းပြေစာကို ရိပ်သာမှူးက လုပ်ပေးကြောင်း။ ဦးထွန်းလင်းအနေနှင့်လည်း ယာယီငွေရပြေစာများပေးပြီး ငွေထုတ်ယူခြင်းများ ရှိကြောင်း။ ထုတ်ယူသွားသည့်ငွေများအတွက် ဦးထွန်းလင်းပေးသောပြေစာများလာသည့်အခါ ၎င်းအနေနှင့် မှတ်ထားသဖြင့် မပေးနိုင်တော့ကြောင်း။ စာရင်းလုပ်လိုက်ရန်ပြောကြောင်း။ ၎င်း၏ ပြောကြားချက်အရ မိမိက ဦးထွန်းလင်းမှ တင်ပြသော လစဉ်အသုံးစရိတ်ပြေစာများတွင် ဦးထွန်းလင်းထုတ်ယူသွားသည့်ငွေများ လအလိုက်စာရင်းပြုစုပေးရကြောင်း။ ပေးထားပြီး ယာယီပြေစာများကိုလည်း ဦးထွန်းလင်းက ပြန်တောင်းယူသွားကြောင်း။ စာရင်းညှိသည်ဆိုရာမှာ ပုံစံအားဖြင့် ဦးထွန်းလင်းက တင်ပြသောအသုံးစရိတ်ပြေစာက ငွေတစ်ထောင်ဆိုလျှင် မိမိက ငွေငါးရာထပ်တိုးပြီး ငွေတစ်ထောင့်ငါးရာပြခြင်းပင် ဖြစ်ကြောင်းဖြင့် ရုံးတော်တွင် တင်ပြထားသော သက်သေခံစာရွက်စာတမ်းများကို ထောက်ပြထွက်ဆိုသွား၏။

ထို့နောက် နှစ်ဖက်သောအကျိုးဆောင်များ၏ မေးမြန်းချက်များကို ဖြေကြားသွား၏။ ထို့နောက် တရားလိုပြသက်သေ(၃) ပါတီဌာနချုပ်စာရေးကြီး ဦးနွဲ့လှိုင်က ဆက်လက်အစစ်ခံထွက်ဆိုရာတွင် ၎င်းသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မရှင်ရုံးတွင် ဦးကျော်အုန်းနှင့်တွဲဖက်၍ ငွေစာရင်းဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ရပုံ၊ ဆောင်ငွေတာဝန်ခံမှာ ဦးထွန်းလင်းဖြစ်ပြီး အသုံးစာရင်းပြေစာများကို ငွေစာရင်းစာအုပ်၌ ၎င်းကငွေသွင်းရပုံ၊ ကျွေးမွေးညှိခံရေးအတွက် ရိပ်သာမှူး ဦးထွန်းတင်က ကော်မရှင်မှ ငွေထုတ်ပြီးစီစဉ်ရပုံ၊ ဦးထွန်းလင်း နယ်ထွက်သည့်အခါ ထွက်သွားသောငွေများကို စာရင်းညှိနှိုင်းပြုစုရန် ၎င်းအား ဦးကျော်အုန်းကပြောခဲ့ဖူးပုံ၊ ငွေစာရင်းစာအုပ်၌ အတည်ပြုသူအဖြစ် ဆောင်ငွေတာဝန်ခံက လက်မှတ်ရေးထိုးပုံနှင့် ကုန်ကျငွေအသုံးစာရင်းများကို ရိပ်သာမှူး ဦးထွန်းတင်က ပြုစုတင်ပြရမည်ဖြစ်သော်လည်း ဦးကျော်အုန်းက ပြုစုထားခြင်းဖြစ်သည့်အတွက်

၎င်းစာရင်းများမှာ သံသယဖြစ်ဖွယ်ရာ စာရင်းများဖြစ်ပုံများကို သက်သေခံစာရွက်စာတမ်းများကို ထောက်ပြထွက်ဆိုသွား၏။ အမှုကို မေလ(၃)ရက်တွင် ဆက်လက်စစ်ဆေးရန်ချိန်းဆိုလိုက်၏။ (သတင်းစဉ်)

ယင်းသို့လျှင် မတရားအစွဲခံရသူများအနက် အရင်ဆုံးစီရင်ချက်ချခြင်းခံရမည့်သူမှာ ဦးထွန်းလင်းဖြစ်သည်ဟု ကျွန်မတို့မှန်းဆနိုင်ကြပြီဖြစ်ပါသည်။ အပြစ်ရှိခြင်းမရှိခြင်းထက် ပိုပြီးအရေးပါအရာရောက်နေသည်မှာ အပြစ်ပေးကို ပေးဖို့ပင်ဖြစ်သည်ဆိုတာကိုလည်း အစဉ်အလာကို ပြန်လှည့်ကြည့်လိုက်ရုံနှင့် အထင်းသားအရှင်းသားကြီးဖြစ်နေပါကလား။ မတတ်နိုင်ပါ။ မတရားသူတွေက အာဏာကို ပိုင်စိုးထားကြသည်ကို ကျွန်မတို့ တိုင်းသူပြည်သားတွေမှာတော့ ကံကြမ္မာကိုသာ ရိုးမယ်ဖွဲ့နေကြရတော့တာပါပဲ။ မကျေနပ်မှုကို တွန်းကန်ဖီဆန်ဖို့ဆိုတာက ကျွန်မတို့တွေမှာလက်နက်ဆိုလို့ အပ်တိုအပ်စမျှပင် ထက်ထက်ချွန်ချွန် မပိုင်ဆိုင်ကြရပေဘဲကိုး။ (၁၉၈၈ အရေးအခင်းကျခါမှ ကျွန်မတို့ပြည်သူတွေတွင် ဂျင်ကလိကိုမျှ မပိုင်ဆိုင်နိုင်ခဲ့ကြရသည့်အဖြစ်ဆိုးကို အသည်းနာစွာရင်ဆိုင်ခဲ့ကြရပါရဲ့) အရင်အပတ်ထဲတုန်းကစာတစ်အုပ်ကို ကျွန်မဝယ်ယူရရှိပါသည်။ ၂၀၀၃ ခုနှစ် ဇူလိုင်လတုန်းက ပထမအကြိမ်ပုံနှိပ်ခဲ့တာမို့ ထုတ်ဝေရေးတွေ လျှော့ပေါ့ပေးလိုက်ချိန်တွင် လောလောလတ်လတ်ခါတော်မီလူထုလက်ထဲ အရောက်ပေးပို့လိုက်တာပဲ ဖြစ်ပါလိမ့်မည်။

"အာဏာရှင် ခေတ်ကျော်ကြားခဲ့သော ဆရာတပည့်နှစ်ဦး" ဆိုသောခေါင်းစဉ်ဖြင့် အောင်စွမ်းဆိုသူက ရေးသားပါသည်။ ဟန်သာဆုစာအုပ်တိုက် သိမ်ကြီးဈေး(ခ)ရုံမှ ထုတ်ဝေပါသည်။ တယ်လီဖုန်းနံပါတ်တွေလည်းပါသည်။ ကျွန်မကိုယ်တိုင်မဆက်ဖြစ်သည်မှာ ကျွန်မသိတာတွေများသည့်အတွက် စုစည်းနေရပါသေးသောကြောင့် ဖြစ်ပါသည်။ ကျွန်မကြားဖူးသမျှနှင့် တိုက်ဆိုင်ဆက်စပ်ကြည့်ရသလောက်တော့ ဟုတ်မှန်တာတွေ များပုံရပါသည်။ သေချာတာကတော့ ဖေဖေတို့ကို သူတို့ဆရာတပည့်နှစ်ယောက်က ဆွဲချနိုင်ခဲ့သည်ဟု ကောက်ချက်ရပါလိမ့်မည်။အာဏာရှင်ခေတ်၏ ဆရာတပည့်နှစ်ဦးကို တွေ့ရှိခဲ့ရသည်ဟု စာရေးဆရာက ရေးသားထားပါသည်။ မျက်နှာဖုံးတွင် မျက်မှန်ကြီးတပ်ကာ ပြုံးရယ်နေသော စစ်အရာရှိ

တစ်ဦးကို ဗိုလ်မှူးချုပ်ပောင်းတင်ဦးဟု ကျွန်မမှန်းဆကြည့်နိုင်ပါသည်။ ဒုတိယနံဘေးမှ ပုဂ္ဂိုလ်သည် ဗိုလ်ချုပ်ကြီးနေဝင်းဖြစ်ကြောင်း ထင်ရှားပါသည်။ ဒါဆိုလျှင်ဖြင့် အာဏာရှင်ခေတ်ကျော်ကြားခဲ့သော ဆရာတပည့်နှစ်ဦးဆိုသောခေါင်းစဉ်နှင့် ကိုက်ညီနေပါပြီ။

ကျွန်မဖတ်ရှုလေ့လာကြည့်သောအခါ- စာမျက်နှာ ၉ အခန်း(၃) ဗိုလ်မှူးချုပ်တင်ဦး(မျက်မှန်ကြီး)၏ တုံ့ပြန်ချက်များ ၁၉၇၁-ခုနှစ် အတွင်းကျင်းပခဲ့သော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီညီလာခံတွင်အဖုအထစ်များ ပေါ်ပေါက်ခဲ့ပါသည်။ ပါတီကိစ္စများတွင် ထောက်လှမ်းရေးကဝင်ရောက်စွက်ဖက်ချုပ်ကိုင်နေသည်ဟု အတွင်းရေးမှူး အဖွဲ့က ယူဆခဲ့သည်။ သို့နှင့်ဗိုလ်မှူးချုပ်တင်ဦးကို ပါတီလုပ်ငန်း စိစစ်ရေးသို့ ပို့လိုက်လေသည်။ ဆိုလိုသည်မှာ ပါတီဗဟိုစည်းဝိုင်းနှင့်ဝေးဝေးအရပ်သို့ ပို့ဆောင်လိုက်ခြင်းပင်ဖြစ်သည်။ ယင်းလုပ်ဆောင်ချက်သည်မိမိနားရွက်အား တံတွေးဖြင့်လာရောက်ဆွတ်သည်ဟု ဗိုလ်မှူးချုပ်တင်ဦးက မှတ်ယူခဲ့သည်။ သူ့ခိုးက လူလိုဟစ်သည်ဟု ယူဆခဲ့သည်။ ထင်းခွေမကြုံရေခပ်တော့ ကြုံလိမ့်မည်ဟူ၍လည်း သဘောပိုက်ခဲ့ပုံရသည်။

ဤအတွင်းဒုတိယအကြိမ် ပါတီညီလာခံတွင် လမ်းစဉ်ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်းသည် ပါတီ၏အထွေထွေအတွင်းရေးမှူးဖြစ်သည့် ဗိုလ်မှူးချုပ်စန်းယုထက် မဲ(၃)မဲ လျော့ရသဖြင့် ဒေါသပုန်ထလေတော့သည်။ ဦးနေဝင်းကို မဲမပေးသူများမှာ ပါတီဌာနချုပ်မှ အတွင်းရေးမှူး(၂) ဗိုလ်မှူးကြီးကျော်ဇော၊ ချင်းပြည်နယ်ဒေသ ပါတီကော်မတီ ဥက္ကဋ္ဌဗိုလ်မှူးကြီးအောင်သိန်း၊ ရောဝတီတိုင်းဒေသပါတီ ကော်မတီ ဥက္ကဋ္ဌဗိုလ်မှူးကြီးဘအောင်တို့ ဖြစ်ကြသည်။

စာမျက်နှာ ၂၉ ဒုတိယပိုဒ်-

၁၉၇၇ ခုနှစ် တတိယအကြိမ် ညီလာခံအပြီးတွင် ထူးခြားသည်မှာ ပါတီညီလာခံမဲပေးရွေးချယ်ပွဲတွင် ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်းထက် နံပါတ်(၂)ပုဂ္ဂိုလ်ဖြစ်သည့် ဦးစန်းယုက မဲအများဆုံး ရရှိသွားခဲ့ခြင်းဖြစ်ပါသည်။ ဒုတိယလိုက်သူများမှာ ဦးသန်းစိန်(ရခိုင်)(ဗိုလ်မှူးကြီးဟောင်းသန်းစိန်)နှင့် ဦးထွန်းလင်း (ဗိုလ်မှူးကြီးဟောင်းထွန်းလင်း)တို့ဖြစ်ကြသည်။ ဦးနေဝင်း ဒေါသူပုန်ထခွေ့ခွေ့ခုန်ခဲ့ပြီး သန်းစိန်၊ ထွန်းလင်း၊ ကျော်ဇော၊

*အတွင်းရေးမှူးအဖွဲ့ဂိုဏ်း၏လက်ချက်လို့ ကောက်ချက်ဆွဲကာ သူ၏ဖြုတ်ထုတ် ပေါ်လစီကို ၁၉၇၇ ခုနှစ်တွင် လက်တွေ့အကောင်အထည်ဖော်ခဲ့ပါသည်။ သန်းစိန်၊ ထွန်းလင်း၊ ကျော်ဇောတို့သာမက မဆလပါတီဗဟိုကော်မတီတွင်းက ထိပ်သီး တော်တော်များများကိုပါ ရှင်းပစ်ခဲ့ပြီး ပါတီသန့်ရှင်းရေးကို လုပ်ဆောင်ခဲ့ပါသည်။ ဦးနေဝင်း၏ လက်မရွံ့ထောက်လှမ်းရေး အကြီးအကဲဗိုလ်မှူးချုပ်ပောင်းတင်ဦး၏ ထောက်လှမ်းရေးဖိုင် (ဦးနေဝင်းကလွဲလို့ ထိပ်သီးအားလုံး၏ လှုပ်ရှားမှု အထူးသဖြင့် ပြစ်မှုကျူးလွန်သူများကို အချိန်မရွေး ထုတ်ယူအသုံးပြုနိုင်အောင် ထောက်လှမ်းရေးက တစ်ကောက်ကောက်လိုက်ပြီး စုစည်းမှတ်တမ်းပြုထားသည့်ဖိုင်)ကို အသုံးပြုပြီး ရာထူးကနေ ထုတ်ပယ်ဖယ်ရှားပစ်ရုံသာမက တရားစွဲဆိုပြီး အရေးယူအပြစ်ဒဏ်ချ မှတ်ခဲ့ပါသည်။ သမီးများသားများ၏ မင်္ဂလာဆောင်ကိစ္စ၊ နို့ဆီဗူးကိစ္စ၊ ခေတ်ဆီပိ ထုတ်ရောင်းစားသည့်ကိစ္စ‥ စသည့်ကိစ္စမျိုးများနှင့် အရေးယူ အပြစ်ပေးခြင်းများ ဖြစ်ပါသည်။*

အထက်ပါ စာပိုဒ်များကို ဖတ်ရှုပြီးသောအခါ ကျွန်မတို့ ဖြစ်ပျက်ခဲ့သော အကြောင်းအရာများနှင့် သိထားခဲ့သည့် အကြောင်းအရာများကို အချိန်ကာလနှင့် ယှဉ်ထိုးကြည့်ခဲ့မိပါသည်။

အပိုင်း ၃ တွင် ဖော်ပြပြီးခဲ့သည့် အချက်အလက်များကို ဝိတောက်ပွင့် သစ်စာပေ အနုပညာမဂ္ဂဇင်း အမှတ် ၅၆ တွင် ဖော်ပြပြီးဖြစ်သော်လည်း အကြောင်း ကြောင်းကြောင့် စာအုပ်ထွက်ချိန်သည် ပုံမှန်နှောင့်နှေးကြန့်ကြာနေတတ်လေရာ စာဖတ်ပရိသတ်ကြီး မေ့လျော့နေမှာ စိုးရိမ်မိသောကြောင့် တစ်ဖန်ပြန်လည် နှီးနှော တင်ပြလိုက်ရပါသည်။

၁၉၇၇ ခုနှစ် တတိယအကြိမ် ညီလာခံအပြီးတွင် ပါတီညီလာခံမဲပေး ရွေးချယ်ပွဲ၌ ဗဟိုပါတီကော်မတီ (၁၅)ယောက်အနက် ဥက္ကဋ္ဌကြီး ဦးနေဝင်းထက် ဦးကျော်စိုးက မဲအများဆုံး ရရှိသွားခဲ့ပြီး နံပါတ်(၁)ဖြစ်သွားကာ တစ်နိုင်ငံလုံး အုတ်အော်သောင်းနင်း ဖြစ်ခဲ့ပါသည်။ ဦးနေဝင်းမှာမူကား နံပါတ်(၄)သို့ ဆင်းသွားခဲ့ရ သည်ဟု ဆိုကြပါသည်။ အချို့ပြောကြသည်မှာ ဦးနေဝင်းသည် နံပါတ်(၉)သို့ ဆင်း

သွားပါသတဲ့။ မဲမသမာမှု မဲလိမ်မှုဆိုသော စကားမှာ မဲအလိုမကျသူများထံမှ ထွက်ပေါ်လာခြင်း ဖြစ်ပါလိမ့်မည်။

သတင်းစာများတွင် ပြည်သူတို့အား အသိပေးဖော်ပြရေးသားချက်များ အရမှာ-

**တတိယအကြိမ်မြန်မာဆိုရှယ်လစ် လမ်းစဉ်ပါတီညီလာခံမှ ရွေးချယ်တင်မြှောက်လိုက်သော ပုဂ္ဂိုလ်များ . . .**

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့ (CEC ၁၅ဦး)**

| | | |
|---|---|---|
| ၁။ | ဦးနေဝင်း | ဥက္ကဋ္ဌ |
| ၂။ | ဗိုလ်ချုပ်ကြီးစန်းယု | အတွင်းရေးမှူး |
| ၃။ | ဦးသောင်းကြည် | တွဲဖက်အတွင်းရေးမှူး |
| ၄။ | ဦးကျော်စိုး | အဖွဲ့ဝင် |
| ၅။ | ဒေါက်တာမောင်မောင် | အဖွဲ့ဝင် |
| ၆။ | ဦးမောင်မောင်ခ | ။ |
| ၇။ | ဗိုလ်ချုပ်ကျော်ထင် | ။ |
| ၈။ | ဦးထွန်းလင်း | ။ |
| ၉။ | ဗိုလ်မှူးချုပ်အေးကို | ။ |
| ၁၀။ | ဗိုလ်မှူးချုပ်စောဖြူ | ။ |
| ၁၁။ | ဦးဇော်ဝင်း | ။ |
| ၁၂။ | ဦးသန်းစိန် | ။ |
| ၁၃။ | ဦးကျော်ဇော | ။ |
| ၁၄။ | ဦးတင်ဝင်းညို | ။ |
| ၁၅။ | ဦးစံရှိန် | ။ |

**အတွင်းရေးမှူးများအဖွဲ့ (၄)ဦး**

၁။ ဦးခင်မောင်မြ

၂။ ဦးသန်းလှိုင်

၃။ ဗိုလ်မှူးကြီးစိုးသိမ်း

၄။ ဦးတင်အေးကျော်

**ပါတီလုပ်ငန်းစစ်ဆေးရေးအဖွဲ့**

| | |
|---|---|
| ၁။ ဦးမင်းသိမ်း | ဥက္ကဋ္ဌ |
| ၂။ ဦးကြည်မောင် | အတွင်းရေးမှူး |
| ၃။ ဦးညွှန့်သိန်း | အဖွဲ့ဝင် |
| ၄။ ဦးမောင်ညို | ॥ |
| ၅။ ဦးအောင်ချိန် | ॥ |
| ၆။ ဦးထိန်လင်း | ॥ |
| ၇။ ဗိုလ်မှူးကြီးတင်ဦး | ॥ |
| ၈။ ဗိုလ်မှူးကြီးစိန်လွင် | ॥ |
| ၉။ ဦးကျားကြီး | ॥ |

၂၅-၂-၇၇ မှ ၁-၃-၇၇အထိ တတိယအကြိမ်ပါတီ ညီလာခံကျင်းပ ခဲ့ပါသော အနှီညီလာခံနှင့်အတူ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသည် လုံးလုံး လျားလျားလဲကျ ပျက်စီးသွားခဲ့ရပါတော့၏။ ၁၇-၉-၂၀၁၃ နေ့က ကျွန်မ၏ မေးမြန်းချက်များကို မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ဗဟိုကော်မတီဝင်တစ်ဦးဖြစ်သော ဦးစိုးသိမ်းထံမှ အောက်ပါ အတိုင်း ရရှိကောက်နှုတ်ထားပါသည်။

တတိယအကြိမ် ပါတီညီလာခံတွင် ပြဿနာဖြစ်ရခြင်းအကြောင်းရင်းမှာ အဓိကအားဖြင့် ပါတီဗဟိုကော်မတီရွေးချယ်ရာတွင် ပါတီသွေးသစ်လောင်းရန်ဟူသော မူအရ ဗဟိုကော်မတီဟောင်း (၄၅%)နုတ်ပယ်၍ ညီလာခံကိုယ်စားလှယ်လောင်း များထံမှ လူသစ်(၅၅%) ဖြည့်စွက်၍လည်းကောင်း၊ ဗဟိုကော်မတီဝင်လောင်း စာရင်းကို ပြုစုရမည်ဟူသောအချက်သည် လက်တွေ့တွင် အလွန်အလုပ်ရခက်သော အချက်ပင် ဖြစ်ပါသည်။ ဘယ်သူ့ကို ထုတ်မလဲဟူသောအချက်သည် အဓိက ပြဿနာဖြစ်ပါသည်။

ထိုတာဝန်ကို အတွင်းရေးမှူးအဖွဲ့သို့ တာဝန်ပေးခဲ့ရာ အတွင်းရေးမှူးများ

အဖွဲ့သည် အကောင်းဆုံးဖြစ်အောင် စီစဉ်ရပါသည်။ ဗဟိုကော်မတီဝင်များထဲမှ ပါတီတာဝန် လက်တွေ့ထမ်းဆောင်ရခြင်း မရှိသူများထဲမှ အဓိကရွေးခြင်းဖြင့် အသင့်လျော်ဆုံးဖြစ်မည်ဟု သဘောရကြပါသည်။

အာဏာပိုင်အဖွဲ့အစည်းတွင် တာဝန်ယူထားကြသူ ဝန်ကြီး-ဒုဝန်ကြီးများနှင့် ဝန်ကြီးအဆင့်ရှိသော တရားသူကြီးအဖွဲ့ စသည့်ပုဂ္ဂိုလ်များသည် ဗဟိုကော်မတီအစည်းအဝေးကျင်းပချိန်မှအပ နေ့စဉ်ဆောင်ရွက်နေကျတာဝန်များမှ ကင်းကွာနေကြရသော ဗဟိုကော်မတီဝင်များပင် ဖြစ်ပါသည်။ ထို့အတွက် အဆိုပါ အာဏာပိုင်အဖွဲ့အစည်းတာဝန်/(ရာထူး)ရော ပါတီတာဝန်(ခခ) ဗဟိုကော်မတီ(ရာထူး) ကိုပါ ရာထူး ၂ ခု ယူထားသူများကို ပါတီဗဟိုကော်မတီ(ခခ)တာဝန်မှ ဖယ်ရှားပေးစေရန် စဉ်းစားလာရခြင်း ဖြစ်ပါသည်။ ရိုးသားစွာ လုပ်ဆောင်ကြခြင်းသာ ဖြစ်ပါသည်။ တမင်မည့်သူ့အား ချလိုက်မည်ဆိုသော သဘောထားများ မရှိကြပါ။ အဓိကအားဖြင့် ပါတီဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၏ အားနည်းချက်ကြောင့် မလိုလား အပ်သည်များ ဖြစ်ပေါ်လာခဲ့ခြင်း ဖြစ်ပါသည်။ အခက်ဆုံးမှာ (၄၅%) နှုတ်ပယ်ရေး ပင်ဖြစ်ပါသည်။

၎င်းအချက်ကပင် ပါတီအခြေခံစည်းမျဉ်းကို (တိုင်ပင်ညှိနှိုင်းခြင်း) ဖောက်ဖျက်စေသော အခြေအနေသို့ အလိုလိုကျရောက်စေခဲ့ပါသည်။ အထက်သို့ အခက်အခဲများ တင်ပြရာတွင်လည်း မင်းတို့ ကြည့်လုပ်ဟုသာ လက်လွှဲခဲ့ပါသည်။ ယင်းကိစ္စနှင့် ပတ်သက်၍ အထွေထွေအတွင်းရေးမှူး ဦးစန်းယုနှင့် အစည်းအဝေးတွင် တင်ပြကြပါသည်။ ဥပမာ-ဗဟိုကော်မတီဝင် ဦးဇော်ဖေက ...

"ဗိုလ်ချုပ်... ဥက္ကဋ္ဌကြီးကို မတင်ပြဘူးလား"

ဟု အားမလိုအားမရပြောရာတွင် အထွေထွေအတွင်းရေးမှူးက..

"ကျုပ် တင်ပြပါတယ်ဗျာ တင်ပြပါတယ်"

ဟုသာ ပြန်ပြောနိုင်ရှာပါသည်။

တကယ်တွင်မူ ဥက္ကဋ္ဌကြီး ဦးနေဝင်း စိတ်ဆိုးနေသောအခါတွင် မည်သူမျှ မတင်ပြရဲကြပါ။ တတိယအကြိမ် ပါတီညီလာခံ ဗဟိုကော်မတီရွေးချယ် တင်မြှောက်ပွဲကို၂၅-၂-၁၉၇၇ တွင် စတင်ကျင်းပရာ (၂၀၉)ဦးသာ ရပါသည်။ ၄၁ ဦး

ထပ်မံရရှိရေးတွင် ရသင့်သူများ ထပ်မံရရှိရေး ဆောင်ရွက်ကြ ဦးရန်ထွန်းလင်း က အကြံပြုပါသည်။

အထက်ပါသဘောထားအရ ဖယ်ရန်လူစာရင်းများကို ဦးတင့်ဝင်းညိုမှ ပေးရာတွင် ဦးလွင်၊ ဒေါက်တာလွင်၊ ဗိုလ်ချုပ်သောင်းဒန်၊ ဗိုလ်ချုပ်သောင်းတင်၊ ဒေါက်တာလှယာန်၊ ဒေါက်တာသိန်းအောင်၊ ဦးကိုကို၊ ဦးသောင်းဖေ၊ ဦးစိန်ဝင်း၊ ဦးကွန်း၊ ဦးကျော်ခိုင်၊ မှူးကြီးဦးတင်ဦး၊ ဦးသန်းစိန်/အထက်တွင် တင်ပြခဲ့သည့်အတိုင်း ၂၅-၂-၇၇နေ့တွင် ဗဟိုကော်မတီရွေးချယ်ပွဲကို စတင်ခဲ့ပါသည်။ ပထမအကြိမ်တွင် ၂၄၀ မှ ၂၅၀အထိ ရွေးချယ်ရန်ဖြစ်သော်လည်း ၂၀၉ ဦးသာ ရွေးချယ်ရရှိခဲ့ပါသည်။

၂၆-၂-၇၇ဒုတိယနေ့တွင် လိုအပ်နေသော အင်အား ၄၁ ဦး ရွေးရန် (၃)ဦးသာ ရွေးချယ်ရရှိခဲ့ပါသည်။ ဦးထွန်းလင်းမှ လူအပြည့်ရရေး ပြောကြားခဲ့ပါသည်။ မဲပြန့်နေ၍ ကျန်ပုဂ္ဂိုလ်များအတွင်းမှ လူတော်လူကောင်းများကို စိစစ်ရွေးချယ်ကြရန် စိစစ်ကြပါသည်။ ထိုအတွင်း အထွေထွေအတွင်းရေးမှူးကို ညှိနှိုင်းမှုဆက်မလုပ်ကြရန် ညွှန်ကြားလာပါသည်။ တတိယအကြိမ် ရွေးချယ်ပွဲဆက်လုပ်သောအခါ ၃၈ ဦး ရွေးရန်အနက် ၂၇ ဦးသာ ရွေးချယ်ရရှိပါသည်။

ဗဟိုကော်မတီ အပြည့်မရခြင်းမှာ အထွေထွေအတွင်းရေးမှူး ပြောပြီးနောက် ညှိနှိုင်းမှုများ မလုပ်ကြတော့၍ ဖြစ်ဖွယ်ရှိပါသည်။ မဲများပြန့်သွား၍ လည်းကောင်း၊ ကိုယ့်မဲကိုယ် ဆုပ်ကိုင်ထားကြ၍လည်းကောင်း ဖြစ်ပါသည်။ ဒေသများမှ ရသင့်သူများမရ၊ ကျန်နေခြင်းများရှိကြောင်း တင်ပြကြရန် ဦးထွန်းလင်းမှ အချင်းချင်း ညှိကြရန် အထွေထွေအတွင်းရေးမှူး၏ တားမြစ်ချက်မရမီ ပြောကြားခဲ့ပါသည်။ ထိုကာလအတွင်း ဤသို့ ရွေးချယ်ပွဲ မပြတ်သည်ကို ဥက္ကဋ္ဌကြီးမှ သဘောမကျ မကျေနပ်သည့် သဘောထားရှိကြောင်း သိကြရပါသည်။

နောက်ဆုံးရရန် ကျန်ရှိသော ဗဟိုကော်မတီ ၁၁ ဦးအတွက်ကို စံချိန် (ထက်ဝက်ကျော်မဲ) မပြည့်သော်လည်း ကျန်လူများထဲမှ မဲအများဆုံးရသူများကို ရွေးချယ်ရန် ဦးထွန်းလင်းမှ သဘောထားပေးလာ၍ ထိုအတိုင်းရွေးမှ ပြတ်သွားခဲ့ပါသည်။ ပထမအကြိမ် ရွေးချယ်ပွဲတွင် ပြုတ်သွားသူဝန်ကြီး၊ ဒုဝန်ကြီး စသူများက

မကျေမနပ်ဖြစ်ကြရာ၌ ဥက္ကဋ္ဌကြီးအား ထောက်လှမ်းရေးမျက်မှန်တင်ဦးမှ တစ်ဆင့်တင်ပြရပါသည်။

နောက်ထပ် ရွေးချယ်ပွဲတွင်ညှိနှိုင်းမှုမပြုရန် အထွေထွေအတွင်းရေးမှူးထံမှ ညွှန်ကြားလာပါသည်။ ထိုအချိန်မှစပြီးမညှိတော့ပါ။

အဖယ်ရှားခံရသော အာဏာပိုင်အဖွဲ့အစည်းမှ ပုဂ္ဂိုလ်များအနေဖြင့်မကျေနပ် မှုရှိကြခြင်းသည် သဘာဝကျပါသည်။ အကယ်၍သာရွေးချယ်တင်မြှောက်ပွဲစည်းကမ်းအရ (၄၅)ရာခိုင်နှုန်း ဗဟိုကော်မတီဝင်လက်ရှိထဲမှမလွှဲမရှောင်သာ နှုတ်ထွက်ပေးရမည့်အခြေအနေများကို ကြိုတင်၍ ပြောကြားဆွေးနွေးဆောင်ရွက်ပါက ကျေကျေလည်လည် ပြီးမြောက်သွားဖွယ်ရာ ရှိပါသည်။

ထိုသို့ ရှင်းပြဆွေးနွေးမှုကိုလည်း အတွင်းရေးမှူးအဖွဲ့ကိုသာ တာဝန်ပေး၍ ဆောင်ရွက်စေခြင်း မဟုတ်ဘဲ ပါတီဥက္ကဋ္ဌ သို့မဟုတ် ပါတီအထွေထွေအတွင်းရေးမှူးတို့ ကိုယ်တိုင်က ဦးစီး၍ (ဒီလိုတော့ရှိတယ်ကွာ)ဟု ရှင်းပြပါက အထစ်အငေါ့မရှိ ပြီးမြောက်နိုင်သည်ဟု မြင်ပါသည်။ ယခုမှုကား တာဝန်ယူသူ မရှိခဲ့ဘဲ ကျားစာထိုးကျွေးလိုက်ခြင်းသာ ဖြစ်ပါသည်။

နောက်ဆုံးတွင်မူ ဗဟိုအလုပ်အမှုဆောင်များ၊ အတွင်းရေးမှူးအဖွဲ့ဝင်များ၊ ဒေသပါတီကော်မတီဥက္ကဋ္ဌများ၊ ကော်မတီဝင်များ၊ ဗဟိုကော်မတီဝင်(၇၀) ကျော် ထောင်အချခံရသူခံရ၊ ထုတ်ပယ်ခံရသူခံရ၊ ပါတီ၏အင်အားကိုပြိုကွဲပျက်စီးခြင်းသာ အဖတ်တင်ခဲ့ပါသည်။ မြန်မာပြည်ကွန်မြူနစ်ပါတီ၏ ဖြုတ်-ထုတ်-သတ် ဖြစ်စဉ်ကြီးကို မဆီမဆိုင် သတိရမိပါသေးသည်။ ယခုလည်း အသက်ကို မသတ်သည့်တိုင် နိုင်ငံရေးသတ်ဖို့ စွမ်းဆောင်ခဲ့ပါသည်။ စားဝတ်နေရေးကို ဝေါ်ပြတ် လုမတတ် ကျူပင်ခုတ်ကျူငုတ်မကျန်အောင် ရှင်းလင်းနှိပ်စက်ခဲ့သည့်အတွက်လည်း နိုင်ငံနှင့်အဝှမ်း "မှန်တဲ့လူတွေကျကုန်ပြီ မမှန်တဲ့လူတွေ ရှေ့တက်ကြ" ဆိုသည့် ကာတွန်းဆရာတို့၏ ခံစားချက်တစ်ကွက်ကာတွန်းတွေ ပေါ်ထွန်းခဲ့ပါသည်။ လူလိမ်လူညာ လူမသမာတို့အတွက် လွတ်မြောက်ခိုးဝှက်လုယက်ရန် အကြောင်းပြချက်ကြီး ထင်းထင်းလင်းလင်း ဖြစ်ခဲ့ရပါတော့၏။ အကျင့်စာရိတ္တပျက်ပြားစေခဲ့သည်မှာ ဆင်ပြောင်

လားလား ရှေ့ကသွားသည့်အတိုင်း နောက်နွားစဉ်စိုက်ဖြောင့်တန်းစွာ လိုက်နေကြပါတော့သတည်း။

**ဘယ်သူ့မှာ တာဝန်ရှိသလဲ**

မှတ်ချက်။ ။ တတိယအကြိမ် ပါတီညီလာခံ ပြီးစီးပြီးနောက်ပိုင်းတွင် ပါတီဖွဲ့စည်းပုံအခြေခံ စည်းမျဉ်း၏အားနည်းချက်များကို ဗဟိုကော်မတီမှ ပြင်ဆင်လိုက်ပါသည်။

၁၉၇၈ မေ ၂၇ တွင် ဖေဖေ့ကို မတရားစွပ်စွဲထားသော မသမာမှုနှင့် အလွဲသုံးစားမှုအတွက် ပြန်ခေါ်သက်သေများကို စစ်ဆေးရာတွင် ကျွန်မတို့ ညီအစ်မ သုံးယောက်သည် မိခင်ဒေါ်ခင်ဌေးဖြူအား ခြံရှံအဖော်ပြုလျက် ရုံးချိန်းသို့ တက်ရောက်ကြကာ မိသားစုခံတပ်ခိုင်မာကြောင်းကို ဖေဖေအားရှိအောင် ပြသခဲ့ကြပါသည်။ အများပြည်သူတို့နည်းတူ ကျွန်မတို့တွင်လည်း လက်နက်ဆို၍ အပ်တိုတစ်ချောင်းပင် မရှိကြစေကာမူ စူးရှထက်မြက်သောအမှန်တရားကို ဦးထိပ်ထားနိုင်ကြပါသည်။

ဦးတင်ဝင်းညိုနှင့်ပတ်သက်သည့် ပြစ်မှုကြီးအမှတ် (၉/၇၈)ကို တိုင်းတရားစီရင်ရေးအဖွဲ့က မေ ၂၇ တွင် ဆက်လက်စစ်ဆေးကြောင်းဖြင့် နောက်နေ့ထုတ်သတင်းစာများတွင် ပါရှိလာပါသည်။ ဤဆောင်းပါးကို ရေးသားသော အဓိကအကြောင်းရပ်မှာ ကျွန်မ၏ဖခင် ဦးတင်ဝင်းညိုအပေါ် မတရားစွပ်စွဲထောင်ချခဲ့ပုံတွေကို ရေးသားမှတ်တမ်းတင်ပြလိုခြင်းဖြစ်ပါသည်။ ဒီတော့လျှင် ဒီကနေ့သည် အရေးပါအရာရောက်လှပါတော့သည်။ အထူးသဖြင့် ကျွန်မတို့မသိကျွမ်းခဲ့ဖူးသော ဦးစောကညော်ထူး၏ ထွက်ချက်များကို ရင်ထဲစွဲနစ်အောင် မှတ်တမ်းတင်ထားဖို့ တာဝန်ရှိနေပါတော့၏။

တရားလိုပြသက်သေ ဦးစောကညော်ထူးက ဦးစိုးလွင်၏ အမိန့်အရ အရေးကြီးသော ပုဂ္ဂိုလ်အတွက်ဆို၍ ပျဉ်းကတိုးသစ်၊ ဘိလပ်မြေ၊ သွပ်ပြားအဟောင်းများ၊ သုံးထပ်သားလိုက်ကာ ငါးချပ်တို့ကို ကိုထွန်းစန် လာထုတ်သွားခဲ့ပုံများကိုလည်းကောင်း၊ ပြန်ခေါ်သက်သေ ဦးချစ်က ပါတီဌာနချုပ်မှ ဌာနခွဲမှူး ဦးစိုးလွင်ရုံးခန်းသို့ (၁၁-၂-၇၆)ရက်က မော်တာတစ်လုံးပို့ပေးခဲ့ရပုံကိုလည်းကောင်း၊ ပြန်ခေါ်သက်သေ

ဦးလှသိန်းက ဦးတင်ဝင်းညွှန်ကြားမှုဖြင့် ဦးစိုးလွင်အား ၎င်း၏ မော်တာအားနည်းနေသဖြင့် အားကောင်းသည့် မော်တာတစ်လုံးဝယ်ပေးရန် ပြောသည်ဆိုသည်ကို မကြားခဲ့ပုံ၊ အလုပ်အတိုင်း မော်တာအား ယာဉ်မောင်းကိုထွန်းမြင့် အကူအညီဖြင့် ပို့ပေးခဲ့ရပုံကိုလည်းကောင်း၊ ပြန်ခေါ်သက်သေ ဦးညာဏ်မြင့်က သုံးထပ်သားလိုက်ကာနှင့် တောသစ်များ၊ သစ်တိုသစ်စများ ပို့ပေးခဲ့ရပုံနှင့် ညောင်တစ်ပင်လမ်းက ဦးတင်ဝင်းညွှန် အိမ်ဆောက်စဉ် အိမ်သာကို ၎င်း ယူသွား ခဲ့ပုံများကိုလည်းကောင်း အသီးသီး ထွက်ဆိုသွားကြ၏။

**ရက်ချိန်း**

အမှုကို မေလ ၄ ရက်တွင် ဆက်လက်စစ်ဆေးရန် ချိန်းဆိုလိုက်၏။

(သတင်းစဉ်)

အဲဒီနေ့က ဦးစောကညော်ထူးသည် ဖေဖေ့အိမ်သို့ ပို့ပေးရသည်ဟု သူ သိထားကြောင်း တစ်ခွန်းတစ်ပါဒမျှ မထွက်ဆိုခဲ့ပါ။ အစစ်ခံထွက်ဆိုချက် ပြီးဆုံး၍ ရုံးပြန်အထွက်တွင် သူသည် အထူးစိတ်လက်ပေါ့ပါးသွားသော အသွင်ဟန်ပန်ဖြင့် ဖေဖေ့ကို ဦးညွှတ်အရိုအသေပြုလိုက်ပြီးမှ သူ့ကိုသူ ယုံကြည်အားပြည့်စွာ ထွက်ခွာ သွားခဲ့ပါသည်။

သတင်းစာဖတ်အပြီးတွင် ကျွန်မတွေးမိသည်မှာ ဖေဖေတို့အမှုတွေကို တက် သုတ်ရိုက်စစ်ဆေးနေသည့်တိုင် ၄န်၊ ၄လိုင်အထိ ကြာမြင့်နေပေဦးတော့မည်၊ ဖေဖေတို့ လွတ်မလား မလွတ်ဘူးလား။ တရားကို နတ်စောင့်သည်ဟု ကြားဖူးပါသည်။

ငယ်ငယ်က ဖတ်ရှုသင်ကြားရဖူးသော ပုံပြင်ကလေးတစ်ခုက ဘုရားသည် အမှန်ကိုသိမြင်သော်လည်း ဖော်ထုတ် ဖို့စောင့်ဆိုင်းသည် **God see the truth but wait** ဝတ္ထုက စောင့်လိုက်သမှ အမှုစွဲခံရပြီး ထောင်ကျသွားသော လူရွှယ်သည် နှစ်ပေါင်းငါးဆယ်ကျော်ခါမှ အပြစ်မရှိကြောင်း ဖော်ထုတ်နိုင်ပြီး ထောင်မှလွတ်ကာ သူ့ရွာသို့ ပြန်လာခဲ့နိုင်ပါသည်။

ရွာတွင် သူ့မိသားစု မရှိကြတော့ပါ။ သူ့ဇနီးလည်း ကွယ်လွန်ခဲ့တာ ကြာမြင့်လှပါပြီ။ ဆံပင် ဖွေးဖွေးဆွတ်ဖြူနေသော သူ့ကိုလည်း မည်သူကမှ မမှတ်



စီးပွားရေးမသမာမှုနှင့် အလွဲသုံးစားမှုဖြင့် တရားစွဲဆိုခြင်းခံရသော
ဦးတင်ဝင်းညိုနှင့်ပတ်သက်၍ တရားလိုပြသက်သေ(၃) ဦးစောကညော်ထူး
တိုင်းတရားစီရင်ရေးအဖွဲ့(၁)တွင် အစစ်ခံထွက်ဆိုစဉ်

မိကြတော့ပါ။ **Leo Tolstoy** ရေးသားခဲ့သည်ဟု ထင်ပါသည်။

ပြက်ရယ်ပြု သရော်စာ ဖြစ်ပါသည်။ ရင်နင့်ဖွယ်ဖြစ်သလို မျက်မှောက်ဖြစ်ပျက်နေသော မမှန်တရားများကို မီးမောင်းထိုးပြနေပါ၏။ ဖေဖေတို့ကိုများ အနှစ်လေး, ငါးဆယ်ချုပ်နှောင် ထောင်ချထားကြလေမလားဟု စိုးထိတ်မိရပါ၏။

ရှေးဟောင်းနှောင်းဖြစ်တွေကို ပြန်လည်တွေးတောရင်း မှတ်တမ်းမှတ်ရာ တချို့ကို ဖတ်ရှုမိပါသည်။ ပိတောက်ပွင့်သစ် မဂ္ဂဇင်းအမှတ် ၅၆ တွင် ကျွန်မ ရေးသားခဲ့သော လေ့ခွက်ချည်းပဲ ဆန်ခဲ့ပါသည်။ အပိုင်း(၃)၊ စာမျက်နှာ ၁၇၉ ကော်လံ ၂ ၌-

"စပ်မိသောကြောင့် ပြောပြချင်သည်မှာ ဦးသောင်းကြည်၏ဇနီး အန်တီစိန်သည် နလုံးရောဂါရှိသူဖြစ်ပြီး စိတ်ထိခိုက်လျှင် ရောဂါဖောက်လာလေ့ရှိပါသည်။ ဖေဖေတို့ကို ဖြုတ်ထုတ်နှစ်ပြီး မကြာမီမှာပဲ အန်တီစိန် ဆုံးပါးသွားခဲ့ရပါသည်။ သူ့ရောဂါအခံကြောင့်ပဲဟု ကျွန်မတို့ တရားနှင့် ဖြေလိုက်ရပါသည်။ သို့တစေ သူ့ခမျာ သံယောဇဉ်နှောင်ကြိုး တင်းခဲ့ရှာသည်ဟု ကျွန်မတို့ ခံစားကြေကွဲခဲ့ရ ပါ၏။

ဦးသောင်းကြည်မှာမူကား ၈-၁၁-၁၉၈၁ တွင် ကွယ်လွန်သွားခဲ့ပါသည်။ ဂေါက်သီးရိုက်ရင်း အနားယူစဉ် သံပုရာရည်တိုက်သဖြင့် သောက်လိုက်သေးသည်ဟု ပြောကြပါသည်။ မကြာခင်မှာဘဲ နလုံးအခုန်ရပ်ပြီး အသက်ပျောက်သွားခဲ့သည်ဟု ဆိုကြပါသည်။

အန်တီစိန်က အရင်ဆုံးပါးသွားခဲ့ပါသည်။ ပြီးမှ အန်ကယ်ဦးသောင်းကြည် ဆုံးပါးပါသည်။ တစ်ဦး တည်းသောသမီး လဲ့လဲ့က နောက်ဆုံးမှ ကွယ်လွန်သွားသူပါ။ မကြာသေးခင်ကမှ ကျွန်မသည် လဲ့လဲ့၏သူငယ်ချင်းလည်းဖြစ် ကျွန်မနှင့်လည်း ရင်းနှီးခင်မင်သည့် သူတစ်ဦးနှင့် ဆုံတွေ့မေးမြန်းကြည့်ပါသည်။ ကျွန်မ၏ မေးခွန်း အချို့ကို ဖြေဆိုထားသည်မှာ ကျွန်မရေးသားခဲ့သည့် အကြောင်းရပ်များနှင့် ပတ်သက်၍ ကွဲလွဲမှုတွေရှိနေကြောင်း ဝေမျှအသိပေးလိုပါသည်။

"လဲ့လဲ့က ၁၉၈၈ မေ၊ မြို့ သို့မဟုတ် မေလဆန်းပိုင်းမှာ ဆုံးသွားတာ ခင်လေးညို့ရဲ့ နွေရာသီအပန်းဖြေခရီးထွက်ရင်း မိသားစု မေမြို့တက်သွားကြတာ။

လဲ့လဲ့ ဗိုက်နာတာနဲ့ ရောက်ပြီးမကြာခင် ရန်ကုန်ပြန်လာကြရတယ်။ မင်္ဂလာဒုံ စစ်ဆေးရုံတင်ပြီး ဗိုက်ဖွင့်ကြည့်တော့ ပန်ခရိယကင်ဆာဟာ ပြန့်နေပြီးဆိုတာ တွေ့ရှိရတာနဲ့ ဗိုက်ပြန်ပိတ်လိုက်ရတယ်တဲ့။

တစ်ပတ်အကြာမှာ ဆုံးသွားရှာတယ်။ ဦးသောင်းကြည် ဆုံးတဲ့ကိစ္စနဲ့ ပတ်သက်လို့ လဲ့လဲ့ ပြောပြခဲ့သလောက်ကတော့ ဆုံးသွားချိန်မှာ အလောင်းဟာ ပြာလာတဲ့အတွက် အဆိပ်မိသွားတယ်လို့ ယူဆကြတယ်တဲ့။

ခွဲစိတ်စစ်ဆေးဖို့ တောင်းဆိုသင့်တယ်လို့ တချို့က အကြံပေးခဲ့တယ် တဲ့။ အဲဒီမနက်က ဂေါက်ကွင်းမှာ မုန့်ဟင်းခါးစားသေးတယ် ပြောတယ်။ သူ့မှာ သွေးချို ဆီးချိုရှိတော့ ဆီးသွေးသကြားဓာတ် သိပ်တက်သွားသလား မသိဘူးလို့လည်း တွေး မိသတဲ့"

သွေးချိုဆီးချိုပမာဏ ရုတ်တရက်ကြီးတက်ပြီး အသက်လည်းပျောက် အသားတွေပြာနှမ်းသွားစရာအကြောင်းကို မတွေ့ရှိပါ။ ဦးသောင်းကြည်သည် လူရိုးလူဖြောင့်ကြီးအဖြစ် ထင်ရှားလှပါသည်။ ထိုအချိန်က ဖြစ်ပေါ်နေသော နိုင်ငံ ရေးပြဿနာများကြောင့် စိတ်ဓာတ်ဖိစီးမှုဒဏ် ခံရတာတွေ များခဲ့မည်ဖြစ်ကြောင်း အများသိလောက်ပါသည်။

ဦးသောင်းကြည်၏ အကြောင်းရပ်ကို မစပ်မဆိုင်ဖြတ်ပြီး ရေးပြသည် မဟုတ်သော်လည်း လုံးဝခံစား စပ်ဆိုင်နေသည်က ကျွန်မဆက်လက် တင်ပြရန် တာစူနေသည့် ၁၉၇၈ ခုနှစ် မေလ ၄ ရက်တုန်းက စစ်ဆေးသွားသော ဦးတင်ဝင်းညို ၏အမှုအကြောင်း ဖြစ်ပါ၏။ မတရားမှုကို ဖေဖေတို့ လည်စည်းခံစားနေရစဉ်တွင် ဦးသောင်းကြည်လည်း မချိတင်ကဲ ခံစားခဲ့ရရှာလိမ့်မည်ဟု ကျွန်မ တွေးမိပါသည်။

ထိုနေ့က ကျွန်မတို့မိသားစုသည်လည်း တရားရုံးတွင် ရောက်ရှိနေကြ ကာ ဖေဖေ့မျက်နှာကို မြင်တွေ့ခွင့်ရရှိရင်း မတရားစွပ်စွဲသမျှတွေကို နားကြား ကြရပြန်လေသည်။ ရှေးဦးစွာ ပြစ်မှုကြီးအမှတ်(၉/၇၈)ကို စစ်ဆေးရာ တရားလို ပြသက်သေ(၂) ဦးစိုးလွင်နှင့်လိုပြသက်သေ(၇) ဦးချစ်တို့က ပြန်ခေါ်သက်သေများ အဖြစ် အစစ်ခံထွက်ဆိုသွားကြပါသည်။

**ဦးထွန်းမြင့်**

တရားလိုပြသက်သေ(၈) ယာဉ်မောင်းဦးထွန်းမြင့်ကို စစ်ဆေးရာ သက်သေက ၁၉၇၆ ခုနှစ်စပိုင်း တစ်နေ့တွင် ဦးလှသိန်းခေါ်ခိုင်းသဖြင့် အပေါ်တွင် မော်တာဆိုသည့် စာရေးထားသော သေတ္တာတစ်ခုကို မာဇဒါကားအမှတ် ၈၂/၁၀၂၃ အပေါ်တင်ပေးခဲ့ပြီး ဦးလှသိန်းနှင့်အတူ ဦးတင်ဝင်းညို၏အိမ်သို့ သွားပို့ခဲ့ရပုံ၊ ဦးတင်ဝင်းညို၏ဇနီး ခေါ်ခင်ဌေးဖြူ(ခင်အေးဖြူဟု မှားပြီးရေးသားထား)နှင့် တွေ့ရာတွင် ဦးလှသိန်းက ဦးစိုးလွင် ပို့ခိုင်း၍ လာပို့ကြောင်း ပြောပြီးပြန်လာခဲ့ကြပုံများနှင့် တရားခံအကျိုးဆောင်၏ ပြန်လှန်မေးခွန်းများကိုပါ ဖြေကြားထွက်ဆိုသွား၏။

**ဦးအောင်မြင့်**

ဆက်လက်၍ တရားလိုပြသက်သေ(၉) အထူးစုံစမ်းစစ်ဆေးရေးဦးစီး ဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မြင့်က တာဝန်ပေးချက်အရ ကျောက်တံတားမြို့နယ် ဒု-လက်ထောက်အင်ဂျင်နီယာ စောကညော်ထူးထံမှ ဆောက်လုပ်ရေးပစ္စည်းများ ထုတ်ပေးသည့်စာအုပ်ကို လွှဲပြောင်းယူခဲ့ပုံ၊ စောကညော်ထူး ပါတီဌာနချုပ်မှ ဦးညာဏ်မြင့်တို့ကို စစ်ခဲ့ပုံ၊ ဦးတင်ဝင်းညိုအိမ်သို့ သက်သေများနှင့်အတူ သွားရောက်ရှာဖွေရာ ခေါ်ခင်အေး(ဌေး)ဖြူက ၎င်းအိမ်တွင် တပ်ဆင်ထားသည့် အနောက်တိုင်းမိလ္လာအိုး၊ ဇီရိုလုပ်ထားသည့် သုံးထပ်သားများကို လိုက်ပြပုံ၊ ၎င်းတို့ကို ခံဝန်ချက်များဖြင့် ပြန်လည်ပေးအပ်ခဲ့ပုံ၊ ယာဉ်ခန့်ခွဲ(ပ) ဦးလှသိန်း၊ ထောက်ပံ့ဌာနခွဲမှ ဦးချစ်နှင့် ယာဉ်မောင်းဦးထွန်းမြင့်တို့အား စစ်ဆေးခဲ့ပုံများနှင့် သက်သေခံစာရွက်စာတမ်းများ၊ စစ်ဆေးချက်များကို ဒုတိယညွှန်ကြားရေးမှူးဦး မောင်မောင်က လွှဲအပ်တင်ပြခဲ့ပုံများကို ထွက်ဆိုသွား၏။ ထို့နောက်ပြစ်မှုကြီး အမှတ်(၁၀/၇၈)ကို စစ်ဆေးရာ တရားလိုပြသက်သေ(၁၁)ပါတီဌာနချုပ် လက်ထောက်စိစစ်ရေးမှူး ဦးကျော်မြင့်က ၎င်း၏တာဝန်များနှင့် ပါတီဌာနချုပ်စာရင်းများကို ဗဟိုစာရင်းရုံးက စစ်ဆေးစဉ်က အစည်းအဝေးများနှင့်ပတ်သက်၍ ဖိတ်စာများ၊ မှတ်တမ်းများကို ကြည့်ရှု၍ ၎င်းတို့တောင်းဆိုသည့်စာရင်းများပေးခဲ့ပုံများကို ထွက်ဆိုပြီး ၁၉၇၇ ခုနှစ် ဆယ်လပိုင်းအထိ အစည်းအဝေးပြုလုပ်သည့်အကြိမ်ပေါင်း၊ တက်ရောက်သည့်လူဦး

ရေတို့ ဖော်ပြထားသည့် စာရင်းမိတ္တူကို တရားစီရင်ရေးအဖွဲ့သို့ သက်သေ ခံအဖြစ် တင်သွင်း၏။ နောက်နေ့ထုတ် သတင်းစာတွေမှာ အစစ်ခံထွက်ဆိုနေသော တရားလို ပြသက်သေ(၁၁) ဦးကျော်မြင့်ဆိုသူ၏ ဓာတ်ပုံကို ဖော်ပြထားခဲ့ပါသည်။အမှုကို မေ ၁၁ ရက်တွင် ဆက်လက်စစ်ဆေးရန် ချိန်းဆိုလိုက်၏။ (သတင်းစဉ်)

ဖေဖေ၏ အမှုစစ်ဆေးပြီးနောက် ဦးသန်းစိန်နှင့်ပတ်သက်သည့် ပြစ်မှုကြီး အမှတ်(၈/၇၈)ကို မေလ ၈ ရက်နေ့တွင် စစ်ဆေးသည်ကို နောက်နေ့ သတင်း စာတွေတွင် တွေ့ရှိရသဖြင့် ဖေဖေသည် တရားခံပြသက်သေအဖြစ် ပါဝင်နေ သည်ကို ဖတ်ရှုရပြန်ပါသည်။ ကျွန်မ၏ဖခင် ဦးတင်ဝင်းညိုက တရားခံပြသက်သေ (၄) အဖြစ် အစစ်ခံထွက်ဆိုရာတွင် ဦးသန်းစိန်က ၎င်းခရီးသွားခွင့်ရခဲ့သည်ဟု ပြောပြီး ကားတစ်စီး စီစဉ်ပေးပါရန် ပြောသဖြင့် ပါတီဌာနချုပ် မော်တော်ယာဉ် ဌာနတွင် ကားတစ်စီးထုတ်ယူရန်နှင့် ခရီးသွားလက်မှတ်ဌာနခွဲ(၃)တွင် ထုတ်သွားရန် ပြောခဲ့ပုံများနှင့်လည်းကောင်း။ ပါတီတာဝန်နှင့် သွားသည်ဆိုသော်လည်း ၎င်းခရီး သွားရာမှာ ပါတီတာဝန်များ ဆောင်ရွက်ခြင်း ရှိ/မရှိကို မိမိအနေနှင့် မမြင်တွေ့နိုင် ပုံများ၊ ဦးသန်းစိန်ခရီးသွားပြီးအပြန်တွင် ၎င်းရေနံချောင်းပါတီယူနစ် အခြေအနေ၊ မန္တလေးဒေသပါတီဥက္ကဋ္ဌနှင့် ဆွေးနွေးခဲ့သည်ဟု ပြောပြသဖြင့် သိခဲ့ရပုံများ စသည် တို့နှင့် နှစ်ဖက်သော အကျိုးဆောင်များ၏ မေးခွန်းများကို မေးခွန်းများကို ဖြေ ကြားထွက်ဆိုသွားသည်ဟု ဖတ်ရှုရင်း ဖေဖေ့အနေနှင့် အပြစ်ရာအမှုစွဲခံနေရသော ဦးသန်းစိန်ကိုလည်း မနစ်နာသွားအောင်၊ မှန်ကန်သောဘက်မှလည်း ရပ်တည်မှု ဖြစ်အောင် သတိထားဖြေဆိုနေရပေလိမ့်မည်ဟု တွေးခဲ့မိပါသည်။

## ဦးညိုတုတ်

တရားလိုပြသက်သေ(၅) ပုသိမ်ကြီးမြို့နယ် ကျောက်မြီးကျေးရွာမှ ဦးညိုတုတ် က ၎င်းနှင့် ဦးသန်းစိန်လွန်ခဲ့သော ၁၇ နှစ် ၁၈ နှစ်ခန့်က သိခဲ့ပုံ၊ လွန်ခဲ့သော သုံးနှစ်ခန့်က ကျောက်မြီးကျေးရွာရှိ ခြံသို့ရောက်ခဲ့ပုံ၊ ၎င်းက ကျေးရွာမှ လူကြီးများ ခေါ်နိုင်းသဖြင့် ခေါ်ပေးရပုံ၊ ၎င်းဆွေးနွေးပွဲ၌ စိုက်ပျိုးမွေးမြူရေး အကြောင်းများနှင့် တောင်သူလယ်သမားများက ဝါမျိုးစေ့များနှင့် စပါးဝယ်ယူရေး အကြောင်းများကို

ပြောကြပုံများ၊ နောက်သက်သေအတက်နေ့တွင်လည်း ခေါ်သဖြင့် ပုသိမ်ကြီး ပါတီ ယူနစ်ရုံးရောက်ခဲ့ပုံ၊ ကောင်စီအတွင်းရေးမှူး ပြည်သူ့ရဲတပ်ဖွဲ့မှူး တရားသူကြီးအဖွဲ့ ဝင်များ ရောက်လာကြပြီး ဆွေးနွေးကြရာတွင် ၎င်းမပါဝင်ခဲ့ပုံ၊ ဦးသန်းစိန်တို့က ထမင်းကျွေးခဲ့ခြင်း မရှိပုံနှင့် နှစ်ဖက်သော အကျိုးဆောင်တို့၏ မေးမြန်းချက်များ ကိုပါ ဖြေကြားသွား၏။

**ဦးမြေပိုင်**

တရားခံပြသက်သေ(၇) ပုသိမ်ကြီးမြို့တောရွာမှ ဦးမြေပိုင်က ဦးသန်းစိန် ကျောက်မြီးရွာသို့ လွှန်ခဲ့သော သုံးနှစ်ခန့်က နောက်ဆုံးအခေါက်လာခဲ့စဉ် ဦးညိုတုတ် လာဖိတ်သဖြင့် ဦးသန်းစိန်၏ခြံထဲ၌လုပ်သော ဆွေးနွေးပွဲသို့ တက်ခဲ့ပုံများနှင့် နံနက် စာကို မိမိအိမ်၌ပင် စားခဲ့ပြီး ကျောက်မြီးရွာတွင် မစားခဲ့ရပုံများကို ထွက်ဆိုသွား ပါသည်။

**ဒေါ်ညိုသန်းမူ**

တရားခံပြသက်သေ(၈) ဦးသန်းစိန်၏ သမီးဒေါ်ညိုသန်းမူက အစစ်ခံ ထွက်ဆိုရာတွင် ဦးသန်းစိန် နှစ်ဆန်း ၂ ရက်ခန့်တွင် ခရီးထွက်ရာမှ ပြန်ရောက် ခဲ့ပုံ ဦးသန်းစိန်နှင့် ကိုစိုးတင့်တို့ ၎င်းတို့၏ အိမ်ထမင်းစားခန်း၌ ငွေစာရင်းရှင်းနေသည် ကို တွေ့ရပုံ၊ ခာတ်ဆီ (၄၂)ဂါလံဖိုး ငွေတစ်ရာ့ငါးကျပ်ကို ဦးသန်းစိန်က ကိုစိုးတင့် အားပေးပြီး ရှင်းခိုင်းသည်ကို ကြားရပုံများကိုလည်းကောင်း ထွက်ဆိုသွားကြ၏။

ယင်းအမှုကို မေ ၁၅ ရက်တွင် ဆက်လက်စစ်ဆေးရန် ချိန်းဆိုလိုက် ကြောင်းဖြင့် သတင်းစဉ်တွင် ဖတ်ရှုရပါ၏။

ဒေါ်ညိုသန်းမူကို ကျွန်မ သိပါသည်။ အမှုဖြစ်နေကြစဉ်က လူချင်းမရင်းနှီး မခင်မင်ခဲ့စေကာမူ တစ်ယောက်အကြောင်းတွေကို ကျွန်တစ်ယောက်က ကြားသိနေ ခဲ့ကြပြီး စာနာနားလည်မှုတွေ ရှိခဲ့ကြပါသည်။

လေ့ခွက်ချည်းပဲ ဆန်ခဲ့ပါသည်သမိုင်းဖြတ်သန်းမှု အတ္ထုပ္ပတ္တိက မရေး သားသေးအခါတွင် ဒေါ်ညိုသန်းမူ၏ ဖခင်ဦးသန်းစိန်သည်လည်း ဦးတင်ဝင်းညို၊ ဦးထွန်းလင်း၊ ဦးတင်အေးကျော်၊ ဦးဇော်ဖေတို့နှင့်အတူ သမိုင်းတွင် ပါဝင်ဖြတ်သန်း

မည့်သူဖြစ်သည့်အားလျော်စွာ သူ့ထံ ကျွန်မ သွားရောက်တွေ့ဆုံ အသိပေးခဲ့ပါသည်။

သတင်းစာတွေထဲမှာ ပါဝင်ဖော်ပြသည့်အတိုင်း အပိုအလိုမရှိ ပြန်လည်တင်ပြခဲ့ပါသည်။ ကျွန်မဘက်က တာဝန်ယူကွက်နေသည်မှာ ဒေါက်တာညိုသန်းမှထံသို့ ထွက်ပြီးသော ပိတောက်ပွင့်သစ် စာပေအနုပညာမဂ္ဂဇင်း အမှတ်(၅၄ မှ ၅၈) အထိကို မပေးပို့နိုင်သေးတာပဲ ဖြစ်ပါသည်။ မဂ္ဂဇင်းလပတ်မှန်မှန် မထွက်ဖြစ်သည့်အတွက် အယ်ဒီတာမောင်စိမ်းနီထံ အကြိမ်ကြိမ် သတင်းမေးရင်း စောင့်မျှော်ခဲ့ရသောကြောင့် အမှတ် ၅၉ ထွက်လျှင်တော့ အပိုင်း ၆ ပိုင်း ပါဝင်သော စာအုပ်(၆)အုပ်ကို သွားပို့ဖြစ်အောင် ပို့မည်ဟု အားခဲထားပါသည်။ လုံးချင်းထွက်နိုင်သည့်အခါတွင် အခြားမျိုးဆက်လက်ကျန်တွေထံ ပေးပို့ဦးမည်ဟု အားမာန် သွင်းကာနေပါသည်။

မေလ (၁၀)ရက်နေ့တွင် ဦးထွန်းလင်းအား ဖွဲ့ချက်တင်လိုက်သည်ကို ကျွန်မတို့ဖတ်ရှုကြရပါသည်။ ရှေးဦးစွာ ပြစ်မှုကြီးအမှတ်(၄/၇၈)နှင့်ပတ်သက်၍ ဦးထွန်းလင်းသည် ဦးကျော်အုန်းနှင့် ပူးပေါင်း၍ (၁၉၇၃)ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ကာလအတွင်း နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် (မူကြမ်း) ရေးဆွဲရေးကော်မရှင် အသုံးစရိတ်များမှ ကုန်ကျခဲ့သည့် ညေ့်ခံကျွေးမွေး စရိတ်ငွေစာရင်းများတွင် ငွေပေါင်းလေးသောင်းလေးထောင့်ရှစ်ရာသုံးဆယ့်ငါးကျပ်နှင့် ပြားငါးဆယ်ကို လိမ်လည်၍ ကုန်ကျငွေ ပိုမိုပြသကာ မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြုခဲ့ခြင်းကြောင့် ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ(၃)ဖြင့် ဖွဲ့ချက်တင်လိုက်ကြောင်းတိုင်း တရားစီရင်ရေးအဖွဲ့က အမိန့်ချမှတ်လိုက်၏ဟု ဆိုပါသည်။

တရားခံက အပြစ်မရှိကြောင်းနှင့် ပြန်ခေါ်သက်သေ သုံးဦးစစ်မေးပေးပါရန် လျှောက်ထား၏။

**ဖြေကြား**

ပြစ်မှုကြီးအမှတ် (၃/၇၈)ကို စစ်ဆေးရာ ကမ္ဘောဇရိပ်သာမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရသော ဦးထွန်းတင်က တရားလိုပြသက်သေ(၃)အဖြစ် အစစ်ခံ ထွက်ဆို

ထတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်(မူကြမ်း) ရေးဆွဲရေးကာလအတွင်း ည့်ခံကျွေးမွေးရေး တာဝန်ယူခဲ့ရပုံ အသုံးစရိတ်ငွေကို ဦးကျော်အုန်းထံတွင် တင်ပြရပြီး ပကုန်လျှင် ပြေစာနှင့်ရှင်းတမ်းလုပ်ရပုံ၊ သက်သေခံတွင် ပါဝင်သော ၁၉၇၃ ခု၊ န်နဝါရီလ မှဒီဇင်ဘာလအထိ လအလိုက် စာရင်းကို ဦးကျော်အုန်း ပြုစုခိုင်းသဖြင့် ပြုပေးခဲ့ရပုံများနှင့် တရားခံအကျိုးဆောင်၏ ပြန် လှန်မေးခွန်းများကိုပါ ဖြေကြားသွား၏။ တရားလိုပြသက်သေ(၄) ပါတီဌာနချုပ် စာရေးကြီး ဦးနွဲ့လှိုင်က ၁၉၇၁ ခု အောက်တို ကာလတွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မရှင်တွင် သွား ရောက်တာဝန်ထမ်းဆောင်ရပုံ ဧည့်ခံကျွေးမွေးရေးကို ကမ္ဘောဇရိပ်သာမှူး ဦးထွန်းတင် က ဦးကျော်အုန်းထံမှ ငွေထုတ်ပြီး တာဝန်ယူခဲ့ပုံ၊ တရားစီရင်ရေးအဖွဲ့သို့ တင်ပြထား သောသက်သေခံ (ဂ)မှ(ဃ) အထိ စာရင်းများမှာ ဦးကျော်အုန်းက ဦးထွန်းလင်းယူ သော ငွေများကိုပါ စာရင်းညှိပြထားသော စာရင်းများဖြစ်ပုံ၊ မတ်လ၊ ဧပြီလ၊ မေလ၊ ဇွန်လ၊ ဩဂုတ်၊ စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာလများအတွင်းက ပစ္စည်း ဝယ်ယူရန် တာဝန်ကျသူအဖြစ် ၎င်းက လက်မှတ်ရေးထိုးပေးခဲ့ရသော်လည်း အမှန် တကယ် ပစ္စည်းဝယ်ယူပေးခဲ့ခြင်း မရှိပုံများနှင့် တရားခံအကျိုးဆောင်၏ ပြန်လှန်မေး ခွန်းများကို လည်းကောင်း။

တရားလိုပြသက်သေ(၅) ဗဟိုစာရင်းရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းမောင်က တာဝန်ပေးချက်အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်း ရေးဆွဲရေး ကော်မရှင်ရုံးစာရင်းများကို အထူးစုံစမ်းစစ်ဆေးရေး ကော်မရှင်ရုံးစာရင်း များကို အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ အရာရှိများနှင့် တွဲဖက်၍ ၂၂-၉-၇၇ ရက်တွင် စစ်ဆေးခဲ့ပုံစာရင်းစစ်ဆေးတွေ့ရှိချက်ကို စာရင်းစစ်အစီရင်ခံစာ ရေးပြီး အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနသို့ လွှဲပေးခဲ့ပုံများကို လည်းကောင်း၊ ထွက်ဆို သွား၏။

**စွဲချက်တင်**

ထို့နောက် တိုင်းတရားစီရင်ရေးအဖွဲ့က ယင်းပြစ်မှုကြီးအမှတ်(၁/၇၈) နှင့်စပ်လျဉ်း၍ ဦးထွန်းလင်းအပေါ် ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ(၃)ဖြင့် စွဲချက်တင်လိုက်ကြောင်း အမိန့်ချ

မှတ်၏။ အမိန့်တွင် ဦးထွန်းလင်းသည် ဦးကျော်အုန်းနှင့်ပူးပေါင်း၍ ၁၉၇၂ ခုနှစ် ဇန်နဝါရီလမှဒီဇင်ဘာလအထိ ကာလအတွင်း ကော်မရှင်အသုံးစရိတ်များနှင့် ကုန်ကျခဲ့သည့် ညှိခံကျွေးမွေးစရိတ်ငွေစာရင်းများတွင် ငွေပေါင်းနှစ်သောင်း ခြောက်ထောင့်ကိုးရာတစ်ဆယ့်တစ်ကျပ်ကို လိမ်လည်၍ ကုန်ကျငွေ ပိုမိုပြသကာ မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြုခဲ့ခြင်းကြောင့် ယင်း ဥပဒေပုဒ်မ(၃)ဖြင့် စွဲချက်တင်ကြောင်း တရားခံက မည်သည့်အတွက် တရားမစွဲထိုက်ကြောင်း ထုချေရန်ပါရှိ၏။

တရားခံက အပြစ်မရှိကြောင်းနှင့် စစ်မေးပြီး တရားလိုပြ သက်သေများ အနက်မှ လေးဦးကို ပြန်ခေါ်လိုသောဆန္ဒရှိကြောင်း လျှောက်ထား၏။ အမှုကို မေ (၁၇) ရက်တွင် ဆက်လက်စစ်ဆေးရန် ချိန်းဆိုလိုက်၏။ မတရားမှုသည် ကြာမြင့်ခဲ့ပါသည်။ ၁၉၇၈ ခု၊ မေလ (၁၂)ရက်နေ့တွင် ဦးဇော်ဖေနှင့်ပတ်သက်သည့် ပြစ်မှုကြီးအမှတ်(၁၁/၇၈) စစ်ဆေးခဲ့ရာ ကိုယ်တိုင်ကာတိသစ္စာပြု၍ သက်သေအဖြစ် တိုင်းတရားစီရင်ရေးအဖွဲ့(၁)တွင် အစစ်ခံခဲ့ကြောင်းကို မေလ ၁၃ ရက်ထုတ် သတင်းစာများတွင် ဖော်ပြခဲ့ပါသည်။ အထောက်အထားအလို့ငှာ သတင်းစာဟောင်းများကို ရှာဖွေကူးယူခဲ့ရကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ဦးဇော်ဖေသည် (၁၉၅၁)ခုနှစ်မှစ၍ တပ်မတော်သို့ ဝင်ရောက်ခဲ့ပြီး ရာထူးအဆင့်ဆင့်တိုးမြှင့် ထမ်းဆောင်ခဲ့ပုံများ။ (၁၉၆၃) ခုမှ (၁၉၇၇) ခုနှစ် အထိ ပါတီတာဝန်ထမ်းဆောင်ခဲ့ပုံများ။ ကော်မရှင်တာဝန်များဆောင်ရွက်ခဲ့စဉ်က ကော်မရှင်အသုံးစရိတ်များကို ပါတီရန်ပုံငွေစည်းမျဉ်းစည်းကမ်း၊ ပါတီဗဟိုကော်မတီ၏ ညွှန်ကြားချက်နှင့် ကော်မရှင်က ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများအရ သုံးစွဲခဲ့ပုံများ။ ကော်မရှင်ခရီးမထွက်ခင် ကြိုတင်ငွေတစ်ထောင်မျိုး၊ ငါးရာမျိုးကို ကိုဖုန်းသန့်အား ပေးအပ်ပြီး အရက်၊ စီးကရက်၊ သကြားလုံး စသည့် ပစ္စည်းများ ကြိုတင်ဝယ်ခိုင်းပြီး ၎င်းကိုပင် သိမ်းဆည်းရန် တာဝန်ပေးခဲ့ပုံများ။ မိုးနဲခရီးစဉ်၌ ငွေနှစ်ရာ၊ ၁၆-၅-၇၂ ရက်နှင့် ၁၇-၅-၇၂ ခရီးစဉ်အတွက် ငွေ တစ်ထောင့်နှစ်ဆယ်ကျပ်တို့ကို သုံးစွဲခြင်းနှင့် ပတ်သက်၍ အမှန်တကယ် သုံးစွဲခဲ့သည်ကို ပေးချေရန် မိမိအောက်က တာဝန်ပေးထားသူအား ပြောခဲ့သည့်အပြင် ပြေစာလည်းရယူခိုင်းပုံ၊ စာရင်းကို တင်ပြရာမှာ

အမှန်ကုန်ကျသည်ဟု ယူဆသဖြင့် လက်မှတ်ရေးထိုးပေးခဲ့ပုံ၊ ကော်မရှင်ခရီးထွက်ရာတွင် ခရိုင်နှင့်မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီများက ညှော်ခံကျွေးမွေးရသည်ဟု ဆိုသည်မှာ မမှန်ပုံ၊ ခရီးစဉ်များတွင် လုံခြုံရေးအတွက် လိုက်ပါသူများ၊ ကြိုဆိုသူများ၊ ယာဉ်များ ထိန်းသိမ်းရန် လိုက်ပါသူများရှိခဲ့ပြီး စည်းဝေးပွဲများ၌ ကျွေးမွေးမှုင် ဝင်ရောက်စားသောက်ကြခြင်းရှိသည့်အတွက် ၎င်းတို့ စားရပါဟုဆိုသည်မှာ မဟုတ်ပုံ၊ လှိုင်လင်၊ တောင်ကြီးခရီးစဉ်တွင် ထမင်းထုပ်ငါးဆယ် စီစဉ်ပေးရသည့်အတွက် အုပ်ချုပ်ရေးအရာရှိနှင့် ကိုဖုန်းသန့်တို့က တစ်ထုပ်ငါးကျပ်နှုန်းနှင့် ငွေပေးချေခဲ့ရသည်ဟု ၎င်းအား သတင်းပို့ခဲ့ပုံများ၊ တောင်ကြီးဒေါ်ကြည်ထမင်းဆိုင်၌ ထမင်းစားခဲ့ပုံများ၊ တောင်ကြီးနှစ်ရက်အတွက် တစ်နေ့ လူလေးဆယ့်ကိုးယောက်စီအတွက် ငွေပေးချေခဲ့ရသည်ဟု အုပ်ချုပ်ရေး အရာရှိနှင့် ကိုဖုန်းသန့်တို့က သတင်းပို့ခဲ့ပုံများ၊ ကလောတွင် အစည်းအဝေးလုပ်ခဲ့ရာ၌ ပါတီနှင့် မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီက စီစဉ်ခဲ့ပြီးကုန်ကျစရိတ်ကို ကော်မရှင်ငွေနှင့် ပေးချေခဲ့ရသည်ဟု အုပ်ချုပ်ရေးအရာရှိက ပြောသဖြင့် သိရှိရပုံများကို ထွက်ဆိုသွား၏။ အမှုကို မေ ၁၉ ရက်တွင် ဆက်လက်စစ်ဆေးရန် ချိန်းဆိုလိုက်၏။ (သတင်းစဉ်)

ဆက်တိုက်စစ်ဆေးလာခဲ့သည်မှာ မေ ၁၅ ရက်နေ့တွင် ဦးသန်းစိန်အမှုစစ်ဆေးခဲ့ပါသည်။ ဦးသန်းစိန်ကိုယ်တိုင် ကတိသစ္စာပြု၍ ၎င်းနှင့်ပတ်သက်သည့် ပြစ်မှုကြီးအမှတ်(၇/၇၈)အတွက် တိုင်းတရားစီရင်ရေးအဖွဲ့(၁)တွင် အစစ်ခံထွက်ဆိုခဲ့ပါသည်။ နောက်နေ့ထုတ်သတင်းစာများမှ ကျွန်မတို့စောင့်ပြီး ဖတ်ရှုကြရ ပါ၏။

## မင်္ဂလာဆောင်အတွက်

တရားခံက ၎င်း၏သမီး မင်္ဂလာဆောင်ညှော်ခံ ကျွေးမွေးရေးအတွက် ဦးရဲတင်ဝင်းနှင့်ဆွေးနွေးခဲ့ပုံ၊ လူတစ်ထောင့်ငါးရာအတွက် ငွေ ၆၅၀၀ဝိခန့် ကုန်ကျမည့် မင်္ဂလာအခမ်းအနားအပြီး နှစ်ရက်အကြာ ဦးရဲတင်ဝင်းအား ပေးလိုက်သည့် ငွေနှင့် ယ်သည့်ပစ္စည်း လောက်ငမှု ရှိမရှိမေးခဲ့ပုံ၊ ရှင်းတမ်းတောင်းခဲ့ပုံများနှင့် ဦးရဲတင်ဝင်း ထွက်ချက်၌ပါသော ၎င်းက ဦးရဲတင်ဝင်းအားခေါ် ပြီး ရိပ်သာက နို့ဆီနှစ်သေတ္တာ၊ နယားစီးကာရက် ကာတွန်းလေးဆယ်၊ သကြားဆယ့်ငါးပိဿာ၊ ကော်ဖီမှုန့်ဆယ်ပေါင်

နှင့် လက်ဖက်ခြောက်ငါးပေါင်တို့ စီစဉ်ပေးရန်နှင့် မုန့်မှိုးစုံ လေးရာ ပြည်သူ့မှန့်တိုက်က မှာပေးရန် ပြောဆိုသည်မှာ မမှန်ကြောင်း၊ သမီးမင်္ဂလာဆောင်အတွက် ကုန်ကျငွေများကို ဦးရဲတင်ဝင်းအား ကြိုတင်ငွေပေးခဲ့ကြောင်း၊ ယခင်ကရော မင်္ဂလာဆောင်ချိန်နှင့် နောက်ပိုင်းတို့တွင် ရိုးသာကပစ္စည်းကို မိမိအိမ်သို့ ပို့ပေးခဲ့ရန် မပြောခဲ့ဘူးကြောင်း ထွက်ဆိုသွား၏။

**လျှောက်လဲချက်ပေး**

ယင်းပြစ်မှုကြီးအမှတ်(၇/၇၈)ကို ဆက်လက်စစ်ဆေးရန်နှင့် ပြစ်မှုကြီးအမှတ်(၈/၇၈)အတွက်နှစ်ဘက်သော အကျိုးဆောင်များကအပြီး သတ်လျှောက်လဲချက်ပေးရန် မေလ (၂၂)ရက်သို့ ချိန်းဆိုလိုက်၏။

မေလ (၁၆)ရက်နေ့တွင် ဦးတင်အေးကျော်နှင့်ပတ်သက်သည့် အနိုင်အထက်စွဲဆိုထားသော အမှုတွေကို ပြစ်မှုကြီးအမှတ်(၁၃/၇၈)အတွက် အပြီးသတ်အမိန့်ချမှတ်ရန် မေလ (၃၀)ရက်နေ့သို့ ချိန်းဆိုလိုက်ကြောင်းကို နောက်နေ့သတင်းစာတွေထဲမှာ ဖတ်ရှုသိရှိရပါသည်။

ထိုနေ့မှာပင် ဦးထွန်းလင်းအပေါ် မတရားစွပ်စွဲထားသည့် ပြစ်မှုကြီးအမှတ်(၂/၇၈)ကို ဆက်လက်စစ်ဆေးပါသည်။ တရားခံဟု ခေါ်ဆိုသတ်မှတ်ခြင်းခံနေရသော ဦးထွန်းလင်းက ၎င်း၏အကျိုးဆောင်၏ ဖြေရှင်းမေးမြန်းချက်များနှင့် တရားလိုအကျိုးဆောင်၏ ပြန်လှန်မေးခွန်းများကို ဖြေကြားထွက်ဆိုသွား၏။

**ထွက်ဆို**

ဦးထွန်းလင်းနှင့်ပတ်သက်သည့် ပြစ်မှုကြီးအမှတ် (၁/၇၈)အတွက် ပြန်ခေါ်သက်သေ ဦးမောင်မောင်က သက်သေခံတင်ပြထားသည့် စာရင်းစစ် အစီရင်ခံစာကိစ္စ၊ ကော်မရှင်အဖွဲ့ ခွဲများ၏ အသုံးစရိတ်စာရင်းတွင် ချွတ်ယွင်းချက် တွေ့ရှိရပုံများ၊ ယင်းကိစ္စနှင့်ပတ်သက်၍ ဦးထွန်းလင်းအပါအဝင် သုံးဦးတို့အား ရုံးတင်တရားစွဲထားပုံများ ကို လည်းကောင်း၊ ပြန်ခေါ်သက်သေ ဦးကျော်အုန်းက ၁၉၇၅ ခုနှစ်အတွင်း ဦးထွန်းလင်းနှင့် ဘားအံခရီးလိုက်ပါခဲ့ရပုံ၊ ပါတီရန်ပုံငွေ ကိုးရာကျပ်ဖြင့် ပြည်သူ့ဆိုင်မှ ပစ္စည်းများကို ၎င်းဝယ်ယူခဲ့ရခြင်း မဟုတ်ဘဲ ဦးထွန်းလင်း၏ကိုယ်ရေးအရာရှိက

ယ်ယူခဲ့ပုံနှင့် ခရီးမထွက်ခင် ဦးထွန်းလင်းအတွက် နိုင်ငံခြားစီးကရက် ကြိုတင်ဝယ်သွားခဲ့ရပုံကို လည်းကောင်း၊ ပြန်ခေါ် သက်သေ ဦးသန်းမောင်က သက်သေခံတင်ပြထားသော စာရင်းစစ်အစီရင်ခံစာ၌ အခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မရှင် ကြိုတင်ပြင်ဆင်မှုကော်မရှင်နှင့် ပြည် လုံးကျွတ်ဆန္ဒခံယူပွဲကော်မရှင် အသုံးစရိတ်များ စစ်ဆေးရာ၌ တွေ့ရှိရသည့် အချက်အလက်များ ဖော်ပြထားပုံနှင့် စစ်ဆေးခဲ့ပုံများကိုလည်းကောင်း၊ ပြန်ခေါ်သက်သေ ဦးနွဲ့လှိုင်က ၎င်းလက်မှတ်လိမ်ထိုးခဲ့ရခြင်းနှင့် ပတ်သက်သည်တို့ကို လည်းကောင်း၊ အသီးသီး ထွက်ဆိုသွားကြ၏။ ယင်းပြစ်မှုကြီးတို့ကို မေလ (၂၃) ရက်နေ့တွင် ဆက်လက်စစ်မေးရန် ချိန်းဆိုလိုက်ပါ၏။

မေလ (၁၇)ရက်နေ့တွင် ဦးထွန်းလင်းနှင့် ပတ်သက်သည့် ပြစ်မှုကြီးအမှတ် (၃/၇၈)နှင့် (၄/၇၈)တို့ကို ဆက်လက်စစ်ဆေးပြန်ပါသည်။

**ထွက်ဆို**

ပြန်ခေါ်သက်သေ ဦးမောင်မောင်က ၁၉၇၅ ခုနှစ် ဘားအံခရီးစဉ်တွင် ဘဏ်ရန်ပုံငွေမှ ငွေကိုးရာကျပ်နှင့် သုံးရာကျပ်ကို သုံးစွဲခဲ့ခြင်းနှင့်စပ်လျဉ်း၍ ဦးကျော်အုန်းအား စစ်ဆေးခဲ့သည်မှာ ထိုခရီးစဉ်အတွက် အသုံးငွေစာရင်းများကို လိမ်လည်ပြုသည်ဟု သတင်းရသဖြင့်ဖြစ်ကြောင်းနှင့် ဦးကျော်အုန်းက ဦးထွန်းလင်းကို ပုံချသည့်အတွက် ဦးထွန်းလင်းကို စစ်ဆေးခဲ့သည်ဆိုသည်မှာ မဟုတ်ကြောင်းကိုလည်းကောင်း၊ ပြန်ခေါ်သက်သေ ဦးကျော်အုန်းက သက်သေခံ တင်ပြထားသောစာရင်းများကို ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ခဲ့ရခြင်းကြောင်း၊ လစဉ် ဦးထွန်းတင် တင်ပြသည့် စာရင်းကို ၎င်းက ပြန်လည်ညှိနှိုင်းရသည်မှာ ဦးထွန်းလင်း ပြောပြချက်အရဖြစ်ကြောင်း၊ ယခုအမှုနှင့်ပတ်သက်၍ ဦးထွန်းလင်းက ငွေထုတ်ယူသုံးစွဲခြင်းလည်းမရှိ၊ စာရင်းညှိနှိုင်းခြင်းလည်း မရှိဟုဆိုလျှင် မမှန်ကြောင်းများကိုလည်းကောင်း၊ ပြန်ခေါ်သက်သေ ဦးနွဲ့လှိုင်က ဦးထွန်းလင်း လက်မှတ်ထိုးရန်အတွက် ဦးကျော်အုန်းနှင့်အတူ ပါတီဌာနချုပ်ရုံးသို့ လိုက်ပါသွားခဲ့ရာတွင် ဦးထွန်းတင် ပြုစုသည့်စာရင်းများကို တစ်ခါမှယူသွားရခြင်း မရှိကြောင်းကိုလည်း ကောင်း၊ ပြန်ခေါ်သက်သေ ဦးထွန်းတင်က ငွေထုတ်သည့်အခါတိုင်း ဦးကျော်အုန်းက ၎င်းအားပြေစာနှစ်စောင် လက်မှတ်ရေးထိုးခိုင်းပြီး

တစ်စောင်ယူသွားကြောင်း၊ တစ်စောင် ၎င်းအားပေးကြောင်း၊ ထိုသို့စာရင်းများ ပြုစုတင်ပြရာ၌ သတ်မှတ်သည့် ပုံစံမပါကြောင်း၊ တင်သည့်စာရင်းများ နည်းလမ်းမကျ၍ စာရင်းသီးခြားလုပ်ရမည်ဟု မပြောခဲ့ကြောင်းများကို လည်းကောင်း အသီးသီးထွက်ဆို သွားကြ၏။ ထိုအမှုကို မေလ (၂၄)ရက်တွင် ဆက်လက်စစ်ဆေးရန် ချိန်းဆိုလိုက် လေရာ စစ်ဆေးချက်တွေက တရားခံဟုစွပ်စွဲထားသူအတွက် လွတ်လမ်းတွေ့စရာ အကွင်းအကွက် ပေးမည်မထင်သော ကျွန်မမှာ ပိုပြီးတော့သာ ရင်လေးလာရပါသည်။

မေလ (၁၈)ရက်နေ့တွင် ဦးတင်ဝင်းညိုနှင့်ပတ်သက်သည့် ပြစ်မှုကြီး အမှတ် (၁၀/၇၈)ကို ဆက်လက်စစ်ဆေးပြန်ပါသည်။

ကျွန်မ၏ဖေဖေ (သူတို့၏တရားခံ)က ကတိသစ္စာပြု၍ သက်သေအဖြစ် ဆက်လက်အစစ်ခံရာ၌ ဦးရဲတင်ဝင်း၏ ထွက်ချက်ပါ အိမ်သုံး လူသုံးကုန်ပစ္စည်း များ ဝယ်ရာတွင် ၎င်းကတိုက်ရိုက်အမိန့်ပေးမှ ဝယ်သည်ဆိုခြင်းမှာ မမှန်ကြောင်း၊ သို့ရာတွင် သီးခြားလိုအပ်သည့် ရေစုပ်စက်လို ပစ္စည်းမျိုးဆိုလျှင် ၎င်းအားပြောပြီး- သီးခြားလျှောက်ထားရန် ပြောခဲ့ကြောင်း၊ ဦးရဲတင်ဝင်းက နို့ဆီတစ်သေတ္တာ၊ သကြား ဆယ်ပိဿာ၊ ဆန်တစ်အိတ် လစဉ် ဦးထွန်းလင်းအိမ် ပို့ပေးရန်အတွက် တင်ပြသဖြင့် ၎င်းက ပို့ပေးရန် ညွှန်ကြားသည်ဆိုသည်မှာလည်း မဟုတ်ကြောင်း၊ ၁၉၇၁ ခုနှစ်က ၎င်းသည် အနောက်တောင်တိုင်းစစ်ဌာနချုပ်တွင် တာဝန်ထမ်း ဆောင်လျက်ရှိသဖြင့် ဦးရဲတင်ဝင်း၏ ဖြောင့်ဆိုချက်ပါ ဦးထွန်းလင်းအိမ် နို့ဆီသကြားဆန်ပို့ရသည့်ကိစ္စမေပြီး ၎င်းအိမ်သို့ ထိုပစ္စည်းသုံးမျိုး ပို့ခိုင်းသည်ဆိုသည် မှာလည်း မဟုတ်ကြောင်း၊ ၎င်းသည် ၁၉၇၄ ခု၊ ဧပြီ (၁၃)ရက်ကမှ ပါတီဌာနချုပ်သို့ ရောက်ရှိခဲ့ကြောင်းနှင့် အစည်းအဝေး တက်ရောက်သည့် လူဦးရေနှင့် ကျွေးမွေး ဧည့်ခံရသည့်ကိစ္စများကို ထွက်ဆိုနေစဉ် ရုံးချိန်ကုန်ခဲ့သွားသဖြင့် ၎င်းအား စစ်ဆေးခြင်းကို ရပ်နားလိုက်ပြီး မေလ(၂၅)ရက် နေ့တွင် ဆက်လက် စစ်ဆေးရန် ချိန်းဆိုလိုက်၏။

(အဲဒီနေ့က ကျွန်မတို့မိသားစုလည်း တရားရုံးခန်းမတွင် ရှိနေမည်ဟု ပြန် လည်မှန်းဆကြည့်မိပါသည်။ ဖေဖေသည် အိမ်သို့ ထိုပစ္စည်းသုံးမျိုး ပို့ခိုင်းဖို့လည်း စိတ်ကူးရမှာမဟုတ်၊ သူ့ရှေ့မှောက်သို့ ရောက်လာသည့်အခါ စားသောက်ရုံသာရှိလျက်

အလုပ် အလုပ် အလုပ်ကိုသာ အာရုံဝင်စားသူဖြစ်ပါသည်။)

မေလ (၁၉)ရက်နေ့တွင် ဦးဇော်ဖေ ကတိသစ္စာပြုထွက်ဆိုသည်ကို နောက်နေ့သတင်းစာများတွင် ဖော်ပြပါရှိလာပါသည်။ ဦးဇော်ဖေကိုယ်တိုင် သက်သေအဖြစ် ဆက်လက်ထွက်ဆိုရာတွင် ကော်မရှင်အဖွဲ့ ခွဲ၏ လှိုင်လင်၊ တောင်ကြီးခရီးစဉ် အစည်းအဝေးတက်ရောက်သည့်လူဦးရေ ကော်မရှင်နှင့်လိုက်ပါသူများ၊ ကော်မရှင်အဖွဲ့ခွဲက ဧည့်ခံကျွေးမွေးသည့် စရိတ်များ၊ အရက်၊ စီးကရက်၊ သကြားလုံးဝယ်သွားသည့်ကိစ္စများ၊ ကော်မရှင်အဖွဲ့ ခွဲအသုံးစရိတ်စာရင်းတွင် စာရင်းသဘောအရဆောင်ဝင်အောင်လူဦးရေနှင့် ညှိနှိုင်းခြင်းကိစ္စနှင့် ကော်မရှင်အဖွဲ့ခွဲအသုံး စရိတ်စာရင်းများကို ရှင်းလင်းထွက်ဆိုသွားပြီး ယခုအမှုတွင် မိမိအပေါ်စွပ်စွဲထားသည့် စွဲချက်များသည် မမှန်ကန်ကြောင်း၊ မိမိတွင် မပြစ်မရှိကြောင်း၊ မိမိအပေါ် စွဲချက်တင် ထားသည့် ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ (၃)အရလည်း သုံးစွဲခဲ့သည့်ငွေများမှာ အစိုးရငွေမဟုတ်ဘဲ ပါတီ ရန်ပုံငွေဖြစ်သည့်အတွက် ၎င်းဥပဒေနှင့် မသက်ဆိုင်ကြောင်းများကို ထွက်ဆိုသွား၏။

တရားလိုအကျိုးဆောင်၏ ပြန်လှန်မေးခွန်း ဖြေကြားထွက်ဆိုရာတွင်လည်း တော်လှန်ရေးကောင်စီကြေငြာချက် အမှတ်(၄၇)အရ ၁-၁၀-၆၃ ရက်ကစပြီး ပါတီကို ပြည်သူ့ဘဏ္ဍာငွေမှ ကျခံစေရမည်ဟု ကြေငြာထားသည်ကိုသိကြောင်း၊ ကော်မရှင်အသုံးစရိတ်ငွေသည် ပြည်သူ့ဘဏ္ဍာမှ ပါတီကိုထောက်ပံ့ထားသည့်ငွေဖြစ်သည်ဟု ဆိုလျှင် တစ်စိတ်တစ်ဒေသမှန်ကြောင်း၊ စာရင်းတစ်ခုကို လေးငါးနှစ်ကြာပြီးမှ အထူးစုံစမ်းစစ်ဆေးရေးဌာနက စုံစမ်းအရေးယူ အမှုဖွင့်ခြင်းမှာ မမှန်ဟု တင်ပြခဲ့ခြင်းမှာ ပြစ်မှုဥပဒေတွင် ကာလစည်းကမ်းသတ်မှတ်ချက် မရှိဆိုသည်မှာ ဥပဒေအရ မှန်သော်လည်း မိမိသည် ပါတီတာဝန်ထမ်းဆောင်ခဲ့သည့် အတွက်ပါတီအတွင်း ပထမစုံစမ်းစစ်ဆေးပြီးမှ ပြစ်မှုကျူးလွန်ကြောင်း တွေ့လျှင် ဆက်လက်၍ ဥပဒေအရ အရေးယူသင့်သည်ဟု တင်ပြခြင်းဖြစ်ကြောင်း၊ ပါတီ ဝင်တစ်ဦးသည် ပါတီစည်းကမ်းတစ်ရပ်ရပ် ဖောက်ဖျက်လျှင် ပါတီဆုံးဖြတ်ချက်ကို နာခံရကြောင်း၊ နိုင်ငံတော်တရားဥပဒေတစ်ရပ်ရပ်ကို ကျူးလွန်လျှင်လည်း ဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း၊ ပါတီစည်း

ကမ်းအရ အရေးယူခြင်း ခံရသော်လည်း ငွေရေးကြေးရေးအရ အရေးယူခံရခြင်း မရှိကြောင်းများနှင့် ကော်မရှင်အဖွဲ့ခွဲ၏ ခရီးစဉ်များ အစည်းအဝေးများ၌ ပါဝင်တက်ရောက်သည့် လူဦးရေနှင့် ကျွေးမွေးခြင်းကိစ္စ၊ လိုက်ပါခဲ့ရသော ကိုဖုန်းသန်းနှင့် ကိုနီတွတ်တို့အား ကုန်ကျစရိတ်စာရင်းများ ပြုလုပ်နိုင်ခြင်းကိစ္စများကို ဖြေကြားထွက်ဆိုပါသည်။ ရုံးချိန်ကုန်ဆုံးသွားသဖြင့် မေ ၂၆ ရက်သို့ ရုံးချိန်းပေးပါသည်။ (သတင်းစဉ်)

အမေမွှအမှုဖွင့် စစ်ဆေးကြသည်ဟု ကျွန်မဆိုချင်သည်ကလည်း စာရင်းတစ်ခုကို လေးငါးနှစ်ကြာပြီးမှ အထူးစုံစမ်းစစ်ဆေးရေးဌာနက စုံစမ်းအရေးယူအမှုဖွင့်ခြင်းမှာ မတရားဘူးဟု ယူဆပါသည်။ ပြစ်မှုဥပဒေတွင် ကာလစည်းကမ်းသတ်မှတ်ချက် မရှိဆိုသည်မှာ ဥပဒေအရ စစ်ဆေးရန် အကြောင်းတရားတွေ ရှိသင့်ပါသည်။ နင်မဟုတ်လျှင် နင့်အဖေဖြစ်မယ်ဆိုသော စွပ်စွဲချက်မျိုးပြုလုပ်ကာ နိုင်ငံတော်၏ ဂုဏ်သိက္ခာညစ်နွမ်းစေခဲ့သည်ဟု ကျွန်မမှတ်ချက်ချလိုပါသည်။

"ပါတီတာဝန်ထမ်းဆောင်နေခြင်းပင် ဖြစ်ပါစေ၊ အမေမွှဝါဒီတို့အတွက် ဖမ်းချင်ဖမ်း၊ အပြစ်ပေးချင်ပေးနိုင်သည်ဟု အဓိပ္ပါယ်ပေါက်နေတာမို့ စိတ်မသက်သာဖြစ်ရပါသည်။

မေလ ၂၃ တွင် ဦးထွန်းလင်းနှင့်ပတ်သက်သော ပြစ်မှုကြီးအမှတ် (၂/၇၈) အတွက် တရားခံပြသက်သေများ ဖြစ်ကြသော ဦးတင်ဝင်းညိုနှင့် ဦးကျော်ဖေတို့အား ရုံးတော်က စစ်ဆေးသည်ဟု သတင်းစာတွေက ဖော်ပြပါသည်။ ဦးတင်ဝင်းညို ထွက်ဆိုသည်မှာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အမြဲတမ်းပါတီကာလတွင် ရန်ပုံငွေကို အစိုးရက ထောက်ပံ့ခဲ့ပုံ၊ ပြည်သူ့ပါတီဖြစ်လာသည့်ကာလတွင် ဥပဒေပြဋ္ဌာန်းပြီး နိုင်ငံတော်က ထောက်ပံ့ခဲ့ပုံ၊ ပြည်သူ့ဘဏ္ဍာငွေမှ ထောက်ပံ့ကြေးအပြင် ပါတီစာနယ်ဇင်းရောင်းရငွေ ပါတီဝင်ကြေး၊ ပါတီဝိုင်ပစ္စည်း ရောင်းရငွေများလည်း ပါဝင်ပုံ ပါတီရန်ပုံငွေအသုံးစရိတ် စည်းမျဉ်းလုပ်ထုံးလုပ်နည်းများ၊ သက်သေခံ ဦးစိုးလွင်တစ်ယောက်တည်းက ငွေထုတ်ပေးသူရော၊ ငွေလက်ခံသူရောအဖြစ် လက်မှတ်ထိုးထားသည့်ကိစ္စ ညှိနှိုင်း အစည်းအဝေးပြု လုပ်ခဲ့ရပုံ၊ သက်သေခံပြေစာများတွင်ပါသော အချိန်ကာလ

များအတွင်း၌ ပါတီရန်ပုံငွေသုံးစွဲခြင်း ရှိမရှိအတိအကျမပြောနိုင်ပုံ၊ ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီးသည့်အခါတိုင်း ပါတီသို့ ထုတ်ပေးခဲ့သောထောက်ပံ့ငွေများကို ဥပဒေနှင့်အညီ သုံးစွဲ ခဲ့ကြောင်းကို နိုင်ငံတော်ကောင်စီသို့ အကြောင်းကြားရပုံ၊ နိုင်ငံတော်ကို ဦးဆောင် သည့်ပါတီဖြစ်သဖြင့် ရန်ပုံငွေများကို မည်သို့မည်ပုံ သုံးစွဲသည်ကို နိုင်ငံတော်ကောင်စီသို့ အစီရင်ခံမည်ဟု မယူဆပဲ ဥပဒေအရဘဏ္ဍာရေး နှစ်ကုန်ဆုံးသည့်အခါမှာ ထောက်ပံ့ ငွေများမှသုံးစွဲပြီး ကျန်သည့်ငွေအတွက် စာရင်းသဘောအရ ညှိနှိုင်းနိုင်အောင် နိုင်ငံတော် ကောင်စီသို့ ပြန်ကြားရန်လိုအပ်သည်ဟု ယူဆပုံ၊ ၎င်းပါတီဌာနချုပ်၌ တာဝန်ထမ်း ဆောင်ခဲ့စဉ် တစ်နှစ်တစ်ခါ ခရီးထွက်ခဲ့ရာတွင် ကြိုတင်ငွေထုတ်ယူသွားခြင်း မရှိသော် လည်း အခြားပုဂ္ဂိုလ်များ ခရီးသွားရာတွင် ငွေထုတ်ရန်လိုလျှင် ဆိုင်ရာကိုယ်ရေး အရာရှိက ဆောင်ရွက်ကြပုံများကို ထွက်ဆိုသွား၏။

ဦးကျော်ဖေက ၎င်းဆယ်တန်းကျောင်းသားဘဝက ဦးထွန်းလင်းကို ရှစ်တန်း ကျောင်းသားအဖြစ်သိခဲ့ပုံ၊ ဦးထွန်းလင်း ညောင်ရွှေစော်ဘွားထံ၌ အမှုထမ်းစဉ် ၎င်းက ဗိုလ်ချုပ်-မိုင်းပြင်း၌ အလုပ်လုပ်ခဲ့ပုံ၊ ဂျပန်ခေတ် ဟဲဟိုးလေယာဉ်ကွင်း သွားလုပ်ပေး စဉ် ဦးထွန်းလင်းနှင့် ပြန်တွေ့ပုံ၊ ရန်ကုန်တွင် တစ်ဦးနှင့်တစ်ဦး အိမ်များသို့ အဝင် အထွက်ရှိခဲ့ပုံ၊ ဦးထွန်းလင်း မည်သည့်အလုပ်လုပ်သည်ကို လုပ်ငန်းအနေဖြင့် မသိပုံ၊ ငွေရေးကြေးရေး မည်ကဲ့သို့ သုံးစွဲသည်ဆိုသည်ကိုလည်း ၎င်းအနေဖြင့် မသိပုံများကို ထွက်ဆိုသွား၏။ ယင်းအမှုကို ဇွန် (၆)ရက်တွင် ဆက်လက်စစ်ဆေးရန် ချိန်းဆိုလိုက် ပါသည်။

မေ ၂၄ တွင် ဦးထွန်းလင်းနှင့်ပတ်သက်သည့် ပြစ်မှုကြီးအမှတ်(၃/၇၈) နှင့် (၄/၇၈)တို့ကို စစ်ဆေးပါသည်။ တရားလိုပြသက်သေပါတီဌာနချုပ်ဌာနခွဲမှူး ဦးစိုးလွင်က နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေးကော်မရှင် အစည်း အဝေးများ ကျွေးမွေးဧည့်ခံရေးအတွက် ကုန်ကျမည့်ငွေများကို ဦးကျော်အုန်းထံမှ ထုတ်ယူပြီးက ကမ္ဘာဇရိပ်သာမှူး ဦးထွန်းတင်အား တာဝန်ပေးခဲ့ပုံများ၊ တရားစီရင် ရေးအဖွဲ့တွင် တင်ပြထားသော သက်သေခံ ဦးကျော်အုန်းနှင့် ဦးထွန်းတင်တို့ ပြုစု ထားသည်ဆိုသော စာရင်းများကို မပြင်ဘူးခဲ့ပုံနှင့် နှစ်ဖက်သော အကျိုးဆောင်များ၏

မေးခွန်းများကို လည်းကောင်း၊ တရားလိုပြသက်သေ အဝထူးစုံစမ်း စစ်ဆေးရေးဦးစီးဌာန ဒုတိယလက်ထောက် ညွှန်ကြားရေးမှူးများ ဖြစ်ကြသော ဦးလှရွှေနှင့် ဦးခွန်တင်အေး တို့က ဦးကျော်အုန်း ဖြောင့်ချက်ပေးနိုင်ရန်အတွက် ဆောင်ရွက်ပေးခဲ့ပုံ၊ ၎င်း၏အိမ်မှ ရှာဖွေတွေ့ရှိသော မသက်ဆိုင်ဖွယ်ရာ စာရင်းများကို အထက်အရာရှိသို့ လွှဲပြောင်း ပေးအပ်ခဲ့ပုံ၊ သက်သေဦးစိုးလွင်အား စစ်ဆေးခဲ့ပြီး စစ်ဆေးချက်ကိုလည်း ခိုင်ရာသို့ တင်ပြပေးခဲ့ပုံများကို လည်းကောင်း၊ ထွက်ဆိုသွားကြ၏။

ယင်းအမှုများအတွက် သက်သေပါတီဌာနချုပ် ဘဏ္ဍာရေးဌာနခွဲမှူး ဦးအောင်ကြီးကလည်း ပါတီအသုံးစရိတ်များကို ငွေကြေးထောက်ပံ့သည့် ဥပဒေ ပြဋ္ဌာန်းသတ်မှတ်ပေးခဲ့ပုံ၊ ပြဋ္ဌာန်းချက်နှင့်အညီ နှစ်ကုန်သည့်အခါ ယင်းထောက်ပံ့ ငွေများကို ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ သုံးစွဲခဲ့ကြောင်းကို နိုင်ငံတော်ကောင်စီသို့ ပေးပို့ရပုံ၊ ကော်မရှင်သုံးစွဲရန်ပေးသော ငွေများသည် ပြည်သူ့ဘဏ္ဍာငွေဖြစ်ပုံ၊ ဦးထွန်းလင်းသည် ဆောင်ငွေတာဝန်ခံဖြစ်ခဲ့ပုံများနှင့် နှစ်ဖက်သောအကျိုးဆောင် များ၏ မေးမြန်းချက်များကို ဖြေကြားထွက်ဆိုသွား၏။

ထိုနောက်ပြစ်မှုကြီးအမှတ်(၄/၇၈)တရားလိုပြသက်သေ ဦးနီမင်းက သက် သေခံပါရှိသည့် ဦးစိန်မြင့်ဆိုသည့် လက်မှတ်များမှာ နမူနာစာချုပ်ပါ လက်မှတ်များနှင့် တူညီမှုမရှိပုံများကို လည်းကောင်း၊ တရားလိုပြသက်သေ ဦးစိန်မြင့်က သက်သေခံပါ စိန်မြင့်ဆိုပြီး ထိုးထားသောလက်မှတ်သည် ၎င်း၏ လက်မှတ်မဟုတ်ပုံ၊ ၎င်းသည် ကော်မရှင်ရုံးအတွက် စားသောက်ကုန်ပစ္စည်းများနှင့် အခြားပစ္စည်းများဝယ်ရန် တာဝန် မရှိသလို ဝယ်လည်းမပေးခဲ့ရပုံ၊ ဖော်ပြထားသော ငွေများကိုလည်း မရရှိခဲ့ပုံများနှင့် တရားခံအကျိုးဆောင်၏ မေးခွန်းများကို ဖြေကြားထွက်ဆိုသွား၏။ မေ (၁၁)ရက်တွင် ဆက်လက်စစ်မေးရန် ချိန်းဆို လိုက်လေသည်။ (သတင်းစဉ်)

မေလ(၂၅)ရက်နေ့တွင် ဆက်လက်၍ ဖေဖေ့ကို အမှုစစ်ဆေးပါသည်။ ဖေဖေက ကတိသစ္စာပြုပြီး ထွက်ဆိုရပါသည်။ ပုသိမ်က ဆန်မှာသည်ဆိုခြင်းမှာ သူမမှာကြောင်း၊ အိမ်ကလူတွေ မှာချင်မှာမည်ဖြစ်ကြောင်း၊ ဦးရဲတင်ဝင်းကို အိမ်ကို ပစ္စည်းဝယ်ရေးခြမ်းရေးကူညီပေးရန် မှာထားရာ၌ ဝယ်ခွင့်ရှိသည်ကိုသာ ဝယ်ပေးရန်

ပြောထားခဲ့ကြောင်း၊ ဦးရဲတင်ဝင်း၊ ဦးစံတင်တို့အနေဖြင့် အိမ်အတွက်ပစ္စည်းများ ယ်ပေးရခြင်းနှင့်ပတ်သက်၍ လက်ခံများကို ဖိုင်လုပ်ပြီးပေးအပ်သည်ဆိုသည်မှာ ဟုတ်ကြောင်း၊ ယခုအမှုကို တရားရုံးရောက်မှ သိရကြောင်း၊ ခိုင်းသည်ကို စနစ် တကျမလုပ်ဘဲ ယခုလို လျော့နည်းကွာခြားမှု ရှိလာမှ လူကြီးများအပေါ် ပုံချ ခြင်းကို တွေ့ရကြောင်း၊ အဖြစ်မှန် ဘယ်လိုရှိမည်ဆိုသည်ကို နှစ်ဖက်သက်သေများ တွက်ချက်ပေါ်မှာ ဆုံးဖြတ်ရမှာဖြစ်ကြောင်း၊ ၎င်းအနေဖြင့် ယခုကိစ္စကို မသိသည်မှာ အမှန်ဖြစ်ကြောင်း၊ ဦးရဲတင်ဝင်းအပေါ် မည်သို့မှ မစွပ်စွဲလိုကြောင်း၊ ယခုကိစ္စမှာ သူ့အကြောင်းနှင့်သူ ဖြစ်လာခြင်းဖြစ်၍ ၎င်းမည်သို့မျှ မတတ်နိုင်ကြောင်းထွက်ဆို သွားပါသည်။

(ဒါတွေကို ပြန်ဖတ်ရှုစဉ်းစားရင်းဖြစ်လာရသော အကြောင်းတွေမှာ သူ့အ ကြောင်းနှင့် သူ့ဟု ဖေဖေက ပြောခဲ့သလိုပင် အကြောင်းရှိသောကြောင့်သာ အကျိုးဆက်တွေဖြစ်ခဲ့ရပြီးထိပ်ပိုင်းမှသည် လက်အောက်ငယ်သားတိုင်းအဆင့်ဆင့် နှင့်နှင့်သီးသီးခံစားကြရသည်ဟု သိရှိနားလည်လာရပါတော့၏။)

တရားလိုအကျိုးဆောင်၏ ပြန်လှန်မေးခွန်းများကို ဖြေကြားထွက်ဆိုရာ တွင် ဖေဖေ ဦးတင်ဝင်းညိုက ပါတီဝင်တစ်ယောက်သည် ရာဇဝတ်မှုကျူးလွန်လျှင် ပါတီစည်းကမ်းနှင့် ပထမအရေးယူရမည်ဟု ပြဋ္ဌာန်းချက်ရှိသလားဆိုလျှင် ပါတီ စည်းကမ်းဖောက်ဖျက်မှုဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်တွင် အလွဲသုံးစားမှု၊ လိမ်လည် မှုများ အကျုံးမဝင်ကြောင်း၊ နိုင်ငံတော်က ပြဋ္ဌာန်းထားသော တရားဥပဒေနှင့် ပါတီစည်းကမ်းတစ်ရပ်ရပ်ကို လိုက်နာရှိသေခြင်းသည် ပါတီဝင်တိုင်းအလေးအနက် ထားရမည့်ကျင့်ဝတ်ဖြစ်ကြောင်း၊ ပါတီစည်းကမ်းတစ်ရပ်ရပ် ဖောက်ဖျက်လျှင် ပါတီ ဆုံးဖြတ်ချက်ကို နာခံရမည်ဖြစ်သလို နိုင်ငံတော်၏ တရားဥပဒေတစ်ရပ်ရပ်ကို ကျူးလွန်လျှင်လည်း ဥပဒေအရအရေးယူခြင်း ခံရမည့်အပြင် ပါတီစည်းကမ်းဖောက် ဖျက်ကျူးလွန်ရာကျပါက ပါတီစည်းကမ်းအရလည်း အရေးယူခံရမည်ဟု ပြဋ္ဌာန်း ချက်ရှိကြောင်း၊ ပါတီဝင်တစ်ယောက်သည် ပါတီပိုင်ပစ္စည်း အလွဲသုံးစားကြောင်း ထင်ရှားတွေ့ရှိလျှင် ၎င်းမှာပါတီလုပ်ငန်းနှင့် မဆိုင်ဆိုသည်မှာ မှန်ကြောင်း၊ အများ

နှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက် ရေးဥပဒေသည် တည်ဆဲဥပဒေ ဖြစ်ကြောင်း၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ထောက်ပံ့ငွေပေးရေး ဥပဒေသည် (၁-၄-၇၄)က အတည်ဖြစ်ခဲ့ပြီး ယင်း ထောက်ပံ့ငွေကို ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် နှစ်စဉ်ရသုံးမှန်းခြေစာရင်းတွင် ထည့်သွင်းလျာထားပေး ရကြောင်း၊ ငွေထုတ်ယူနိုင်ရန် နိုင်ငံတော်ကောင်စီက စီစဉ်ပေးရမည်ဟု ပြဋ္ဌာန်း ထားသည်ဆိုသည်မှာ မှန်ကြောင်း၊ ဦးရဲတင်ဝင်းကို ခိုင်းခြင်းမှာ ပုဂ္ဂလိကရေး အရခိုင်းခြင်း ဖြစ်ကြောင်း၊ ကုန်သွယ်ရေးက ကုန်ပစ္စည်းများကို သတ်မှတ်ထားသည့်အတိုင်း အိမ်ကိုကူညီဝယ်ခိုင်းခြင်းဖြစ်ကြောင်း၊ တိုက်ဆောက်သည်ကို သဘောမတူလို့ မကန့် ကွက်ဘူးလားဆိုလျှင် ၎င်း၏ ဇနီးအမွေရသည့် ငွေကြေးနှင့် သုံးစွဲခြင်းဖြစ်ကြောင်း၊ ၎င်း၏ ငွေကနည်းကြောင်း စသည်ဖြင့် ထွက်ဆိုပါသည်။ ရုံးချိန်ကုန်ဆုံးသွားသဖြင့် ဇွန်(၁)ရက်သို့ ချိန်းဆိုလိုက်ပါသည်။ (သတင်းစဉ်)

မေ (၂၆)တွင် ဦးဇော်ဖေအမှုဆက်လက်စစ်ဆေးပါသည်၊ တရားခံပြ- သက်သေဗိုလ်မှူးတင်စိုးက ၁၉၇၂ ခုနှစ်အတွင်း နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ မူကြမ်းရေးဆွဲရေးကော်မရှင်အဖွဲ့ ခွဲ(၂)နှင့်အတူ ခရီး ၃ ခေါက်ခန့်လိုက်ပါဖူးပုံ၊ ခရီး စဉ်တွင် ဦးဇော်ဖေသည် ရုံးအဖွဲ့နှင့်အတူတူတည်းပြီး ကြိုတင်ဝယ်ယူသွားသည့် အရက်စီးကရက်များကို ကော်မရှင်အဖွဲ့ ခွဲက လိုအပ်သည့်အခါပေးခဲ့ပုံ၊ ကော်မရှင်နှင့် ရုံးအဖွဲ့သို့ ကျွေးမွေးစရိတ်ကို ပေးချေခဲ့ရသည်လည်းရှိပြီး မပေးချေခဲ့ရသည်လည်း ရှိပုံ၊ ခရီးစဉ်များ၌ သုံးစွဲသော ငွေစာရင်းများကို မှန်းထားခဲ့ပြီး ရန်ကုန်ပြန်အရောက် တွင် ပေးငွေနှင့် သုံးငွေစာရင်း ပြုစုပြီး ပိုငွေ/လိုငွေကိစ္စရပ်များကို အတွင်းရေးမှူးနှင့် ရှင်းရပုံများကို ထွက်ဆိုသွား၏။

ဗိုလ်မှူးတင်စိုးက ဆက်လက်၍ တရားလိုအကျိုးဆောင်၏ ပြန်လှန်မေးခွန်း များကို ဖြေကြားထွက်ဆိုသွား၏။ တရားခံပြသက်သေ ဦးအောင်ကြီးက ၎င်းသည် ပါတီဌာနချုပ်စီမံဌာနမှူးကိုယ်စား လာရောက်သက်သေခံခြင်းဖြစ်ကြောင်းနှင့် နှစ်ဖက် သောအကျိုးဆောင်များ၏ မေးမြန်းချက်များကိုပါ ဖြေကြားထွက်ဆိုသွား၏။

တရားခံပြသက်သေ ပါတီစာရင်းစစ်ဌာန လက်ထောက်စာရင်းစစ်ချုပ်

ပွဲတွေးက မိမိသည် ၁၉၇၂ ခု မေလခန့်က ယခင်ပုဂ္ဂိုလ်နှစ်ဦး စစ်ဆေးခဲ့သည့် ချက်ရင်းများကို ညွှန်ကြားချက်နှင့်ညီမညီ ဆက်လက်စစ်ဆေးရခြင်းဖြစ်ကြောင်းနှင့် ထင်ပြထွက်ဆိုစဉ် ရုံးချိန်ကုန်ဆုံးသွားပြီး အမှုကို ဇွန်လ(၂)ရက်သို့ ချိန်းဆိုလိုက်ပါသည်။

မေ (၂၉)တွင် ဦးသန်းစိန် ကတိသစ္စာပြုကာ ယခင်အပတ်က မပြီးပြတ်သော တရားလိုအကျိုးဆောင်နှင့် တရားခံအကျိုးဆောင်တို့၏ ပြန်လှန်မေးခွန်းများကို ဖြေကြားထွက်ဆိုခဲ့ပါသည်။ တရားခံပြသက်သေ ကိုလှသိန်းက ၎င်းပါတီဌာနချုပ်၌ ယာဉ်မောင်းတာဝန်ထမ်းဆောင်စဉ်က ဦးရဲတင်ဝင်း၏ စေခိုင်းချက်အရ ဦးသန်းစိန်၏သမီး မင်္ဂလာဆောင်ကိစ္စအတွက် ကုလားထိုင်၊ စားပွဲများ တင်ပေးခဲ့ရပုံ၊ ထားသောပစ္စည်းများကို ဦးရဲတင်ဝင်းနှင့် လိုက်ဝယ်ခဲ့ရပုံများကိုလည်းကောင်း၊ မောင်ရိုးက ၎င်းပါတီဌာနချုပ်၌ အမှုထမ်းခဲ့စဉ် ဦးသန်းစိန်၏သမီး မင်္ဂလာဆောင် အတွက် ရခဲမုန့်၊ ပလိန်းကိတ်တို့ကို ရှားမီးမှ သွားသယ်ပေးရပုံ၊ ညေ့ခံပွဲ၌ ၎င်းက ကော်ဖီ၊ လက်ဖက်ရည်တို့ ဖျော်ပေးရပုံတို့ကို ထွက်ဆိုသွားပါသည်။

ဦးသန်းစိန်၏ညီမ ဒေါ်စောလှက တရားခံပြသက်သေအဖြစ် အစစ်ခံထွက်ဆိုရာတွင် ဦးသန်းစိန်၏သမီး ဆယ်တန်းဂုဏ်ထူးနှင့် အောင်ခဲ့သဖြင့် အုန်းနို့ခေါက်ဆွဲကျွေးရာတွင် ဦးရဲတင်ဝင်းက တာဝန်ယူဆောင်ရွက်ပေးခဲ့ပုံကိုလည်းကောင်း၊ သမီးမင်္ဂလာဆောင်ကိစ္စအတွက် ဦးရဲတင်ဝင်းနှင့် ဦးသန်းစိန် တို့ဆွေးနွေးခဲ့ပုံ၊ ပစ္စည်းဝယ်ရန် ကြိုတင်ငွေပေးလိုက်ပုံ၊ မင်္ဂလာဆောင်သည့် နေ့တွင်လည်း ဦးရဲတင်ဝင်းက တာဝန်ယူကျွေးမွေးခဲ့ပုံများကို လည်းကောင်း ဦးသန်းစိန်၏သမီး ဒေါ်ညိုသန်းမှုက ၎င်းဆယ်တန်းအောင်မြင်၍ အုန်းနို့ခေါက်ဆွဲ ကျွေးရာတွင်လည်းကောင်း၊ စေ့စပ်ကြောင်းလမ်းခြင်းအတွက် ညေ့ခံကျွေးမွေးရာတွင် လည်းကောင်း၊ မင်္ဂလာဆောင်အခမ်းအနားအတွက် ကျွေးမွေးညေ့ခံရေးကိုလည်းကောင်း၊ ဦးရဲတင်ဝင်းက ကူညီတာဝန်ယူဆောင်ရွက်ခဲ့ပုံများ၊ ၎င်း၏ဖခင်က ဦးရဲတင်ဝင်းအား ကြိုတင်ငွေပေးခဲ့ပုံများကို လည်းကောင်း၊ ထွက်ဆိုပါသည်။ ဇွန် (၅)ရက်တွင် ဆက်လက်စစ်ဆေးရန် ချိန်းဆိုလိုက်ပါသည်။ (သတင်းစဉ်)

မေလ (၃၁)ရက်တွင် ဦးထွန်းလင်းက ကိုယ်တိုင်သက်သေခံအဖြစ် သစ္စာပြုထွက်ဆိုရာ ပထမဦး၌ ၎င်း၏ကိုယ်ရေးဖြစ်စဉ်များ၊ ၁၉၅၀ ပြည့်နှစ်တွင် ရှမ်းပြည်ကာကွယ်ရေးတပ်သို့ ဝင်ခဲ့ပုံ၊ ၁၉၄၂ ခုနှစ်တွင် ညောင်ရွှေစော်ဘွားထံ၌ ရဲဌာနာအုပ်တာဝန်ထမ်းခဲ့ပုံများ၊ ၁၉၄၅ ခုနှစ် ဂျပန်တော်လှန်ရေးကာလတွင် ဗမာ့ကာကွယ်ရေးတပ်သို့ ဝင်ခဲ့ပုံများ၊ ၁၉၄၇ ခုနှစ် ဗိုလ်ချုပ်တို့ လုပ်ကြံခံရပြီး နောက်ပိုင်းတွင် ညောင်ရွှေစော်ဘွားနှင့် ရန်ကုန်သို့ လိုက်ပါ၍ ကူညီဆောင်ရွက် ပေးခဲ့ရပုံများ၊ ၁၉၄၇ ခုနှစ်နောက်ပိုင်းတွင် ရှမ်းပြည်တောင်ပိုင်း၌ တပ်သားသစ်များ စည်းရုံးရေးတာဝန်ပေးခြင်းခံခဲ့ရပုံများ၊ သောင်းကျန်းသူများအား တိုက်ခိုက်ရေးတွင် ပါဝင်ခဲ့ပုံများ၊ တပ်မတော်သို့ ဝင်ရောက်ပြီးနောက် သောင်းကျန်းသူများအား တိုက်ခိုက်ချေမှုန်းခဲ့ပုံများ၊ ၁၉၆၈ ခုနှစ်ဦးပိုင်းခန့်မှစ၍ ပါတီဌာနချုပ်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရပုံများ၊ ပါတီရန်ပုံငွေ စည်းမျဉ်းသတ်မှတ်ချက်များနှင့် ၁၉၇၇ ခု၊ စက်တင်ဘာ ၁၂ ရက်တွင် အထိမ်းသိမ်းခံခဲ့ရပုံများကို အသေးစိတ်ရှင်းလင်း ထွက်ဆိုသွားပါသည်။

ပါတီရန်ပုံငွေများနှင့် စပ်လျဉ်း၍ ဦးထွန်းလင်းက ထွက်ဆိုရာတွင် ပြည်သူ့ဘဏ္ဍာမှပါတီအတွက် ထောက်ပံ့ပြီး ပါတီရန်ပုံငွေစာရင်း၌ သွင်းပြီးသည့် နောက်နိုင်ငံတော်နှင့်မပတ်သက်တော့သဖြင့် ပါတီကသုံးစွဲသည့်စာရင်းကို နိုင်ငံတော်ကို တင်ပြရန်မလိုပုံ၊ ပါတီရန်ပုံငွေများကို သုံးစွဲနိုင်သည့်နည်းလမ်းများကို ရှင်းလင်းထွက်ဆိုပါသည်။ ၎င်းအား စစ်ဆေးခြင်းကို ရပ်နားလိုက်ပြီး ဇွန်လ (၆)ရက်သို့ ချိန်းဆိုလိုက်ပါသည်။

ဇွန် (၁)ရက်တွင် ဦးထွန်းလင်းနှင့်ပတ်သက်၍ ပြစ်မှုကြီးအမှတ် (၃/၇၈) ကို ဆက်လက်စစ်ဆေးရာ ယခင် သူနှင့်ပတ်သက်သည့်ပြစ်မှုများတွင်ထွက်ဆိုခဲ့ပြီးသည့်နည်းတူ အသေးစိတ်တင်ပြပါသည်။ ပါတီရန်ပုံငွေနှင့်စပ်လျဉ်း၍ ကော်မရှင်အသုံးစရိတ်များအတွက် ငွေထုတ်ငွေသွင်း အသေးစိတ်တို့ကို ကော်မရှင်အဖွဲ့မှူး ဦးကျော်အုန်းအား လွှဲထားကြောင်း၊ လိုသည့်အသုံးစရိတ်များ ထုတ်ရန်အတွက် ချက်လက်မှတ်ပြင်ဆင်တင်ပြချက်အရ မိမိက လက်မှတ်ရေးထိုးကြောင်း၊ ကော်မရှင်ရုံးညှော်ခံကျွေးမွေးကုန်ကျစရိတ်နှင့် ကော်မရှင်နှင့်ပတ်သက်သည့် အသုံး စရိတ်များ

အားလုံးကို ဦးကျော်အုံးကပင် ပြုလုပ်ရပြီး မှန်ကန်စွာ သုံးစွဲရန်နှင့် စာရင်းအမှန်ပြုစု ရန်မှာ ဦးကျော်အုံး၏ တာဝန်သာဖြစ်ကြောင်း ထွက်ဆိုသွားပါသည်။

(ကျွန်မညာဏ်မီသလောက် ဖြည့်စွက်တင်ပြချင်သည်မှာ ဦးထွန်းလင်း ပြောခဲ့ သည့်မှာ အမှန်ချည်းဖြစ်ပါလိမ့်မည်။ အပြစ်ချကိုချမည်ဖြစ်သောကြောင့်သာ သူတို့ အပြစ်ပေးခံရခြင်းဖြစ်ပါသည်။ ဒါတွေကို ယနေ့ပွင့်လင်းမြင်သာတုန်း ရင်ဖွင့်ရေးချလာ ကြသည်တို့မှ ဆန်ကာချစိစစ်ကြည့်နိုင်ကြပါသည်။)

ပြေစာများတွင် ဦးကျော်အုံး လက်မှတ်ထိုးထားသည်ကို မိမိက ဆောင်ငွေ တာဝန်ခံအဖြစ် လက်မှတ်ထိုးကြောင်း၊ ဆောင်ငွေတာဝန်ခံက လက်မှတ် ရေးထိုးမှ စာရင်းစစ်ဌာနက လက်ခံကြောင်း၊ ယခု တရားစီရင်ရေးအဖွဲ့၌ တင်ပြ ထားသော သက်သေခံပါစာရင်းများကို ဦးကျော်အုံးက မိမိအား တစ်ခါမှ တင်ပြခြင်းမရှိခဲ့ကြောင်း၊ သက်သေခံတင်ပြထားသည့် ဦးထွန်းတင်ပြုစုထားသော စာရင်းများကို မမြင်ဘူးကြောင်း၊ ၁၉၇၂ ခုနှစ်က ညှော့ခံကျွေးမွေးစရိတ်ရှင်းတမ်းနှစ်စောင် ပြုစုထားသည်ကို မိမိမသိ ကြောင်း၊ မိမိအပေါ်စွပ်စွဲထားသည့် ငွေနှစ်သောင်း ခြောက်ထောင့်ကိုးရာတစ်ဆယ့် တစ်ကျပ်ကိစ္စ မိမိတာမှမသိ၊ အလွဲသုံးစားလည်း မလုပ်ခဲ့ကြောင်းနှင့် တရားလိုအကျိုး ဆောင်၏ မေးခွန်းများကို ဖြေကြားထွက်ဆို သွားခဲ့ပါသည်။ အမှုကို ဇွန်လ (၇)ရက် သို့ ရွှေ့ဆိုင်းလိုက်ပါ၏။ (သတင်းစဉ်)

အထက်ပါသတင်းများကို ကျွန်မက သတင်းစာတွေကို မိတ္တူကူးကာ တစ်ချိန်တစ်ခါတုန်းက မတရားမှုတွေဖြစ်ပျက်ခဲ့ပုံ၊ အများပြည်သူ ရင်စည်းခံခဲ့ကြရပုံ တွေကို သက်သေအထောက်အထားအဖြစ် တင်ပြခြင်း ဖြစ်ပါသည်။ ဇွန်လ (၁) ရက်နေ့တွင် ဖေဖေ့ကို စစ်ဆေးခဲ့စဉ်က မိသားစုမှာ တရားရုံးသို့ စုဝေးသွားရောက်ကာ နားထောင်ခဲ့ကြပါသည်။

တရားခံဟု သူတို့ဘက်က ခေါ်ဆိုသတ်မှတ်သော ကျွန်မတို့၏ ဖခင် ဦးတင်ဝင်းညိုကိုယ်တိုင် ကတိသစ္စာပြု၍ မေးခွန်းများကိုဖြေကြား ထွက်ဆိုရာ တွင် ဦးရဲတင်ဝင်းက အိမ်ဆောက်ပစ္စည်း နို့ဆီသကြား ဝယ်ပေးခြင်းမှာ လုပ်ငန်းသဘော မျှမဟုတ်ဘဲ ပုဂ္ဂိုလ်ရေးအရ ဆောင်ရွက်ပေးခြင်းဖြစ်ပုံ၊ ဦးရဲတင်ဝင်းက ဦးဇိုးလွင်ထံမှ

ငွေခွဲပြီး မိမိအိမ်အတွက်ပစ္စည်းများ ဝယ်ယူပေးခဲ့သည့်ကိစ္စ၌ နောက်ကို ထိုသို့ မလုပ်ကိုင်ရန် ပြောခဲ့ခြင်းမှာ ပါတီရန်ပုံငွေနှင့် ရောကုန်မည်စိုးသည့်အတွက် ဖြစ်ပုံ၊ ပါတီစာရင်းများကို စစ်ဆေးခွင့်ပြုနိုင်သည့် အာဏာပိုင်အဖွဲ့အစည်းက ခွင့်ပြု၍ စစ်ဆေးသည်ဆိုလျှင် ၎င်းအနေနှင့် မည်သို့မျှ ပြောရန်မရှိပုံများကို လည်းကောင်း၊ ၎င်း၏ အကျိုးဆောင်၏ ဖြေရှင်းမေးခွန်းများကိုလည်းကောင်း၊ ဖြေကြား ထွက်ဆို သွား၏။

တရားခံပြသက်သေ ဒေါ်ခင်ဌေးမြ (ဦးတင်ဝင်းညို၏ဇနီး) ကျွန်မတို့၏ မိခင်က ဦးရဲတင်ဝင်း ယင်းတို့ အိမ်အတွက်ပစ္စည်းများ ဝယ်ယူပေးခဲ့ပုံများ၊ ဝယ်ယူပေး ခဲ့သည့်ပစ္စည်းများ ကုန်ကျငွေကိုလည်း ပေးချေခဲ့ပုံများကိုလည်းကောင်း၊ မခင်ဝင်းညို (ဟု အမည်မှားနေပြီး အမှန်က ခင်အေးဝင်းညိုဖြစ်ရမည့် ဦးတင်ဝင်းညို၏ သမီး) ကလည်း ဦးရဲတင်ဝင်းအား စတင်သိရှိခဲ့ပုံ၊ ပစ္စည်းများလာပို့သည့်အတွက် မည်မျှ ကုန်ကျသည်ကို မေးခဲ့ရာတွင် ဦးရဲတင်ဝင်းက ၎င်း၏မိတ်များနှင့် ရှင်းမည်ဟုပြောခဲ့ပုံ၊ နောက်ပိုင်း ကိုစံတင်ပစ္စည်းများ လာပို့ရာတွင် ၎င်း၏ မိခင်နေထိုင်မကောင်းသည့် အတွက် ၎င်းကပင် ပစ္စည်းများကို စစ်ဆေးလက်ခံပြီး ကျသင့်ငွေများ ပေးချေခဲ့ပုံများ ကိုလည်းကောင်း ထွက်ဆိုသွားပါသည်။ အမှုကို ဇွန်(၈)ရက်တွင် ဆက်လက် စစ်ဆေးရန် ချိန်းဆိုလိုက်ပါသည်။

ဇွန် (၂)ရက်တွင် ဦးဇော်ဖေနှင့်ပတ်သက်သည့် ပြစ်မှုကြီးအမှတ် (၁၁/၇၈) အတွက် တရားခံပြသက်သေများဖြစ်ကြသော ပါတီဌာနချုပ်မှ လက် ထောက်စာရင်း စစ်ချုပ်ဦးထွေး၊ ရှမ်းပြည်နယ်ဒေသပါတီကော်မတီဝင် ဦးဘမြနှင့် ကိုယ်တိုင် အရေးယူ စစ်ဆေးခြင်း ခံနေရသော ဦးထွန်းလင်းက အစစ်ခံထွက် ဆိုကြပါသည်။ ဦးထွေးက အစစ်ခံသည်မှာ ကော်မရှင်တစ်ခုလုံး၏ စာရင်းများကို ပါတီဗဟိုကော်မတီဌာနချုပ်၏ ညွှန်ကြားချက်နှင့်ညီ/မညီ စစ်ဆေးခဲ့ရာတွင် မညီညွတ်သည်က များသည့်အတွက် ကန့်ကွက်ချက်ကို ဆောင်ငွေတာဝန်ခံထံ ရေးခဲ့ကြောင်း၊ ပါတီစာရင်းများကို မည်သည့် အဖွဲ့အစည်းက မစစ်ရဟူသော ညွှန်ကြားချက်ကို မတွေ့ဘူးကြောင်း၊ မိမိအတွက် ရုံးခေါ်စာ၌ ကော်မရှင်စာရင်းများနှင့်ပတ်သက်၍ ပါတီစာရင်းစစ်ဌာနက စစ်ဆေးခဲ့သည့်

တရင်းစစ်အစီရင်ခံစာ ယူလာရန် မှတ်ချက်မပါပါကြောင်း၊ စာရင်းစစ်ဆေးခြင်းနှင့် ပတ်သက်၍ မိမိတို့ အစီရင်ခံစာ မရေးကြောင်း၊ ကန့်ကွက်ချက်များကိုသာ ရေးသဖြင့် ယင်းကန့်ကွက်ချက်များကို ယူဆောင်လာခဲ့ကြောင်းနှင့် နှစ်တက်အကျိုးဆောင်များနှင့် တရားစီရင် ရေးအဖွဲ့၏ မေးမြန်းချက်များကို ဖြေကြားထွက်ဆိုသွား၏။

ဦးဘဖြူက ၁၉၇၂ ခု မေလအတွင်းက ဦးဇော်ဖေပါဝင်သော ကော်မရှင် အဖွဲ့ခွဲ(၂) ခရီးစဉ် ဆီဆိုင်၊ ရပ်စောက်၊ ဖယ်ခုန်၊ ကလောမြို့ များသို့လိုက်ပါဖူးရာ ကော်မရှင်အသုံးစရိတ်ငွေကို မည်သူက ကိုင်တွယ်သုံးစွဲသည်ကို မသိရကြောင်း၊ ကုန်ကျစရိတ်များ ကော်မရှင်အဖွဲ့ ခွဲအနေဖြင့် ကော်မရှင်အဖွဲ့ဝင်များနှင့် ရုံးအဖွဲ့ဝင် များအတွက်သာ ပေးချေခဲ့သည်ဆိုလျှင် မှန်ကြောင်းဖြေကြားထွက်ဆိုသွား၏။

ဦးထွန်းလင်းက သက်သေအဖြစ် ထွက်ဆိုရာ၌ ကော်မရှင်အဖွဲ့ ခွဲများ နယ်ထွက်ရန်အတွက် အသုံးစရိတ်များ ကြိုတင်ထုတ်ယူသွားပြီး ခရီးစဉ်၌ သုံးစွဲခဲ့ သည်တို့ကို ရန်ကုန်ပြန်ရောက်သည့်အခါ စာရင်းပြန်ရှင်းရကြောင်း၊ ကော်မရှင်အဖွဲ့ ဝင်များအား ခွင့်ပြုသည့်နေ့တွက် (၁၀)ကျပ်မှ အရက်၊ စီးကရက် ဝယ်သည်ဟု တင်ပြလျှင် မိမိအနေဖြင့် ခွင့်ပြုမည်ဖြစ်ကြောင်း၊ ကြိုတင်ထုတ်ယူသွားသည့်ငွေများ မည်သို့သုံးစွဲသည်ကို မှန်မှန်ကန်ကန် ပြုစုတင်ပြရမည်ဆိုလျှင် မှန်ကြောင်း၊ ကော်မရှင် အသုံးစရိတ်ကို ကော်မရှင်ရန်ပုံငွေမှ ကျခံရမည်ဟု မိမိညွှန်ကြားထားကြောင်း၊ ဦးဇော်ဖေ ကော်မရှင်အသုံးစရိတ်ငွေများကို အလွဲသုံးစားပြုလုပ်ခဲ့သဖြင့် တရားစွဲ ဆိုခြင်း ခံရသည်ဆိုလျှင် ယခုမှသိကြောင်း၊ မိမိအပေါ် ကော်မရှင်ရန်ပုံငွေ အလွဲ သုံးစားပြုလုပ်သည်ဆိုပြီး အမှုသုံးမှုနှင့် တရားစီရင်ရေးအဖွဲ့က စွဲချက်တင်ထားသည် ဆိုသည်မှာ မှန်ကြောင်းနှင့် နှစ်ဖက်သောအကျိုးဆောင်များ၏ မေးမြန်းချက်များ ကို ဖြေကြားထွက်ဆိုသွားပါသည်။

ယင်းအမှုအတွက် နှစ်ဖက်သောသက်သေများ အားလုံးစစ်ဆေးမှု ပြီးဆုံး သွားပြီဖြစ်၍ နှစ်ဖက်သော အကျိုးဆောင်များ အပြီးသတ်လျှောက်လဲချက်ပေးရန် နှင့်(၉)ရက်သို့ ချိန်းဆိုလိုက်ပါသည်။ (သတင်းစဉ်)

(ဦးထွန်းလင်းက တရားခံပြသက်သေအဖြစ် ထွက်ဆိုခွင့်ရရှိလိုက်သော

ကြောင့်သာလျှင် ဦးထွန်းလင်းရော ဦးဇော်ဖေပါနစ်ယောက်စလုံး မတရားစွပ်စွဲခံကြရသည်ကို ခုမှပဲ တော့တော့ဆိုင်ဆိုင် ရှင်းလင်းသွားကြမှာပဲဟု ရင်နင့်စွာ မှတ်ချက်ချမိလိုက်ပါတော့၏။)

ဇွန်(၆)ရက်တွင် ဦးသန်းစိန်နှင့်ပတ်သက်၍ ဆက်လက်စစ်ဆေးရာ ဦးသန်းစိန်၏သမီး ဒေါ်ညိုညိုသန်းမှုက ယခင်တစ်ပတ်ရုံးချိန်းတွင် မပြီးပြတ်သေးသည့် စစ်မေးချက်များကို တရားခံပြသက်သေအဖြစ် ဆက်လက်အစစ်ခံထွက်ဆိုသွားပါသည်။ ၎င်းက ၎င်းတို့အိမ် ထမင်းစားခန်း၌ မင်္ဂလာဆောင်ကိစ္စ ဆွေးနွေးကြစဉ် ဘော်ကြယ်ထိုးနေသော ဒေါ်ဝေမူထလာပြီး နားထောင်ပုံ၊ ညှော်ခံပွဲသို့ ပရိသတ်တစ်ထောင်ခန့်လာပြီး လက်ဖက်ရည်၊ ကော်ဖီ၊ ကိတ်မုန့်မျိုးစုံ၊ ရေခဲမုန့်တို့နှင့် ပါတီဝန်ထမ်းတို့၏ ကူညီမှုဖြင့် ညှော်ခံကျွေးမွေးခဲ့ပုံ ညှော်ခံကုန်ကျငွေ ခြောက်ထောင်ကျော်ရှိပုံ ကုန်ကျငွေစာရင်းကို ဦးရဲတင်ဝင်းက ယခုအထိ ရှင်းမပေးသေးပုံ၊ နို့ဆီ၊ သကြား၊ နူးယားစီးကရက်များကို ကုန်သွယ်ရေးမှ ဦးရဲတင်ဝင်းလျှောက် ခဲ့ခြင်း ရှိ/မရှိ မသိပုံ ပစ္စည်းများကို ရိပ်သာက ယူလာသည်/မယူလာသည်ကို မသိပုံ၊ မင်္ဂလာဆောင်ကိစ္စ ၎င်း၏ဖခင်နှင့် ဦးရဲတင်ဝင်းတို့ ဆွေးနွေးစဉ် ၎င်းအနားတွင်ရှိပုံ၊ ဦးရဲတင်ဝင်းက ညှော်ခံပွဲအတွက် ငွေခြောက်ထောင့်ငါးရာခန့် ကုန်မည်ပြောခဲ့ပုံ၊ ငွေငါးထောင့်ငါးရာပေးလိုက်ပုံ၊ နောက်နေ့တွင် စမူဆာဖိုးအပါအဝင် ကျန်ငွေနှစ်ထောင်ကို ဦးရဲတင်ဝင်းအားပေးရန် ၎င်း၏ဖခင်အား ပေးလိုက်ပုံများကို အစစ်ခံထွက်ဆိုသွားပါသည်။

တရားခံပြသက်သေများဖြစ်ကြသော ရသာမုန့်တိုက် ဒုတိယမန်နေဂျာ ဒေါ်အေးခင်က ထွက်ဆိုရာတွင် မန်နေဂျာက လွှတ်လိုက်သဖြင့် လာရောက်သက်သေခံပုံ၊ ဦးသန်းစိန်နှင့်ပတ်သက်သည့် ပြေစာတစ်ရွက်သာ တွေ့ရှိပုံ၊ ရေခဲမုန့်အတွက် ကျသင့်ငွေရှစ်ရာသာ ရရှိပုံကိုလည်းကောင်း၊ ပြည်သူ့မုန့်တိုက် ဒုတိယမန်နေဂျာ ဒေါ်အမာရှိန်က ၎င်း၏မန်နေဂျာလွှတ်သဖြင့် လာရောက်အစစ်ခံပုံ၊ ရုံးခေါ်စာ၌ ပါရှိသည့်အတိုင်း လိုအပ်သောပြေစာများကို ယူလာခဲ့ပုံ၊ ပြေစာများမှာ ပါတီဌာနချုပ်အမည်နှင့် ဝယ်ခဲ့ခြင်းသာရှိပြီး ၁၉၇၄ ခု၊ ဖေဖော်ဝါရီလအတွင်း၌ ဦးသန်းစိန်အမည်နှင့် ဝယ်ခဲ့သည့်ပြေစာ မတွေ့ရပုံများကို သက်သေခံအဖြစ် တင်သွား

ပါသည်။

ဒေါ်ညိုသန်းမှု၏သူငယ်ချင်း ဒေါ်ဝေမူက ၎င်းသည် ဦးသန်းစိန်အိမ်၌ ဘော်ကြယ်ထိုးနေပုံ ဦးရဲဝင်းအား ဦးသန်းစိန်က ငါးထောင့်ငါးရာပေးလိုက်သည်ကို တွေ့ရပုံများကိုလည်းကောင်း၊ ဦးသန်းစိန်၏သား ကိုသန်းတင့်လွင်(ခေါ်) မောင်ကြီးက တရားခံပြသက်သေအဖြစ် အစစ်ခံထွက်ဆိုရာ၌လည်း ၎င်း၏ဖခင်ရုံးသို့ လိုက်သွား တွေ့ရှိပုံ၊ ၁၉၇၄ ခုနှစ်က ၎င်း၏အစ်မ မင်္ဂလာမဆောင်မီ လေးငါးခြောက်ရက်အလို ရုံးသို့လိုက်သွားခဲ့စဉ်က ၎င်း၏ဖခင်က ဦးစိုးတင့်မှတစ်ဆင့် ဦးရဲဝင်းအား ငွေတစ် သယ်တန်တစ်အုပ်နှင့် ငါးကျပ်တန်အုပ်ထဲမှ ငွေများခွဲပြီး ရေတွက်၍ ပေးသည်ကို တွေ့ခဲ့ပုံများကို လည်းကောင်း ထွက်ဆိုသွားပါသည်။

ယင်းအမှုနှင့်စပ်လျဉ်း၍ နှစ်ဖက်သောသက်သေများအားလုံး စစ်ဆေးမှု ပြီးဆုံးသွားပြီဖြစ်၍ နှစ်ဖက်သောအကျိုးဆောင်များ အပြီးသတ် လျှောက်လဲချက်များ ပေးရန် ဇွန် (၁၉)ရက်သို့ ချိန်းဆိုလိုက်ကြောင်းဖြင့် ကျွန်မကူးယူလာသော သတင်းစာ ကော်ပီများထဲတွင် ဖတ်ရှုရပါသည်။

သူ့မင်္ဂလာဆောင်အတွက် ဘော်ကြယ်ထိုးနေသည်ဆိုသော ဒေါ်ညိုသန်းမှု အား မြင်ယောင်မိပါသည်။ သူတို့ခေးကျောင်းနေဖက်တစ်ဦးက ဒေါ်ညိုသန်းမှု အက တော်ကြောင်း၊ ကျောင်းကပွဲတွေမှာ မပါမပြီး ကပြဖျော်ဖြေရမြဲဖြစ်ကြောင်း ပြောပြသည် ကိုလည်း သတိရမိပါသည်။

ဇွန်လ (၇)ရက်နှင့် (၈)ရက်တို့တွင် ဦးထွန်းလင်းအမှုများကို ဆက်တိုက် စစ်ဆေးပါသည်။ သူမရှိတော့ပြီဖြစ်သော်လည်း သူ့ကိုမတွေ့မဆုံဘူးခဲ့သော် လည်း ကျွန်မ၏ ချစ်လှစွာသောဖခင်ကြီးနှင့်အတူ အပြစ်ပေးခံခဲ့ရသောသူဖြစ်သည့်အတွက် ထိုစဉ်က အုပ်ချုပ်ခဲ့သော ပြည်သူ့ပိုင်အစိုးရလုပ်သားပြည်သူ့နေ့စဉ် သတင်းစာတွေက ရေးပြခွင့်ရခဲ့သော သူ့အကြောင်းကို မှတ်တမ်းတင်ပေးရန် ကျွန်မတွင် တာဝန်ရှိ သည်ဟု ယူဆထားပါသည်။ လိုသမျှ မှတ်ပြီး မလိုသည်တို့ကို ဘေးဖယ်လိုက်ကြပါ။ ဦးထွန်းလင်းနှင့်ပတ်သက်၍ ပြစ်မှုကြီးအမှတ်(၂/၇၈) တရားခံပြသက်သေ ပါတီဌာန ချုပ် စည်းရုံးရေးဌာနမှူး ဦးတင်အုန်းက စတင်အစစ်ခံထွက်ဆိုရာ၌ ရုံးခေါ်စာမှတ်ချက်

တွင် ဖော်ပြထားသောပါတီရန်ပုံငွေ သုံးစွဲပိုင်ခွင့်အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ၊ (၁၉၇၁) ခုနှစ်မှ (၁၉၇၆) ခုနှစ်ကာလအတွင်း မြို့နယ်အချို့၏ အကူအညီတောင်းခံစာများ၊ ယင်းကိစ္စ ဆက်လက်ဆောင်ရွက်ရန် ဦးထွန်းလင်းသို့ လွှဲပေးခဲ့သည်ဆိုသောစာများ စည်းရုံးရေးဌာနတွင် မရှိကြောင်း၊ ဦးထွန်းလင်း၏ အကူအညီတောင်းခံစာများ ရောက်/မရောက်မသိကြောင်း တွေ့လည်းမတွေ့ဘူးကြောင်း၊ ပါတီလှုပ်ရှားမှုရန်ပုံငွေ ရှိသည်ဆိုသည်ကိုလည်း မသိကြောင်းတင်ပြသွားပါသည်။ ပြစ်မှုကြီးအမှတ်(၁/၇၇) အတွက် တရားခံ ဦးထွန်းလင်းကိုယ်တိုင် သက်သေအဖြစ် ယခင်အပတ်က မပြီးပြတ်သေးသော အဓိကစစ်ဆေးချက်များကို ဆက်လက်ထွက်ဆိုရာတွင် ပါတီရန်ပုံငွေစည်းမျဉ်းများ ပါတီစာရင်းစစ်ဌာန၊ ပါတီဝင်များ၏ လစဉ်ကြေးကောက်ခံထိန်းသိမ်းသုံးစွဲနည်းစနစ်များကို ရှင်းလင်းတင်ပြပြီး ၎င်းအပေါ် စွဲချက်တင်ထားသည့် အမှုများနှင့် သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ(၃)နှင့် မငြိစွန်းပုံများ၊ ယင်းဥပဒေပုဒ်မနှင့် မတင်သင့်ပုံများ၊ ၎င်းအတွက် နစ်နာပုံကိုလည်းကောင်း၊ သက်သေခံစာရင်းများပါ ငွေတစ်သောင်းလေးထောင်ခြောက်ရာငါးဆယ်ကျပ်ကို ကော်မရှင်အဖွဲ့ဝင် ပအိုဝ်တိုင်းရင်းသား ခေါင်းဆောင် ဦးဖြူအား လည်းကောင်း၊ ငွေခြောက်ထောင်ကို ဖာဆောင်းပါတီ ယူနစ်ကော်မတီဝင်တစ်ဦးအား လည်းကောင်း စသည်ဖြင့် ယခင်မိုင်းယောင်းမြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌဗိုလ်ကြီးအား လည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးအောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ပါတီလှုပ်ရှားမှုအတွက် အမှန်တကယ် ပေးအပ်ကုန်ကျခဲ့ခြင်းဖြစ်ပြီး ပြေစာများကို မိမိလက်မှတ်ရေးထိုးသည်မှာ မိမိသည် တာဝန်ယူဆောင်ရွက်စေနိုင်းသူဖြစ်သည့်အတွက် ပြဿနာပေါ်လာလျှင် တာဝန်ယူဖြေရှင်းနိုင်ရန် လက်မှတ်ရေးထိုးဖြစ်ပုံများကို ထွက်ဆိုသွားပါသည်။ (တရားခံ ဦးထွန်းလင်းကိုယ်တိုင် သက်သေအဖြစ် အဓိကစစ်ဆေးချက်များကို ဆက်လက်ထွက်ဆိုရာတွင် ပါတီရန်ပုံငွေစည်းမျဉ်း များ ပါတီစာရင်းစစ်ဌာန၊ ပါတီဝင်များ၏ လစဉ်ကြေး ကောက်ခံထိန်းသိမ်းသုံးစွဲနည်းစနစ်များကို ရှင်းလင်းတင်ပြပြီး **၎င်းအပေါ်စွဲချက် တင်ထားသည့် အမှုများနှင့် သက်ဆိုင်သော ပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ (၃)နှင့် မငြိစွန်းပုံများ၊ယင်း**

**ပြဒေပုဒ်မနှင့် မတင်သင့်ပုံများ၊ ၎င်းအတွက် နစ်နာပုံ၊ ပြေစာများကို ယူလက်မှတ်ရေးထိုးသည်မှာ သူသည်တာဝန်ယူဆောင်ရွက် စေခိုင်းသူဖြစ်သည့်အတွက် ပြဿနာပေါ်လာလျှင် တာဝန်ယူဖြေရှင်းနိုင်ရန် ဖြစ်ပုံများကို ထွက်ဆိုသွားခဲ့ရာ** သူ့ကိုစွဲချက်တင်သူများ ကိုယ်တိုင်လည်း မတရားမှန်းသိနေလျက်က အကြောက်တရားကြောင့် အမှန်တရားကို ဖုံးကွယ်နိုင်ကြစေရန် အတင်းတွန်းကြရခြင်းသာဖြစ်ပါသည်ဟု အားပေးနိုင်ခွင့်မရှိခဲ့သည့်အတွက် သူ့ကံကြမ္မာဆိုးသည်။ စာရေးသူ၏ဖခင် ဦးတင်ဝင်းညို၊ ဦးသန်းစိန်၊ ဦးတင်အေးကျော်နှင့် ဦးဇော်ဖေတို့အပါအဝင် တစ်နိုင်ငံလုံး၏ ကံကြမ္မာလည်း ဆိုးခဲ့ကြရသည်ဟု စာရေးသူမှာ အချိန်နောက်ကျစွာ ရေးသားနေရပါပြီ။ သူတို့နှင့်ပတ်သက်သော ဆွေစဉ်မျိုးဆက် တပည့်သားချင်းတွေ စိတ်ဖြေသာရာရကြပါစေဟု စာရေးသူ ဆုတောင်းမေတ္တာပို့သနေမိပါတော့၏။)

ဦးထွန်းလင်း၏အမှု (၁)နှင့်(၂)ကို သက်သေများ စစ်ဆေးမှုပြီးဆုံးသွားပြီဖြစ်၍ နစ်ဖက်သော အကျိုးဆောင်များအပြီး သတ်လျှောက်လဲချက်ကို ဇွန် (၁၃)ရက်သို့ ချိန်းဆိုလိုက်ပြီး ပြစ်မှုကြီးအမှတ် (၅)နှင့် (၆)ကို ဇွန်(၁၂)ရက်တွင် စတင်စစ်ဆေးရန် ချိန်းဆိုလိုက်ပါသည်။ (သတင်းစဉ်)

ဦးထွန်းလင်းနှင့်ပတ်သက်သော ပြစ်မှု (၃ နှင့် ၄) ကို ဇွန်လ (၇)ရက်တွင် စစ်ဆေးပါသည်။ ယခင်ရုံးချိန်တွင် မပြီးပြတ်သေးသော တရားလိုအကျိုးဆောင်၏ ပြန်လှန်မေးခွန်းများကို ဖြေကြားထွက်ဆိုရာ၌ သက်သေခံတင်ပြထားသော ၁၉၇၂ ခုနှစ်၊ ဇန်နဝါရီလ၊ မတ်၊ ဒီဇင်ဘာလအထိ ကမ္ဘောဇရိပ်သာ၌ ဧည့်ခံကျွေးမွေးခဲ့ရသည့် ကုန်ကျငွေများအတွက် မိမိသည်အုပ်ချုပ်သုံးစွဲသူအနေဖြင့် လက်မှတ် ထိုးပေးခြင်းမှာ ထိုစာရင်းများကို တင်ပြလာသည့် ဦးကျော်အုန်းက ၎င်းအနေဖြင့် စစ်ပြီး ညွှန်ကြားချက်နှင့် ကိုက်ညီကြောင်းပြော၍ ဖြစ်ကြောင်း၊ မှန်/မမှန် စစ်ဆေးရန် မိမိ၌ အချိန်မရကြောင်း၊ မိမိသည် ဆောင်ငွေတာဝန်ခံဆိုသော်လည်း လက်တွေ့တွင် ဦးကျော်အုန်းကို တာဝန်လွှဲထားကြောင်း ထွက်ဆိုသွားပါသည်။ (စာရေးသူသာဆိုလျှင်လည်း ယုံကြည်သောကြောင့် ခန့်အပ်ထားသူက လက်အောက်မှ တင်ပြလာလျှင်

လက်မှတ်ထိုးပေးမည်သာဖြစ်သည်ဟု ဦးထွန်းလင်းကိုယ်စား တွေးထင်မိပါသည်။ ဒါတွေသည် နင် မဟုတ်၊ နင့်အဖေပဲဆိုပြီး အပြစ်ရှာတာဖြစ်သည်ဟု ယူဆပါ၏) ထို့နောက် တရားခံပြသက်သေများဖြစ်ကြသော ဦးဇော်ဖေနှင့် ဦးတင်အေးကျော်တို့က ဆက်လက်၍ ပါတီရန်ပုံငွေကိစ္စ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ မူကြမ်းရေးဆွဲရေး ကော်မရှင်ခွဲများနှင့် ယင်းတို့၏ အသုံးစရိတ်ရန်ပုံ ငွေကိစ္စများကို အစစ်ခံထွက်ဆို သွားကြ၏။ ယင်းပြစ်မှုကြီးအမှတ်(၃/၇၈)ကို ဇွန်(၁၄)ရက်တွင် တင်ပြရန်နှင့် အမှတ် (၄/၇၈)ကိုလည်း ထိုနေ့တွင်ပင် စစ်ဆေးရန် ချိန်းဆိုလိုက်ပါ၏။

ဇွန် (၈)တွင် ကျွန်မတို့၏ဖခင် ဦးတင်ဝင်းညိုနှင့်စပ်လျဉ်းသည့် အမှု(၂) ခုကို ဆက်လက်စစ်ဆေးပါ၏။

### အိမ်သုံးပစ္စည်း

ယခင်တစ်ပတ် ရုံးချိန်းတွင် မပြီးပြတ်ခဲ့သော အမှုအမှတ် (၁၀)အတွက် ဦးတင်ဝင်းညို၏သမီး တရားခံပြသက်သေ မခင်အေးဝင်းညိုက ဆက်လက်အစစ်ခံ ရာတွင် ဦးတင်ဝင်းညိုအိမ်သို့ ဆန်၊ ဆီ၊ ဆပ်ပြာ၊ သွားတိုက်ဆေး၊ ရေနံဆီ၊ စီးကရက် စသည်တို့ကို ဦးတင်ငွေနှင့် ဦးစံတင်တို့ လာရောက်ပို့ပေးခဲ့ရာတွင် ကျသင့်ငွေများကို ပေးချေလိုက်ပုံများကို လည်းကောင်း၊ ဦးတင်ဝင်းညို၏ သမီး မခင်သက်ဝေက အစစ်ခံရာတွင် အိမ်သုံးပစ္စည်းများ လာပို့သူတို့အား မစူး (မခင်အေးဝင်းညို)က ပေးချေလိုက်ပုံများကို လည်းကောင်း၊ ထွက်ဆိုသွားကြပါသည်။ (တူညီသော လာ ရောက် ပို့ပေးခြင်း၊ ပေးချေခြင်းတို့ကို သည်စာကူးနေ ရိုက်နေဆဲတွင် ကျွန်မ၏ မိတ်ဆွေက ကျွန်မမှာထားသော ငါးထောင်တန်အမ်ပီတီ ငွေဖြည့်ကဒ်တစ်ခုနှင့် တယ်လီနောငွေဖြည့်ကဒ် တစ်ခုလာပို့ရာ ကျွန်မက ကျသင့်ငွေတစ်သောင်းကျပ် ပေးချေ လိုက်ပါသည်။ အကယ်၍များ သူနှင့်ကျွန်မကြားတွင် အကြောက်တရား ဖိစီးစရာရှိ လာသောကြောင့် ကျွန်မထံမှ ငွေမရပါဘူးဟု သူက လိမ်လည် လှည့်ဖျား ပြောရမည်ဆိုပါက ကျွန်မလည်း အံ့သြစိတ်ထိခိုက်၊ သူလည်း စိတ်ဆင်းရဲမှာ သေချာ ပါသည်။ ကံအားလျော်စွာ ကျွန်မတို့မှာ သာမန်ပြည်သူတွေဖြစ်သောကြောင့် ကျွန်မ၏ ရာထူး အာဏာကို ဖြုတ်ထုတ်ထောင်ချ သိက္ခာချရန် အကြောင်းမရှိသည့်အား

လျော့စွာ ကျွန်မ၏မိတ်ဆွေက ကျွန်မထံမှ ငွေမရပါဘူးဟု လိမ်လည်လှည့်ဖျား ထွက်ဆိုစရာ မရှိနိုင်။)

"ပြစ်မှုကြီးအမှတ် (၉/၇၈)နှင့် ပတ်သက်၍ တိုင်းတရားစီရင်ရေးအဖွဲ့က ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၅၆(၁) အရ မည်သည့်အတွက်ကြောင့် အပြစ်မရှိကြောင်းမေးမြန်းရာ တရားခံက(ဖေဖေက)၎င်းအပေါ် စွပ်စွဲထားသည်မှာ (၂)ပိုင်းရှိကြောင်း၊ ပထမပိုင်းမှာ ဦးစိုးလွင်က မော်တာဝယ်ပေးမည်ပြော၍ သဘောရိုးဖြင့် အဝယ်ခိုင်းခဲ့ခြင်းဖြစ်ကြောင်း၊ နောက်တစ်ပိုင်းမှာ အခြားပစ္စည်းများနှင့်ပတ်သက်၍ ၎င်းကိုယ်တိုင် ဘာမှမသိရှိရဘဲ လက်အောက်ကလူငယ်များ လုပ်ကိုင်ခြင်းဖြစ်ပြီး ယခုရုံးရှေ့ရောက်မှသာ တရားလိုပြသက်သေများ ထွက်ချက်များအရ သိရကြောင်း၊ အလွဲသုံးစားခြင်း မပြုခဲ့ကြောင်း၊ အပြစ်မရှိကြောင်း ထုချေပါသည်။ ထို့နောက် တရားခံဟု သူတို့က ယိုးစွပ်ထားသော ကျွန်မ၏ဖခင်အား ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ-၃၄၂(၁)နှင့်အညီ မေးမြန်းပြီး တရားခံ၏တင်ပြလျှောက်ထားချက်အရ ကတိသစ္စာပြုစေပြီး သက်သေအဖြစ် ဆက်လက်အစစ်ခံထွက်ဆိုနေစဉ် ရုံးချိန်ကုန်ဆုံးသွားသဖြင့် ဇွန် (၂၂)ရက်သို့ ချိန်းဆို၏။ ပြစ်မှုကြီးအမှတ်(၁၀/၇၈) သက်သေအားလုံး စစ်ဆေးမှုပြီးဆုံးပြီဖြစ်၍ နှစ်ဖက်သော အကျိုးဆောင်များ၏ အပြီးသတ်လျှောက်လဲချက်ကို ကြားနာရန် ဇွန် (၁၅)ရက်သို့ ချိန်းဆို၏။

ဇွန် (၉)ရက်တွင် ဦးဇော်ဖေနှင့်ပတ်သက်သည့် ပြစ်မှုကြီးအမှတ် (၁၁/၇၈) အတွက် နှစ်ဖက်သောအကျိုးဆောင်များ၏ အပြီးသတ်လျှောက်လဲချက်များကို ကြားနာ၏။ ဦးဇော်ဖေ၏အကျိုးဆောင်က အမှုနှင့်စပ်လျဉ်းသည့် အကျဉ်းချုပ်နှင့်စီရင်ထုံးများ၊ ဥပဒေအကြောင်းအချက်များကို ကိုးကား၍ ယခုအမှုမှ သက်သေခံတင်ပြထားသော ပထမတိုင်ချက်သည် သက်သေခံမဝင်ကြောင်း၊ သက်သေခံ မဝင်သော ယင်းတိုင်ချက်ကို အခြေခံ၍ တရားခံကို အပြစ်မပေးထိုက်ကြောင်း၊ ယခုအမှုသည် ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ (၃)နှင့် အကျုံးမဝင်ကြောင်း၊ အမှုတွင် ပေါ်ပေါက်ခဲ့သောငွေသည် တော်လှန်ရေးကောင်စီပိုင်ငွေ ဟုတ်/မဟုတ် စိစစ်ရန် လိုအပ်ကြောင်း၊ ၁၉၇၁ ခု၊ ဇူလိုင်လ

(၁၁)ရက်မှစ၍ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ရန်ပုံငွေတစ်ရပ် ပေါ်ပေါက်ခဲ့ပြီးဖြစ်၍ ပါတီရန်ပုံငွေသည် တော်လှန်ရေးကောင်စီပိုင် ငွေမဟုတ်ကြောင်း။ ကော်မရှင်အသုံးစရိတ်ကို ပါတီရန်ပုံငွေက ကျခံသုံးစွဲရခြင်းဖြစ်၍ ယခု တရားစွဲဆိုသောငွေမှာ ဦးဇော်ဖေသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရေးကော်မရှင်အဖွဲ့ ခွဲ(၂)တွင် အတွင်းရေးမှူးအဖြစ် ကော်မရှင်လုပ်ငန်းတွင် သဘောရိုးဖြင့် ဆောင်ရွက်ခဲ့ခြင်းသာဖြစ်ပြီး ကော်မရှင်ငွေကို ကိုယ်ကျိုးအတွက် အလွဲသုံးစားပြုခဲ့ခြင်း မရှိကြောင်း။ သို့အတွက် ဦးဇော်ဖေအား ယခုအမှုမှ တရားသေလွှတ်ပေးပါရန် ရှိသေစွာလျှောက်ထားအပ်ပါကြောင်းဖြင့် အကျယ်တဝင့် လျှောက်ထားသွားပါသည်။

ထို့နောက် တရားလိုအကျိုးဆောင်များက တရားခံအပေါ် ၎င်းကျူးလွန်ခဲ့သောပြစ်မှုနှင့် ထိုက်သင့်သောပြစ်ဒဏ် ချမှတ်သင့်ကြောင်းကို တရားခံအပေါ် ငြိစွန်းချက်များ။ တရားလိုပြသက်သေများ၏ ထွက်ဆိုချက်၊ တရားခံပြသက်သေများ ၏ ထွက်ဆိုချက်များ။ နှစ်ဖက်သက်သေများ၏ ထွက်ဆိုချက်များအပေါ် သုံးသပ်ချက်များ။ ဥပဒေအကြောင်းဆိုင်ရာ သုံးသပ်တင်ပြချက်၊ စီရင်ထုံးများကို တင်ပြလျက် အကျယ်တဝင့် လျှောက်လဲချေပသွားကြ၏။

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီအတွက် လိုအပ်ငွေများကို နိုင်ငံတော်၏ ဘဏ္ဍာငွေမှပင် ကျခံရမည်ဟု သတ်မှတ်ခဲ့ကြောင်း။ ပါတီရန်ပုံငွေသည် အစိုးရက လွှဲပြောင်းပေးသောငွေဖြစ်ကြောင်း။ ပြည်သူတစ်ရပ်လုံးကို အလုပ်အကျွေးပြုရမည့် ပါတီ၏ လုပ်ငန်းစဉ်များ အောင်မြင်အထမြောက်ရေးအတွက် လိုအပ်သော ဘဏ္ဍာငွေများကိုလည်း နိုင်ငံတော်ဘဏ္ဍာငွေမှပင် ကျခံရမည်ဟု သတ်မှတ်ထားကြောင်း။

တရားခံသည် ကော်မရှင်၏အသုံးစရိတ်များကို တာဝန်ယူဆောင်ရွက်ရသူဖြစ်သည်ဟု ကိုယ်တိုင်ဝန်ခံထားပြီးဖြစ်ကြောင်း။ ၎င်းသည် အသုံးပြုရန် ကြိုတင်ထုတ်ယူသွားသည့်ဆောင်ငွေမှ မိမိ အလွဲသုံးစားပြုခဲ့သည့်ငွေကို ကာမိစေရန် လူဦးရေ ပိုပြပြီး အသုံးစရိတ်များကို လိမ်လည်ပြုစုခြင်းဖြင့် ပါတီအား မတရားဆုံးရှုံးမှုကိုဖြစ်စေကြောင်း ထို့ကြောင့်တရားခံသည် အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ(၃)အရ ပြစ်မှုကျူးလွန်ခဲ့သည်မှာ ထင်ရှားကြောင်း။

သို့ဖြစ်၍ ၎င်းအပေါ်တွင် အပြစ်နှင့်သင့်လျော်သော ပြစ်ဒဏ်သတ်မှတ်သင့်ပါကြောင်းဖြင့် အကျယ်တဝင့် လျှောက်လဲသွားကြပါသည်။

(ဦးဇော်ဖေကို မတွေ့မမြင်ဘူးသော်လည်း ကျွန်မ၏ဖခင်နှင့် ပူးတွဲကာ ဦးတည်ရာ မြန်မာ့ဆိုရှယ်လစ်လုပ်ငန်းစဉ် အကောင် အထည်ဖော်ပြီး ပြည်သူလူထု အားလုံး လူကျွန်းမာ စိတ်ချမ်းသာသော မျှတသည့် စီးပွားပညာကို ရယူလျှောက်လှမ်းနိုင်ကြဖို့ ရိုးသားစွာကြိုးစားအားထုတ်ခဲ့သူတစ်ဦးဖြစ်သည်ဟု သတ်မှတ်ထားပါသည်။)

ထို့နောက် တရားခံအကျိုးဆောင်က တရားလိုအကျိုးဆောင်များ၏ လျှောက်လဲချက်များနှင့်စပ်လျဉ်း၍ ပြန်လည်ဖြေရှင်း လျှောက်လဲကာ တရားခံ ဦးဇော်ဖေအား တင်ထားသည့်စွဲချက်မှ တရားသေလွှတ်ပေးပါရန် အပြီးသတ် လျှောက်ထားသွားပါသည်။ ယင်းအမှု အမိန့်ချမှတ်ရေးအတွက် ဇွန်(၂၃)ရက်တွင် တင်ပြရန်တိုင်းတရားစီရင်ရေးအဖွဲ့က ချိန်းဆိုလိုက်ပါသည်။ (သတင်းစဉ်)

ဇွန် (၁၂)ရက်တွင် ဦးထွန်းလင်းနှင့်ပတ်သက်သည့် ပြစ်မှုကြီးအမှတ် (၅/၇၈) နှင့် (၆/၇၈)တို့ကို တိုင်းတရားစီရင်ရေးအဖွဲ့ (၁)က စတင်စစ်ဆေးရာ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်က တရားလိုပြသက်သေအဖြစ် ယင်းအမှုနှစ်ခုစလုံးအတွက် အစစ်ခံ၏။

**ကိုယ်ကျိုး**

ပြစ်မှုကြီးအမှတ် (၅/၇၈)နှင့်ပတ်သက်၍ ဦးမောင်မောင်က ထွက်ဆို ရာ၌ ပါတီဌာနချုပ်က ပုဂ္ဂိုလ်တစ်စု စီးပွားရေးမသမာမှုပြုလုပ်နေကြောင်း သတင်းနှင့်ပတ်သက်၍ တာဝန်ပေးချက်အရ စုံစမ်းစစ်ဆေးဖော်ထုတ်ခဲ့ရာ ဦးထွန်းလင်းသည် ပါတီဌာနချုပ်မှာ တာဝန်ထမ်းဆောင်စဉ် ရိုပ်သာမှူး ဦးရဲတင်ဝင်းနှင့် ပူးပေါင်းပြီးပါတီဌာနချုပ် ရိပ်သာမှ (၁၉၇၃)ခု မေလမှ (၁၉၇၄) ဧပြီလအတွင်း လစဉ် နို့ဆီတစ်သေတ္တာနှင့် သကြား (၁၀)ပိဿာကို ထုတ်ယူပြီး ကိုယ်ကျိုး အလွဲသုံးစားပြုလုပ်ခဲ့သည်ကို တွေ့ရပြီး ထိုစဉ်က တန်ဖိုးငွေမှာ တစ်ထောင့်သုံးရာ သုံးဆယ်နှစ်ကျပ်ဖြစ်ကြောင်း။

ထို့ကြောင့် ဦးထွန်းလင်းနှင့် ဦးရဲတင်ဝင်းတို့အား ဤတရားစီရင်ရေးအဖွဲ့သို့

တင်ပို့တရားစွဲခဲ့ခြင်းဖြစ်ကြောင်း။ ယင်းသို့ တင်ပို့တရားစွဲ ခဲ့သည့် (၃-၂-၇၈) တွင်ပင် ဦးရဲတင်ဝင်းက နိုင်ငံတော် သက်သေအဖြစ် ဆောင်ရွက်လိုကြောင်းပြော၍ တရားစီရင်ရေးအဖွဲ့သို့ တင်ပြခဲ့ကြောင်း စာရွက်စာတန်းများကို သက်သေခံအဖြစ် တင်သွင်းထွက်ဆိုသွားပါသည်။

(အကယ်၍များ ဦးရဲတင်ဝင်းက နိုင်ငံတော်သက်သေ မလုပ်နိုင်ပါဘူး ငြင်းပယ်ခဲ့လျှင် ကျွန်မတို့ ပြန်လည်မြင် တွေ့ရသည့် အသက်ရှိနေသေးသော ဦးနောက်မမှန်တော့သူတစ်ယောက်ဖြစ်နေရစ်ပေဦးမည်ဟု စာရေးသူ တွေးဆကြည့်မိပါသည်။ အပြစ်ရှာ စွပ်စွဲခံရသည့် "ပါတီဌာနချုပ်က ပုဂ္ဂိုလ်တစ်စု" နှင့် ပတ်သက်ဆက်နွှယ်နေသော ဦးရဲတင်ဝင်းကိုမှ လည်ဇီကုပ်မထားလျှင် ခုလိုလုပ်ကြံ အမှုအခင်းတွေ ဘယ်မှာ ဖန်တီးနိုင်ပါလိမ့်မလဲ။)

ပြစ်မှုကြီးအမှတ် (၆/၇၈)နှင့်ပတ်သက်၍ ဦးမောင်မောင်က ထွက်ဆိုရာ၌လည်း ဦးထွန်းလင်း၏ သမီးမင်္ဂလာဆောင်ကိစ္စအတွက် ပါတီပိုင်ကား(၂)စီး သုံးစွဲခြင်း၊ ပါတီဆောင်ငွေမှ ငွေတစ်ထောင်ကျပ်၊ ပါတီဝန်ထမ်းသုံးဦး၏ လုပ်အား၊ ပါတီငွေဖြင့် ဝယ်ယူခဲ့သော ဓာတ်ဆီ (၁၁၃)ဂါလံ၊ ပါတီဌာနချုပ်မှ ထုတ်ယူသွားသော ဓာတ်ဆီ (၅၈)ဂါလံ နှစ်ရပ်ပေါင်းတန်ဖိုးငွေ ခြောက်ရာခြောက်ဆယ့်ခြောက်ကျပ်နှင့် ပြားနှစ်ဆယ်တို့ကို မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြုခဲ့သည်ကို တွေ့ရှိရသဖြင့် ဤတရားရုံးသို့ တင်ပို့တရားစွဲရခြင်းဖြစ်ကြောင်း သက်သေခံအထောက်အထားများ တင်သွင်းလျက် အစစ်ခံသွား၏။

**နို့ဆီ**

ပြစ်မှုကြီးအမှတ် (၅/၇၈) တရားလိုပြသက်သေ ဦးရဲတင်ဝင်းက ဦးထွန်းလင်း ပါတီဌာနချုပ်သို့ ရောက်ရှိလာပြီးနောက် ၎င်းအိမ်တွင် ဧည့်များသဖြင့် ရိပ်သာမှ နို့ဆီ၊ သကြား၊ ဆန်တို့ကို ပို့ပေးရန်နှင့် ပြဿနာဖြစ်လာလျှင် ၎င်းတာဝန်ယူရှင်းမည်ဟု ပြောဆိုပြီး ဦးစိုးလွင်နှင့် ဦးတင်ဝင်းညိုတို့အား တင်ပြရာ လုပ်ပေးရမည်ဖြစ်ကြောင်း ပြော၍ မိမိက ဒုရိပ်သာမှူး ဦးအင်ခွန်လက ဦးထွန်းလင်းအိမ်သို့ မှာထားသည့်အတိုင်း ပို့နိုင်းကြောင်း၊ ဦးအင်ခွန်လ ပြောင်းရွှေ့သွားပြီးနောက် ကိုစံတင်ကို ပို့နိုင်းကြောင်း။

ပိုနေးရသည့်ပစ္စည်းများအတွက် ငွေမရသည့်အတွက် ရိုင်သာလချုပ်စာရင်းလုပ်ရာမှာ စာရင်းကို ပိုပြပြီး ပြုစုရကြောင်းနှင့် နှစ်ဖက်သောအကျိုးဆောင်များ၏ မေးမြန်းချက်များကိုပါ ဖြေကြားထွက်ဆိုသွားပါသည်။ (သတင်းစဉ်)

ဇွန် (၁၃)ရက်တွင် ဦးထွန်းလင်းအမှု အပြီးသတ်လျှောက်လဲပါသည်။ တရားခံအကျိုးဆောင်များက လျှောက်လဲတင်ပြကြရာ၌ အမှုမတိုင်မီ ဖမ်းဆီး စုံစမ်းစစ်ဆေးမှု အကျဉ်းချုပ်ကို တင်ပြလျက် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ (၁၆၂)အရ ပြည်သူ့ရဲ့ ပထမသတင်းပေးတိုင်ချက်ကို သက်သေခံအဖြစ် လက်မခံသင့်ကြောင်း၊ ယင်းသက်သေခံမဝင်သော ပထမသတင်းပေးတိုင်ချက်ကို အခြေခံ၍ တရားခံကို အပြစ်မပေးထိုက်ကြောင်း၊ ယခုတရားခံအပေါ် စွဲဆိုထားသောငွေသည် တော်လှန်ရေးကောင်စီပိုင် ငွေမဖြစ်၍ အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေနှင့် အကျုံးမဝင်ကြောင်း၊ ပါတီပိုင်ငွေသည် အစိုးရပိုင်ငွေ မဟုတ်ကြောင်း၊ ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့် ရှောက်ရေးဥပဒေသည် အခြေခံဥပဒေ၏ အနှစ်သာရနှင့် ဆန့်ကျင်နေသဖြင့် အခြေခံ ဥပဒေပုဒ်မ-၂၀၂(ခ)အရ အတည်မဖြစ်ကြောင်း၊ အခြေခံဥပဒေပုဒ်မ -၁၀၁ တွင် တရားစီရင်ရေး၏အခြေခံမှုများကို ဖော်ပြထားရာ၌ ကြီးသောအမှုငယ်အောင်၊ ငယ်သောအမှု ပပျောက်အောင် ဆောင်ရွက်ရန် ရည်ညွှန်းသည်မှာ ထင်ရှားကြောင်း၊ ပြစ်ဒဏ်ပေးရာ၌လည်း ပြစ်မှုကျူးလွန်သူတစ်ဦးအား ပြင်းထန်စွာ အပြစ်ပေးရေးထက် ပညာပေးရေး အကျင့်စာရိတ္တ ပြုပြင်ရေးတို့ကို အဓိကထားကြောင်း၊ ယခု ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သော ပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေအရ ပြစ်မှုထင်ရှားတွေ့ရှိလျှင် အနည်းဆုံး ထောင်ဒဏ် (၁၀)နှစ် ကျခံစေရန်အတွက် ပြစ်ဒဏ်စီရင်ခြင်းခံရမည်ဖြစ်ကြောင်း၊ ထိုသို့ပြစ်ဒဏ် (၁၀)နှစ် သတ်မှတ်ထားခြင်းမှာ အခြေခံဥပဒေပါ တရားစီရင်ခြင်း အခြေခံမှုများနှင့် ဆန့်ကျင်နေ ကြောင်းကို တရားခံ၏တင်ပြချက်ကို အလေးအနက်ထားသင့်ကြောင်း၊ သို့ဖြစ်၍ အခြေခံဥပဒေ အနှစ်သာရနှင့် ဆန့်ကျင်နေသော ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များကို အခြေခံ၍ အပြစ်မပေးသင့်ကြောင်းနှင့် တရားခံအား အမှုမှတရား

သေလွှတ်ပေးပါရန် လျှောက်ထားသွားပါသည်။ ထို့နောက် တရားလိုအကျိုးဆောင်များက ဦးထွန်းလင်းသည် ပါတီရန်ပုံငွေမှငွေပေါင်း တစ်သောင်းလေးဆယ်ကျပ်ကို ညွှန်ကြားပြဌာန်းချက်များကို ဖောက်ဖျက်၍ မရိုးသားသောသဘောနှင့် အလွဲသုံးစားခဲ့သဖြင့် အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ (၃) ကို ကျူးလွန်ခဲ့သည်မှာ ထင်ရှားကြောင်းကို တရားလိုနှင့်တရားခံပြသက်သေများ၏ ထွက်ဆိုချက်များ၊ ဥပဒေကြောင်းဆိုင်ရာ သုံးသပ်တင်ပြချက်များ စီရင်ထုံးများ ကို ဆိုင်ရာကဏ္ဍအလိုက် ကိုးကားတင်ပြလျှောက်ထားကြ၏။

တရားလိုအကျိုးဆောင်များက လျှောက်လဲတင်ပြကြရာ၌ ဦးထွန်းလင်းသည် ပါတီရန်ပုံငွေမှ ငွေပေါင်းတစ်သောင်းလေးဆယ်ကျပ်ကို ကချင်ပြည်နယ်ဒေသပါတီကော်မတီနှင့် အခြားပါတီယူနစ်များ၏ အမည်နှင့် လိမ်လည်ထုတ်ယူပြီး မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ၎င်းအပေါ် ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေ(၃) တရားစွဲဆိုခြင်းဖြစ်ကြောင်း၊ တရားခံက ၎င်းသည် လုပ်ပိုင်ခွင့်အတွင်းမှ အမှန်တကယ်သုံးစွဲခဲ့ခြင်းဖြစ်သောကြောင့် အလွဲသုံးစား မဟုတ်ကြောင်း၊ စွပ်စွဲထားသည့် ငွေမှာ ပါတီရန်ပုံငွေဖြစ်၍ အများနှင့်သက်ဆိုင်သောပစ္စည်းတွင် အကျုံး မဝင်ဟုတင်ပြခဲ့ကြောင်း၊ သို့ရာတွင်ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ (၄၀၅) ပြဌာန်းချက်အရ ၎င်းသည် ရာဇဝတ်မကင်းသော ယုံမှတ်အပ်နှံရေးဖောက်ဖျက်ကျူးလွန် သည်မှာထင်ရှားကြောင်း၊ တစ်ဖန်အများနှင့် ဆိုင်သောပစ္စည်းတွင် ဦးထွန်းလင်း အလွဲသုံးစားသည့် ငွေအကျုံးဝင်နေသည်မှာ တော်လှန်ရေးကောင်စီကြေငြာချက် အမှတ်(၄၇)တွင် ပြည်သူတစ်ရပ်လုံးကို အလုပ်အကျွေးပြုရတော့မည်ဖြစ်သော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အသိအမှတ်ပြုထားသော နိုင်ငံရေးအဖွဲ့အစည်းဖြစ်ကြောင်း၊ နိုင်ငံတော်က ကြေငြာဖွဲ့စည်းထားသော အဖွဲ့အစည်းပိုင်ငွေသည် အများနှင့်သက်ဆိုင်သောပစ္စည်းပင်ဖြစ်ကြောင်း၊ ပြည်သူ့ဘဏ္ဍာငွေနှင့် အခြားရငွေများကို စုပေါင်း၍ ရန်ပုံငွေဟုခေါ်လျှင်လည်း ထိုရန်ပုံငွေသည် အများနှင့်သက်ဆိုင်သောပစ္စည်းပင်ဖြစ်ကြောင်း၊ ပါတီရန်ပုံငွေကို အလွဲသုံးစားခြင်းသည် အများနှင့်သက်ဆိုင်သော

ပစ္စည်းကို အလွဲသုံးစားခြင်းပင် ဖြစ်ကြောင်း၊ ထို့အတွက် ၎င်းအပေါ် စွဲဆိုထားသော ဥပဒေပုဒ်မ(၃)ကို ကျူးလွန်သည်မှာ ထင်ရှားကြောင်း၊ အထူးစုံစမ်းစစ်ဆေးရေး အရာရှိများသည် အထူး စုံစမ်းစစ်ဆေးရေး ဥပဒေအရ တိုင်ချက်မဖွင့်ဘဲ ၎င်းတို့၏ ညွှန်ကြားရေးမှူးချုပ်က အမိန့်ပေးလျှင် စုံစမ်းစစ်ဆေးနိုင်ကြောင်း တင်ပြလျှောက်လဲသွားကြ၏။

ဇွန်လ (၁၄)ရက်တွင် ဦးထွန်းလင်းနှင့်ပတ်သက် သည့် ပြစ်မှုကြီးအမှတ် (၃/၇၇) နှင့် (၄/၇၈)ကို ဆက်လက်စစ်ဆေးရာ ရှေ့ဦးစွာ ပြစ်မှုကြီးအမှတ်(၄/၇၈) အတွက် တရားခံပဟုသုံးနှုန်းသော ဦးထွန်းလင်းက ကိုယ်တိုင် ကတိသစ္စာပြု၍ သက်သေအဖြစ်အစစ်ခံ၏။ ၎င်းက ယခင် ၎င်းနှင့်ပတ်သက်သည့် အမှုများနည်းတူပင် ကိုယ်ရေးဖြစ်စဉ်များ၊ ပါတီရန်ပုံငွေနှင့် ရန်ပုံငွေစည်းမျဉ်းများ၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်းရေးဆွဲရေး ကော်မရှင်ဖွဲ့စည်းမှုနှင့် ကော်မရှင်၏ ဆောင်ရွက်ချက်များ၊ ကော်မရှင်အသုံးစရိတ်များ၊ ညှိခံကျွေးမွေးရေးကိစ္စများကို ဦးထွန်းတင်ပြစုထားပြီး ရှိပါလျက် ဦးကျော်အုန်းက နောက်ထပ်စာရင်းတစ်စုံ မည်သည့်အတွက်ကြောင့် ပြုစုသည်ကို ဦးထွန်းလင်း မသိကြောင်း။

သူသည် ယာယီငွေရပြေစာပေးပြီး ငွေထုတ်ခဲ့သည်ကို စာရင်းမရှင်းဘဲ စာရင်းညှိလိုက်ဟု ဦးကျော်အုန်းက ထွက်ဆိုသွားသည်မှာ မမှန်ကြောင်း၊ သူ့အပေါ်စွပ်စွဲထားသည့် ငွေလေးသောင်းလေးထောင့်ရှစ်ရာသုံးဆယ့်ကိုးကျပ်နှင့်ပတ်သက်၍ ဘာမှ မသိကြောင်း၊ အလွဲသုံးစားလည်း မလုပ်ခဲ့ကြောင်း၊ ကော်မရှင်လုပ်ငန်းမှာ အသစ်ဖြစ်နေ၍ အသုံးပြုရန်ကိစ္စများ ခြုံငုံပြီး အားလုံးမသိနိုင်ကြောင်း၊ ကော်မရှင်အတွင်းရေးမှူး အနေနှင့် အမှန်ကုန်ကျသည့်ငွေကို သုံးစွဲနိုင်ကြောင်း၊ မိမိသည် သုံးပိုင်ခွင့်ရှိသူဖြစ်၍ ဦးကျော်အုန်းအား စာရင်းညှိခိုင်းရန် အကြောင်းမရှိကြောင်း၊ ပါတီရန်ပုံငွေနှင့်ပတ်သက်၍ တရားလိုဘက်မှ ပါတီကို တော်လှန်ရေးကောင်စီမှထောက်ပံ့ငွေသည် ပြည်သူ့ဘဏ္ဍာငွေဖြစ်သည်ဟု ပြောခဲ့ကြောင်း၊ သတ်မှတ်ထားသောတော်လှန်ရေးကောင်စီ ငွေစာရင်းခေါင်းစဉ်အောက်မှ ပါတီစာရင်းစစ်ချုပ်က ထောက်ပံ့ငွေကို ထုတ်ယူလိုက်ပြီးသည်နှင့် ၎င်းငွေသည် ပါတီ၏ ရန်ပုံငွေအဖြစ်သို့ ပြောင်းလဲရောက်ရှိသွားကြောင်း၊ ဦးအောင်ကြီး

ထွက်ချက်ပါ ပါတီအတွက်ရငွေကို စုဆောင်းထားပြီး သုံးငွေကို အသစ်အဖြစ် တောင်းပြီးမှ သုံးရသည်ဟု ထွက်ဆိုသည်မှာ မမှန်ကြောင်း၊ ဘဏ္ဍာငွေသဘောအရ တစ်ဖက် ကရရှိလာသည့်ငွေအပေါ်မှာ တစ်ဖက်ကသုံးငွေအဖြစ် ခန့်မှန်းတွက်ချက်သုံး ရခြင်းသာဖြစ်ကြောင်းများနှင့် နှစ်ဖက်သောအကျိုးဆောင်များ၏ မေးမြန်းချက်များကို ဖြေကြားထွက်ဆိုသွား၏။ ထို့နောက် ဦးဇော်ဖေနှင့် ဦးတင်အေးကျော်တို့ကလည်း ယင်းအမှုနှင့်စပ်လျဉ်း၍ တရားခံပြသက်သေများအဖြစ် ထွက်ဆိုသွားကြ၏။ ယင်းအမှု များအတွက် အပြီးသတ် လျှောက်လဲချက်များကို ဇွန်(၂၁)တွင် ကြားနာမည်ဖြစ် ကြောင်း တိုင်းတရားစီရင်ရေးအဖွဲ့က ချိန်းဆိုလိုက်ပါသည်။ (သတင်းစဉ်)

ဆက်တိုက်ဆိုသလို ဇွန်(၁၆)ရက်တွင် ဦးဇော်ဖေနှင့်ပတ်သက်သည့် ပြစ်မှု ကြီး အမှတ်(၁၂/၇၈)ကို တိုင်းတရားစီရင်ရေးအဖွဲ့(၁)က ဆက်လက်စစ်ဆေးရာ တရားခံဖြစ်နေရသော ဦးဇော်ဖေကိုယ်တိုင် ကတိသစ္စာပြု၍ သက်သေအဖြစ်အစစ် ခံ၏။ ဦးဇော်ဖေက ၎င်း၏ကိုယ်ရေးဖြစ်စဉ်များနှင့် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဌာနချုပ်သို့ ရောက်ရှိတာဝန်ထမ်းဆောင်ခဲ့ပုံ၊ ၁၉၇၃ ခုနှစ် ကြို့တင် ပြင်ဆင်မှုကော် မတီနှင့် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရေး ကော်မရှင်တို့၏ အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ ၁၉၇၄ ခုနှစ်တွင် ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲကျင်းပရေး ကော်မရှင်တွဲဖက်အတွင်း ရေးမှူးအဖြစ် လည်းကောင်း၊ တာဝန်ပေးခြင်းခံရပုံများကို ပထမတင်ပြ၏။ သူတာဝန် ထမ်းဆောင်ခဲ့စဉ် မော်တော်ကားတာယာပျောက်ဆုံးမှုနှင့် ငွေနှစ်သောင်းမှသုံးသောင်း အထိ ပျောက်ဆုံးမှုတို့အတွက် ခုံဖွဲ့စစ်ဆေးခြင်းခံခဲ့ရပြီး မော်တော်ကားတာယာနှင့် ငွေအတွက် ခုံအဖွဲ့က သတ်မှတ်သည့်ငွေကို လျော်ခဲ့ရပုံကိုလည်းကောင်း၊ ကော်မရှင် တာဝန်များ ဆောင်ရွက်ရာ၌ မိမိသုံးစွဲခဲ့သည့် စာရင်းများကို ကော်မရှင်သို့ တင်ပြခဲ့ရာ ကန့်ကွက်ချက် တစ်စုံတစ်ရာမရဘဲ ပါတီဗဟိုကော်မတီမှ ပါတီညီလာခံများ၌ အလျဉ်း သင့်သလို တင်ပြအတည်ပြုပြီး ဖြစ်သည်ကိုလည်းကောင်း၊ အများနှင့် သက်ဆိုင် သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ(၃)ဖြင့် စွဲချက်တင်ထားခြင်းသည် မိမိပါတီရန်ပုံငွေသုံးစွဲခြင်းနှင့် အကျုံးမဝင်သဖြင့် ယင်းပုဒ်မဖြင့် စွဲဆိုထားသည်မှာ

ဖမ်းပုံကို လည်းကောင်း၊ ကြိုတင်ပြင်ဆင်မှု ကော်မတီအသုံးစရိတ်များကို တော်လှန်ရေးကောင်စီရန်ပုံငွေမှ ထောက်ပံ့ခဲ့ပုံလည်းကောင်း၊ အခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင် အဖွဲ့ခွဲ(၂)ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်နှင့် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲကော်မရှင် ခရီးစဉ်များတွင် သုံးစွဲခဲ့သည့် ကုန်ကျစရိတ်များမှာ အမှန်တကယ်သုံးစွဲခဲ့ခြင်း ဖြစ်ပုံကိုလည်းကောင်း၊ ကိုယ်ကျိုးအတွက် အလွဲသုံးစားပြုခဲ့ခြင်း မရှိခဲ့ပုံကိုလည်းကောင်း၊ ခရီးစဉ်များအလိုက် ရှင်းလင်းထွက်ဆိုစဉ် ရုံးချိန်ကုန်ဆုံးသွားသဖြင့် ဇွန် (၂၃)ရက်တွင် ဆက်လက်စစ်ဆေးရန် ချိန်းဆိုလိုက်ပါသည်။ (သတင်းစဉ်)

ဇွန်(၂၂)ရက်တွင် ဦးထွန်းလင်းနှင့်ပတ်သက်သည့် ပြစ်မှုကြီးအမှတ် (၃/၇၈) နှင့် (၄/၇၈)တို့ကို တိုင်းတရားစီရင်ရေးအဖွဲ့ (၁) က ဆက်လက် စစ်ဆေးကြားနာပါသည်။

ဇွန်(၂၃)ရက်တွင် ဦးသန်းစိန်နှင့်ပတ်သက်သည့် ပြစ်မှုကြီးအမှတ် (၇/၇၈) အတွက် နှစ်ဖက်သောအကျိုးဆောင်များ၏ အပြီးသတ်လျှောက်လဲချက်များကို တိုင်းတရားစီရင်ရေးအဖွဲ့(၁)က ကြားနာပါသည်၊ တရားခံအကျိုးဆောင်များက ဤအမှုသည် စုံစမ်းစစ်ဆေးမှု ပြီးဆုံးပြီးနောက်မှ ကျောက်တံတားရဲစခန်းတွင် တိုင်ချက်ဖွင့်လှစ်ခဲ့ခြင်းဖြစ်၍ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ (၁၅၄) နှင့် (၁၆၂) တို့အရ ယင်းအမှုအတွက် သက်သေခံမဝင်ကြောင်းကို လည်းကောင်း၊ ယခု တရားစွဲဆိုသောငွေမှာ တော်လှန်ရေးကောင်စီပိုင်ငွေဖြစ်သဖြင့် အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေနှင့် အကျုံးဝင်မဝင်၊ တော်လှန်ရေးကောင်စီပိုင်ငွေ ဟုတ်/မဟုတ် စစ်ရန်လိုအပ်ပုံကိုလည်းကောင်း၊ ပါတီရန်ပုံငွေတွင် တော်လှန်ရေးကောင်စီမှ ထောက်ပံ့ငွေတစ်ခုတည်းမဟုတ်ပဲ၊ ပါတီဝင်ကြေး နှင့် လစဉ်ကြေးများအစရှိသော အခြားရငွေများပါဝင်ပြီး တော်လှန်ရေးကောင်စီမှ ထောက်ပံ့ငွေသည် ပါတီသို့ထောက်ပံ့လိုက်သည်နှင့် တစ်ပြိုင်နက် တော်လှန်ရေး ကောင်စီပိုင်မဟုတ်တော့ဘဲ ပါတီရန်ပုံငွေအဖြစ်သို့ ပြောင်းလဲသွားပုံကိုလည်းကောင်း၊ ဖော်ပြပါ ဥပဒေပုဒ်မ(၃)အရ ယခုအမှုသည် အကျုံးမဝင်ပုံကိုလည်းကောင်း၊ ဦးသန်းစိန်သည် ရာဇဝတ်မကင်းသော ယုံကြည်

အပ်နှံရေးဖောက်ဖျက်မှုကို ကျူးလွန်ခြင်းမရှိခဲ့ပုံကို လည်းကောင်း၊ သက်သေများ၏ ထွက်ဆိုချက်များ၊ ဥပဒေအကြောင်းအချက်များ၊ စီရင်ထုံးများကို သက်ဆိုင်ရာအပိုင်းလိုက် ကောက်နုတ်တင်ပြလျက် ယခုအမှုတွင် တရားခံ ဦးသန်းစိန်အား အပြစ်မပေးထိုက်ကြောင်းနှင့် တရားဒေသ လွှတ်ပေးပါရန် အကျယ်တဝင့် လျှောက်ထားသွား၏။

တရားလို အကျိုးဆောင်များက အပြီးသတ်လျှောက်လဲချက်အဖြစ် တင်ပြရာ၌ ဦးသန်းစိန်သည် ပါတီဌာနချုပ်၌ တာဝန်ထမ်းဆောင်စဉ် မိမိ၏ သမီးမင်္ဂလာဆောင်အတွက် ပါတီဌာနချုပ်ရိပ်သာမှ နို့ဆီ၊ သကြား၊ မုန့်၊ စီးကရက် စသည့် တန်ဖိုးငွေတစ်ထောင့်လေးဆယ့်ငါးကျပ်နှင့် ပြားငါးဆယ်ဖိုး ပစ္စည်းများကို ရယူသုံးစွဲခဲ့သည်မှာ သက်သေများ၏ ထွက်ချက်များအရ ထင်ရှားကြောင်း၊ ထိုပစ္စည်းများကို အစိုးရထောက်ပံ့သော ငွေများနှင့်ဝယ်ထားအများနှင့်သက်ဆိုင်သော ပစ္စည်းတွင် အကျုံးဝင်ကြောင်း၊ ပြည်သူ့ပါတီဖြစ်ပေါ်လာပြီးနောက် (၁-၄-၇၄) ရက်မတိုင်မီအလို ပါတီအသုံးစရိတ် အားလုံးမှာ အစိုးရငွေ သာဖြစ်ကြောင်းကို အဋ္ဌမအကြိမ်ပါတီ ဗဟိုကော်မတီသို့ တင်ပြထားသည့်စာ၌ အတိအလင်း ဖော်ပြ ထားကြောင်း၊ အခြားရငွေများကို အသုံးမပြုရဘဲ (၁-၄-၇၄)ရက်နေ့မှ ပါတီရန်ပုံငွေ အဖြစ်သို့ ပြောင်းပေးခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဦးသန်းစိန်သည် အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ(၃)ကို ကျူးလွန်သည်မှာ ထင်ရှားသဖြင့် ၎င်းကျူးလွန်ခဲ့သောပြစ်မှုနှင့် သင့်လျော်သော အပြစ်ဒဏ် ချမှတ်သင့်ကြောင်းကို အထောက်အထား စီရင်ထုံးများဖြင့် လျှောက်ထားတင်ပြသွားကြ၏။

ဦးသန်းစိန်နှင့်ပတ်သက်သော ပြစ်မှုကြီးအမှတ် (၇/၇၈)နှင့် (၈/၇၈) နှစ်မှုစလုံး ပြီးပြတ်သွားပြီဖြစ်သဖြင့် အမိန့်ချမှတ်ရန်အတွက် ဇူလိုင် (၃)ရက်တွင် တင်ပြရန် ချိန်းဆိုလိုက်ပါသည်။ (သတင်းစဉ်)

ဇွန်လ (၂၃)ရက်တွင် ဦးထွန်းလင်းနှင့်ပတ်သက်၍ (၃-၂-၇၈) တွင် ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ(၃)နှင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၁၄)တို့အရ တရားစွဲဆိုထားခဲ့သည်မှာ တိုင်ချက်ပါအကြောင်း အရာများသည် အစစ်ခံပြီး အချက်အလက်များဖြစ်နေ၍ လည်းကောင်း ပြစ်မှုဆိုင်ရာ

ကျင့်ထုံး (၁၆၂)အရ သက်သေခံမဝင်ကြောင်း။

ယခု အမှုများအတွက် စွဲဆိုထားသော ငွေများမှာ ဓာတ်လှန်ရေး ကောင်စီပိုင်ဖြစ်၍ ၁၉၆၃ခုနှစ်အများနှင့် သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ၃နှင့်အကျုံးမဝင်ကြောင်းများကိုသက်သေများ၏ ထွက်ဆိုချက်များ၊ ဥပဒေကြောင်းအချက်များ၊ စီရင်ထုံးများကို ကိုးကား၍ အကျယ်တဝင့်ရှင်းလင်း တင်ပြပြီးနောက်ယင်းအများနှင့်သက်ဆိုင်သောဥပဒေသည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ(၁၀၁)ပါ တရားစီရင်ရေးအခြေခံမူများနှင့် ဆန့်ကျင်နေပါသဖြင့် ယင်းဥပဒေပြဋ္ဌာန်းချက်များကို အခြေခံ၍ တရားခံအား အပြစ်မပေးသင့်ကြောင်းနှင့် တရားသေလွှတ်ပေးပါရန် လျှောက်ထားသွားကြ၏။

တရားလိုအကျိုးဆောင်များက ယင်းပြစ်မှုနှစ်ရပ်စလုံးအတွက် တစ်ပေါင်းတည်းဆက်လက်လျှောက်ထားကြရာတွင် ဦးထွန်းလင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)ရေးဆွဲရေးကော်မရှင်ဆောင်ငွေ တာဝန်ခံအဖြစ်ယုံမှတ်အပ်နှံထားသည့်ကော်မရှင်ရန်ပုံငွေများကို အလွဲသုံးစားပြုခဲ့ကြောင်းကို ပြစ်မှုဆိုင်ရာ ဥပဒေ (၄၀၅)ကိုဖော်ညွှန်း၍လည်းကောင်း၊ ၎င်းအလွဲသုံးစားပြုခဲ့သည့်ငွေများသည် အစိုးရ၏ ငွေစာရင်းအဝန်းအဝိုင်းတွင် ရှိနေကြောင်းကို ဓာတ်လှန်ရေးကောင်စီကြော်ငြာချက် အမှန်(၄၇)နှင့်အငွေမအကြိမ်ဗဟိုကော်မတီအစည်းအဝေးတို့ တင်ပြခဲ့သည့် ပါတီ၏ ဘဏ္ဍာနှစ်များအတွက် ရသုံးမှန်းခြေငွေစာရင်းအမှန် သုံးစွဲပုံ၊ အမှန်ဝင်ငွေ ဖေယားအခြေအနေတို့အားညွှန်း၍လည်းကောင်း၊ တင်ပြကြလျက်၊ ဦးထွန်းလင်းသည် ကော်မရှင်ရုံးဆေ့ခံစရိတ်ငွေများကို ဦးကျော်အုန်းနှင့် ပူးပေါင်းအလွဲသုံးစားပြီး စာရင်းလိမ်များပြုလုပ်ခဲ့ကြောင်း ပေါ်ပေါက်၍ အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ(၃)အရ ပြစ်မှုကျူးလွန်သည်မှာ ထင်ရှားသဖြင့် ၎င်းအားပြစ်မှုနှင့်သင့်လျော်သော ပြစ်ဒဏ်သတ်မှတ်သင့်ကြောင်း လျှောက်လဲချက်များ ပေးသွားကြ၏။ ယင်းပြစ်မှုကြီးအမှတ် (၃/၇၈) နှင့် (၄/၇၈)အတွက် အမိန့်ချမှတ်ရန် ၄လိုင် (၅)ရက်တွင် တင်ပြရန် တိုင်းတရားစီရင်ရေးအဖွဲ့က ချိန်းဆိုလိုက်၏။

(သတင်းစဉ်)

ဋ္ဌန်(၂၆)တွင် ဦးထွန်းလင်းနှင့်ပတ်သက်သော ပြစ်မှုကြီးအမှတ် (၆/၇၈) ကို ဆက်လက်စစ်ဆေးရာပထမ တရားလိုပြသက်သေ ဦးစိုးလွင်က ယခင် အပတ်က မပြီးပြတ်သောတရားခံအကျိုးဆောင်၏ ပြန်လှန်မေးခွန်းများကို ဖြေကြားပြီး တရားလိုအကျိုးဆောင်၏ ပြန်ရှင်းမေးမြန်းချက်များကို ဖြေကြားထွက်ဆိုသွား၏။

(ဦးစိုးလွင်၏ အမည်ပါလာတိုင်း ကျွန်မ၏ မိခင်ထံမှ ဦးစိုးလွင် ယူထားသော ကျွန်မ၏သွပ်များကို ကျွန်မသတိရနေ ပြန်လိုချင်နေခဲ့ဖူးပါသည်။ သူပြန်ပေးလိမ့်မည်ဟု မေမေက ယုံကြည်နေခဲ့ပြီး ပြန်မရနိုင်တော့ကြောင်း ကျွန်မသေချာသွားသည်မှာ ဦးစိုးလွင် အချုပ်ခံရပြီးနောက် တရားလိုပြသက်သေဖြစ်သွားသည့်အချိန် ဖြစ်ပါသည်။ သူတစ်နေ့နေ့ ပြန်ပေးမှာပဲဟု နမြောတသရင်း မျှော်လင့်ခဲ့ဖူးသည်ကို အဆုံးသတ်လိုက်ရသည်မှာလည်း သူဦးနှောက်ပျက်သွားပြီဆိုသော ကြားစကားတွေကြောင့်ဖြစ်ပါသည်။ သူပြန်ပေးလိုသည်ဖြစ်စေ သူမေ့ပျောက်သွားသည်ဖြစ်စေ၊ ကျွန်မကတော့ ပြန်မလိုချင်ရက်တော့ပါ။)

တရားလိုပြသက်သေ ဦးမောင်လွင်အား ဆက်လက်စစ်ဆေးရာ သက်သေက မိမိ ဦးထွန်းလင်း၏ ကိုယ်ရေးအရာရှိအဖြစ် တာဝန်ထမ်းဆောင်စဉ် ၁၉၇၇ ခု၊ ဖေဖော်ဝါရီလ၊ (၁၅)ရက်ခန့်က ဦးထွန်းလင်း၏ ညွှန်ကြားချက်အရ မန္တလေးသွားရန် မော်တော်ယာဉ်များအား စီစဉ်ခဲ့ပုံများ။ ဦးစိုးလွင်ထံမှ ငွေတစ်ထောင် ထုတ်ယူသွားခဲ့ပြီး ယင်းအနက် ငွေငါးရာကျပ်ကို ဦးထွန်းလင်း တောင်းသဖြင့် ပေးခဲ့ရပုံ၊ ဖေဖော်ဝါရီ (၁၈)ရက်က ရန်ကုန်မှ ခရီးထွက်ရာတွင် ဦးထွန်းလင်း မိသားစုက ပါတီမှထုတ်ပေးထားသည့် ဆီဒင်၁/၈၅၁၈ ဖြင့် အရင်ထွက်သွားပြီး ပဲခူးတွင် ဆုံခဲ့ပုံ၊ မန္တလေးသို့ ည (၁၀)နာရီတွင် ရောက်ခဲ့ပုံများ။ နောက်တစ်နေ့တွင် မေမြို့သို့ လည်းကောင်း၊ မုံရွာသို့ လည်းကောင်း၊ ဘုရားဖူးရောက်ရှိ လည်ပတ်ခဲ့ပုံ များထွက်ဆိုသွား၏။ ဖေဖော်ဝါရီလ (၂၁)ရက်တွင် ဦးထွန်းလင်း၏ သမီးမအမာကြည်၏ မင်္ဂလာဧည့်ခံပွဲကို မန္တလေးမြို့ ဝါးတန်းရပ်ရှိ သတို့သား ကိုသန်းထွန်း၏ ဖခင့်နေအိမ်၌ ပြုလုပ်ခဲ့ပုံ၊ ဖေဖော်ဝါရီလ (၂၂)ရက်တွင် မန္တလေးမှ ဦးထွန်းလင်းတို့ စီးနင်းလိုက်ပါသည့် ဆီဒင်ကားနှင့် အီးတူးဆောင်ဖင်ကားတစ်စီးတို့နှင့် ပြန်ခဲ့ပုံများ။ လမ်းခရီးတွင် ဓာတ်ဆီ(၁၁၁)

ဂါလံတွက် ငွေလေးရာခြောက်ဆယ့်သုံးကျပ်နှင့် ပြား ခြောက်ဆယ်ဖိုး ဝယ်ထည့်ခဲ့ရေရာ ပါတီကထုတ်ပေးလိုက်သည့် ဓာတ်ဆီ(၅၈)ဂါလံအတွက်ပါ ဓာတ်ဆီဖိုးငွေ ခြောက်ရာ ခြောက်ဆယ့်ခြောက်ကျပ်နှင့် ပြားနှစ်ဆယ် ကုန်ကျခဲ့ပုံများ။ ကြိုတင်ထုတ်ယူသွားသည့် ငွေတစ်ထောင်အတွက် မိမိက ဦးထွန်းလင်း ယူသွားပြီး စာရင်းပြန်မရှင်းသော ငွေငါးရာ ကိုပါ ကြည့်ကောင်းအောင် စာရင်းပြုစုပေးလိုက်ရပုံများ။ တရားလိုပြသက်သေ ယာဉ်မောင်း ကိုထွန်းမြင့်က သူသည်မော်တော်ယာဉ်ဌာနစုမှူး ဗိုလ်ကြီးတင်ညွန့်၏ တာဝန်ပေးချက်အရ ဦးထွန်းလင်းတို့နှင့် မန္တလေးသို့ လိုက်ပါရန် ပါတီဌာနချုပ်မှ ဓာတ်ဆီ(၅၃)ဂါလံကို ထုတ်ယူခဲ့ပုံ၊ ဖေဖော်ဝါရီလ (၂၁)ရက် ညနေပိုင်းတွင် ဦးထွန်းလင်း၏ သမီးမင်္ဂလာ ဆောင်ညှော့ခံပွဲအတွက် ဦးထွန်းလင်း၏ ဇနီးဘက်မှ ဆွေမျိုးများကို မြို့ပေါ်မှာ လှည့်ပတ်ကြိုပေးခဲ့ရပုံများ။ ညှော့ခံပွဲသို့ ပရိသတ် ခုနစ်ရာ ရှစ်ရာခန့် တက်ရောက်ခဲ့ပြီး မုန့်မျိုးစုံ၊ တီးဝိုင်းတို့ဖြင့် ညှော့ခံခဲ့ပုံ၊ ထိုခရီးစဉ်တွင် မိမိနှင့် ဗိုလ်ကြီးမောင်လွင်တို့ သည်ပါတီတာဝန်ထမ်းဆောင်ခဲ့ရခြင်း မရှိပုံနှင့် နှစ်ဖက်သောအကျိုးဆောင်များ၏ မေးမြန်းချက်များကိုပါ ဖြေကြားထွက်ဆိုသွားကြ သည်။ ယင်းအမှုကို ဇူလိုင် (၃)ရက်တွင် ဆက်လက်စစ်ဆေးရန် ချိန်းဆိုလိုက်ပါသည်။

(သတင်းစဉ်)

ဇွန် (၂၇)၌ ဦးထွန်းလင်းနှင့်ပတ်သက်သော ပြစ်မှုကြီးအမှတ်(၁/၇၈)ကို တိုင်းတရားစီရင်ရေးအဖွဲ့(၁)က ဆက်လက်စစ်ဆေးရာ တရားခံက ယခင်အပတ်ရုံး ချိန်းတွင် မပြီးပြတ်သေးသော ကိုယ်တိုင်သက်သေအဖြစ် အစစ်ခံထွက်ဆိုချက်များကို ဆက်လက်ထွက်ဆို၏။ ဦးထွန်းလင်းက သူ့အပေါ် အများနှင့် သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ (၃)အရ စွဲဆိုသောအမှုမှာ မိမိနှင့်ဆိုင်သော ကိုယ်ရေးကိုယ်တာကိစ္စကို အကြောင်းပြုပြီး ပြစ်မှုကျူးလွန်ကြောင်း စွဲဆိုလာခြင်း ဖြစ်ကြောင်း။ ပါတီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ ပြည်သူ့ပါတီအဖြစ် ပြောင်းလဲဖွဲ့စည်း သည့်အချိန်ကစပြီး ပါတီသည် မိမိရန်ပုံငွေစည်းမျဉ်းနှင့်အညီ ဖြစ်လာကြောင်း၊ တော်လှန်ရေးကောင်စီကြေညာချက်နှင့် ပါတီကို ထောက်ပံ့ခဲ့သည့် ငွေသည် ပြည်သူ့ ပါတီဖြစ်လာပြီးသည့်အချိန်မှာ အသွင်သဏ္ဍာန်ရော အနှစ်သာရပါ ပြောင်းလဲခဲ့ပြီး

ဖြစ်ကြောင်း၊ တော်လှန်ရေးကောင်စီကြေညာချက်သည် ယနေ့ပြည်သူ့ပါတီနှင့် ဘာမှ မဆိုင်တော့ကြောင်း ထွက်ဆိုသွား၏။

တရားလိုအကျိုးဆောင်၏ ပြန်လှန်မေးခွန်းများကို ဖြေကြားထွက်ဆိုရာ၌ (၁-၄-၇၄)မတိုင်မီကပါတီရန်ပုံငွေကို တော်လှန်ရေးကောင်စီသို့ တင်ပြတောင်းရသည် ဆိုသည်ကို မသိကြောင်း၊ တော်လှန်ရေးကောင်စီသည် အခြေခံဥပဒေရေးဆွဲပြီးသည် အထိ ပါတီ၏ဦးဆောင်မှုကို ခံယူပြီးနိုင်ငံတော်၏ အချုပ်အခြာအာဏာကို စွဲကိုင် ကျင့်သုံးသည်ဆိုသည်မှာ မှန်ကြောင်း၊ (၁-၄-၇၄)နောက်ပိုင်းတွင် ပါတီ က တော်လှန် ရေးကောင်စီမှ ငွေယူသုံးသည်မှာလည်း တိုက်ရိုက်သုံးစွဲခြင်း မဟုတ် ဘဲ ပါတီရန်ပုံငွေ ဖြစ်ပြီးမှ သုံးစွဲခြင်းဖြစ်ကြောင်း၊ ပြည်သူ့ပါတီဖြစ်လာသည့်အချိန်မှာ ပါတီ ရန်ပုံငွေသုံးစွဲမှု နည်းစနစ်အရပြည်သူ့ဘဏ္ဍာမှ ထောက်ပံ့ငွေနှင့် အခြားရငွေများ ကိုပေါင်းပြီး ပါတီရန်ပုံ ငွေအဖြစ် သုံးစွဲသည်ဟုသိကြောင်း၊ ၈-၄-၇၂ ရက်စွဲဖြင့် ပါတီဗဟိုကော်မတီဌာန ချုပ်မှ ကော်မရှင်အသုံးစရိတ်နှင့်ပတ်သက်သည့် ထုတ်ပြန်ခဲ့ သည့် ညွှန်ကြားချက် စာအရ မိမိသည် ဆောင်ငွေတာဝန်ခံဖြစ်ကြောင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း ရေးဆွဲရေး ကော်မရှင်အသုံးစရိတ်ရန်ပုံငွေကို ပါတီရန်ပုံငွေမှ ခွဲဝေပေးခဲ့ကြောင်း၊ ပါတီရန်ပုံငွေကို တော်လှန်ရေးကောင်စီက ထောက်ပံ့ကြေးအဖြစ် ပေးခဲ့သည်ဆိုသည် ကို သိကြောင်း၊ ထိုအချိန်က ပါတီ၏လစဉ်ကြေးကောက်ခံရရှိငွေသည် ဖြစ်ဖြစ်မြောက် မြောက်မရှိသေး၍ ပြည်သူ့ဘဏ္ဍာက ထောက်ပံ့ကြေးရယူ သုံးစွဲသည့်ငွေကများကြောင်း၊ တော်လှန်ရေးအစိုးရပိုင်ငွေနှင့် တော်လှန်ရေးကောင်စီ ပိုင်ငွေအားလုံးသည် ပြည်သူ့ ဘဏ္ဍာငွေဖြစ်သည်ဆိုလျှင် မှန်ကြောင်း၊ ပြည်သူ့လွှတ်တော်ပေါ်လာသည့်အခါမှာ ပြည်သူ့လွှတ်တော်ကနေ ပြည်သူ့ဘဏ္ဍာ ရ-သုံးမှန်း ခြေငွေစာရင်းများကို စီမံခန့်ခွဲ သည်ဆိုသည်မှာ မှန်ကြောင်း၊

ပြည်သူ့လွှတ်တော် အသုံးစရိတ်သည် အစိုးရ၏ဘတ်ဂျက်ပေါ်တွင် လျာထား သုံးစွဲရသည်ဆိုသည်မှာ မှန်ကြောင်း၊ ပြည်သူ့လွှတ်တော်ဝန်ထမ်းတစ်ဦးသည် ပြည်သူ့ လွှတ်တော် အသုံးစရိတ်ငွေကို အလွဲသုံးစားလုပ်ခဲ့လျှင် ပြည်သူ့ဘဏ္ဍာငွေကို အလွဲ သုံးစားလုပ်ခြင်းဖြစ်၍ အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး

ဥပဒေပုဒ်မ ၃ နှင့် အကျုံးဝင်သည်ဆိုသည်မှာ မှန်ကြောင်းနှင့် ငွေပေးခဲ့ရသည်ဆိုသော ပါတီရန်ပုံငွေများနှင့်စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းတင်ပြထွက်ဆို၏။ ယင်းအမှုကို ဇူလိုင် (၄)ရက်တွင် ဆက်လက်စစ်ဆေးရန် ချိန်းဆိုလိုက်ပါသည်။ (သတင်းစဉ်)

ပြစ်မှုများကို ပုဒ်မတွေတပ်ပြီး စွဲချက်တင်ခြင်းခံရသည့် ဖေဖေတို့အမှုတွဲများအနက် အမှုအများဆုံးစွဲဆိုခံရပြီး ရာထူးလည်း အကြီးဆုံးဖြစ်ခဲ့သော ဦးထွန်းလင်းကိုအရင်ဆုံး အပြစ်ဒဏ်ကျခံစေလိမ့်မည်ဟု ကျွန်မထင်မှတ်ခဲ့သည်ကား လွဲမှားခဲ့ပါသည်။

## ဦးတင်အေးကျော်ထောင်ဒဏ်

ဩဂုတ်လ (၁)ရက်တွင် ဦးတင်အေးကျော်အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၄၇၇(က)အရ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားပေါ်လွင်သဖြင့် အလုပ်နှင့် ထောင်ဒဏ် ခုနစ်နှစ်တိတိကျခံစေရန် ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးမောင်မောင်အေး အဖွဲ့ဝင် ဦးမြတ်တိုး၊ ဦးမောင်လှိုင်တို့ ပါဝင်သော တိုင်းတရားစီရင်ရေးအဖွဲ့က အမိန့်ချမှတ်လိုက်၏။

## အမိန့်

တရားခံသည် ဤအမှုနှင့်ပတ်သက်၍ အချုပ်ခံရသော(၂-၂-၇၈) မှ (၃၁-၇-၇၈)နေ့အထိ အချုပ်ကာလကို ဖော်ပြပါပြစ်ဒဏ်မှ ထုတ်နုတ်ပေးစေရန်နှင့် ၎င်းကျခံရမည့် အပြစ်ဒဏ်မှ နိုင်ငံတော်ကောင်စီ၏ လွတ်ငြိမ်းချမ်းသာခွင့်ဆိုင်ရာ ကြေငြာချက်အမှတ်(၁)ပါ အကျိုးခံစားခွင့်ကို ခံစားခွင့်ရရှိစေရမည်ဟု ဆက်လက်ဖော်ပြထား၏။

## သုံးသပ်ချက်

ဤအမှုတွင် တရားမျှတမှုရှိရေးအတွက် အလေးအနက်စဉ်းစားချင့်ချိန်သင့်သည့် ပြဿနာတစ်ရပ်မှာ တရားခံဦးတင်အေးကျော်အပေါ်တွင် ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေအရ အရေးယူသင့်သည်၊ သို့မဟုတ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၄၇၇(က) အရ ပြစ်မှုထင်ရှားစီရင်ခြင်းက ပိုမိုဆီလျော်သည့်အချက်ပင်ဖြစ်ကြောင်း။

ပစ္စည်းတစ်စုံတစ်ခုကို တရားခံအား ယုံကြည်အပ်နှံထားပြီး တရားခံက

ယင်းသို့အပ်နှံထားသည့်ပစ္စည်းကို ပြန်လည်ပေးဆပ်ခြင်း မပြုလျှင်သော်လည်းကောင်း၊ ပစ္စည်းနှင့်ပတ်သက်၍ လိမ်လည်သည့် ဆင်ခြေပေးလာလျှင်သော်လည်းကောင်း၊ တရားခံ သည် မရိုးဖြောင့်သော သဘောဖြင့် အလွဲသုံးစားပြုသည်ဟု ယူဆနိုင်ကြောင်း သို့ ရာတွင် ဤအမှုတွင် ယင်းသို့ယူဆရန် အကြောင်းအချက် မခိုင်မလုံရှိနေသည်များကိုလည်း တွေ့ရှိရကြောင်း။

**ကုန်ကျငွေနှင့်ပတ်သက်၍**

ယင်းအဖွဲ့ (၂)နယ်သို့ ရှင်းလင်းပွဲများ ပြုလုပ်ရန် ခရီးထွက်ရာတွင် ကုန်ကျငွေများနှင့်ပတ်သက်၍ ညွှန်ကြားသတ်မှတ်ချက် တစ်စုံတစ်ရာ မတွေ့ရကြောင်း၊ ကော်မရှင်နှင့်အတူ လိုက်ပါသည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ပုဂ္ဂိုလ်များ၊ ဒေသခံပုဂ္ဂိုလ်များအတွက် ကော်မရှင်အနေဖြင့် ကုန်ကျပိုင်ခွင့်နှင့် ကော်မရှင်ခရီးထွက်ရာတွင် အရက်၊ စီးကရက်၊ အမြည်းများ ဝယ်ယူသုံးစွဲပိုင်ခွင့် ရှိ/မရှိဆိုသောပြဿနာများနှင့်ပတ်သက်၍ မည်သို့မျှကောက်ယူဆုံးဖြတ်နိုင်မည် မဟုတ်ကြောင်း။

**အပိုအလိုရှိနိုင်**

ကော်မရှင်ခရီးထွက်ရာတွင် နေ့တွက်စားစရိတ်ငွေမှာလည်း တစ်ဦးချင်း ထုတ်ယူသုံးစွဲခြင်းမျိုး မဟုတ်ဘဲ အဖွဲ့ ခွဲအတွင်းရေးမှူးကအားလုံးအတွက် စုပေါင်း၍ စီမံခန့်ခွဲသုံးစွဲရသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ငွေသုံးစွဲရာတွင် ကုန်ကျငွေ အပိုအလိုများရှိနိုင်ပြီး အခြားကုန်ကျငွေများလည်း ရှိနိုင်ကြောင်း၊ ဖော်ပြပါ အချက်အလက်များကို ခြုံငုံ၍ ထည့်သွင်းစဉ်းစားချင့်ချိန်ပါက တရားခံ ဦးတင်အေးကျော်သည် စာရင်းလိမ်လည်ပြသခဲ့သောငွေများကို မိမိကိုယ်ကျိုးအတွက် အလွဲသုံးစား ပြုလုပ်ခဲ့သည်ဟု တစ်ထစ်ချကောက်ယူရန် ခဲယဉ်းကြောင်း၊ ငွေမည်ရွေမည်မျှ ကို မည်သို့အလွဲသုံးစားပြုလုပ်ခဲ့သည်မှာ တိတိကျကျ သက်သေထင်ရှား မပေါ်လွင်ကြောင်း။

**ပြစ်မှုဆိုင်ရာ**

ပုဒ်မ-၄၇၇(က)အရ လိမ်လည်လုည့်ဖျားလိုသော အကြံဖြင့် တမင် မဟုတ်



တိုင်းတာရားစီရင်ရေးအဖွဲ့မှ အမိန့်ချမှတ်သည်ကို
တရားခံဦးတင်အေးကျော် နားထောင်စဉ်

မမှန် ရေးသွင်းချက်ပြုလျှင် ပြစ်မှုမြောက်ကြောင်း၊ ငွေမည်ရွေ့မည်မျှကို အတိအကျ ရာဇဝတ်မကင်းသော အလွဲသုံးစားမှုကို ကျူးလွန်ကြောင်း သက်သေအထောက် အထားရှိရန် မလိုကြောင်း၊ ပစ္စည်းတစ်စုံတစ်ရာ ယုတ်လျော့ဆုံးပါးခြင်းဖြစ်ရန် မလို ကြောင်း၊ သူတစ်ဦးတစ်ယောက် ထိခိုက်ဆုံးရှုံးနစ်နာမှု ရှိစေရန် မလိုကြောင်း။

ထို့ကြောင့် ကော်မရှင်ခရီးထွက်ရာတွင် လူစာရင်းများကို လိမ်လည်၍ ပိုမိုပြသခဲ့သည့် တာဝန်ရှိသူတရားခံ ဦးတင်အေးကျော်အပေါ်တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၄၇၇(က)အရ စာရင်းလိမ်လည်မှုဖြင့် ပြစ်မှုထင်ရှား စီရင်ရခြင်းကား ပိုမို၍ ဆီလျော်ပြီး တရားမျှတမှုရှိမည်ဟု တရားစီရင်ရေးအဖွဲ့က ယူဆကြောင်း။

**တာဝန်ပျက်ကွက်**

တရားခံ ဦးတင်အေးကျော်သည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီနှင့် တိုင်းပြည်၏ အရေးပါသောတာဝန်များကို ထမ်းဆောင်ခဲ့ရသူတစ်ဦးဖြစ်သဖြင့် ပါတီနှင့် တိုင်းပြည်အပေါ်တွင် စံပြအနေဖြင့် တာဝန်သိသိ သစ္စာရှိရှိ ဆောင်ရွက်ရန် တာဝန်ရှိ-သော်လည်း ပျက်ကွက်ခဲ့သူဖြစ်သည်ကို တွေ့ရှိရကြောင်း၊ သို့ဖြစ်၍ ၎င်း အပေါ် ထိရောက်ဟန့်တားသောက်သည့် ပြစ်ဒဏ်များ ချမှတ်သင့်ကြောင်း တိုင်း တရားစီရင်ရေးအဖွဲ့၏ အမိန့်စီရင်ချက်တွင် ဖော်ပြထား၏။

**နောက်ကြောင်း**

ဦးတင်အေးကျော်သည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့် ပြည်သူ့လွှတ်တော်၊ ပြည်သူ့ကောင်စီ အဆင့်ဆင့်ရွေးချယ်တင်မြောက်ပွဲ ကြိုတင်ပြင်ဆင်မှု ကော်မရှင် အဖွဲ့ခွဲ(၂) အတွင်းရေးမှူးအဖြစ် အဖွဲ့ခွဲနှင့်အတူ ၁၉၇၃ ခု၊ ဇူလိုင်နှင့် ဩဂုတ်လ များအတွင်း ကလေးမြို့ မြစ်ကြီးနားနှင့် မန္တလေးမြို့များသို့ သွားရောက်ခဲ့သည့် ခရီးစဉ် များတွင် အမှန်စားသုံးသူလူဦးရေထက် လိမ်လည်၍ လူဦးရေစာရင်းများ ပြုလုပ် တင်ပြ၍ စုစုပေါင်း ငွေခြောက်ရာသုံးဆယ့်ငါးကျပ်ကို မိမိကိုယ်ကျိုးအတွက် အလွဲသုံး စားပြုလုပ်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ၁၉၆၃ ခုနှစ် အများနှင့် သက်ဆိုင်သော ပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ(၃)အရ ၂၂-၂-၇၈ ရက်တွင် ကျောက်တံ တားရဲစခန်း၌ ပထမသတင်းပေးတိုင်ချက်ဖွင့်ခဲ့ပြီး ၃-၂-၇၈ ရက်တွင် ရန်ကုန်တိုင်း

တရားစီရင်ရေးအဖွဲ့သို့ တရားစွဲတင်ပို့ခဲ့သောအမှုဖြစ်၏။ (သတင်းစဉ်)

ဩဂုတ် (၃)ရက်တွင် ကျွန်မတို့မိသားစုသည် အင်းစိန်တရားရုံးတွင် ဖေဖေ့အား စစ်ဆေးမည်ကို စုဝေးစောင့်ဆိုင်းနေကြပါသည်။ အဲဒီရက် မတိုင်မီ ကျွန်မတို့သည် တရားစီရင်သည့်အခါ မည်သို့သောရလဒ်ရှိမည်ကို သည်းထိတ် လှုပ်ရှားနေခဲ့ကြပါသည်။ ဩဂုတ် (၁)ရက်နေ့ကပင်လျှင် ဦးတင်အေးကျော်ကို စုစုပေါင်းငွေခြောက်ရာ သုံးဆယ့်ငါး ကျပ်ကို မိမိကိုယ်ကျိုးအတွက် အလွဲသုံးစား ပြုလုပ်ခဲ့သည်ဆိုသော စွဲချက်နှင့် အလုပ်နှင့် ထောင်ဒဏ်ခုနစ်နှစ်တိတိ ကျခံစေပြီးပြီမို့ နောက်နှစ်ရက်အကြာ စီရင်ချက်ချတော့မည့် ဖေဖေ့အမှုတွေသည် ပြေးစရာ မြေမရှိသည့် အခြေအနေဖြစ်ပါသည်။ ကျွန်မတို့ ညီအစ်မတွေကတော့ မည်သို့မဆို ဖေဖေ့ကို ထောင်ချလိမ့်မည်ဟု ပြင်ဆင်ထားပါပြီ။

"တရားခွင်မှာ သမီးတို့အားလုံး ဣန္ဒြေရရ ထိုင်နေကြမယ်။ သမီးက မေမေ့နံဘေးမှာ ထိုင်မယ်နော်။ စီရင်ချက်ချတဲ့အခါကျရင် လွတ်တယ်ဆိုရင် ပျော် လိုက်ကြမှာပေါ့။ အပြစ်ချရင်တော့ လုံးဝမျက်နှာမပျက် မငိုမရှိုက်ကြဘူး။ သူတို့ နိုင်တယ်လို့ ထင်နေမှာကို သမီးတို့က လုံးဝ လက်သင့်မခံနိုင်ဘူး"

မေမေကတော့ ဖေဖေလွတ်လိမ့်မည်ဟု ဇွတ်မျှော်လင့်နေပါ၏။

"ဖေဖေ့အတွက် တွက်ချက်ထားတဲ့ ယတြာချေထားတာတွေက လွတ်မယ်လို့ပြောကြတယ်"

"လွတ်မှ ရယ်မောပျော်မြူးလိုက်ကြတာပေါ့ မေမေရယ်။ တရားခွင် ရောက်ကြရတဲ့ တရားခံတိုင်း မိသားစုတိုင်းဟာ လွတ်ဖို့မျှော်လင့်ကြသူချည်းပဲ မဟုတ်လား။ ဖေဖေတို့ကို အပြစ်ရှာ အငြိုးဖွဲ့ပြီး ဖမ်းဆီးချုပ်နှောင်ထားပြီး အမှုစစ် ဆေးနေလုပ်နေကြတာကိုက ထောင်ချချင်လို့ဆိုတာ သိသာနေတယ်။ သူတို့ အပြစ်ချတဲ့အခါကျရင်သာ မိသားစုက ဣန္ဒြေရရ ခံယူသွားတယ်ဆိုရင် ဖေဖေလည်း မိသားစုအတွက် မျက်နှာမပျက်တမ်း မျက်နှာမငယ်တမ်း ရင်ဆိုင်သွားနိုင်မှာပေါ့ မေမေရဲ့"

အဲဒီနေ့က ဖေဖေသည် တိုက်ပုံအနက်ဝတ် ထောက်လှမ်းရေးများ ခြံရံကာ တရားခွင်ရှိ တရားခံထိုင်ခုံသို့ လျှောက်သွားရင်း မိသားစုဘက်သို့ အတန်ငယ် ဦးခေါင်း

စောင်းငဲ့ပြီး ကြည့်သွားသည်။ သူ့ကိုခွဲချမည်ဟု သူသိနေပြီးသားဖြစ်သည့် တွက် မိသားစုကော ရိပ်စားမိလေရဲ့လား ပြစ်ဒဏ်ချလိုက်လျှင် အငိုက်မိကြေကွဲ သွားကြမလားနှင့် သူစိုးရိမ်ကြောင့်ကြမိမှာပင်။ ကျွန်မတို့မှာ သူကြားသိအောင် လိုက်အော်အားပေးခွင့်လည်း မရှိခဲ့ပါ။ သူ့ရင်သွေးတွေမှီ နေပူမိုးရွာ အကြမ်းခံ ရေစိမ်ခံပါသည်ဆိုတာ သူသိမှာပါပဲဟု တွေးနေ ငြိမ်သက်နေလိုက်ရပါလေ၏။

**ဦးတင်ဝင်းညို တစ်သက်တစ်ကျွန်းပြစ်ဒဏ်နှစ်ရပ်ပေါင်းစီရင်**

ဩဂုတ်လ (၃)ရက်နေ့ထုတ် လုပ်သားပြည်သူ့နေ့စဉ်တို့ မြန်မာ့အလင်း တို့တွင် ဦးတင်ဝင်းညို တစ်သက်တစ်ကျွန်း ပြစ်ဒဏ်နှစ်ရပ်ပေါင်း စီရင်ခံသော ခေါင်းစဉ်နှင့် ဖော်ပြခဲ့ပါ၏။

စီရင်ချက်ချသော ဩဂုတ်လ(၂)ရက်နေ့က စီးပွားရေးမသမာမှုနှင့် အလွဲသုံးစားမှုများဖြင့် တရားစွဲဆိုခြင်းခံရသော ကျွန်မတို့၏ဖခင် ဦးတင်ဝင်းညို သည် ပြစ်မှုကြီးအမှတ်(၉/၇၈)တွင် ပါတီဌာနချုပ်၌ တာဝန်ထမ်းဆောင်ခဲ့စဉ် ၁၉၇၅ ခုနှစ်အတွင်းက အများနှင့်သက်ဆိုင်သောပစ္စည်းတွင် အကျုံးဝင်သည့် ခြောက်ရာသုံးဆယ့်ကိုးကျပ်တန်ဖိုးရှိသော ပါတီပိုင်မော်တာတစ်လုံးကို ဦးစိုးလွင်မှ တစ်ဆင့် ပါတီစတိုမှ ထုတ်ယူခဲ့ပြီး မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြု လုပ်ခဲ့သည်မှာ ပေါ်လွင်ထင်ရှား၍လည်းကောင်း၊ ပြစ်မှုကြီးအမှတ်(၁၀/၇၈)တွင် ၁၉၇၆ ခုနှစ်အတွင်းက ပါတီရန်ပုံငွေဖြင့် ဝယ်ယူထားသောပါတီ စားရိပ်သာမှ နို့ဆီ၊ သကြား၊ ဆန်၊ နူယားစီးကရက် စုစုပေါင်းတန်ဖိုးငွေ ငါးထောင်သုံးဆယ့် တစ်ကျပ်ရှိ ပစ္စည်းများကို စားရိပ်သာမှူး ဦးရဲတင်ဝင်းမှတစ်ဆင့် ထုတ်ယူခဲ့ပြီး မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်ရာ ရောက်ကြောင်းပေါ်လွင်ထင်ရှား၍ လည်းကောင်း၊ ၎င်းအပေါ်စွဲဆိုထားသည့် ၁၉၆၃ ခု အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ(၃)အရ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှား သဖြင့် တရားခံဦးတင်ဝင်းညိုအား တစ်သက်တစ်ကျွန်း ပြစ်ဒဏ်နှစ်ရပ်ကို တစ်ပေါင်း တည်းကျခံစေရမည်ဟု ဒုတိယဗိုလ်မှူးကြီးမောင်မောင်အေး ဥက္ကဋ္ဌအဖြစ်ပါဝင်သော ရန်ကုန်တိုင်းတရားစီရင်ရေးအဖွဲ့က အမိန့်ချမှတ်ခဲ့ပါသည်။ ဖေဖေ့ကို အမှုနှင့်



အများပြည်သူနှင့် သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေး
ဥပဒေပုဒ်မ(၃)ဖြင့် စွဲချက်တင်ကြောင်းအမိန့်ကို
ဦးတင်ဝင်းညို နားထောင်စဉ်



တစ်သက်တစ်ကျွန်း အပြစ်ဒဏ်(၂)ရပ်ကို အမိန့်ချမှတ်ခြင်းခံရသော
ဦးတင်းဝင်းညို

ပတ်သက်၍ (၁၉၇၇ ခုနှစ်၊ စက်တင်ဘာလကတည်းက ပါတီဌာနချုပ်မှ မေးစရာလေးရှိလို့ပါ ဗိုလ်မှူးကြီး" ဆိုပြီး ကုန်းမြင့်သာယာထဲ ဆွဲစိထားခဲ့သည်ကို ပြည်ဖုံးကားချထားရာမှ) တရားဝင် လှုသိရှင်ကြား ချုပ်နှောင်ခဲ့သည့် (၂-၂-၇၈) မှ (၁-၈-၇၈)နေ့အထိ အချုပ်ကာလကို ပြစ်ဒဏ်မှ ထုတ်နုတ်ပေးစေရမည်ဟု အမိန့်တွင် ဖော်ပြထား၏။

ပြစ်မှုကြီးအမှတ်(၉/၇၈)အတွက် စီရင်ချက်အမိန့်တွင် ဦးတင်ဝင်းညိုသည် ပါတီဌာနချုပ်တွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က ပါတီဌာနချုပ်ရုံးဌာနခွဲလက်အောက်ရှိ အဆောက်အအုံများအတွက် ပြင်ဆင်မွမ်းမံရန် သတ်မှတ်ထားသည့် ပါတီဌာနချုပ်ပိုင်ပစ္စည်းများဖြစ်သော အိမ်သုတ်ဆေး၊ အထပ်သား၊ တောသစ်၊ မီလ္လာအိုးတစ်စုံနှင့် မော်တာတစ်လုံး စုစုပေါင်း ငွေနှစ်ထောင်တစ်ရာငါးဆယ်နှစ်ကျပ်နှင့် သုံးဆယ့်ငါးပြားဖိုးရှိ ပစ္စည်းများကို မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်ခဲ့သည်ကို စုံစမ်းစစ်ဆေးတွေ့ရှိခဲ့သဖြင့် ၎င်းအပေါ် ၁၉၆၃ ခု အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ(၃)အရ (၂-၃-၇၈)ရက်တွင် ကျောက်တံတားမြို့နယ် ပြည်သူ့ရဲစခန်း၌ ပထမသတင်းပေးတိုင်ချက်ဖွင့်ခဲ့ပြီး (၃-၂-၇၈)ရက်တွင် တိုင်းတရားစီရင်ရေးအဖွဲ့သို့ တရားစွဲဆို တင်ပို့ခဲ့ခြင်းဖြစ်သည်ဟု ဖော်ပြထား၏။

တရားခံနှင့်ပတ်သက်သည့် ပြစ်မှုကြီးအမှတ်(၁၀/၇၈)အတွက် မွန်းလွဲပိုင်းတွင် ချမှတ်လိုက်သော စီရင်ချက်အမိန့်တွင် လမ်းစဉ်ပါတီသည် နိုင်ငံတော်က ဖွဲ့စည်းပေးခဲ့သောပါတီဖြစ်ပြီး ၁၉၆၄ ခုနှစ် အမျိုးသားစည်းလုံးညီညွတ်ရေးကို ကာကွယ်သည့်ဥပဒေအရလည်းကောင်း၊ တရားဝင်ရပ်တည် အသိအမှတ်ပြုထားသောပါတီဖြစ်ကြောင်း၊

သို့အတွက် လမ်းစဉ်ပါတီရန်ပုံငွေသည် ၁၉၆၃ ခု အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ-၂(ဃ)(၄)တွင် အကျုံးဝင်သည်ဟု ကောက်ယူနိုင်သည်ဟု မိမိတို့ယူဆကြောင်း၊ (၁-၄-၇၄)ရက်နေ့ နောက်ပိုင်းတွင် တရားခံဦးတင်ဝင်းညိုက အလွဲသုံးစားပြုခဲ့သည့် ပါတီပိုင်ပစ္စည်းများသည် ၁၉၆၃ ခု အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ -၂(ဃ)(၄)



တစ်သက်တစ်ကျွန်းပြစ်ဒဏ်နှင့် အလုပ်နှင့် ထောင်ဒဏ်ခုနစ်နှစ်ကျခံစေရန်
အပြစ်ချမှတ်ခြင်းခံရသော ဦးသန်းစိန်

တွင် အကျုံးဝင်သည်ဟုသာ ကောက်ယူရမည် ဖြစ်ကြောင်း။

ယခုအမှုတွင် အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်သည် အမှုတွင်ပါဝင်သော သက်သေများကို သေချာစွာ စစ်ဆေးပြီးမှ ကျောက်တံတားရဲစခန်းတွင် ပထမသတင်းပေးတိုင်ချက်ဖွင့်လှစ်ခဲ့ခြင်းသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ-၁၆၂အရ ရဲအရာရှိထံမှ ထွက်ဆိုချက်ဖြစ်၍ သက်သေခံမဝင်သောကြောင့် တရားမဝင်သည့်တိုင်ချက်ဖြင့် အမှုကိုစွဲဆို တင်ပို့ ပိုင်ခွင့်မရှိဟု တရားခံဘက်မှ ကန့်ကွက်တင်ပြခဲ့သည့်အတွက် ဥပဒေကြောင်းဆိုင်ရာအချက်များကို လေ့လာကြည့်ရာတွင် အထူးစုံစမ်းစစ်ဆေးရေးဥပဒေပုဒ်မ-၆(၁)အရ လည်းကောင်း။

အထူး အက်ဥပဒေပါ သီးခြားပြဋ္ဌာန်းချက်များကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေက လွှမ်းမိုးခြင်း မပြုနိုင်၍ ဖော်ပြပါတိုင်တန်းချက်ကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးပုဒ်မ-၁၆၂ က လွှမ်းမိုးနိုင်ခြင်းမရှိ၍ ယင်းပထမသတင်းပေး တိုင်ချက်သည် တရားဝင်သည့်တိုင်ချက်ဖြစ်သည်ဟု ကောက်ယူရမည်သာဖြစ်ကြောင်း။

တရားခံ ဦးတင်ဝင်းညိုသည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီတွင် တိုင်းပြည်၏ အရေးပါအရာရောက်သည့် တာဝန်များကို ထမ်းဆောင်ခဲ့ရသူတစ်ဦးဖြစ်သဖြင့် ၎င်းသည် ပါတီနှင့်တိုင်းပြည်အပေါ်တွင် စံပြအနေဖြင့် တာဝန်သိသိ သစ္စာရှိရှိဆောင်ရွက်ရန် တာဝန်ရှိသော်လည်း ပျက်ကွက်ခဲ့သူဖြစ်ကြောင်း တွေ့ရသည့်အတွက် ၎င်းအပေါ် ထိရောက်ဟန့်တားလောက်သည့် အပြစ်ဒဏ်ချမှတ်သင့်သည်ဟု တိုင်းတရားစီရင်ရေးအဖွဲ့၏ စီရင်ချက်တွင် ဖော်ပြထား၏။ (သတင်းစဉ်)

မေမေသည် သမီးကြီး၏ပေါင်ကို အသာကုတ်သည်။ အမိန့်ချလိုက်ပြီဟု သတိပေးခြင်းဖြစ်ပါသည်။ ကျွန်မကလည်း သူ့လက်ကို အသာဆုပ်ကိုင်ဖျစ် ညှစ်လိုက်ကာ သူတို့လုပ်နိုင်တုန်း လုပ်ကြတာဟု အသံတိတ်တုံ့ပြန်လိုက်ပါသည်။ နိုင်တုန်း ဖိနှိပ်ညှဉ်းဆဲပေါ့။ သံသရာရှည်ပါတယ်ရှည်ဦးမှာပါ။

စီရင်ချက်ချပြီး တရားစစ်ဆေးမှု ပြီးဆုံးသောအခါ ဖေဖေသည် ထောင်ထဲ ဝင်ပြီ မိသားစုထံလျှောက်လာပြီး နှုတ်ဆက်ပါသည်။ သူနှင့်အတူ အထူးစုံစမ်း ထောက်လှမ်းရေး ဘီအက်စ်ဆိုင်ဆိုသူတွေလည်း ထပ်ချပ်လိုက်ပါလာကြပါသည်။

ဖေဖေ့နည်းတူ သူတို့ကလည်း မိသားစု ဘယ်လိုခံစားကြေကွဲနေကြသလဲ သိချင်မြင်ချင်ကြပါသည်။ အဲဒီအတွက် ကျွန်မတို့ အသင့်ပြင်ဆင်ထားပါသည်။

"ကဲ ... ခုတော့ ဖေဖေက ဦးရှင်ကြီးထက် သာသွားပြီပေါ့ ဦးရှင်ကြီးက တစ်ကျွန်းပဲပိုင်တာ၊ ဖေဖေက နှစ်ကျွန်း"

မိသားစုခံနိုင်ရည်ရှိသည်။ မတရားမှုကို ပြက်ရယ်ပြုနိုင်သေးသည်ဟု ဖေဖေပွယ်နသောကာတွေ လျော့ပါးပြီး စိတ်သက်သာရာရသွားဟန်ရှိလျက် ပြုံးသွား ပါသည်။ သူ့ စသုံးလုံးတွေအား စကားစပြည် ရယ်မောပြောဆိုခဲ့ပါသည်။ သို့နှင့်လျှင် သူလည်း အကျဉ်းထောင်ထဲပြန်၊ မိသားစုလည်း အောင်ဆန်းနေအိမ်သို့ပြန်။ တရားရုံး တွင် ကျွန်မတို့၏ မျက်ရည်မကျခဲ့ကြပါ။ မမြင်ကွယ်ရာရောက်ခါမှ အိမ်ရောက်ခါမှ တစ်ယောက်ကိုတစ်ယောက် ဖက်ပြီးငိုကြရပါသည်။

**တိုင်းတရားစီရင်ရေးအဖွဲ့မှ တစ်သက်တစ်ကျွန်း အပြစ်ဒဏ် အမိန့်ချမှတ်ခြင်းခံရသော ဦးတင်ဝင်းညို**

လုပ်သားပြည်သူ့နေ့စဉ်၊ မြန်မာ့အလင်း၊ ကြေးမုံ၊ နေ့စဉ်သတင်းစာတွေ ပလူပျံနေသည်ကို ကျွန်မတို့ကောက်သိမ်း နာကျင်ခဲ့ကြရပါသည်။ နေ့ရက်မဆိုင်းပင် ဩဂုတ်လ (၃)ရက်တွင် စီးပွားရေးမသမာမှုနှင့် အလွဲသုံးစားမှုများဖြင့် တရားစွဲဆိုခြင်း ခံရသော ဦးသန်းစိန်အား ပြစ်မှုကြီးအမှတ်(၇/၇၈) တွင် ၁၉၆၃ ခု အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ (၃) အရ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားပေါ်လွင်သဖြင့် အလုပ်နှင့် ထောင်ဒဏ်ခုနစ်နှစ်ကို လည်းကောင်း၊ ပြစ်မှုကြီး အမှတ်(၈/၇၈)တွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၄၀၈) အရ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားပေါ်လွင်သဖြင့် အလုပ်နှင့်ထောင်ဒဏ်ခုနစ်နှစ်ကိုလည်းကောင်း၊ တစ်ပေါင်းတည်းကျခံစေရမည်ဖြစ်ကြောင်းဖြင့် ဥက္ကဋ္ဌဒုတိယ ဗိုလ်မှူးကြီးမောင်မောင်အေး၊ အဖွဲ့ဝင်ဦးမြတ်တိုး၊ ဦးမောင်မောင်ဝင်းတို့ ပါဝင်သော တိုင်းတရားစီရင်ရေးအဖွဲ့က အမိန့်ချမှတ်လိုက်၏။

ပထမအမှုတွင် ဦးသန်းစိန်သည် လမ်းစဉ်ပါတီဗဟိုကော်မတီဌာနချုပ်တွင် တာဝန် ထမ်းဆောင်နေစဉ် (၁၉၇၄)ခုနှစ် ဇန်နဝါရီလအတွင်းက ပါတီဌာနချုပ်ရှိ

စားရိပ်သာမှ ပါတီပိုင်ငွေဖြင့် ဝယ်ယူ ထားသော စုစုပေါင်းငွေတစ်ထောင့်လေးဆယ် ငါးကျပ်နှင့် ပြားငါးဆယ်တန်ဖိုးရှိ နို့ဆီ၊ သကြား၊ လက်ဖက်ခြောက်၊ ကော်ဖီမှုန့်၊ နူယားစီးကရက်နှင့် မုန့်မျိုးစုံတို့ကို ရိပ်သာမှူး ဦးရဲတင်ဝင်းမှတစ်ဆင့် ပါတီရိပ်သာမှ ထုတ်ယူခဲ့ပြီး မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်ခဲ့ကြောင်း သက်သေ အထောက်အထားများအရ ပေါ်လွင်ထင်ရှားသည့်အပြင် ၎င်းအလွဲသုံးစားပြုလုပ် ခဲ့သည့် ပစ္စည်းများမှာလည်း ၁၉၆၃ ခု အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ် စောင့်ရှောက်ရေးဥပဒေပုဒ်မ - ၂(ခ)အရ အများပိုင်ပစ္စည်းတွင် အကျုံးဝင်သည်ကို တွေ့ရှိကြောင်း၊ သို့အတွက် ၎င်းအပေါ် စွဲဆိုထားသည့် ၁၉၆၃ ခု အများနှင့်သက် ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ-၃အရ အပြစ်ရှိသည်ဟု ခုံးဖြတ်ကြောင်း။

တရားခံသည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီနှင့် တိုင်းပြည်၏အရေးပါ သော တာဝန်များကို ထမ်းဆောင်နေရသူဖြစ်လျက်နှင့် ပါတီနှင့်တိုင်းပြည်အပေါ်တွင် စံပြုအနေဖြင့် တာဝန်သိသိ သစ္စာရှိရှိ ဆောင်ရွက်ရန်ပျက်ကွက်ခဲ့သဖြင့် ၎င်းအပေါ် ထိရောက်ဟန့်တား လောက်သည့်ပြစ်ဒဏ်များ ချမှတ်သင့်ကြောင်း၊ ၎င်းကျူးလွန် သည့်ကာလသည် ၁၉၇၄ ခုနှစ်၊ မတ်လ(၁၉)ရက်နေ့ မတိုင်မီကဖြစ်၍ (၁၉-၃- ၇၄)ရက်နေ့စွဲပါ နိုင်ငံတော်ကောင်စီ၏ လွတ်ငြိမ်းချမ်းသာခွင့်ဆိုင်ရာ ကြေငြာချက် အမှတ်(၁)ပါ အကျိုးခံစားခွင့်ရှိစေရန်နှင့် အခုအမှုနှင့်ပတ်သက်၍ အချုပ်ခံရသော (၂-၂-၇၈) မှ (၁-၈-၇၈) ရက်အထိ အချုပ်ကာလကို ပြစ်ဒဏ်မှထုတ်နုတ်ပေးမည် ဟု ဖော်ပြထား၏။

ဒုတိယအမှုမှာ သကြံ့န်ရုံးပိတ်ရက်အတွင်း ပါတီတာဝန်အကြောင်းပြပြီး အထက်မြန်မာပြည်သို့ မိသားစုနှင့်အတူ အပန်းဖြေထွက်ရာတွင် ပါတီပိုင်ကား၊ ပါတီပိုင် ဓာတ်ဆီနှင့် ပါတီပိုင်ဝန်ထမ်းယာဉ်မောင်း၏ လုပ်အားကို ပါတီတာဝန် ထမ်းဆောင်ခြင်း မရှိလည်း အလွဲသုံးစားပြုခဲ့သည်မှာ ပေါ်လွင်ထင်ရှားသဖြင့် ဥပဒေ-၄၀၈ အရ အပြစ်ရှိ သည်ဟု ခုံးဖြတ်ကြောင်း။ သို့အတွက် ၎င်းအား အလုပ်နှင့် ထောင်ဒဏ်ခုနှစ်နှစ် တိတိ ကျခံစေရန်နှင့် ပြစ်မှုကြီးအမှတ်(၇/၇၈) အမှုတွင် ချမှတ်ထားသော ပြစ်ဒဏ်နှင့်

တစ်ပေါင်းတည်း ကျခံစေရမည်ဟု စီရင်ချက်အမိန့်တွင် ဖော်ပြထားပါသည်။

(သတင်းစဉ်)

နောက်နေ့ ဩဂုတ် (၄)ရက်တွင် ပြစ်မှုနှစ်ခုအတွက် ဦးဇော်ဖေအား ထောင်ခုနစ်နှစ်စီ အမိန့်ချမှတ်ဆိုသော ခေါင်းစဉ်ဖြင့် ဖေဖေတို့နှင့်အတူ ဖမ်းဆီးစစ်ဆေးခံရသူ၏ သတင်းတွေကို သတင်းစာတွေမှာ ဖတ်ရှုကြရပါသည်။

ပြစ်မှုကြီးအမှတ်(၁၁/၇၈)အတွက် စီရင်ချက်ချမှတ်ရာတွင် ဦးဇော်ဖေ သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မရှင် အဖွဲ့ခွဲ(၂) အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည့် ၁၉၇၁ ခု၊ နိုဝင်ဘာနှင့် ၁၉၇၂ ခုနှစ်၊ မေလအထိကာလအတွင်း မိုးနဲ၊ လွိုင်လင်၊ တောင်ကြီးမြို့များသို့ ခရီးထွက်ခဲ့ရာတွင် အမှန်စားသောက်ကုန်ကျခြင်း မရှိဘဲ လူဦးရေပိုပြ၍ တောင်းခံထုတ်ယူထားသော ငွေစုစုပေါင်းသုံးထောင်သုံးရာ့လေးဆယ်ကျပ်ကို ကိုယ်ကျိုးအတွက် သုံးစွဲခဲ့သည်ကို တွေ့ရသဖြင့် ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ-၃ အရ တရားစွဲဆိုတင်ပို့ခြင်းဖြစ်ကြောင်း။

အဓိကပေါ်လွင်သော အချက်မှာ တရားခံဟု သူတို့ဘက်က စွပ်စွဲသည်ကို ခံရသော ဦးဇော်ဖေသည်ခရီးစဉ်အတွက်ကုန်ကျခဲ့သောအရက်၊ စီးကရက်၊ အမြည်းနှင့် အခြားအသုံးစရိတ်များကို ဘောင်ဝင်စေရန် ညှိခံကျွေးမွေး နေ့တွက်စားစရိတ်လိမ်ပြုခြင်း ပေါ်လွင်သော်လည်း ကော်မရှင်အသုံးစရိတ်ငွေကို ကိုယ်ကျိုးအလွဲသုံးစားလုပ်ခဲ့သည်မှာ သက်သေဖြစ်ကြောင်း။

တရားခံသည် မှုကြမ်းရှင်းလင်းရေးအဖွဲ့များနှင့် ခရီးထွက်ရာတွင် လူစာရင်းများ လိမ်လည်ပြသခဲ့သည်သာ ပေါ်လွင်ကြောင်း။ ခြုံ၍စဉ်းစားချင့်ချိန်မည်ဆိုပါက ဦးဇော်ဖေသည် စာရင်းလိမ်ပြခဲ့သောငွေကို မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်ခဲ့သည်ဟု တစ်ထစ်ချကောက်ယူရန် ခဲ့ယဉ်းကြောင်း၊ ထိုငွေများကို မည်သို့အလွဲသုံးစားပြုခဲ့သည်ကို တိတိကျကျ သက်သေထင်ရှားမပေါ်လွင်ဘဲ အမှန်ကုန်ကျစရိတ်များကာမိစေရန် စာရင်းလိမ်ပြုလုပ်ခဲ့ကြောင်းသာ ပေါ်လွင်ကြောင်း၊ ထို့ကြောင့် တာဝန်ရှိသူ ဦးဇော်ဖေအပေါ်တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၄၇၇(က)အရ စာရင်းလိမ်

လည်းမှုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းက ပိုမို၍ တရားမျှတမှုရှိမည်ဟု တရားစီရင်ရေးအဖွဲ့က ယူဆကြောင်း။

ထို့ကြောင့် အလုပ်နှင့်ထောင်ဒဏ် ခုနစ်နှစ်တိတိ ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။ ပြစ်မှုကြီးအမှတ်(၁၂/၇၈)အတွက် စီရင်ချက်အမိန့်ကို ဆက်လက်ချမှတ်ရာတွင် ဦးဇော်ဖေသည် မိုးနဲ၊ လှိုင်လင်၊ တောင်ကြီး၊ ဘားအံ၊ မော်လမြိုင်နှင့် ထားဝယ်မြို့များသို့ သွားရောက်ခဲ့ရာ၌ အမှန်စားသောက်ကုန်ကျခြင်း မဟုတ်ဘဲ လူဦးရေစာရင်းပိုပြ၍လည်းကောင်း၊ စုစုပေါင်းငွေ တစ်သောင်းနှစ်ထောင်ငါးဆယ့်တစ်ကျပ်နှင့် ပြားခုနစ်ဆယ်ကို မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်ခဲ့သည်ကို တွေ့ရှိရ၍ ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ-၃အရ တိုင်ချက်ဖွင့်လှစ်ပြီး တရားစွဲဆိုတင်ပို့ခဲ့ခြင်းဖြစ်ကြောင်း။ ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ် စောင့်ရှောက်ရေးဥပဒေပုဒ်မ-၂(ခ) အရ အများပိုင်ပစ္စည်းဖြစ်သော်လည်း ယင်းပုဒ်မ-၃ အရ အရေးယူသင့်သည် သို့မဟုတ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၄၇၇(က)အရ ပြစ်မှုထင်ရှားစီရင်ခြင်းက ပိုမိုဆီလျော်မည်ဟူသော အချက်အတွက် တာဝန်ရှိသူ တရားခံသည် မှုကြမ်းရှင်းလင်းရေး အဖွဲ့များနှင့် ခရီးထွက်ခဲ့ရာတွင် လူစာရင်းများ လိမ်လည်ပြသ စေခဲ့သည်မှာ ပေါ်လွင်ကြောင်း၊ တရားခံသည် မရိုးမဖြောင့်သောသဘောဖြင့် အလွဲသုံးစွဲပြုလုပ်သည်ဟု ယူဆနိုင်ရန် အကြောင်းအချက် မခိုင်မလုံရှိနေကြောင်း။ ချိန်ဆုံစဉ်းစားမည်ဆိုပါက တရားခံသည် စာရင်းလိမ်ပြခဲ့သောငွေကို မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်ခဲ့သည်ဟု တစ်ထစ်ချ ယူဆရန် ခဲယဉ်းပြီး အမှန်ကုန်ကျစရိတ်များကာမိစေရန် စာရင်းလိမ်ပြုလုပ်ခဲ့ခြင်းသာဖြစ်ကြောင်း ထင်ရှားကြောင်း။ ထို့ကြောင့်စာရင်းများကို လိမ်လည်ပြခဲ့သည့် တာဝန်ရှိသူ ဦးဇော်ဖေကို အလုပ်နှင့်ထောင်ဒဏ် ခုနစ်နှစ်တစ်ပေါင်းတည်း ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။ ၎င်းကျူးလွန်သည့်ကာလသည် ၁၉၇၄ ခုနှစ်၊ မတ်လ(၁၉)ရက်နေ့ မတိုင်မီကဖြစ်၍ (၁၉-၃-၇၄) ရက်နေ့စွဲပါ နိုင်ငံတော်ကောင်စီ၏ လွတ်ငြိမ်းချမ်းသာ ခွင့်ဆိုင်ရာကြေညာချက် အမှတ်(၁)ပါ အကျိုးခံစားခွင့်ရှိစေရန်နှင့် အခုအမှုနှင့်ပတ်သက်၍ အချုပ်ခံရသော (၂-၂-၇၈) မှ(၁-၈-၇၈)ရက်အထိ

အချုပ်ကာလကို ပြစ်ဒဏ်မှ ထုတ်နုတ်ပေးမည်ဟု ဖော်ပြထား၏။

ဩဂုတ်လ(၇)ရက်ထုတ် သတင်းစာများတွင် ဦးထွန်းလင်း အမှုလျှောက်လဲပြီး စီရင်ချက်ချမှတ်ရန် ဩဂုတ်(၁၁)ရက်သို့ ချိန်းဆိုလိုက်ပါသည်။ သူတို့ ငါးဦးတွင် လေးဦးအား းစွဲဆိုအပြစ်ပေးပြီးဖြစ်သောကြောင့် အမှု(၆)ခု စွဲချက်တင်ထားသော ဦးထွန်းလင်းအတွက် ကျွန်မစိုးရိမ်လှပါသည်။ လူမြင်သူမြင်ကောင်း မည်ဆိုပါလျှင် တောင်စွယ်မှာနေကွယ်လျှင် သတ်စေဆိုသောဇာတ်ထဲက အမိန့် တော်ပြန်တမ်းတွေ များ ဖွင့်နေဦးမှာလားဟု သရော်တွေး တွေးမိခဲ့ပါ၏။ ပထမဆုံးအဖြစ် ပြစ်မှုကြီးအမှတ် (၅/၇၇)အတွက် တရားခံအကျိုးဆောင်များက လျှောက်လဲကြရာတွင် ၁၉၇၃ ခုနှစ်၊ မေလမှ ၁၉၇၄ ခုနှစ်၊ ဧပြီလအတွင်း ပါတီရိပ်သာမှ ပါတီပိုင်ငွေဖြင့် ဝယ်ထားသော နို့ဆီ၊ သကြား၊ စုစုပေါင်းတန်ဖိုး တစ်ထောင်သုံးရာ သုံးဆယ်နှစ်ကျပ်ဖိုးကို ရိပ်သာမှူး ဦးရဲဘာင်ဝင်းနှင့်ပူးပေါင်း၍ မိမိအိမ်သို့ ရယူသုံးစွဲခဲ့သည်ဆိုကာ အများနှင့်သက်ဆိုင်သော ပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ-၃နှင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၄တို့အရ တိုင်ချက်ဖွင့်ပြီး တရားစွဲ တင်ပို့ခဲ့ခြင်းဖြစ်ကြောင်း၊ သက်သေများ၏ ထွက်ဆိုချက်များမှာ ကွဲလွဲဆန့်ကျင် လျက်ရှိကြောင်း၊ သို့အတွက် ၎င်းတို့၏ ထွက်ဆိုချက်များကို ယုံကြည်လက်ခံ၍ တရားခံအားအပြစ်မပေးထိုက်ကြောင်း၊ ဦးထွန်းလင်းသည် ပါတီရိပ်သာမှ ပစ္စည်းများကို ယုံကြည်အပ်နှံခြင်းခံရသူ မဟုတ်ပါဘဲလျက် မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြုသည်ဟု စွပ်စွဲထားခြင်းမှာ ဥပဒေအရလည်း ငြိစွန်းခြင်း မရှိပါသဖြင့် တရားခံအား ဤအမှုမှတရားသေလွှတ်ရန်သာရှိကြောင်း အမှုဖြစ်အကြောင်းအရာ ဥပဒေအကြောင်းအချက်၊ စီရင်ထုံးများကို ကိုးကား၍ လျှောက်ထားတင်ပြသွားကြပါသည်။ တရားလိုအကျိုးဆောင်များက အမှုအကြောင်းခြင်းရာ၊ တရားလိုပြ သက်သေ ထွက်ဆိုချက်များအရ တရားခံအပေါ် ငြိစွန်းချက်များ၊ တရားခံနှင့် တရားခံပြသက်သေ များဆိုချက်အပေါ် သုံးသပ်ချက်၊ ဥပဒေအကြောင်းဆိုင်ရာ သုံးသပ်တင်ပြချက်များကို အပိုင်းလိုက် လျှောက်ထားတင်ပြကြလျက် သက်သေခံပုဒ်မ-၁၃၃ အရ ကြံရာပါ သက်သေတစ်ဦး၏ ထွက်ဆိုချက်မှာ သက်သေခံဝင်ပြီး အခြားလွတ်လပ်သည့် သက်သေခံအထောက်အထားမပါဘဲ ယင်းသက်သေခံချက်များအပေါ် အခြေခံပြု၍

အပြစ်ပေးမည်ဆိုက ဥပဒေအရ မှားသည်ဟု မဆိုနိုင်ကြောင်း၊ ဦးရဲတင်ဝင်းသည် ကြံရာပါဖြစ်သည်ဆိုပြီး ၎င်းထွက်ဆိုချက် အားလုံးမှားသည်ဟု ယူဆရန်မဖြစ်နိုင်ကြောင်း။ ဦးထွန်းလင်းသည် ပါတီဌာနချုပ်တွင် တာဝန်ထမ်းဆောင်ခဲ့စဉ် ပါတီငွေစာရင်းခေါင်းစဉ်နှင့် ညှိခံကျွေးမွေး စရိတ်ရန်ပုံငွေဖြင့် ဝယ်ယူထားသည့် နို့ဆီ၊ သကြားများကို ရယူသုံးစွဲခဲ့သည်မှာ ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ-၃ ကို ကျူးလွန်ခဲ့သည်မှာ ထင်ရှားကြောင်း၊ သို့အတွက် ၎င်းအပေါ် သင့်လျော်သော ပြစ်ဒဏ်သတ်မှတ်သင့်ကြောင်းဖြင့် လျှောက်ထားသွားကြသည်။ ယင်းအမှုအတွက် စီရင်ချက်ချမှတ်ရန် ဩဂုတ် (၁၁)ရက်သို့ ချိန်းဆိုလိုက်ပါသည်။

ဩဂုတ် (၈)ရက်တွင် ဦးထွန်းလင်းနှင့်ပတ်သက်သည့် ပြစ်မှုကြီးအမှတ် (၆/၇၈)အတွက် နှစ်ဖက်သောအကျိုးဆောင်များ၏ နောက်ဆုံးလျှောက်လဲချက်များကို တိုင်းတရားစီရင်ရေးအဖွဲ့မှ ကြားနာပြီး စီရင်ချက်အမိန့်ကို ဩဂုတ် (၁၁)ရက်တွင် ချမှတ်မည်ဖြစ်ကြောင်း ချိန်းဆိုပါသည်။ ယင်းအမှုနှင့် စပ်လျဉ်း၍ ဦးထွန်းလင်းအား မန္တလေး၌ ပြုလုပ်သော ၎င်း၏သမီးမင်္ဂလာဆောင်အတွက် ပါတီပိုင်ကားနှစ်စီး၊ ပါတီဆောင်ငွေမှ ငွေတစ်ထောင်ကျပ်၊ ပါတီဝန်ထမ်းသုံးဦး၏ လုပ်အားနှင့် ပါတီငွေဖြင့် ဝယ်ယူခဲ့သော ဓာတ်ဆီဖိုးငွေခြောက်ရာခြောက်ဆယ့်ခြောက်ကျပ်နှင့် ပြားနှစ်ဆယ်တို့ကို မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြုခဲ့သည်ကို တွေ့ရှိရသည်ဆို၍ တိုင်ချက်ဖွင့်ပြီး တရားစွဲခဲ့ကြောင်း။ ပါတီဌာနချုပ်ပိုင်ကားများကို ကိုယ်ရေးကိုယ်တာသုံးစွဲသည့်အတွက် တရားစွဲဆိုခြင်းမှာ ဦးထွန်းလင်းနှင့်ပတ်သက်သည့် ယခုအမှုနှင့် ဦးသန်းစိန်နှင့်ပတ်သက်သည့် ပြစ်မှုကြီးအမှတ်(၆/၈၇) နှစ်မှုသာရှိခဲ့ကြောင်း၊ ပြစ်မှုကြီးအမှတ် (၈/၇၈)၌ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၄၀၈ အရအရေးယူခဲ့ကြောင်း။ ထို့ကြောင့် တရားခံ၏ တင်ပြချက်ကို အလေးအနက်ထား၍ အခုံးအဖြတ်ပေးပါရန်နှင့် တရားခံအား ဤအမှုမှ တရားသေလွှတ်ပေးပါရန် သက်သေထွက်ဆိုချက်များ၊ ဥပဒေအကြောင်းချက်များ၊ စီရင်ထုံးများကို ကိုးကား၍ အသေးစိတ်လျှောက်ထားသွားသည်။ တရားလို အကျိုးဆောင်များကလည်း တရားခံသည် ၁၉၆၃ ခုနှစ်အများနှင့် သက်ဆိုင်သောပစ္စည်း

ကာကွယ်စောင့်ရှောက် ရေး ဥပဒေပုဒ်မ-၃ကို ကျူးလွန်ခဲ့သည်မှာ ထင်ရှားကြောင်း၊ ၎င်းသည် နိုင်ငံတော်ကို ဦးဆောင်နေသည့်ပါတီတွင် အရေးပါသောတာဝန်ထမ်းဆောင်ခဲ့ရသူ တစ်ဦးဖြစ်ရာ ပါတီနှင့်နိုင်ငံတော်အပေါ် တာဝန်ပျက်ကွက်ခဲ့ပါသဖြင့် ပြစ်မှုနှင့်သင့်လျော်သည့် ပြစ်ဒဏ်ချမှတ်သင့်ကြောင်း၊ အမှုအကြောင်းခြင်းရာ၊ တရားခံနှင့် နှစ်ဖက်သက်သေများထွက်ဆိုချက်များ၊ ဥပဒေအကြောင်းအချက်များ၊ စီရင်ထုံးများနှင့် တရားခံအပေါ် ငြိစွန်းချက်များကို ကဏ္ဍအလိုက် တင်ပြလျှောက်လဲသွားကြပါသည်။ တရားခံ အကျိုးဆောင်များက တရားလိုများ၏ လျှောက်လဲချက်များကို ပြန်လည်ရှင်းလင်းချေပလျှောက်လဲသွားကြပါသည်။ (သတင်းစဉ်)

အသက်ကို မသတ်သော်လည်း ဂုဏ်သိက္ခာကို သတ်ဖို့ကြိုးစားခဲ့သည့်အနက် ကံအားလျော်စွာ အများပြည်သူက အမှန်တရားကို ထွင်းဖောက်မြင် သိနေကြသည့်အတွက် တစ်ဖက်မှအကြံအစည်သည် မအောင်မြင်ခဲ့ပါ။ ဩဂုတ် (၁၁)ရက်တွင် စီးပွားရေးမသမာမှုနှင့် အလွဲသုံးစားမှုများဖြင့် မတရားစွဲဆိုခံရသော ဦးထွန်းလင်းနှင့် ပတ်သက်၍ ပြစ်မှုကြီးအမှတ် (၁/၇၈) မှ (၆/၇၈)အထိ ပြစ်မှု ခြောက်ရပ်အတွက် တစ်သက်တစ်ကျွန်းစီ ပြစ်ဒဏ်များကို တစ်ပေါင်းတည်းကျခံ စေရန် တိုင်းတရားသူကြီးအဖွဲ့ ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးမောင်မောင်အေး ဥက္ကဋ္ဌအဖြစ်ပါဝင်သော တရားစီရင်ရေးအဖွဲ့က အမိန့်ချမှတ်လိုက်သည်။ ၎င်းကျူးလွန်သည့်ကာလသည် ၁၉၇၄ ခုနှစ်၊ မတ်လ(၁၉)ရက်နေ့ မတိုင်မီက ဖြစ်၍ ၁၉-၃-၇၄ရက်နေ့စွဲပါ နိုင်ငံတော်ကောင်စီ၏ လွတ်ငြိမ်းချမ်းသာခွင့်ဆိုင်ရာ ကြေညာချက်အမှတ်(၁)ပါ အကျိုးခံစားခွင့်ရှိစေရန်နှင့် အခုအမှုနှင့်ပတ်သက်၍ အချုပ်ခံရသော ၂-၂-၇၈ မှ ၁-၈-၇၈ရက်အထိ အချုပ်ကာလကို ပြစ်ဒဏ်မှ ထုတ်နုတ်ပေးမည်ဟု ဖော်ပြထား၏။

ပြစ်မှုကြီးအမှတ် ၁/၇၈ နှင့်ပတ်သက်၍ ဦးထွန်းလင်းသည် ပါတီဌာနချုပ်တွင် တာဝန်ထမ်းဆောင်စဉ်က ငွေစုစုပေါင်း ခြောက်သောင်းခုနစ်ရာနှစ်ဆယ့်ခြောက်ကျပ်ကို မှုကြမ်းရေးခွဲရေးကော်မရှင်ရုံးအဖွဲ့မှူးထံမှ ထုတ်ယူပြီး မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြုခဲ့သည်မှာ ပေါ်လွင်ထင်ရှားသဖြင့် ၎င်းအပေါ်စွဲဆိုထားသော ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ-၃ အရ

အပြစ်ရှိသည်ဟု တိုင်းတရားစီရင်ရေးအဖွဲ့၏ စီရင်ချက်အမိန့်ဆုံးဖြတ်ချက်တွင် ဖော်ပြထားသည်။

ပြစ်မှုကြီးအမှတ် ၂/၇၈ နှင့်ပတ်သက်၍ ဦးထွန်းလင်းသည် ပါတီလှုပ်ရှားမှု ရန်ပုံငွေမှ မိုင်းယောင်း၊ မိုင်းယမ်း၊ ပါတီယူနစ်အမည်များနှင့် ကချင်ပြည်နယ် ဒေသ ပါတီကော်မတီအမည်ဖြင့် စုစုပေါင်း ငွေတထောင်လေးဆယ်ကျပ်ကို လိမ်လည် ထုတ်ယူပြီး မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်ခဲ့သည်မှာ သက်သေအထောက် အထားများအရ ထင်ရှားပေါ်လွင်ကြောင်း။

ပြစ်မှုကြီးအမှတ် ၃/၇၈နှင့်ပတ်သက်၍ တရားခံသည် ကမ္ဘာဇရိပ်သာ ညည်ခံကျွေးမွေးစရိတ်များကို အမှန်ကုန်ကျသောငွေထက် ငွေပေါင်းနှစ်သောင်း ခြောက်ထောင်ကိုးရာတစ်ဆယ့်တစ်ကျပ်ကို ပိုမိုထုတ်ယူခဲ့ပြီး မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်ခဲ့သည်မှာ ထင်ရှားကြောင်း။

ပြစ်မှုကြီးအမှတ် ၄/၇၈နှင့်ပတ်သက်၍ ကမ္ဘာဇရိပ်သာညည်ခံကျွေးမွေး စရိတ်ငွေများကို အမှန်ကုန်ကျသောငွေထက် ငွေပေါင်းလေးသောင်းလေးထောင် ရှစ်ရာသုံးဆယ့်ကိုးကျပ်နှင့် ပြားငါးဆယ်ကို ပိုမိုထုတ်ယူခဲ့ပြီး မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်ခဲ့သည်မှာ ထင်ရှားပေါ်လွင်သဖြင့် ၎င်းအပေါ် စွဲဆိုထားသည့် ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေ ပုဒ်မ-၃ အရ အပြစ်ရှိကြောင်း ဖော်ပြထားသည်။

ပြစ်မှုကြီးအမှတ် ၅/၇၈ နှင့်ပတ်သက်၍ တရားခံသည် ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ-၃ အရ အပြစ်ရှိသည်ဟု တိုင်းတရားစီရင်ရေးအဖွဲ့က ဆုံးဖြတ်ထားသည်။ ယင်းပြစ်မှုကြီးမှာ တရားခံသည် ပါတီဌာနချုပ်တွင် တာဝန်ထမ်းဆောင်စဉ် အများနှင့်သက်ဆိုင်သော ပစ္စည်းတွင် အကျုံးဝင်သောပါတီရန်ပုံငွေဖြင့် ဝယ်ယူထားသည့် ပါတီစားရိပ်သာမှ နို့ဆီ၊ သကြား စုစုပေါင်းတန်ဖိုးငွေ တစ်ထောင့်သုံးရာသုံးဆယ့်နှစ်ကျပ်ရှိ ပါတီပိုင် ပစ္စည်းများကို မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်ခဲ့သည်မှာ သက်သေ အထောက်အထားများအရ ထင်ရှားပေါ်လွင်ကြောင်း။ ပြစ်မှုကြီးအမှတ် ၆/၇၈နှင့်

ပတ်သက်၍ တရားခံသည် ပါတီဌာနချုပ်တွင် တာဝန်ထမ်းဆောင်စဉ် မန္တလေးတွင် ပြုလုပ်သော ၎င်း၏သမီး မင်္ဂလာဆောင်ခံပွဲသို့ ၎င်း၏ဇနီးအား စေလွှတ်ရာတွင် ပါတီ ဝန်ထမ်း(၃)ဦးအား ပါတီတာဝန်ပြု၍ ပါတီပိုင်ကားတစ်စီးနှင့် ငွေတစ်ထောင်ကျပ် ထုတ်ယူလိုက်ပါစေခဲ့သည့်အပြင် ပါတီပိုင်ဓာတ်ဆီနှင့် ပါတီငွေဖြင့် ဝယ်ယူခဲ့သည့် ဓာတ်ဆီတန်ဖိုးစုစုပေါင်း ခြောက်ရာခြောက်ဆယ့်ခြောက်ကျပ်နှင့် ပြားနှစ်ဆယ်တို့ကိုပါ ထုတ်ယူ၍ မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်ခဲ့သည်မှာ သက်သေအထောက် အထားများအရ ထင်ရှားပေါ်လွင်ကြောင်း။ ယင်းပစ္စည်းများသည် အများနှင့်သက်ဆိုင် သောပစ္စည်းများတွင် အကျုံးဝင်သည်ကို တွေ့ရသဖြင့် စွဲဆိုထားသော ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ-၃အရ အပြစ်ရှိကြောင်း၊ ၎င်းသည် တိုင်းပြည်၏ အရေးပါအရာရောက်သည့် ဝန်များကို ထမ်းဆောင်ခဲ့သူတည်းဖြစ်သည့်အတွက် ပါတီနှင့် တိုင်းပြည်အပေါ်တွင် စံပြအနေဖြင့် သစ္စာရှိရှိ တာဝန်သိသိဆောင်ရွက်ရန် တာဝန်ရှိသော်လည်း ပျက်ကွက်ခဲ့ကြောင်း။ ၎င်းအပေါ်တွင် ထိရောက်ဟန့်တားလောက်သည့် ပြစ်ဒဏ်မျိုး ချမှတ်သင့်သည်ဟု တိုင်းတရားစီရင်ရေးအဖွဲ့၏ စီရင်ချက်အမိန့်တွင် ဖော်ပြထားသည်။ (သတင်းစဉ်)

ဤတွင် ကြေကွဲနာကြည်းဖွယ်ရာ ဖြုတ်ထုတ်ထောင်ချခြင်းအမှုသည် ပြီး ခုံးပြီဟု ထင်စရာရှိခဲ့လေသည်။ အမှန်စင်စစ် ဩဂုတ်လ(၃၀)ရက်၌ ဦးစိုးလွင်နှင့် ဦးရဲတင်ဝင်းတို့အား အလွဲသုံးမှုဖြင့် ရုံးတင်တရားစွဲဆိုသည်ဟု သတင်းစာထဲမှာ ဖတ်ရှုရသူတို့က လက်တို့အသိပေးခဲ့ပါသည်။ ကမာရွတ်မြို့နယ် တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်သန်းဥက္ကဋ္ဌအဖြစ် ပါဝင်သောတရားစီရင်ရေးအဖွဲ့သို့ တရား စွဲတင်ပို့၏။ ဦးစိုးလွင်အပေါ်တွင် ပါတီဌာနချုပ်ပိုင်ငွေ၊ အိမ်ဆောက်ပစ္စည်းနှင့် အခြားအိမ်သုံးပစ္စည်းအမျိုးမျိုး တန်ဖိုးငွေ (၁၀၆၁၉၁) ကျပ်၊ ပြား(၆၀) အလွဲသုံး စားခဲ့ခြင်းအတွက် အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေ ပုဒ်မ(၃)အရ ရုံးမှုစွဲ၍လည်းကောင်း၊ ဦးရဲတင်ဝင်းအပေါ်တွင် (၁၉၇၅) ခုနှစ်အတွင်း ရိုယာဘေရင်များ လိမ်လည်ရောင်းချခြင်းအတွက် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၄၇၇(က) အရလည်းကောင်း တရားစွဲတင်ခဲ့ခြင်း ဖြစ်ပါသည်။ အမှုများကို (၄-၉-၇၈)တွင်

စောင်စစ်ဆေးရန် ချိန်းဆိုခဲ့ပါသည်။ ဖေဖေ့အမှုကို စုစည်းတင်ပြမည်ဟု သတင်းစာ ဟောင်းတွေထဲမှာ အထပ်ထပ် ပြန်လည်ရှာဖွေရင်း ဦးစိုးလွင်နှင့် ဦးရဲတင်ဝင်းတို့၏ အဖြစ်ဆိုးတွေကို ကျွန်မသိရှိလာရပါသည်။

နိုဝင်ဘာ(၂၅)တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မတီ ဌာနချုပ် ဌာနခွဲမှူးတာဝန်ထမ်းဆောင်ခဲ့သော ဦးစိုးလွင်သည် ပါတီပိုင်ငွေနှင့် ပစ္စည်း စုစုပေါင်း တန်ဖိုးငွေ (၁၀၆၁၉၁-ကျပ်၊ ပြား-၆၀)ကို အလွဲသုံးစားပြုလုပ်ခဲ့ခြင်းကို အထူးစုံစမ်း စစ်ဆေးရေးဦးစီးဌာနမှ စုံစမ်းစစ်ဆေးခဲ့ပြီး(၃၁-၈-၇၈) ရက်နေ့တွင် အမှုရှစ်မှုခွဲ၍ ကမာရွတ်မြို့နယ် တရားသူကြီးအဖွဲ့သို့ တရားစွဲတင်ခဲ့ရာ ဦးမောင်မောင်သန်း ခေါင်း ဆောင်သော တရားစီရင်ရေးအဖွဲ့က တစ်မှုလျှင် တစ်သက်တစ်ကျွန်းဒဏ်နှင့် ရှစ်မှု အတွက် တစ်ပေါင်းတည်း ကျခံစေရန်နှင့် ချုပ်ရက်ကို ပြစ်ဒဏ်မှနုတ်ရန် ဖော်ပြ ထားပါသည်။ (သတင်းစဉ်)

ဦးရဲတင်ဝင်းကို မည်သို့ အပြစ်ဒဏ်ချမှတ်သည်ဟု ကျွန်မ မတွေ့ရပါ။ ဒီဇင်ဘာ(၁၃)ရက်နေ့တွင် ဦးထွန်းလင်းအား ထောင်ဒဏ်အပြစ်ပေးသည်ကို တွေ့ရ ပါသည်။ အဲဒီတော့မှ ဦးထွန်းလင်းကို အလုံမြို့နယ် သဘော်ကျင်းပိုင်မှန်များကို ရယူ၍ သဘော်ကျင်းမှ အလုပ်သမားများ၏ လုပ်အားကိုအသုံးပြုပြီး မိမိကိုယ်ကျိုး အတွက် နေအိမ်တွင် မှန်ဘီရိုတစ်လုံး ပြုလုပ်အသုံးပြုခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အထူးစုံစမ်းထောက်လှမ်းရေး ဦးစီးဌာန စုံစမ်းရေးဦးစီးမှူး ဦးစိုးမြင့်(၂)က ဦးထွန်းလင်း အား ပြည်သူ့ပိုင်ပစ္စည်းကာကွယ်ရေး ဥပဒေပုဒ်မ-၆(၁)အရ (၁၇-၃-၇၈)နေ့တွင် တရားစွဲတင်ပို့ခဲ့ရာ ယင်းအမှုကို ဗိုလ်တထောင်မြို့နယ် တရားစီရင်ရေးအဖွဲ့က ကြားနာ စစ်ဆေးပြီး ပြစ်မှုထင်ရှားသဖြင့် တရားခံ ဦးထွန်းလင်းအား အလုပ်နှင့် ထောင်ဒဏ် သုံးနှစ်ကျခံစေရန် (၁၂-၁၂-၇၈)နေ့တွင် စီရင်ချက် ချမှတ်လိုက်၏။ ထို့အပြင် ဦးထွန်းလင်းနှင့် အပေါင်းပါတို့သည် မိမိတို့၏ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းဖြစ်သော အုတ်ဖုတ်လုပ်ငန်းတွင် လည်ပတ်သုံးစွဲနိုင်ရန်အတွက် အလုံမြို့နယ် သမဝါယမအသင်း သို့ အုတ်များပေးသွင်းမည်ဆိုပြီး ကြိုတင်ငွေကျပ် ၄၅၀၀၀ ကို အုတ်လုပ်ငန်းအစုဝင် ဦးချောနှင့်အတူ ထုတ်ယူခဲ့ပြီး အသင်းသို့ ငွေကျပ်(၂၀၀၀၀)ကို ပြန်လည်ပေးဆပ်ခြင်း

မပြုဘဲ ကိုယ်ကျိုးအလွဲ သုံးစားထားကြောင်း တွေ့ရှိရသဖြင့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန စုံစမ်းရေးဦးစီးမှူး ဦးစိုးမြင့်(၂)က ဦးထွန်းလင်းနှင့် ဦးချောတို့အား သမဝါယမအသင်းဥပဒေ နောက်ဆက်တွဲ ဇယား၂ အပိုဒ်(၆)အရ ဗိုလ်တထောင်မြို့နယ် တရားစီရင်ရေးအဖွဲ့က ကြားနာစစ်ဆေးပြီး ပြစ်မှုထင်ရှားသဖြင့် တရားခံ ဦးထွန်းလင်းနှင့် ဦးချောတို့အား ထောင်ဒဏ်တစ်နှစ်စီ အသီးသီးကျခံစေရန်နှင့် သမဝါယမအသင်းပိုင် ငွေကျပ် (၂၀၀၀၀)ကို တစ်ဦးလျှင် ကျပ်(၁၀၀၀၀)စီ ပေးလျော်ရန် (၁၂-၁၂-၇၈)နေ့က စီရင်ချက်ချ မှတ်လိုက်၏။ ဦးထွန်းလင်းအား ယင်းအပြစ်ဒဏ်ကို အထက်ပါ ပြည်သူ့ပိုင်ပစ္စည်း ကာကွယ်ရေးဥပဒေပုဒ်မ-၆(၁) အမှုမှ အပြစ်ဒဏ်နှင့် တစ်ပေါင်းတည်းကျခံစေရန် ဆက်လက်ချမှတ်လိုက်၏။

ဩဘ်-နိုင်ငံ့ဝန်ကို စေကျွန်အလား ထမ်းရွက်လာခဲ့ကြစဉ်တုန်းကတော့ ယခုလို အငြိုးအတေးတွေထားကာ တစ်စပြီးတစ်စ တစ်ဖဲ့ပြီးတစ်ဖဲ့ ကြေမွအောင် လက်စားချေခြင်းကို ခံရလိမ့်မည်ဟု တရားခံမသိရှာခဲ့ဘူးဟု ယူဆဝမ်းနည်းမိပါသည်။

လူငါးယောက်အား အမျိုးအစားတူညီသော ပြစ်ဒဏ်များကို တစ်ပြိုင်နက်တည်း ကျူးလွန်သည်ဟု စွပ်စွဲပြီး ထောင်သွင်းအကျဉ်းချသူတွေသည် အဲဒီအချိန်တုန်းကတော့ "မှတ်ပလားဟ ငါတို့ကို လုပ်ဦး" ဟု ကြုံးဝါးနေခဲ့မှာပဲဟု ထင်မှတ်မိပါသည်။ ဆယ်နှစ်,အနှစ်နှစ်ဆယ်အချိန်တွေအတွင်းမှာ သူတို့အား ကာလဝိပါက် နောက်ပိုးတက်ကြရသည့် အကြောင်းတွေကို ဖတ်ရှုကြားသိရခါစတုန်းက သာမန်ပုထုဇဉ်ဖြစ်သူ ကျွန်မမှာ "နောက်ဘဝအထိ မဆိုင်းဘူးနော်။ ဒီ ဘဝမှာကိုပဲ ဝဋ်လည်တော့တာပါလား" ဟု ဝမ်းသာအယ်လဲ မှတ်ချက်ချခဲ့မိပါသည်။ အရွယ်ရလာသည့် နောက်တော့လည်း ပြုသူအသစ် ဖြစ်သူအဟောင်းဟု တရားနှင့် ဆင်ခြင်တတ်လာပါတော့၏။

သူတို့ အကြိမ်ကြိမ်စွပ်စွဲချုပ်နှိမ်ခဲ့သည့် သူတို့ ဖြုတ်ထုတ်ထောင်ချခဲ့ သည့် မဆလ ဝန်ထမ်းဟောင်းငါးဦးတို့သည် တရားနှင့်ဖြေသိမ့်သူနှင့် ခံစားနာကျည်းသူနှင့် ခုတော့ဖြင့် ဘဝတစ်ပါးပြောင်းရွှေ့သွားကြပါပြီ။ ကျွန်မဖတ်ရှုမိသော အောက်တိုဘာလ၊ ၂၀၀၄ ခုနှစ်က ပထမအကြိမ်ပုံနှိပ်ထုတ်ဝေသည့် ချစ်ညွှန့်မောင်ရေးသားသော

"ကျွန်တော်ဖတ်ခဲ့မှတ်ခဲ့ ဖြတ်သန်းခဲ့သော သမိုင်း စာမျက်နှာများ" စာအုပ်အခန်း (၁၀)တွင် ၁၉၇၇ ခုနှစ်မှ ၁၉၈၃ အတွင်း ဖြစ်ရပ်မှန်များဆိုသည်မှာ-

*၁၉၇၇ ခုနှစ်၊ ဖေဖော်ဝါရီလ၊ (၂၈)ရက်နေ့မှ မတ်လ(၁၁)ရက်နေ့အထိ မင်္ဂလာဒုံဗဟိုနိုင်ငံရေးတက္ကသိုလ်တွင် တတိယအကြိမ်ပါတီညီလာခံကြီးကို ကျင်းပခဲ့ပြန်သည်။ စီးပွားရေးအကျပ်အတည်း၊ နိုင်ငံရေးအကျပ်အတည်းများမှ ရုန်းထွက်ဖို့ကြိုးစားခဲ့သည့်ညီလာခံကြီးဟု ယေဘုယျအားဖြင့် နားလည်ခဲ့ပါသည်။ သို့ရာတွင် မဲမသမာမှုဆိုသည့်ဖြစ်ရပ်တစ်ခုပေါ်ပေါက်၍ ရန်ကုန်တိုင်း ဒေသပါတီကော်မတီ ဥက္ကဋ္ဌကို ညီလာခံကျင်းပနေစဉ်ကာလမှာပင် တာဝန်မှ ရုတ်သိမ်းခဲ့ပါသည်။ ညီလာခံကိုယ်စားလှယ် (၁၃၀၀)ကျော် တက်ရောက်ခဲ့ရာတွင် ဗိုလ်မှူးကြီးကျော်စိုးက မဲအများဆုံး ဒုတိယဗိုလ်ချုပ်ကြီးစန်းယု၊ တတိယနေရာပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်း ရောက်ရှိသွားသည့်ကိစ္စ ဖြစ်ပါသည်။*

*ဒီနောက်ပိုင်း "အောင်ကျော်လင်း" စစ်ဆင်ရေးဝင်ရောက်လာကာ ပါတီဗဟိုကော်မတီဌာနချုပ်မှ အတွင်းရေးမှူးအဆင့်နှင့် ထိပ်ပိုင်းပုဂ္ဂိုလ်အချို့ ပါသွားပါသည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသည်လည်း ဖြုတ်ထုတ်ရပ်လမ်းစဉ်ဖြင့် ဖြုတ်ပစ်ခြင်း၊ ရာထူးမှ ထုတ်ပယ်ခြင်း စသည်တို့ကို တစ်လျှောက်လုံး လုပ်ခဲ့ပါသည်။ ဗဟိုဦးစီးစနစ်နှင့် ဗဟိုချုပ်ကိုင်မှုလွှမ်းနေသော ပါတီဗဟိုကော်မတီ ဌာနချုပ်တွင် အရပ်သားအရာရှိအမှုထမ်းတို့သည်လည်း ယူနီဖောင်းချွတ် အထက်ပုဂ္ဂိုလ်အချို့၏ ဖျော့ရိုကရက်ဆန်သော အုပ်ချုပ်မှုပုံစံမျိုးကို ခေါင်းငုံ့ခံခဲ့ရပါသည်။ စာမျက်နှာ ၆၂၊ အခန်း ၁၅ လမ်းစဉ်ပါတီကျဆုံးခန်းဆိုသော ခေါင်းစဉ်အောက်တွင်- ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ၊ (၁၈)ရက်နေ့တွင်...*

*"လက်ရှိဖြစ်ပေါ်နေသော မင်းမဲ့စရိုက်ဖြင့် ဆူပူလှုပ်ရှားဖျက်ဆီးမှုများဖြင့် ပြည်သူများအတွင်း စိုးရိမ်ကြောင့်ကြမှုများကို သက်သာစေရန် တပ်မတော်မှ ကာကွယ်စောင့်ရှောက်လိုက်ပြီဖြစ်ကြောင်း ညနေ(၄)နာရီအချိန်တွင် မြန်မာ့အသံရေဒီယိုနှင့် ရုပ်မြင်သံကြားတို့မှ ထုတ်လွှင့်သွားပါသည်"*

ဆိုရှယ်လစ်နိုင်ငံတော်ကြီး ထူထောင်ရန် ကြိုးပမ်းပြီးခါမှ မအောင်မမြင်

*ဖြစ်ရသည်ကို သတ္တုချရလျှင် ဗဟိုချုပ်ကိုင်မှု တစ်ဖက်စွန်းရောက်လွန်းပြီး ပါတီတွင်းဒီမိုကရေစီဆိပ်သုဉ်းမှုကြောင့်လို့ ဆိုရပေမည်။*

*စာမျက်နှာ ၆၉၊ အခန်း- ၁၆ တပ်မတော်ပင်စင်မရှိသော နိုင်ငံရေး ပင်စင်ခံစားခွင့်မရှိသော လုပ်သက် (၂၃)နှစ်မှ (၁၀)နှစ် (၁၅)နှစ်တိုင် ပါတီဌာနချုပ်ရုံးတွင် လုပ်ကိုင်ကာ မိမိတို့ဘဝကို မြှုပ်နှံလာခဲ့သော တစည်းမှ လူကြီးတွေ စီစဉ်တွက်ချက်ပေးခဲ့သည့် နစ်နာကြေးပဲဆိုဆို ကရုဏာကြေးပဲပြောပြော ပေးသည့်ငွေကို ကျေနပ်စွာခံယူ၍ ဘဝလမ်းစဉ်ကို အားမာန်ခဲဆက်လျှောက်ကြရသူများ ဖြစ်ပါသည်။ အချို့လည်း အလုပ်အကိုင်များ ပြန်လည်ရရှိသွားပါသည်။*

၇-၂-၁၉၇၉ လုပ်သား ပြည်သူ့နေ့စဉ်သတင်းစာတွင် တွေ့ရှိရသော မဆလ၏ လုပ်ရပ်တစ်ခုကို တင်ပြလိုပါသည်။ ပဲခူးတိုင်းဒေသပါတီကော်မတီဥက္ကဋ္ဌဟောင်း ဦးဘိုနီသည် မွန်ပြည်နယ်ဒေသပါတီကော်မတီဥက္ကဋ္ဌအဖြစ် ဆောင်ရွက်စဉ်က သထုံမြို့နေဦးပါစုံအား သံဂဟေချောင်းထုပ်အမြောက်အမြားကို မီးဘေးတားဆီးရေးကိစ္စတွင် အသုံးပြုရန်လိုအပ်လေဟန်ဖြင့် အထူးထောက်ခံချက်များ ပေးကာကုန်သွယ်ရေးမှ လိမ်လည်လှည့်ဖျားထုတ်ယူရရှိစေပြီး မိမိအကျိုးအမြတ်အတွက် ပြုလုပ်ခဲ့ခြင်းကြောင့် ဦးဘိုနီအပေါ် အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ-၃ အရ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဒုတိယလက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အေးက ၁၁-၄-၇၈ ရက်နေ့တွင် တရားစွဲတင်ခဲ့၏။ ယင်းအမှုကို ဦးစောအေးရွှေဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော အင်းစိန်မြို့နယ် တရားစီရင်ရေးအဖွဲ့ (၁)က ကြားနာစစ်ဆေးခဲ့ရာ ပြစ်မှုထင်ရှားသဖြင့် ယနေ့ဦးဘိုနီအား ထောင်ဒဏ် (၁၅)နှစ်ချမှတ်လိုက်၏။ (သတင်းစဉ်)

ဦးဘိုနီနှင့်ပတ်သက်၍ စာရေးသူ၏ကိုယ်ပိုင်မှတ်ချက်ပေးစရာမရှိပါ။ ဤလောကမှစွန့်ခွာသွားပြီဖြစ်သော လူသားတစ်ယောက်အနေနှင့် သူဖွားသော တိုင်းပြည်နယ်မြေအတွက် ကောင်းကျိုးချမ်းသာတစ်စုံတစ်ရာ လုပ်ဆောင်သွားခဲ့ပါလျှင် သူ၏ဘဝကူးကောင်းပါလိမ့်မည်ဟုသာ ရည်မှန်းမေတ္တာပို့သလိုက်ရပါတော့သည်။

**မြန်နောင်းညီ့ဂြသုံးသပ်ချက်**

ဆိုရှယ်လစ်နိုင်ငံတော်ကြီး ထူထောင်ရန် ကြိုးပမ်းပြီးခါမှမအောင်မမြင် ဖြစ်ကြရသည့်အတွက် ဖြုတ်ထုတ်ပယ်ရှားခံရသော ခေါင်းဆောင်တွေ မရှိတော့သည့် နောက်ပိုင်း အမိမဲ့သားရေနည်းငါးတွေ ဖြစ်ကြရသည့်အရပ်သား ဝန်ထမ်းများအား နားလည်ဦးညွှတ်ရပါတော့သည်။

*



မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ပထမအကြိမ် အရေးပေါ် ပါတီညီလာခံတွင်
ဗဟိုကော်မတီဝင်များ ကတိသစ္စာပြုနေစဉ်

## အပိုင်း(၈)

မည်သူတစ်ဦးတစ်ယောက်မျှ လမ်းစဉ်ပါတီသို့ ဆန္ဒပြုပြီး ရောက်ရှိလာကြသည်မဟုတ်ပါ။ စစ်တပ်ပုံစံအရ ထားရာနေ စေရာသွားကြရသူများ ဖြစ်ကြပါသည်။ ဦးထွန်းလင်း၊ ဦးသန်းစိန်၊ ဦးဇော်ဖေ၊ ဦးတင်အေးကျော်နှင့် ကျွန်မ၏ဖခင် ဦးတင်ဝင်းညိုတို့သည် စစ်တပ်ထဲရောက်လာကြကတည်းက တစ်သွေးတစ်သံ တစ်မိန့်ပုံစံနှင့် ရင်သန့်ဖို့ ဖြစ်လာခဲ့ကြရပါသည်။ ပိုကောင်းမည် ပိုသင့်တော်မည်ဆိုတာမျိုး လုံးဝစိတ်ကူးထဲ မထည့်လေနှင့်။ ခုတော့ ဖေဖေတို့ စိတ်ကူးထဲထည့်မိကြပါသည်။ အတန်အသင့်ပြုပြင်ပြောင်းလဲရေး လမ်းစအတွက် ခြေလှမ်းပြင်မိကြပါသည်။ ဒါဟာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ဆိုသော အမည်တပ်ထားသည့်သူတို့၏အဖွဲ့အစည်းအတွက်ပဲ မဟုတ်လား။ မြန်မာပြည်သူပြည်သားတို့ကိုချောက်ထဲကျ ဆင်းမွဲပြာကျသွားစေခဲ့သော နှစ်ပေါင်းသုံးလေးငါးဆယ်မှ ပဲပင်ပေါက်များသဖွယ် မြေပြင်ပေါ်သို့ ပြန်လည်တိုးထွက် ရှင်သန်လာခွင့်ကို အစပျိုးမိကြပါသည်။ အနန်းကျော်မြင့်တို့နည်းတူ အရှိက်ထိ အငိုက်မိခဲ့ကြတာပါ။ အချင်းချင်းခိုပြီး ယုံကြည်မိလိုက်သောကြောင့် စက်တိုင်တက်ကြရတာပါ။ ဖေဖေတို့ဆိုလျှင်အသက်မသတ်လိုက်သော်လည်း ခြေသုတ်မှဆိုး မြေစွယ်ကျိုးဘဝသို့ ရောက်ကြရပါသည်။ ဖေဖေသည် တစ်သက်တစ်ကျွန်းနှစ်မှုကို တစ်ပေါင်းတည်းကျခံစေခြင်းဖြင့်



၁၉၇၂ ခုနှစ် ဦးတင်ဝင်းညို၊ ဒေါ်ခင်ငွေဖြူတို့အား
မြနှောင်းညိုဆေးပညာဘွဲ့ယူပြီး အတူတွေ့ရစဉ်

ထောင်ထဲသွင်း အကျဉ်းချထားခဲ့ပါသည်။ ကိုယ်ခံစားရသည်ကိုသာ ဦးထိပ်ထားဦးစားပေးသိရှိလာခဲ့သော ကျွန်မသည် ဖေဖေ့ထက် အဖြစ်ဆိုးစွာအမှုခြောက်မှုအတွက် အလုပ်ကြမ်းနှင့်တကွ တစ်သက်တစ်ကျွန်း တစ်ပေါင်းတည်း ခံစားစေခဲ့သော ဦးထွန်းလင်းအတွက် ချောက်ချားစွာ ကြေကွဲခံစားရပါသည်။

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုကော်မတီဌာနချုပ်တွင် ဌာနခွဲမှူးတာဝန်ထမ်းဆောင်ခဲ့သူ ဦးစိုးလွင်ဆိုပြန်လျှင် ပါတီပိုင်ငွေနှင့် ပစ္စည်းစုစု ပေါင်း ၁၀၆၁၃၉၆ ကျပ် ၆၆ ပြားကို အလွဲသုံးစားပြုလုပ်ခဲ့ခြင်းကို အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ စုံစမ်းစစ်ဆေးခဲ့ပြီး ၃၁-၈-၇၈ ရက်နေ့တွင် အမှုရုပ်မှုခွဲ၍ ကမာရွတ်မြို့နယ်တရားသူကြီးအဖွဲ့သို့ တရားစွဲတင်ခဲ့ရာ ဦးမောင်မောင်သန်း ခေါင်းဆောင်သောတရားစီရင်ရေးအဖွဲ့ကယင်းနေ့မှာပင်စီရင်ချက်ချမှတ်လိုက်၏။ယင်းစီရင်ချက်တွင်တစ်မှုလျှင်တစ်သက်တစ်ကျွန်းဒဏ်နှင့် ရှစ်မှုအတွက် တပေါင်းတည်းကျခံစေရန်နှင့် ချုပ်ရက်ကို ပြစ်ဒဏ်မှနုတ်ရန် ဖော်ပြထားခဲ့ပါသည်။

ဖေဖေ့ကို ထောင်ဝင်စာ နှစ်ပတ်တစ်ကြိမ် သွားရောက်တွေ့ဆုံကြပါသည်။ ကျွန်မက တစ်လ လေးရာကျပ် ပါဝင်ပြီး မိသားစုက တာဝန်ယူပို့ဆောင်ကြပါသည်။ ကျွန်မသိသလောက် မှတ်မိသလောက်တော့ တစ်လတစ်လကို စုစုပေါင်းငွေ တစ်ထောင့်ခြောက်ရာလောက် ကုန်ကျမည်ထင်ပါသည်။ နီနီ့လခမှအပ လစဉ်ဝင်ငွေမရှိကြသော မေမေတို့သည် ရွှေတို့ရွှေစ၊ ငွေတို့ငွေစ ရောင်းချပြီး ကျေးဇူးရှင်ဖေဖေ့အတွက် ကုန်ကျခံကာ ထောင်ဝင်စာစရိတ်ကို ဖြည့်ဆည်းကြပါသည်။ (ကြားဖြတ်ပြောပြရလျှင် သီးခြားဝင်ငွေမရှိသော ကျွန်မသည် ခုနကပြောသလို တစ်လလေးရာ ပါဝင်ဖို့ ခင်ပွန်းဖြစ်သူ ဦးဖေမြတ်ဝင်း၏ ဆရာဝန်ဝင်ငွေမှ ထုတ်ယူခဲ့ရပါသည်။ လင့်ပစ္စည်း ဇနီးလည်းပိုင်ဆိုင်သည်ဟု ဆိုရိုးရှိကြသော်လည်း ကျွန်မစိတ်ရင်းကတော့ ကျွန်မ ရှာဖွေရရှိငွေကိုသာလျှင် ကျွန်မ၏မိဘတွေအား ပေးဆက်ချင်ခဲ့မိပါသည်။

၁၉၇၉ ခုနှစ်တွင် ကျွန်မဆေးကျောင်း ဆက်တက်ခွင့်ရရှိပါသည်။ မအူပင်ဆေးရုံကြီးဝင်းအတွင်း နေအိမ်တွင် ယာယီဆေးရုံအုပ်ကြီး တာဝန်ယူထားရသောကျွန်မ၏ခင်ပွန်းနှင့်အတူ ကလေးသုံးယောက်ကို ထားရစ်ပြီး မင်္ဂလာဒုံဆေး တက္က

သိုလ်(၂)တွင် ကျောင်းပြန်တက်ရပါသည်။ ဖေဖေ့ကို ထောင်ဝင်စာ မှန်မှန်တွေ့နိုင်ပြီး တစ်ခါတစ်ရံ ကလေးတွေကိုပါ ခေါ်သွားနိုင်ပါသည်။

၁၉၈၀ ပြည့်နှစ်၊ မေလ (၂၈)ရက်နေ့တွင် သံဃာကိုဏ်းပေါင်း စုပေါင်းစည်းနိုင်မှုဆိုသော အထိမ်းအမှတ်နှင့် ၂/၈၀ အထွေထွေငြိမ်းချမ်းသာခွင့် အမိန့်အရ နိုင်ငံရေးအကျဉ်းသားများအား လွတ်ငြိမ်းချမ်းသာခွင့်ပေးပါသည်။ ထောင်မှလွတ်မြောက်လာသူတွေ မည်မျှဝမ်းသာမလဲဆိုတာ အကြိုထောက်သူတွေ၏ ဝမ်းသာရွှင်လန်းမှုနှင့်သာ ယှဉ်ထိုးကြည့်ပါတော့ဟု ပြောချင်ပါသည်။ တစ်ရက်ပြီးတစ်ရက် ထောင်မှလွှတ်ပေးသူတွေကို အကြိုထောက်နေသောသူတို့ သက်ဆိုင်ရာမိသားစုတွေ၊ အသိမိတ်ဆွေတွေကို ကျွန်မတို့အားကျစွာ ကျွန်မတို့ မိသားစုတွေသည် ကျောင်းပျက်သူပျက်၊ အလုပ်မှခွင့်ယူသူယူနှင့် ထောင်ဗူးဝတွင် ချိုင့်ကြီးချိုင့်ငယ် ကိုယ်စီကိုင်ခဲ့ပြီး လည်ပင်းရှည်အောင် နားထိုင်းမတတ်စွင့်ရင်း ဘယ်အချိန် အပြင်ရောက်ရှိလာမလဲနှင့် မျက်စိတွေ ပြူးကျယ်ထွက်လာသည်အထိ အားစိုက်ကြည့်ရှုရင်း စောင့်မျှော်ခဲ့ကြရပါသည်။ အကြိုတော် မိသားစုတွေ အားလုံးစုံစုံညီညီနှင့် အချုပ်အနှောင်ခံခဲ့ရသူတွေကို သွားရောက်ကြိုဆိုကြပါသည်။ မျှော်လင့်ခြင်းကြီးစွာ စောင့်မျှော်နေသူတွေအားလုံးနှင့်အတူ ကျွန်မတို့တစ်တွေ စောင့်ဆိုင်းကြပါသည်။ မှတ်မှတ်ရရ ဦးတင်အေးကျော်၏ဇနီး ဒေါ်မူမူကို ကျွန်မသွားပြီး နှုတ်ဆက်သည်ဟု ထင်ပါသည်။ ဦးသန်းစိန်၏ ဇနီးကိုလည်း ကျွန်မသွားရောက်စကားပြောပါသည်။ ဦးသန်းစိန်၏သမီး ဒေါက်တာညိုသန်းမူကို ကျွန်မတွေ့ပါသည်။ ဦးဇော်ဖေ၏သားတွေကိုကျွန်မမှတ်မိနေပါသည်။ သူတို့တွေကို တရားရင်လွှတ်သည်ဟုထင်ပါသည်။ အချိန်မရွေးပြန်လည်ချုပ်နှောင်ထိန်းသိမ်းနိုင်သည့်ပုဒ်မ ဟုနားလည်ထားပါသည်။ အဲဒီတုန်းက ဦးထွေးမြင့်သည် ဦးကျော်ငြိမ်း၏ ညီဖြစ်ကြောင်း ပြည်ပြေးထွေးမြင့်ဟူသော အမှတ်တပ်ဆင်ခံထားရသူအဖြစ် သိထားခဲ့ပြီးသူ့အားလာကြိုကြသော သူ့တူ ဒေါက်တာထွန်းကျော်ငြိမ်းတို့ ဆွေမျိုးတစ်စုအား တွေ့ဖူးခဲ့ပါသည်။ နိုင်ငံရေးအရ ထိန်းသိမ်းချုပ်နှောင်ထားသူတွေက တစ်စုလွှတ်ငြိမ်းချမ်းသာခွင့် ရလာခြင်းဖြစ်ပါလိမ့်မည်။

၂၀၁၀ ပြည့်နှစ်နှောက် ပိုင်းမှာ ဦးထွေးမြင့်နှင့် ကျွန်မသည် အမေရိကန်စင်တာ



၁၉၈၆-၈၇ ဦးတင်ဝင်းညိုအား အောင်ဆန်းရပ်ကွက်နေအိမ်ခြံဝင်းအတွင်း
စိုက်ပျိုးပင်များ အနီးတွင် တွေ့ရစဉ်

စာအုပ်ကာလပ်တွင် မကြာခဏတွေ့ဆုံမိတတ်ကြပါ၏။ (၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ကုန်တုန်းက ရောဂတီသတင်းထဲတွင် ၂၅-၁၁-၂၀၁၃ ဝါရင့်နိုင်ငံရေးသမားကြီး ဦးထွေးမြင့် ကွယ်လွန်ကြောင်း သတင်းစကားကို ကြားသိဖတ်ရှုလိုက်ရပါသည်။ သူလည်း ယုံကြည်ချက်ကြောင့် အကျဉ်းချခံရာမှ လွတ်မြောက်ပြီး နောက်ဆုံး နေ့ထိုင်ရက်တိုင် လောကဆင်းရဲကိုခံစားသွားခဲ့သူ ဖြစ်သည်ဟုမှတ်ချက်ချရင်း ကျွန်မ က လေးစားစွာ နှုတ်ဆက်လိုက်ရပါသည်။)

ထောင်မှ တရားရှင်လွှတ်လိုက်သော ဖေဖေတို့ကို ရွာသာကြီးတွင် အလုပ်လုပ်ခိုင်းထားပါသည်။ အီး တူးသောင်စင်ခေါ်သော ပစ်ကပ်နှင့် ဖေဖေတို့တစ် ယောက်ပြီးတစ်ယောက်ဝင်ကြိုရာ ရန်ကုန်မြို့စွန်တွင် နေထိုင်သော ဖေဖေ့နေအိမ် အောင်ဆန်းသို့ နောက်ဆုံးရောက်ပါသည်။ စနေညနေဆိုလျှင် အီးတူးသောင်စင်ကားနှင့် ဝင်ကြိုကာ တနင်္ဂနွေညနေစောင်းဆိုလျှင် လာပြန်ပို့ပါသည်။ စနေ၊ တနင်္ဂနွေရုံးပိတ် ရက်တွေမှာ ဖေဖေတို့အိမ်မှာ နေရပါသည်။ ဖေဖေတို့ကို လစဉ်ငွေခြောက်ရာ ကျစီပေးပါသည်။ ၁၉၈၂ ခုနှစ်မှာ ဆရာဝန်ဖြစ်လာသော ကျွန်မသည် စိတ်ဝင်စား သောအတတ်ပညာဖြစ်သည်နှင့်အညီ လက်ကလည်း လက်ရဲဇက်ရဲမို့ ဖေဖေ့ကို ရံဖန်ရံခါ အားဆေးထိုးပေးပါသည်။ မိုရီယာမင်း နှစ်ဆယ်စီစီအားကို အကြောထဲ ထိုးပေးသလို parentrovite အားဆေးကိုလည်း ၂၅% ကလူးကိုစ်နှင့်ရောပြီး ဆေးထိုးပေးပါသည်။ တကယ်တော့ ကျွန်မ၏ ဖေဖေသည် အပ်ကြောက်ပါသည်။ မြန်မာဆေးကို အားကိုးလေ့ရှိပါသည်။ သမီး ဆရာဝန်ပေါက်စကို အားပေးမြှင့် တင်ချင်သည့်အတွက်ရော အားကိုးတာလည်း အပါအဝင်နှင့် ဆေးထိုးခံရရှာပါသည်။ သူ့အထဲမှာတုန်းက မကြာခဏ လေထိုး ဗိုက်အောင့်ဖြစ်တတ်သည့်အတွက် ကျွန်မတို့က အက်ထရိုပင်း Atropine ထိုးဆေးကို ဆိုင်ရာပိုင်ရာများမှတစ်ဆင့် ငါးလုံး၊ ဆယ်လုံး ခိုးပို့ပေးကြပါသည်။ အစားအသောက်မမှန်တာရော၊ အစာမကြေ တာပါရောနှောနေရသည့်အထဲ စိတ်မချမ်းမသာဖြစ်နေရတာက အဓိကဖြစ်ပါလိမ့်မည်။ သူ့အိမ်သို့ပြန်ရောက်လာပြီး သည့်နေ့မှစ၍ သူ့ကို ကျွန်မတို့ အက်ထရိုပင်း ထိုးပေးစရာမလိုတော့ပါ။

ဝတ်ရည်စာပေ



၁၉၇၆-၇၇ ဦးတင်ဝင်းညိုနှင့်ဇနီးအား မြနှောင်းညို၏သား ဆံချိုက်တွေ့ရစဉ်

သူ့သွေးကြောတွေက ထင်းထင်းလင်းလင်း ရှိသောကြောင့် ကျွန်မ တစ်ခါ ထိုးတစ်ခါ သွေးကြောမိပါသည်။ မှတ်မိသမျှတော့ သူ့ကို ကျွန်မက အကြောထဲ အားဆေးသုံးလေးခါ သွင်းပေးဖူးပါသည်။ တစ်ခါမှာတော့ ကျွန်မ၏ ဆေးထိုးအပ်က နေရာလွဲချော်ကာ အသားထဲသို့ ဆေးဝင်သွားပါသည်။ ဖေဖေ အတော်စိတ်ညစ်သွားပြီး အဲဒီအကြိမ်မှစ၍ နောက်ထပ်တစ်ခါ ဆေးထိုးမခံတော့ပါ။

ကျွန်မ၏ မတ်အငယ်ကိုဝင်းနိုင်သည် မိသားစုစားဝတ်နေရေးအလို့ငှာ အုတ်သဲကျောက်တွေကို မင်္ဂလာဒုံပန်းဥယျာဉ်သို့ ပို့သည့်အလုပ်ကို လုပ်ပါသည်။ ဖေဖေတို့က အရင်းအနှီးထည့်ဝင်ကြပါသည်။ အဲဒီအရင်းအနှီးဖြစ်လာဖို့ သူတို့သည် ဘယ်ကမှ မချေးမငှားပါ။ တောင်းရမ်းခြင်းဆိုသည်မှာ အစဉ်အလာမရှိကြပါ။ မရှိလျှင် မြက်စားနေမည်ဟု ပြောတတ်ကြသည့်လူတွေအနက် ကျွန်မတို့ မိသားစုလည်း အပါအဝင်ဖြစ်ပါသည်။ အိမ်မှ ပန်ကာမှအစ၊ ကော်ဇောမှအစ၊ အပိုရှိသမျှ ရောင်းချခဲ့ရသည်ကို ကျွန်မမှာ တားမြစ်နိုင်စွမ်း မရှိခဲ့ပါ။ ကျွန်မပါသည်။ မေမေ၏ (ဦးဘသိန်း ကုမ္ပဏီထုတ် သမီးတော်)ဆင်းဂါး အပ်ချုပ်စက်ကို ရောင်းတော့မည် သိရစဉ်က ကျွန်မမှာ နှမြောလှသောကြောင့် ၁၆၀၀ိ ပေးပြီးဝယ်ထားပါသည်။ နောက်လေးငါးဆယ်နှစ်အကြာမှာ အတန်အသင့် ချောင်လည်လာပြီဖြစ်သော မေမေက အဲဒီ အပ်ချုပ်စက်ကို ပြန်တောင်းဝယ်ပါသည်။

"ထိုင်းတို့ တရုတ်တို့ကနေ အများကြီးဝင်နေတာပဲ မေမေရာ၊ ဈေးလည်း အရမ်းပေါနေပါပြီ၊ အသစ်ပဲ ဝယ်လိုက်ပါ၊ ဒီစက်ကို သမီးဆက်ချုပ်ချင်လို့"

အဲဒီ ဆင်းဂါးအပ်ချုပ်စက်ကလေးကို ယနေ့အထိ ကျွန်မသိမ်းဆည်း ထားဆဲ ဖြစ်ပါသည်။ မေမေကစက်ချုပ်ခွင့်ပြုခဲ့ပြီး အထည်အစပြတ်တွေကို တစ်စတစ်ကျပ်နှုန်းနှင့် ဝယ်လာပေးသောကြောင့် ကျွန်မသည် ကိုယ့်လက်ညှိုး ပါ အပ်ပေါက်မိကာနှင့် အသက်ဆယ်နှစ်လောက် အရွယ်ကတည်းက စက်ချုပ်တတ်ပါသည်။ မေမေ ကွယ်လွန်သွားသည်မှာ တစ်နှစ်ပြည့်ပြီဖြစ်သော်လည်း ဖေဖေကွယ်လွန်သွားသည်မှာ (၁၇)နှစ်ရှိပြီဖြစ်သော်လည်း သူတို့နှစ်ယောက်စလုံး ကျွန်မတို့မောင်နှမတွေအနီးတွင် ရှိနေသလိုချစ်ခင်စွာခံစားပါသည်။ ထိုစဉ်က စီးပွားရေးအလို့ငှာ အုတ်သဲကျောက်ပို့ကြ

*သည့်အခါ ကားဝင်းထဲတွင် တစ်ထွာ တစ်မိုက်လောက် ပါထားပြီး ပစ္စည်းနိုးကြ*
သည်ဟု ကျွန်မတို့ ကြားဖူးခဲ့ပါသည်။ ဖေဖေသည် သူ့သားမက်ကို ကားဝင်းအပြည့် ပစ္စည်းတင်ဖို့ စောင့်ကြည့်ကြပ်မတ်ပါသည်။ ရလဒ်ကတော့ ကိုဝင်းနိုင် ကန်ထရိုက်လုပ်သည်မှာ သွက်သွက်ခါ ရှုံးပါသည်။ ဖေဖေတို့တွင် ထိုခေတ်က သဘော်သားကားဟုခေါ်သော ဒတ်ဆန်းပစ်ကပ်ကလေးရှိပါသည်။ ဓာတ်ဆီဆိုင်မှ ထုတ်လာသည်ကို ပုံးထဲစုတ်ထည့်ပြီး ရောင်းချကာ ရသည့်အမြတ်ကို အိမ်စရိတ်ထဲ ထည့်သုံးပါသည်။ ဖေဖေသည် အိမ်ရှေ့ခြံနင်းလေ့ကားထဲတွင်ထိုင်ကာ ဓာတ်ဆီမဖိတ်မစဉ်ရအောင် ကြည့်ရှု ကြပ်မတ်နေသည်ကို ကျွန်မ၏အာရုံတွင် တွေးလိုက်တိုင်း မြင်ယောင်ဝမ်းနည်းရခဲဖြစ်ပါသည်။

ဖေဖေသည် သူတို့အား ဖိနှိပ်ကန့်ကျောက်လိုက်သည်ကို အမှတ်မထားလေဟန် မဆလကို အပြစ်မမြင်။ အထူးသဖြင့် သူတို့အပေါ် လူလိုမဆက်ဆံသည့် ပါတီထိပ်ခေါင်ကြီးအား အပြစ်မပြော။ ကျွန်မနားကြည်းမုန်းတီးမခံနိုင်သူ ဗိုလ်ဖေဖေကကောင်းကွက်တွေ ရှာပြောလျှင် သူ့ကို မဆန့်ကျင်ရက်စေကာမူ သူပြောတာတွေကိုတော့ နားထဲမှာ ခါးသီးလှသောကြောင့် မျက်နှာညှိုပါသည်။ နားမထောင်ချင်လွန်းသည့်အတွက် နောက်ဆုတ်နောက်ဆုတ်နှင့် ရှောင်ပြေးလေ့ ရှိပါသည်။ ဖေဖေမှားနေသည်ဟု ယူဆကာ ကျွန်မလေးစားယုံကြည်သူ ဆရာတင်မိုး နှင့် စကားပြောဖြစ်အောင် တွေ့ခုံပေးပါသည်။ ဖေဖေ ပြောင်းလဲစေချင်သည်။ ကျွန်မတို့ အိမ်က ဖေဖေတို့အိမ်နှင့် ကပ်လျက်ဖြစ်လေရာ ဆရာ့ကိုကျွန်မက ဖေဖေရှိရာ ဧည့်ခန်းသို့ လိုက်ပို့ပါသည်။ သို့သော် ဆရာတင်မိုးသာမက ကျွန်မလည်း နားမလည်နိုင်အောင် ဖြစ်ခဲ့ရပါသည်။

"မညိုရယ်၊ လူမသေရုံ ညှဉ်းပန်းနှိပ်စက်ခဲ့တဲ့ သူတွေကို မညိုအဖေက အကောင်းပြောတုန်းရှိသေးတယ်"

ခုတော့ ကျွန်မ နားလည်ပါပြီ။ သူပြောဖူးသည့် တစ်ခွန်းတည်းသော စကားအရ-

**"ကျွန်ရစ်သူတွေ မထိပါးမနစ်နာရလေအောင် အဖေ သိထားသမျှ အားလုံးကို အဖေနဲ့အတူ မြေမြှုပ်သင်္ဂြိုဟ်ပစ်လိုက်မယ်"**

ဖေဖေစိတ်ထိခိုက်ဝမ်းနည်းစေခဲ့မည်ဟု ကျွန်မယူဆသည်မှာ သူ့သက်ရှိထင်ရှားရှိနေဆဲ အကာအရံအဆီးအတားတွေကြောင့် မဆက်သွယ်နိုင်မတွေ့ဆုံနိုင်ခဲ့သော အချိန်တွေအတွင်း အန်ကယ်ဗိုလ်မှူးကြီးသောင်းကြည် ရုတ်တရက် ကွယ်လွန်အနိစ္စရောက်သွားခဲ့ခြင်းဖြစ်ပါသည်။ ကျွန်မအကြိမ်ကြိမ် နောင်တရ မိသလို ဖေဖေ၏ ဤရုန်းကန်လှုပ်ရှားရသော ဘဝတစ်လျှောက်မှာ ကျွန်မသည် ကိုယ်ရေးကိုယ်တာကိစ္စတွေကြားမှာ အလုပ်ရှုပ်နေရင်း ဖေဖေ့အတွက် အထောက်အကူလုံးဝမဖြစ်နိုင်ခဲ့ပါ။

ဖေဖေ၏ အတ္ထုပ္ပတ္တိကို ရေးသားနေရင်းလိုအပ်နေသော ကွက်လပ်ကို ဖြည့်ဆည်းရန် အန်ကယ်ဗိုလ်မှူးကြီး တွဲဖက်ကြီး ဦးသောင်းကြည် ကွယ်လွန်အနိစ္စရောက်သောရက်စွဲကို ရှာဖွေရပါသည်။ တမြေရပ်ခြားရောက်ရှိနေသောသူ၏ သွေးဆက်တစ်ဦးထံမှ ကျွန်မထံရောက်ရှိလာသော အသိပေးစာမှာ ၂-၁၂-၂၀၁၄ ဖြစ်ပါသည်။

ဦးသောင်းကြည်သည် ၈-၁၁-၁၉၈၁တွင်ဘဝတစ်ပါးသို့ ပြောင်းရွှေ့သွားပါသည်။

သူရုတ်တရက် ကွယ်လွန်သွားသည့်အခါ တစ်အပေါင်းတစ်ဝက်ဟု သိထားကြသော မျက်မှန်ကြီးသည် ဦးသောင်းကြည်၏ရာထူးကို ဆက်ခံကာ လမ်းစဉ်ပါတီတွင် တွဲဖက်အထွေထွေအတွင်းရေးမှူး ဖြစ်လာခဲ့ပါသည်။

ဦးတင်ဝင်းညို၏ တူမခင်နွဲ့အေးသည် သတင်းနှင့်ပြန်ကြားရေးဌာန (မြန်မာ) တွင် အလုပ်လုပ်ကိုင်နေခဲ့ပါသည်။ မတရားမှုတွေကို သည်းမခံနိုင်ဘဲ ပြည်လုံးကျွတ်ဆန္ဒပြကြသူတွေအနက် သူလည်းပါဝင်ခဲ့ပြီး အောက်တိုဘာ ၁၉၈၈ တွင် အလုပ်ဖြုတ်လိုက်ခြင်းခံရပါသည်။ လအနည်းငယ်ကြာပြီးနောက် အမေရိကန်ပြန်ကြားရေးဌာနတွင် အလုပ်ဝင်ပါသည်။ ဦးတင်ဝင်းညို၏ တူမောင်မောင်ညို (ဩစတေးလျနိုင်ငံ မြန်မာသံရုံးတွင် ပြန်ကြားရေးဝန်ထမ်း)သည် ဆစ်ဒနီမြို့ ဩစတေး

လျှတွင် ဆန္ဒပြလှုပ်ရှားရာမှ မြန်မာပြည်သို့ပြန်လာလျှင် ဆွဲစိမည်ဆိုတာ သိပြီးပြန်မလာတော့ပါ။ ဦးလေးပါ (ဗိုလ်မှူးကြီး ခင်ကျော်ညို)ကို ရာထူးမှဖြုတ်ထားသည်ကို ဗိုလ်ချုပ်စိန်လွင်က ကျုပ်ယူမယ်ဆိုကာ မီးသတ်သို့ ပို့ထားပြီးနောက် ကြွေထည်မြေထည်တွင် ညွှန်မှူးအဖြစ်ခန့်အပ်ထားပေးပါသည်။ သို့သော် ဗိုလ်မှူးကြီး မျိုးအောင်အပြုတ်တွင် ဦးလေးပါလည်း ပါသွားပါတော့သည်။

*

## အပိုင်း ၉

၁၉၇၉ ခုနှစ် နှစ်ဆန်းပိုင်းတုန်းကဖြစ်ပါသည်။ ကျွန်မသည် ဆေးကျောင်းပြန်တက်ခွင့် မရသေးဘဲ မအူပင်မှာပဲ ရှိနေပါသေးသည်။ ဖေဖေ့အား စွဲဆိုထားသော အမှုများအပေါ် တရားလိုတွေ၏ ထွက်ဆိုချက်တွေနှင့် ပတ်သက်ပြီး စစ်ဆေးစ ရှိခဲ့ဖြစ်သောကြောင့် မောင်ဖြစ်သူ ဗိုလ်ဇော်ထွန်းညို ကြည်း-၁၄၈၁၁ ၏ ကျောင်းဆင်းပွဲသို့ မေမေနှင့်တကွ ညီမလေးများ မသွားနိုင်ကြဘဲ ကျွန်မသာလျှင် ခင်ပွန်းဖြစ်သူ ဦးဖေမြတ်ဝင်းအား အဖော်ပြုလျက် ပြင်ဦးလွင်(မေမြို့)သို့ သွား ရောက်ကာ ဇန်နဝါရီလ (၂၆)ရက်တွင် ကျင်းပသော စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်းအမှတ်စဉ် (၂၀)သို့ တက်ရောက်နိုင်ခဲ့ကြပါသည်။

သူသည် သူ့တာဝန်ကျရာ ကချင်ပြည်နယ် ကသာရှိ ကချင်(၁) စစ်တပ်သို့ မသွားခင် မအူပင်သို့ လာရောက်ကာ ကျွန်မ၏ ကလေးသုံးယောက် (သူ့တူမနှင့်တူများ)အား လာရောက်နှုတ်ဆက်သွားခဲ့ပါသည်။ သူနှင့်အတူ သူ၏ သူငယ်ချင်းဖြစ်သော မောင်အောင်ရွှေက အလုပ်မှခွင့်ယူကာ အဖော်လိုက်လာခဲ့ပါသည်။ သူ၏ တူမနှင့်တူများကိုသော်လည်းကောင်း၊ သူ၏သူငယ်ချင်းကိုသော် လည်းကောင်း၊ သူ့အစ်မကြီး ကျွန်မကိုသော်လည်းကောင်း ၁၉၈၀ ပြည့်နှစ်တွင် ဖေဖေ့အား

တရားရှင်လွှတ်ငြိမ်းခွင့်ပေးခဲ့သောကြောင့် ခွင့်နှင့်သူပြန်လာစဉ်က တစ်ကြိမ် ထပ်တွေ့ခဲ့ကြရပါသေးသည်။

၁၉၈၂ ခုနှစ်၊ ဇန်နဝါရီလ၊ ၁၆ ရက်နေ့၏ နောက်တစ်ရက်တွင် ကျွန်မကဆေးတက္ကသိုလ်(၂) မင်္ဂလာဒုံမှ ချက်ပလက်ကားအစိမ်းရောင်ကို စီးကာ အိမ်ပြန်လာခဲ့ပါသည်။ ညောင်တစ်ပင်လမ်းသွယ်ထဲ ချိုးကွေ့ဝင်ရောက်လာပြီး ကျွန်မတို့နေအိမ်တွေရှိရာ ပထမဆုံးညာဘက်လမ်းသွယ်သို့ ကွေ့ချိုးရမည့် နေရာအနီး ရောက်ရှိလာသောအခါ ကျွန်မ၏ခင်ပွန်း ဦးဖေမြတ်ဝင်း တောင့်တင်းစွာရပ်နေသည်ကို တွေ့ရပါသည်။

လမ်းထိပ်သို့ သူထွက်ကြိုလေ့ကြိုထမရှိပါ။ အဲသလို အကြိုထောက်နေဖို့လည်း ကျွန်မတို့ အချိန်ပိုမရှိကြပါ။ သို့စင်လျက် သူ ထွက်စောင့်နေသည်မှာ ကျွန်မကိုသူ စောင့်ကြိုနေတာဖြစ်ကြောင်း တစ်စုံတစ်ရာက အသိပေးနေပါသည်။ ကျွန်မပါးနပ်လွန်းသောကြောင့် မဟုတ်ပါ။ သူ၏ အမူအရာက တစ်စုံတစ်ခု ဖြစ်ပျက်နေပြီဟု ကျွန်မ ရိပ်မိစေပါသည်။

"ဖေကြီး၊ ဘ သူ ဘာဖြစ်လို့လဲ"

သူတစ်ခွန်းမှ အဖြေမပေးနိုင်ပါ။

"ဖေဖေနဲ့ မေမေ နေကောင်းတယ် မဟုတ်လား"

ဒါလည်း သူအဖြေမပေးပါ။

"မောင်လေး ဘာဖြစ်လို့လဲ"

သူအဖြေ မပေးပြန်ပါ။ အမှားအယွင်းရှိနေပြီဆိုတာ ကျွန်မ သိလိုက် သည်။

"မောင်လေး တိုက်ပွဲကျသွားပြီ မဟုတ်လား"

ကျွန်မကို နှစ်သိမ့်ဖြောင်းဖြပြီးမှ သတင်းပေးဖို့ အိမ်ကလူတွေက သူ့ကို လွှတ်လိုက်တာပါ။

"မဟုတ်ပါဘူး၊ သတင်းမှားဖြစ်ရမယ်၊ မောင်လေးမသေဘူး"

၁၉၈၂ ခုနှစ်၊ ဇန်နဝါရီလ၊ ၁၆ ရက်နေ့တွင် သူတိုက်ပွဲကျသွားသည့်အတွက် နောက်နောင်သူတွေ့ရတော့မည် မဟုတ်ကြောင်းကို ကျွန်မတို့တွေ

မသိနိုင်ခဲ့ကြသော်လည်း ယခုပြန်စဉ်းစားကြည့်လိုက်သောအခါ အမှတ်တရ လှပလွမ်းမောဖွယ် ဆုံဆည်းခြင်းကလေးတစ်ခုဖြစ်ပြီး ကျန်ရစ်ခဲ့ပါတော့သည်။

"ဖေဖေ့အသိတွေ ရှိနေသေးတာ။ ဥပမာ အန်ကယ်ချစ်ခွေလိုပေါ့။ မောင်လေးကို နောက်တန်းမှာ ခေါ်ထားဖို့ ဖေဖေ ပြောသင့်တာပေါ့ ခုတော့ မောင်လေး တိုက်ပွဲကျသွားပြီ"

ဟု ကျွန်မမိုက်လုံးကြီးစွာ ဖေဖေ့ကို အပြစ်တင်မိပါသည်။

၁၉၈၈ ခုနှစ်၊ ရှစ်လေးလုံးအရေးအခင်းတွင် ကိုမိုးမြင့်ညိမ်း၊ ကိုစိန်လှိုင်၊ ဆရာမင်းလူတို့ ထုတ်ဝေသော လက်ကမ်းစာစောင်များတွင် "ကြည်း-၁၄၈၁၁ အသက်ပေးပြီး ချစ်တဲ့သူ" ဆိုသောဆောင်းပါးရေးသားကာ ပြည်သူ့ဘက်မှ ရပ်တည် သော တပ်မတော်သားတစ်ဦး ဖြစ်ပါစေဟု လှုံ့ဆော်အားထားခဲ့ပါသည်။ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ၊ ၁၆ရက်နေ့တွင်မောင်လေးတိုက်ပွဲ ကျသွားသည်မှာ ၃၂ နှစ် တိုင်ခဲ့လေပြီကော။

*

## အပိုင်း ၁၀

မနက်ဖြန် ၂၂-၁၁-၂၀၁၄ (စနေနေ့)ဟာ ဖေဖေကွယ်လွန်သွားတာ ၁၇ နှစ်ပြည့်နှစ်လည်ပါ။ ဖေဖေဦးချစ်၏ အမှုဝေရာ စေတီသာနဲ့ ဘုန်းတော်ကြီး ကျောင်းဖြစ်တဲ့ အောင်ဆန်းကန်ဦးကျောင်းမှာ မိသားစုနဲ့တကွ ဆွေမျိုးမိသင်္ဂဟများက ဆွမ်းကပ် အမှုအတမ်းဝေကြပါမယ်။

ဖေဖေ့ကိုသတိရမိတယ်။ ဖေဖေ့ကို ခဏခဏ သတိရပါတယ်။ ဖေဖေ ဆုံးသွားတယ်ဆိုတဲ့နေ့ နီးကပ်လာရင် ပိုပြီးသတိရတယ်။ ဖေဖေ့မွေးနေ့မှာလည်း သတိရတယ်။ ဖေဖေကြိုက်တတ်တဲ့ တို့ဟူးနွေး၊ ခေါက်ဆွဲပုတ်ကြော်တွေကို စားရရင် လည်း သတိရတာပဲ။

အဖေတွေအကြောင်းပုံရိပ်တွေ အမြောက်အမြားတွေ့ရှိခဲ့ရ၊ တွေ့ရှိနေရ ပေမယ့်လည်း ကျွန်မရဲ့အဖေနဲ့ ပတ်သက်သမျှ ကောင်းကွက်ဆိုးကွက်များနဲ့ အတူ ဖေဖေ့ကို ကျွန်မသိခဲ့တယ်။ ကျွန်မ အလွန်ချစ်တဲ့ အဖေပါ။ လူတိုင်းနှင့် တူညီစွာ ကျွန်မအတွက်လည်း အဖေဆိုသူဟာ တစ်ယောက်တည်းသာ ရှိနိုင်ပါသော်ကော။ ဟုတ်ပါတယ်။ လူ့ရယ်လို့ဖြစ်လာဖို့ အဖေတစ်ယောက်သာ ရှိနိုင်တာက အမေ တစ်ယောက်တည်းရှိနိုင်တဲ့ အလားတူပါပဲ။ ကျွန်မတို့ မောင်နှမတွေဟာ အဖေဘယ်

သူဆိုတာ လက်ညှိုးထိုးပြနိုင်လို့ မှတ်ပုံတင်မှာလည်း ဖေဖေ့နာမည် ဖော်ပြနိုင်ကြလို့ ဂုဏ်ရှိကြပါတယ်။

အဲဒီခေတ်တုန်းက ဖေဖေတစ်ယောက်လုပ်စာကို မေမေရယ်၊ ကျွန်မတို့ မောင်နှမလေးယောက်ရယ်၊ မိသားစုအားလုံး စားသောက်နိုင်၊ ပညာသင်နိုင်၊ အမိုးလုံခြုံတဲ့ နေအိမ်မှာလည်း နေထိုင်နိုင်ခဲ့ကြပါတယ်။ ဖေဖေပြောင်းရွှေ့ရာကို မိသားစုလိုက်ပါသွားကြရင်း နိုင်ငံအနှံ့ရောက်ဖူးခဲ့ကြတယ်။ ဖေဖေဟာ မိသားစုနဲ့အတူ အိမ်မှာနေရခဲသား။ ကျွန်မမှတ်မိသလောက် အချိန်တွေမှာ ခရီးထွက်နေရတာ ချည်းပါပဲ။ ဖေဖေရှေ့တန်းပြန်လာရင် ကျွန်မတို့မောင်နှမ ပျော်လိုက်ကြတာလေ။ တစ်ခါတလေ ကျွန်မတို့အတွက် စားစရာမုန့်တွေပါလာတယ်။ ဘာမှ မပါလာတာ ကိုဘဲ သူ့တပည့်တစ်ယောက်ယောက်နဲ့ သွားဝယ်ခိုင်းပြီး ပါလာချင်ယောင်ဆောင် တတ်သေးတာ။ အဲဒါကို မေမေကလည်း သိပြုံးကြီးပြုံးလို့ ပျော်နေတတ်ပါတယ်။ ကျိုင်းတုံမြို့မှာ နေထိုင်ခဲ့စဉ်တုန်းက ကျွန်မရဲ့ငယ်သွားနဲ့လာလို့ လေးငါးနှစ်အရွယ် ကျွန်မက ကြောက်နေခဲ့တယ်။ သမီးကြီးက စစ်သားသမီးပီပီ သတ္တိရှိရမယ်လို့ ပြောပြီး ဖေဖေက နှဲ့နေတဲ့သွားအရင်းမှာ အပ်ချည်ကြိုးချည် ပေးလိုက်တယ်။ ပြီးတော့ ကျွန်မကိုခုံတန်းကလေးမှာဖြစ်စေ၊ သစ်ပင်အောက်မှာ ခွေးခြေချပြီးထိုင်လို့ဖြစ်စေ၊ ကြိုးစကလေး ဆွဲကာဆွဲကာနဲ့ တမေ့ထားခဲ့တယ်။ တစစနဲ့သွားဟာ ပိုမိုယိုင်နဲ့လာပြီး တစ်ချိန်မှာတော့ အမြစ်ပြုတ်ထွက်သွားပါတော့တယ်။ တော်လိုက်တဲ့ သမီးကြီးလို့ ပြောပြီး ဖေဖေက မုန့်ဖိုးတစ်ကျပ် ဆုချခဲ့တော့တယ်။ အဲဒီခေတ်က တစ်ကျပ်ဆိုတာ တန်ကြေးမနည်းလှဘူး။ လက်ဖက်ရည် တစ်ခွက်ကို တစ်မတ်ပဲပေးရတာ။ မိတ္ထီလာ ကန်နံဘေးက တိုက်ခန်းလေးမှာလည်း ကျွန်မတို့ နေဖူးခဲ့ကြပါတယ်။ ကန်စပ်က ခရုတွေကို ကျွန်မတို့မောင်နှမတွေ တစ်ပျော်တစ်ပါးကောက်ကြတယ်။ ချိုင့်ထဲ ထည့်ကြတယ်။ အလုပ်ကပြန်လာတဲ့ ဖေဖေက ခရုတွေကို ရေဆေးပြီး ဒန်အိုးထဲမှာ ပြုတ်တယ်။ သူက ဆားတို့ ငံပြာရည်တို့ ထည့်မယ်ထင်ပါရဲ့၊ သေချာတာကတော့ ကျွန်မတို့ သောက်မလောက်ပါဘဲ။ ပျော်လိုက်ကြတာလေ။

တစ်ခါက ဖေဖေ့ကို မေမေကဆူနေတယ်။ သူ့ကုတ်အင်္ကျီ အသစ်ကျပ် ချုတ်ကို သူ့သူငယ်ချင်းမှာ အနွေးထည်မရှိလို့ဆိုပြီး ချွတ်ပေးလိုက်လို့ပါ။ ဖေဖေ့မှာ စုတ်ဖတ်ဖတ်တစ်ထည်ပဲ ကျန်ခဲ့တယ်။ သူ့ကိုယ်သူ လူချမ်းသာကြီးကျနေတာပဲလို့ မေမေက မကျေမနပ် ရေရွတ်ပြည်နေသေးတယ်။ ဝေဿန္တရာနဲ့ ခရစ်တော် ဖက်စပ် ဝင်စားသလား အောက်မေ့ရတယ်လို့ ခနဲ့နေသေးရဲ့။ မေမေရယ်၊ ဗုဒ္ဓဝင်ထဲလည်း ခရစ်တော်လာလို့မရ၊ သမ္မာကျမ်းစာထဲလည်း ဝေဿန္တရာကမှ သွားလို့မရတာ၊ ဖေဖေ့ဘာသာ သူ့လောက်မရှိတဲ့သူကိုပေးတာ ပေးပါစေပေါ့လို့ ကျွန်မက ဖေဖေ့ ဘက်က ရှေ့နေလိုက်ပါတယ်။ ကလေးတွေအားလုံး အဖေ့ဘက်ကချည်း ပဲလို့ပြောပြီး မေမေ အလျှော့ပေးလိုက်ပါတော့တယ်။

ကျွန်မတို့မိသားစုသာမက သူ့သူငယ်ချင်း သူ့တပည့်တပန်းတွေကလည်း ဖေဖေ့ကို ချစ်ခင်ကြပါတယ်။ သူ့ လူကြီးတွေကလည်း ချစ်ကြတယ်ထင်တာပါပဲ။ ဒါပေမယ့် ဖေဖေဟာထောင်ကျရပါတယ်။ ထောင်ဆိုတာ လူကောင်းလူဆိုး မခွဲခြား ပါလားလို့ ကျွန်မဖြင့် နာနာကျင်ကျင် တွေးမိရတော့တယ်။ ထောင်ထဲမှာ ဖေဖေ ဟာ နှစ်နှစ်နဲ့ရှစ်လ ကြာခဲ့ရတယ်။

အဲဒါနိုင်ငံရေးပါလို့ ကျွန်မတို့က ယုံကြည်ပေမယ့် အဲဒီခေတ် အစိုးရ ထုတ်သတင်းစာမှာ ပါလာတာက ၆/၁ ပြည်သူပိုင်ပစ္စည်း အလွဲသုံးစား မှုဆိုတာပဲ။ ပြည်သူတွေက သူတို့ပိုင်ပစ္စည်းကို ကျွန်မတို့အဖေ အလွဲသုံးစား မလုပ်ဘူးလို့ ဦးနှောက်နဲ့ အသည်းနှလုံးနဲ့ ဆုံးဖြတ်ပေးကြပါတယ်။ အကျဉ်းကျသူ တွေရဲ့ မိသားစုတွေဟာ ယတြာချေလေ့ ရှိကြပါတယ်။ မေမေဟာဗေဒင်ယတြာ ယုံကြည်လိုက်စားသူမဟုတ်ပေမယ့် မိတ်ဆွေအကြွင်းအကျန်တွေက အကြံပေး သမျှအတိုင်း ဖေဖေ့အတွက် တတ်စွမ်းသမျှဗေဒင်တွက် ယတြာချေရှာပါတယ်။

နိုင်ငံရေးပါလို့ ကျွန်မပြောတာက ဖေဖေ့ကို ထောင်ချကို ချမယ်ဆိုတာ ခန့်မှန်းလို့ ရနေခဲ့လို့ပါ။ ဖေဖေ့ကို စီရင်ချက်ချတဲ့နေ့

"လွတ်ရင် ပျော်လိုက်မေမေ။ ချရင်တော့ မငိုနဲ့ အောင့်ထား။ အိမ်ကျမှ ငိုကြမယ်နော်"

နှစ်ကျွန်းချပါတယ်။ ဖေဖေဟာ တရားခွင်က မထွက်ခင် မိသားစုရဲ့ အခြေအနေကို အကဲခတ်ပါတယ်။

"ဖေဖေက ခုတော့ ဦးရှင်ကြီးထက် ပိုချမ်းသာသွားပြီနော်။ ဦးရှင်ကြီးက တကျွန်းပဲပိုင်တာ။ ဖေဖေက နှစ်ကျွန်း"

မိသားစုက အေးဆေးသက်သာ လက်ခံတဲ့အတွက် ဖေဖေက စိတ်သက်သာရာ ရသွားသလို ပြုံးရယ်လိုက်ပါတယ်။ စိတ်ပူပန်နေဟန်တူတဲ့ တိုက်ပုံနက်တွေ ဝတ်ဆင်ထားတဲ့ စသုံးလုံးတွေ ထောက်လှမ်းရေးအဖွဲ့ဝင်တွေကလည်း ရယ်မောကြပါတယ်။ ဖေဖေတို့ကို ထောင်ကနေ လွှတ်ပေးလိုက်တာ ၁၉၈၀ ပြည့်နှစ်ကပါ။ လွတ်ငြိမ်းချမ်းသာခွင့်ပေးပြီး ထောင်ခါတဲ့နှစ်ပေါ့။ တစ်နေ့ပြီး တစ်နေ့ ထောင်သားတွေ တဖွဲဖွဲ လွတ်လာကြတော့လေ ဒီနေ့ ဖေဖေလွတ်နိုးနဲ့ ကျွန်မတို့မိသားစုဟာ ထောင်ဝင်းအတွင်းမှာ ထမင်းချိုင့်နဲ့ အလှည့်ကျ စောင့်ခဲ့ကြပါတယ်။ ဒါပေမယ့် လွှတ်ရက်သာ ကုန်ဆုံးသွားတယ်။ ဖေဖေ လွတ်မလာခဲ့ရပါဘူး။ မိသားစုလည်း ကိုယ့်အလုပ်တွေမှာ ကိုယ်ကျင်လည်ရင်း အချိန်ကို စိတ်ကျစွာ ဝမ်းနည်းစွာ ကုန်ဆုံးစေနေရုံပဲရှိခဲ့ပါတယ်။ တစ်ပတ်နှစ်ပတ်ကြာလာပြီးတဲ့တစ်နေ့။

ဆေးကျောင်းတက်နေတဲ့ ကျွန်မဟာ မြောက်ဥက္ကလာဆေးရုံကနေ ဘတ်စ်ကားနဲ့ အိမ်ပြန်လာခဲ့ပါတယ်။ မိဘများ အိမ်ရှေ့ဧည့်ခန်းမှာ လူတွေစုရုံးစုရုံးနဲ့ ဘယ်လိုပါလိမ့်ဆိုပြီး ကျွန်မလည်း အိမ်ရှေ့တံခါးမကြီးကနေ အိမ်ထဲဝင်လာခဲ့ပါတယ်။ ဖေဖေပြန်ရောက်နေပြီကိုး။

"ဗိုလ်မှူးကြီးကို လာကြိုပါလို့ တယ်လီဖုန်းလာတယ်။ ညီမလေးတို့လည်း ရရာကားငှားပြီး အပြေးအလွှားသွားကြရတယ်"

ဖေဖေ သိပ်ပိန်တယ်။ လူရောစိတ်ပါ ညှဉ်းဆဲထားတော့ မပိန်ဘဲ ခံနိုင်ပါ့မလား။ ဖေဖေ့ အဆောင်အယောင်တွေကို ခွာချထားကြပေမယ့်လည်း သူ့ကို ချစ်တဲ့ပြည်သူလူထုကြားမှာ ဖေဖေဟာ လုံးဝ မသိမ်ငယ်ခဲ့ရရှာပါဘူး။

"ကျန်းမာဖို့ အရေးကြီးတယ် ဖေဖေ၊ အသက်ရှင်ဖို့ပဲ လိုတယ်။ တစ်ချိန်ကျရင် အမှန်တရားတွေပေါ်ထွက် ရှင်းလင်းလာမှာပါ ဖေဖေရယ်"

ဖေဖေဟာ သူ့လူကြီးဖြစ်ဖူးသူတွေကို အမုန်းစကား ဖွင့်မပြောခဲ့ပါဘူး။ သူ့ရင်ထဲမှာ ဘယ်လိုရှိသလဲ ကျွန်မသိပ်သိချင်ခဲ့မိတယ်။

"စိတ်ကူးရတဲ့အခါ ချရေးထားပေါ့ ဖေဖေ။ နောက်လာမယ့်သူတွေ အတွက် အမှန်ကို မှတ်တမ်းပြုစုထားကြရအောင်လေ"

ကျွန်မရဲ့ခွယ်တရားကို သူက ရယ်မောနေသည်မှတစ်ပါး စာရွက်ပေါ် တော့ဖြင့် စာတစ်လုံးတင်မသွားခဲ့ပါဘူး။ ဖိနှိပ်ခံရလွန်းသော ပြည်သူလူထုဟာ မခံချိလွန်းတော့ တစ်စစလှုပ်ရှားအုံကြွလာခဲ့ပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ ဟာ ရွေးကောက်ပွဲဝင်ဖို့ ပြင်ဆင်နေချိန်လည်း ဖြစ်ပါတယ်။ အောင်ဆန်း(ရွှေပြည်သာ၊ လှိုင်သာယာဆိုတာတွေ မရှိခင်ကတည်းက ကျွန်မတို့ရဲ့မြို့ဟာရပ်တည်နေခဲ့ပြီးသားပါ) အောင်ဆန်းတပ်မြို့လို့ ခေါ်ဝေါ်သမုတ်ခဲ့တာကိုလည်း လက်ခံထားပါတယ်။ ဒါပေမဲ့ အောင်ဆန်းရပ်ကွက်ဆိုပြီး အင်းစိန်မြို့နယ်ရဲ့ ရပ်ကွက်တစ်ခုအဖြစ် နှိမ့်တာ ကိုတော့ လက်မခံချင်ပါဘူး။ ကျွန်မရဲ့ ကိုယ်ပိုင်ဆေးကုခန်းသို့ ဦးချစ်ခိုင်၊ မောင်လင်း ယုန်(ရှမ်းပြည်)တို့အပါအဝင် မိတ်ဆွေတို့ဟာ တစ်နေ့မှာ ထူးထူးခြားခြား ရောက်ရှိ လာကြပါတယ်။ ကျွန်မကို အင်းစိန်မြို့နယ် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးအဖြစ် အရွေးခံရန် လာရောက်ခေါ်ဆောင်ကြ ခြင်း ဖြစ်ပါတယ်။ ကျွန်မဟာ အင်အယ်လ်ဒီ အဖွဲ့ဝင် မဟုတ်သော်လည်း လူထုက လိုလားရင် ပါဝင်အရွေးခံနိုင်တယ်လို့ သူတို့က တိုက်တွန်းကြပါတယ်။

"ကျွန်မရဲ့သားသမီးတွေဟာ တစ်ယောက်ပဲ ဆယ်တန်းအောင်သေး တာပါ။ သူတို့ရဲ့ပညာရေးအတွက် ကျွန်မမှာ တာဝန်ရှိနေလို့ပါ"

လို့ ကျွန်မက ငြင်းဆန်ပါတယ်။

"အင်းစိန်က ကျောင်းသူကျောင်းသားတွေဟာလည်း ဆရာမရဲ့ သား သမီးတွေပါပဲ"

ဟု သူတို့က ပြောပါတယ်။ ကျွန်မ ယိမ်းယိုင်ခဲ့ပါတယ်။

"ဖေဖေ့ကို ကျွန်မ အကျိုးအကြောင်းပြောပြမယ်။ ဖေဖေက မီးစိမ်းမပြ မှာပေမယ့် မီးဝါလောက်ပြရင် ကျွန်မ လမ်းဖြတ်ကူးခဲ့ပါမယ်"

သူတို့ လက်လျှော့ပြီး ပြန်သွားကြပါတော့တယ်။ ကျွန်မသော စိတ်မပြတ်နိုင်ဘဲ ဖေဖေ့ထံရှင်းပြတောင်းဆိုရင်း ကျန်ရစ်ခဲ့နေသေးတယ်။ ဖေဖေက မီးဝါလောက်ပြရင် ကျွန်မ လမ်းဖြတ်ကူးသွားလိုက်တော့မယ်။ သို့တစ်စေ၊ ဖေဖေက တစ်ခွန်းတည်း ပြောပါတယ်။

"ရွေးကောက်ပွဲဝင်ရင် သမီးနိုင်မှာပါ"

ထိုစဉ်က အင်အယ်လ်ဒီနိုင်မယ်ဆိုတာကို တစ်ထစ်ချ သိထားကြ သေးတာ မဟုတ်လေတော့ ဖေဖေအတည်ပြောတာဖြစ် မယ်လို့ ကျွန်မ မယုံမှတ် သေးပါဘူး။

"ဒါပေမယ့် သမီးထောင်ကျမယ်။ နိုင်တဲ့သူအားလုံး ထောင်ကျမယ်"

ဖေဖေ့ကို ယှဉ်တုပြောနိုင်လောက်အောင် ကျွန်မမှာ အသိပညာ ဗဟုသုတ မပြည့်စုံပါဘူး။

"သမီးထောင်ကျနေရင် သမီးကလေးတွေအားလုံး ပညာဆက်မသင် နိုင်ဘဲ သောင်ပြင်လွှတ်တဲ့ခွေးတွေ ဖြစ်လိမ့်မယ်။ ဖေဖေဟာ မြေးတွေကို ကြည့်နိုင် မှာ မဟုတ်ဘူး။ ဖေဖေ့ကို အစွယ်ချိုးထားကြပြီးပြီ"

အဲဒီအကြောင်းကို ကျွန်မက ဦးမျိုးမြင့်ညိမ်းအား ပြောပြတဲ့အခါ

"မညို အဖေက အဲသလို ပြောသလား"

လို့ သူက အလေးအနက် မေးပါခဲ့တယ်။ ဖေဖေ့ကို အစွယ်ချိုး ထားကြသော်လည်း ဖေဖေဟာ မျက်စိမြင်နေသေးတယ်၊ ဦးနှောက်ကောင်းနေ သေးတယ်လေ။ အင်အယ်လ်ဒီမဲ အပြတ်အသတ်နိုင်ခဲ့တာကို တစ်နိုင်ငံလုံး သိကြပါတယ်။ အနိုင်ရသူအားလုံးကို ထောင်သွင်းအကျဉ်းချခဲ့တာ၊ ခံဝန်ချက်မှာ လက်မှတ်ထိုးစေပြီးမှ ပြန်လွှတ်ပေးတာ၊ ဒါတွေအားလုံးကို ဖေဖေက မြွေမြွေချင်းမို့ ခြေမြင်ခဲ့လေတာလား။ တိုင်းပြည်ဆင်းရဲမွဲတေနေချိန်မှာ အာဏာရှင်တွေ ကားသုံး လေးစီး တဝီဝီစီးနေကြတာမသင့်လျော်ဘူးလို့ ဖေဖေက တင်ပြဆွေးနွေးရာမှစပြီး မြို့ပြင် ခံလာရတယ်လို့ ကြားဖူးပါတယ်။

ရတနာ သေတ္တာတွေပါသွားစဉ်က တိုင်းပြည်နှင့်အတူ ဖေဖေလည်း နှမြောခံစား



၁၉၉၇ ခုနှစ် ဦးတင်ဝင်းညို နာမကျန်းဖြစ်နေခိုက် ဇနီး၊
သမီးအငယ်နှစ်ယောက်၊ မြေးများနှင့်အတူ တွေ့ရစဉ်

ရတာ ကျွန်မ မြင်တွေ့ပါတယ်။ ပြည်သူလူထုက အထင်ကြီးနေဖို့ထက် သူတို့ရဲ့ ကောင်းကျိုးချမ်းသာကို လိုလားထမ်းရွက်နေဖို့က ဖေဖေ့အတွက် ပိုပြီး အရေးကြီးပါတယ်။

၁၉၈၇ အဲဒီအချိန်တုန်းက ကျွန်မဟာ အာဖရိကတိုက် လစ်ဆိုသိုနိုင်ငံမှာ အလုပ်ရခါစ ဖြစ်ပါတယ်။ ခြောက်လအတွင်း ခွင့်တင်ရင်အလုပ်ပြုတ်ပါမယ်။ ကွန်ဂိုကနေ ဦးဖေမြတ်ဝင်း ပြန်သွားပေမဲ့ ကျွန်မက လစ်ဆိုသူ အလုပ်ခွင်မှာ ကျန်ခဲ့တာ။ အဲဒီ မတိုင်ခင် ၁၉၈၆ မှာ မြန်မာတစ်နိုင်ငံလုံး သူငယ်တန်းမှ စလို့ တက္ကသိုလ်စာသင်ကျောင်းတွေအဆုံး ပိတ်ထားပါတယ်။ သားဘာဆက်လုပ်ရမလဲလို့ သားငယ်ပေါက်ပေါက်က မေးတယ်။ လစ်ဆိုသိုကို လိုက်ခဲ့ပါ။ တောင်အာဖရိကမှာ ဆေးကျောင်းဝင်ခွင့်ရအောင် လျှောက်ထားကြမယ်။ ရရင်အမြတ်ပေါ့။ မရလည်း မြန်မာနိုင်ငံက ကျောင်းတွေပြန်ဖွင့်တဲ့အခါ ပြန်သွားပေါ့သားရယ်။ ဖေဖေမဆုံးခင် တစ်လ,နှစ်လကတည်းက ကျွန်မ၏ မသိစိတ်က သတိပေးနေခဲ့တယ်။ ခြောက်လ ကျော်တာနဲ့ မြန်မာပြည်လို့ တစ်ပတ်ပဲဖြစ်ဖြစ်ပြန်ပြီး ဖေဖေ့ကျန်းမာရေးအခြေ အနေကို ဆရာကြီးတွေထံ ပြသမယ်လို့ အားခဲထားပါတယ်။ ဖေဖေ့ကို ဆေးကုဖို့ ပိုက်ဆံရှိတော့မှာပါဟု မေမေတို့ ညီမလေးတို့ကို ပြောခဲ့တယ်။

သားလိုက်မလာခင်မှာ ဖေဖေဆုံးပါတယ်။ နှလုံးသွေးကြောပိတ်ပြီး ဖေဖေ ဆုံးသွားတာ ၁၉၈၇ ခုနှစ် နိုဝင်ဘာလ (၂၂)ရက်နေ့ ဖြစ်ပါတယ်။ ဖေဖေ့ခမျာ မိနစ်ပိုင်းလောက်သာ ဝေဒနာခံစားလိုက်ရရှာပါလိမ့်မယ်။ ဖေဖေ မဆုံးခင်ကလေးတွင် ပဲပေါက်ပေါက်က အတူဖတ်နေကျ သိုင်းဝတ္ထုတွေငှားလာပြီး အဖိုးက ပထမတွဲဖတ် မြေးက ဒုတိယတွဲဖတ်နဲ့ မြေးအဖိုးနှစ်ယောက် ခွဲတမ်းချ နေသေးတာတဲ့။ လမ်းထိပ်မှာနေတဲ့ ဒေါက်တာတင်အေး (ယခု မြန်မာနိုင်ငံဆရာ ဝန်များအသင်း လက်အောက်က အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့ ဥက္ကဋ္ဌ) ကို ချက်ချင်း ခေါ်ပင့်ပါတယ်။ ဦးဖေမြတ်ဝင်းလည်း အနီးမှာရှိပြီး သေဆုံးပြီဆိုတာကို အတည်ပြုကြပါတယ်။ အရေးပေါ်ကားခေါ်ပေမဲ့ ရောက်သည်အထိ ဖေဖေ မနေတော့ပါဘူး။ ဒီဘဝကနေ အေးချမ်းစွာထွက်ခွာသွားပါပြီ။ ဖေဖေ ဆုံးပြီဆိုတာကို မိသားစုက

ကျွန်မအား အသိမပေးဘဲ ဖုံးကွယ်ထားကြတာ တစ်လလောက် ကြာခဲ့တယ်။ တယ်လီဖုန်းဆက်တိုင်း ဖေဖေနေကောင်းရဲ့လားဆိုတာ ကျွန်မ အမြဲမေးတယ်။ နီနီတို့က မိတ္ထီလာခေါ်သွားကြတယ်၊ ပြန်လာတော့မှာပါဟု သူတို့က ကျွန်မကို လိမ်ညာဖုံးဖိကြပါတယ်။ လစ်ဆိုသိရောက်နေတဲ့ သားငယ်ကလည်း ကျွန်မ ဖုန်းဆက်နေတာ မေးနေတာကို မသိသလိုဟန်ဆောင်နေခဲ့တယ်။ ကျွန်မ မျက်ကွယ် နားကွယ်မှာတော့ သူ့အဖေ အမြန်လိုက်လာဖို့ ခေါ်နေတာတဲ့။ နောက်ဆုံးတော့လည်း။ တောင်အာဖရိကနိုင်ငံ သံရုံးသို့ရောက်ရှိတဲ့ သတင်းစာမှ ဖေဖေ့နာရေး သတင်းကို ဖတ်ရှုရတဲ့သံအမတ်ကြီး ဦးလှမြင့်ဦးက ကျွန်မအား ဝမ်းနည်း ကြောင်း ပြောကြားရာကနေ ကျွန်မသိသွားဖို့ ဖြစ်ခဲ့ရပါတယ်။ သူမရှိတော့ပြီဆိုတော့ သူ့ကျန်း မာရေးအတွက် ကျွန်မသည်မှုသာ ပြုစုပေးလိုက်နိုင်တာကို စိတ်မကောင်း ဖြစ်ရပါ တယ်။ ဆရာဝန်ဖြစ်သင့်သည့် အချိန်ထက် ကိုးနှစ်ပိုကြာသွားလိုက်ရသည့် တိုင် သူဖြစ်စေချင်တဲ့အတိုင်း ကျွန်မဆရာဝန်ဖြစ်နိုင်ခဲ့တာကို သူမြင်တွေ့ ကျေနပ်သွားတဲ့ အတွက်ကိုသာ ကျွန်မဖြေသိမ့်ရစ်ရပါတော့တယ်။

ဦးတင်ဝင်းညို
အသက်(၇၀)နှစ်
၂၂-၁၁-၉၇ (စနေနေ့)တွင်ကွယ်လွန်သည်။

*

## အပိုင်း(၁၁)

မေမေသည် ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ၊ ၃၁ရက်နေ့တွင် ကွယ်လွန်ခဲ့ပါသည်။ ခေတ်ပြောင်းလဲလာသည်နှင့်အညီ ဖေဖေ၏ နောက်ဆုံးအချိန်တွေတုန်းက အထူးကုဆေးခန်းတွေ ဆေးရုံတွေ မရှိသလောက် ဖြစ်ခဲ့ပါသည်။ အင်းစိန်မြို့နယ်တွင် သီရိစန္ဒာအထူးကုဆေးခန်း ဆေးရုံသာရှိခဲ့ပြီး ဖော့ကန် ရပ်ကွက်မှ ကောင်းအထူးကုဆေးခန်းဆေးရုံတည်ဆောက်သည်မှာ ဆယ်နှစ်ဝန်းကျင်သာရှိပါသေးသည်။ မေမေ့ကို ကောင်းအထူးကုဆေးရုံတွင် အထူးကုဆရာဝန်များက ကြည့်ရှုပေးပြုစုကုသပေးနိုင်ခဲ့သည်။ ပိုပြီးစောင့်ရှောက်ပေးရန် လိုအပ်လာချိန်တွင် ဝိတိုရိယဆေးရုံသို့ အရေးပေါ်ကားနှင့် မေမေ့ကို ပို့ဆောင်နိုင်ခဲ့သည်။ အရေးပေါ်ကုသခန်းတွင် အထူးကုဆရာဝန်များက ခုနှစ်ရက်တိုင်တိုင် စောင့်ကြည့် ကြပ်မတ်ပေးနိုင်ခဲ့သည်။ ပိုမို ပြည့်စုံကောင်းမွန်သော ကျန်းမာရေးဆေးကုသချက် တွေရပါလျက်နှင့်လည်း သူ့ဘဝလမ်းခရီးသည် သူ့အသက် ၈၈ နှစ်မှာ ဘဝတစ်ပါးသို့ ပြောင်းရွှေ့သွားခဲ့ပါသည်။ ဖေဖေထက် ၁၈နှစ်ခန့်ပိုပြီး ကြာကြာအသက်ရှင် သန်နိုင်ခဲ့ပြီး ဖေဖေနှင့် မောင်လေး မရှိတော့သည်မှအပ သမီးသုံးယောက် သမက်များ၊ မြေးမြစ်တွေကြားမှာ အသက်အရွယ်အရ ဖြစ်လာရှိလာသော ရောဂါဝေဒနာများကို ကုသလိုက်၊ သက်သာပျောက်ကင်းလိုက်ဖြင့် ထူထူထောင်ထောင်နေနိုင် သွားနိုင်စားသောက်နိုင်ခဲ့ပါသည်။

ခြုံငုံကြည့်လိုက်လျှင် သူနေသွားရသောအချိန်တွေသည် ဘုရားတရားမကောင်းမကျွာ လှူတန်းပေးကမ်းရင်း သွားလေသူတို့အား ရည်စူးအမျှအတန်းပေးဝေရင်း အေးချမ်းခွင့်ရခဲ့သလို သေခြင်းတရားကိုလည်း အေးချမ်းစွာ ရင်ဆိုင်သွားနိုင်ခဲ့ပါသည်။ သူ၏နောက်ဆုံးအချိန်တွေအတွက် ကျွန်မတို့ သမီးသုံးယောက်သာမက သူတို့ သားသမီးရင်းချာသဖွယ် ချစ်ခင်စောင့်ရှောက်ခဲ့သော ခင်သန်းဝင်း၊ ခင်သက်ဝေ တို့နှင့် သူတို့၏မိသားစုတွေအားလုံးပင် ကျေနပ်နှစ်သိမ့်စွာ လက်အုပ်ချီမိုး ရိုကျိုးကန်တော့ခွင့်ရရှိလိုက်ကြပါတော့သည်။

ဖေဖေ့အတ္ထုပ္ပတ္တိကို ရေးသားသမိုင်းတင်ခွင့်ရသည့်အတွက် ထုတ်ဝေသူကိုလေး(၇၄) အား အထူးကျေးဇူးတင်ရှိပါသည်။

ဖေဖေနှင့်တကွ လူရောစိတ်ပါ ချုပ်နှောင်အကျဉ်းကျခဲ့ရသော ဦးထွန်းလင်း၊ ဦးသိန်းစိန်၊ ဦးတင်အေးကျော်၊ ဦးဇော်ဖေ တို့အပေါ် တင်ရှိနေသော တာဝန်ကြွေးကို ပေးဆပ်နိုင်ပြီဖြစ်သောကြောင့် ကျွန်မ၏ နာကျင်ငြိုးဖွဲ့ မာန်မာနများကို သေရာမပါအောင်ဖြေလျှော့ခဲ့ပြီ ဖြစ်ပါတော့၏။

မေမေခင်မင်သော ဒေါ်တင်တင်ဦး (အငြိမ်းစားဗိုလ်မှူးကြီး သီဟသူရ စိုးသိမ်း၏ဇနီး)သည် ၁၇-၁၂-၂၀၁၄ တွင် ကွယ်လွန်သွားခဲ့ပါသည်။ သူတို့၏ သမီးအငယ်မာမာထံမှ ဖုန်းဆက်အကြောင်းကြားသောကြောင့် ရက်လည်သို့ ရောက်ရှိနိုင်ခဲ့ပြီး ဗိုလ်ချုပ်ဦးတင်ဦး(ယနေ့အန်အယ်လ်ဒီဦးတင်ဦး) မယောသီတာဝန်ခံ အယ်ဒီတာဦးဝင်းသူရတို့နှင့်တွေ့ဆုံခဲ့ပါသည်။ ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းနှမြောတသအမှတ်တရရှိခဲ့ကြပါသည်။ နိုင်ငံရေးအတွက် အကျဉ်းခံရကြသော လုပ်ဖော်ကိုင်ဖက်တွေ၏ ဘဝခရီးဖော်ဖြစ်ကြသော မေမေနှင့်အန်တီဒေါ်တင်တင်ဦးသည် သံသရာတကွေ့မှာ ပြန်လည်ဆုံတွေ့ပြီးခရီးဆက်ကြမည်ဟု ကျွန်မတွေးထင်နေမိပါသည်။

မြနှောင်းညို

***

ဝတ်ရည်စာပေ